ပထမကျော် ဓမ္မာစရိယ
အရှင်ဓမ္မပိယာဘိဝံသ၏

# လျှပ်စစ်တဓါကျမ်း



၁

1977

ပထမကျော်-ဓမ္မာစရိယ
အရှင်ဓမ္မပိယာဘိဝံသ-၏

# လျှပ်စစ်ကင်္ခါကျမ်

★

တနေ့လျှင် ၅-မိနစ်အချိန်ယူပြီး ၁၅-ရက်မျှ လေ့လာရုံနှင့်
ငယ်၊ လတ်၊ ကြီးတန်း၏ ဝိနည်းဘာသာကို
ကျွန်းသေ အောင်မြင်ရန်
တာဝန်ယူသည်။

၁၃၃၈-ခု၊ တပေါင်းလ။ ၁၉၇၇-ခု၊
ခေတ်—က

၂/၄၃

၂၉၄.၃၁၁
ဓမယ
၁၃၇၁၂

# “မှုပိုင်”

ဦးတင်အောင်-ဒေါ်ခင်နု

စဉ်-၂

ကဒ်-၄၃

# လျှပ်စစ်ကဒ်ဂါကျမ်း

★

- ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့်ပြုချက် အမှတ်- (၉၃၉၇)
- ထုတ်ဝေသူ — ဒေါ်ခင်နု (မြဲ-၀၂၄၀)
  ပညာရောင်ခြည် စာပေဌာန၊
  ကိုးထပ်ကြီးဘုရားဈေး၊
  စမ်းချောင်းစာတိုက်၊ ရန်ကုန်။
- ပုံနှိပ်သူ — ဦးကြီးမောင် (မြဲ-၀၂၄၀)
  ခေတ်-စာပုံနှိပ်လုပ်ငန်း၊
  အမှတ်-၉၀၊ ကွမ်းရွဲတန်း၊
  ကြည့်မြင်တိုင်၊ ရန်ကုန်။
- စာပြင်မှူး — ဦးထွန်းသိန်း (ဓမ္မာစရိယ)
- အကြိမ် — ပထမ-အကြိမ်။
  ၁၉၇၇-ခု၊ မတ်လ။
- စာအုပ်ရေ — ၃၀၀၀-အုပ်။
- ဈေးနှုန်း — တအုပ် ၈-ကျပ်။
- စာအုပ်ချုပ် — မဟောသဓာ၊
  ၃၂-လမ်း၊ ရန်ကုန်။

*

# ရည်ညွှန်းချက်

ဤကျမ်းစာအုပ် ရေးသားခြင်းဖြင့် ကျေးဇူးရှင် မိ-ဘ နှစ်ပါး အား၎င်း၊ ဘ၀နတ်ထံ ပျံလွန်တော်မူသော ကျေးဇူးတော်ရှင် ရခိုင်ပြည်နယ်-စက်သွားရွာ ဆရာတော် ဘုရားကြီး အား၎င်း၊ မြောင်းမြမြို့၊ ပဋ္ဌာနတာရုံပါဠိတက္ကသိုလ် ကထိက ပဓာန စာချဆရာတော် အရှင်ကုမာရ အား၎င်း လေးစားကော်ရော် ပူဇော်ပါသည်။

အရှင်ဓမ္မပိယာဘိဝံသ
လျှပ်စစ်ကဏ္ဍါကျမ်းပြု။

# ဥယျောဇနကထာ

ဝိနယမှိ ဋ္ဌိတေ ယာဝ၊ သာသနမ္ပိ ဋ္ဌိတံ ဘဝေ။
ဣမမတ္ထံ ဒဿေတွာန၊ ဝဏ္ဏယန္တိ ဝိစက္ခဏာ။
တသ္မာ
ဝိနယေ သုတကာမာစ၊ ဂရုကာ လဇ္ဇီပေသလာ။
ဇယန္တိကာ ဓမ္မုဿဝေသု၊ ပဿန္တု သုခိတာ ဇနာ။

အို - စာပြန်ပွဲဟူသမျှတို့မှာ ဝင်နွဲကျက်စားလျက် စာမေးပွဲဝင်္ကမြေမှ မကျွတ်ခြွေနိုင်ကြကုန်သေးသော သောတုဇနအပေါင်းတို့၊ အသင်တို့၏ ခက်ခဲခြင်းတရပ်ကို ဖြေရှင်းဖြိုဖျက်ရန် စာမေးပွဲတွင် တဘာသာအနေဖြင့် ပါဝင်လျက်ရှိသော ဝိနည်းဘာသာအတွက် **လျှပ်စစ်ကင်္ခါ**-အမည်သာသည့် ကျမ်းစာတစောင်သည် **စာမေးပွဲ** လောကဌ် နေတဆူ၊ လ-အလားကဲ့သို့ ထင်ရှားစွာပြောင်ရှန်းဝေ၍ သင်သောတုဇန အပေါင်းတို့၏ ဂုဏ်ရောင်ကို ထွန်းပြောင်စေရန် ပေါ်ပေါက်လာခဲ့ပါပြီ။

ရှေးအထက်ကျော်ကာရီကပ်င် ဝိနည်းဘာသာအတွက် ကြည့်ရှုမှတ်သားဘွယ်ရာ အဖြာဖြာသော ကျမ်းစာတို့သည် ထွက်ပေါ်ပြီး ရှိလင့်ကစား၊ ဤ လျှပ်စစ် ကင်္ခါကျမ်း မှာ ပါတိမောက်ကျမ်းရင်းလာ အဓိပ္ပါယ်တွင် ကင်္ခါအဋ္ဌကထာကျမ်းလာအဓိပ္ပါယ်တို့ကို မကျဉ်းမကျယ်စေဘဲ လိုရင်းပြီးမြောက် ခရီးရောက်အောင် သွင်းခြယ် စီမံထားရကား ပေါ်ထွက်ပြီးကျမ်းစာတို့ထက် ထူးကဲစုံလင်သည်ဟု မပြောမဆိုအပ်သော်လည်း ကင်္ခါအဋ္ဌကထာကို မလေ့လာဘူးသူတို့ပင် ဤကျမ်းစာကို ကြည့်ရှုလေ့လာထားပါက ကင်္ခါကျမ်းကို အလွယ်တကူ ကြည့်ရှုလေ့လာနိုင်ခြင်း၊ ကင်္ခါ

ကျမ်းကို လေ့လာကြည့်ရှုပြီးသား ဖြစ်ရခြင်း စသည်ဖြင့် "တဦး ခေါင်းတပညာ၊ တကျောင်းတဂါထာ၊ တရွာတပုဒ်ဆန်း" ဆိုသော စကားပမာကဲ့သို့ ဤစာအုပ်မှာလည်း ဝိနယဘာသာ အတွက် မှတ်စုမှတ်ရာ အဖြာဖြာသော ဗဟုသုတတို့ကို ပွားတိုး ဖြစ်ထွန်းစေလျက် အသိဉာဏ်ကျယ်ဝန်းလာမည်မှာ အကယ်မလွဲ ပင်ဖြစ်ပါသည်။

အချို့-အချို့သော ပုဂ္ဂိုလ်တို့ကား စာမေးပွဲ ပြဋ္ဌာန်းသမျှ ကျမ်းစာအပေါင်းတို့တွင် ဝိနယဘာသာသည် အလွယ်ဆုံးဘာသာ တရပ်ဖြစ်သည်ဟု ပြောစမှတ်ပြုကြကုန်၏။

ထိုပုဂ္ဂိုလ်တို့၏ အယူအဆကို ကျွန်ုပ်တို့ အကြွင်းမဲ့ မထောက် ခံလိုပေ။ အဘယ့်ကြောင့်ဆိုသော် ဘုရားရှင်၏ သာမုက္ကံသိက ဗုဒ္ဓပါဝစနဖြစ်သော ပိဋကတ်တော်သုံးရပ် ဒေသနာတော်မြတ် သည် အတ္တဂမ္ဘီရ, ဒေသနာဂမ္ဘီရ, ပဋိဝေဓဂမ္ဘီရအားဖြင့် နက်နဲ ခြင်းနှင့် ပြည့်စုံတော်မူသည်ဟူ၍ အဋ္ဌကထာဆရာတို့ မိန့်မှာထား သောကြောင့် စင်စစ်မူကား နက်နဲခက်ခဲသည်သာလျှင် ဖြစ်ပေ တော့သည်။

ထို့ကြောင့် စာမေးပွဲနှင့်ပတ်သက်သမျှ ဘယ်ဘာသာရပ်များ ကိုမဆို မေ့လျော့ပေါ့တန်ခြင်းမပြုဘဲ ဘာသာတိုင်း၌ ဗဟုသုတ ကြွယ်ဝရန် လိုအပ်ရကား ဤလျှပ်စစ်ကခ်ါကျမ်း-ကလည်း သင် သောတုဇန အပေါင်းတို့၏ လိုအင်ဆန္ဒကို တဘက် တလမ်းက ဆောင်စွမ်း ဖြည့်တင်းပါလိမ့်မည်ဟူသော အကြောင်းကို စေတ နာကောင်းနှင့် တိုက်တွန်းစကား ရေးသားရပါသည်။

**အရှင်သီရိကုမာရ**
သာသနဇောသီရိပဝရ ဓမ္မာစရိယ။

# ဂန္ထုပ္ပတ္တိ နိဒါနကထာ

သဗ္ဗကုသလ ဓမ္မပမုခ ဝိပုလောဠာရ ဂုဏာဝိသေသာဝဟ ပရမ ဂမ္ဘီရဖြစ်တော်မူသော သာဇီဝဟုဆိုအပ်သော ပါတိမောက်ပါဠိ တော်၏ အတ္ထသဘာဝတို့၌ ယုံမှားတွေးတော ထိုသဘောကိုပယ် ဖျောက်ခြင်းအကျိုးငှာ ကျမ်းပြုဆရာတို့၏ တံခွန်သဘွယ် ဖြစ် သော ဗုဒ္ဓမတညုကျမ်းပြုဆရာ အဋ္ဌကထာသခင် မဟာဗုဒ္ဓဃောသ အရှင်သည် ကင်္ခါဝိတရဏီအမည်ယှက်သန်း ဤမည်သောကျမ်းကို ပြုစုတော်မူအပ်သတည်း ။

ထိုကျမ်းမှာ ''သီလေပတိဋ္ဌာယ နရော သပညော၊ စိတ္တံပညဉ္စ ဘာဝယံ'' ဟူသည်နှင့်အညီ သမာဓိပညာတို့၏ မူလဘူတအရင်း ပဓာနဖြစ်သော သီလတရားကို အမှူးထား၍ ဖွင့်ဆိုအပ်သော ကျမ်းဖြစ်သောကြောင့် ပရိယတ်လိုက်စားသော ပုဂ္ဂိုလ်များသာ မက သန္တိသုခနိဗ္ဗာန်ကို ရည်သန်သော ပဋိပတ်ပုဂ္ဂိုလ်များအား လည်း အလွန်ကျေးဇူးများသော ကျမ်းကောင်းတစောင်ဖြစ်သော ကြောင့် ယနေ့တိုင် မြန်မာပြည်တခွင်မှာထင်ရှား၍ နေအထောင်၊ လအထောင်ကဲ့သို့ ထွန်းပြောင်လျက် ရှိကြောင်းကို အများက ဝန်ခံရပေလိမ့်မည်။

ထိုကျမ်းကိုသင်ကြား၍ ထင်ရှားသော ဝိနယပါရဂူ ဇမ္ဗူ ကျော်ကြားသော ပုဂ္ဂိုလ်ကျော်တို့သည်လည်း အများအပြားပင် ဖြစ်၍ ထိုကျမ်း၏ သဒ္ဒ၊ အတ္ထ၊ သဒ္ဒတ္ထ၊ အဓိပ္ပါယတ္ထ၊ လိနတ္ထ၊ ဝင်္ကတ္ထ၊ ဥဇုကတ္ထ၊ နေယျတ္ထ၊ နီတတ္ထတို့ကို အကြံမပိုင် သဘော

မကျဘဲ စကောစကခရီးလမ်းမှာ ပင်ပန်းစွာ သွားလာနေကြ သော ပုဂ္ဂိုလ်တို့သည်လည်း အများအပြားပင် ဖြစ်ပေလိမ့်မည်။

ထိုသို့ ဖြစ်ရခြင်းမှာ "ဝိတ္ထာ, သခေါ်၊ ဗျတိရေနှင့်၊ တထွေ အနွယ, ဟိတ်ဖလ" စသော ဝါကျလည်း ဖြစ်၊ ပါဠိဘာသာ၊ မာဂဓစာသွားလည်းဖြစ်သောကြောင့် မြန်မာပြည်ဘွား စာသင် သားအများမှာ အချက်ထဲမှာ အခက်အခဲနှင့်တွေ့ပြီး ပရိယတ်၊ ပဋိပတ် အခြေမှန်တို့ကို တွေ့ဝေပြန် အခြေမေသဖြင့် အမြန်နှော သောခေတ်တမျိုးမှာ "ပိုးသာကုန်၊ မောင်ပုန် စောင်းမတတ်" ဟူ သောစကားနှင့် တထပ်သား တူကြလေတော့သည်။

သို့ဖြစ်၍ ထို ကာ်ါဝိတရဏီ အဋ္ဌကထာကျမ်းလာ အဓိပ္ပါယ သဘာဝတို့ကိုပေါ်လွင်ထင်ရှားသော စကားတို့ဖြင့် ထုတ်နုတ်၍ ကျွန်ုပ်တို့၏ ဓမ္မမိတ်ဆွေဖြစ်သော ပထမကျော်ဘွဲ့နှင့်၊ နိုင်ငံတော် အစိုးရ သာသနဓဇ သိရိပဝရ ဂုဏ်ထူးဆောင် ဓမ္မာစရိယဘွဲ့ တံဆိပ်ရ အရှင်ဓမ္မပိယာဘိဝံသသည် လျှပ်စစ်ကာ်ါ မည်နာမဖြင့် အဋ္ဌကထာ စကားအရပ်ရပ်တို့ကို ပါးနပ်စွာ သိပ်သည်း အာစရိယ ပရမ္ပရနိသျည်းတို့ကို စိတ်ထည်းမှာစွဲလျက် ခဲကပ်သည့် သဘာဝ တို့ကို ကဗျာနိယံ စသည်တို့ဖြင့် အတိအမှန်ရေးသားရလေသည်၊

ယခုရေးသားအပ်သော လျှပ်စစ်ကာ်ါ မည်နာမဖြင့် ရောင် ဖြာယှက်သန်း ဤမည်သော ကျမ်းသည် အဋ္ဌကထာဋီကာလာ သဘာဝတို့ကို အကြွင်းမရှိ ကောင်းနိုးရာရာထည့်သွင်းပြီး ပါတိ မောက်ဆိုင်ရာတို့၌ မသုံးမဖြစ်သော အဓိပ္ပါယ်သဘောတို့ကို ပါ ဝင်စေပြီးလျှင် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် အစိုးရ ပါဠိဘာသာအဖွဲ့မှ ကျင်းပသည့် ငယ်၊ လတ်၊ ကြီးတန်း စာမေးပွဲနှင့်တကွ အရပ်ရပ်ရှိ စာမေးပွဲဟူသမျှတို့၌ ဝင်ရောက်

ဆင်နွဲကြသည့် ပုဂ္ဂိုလ်တို့အား ဝိနည်းဘက်ဆိုင်ရာတို့၌ အလွယ်တကူ မပင်မပန်းဘဲ အောင်မြင်စေရန် အားထားလောက်သော ကျမ်းကောင်းတစောင် ဖြစ်နိုင်လိမ့်မည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း။

ထို့ပြင် လျှပ်စစ်ကခ်ါကျမ်းကို ကြည့်ရှုမှတ်သား ဆင်ခြင်အပ်သည်ရှိသော် "ဧဝံ ယောဂိနောပိ စတုဘူမိကကုသလံ သီလပမုခံ ပဝိသိတွာ အတ္ထသိဒ္ဓိံ သမ္ပာဒေတိ" ဟူ၍ မိန့်ဆိုအပ်သောကြောင့် အတ္ထသိဒ္ဓိမည်သော ပဋိပတ်အခြေသို့လည်း ပို့ဆောင်ပေးလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ဤလျှပ်စစ်ကခ်ါမည်သောကျမ်းကို မှတ်သား ကျင့်သုံးခြင်းကြောင့် ဖြစ်နိုင်သော အကျိုးအဆက်ဆက်ကို ထုတ်ပြရသည်ရှိသော်-

ဤကျမ်းကို ကြည့်ရှုဆင်ခြင် သုံးသပ်ခြင်းကြောင့် ပါတိမောက်၏ သဘောအဓိပ္ပါယ်တို့ကို တိကျမှန်ကန်စွာ သိရခြင်းအကျိုးရှိ၏။

သိရခြင်းကြောင့် ကျင့်ရခြင်းအကျိုးရှိ၏။
ကျင့်ရခြင်းကြောင့် သီလသမ္ပတ္တိအကျိုးရှိ၏။
သီလသမ္ပတ္တိကြောင့် အဝိပ္ပဋိသာရအကျိုးရှိ၏။
အဝိပ္ပဋိသာရကြောင့် ပါမောဇ္ဇဖြစ်ခြင်းအကျိုးရှိ၏။
ပါမောဇ္ဇကြောင့် သုခဖြစ်ခြင်းအကျိုးရှိ၏။
သုခကြောင့် သမာဓိဖြစ်ခြင်းအကျိုးရှိ၏။
သမာဓိကြောင့် ယထာဘူတဉာဏ်ဖြစ်ခြင်းအကျိုးရှိ၏။
ယထာဘူတဉာဏ်ကြောင့် နိဗ္ဗိဒါဉာဏ်ဖြစ်ခြင်း အကျိုးရှိ၏။

နိဗ္ဗိဒါဉာဏ်ကြောင့် ဝိရာဂဖြစ်ခြင်းအကျိုးရှိ၏။
ဝိရာဂကြောင့် ဝိမုတ္တိဉာဏ်ဖြစ်ခြင်းအကျိုးရှိ၏။
ဝိမုတ္တိဉာဏ်ကြောင့် ဝိမုတ္တိဉာဏဒဿနအကျိုးရှိ၏။
ဝိမုတ္တိဉာဏဒဿနကြောင့် အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် ရောက်နိုင်ခြင်းအကျိုးရှိ၏။

ထို့ကြောင့် လျှပ်စစ်ကခံမည်သော ဤကျမ်းငယ်သည် "ပုဇွန်ဆိတ်ငယ်ငယ်၊ ပင်လယ်သို့ကူး" ဆိုသော စကားကဲ့သို့ ကျမ်းပင်ငယ်သော်လည်း အနုပါဒိသေသ ပရိနိဗ္ဗာန်ဘိုင်အောင် အကျိုးအဆက်ဆက်ပေးနိုင်သောကြောင့် ပရိယတ်၊ ပဋိပတ်ပုဂ္ဂိုလ်များသည် တကယ်အမှန် အားထားရပေလိမ့်မည်။

ထို့ကြောင့် ထိုထိုသော ပရိယတ်အခြေ၊ ပဋိပတ်အခြေကို မျှော်မှန်းတောင့်တကြသော ပုဂ္ဂိုလ်များသည် ဤလျှပ်စစ်ကခံမည်သောကျမ်းကို မှတ်သားဆင်ခြင်အပ်သည်ရှိသော် ပါတိမောက်၏အရသာတွေ ပေါင်းစုနေသည်ကို အကြောင်းပြုကာ တွေ့ရှိရမည်ဖြစ်သဖြင့်-

၁။ စာမေးပွဲ အမျိုးမျိုးတို့၌ မပင်မပန်း ဘဝင်ချမ်းပြီး ရှင်လန်းစွာ အောင်မြင်လိုသော ပုဂ္ဂိုလ်တို့သည်၎င်း၊

၂။ ဝိနယကောသလ္လဉာဏ်ရင့်သန်ပြီးဝိနယပါရဂူဇမ္ဗူမှန်ကင်းတုဘက်ရှင်းလိုသော ပုဂ္ဂိုလ်တို့သည်၎င်း၊

၃။ ပါတိမောက္ခ သံဝရသီလနှင့် ပြည့်စုံ၍ "သီလေနသုဂတိံ ယန္တိ" ဟူသည်နှင့်အညီ ဘဝသမ္ပတ္တိနှင့် ပြည့်စုံလိုသောပုဂ္ဂိုလ်တို့သည်၎င်း၊

၄။ သီလဝိသုဒ္ဓိဖြစ်၍ ဆိုအပ်ပြီးသော နိဗ္ဗာန် တိုင် အောင် သော အကျိုးအဆက်ဆက်ကို လိုလား တောင့်တသော ကမ္ဘာသူ - ကမ္ဘာသားတို့သည်ရှင်း

သံသရာတည်းဟူသော သဲကန္တာရမှ လျှပ်စစ်ကန်္ဒါတည်းဟူသော ယာဉ်ယော်ကိုစီး၍၊ သမာဓိတည်းဟူသော ရထားဦးကို ဖြောင့်မတ်စေ၍၊ သတိတည်းဟူသော နှင်တံဖြင့် ဝင့်လျက်၊ ပညာတည်းဟူသော အဖော်သဟဲကို အမြဲတည်စေ၍၊ ပရိယတ်တည်းဟူသောမြင်းကို မှန်မှန်ကစေပြီးလျှင် ဝိနည်းတည်းဟူသောအလွန်အေးမြသော တောရိပ်တောတန်း တောစခန်းဆီသို့ အရောက်သွားကြပြီးလျှင် စားသုံးဘွယ်ရာ ပရိယတ်၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်-တည်းဟူသော အသီးအပွင့် ဓမ္မတို့ကို အလိုရှိတိုင်း စားသုံးနိုင်ကြပါစေဟု နိဒါနကထာ၌ အဖုံးကမ္ပတ် အဆုံးသတ်စကား ရေးသားအပ်ပါပေသတည်း။

**ဘဒ္ဒန္တ သီရိကောသလ္လဓမ္မရံသီ**

သုဓမ္မာပရိယတ္တိဓမ္မာစရိယ။

---

# ကျမ်းဆရာ၏အမှာစကား

လက်မှန်ပထမ ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ ဤလျှပ်စစ် ကခါ ကျမ်းစာအုပ်ကို ရေးသားရန်မဟုတ်ပါ၊ ကျွန်ုပ်၏ ရည်ရွယ်ရင်း ရှိခဲ့သည်မှာ ကျွန်ုပ် အမျိုးသား၊အစိုးရ၊ငယ်၊ လတ်၊ ကြီး၊ ကျော် စာမေးပွဲများကို အောင်မြင်ရေး၌ သင်္ချိုဟ်ဘာသာအတွက် အလွန် ပင် အထောက်အပံ့ပေးခဲ့သော ဋီကာကျော်မှ လိုရင်းခက်ဆစ် များကိုသာ လျှပ်စစ် ဋီကာကျော် အမည်နှင့် စာအုပ်စာတန်း အဖြစ် ထုတ်ဝေရန်ဖြစ်ပါသည်။

ထိုသည့် ကျွန်ုပ် ထုတ်ယူမှတ်သားထားသော ဋီကာကျော်၏ လိုရင်းခက်ဆစ်များကို ကျွန်ုပ်မှတဆင့် ကြည့်ရှု၍ စာမေးပွဲသဘင် တိုင်းတွင် အောင်ပန်းဆင်ခဲ့သူပေါင်း မြောက်မြားစွာကို မျက်မြင် ကိုယ်တွေ့ ကြုံတွေ့နေရသည် အတွက်လည်း ကျွန်ုပ်အာသာမှာ ဋီကာကျော် မှတ်ဘွယ်ခက်ဆစ်များကိုသာ စာအုပ်စာတန်းအဖြစ် ထုတ်ဝေရန်ဖြစ်ပါသည်။

သို့သော် ၁၃၁၅-ခုနှစ် ကျွန်ုပ် ဓမ္မာစရိယ စာချတန်းဖြေဆို၍ မန္တလေးမှ မိမိနေရင်းကျောင်းသို့ ပြန် ရောက် လာ သော အခါ ကျွန်ုပ် အားခဲ၍ စုဆောင်း ရေးသားထားသော ဋီကာကျော် ခက်ဆစ် မှတ်ဘွယ်စာအုပ်မှာ ခြသ္ဂုပုန်တို့ လက်ချက်ကြောင့် ကိုင် တွယ်မရအောင် ပျက်စီး ချိယွင်းခဲ့ပါသည်။

ထို့ကြောင့် ကျွန်ုပ် ကြံစည်ထားခဲ့သမျှမှာ "ခဲလေသမျှ သဲရေကျ" အဖြစ်သို့ ရောက်ရှိခဲ့ရလေပါသည်။ သို့သော် ကျွန်ုပ်မှာ မိမိကြံစည်မှု မအောင်မြင်သော်လည်း စိတ်မကောင်းမှုမဖြစ်ဘဲ ပျက်စီးခွင့်ရှိသည့်အတွက်သာ ပျက်စီးရခြင်းဖြစ်သည်ဟု အသင့်အတင့် နှလုံးသွင်းနိုင်ခဲ့ပါသည်။

ထို့နောက် ကျွန်ုပ် စာသင်တပည့်အများအား စာပေပို့ချမှုဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်ရင်း တပည့်အများ အလွယ်ကူဆုံးသောနည်းနှင့် သိမှတ်နိုင်ရန် ကစ္စည်းကျမ်း၏ ခက်ဆစ်များကို စုစည်းလာခဲ့ရာ ကျမ်းစာတစောင် ထုတ်ဝေနိုင်သော အခြေအနေသို့ပင် ရောက်ရှိလာခဲ့ပါသည်။

ထို့ကြောင့် ကျွန်ုပ်မှာ မြန်မာပြည်လုံးရှိ အမျိုးသား၊ အစိုးရ ငယ်၊လတ်၊ ကြီးတန်းဝင် စာသင်သားအများ၏အကျိုးကျေးဇူးကို တနည်းတလမ်းကူညီရန် လမ်းစတခါရလေပြီဟု ဝမ်းမြောက်စိတ်ဖြစ်ရပါတော့သည်။ ယင်းသို့ ဝမ်းမြောက်စိတ် ဖြစ်ရသည်နှင့် အညီ ငယ်၊ လတ်၊ ကြီးတန်းဝင် စာသင်သားများ၏ အကျိုးကျေးဇူးကို ရည်မှန်းလျက် ဤလျှပ်စစ်ကစ္စည်းကျမ်းကို ရေးသားထုတ်ဝေလိုက်ရခြင်း ဖြစ်ပါသည်။

**အရှင်ဝမ္မပိယာဘိဝံသ**

စိရံ တိဋ္ဌတု သဒ္ဓမ္မော

# လျှပ်စစ်ကဒ်ါကျမ်း

★

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဌမ မင်္ဂလာ ဂါထာ

●

ဟီနဘာဝံ ပဇဟန္တော၊
တထာဂတော ကုလသေဋ္ဌော။
ယော ဟဝေ မာရေသိ သဗ္ဗော၊
ဒဒါ နမေ ရဏဇယော။

**ဟီနဘာဝံ** -သူတပါးအောက် ယုတ်ဟောက်သည်၏အဖြစ်ကို။

**ပဇဟန္တော** -သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် ပယ်လှန်စွန့်ပစ်တော်မူတတ်ထသော။

**ကုလသေဋ္ဌော**-အမျိုးတို့၏ ဦးကင်း၌ အထွတ်အမြတ် ဖြစ်တော်မူပေထသော။ ဝါ၊ မျိုးတကာအထက် အဘက်ဘက်၌ ဆထက် ထူးချွန် အမွန် စစ်စစ် လွန်မြတ်တော်မူသည်လည်း ဖြစ်သော။

**ယောတထာဂတော**-ရှေးဘုရားတို့မခြား ကောင်းသောလားခြင်း ရှိတော်မူသော အကြင်မြတ်စွာဘုရားသည်။

**ဟဝေ** -မချွတ်မယွင်း ထင်လင်းကေန် အမှန်စင်စစ်။

**သစ္စေ** -"ကျူပင်ကိုခုတ် ကျူငုတ်မထား" ရှေးစကားကဲ့သို့ တပါးမကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော။

**ရဏေ** -များ သတ္တဝါ တို့သူငါကို ကောင်းရာ တား ဟန့် ယုတ်ညံ့သေးသိမ် မွေးမှိန်အောက်ကျသည်၏ အဖြစ် သို့ ရောက်စေတတ်သော ကိလေသာမာရ်စစ် တရား ညစ်တို့ကို။

**မာရေသိ** -အရဟတ္တမဂ် စိန်သံလျက်ဖြင့် ပယ်ဖျက် သတ်ဖြတ် တော် မူလေပြီ။

**ဟိနဘာဝံ** -သူတပါးအောက် ယုတ်ဟောက်သည်၏ အဖြစ်ကို။

**ပဇဟန္တံ** -သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် ပယ်လှန် စွန့်ပစ်တော် မူတတ်ထသော။

**ကုလသေဋ္ဌံ**-အမျိုး တို့၏ ဥက္ကဋ္ဌ အထွတ်အမြတ် ဖြစ်ပေထသော။ ဝါ၊ မျိုးတကာ အထက် အဘက်ဘက်၌ ဆထက် ထူးချွန် အမွန်စင်စစ် လွန်မြတ်တော် မူသည်လည်း ဖြစ်သော။

**တံတထာဂတံ**-ကိလေဆယ်ဖြာ ယုတ်အမာကို မဂ်ပညာဝရဇိန်နှင့် နင်းနှိမ်သတ်ဖြတ် ထိုဘုရားမြတ်ကို။

**အဟံ** -ဘေးအန္တရာယ် ရန် သွယ်သွယ်တို့ ပျောက်ကွယ် ကင်းရှင်း ဉာဏ်ပွင့်လင်းဘို့ စိတ်တွင်းရည်ရော် ဘုရား တပည့်တော်သည်။

**နမေ-နမာမိ**-အောင်ဆုကိုတမ်း အောင်စိတ်မှန်းလျက် ရှင်လန်း ကြည်သော ရှိခိုးပါ၏ အရှင်မြတ် ဘုရား။ ဝါ၊ အောင် ဆုကိုမှန်း အောင်ပန်းကိုပန် အောင်လံကိုလွှင့် အောင် ခွင့်ကို ရှာ အောင် ရာ ကို တမ်း အောင် စ ခန်း ဆိုက် အောင်သိုက်ကိုတူးအောင်ညွှန့်ခူးရန် ညွှတ်နူးကြည်သာ ရှိခိုးပါ၏ အရှင်မြတ်ဘုရား။

**တွံ** -အောင်သူ တကာတို့၏ ထိပ်ပန်း ရဟန်းများ၏ ဘုရင် သုံးလူ့ရှင်သည်။

**မေ** -အောင်ဆုကိုမှန်း အောင်ပန်းကိုမျှော် ရည်ရော်ကာသော ကန်ဒါလျှပ်စစ် ဘွဲ့မည်သစ်ဖြင့် တီထွင်ရေးသား တပည့် တော်အား။

**ဇယေ** -လူအပေါင်းတို့ မျှော်ကာတမ်းရသည့် သော်တာစန်း လကဲ့သို့ ပရိသတ် ပွဲလယ်ဝယ် ထွန်းပ စေနိုင်သော နံပါတ်ဝမ်း ပထမတည်းဟူသော ထုတိသြဘာ မင်္ဂလာ နှင့် အဖြာဖြာသော အောင်ဆုတို့ကို။

**ဒဒါ-ဒဒါဟိ**-ဘုရားတပည့် စိတ်လိုပြည့်အောင် ရှုကြည့်ကောင်းစွာ ပေးသနားတော်မူပါ မြတ်စွာဘုရား။

# လျှပ်စစ်ကာဒ်ကြီးမ်း

★

## နိဒါနုဒ္ဒေသ

●

## ● ပါတိမောက်အပြား

ပါတိမောက်သည်-

၁။ သီလပါတိမောက်၊

၂။ ဂန္ထပါတိမောက်ဟူ၍ နှစ်ပါးရှိသည်။

ဤုတိဤမိန္ဒာ ဝိစနတ္တေန ကောဝိမ္ဓမ္မိ သီလဂန္ထာဘော
တော ဒုဝိမ္မိ ဟောတိ။ (ကာဒ်ါ ၁၀၄-ဟံ)

---

## ● ပါတိမောက်ကို မုချ, ဥပစာခွဲပုံ

ပါတိမောက်ကို မုချ, ဥပစာခွဲပုံမှာ
သီလပါတိမောက်သည် မုချ၊
ဂန္ထပါတိမောက်သည် ဥပစာဖြစ်သည်။

---

## ● ပါတိမောက်ကို ဇောတေတဗ္ဗ ဇောတကခွဲပုံ

ပါတိမောက်ကို ဇောတေတဗ္ဗ, ဇောတကခွဲပုံမှာ-
သီလပါတိမောက်သည် ဇောတေတဗ္ဗ၊
ဂန္ထပါတိမောက်သည် ဇောတကဖြစ်သည်။

## ● ဂန္ထပါတိမောက်အပြား

ဂန္ထပါတိမောက်သည်-

၁။ ဘိက္ခုပါတိမောက်၊
၂။ ဘိက္ခုနီပါတိမောက်ဟူ၍ နှစ်ပါးရှိသည်။

---

## ● ဘိက္ခုပါတိမောက်အဓိပ္ပာယ်

ဘိက္ခုပါတိမောက် ဟူသည်မှာ- "သုဏာတု မေ ဘန္တေ သံဃော" ဤသို့ အစရှိကုန်သော ငါးပါးကုန်သော ဥဒ္ဒေသ အပိုင်း အခြား တို့ဖြင့် မှတ်သား အပ်သော ပါတိမောက်ကို 'ဘိက္ခု ပါတိမောက်' ဟု ခေါ်သည်။

---

## ● ဘိက္ခုပါတိမောက်၌ ဥဒ္ဒေသ ၅-မျိုးသရုပ်

၁။ နိဒါနုဒ္ဒေသ၊
၂။ ပါရာဇိကုဒ္ဒေသ၊
၃။ သံဃာဒိသေသုဒ္ဒေသ၊
၄။ အနိယတုဒ္ဒေသ၊
၅။ ဝိတ္ထာရုဒ္ဒေသအားဖြင့် ၅-ပါးရှိသည်။

---

## ● ဘိက္ခုနီပါတိမောက်အဓိပ္ပာယ်

ဘိက္ခုနီပါတိမောက်ဟူသည်မှာ-"သုဏာတု မေ အယျေ သံဃော" ဤသို့ အစရှိသော လေးပါးသော ဥဒ္ဒေသ အပိုင်း အခြား တို့ဖြင့် ပိုင်းခြား မှတ်သား အပ်သော ပါတိမောက်ကို 'ဘိက္ခုနီ ပါတိမောက်'ဟု ခေါ်သည်။

**● ဘိက္ခုနီပါတိမောက်၌ ဥဒ္ဒေသ ၄-မျိုးသရုပ်**

ဘိက္ခုနီပါတိမောက်၌ ဥဒ္ဒေသသည်-

၁။ နိဒါနုဒ္ဒေသ၊
၂။ ပါရာဇိကုဒ္ဒေသ၊
၃။ သံဃာဒိသေသုဒ္ဒေသ၊
၄။ ဝိတ္ထာရုဒ္ဒေသအားဖြင့် ၄-ပါးရှိသည်။

---

**● ပါတိမောက်ကို သုတသဒ္ဒါဖြင့်သိမ်းသင့်ပုံ**

ပါတိမောက်ကို သုတသဒ္ဒါဖြင့် သိမ်းသင့်ပုံမှာ - သံဃာတော်များ ပါတိမောက်ပြနေစဉ် အန္တရာယ် (၁၀)ပါး တို့တွင် တပါးပါးပေါ်ပေါက်လာခဲ့သော် ပါရာဇိကုဒ္ဒေသစသောဥဒ္ဒေသ ၄-မျိုးကို သုတသဒ္ဒါဖြင့် သိမ်းသင့်ပေသည်။

---

**● ပါတိမောက်ကို သုတသဒ္ဒါဖြင့်သိမ်းပုံ**

ပါတိမောက်ကို သုတသဒ္ဒါဖြင့် သိမ်းပုံမှာ-အကြင်သံဃာတော်များ ပါတိမောက်ပြနေစဉ် အန္တရာယ်(၁၀)ပါး တို့တွင် တပါးပါးပေါ်ပေါက်လာ၍ သုတသဒ္ဒါဖြင့် သိမ်းလိုလျှင်ရွတ်ဆိုဆဲ ဖြစ်သော ဥဒ္ဒေသနှင့်တကွ ကျန်ဥဒ္ဒေသများကို သုတသဒ္ဒါ ဖြင့် သိမ်းရမည်။

အဝသေသံ သုတေန သာဝေတဗ္ဗန္တိ ဝစနတော ပန ပါရာဇိကုဒ္ဒေသာဒီသု ယသ္မိံ ဝိပ္ပကတေ အန္တရာယော ဥပ္ပဇ္ဇတိ၊တေန သဒ္ဓိံ အဝသေသံ သုတေန သာဝေတဗ္ဗံ။
(ကင်္ခါ ၁၀၅-ဟံ)

---

## ● သုတသဒ္ဒါဖြင့် သိမ်းရာ၌ မှတ်သားဘွယ်

သုတသဒ္ဒါဖြင့် သိမ်းရာ၌ အထူးမှတ်သားဘွယ် တရပ်မှာ- အကြင် သံဃာတော်များ ပါတိမောက် ပြနေစဉ် အန္တရာယ် (၁၀)ပါးတို့တွင် တပါးပါး ပေါ်ပေါက်လာ၍ သုတသဒ္ဒါဖြင့် သိမ်းလိုသော်လည်း နိဒါနုဒ္ဒေသကိုရွတ်ဆို၍ မပြီးသေးက သုတ သဒ္ဒါဖြင့် မသိမ်းရချေ၊ အယုတ်ဆုံး နိဒါနုဒ္ဒေသ ရွတ်ဆို၍ပြီးမှ သုတသဒ္ဒါဖြင့် သိမ်းခွင့်ရှိသည်။

နိဒါနုဒ္ဒေသေ ပန အနိဋ္ဌိတေ သုတေန သာဝေတဗ္ဗံနာမ နတ္ထိ။ (ကင်္ခါ ၁၀၅-ဟံ)

## ● အန္တရာယ်(၁၀)ပါးသရုပ်

အန္တရာယ်သည်-

၁။ မီး၊
၂။ ရေ၊
၃။ မင်း၊
၄။ လူ၊
၅။ ခိုးသူ
၆။ ဘီလူး၊
၇။ သားရဲ၊
၈။ မြွေ၊
၉။ အသက်၊
၁၀။ ဗြဟ္မစရိယ-ဟူ၍(၁၀)ပါး ရှိသည်။

ဆောင်။ ။မီး,ရေ,မင်း,လူ၊ ခိုးသူ,ဘီလူး၊ သားရှုး,မြွေ, သက်၊ကျင့်မြတ်ဖျက်၊ဆယ်ချက် အန္တရာယ်။

---

## ● ပါတိမောက် ပြသင့်သောပုဂ္ဂိုလ်

ပါတိမောက် ပြသင့်သော ပုဂ္ဂိုလ်ကား -“ထေရာဓေယျံ ပါတိမောက္ခံ” ဟူ၍ ဟောတော်မူသောကြောင့် ပါတိမောက်ကို သံဃာ့ထေရ်သာ ပြသင့်သည်။

"နဝကတရောဝါ အနုဇာနာမိ ဘိက္ခဝေ ယောဗျတ္တော ပဋိဗလော တဿာဝေယျံ ပါတိမောက္ခံ"ဟူ၍ ဟောတော်မူသော ကြောင့် ဗျတ္တ ပဋိဗလဖြစ်သော နဝကရဟန်းသည်လည်း ပါတိ မောက်ကို ပြသင့်သည်။

---

## ● ပုဗ္ဗကရဏလေးပါးသရုပ်

ပုဗ္ဗကရဏသည်-

၁။ ဥပုသ်အိမ်သိမ်အပြင်၌ တံမြက်လှည်းခြင်း၊

၂။ ဥပုသ်ကျောင်းဆောင် အတွင်း၌ ဆီမီးညှိထွန်းခြင်း၊

၃။ သောက်ရေ,သုံးဆောင်ရေ တည်ထားခြင်း၊

၄။ ဥပုသ်ကျောင်းဆောင်တွင်း၌ နေရာခင်း ထားခြင်း အားဖြင့် လေးပါးရှိသည်။

သမ္မဇ္ဇနီပဒီပေါစ၊ ဥဒကံ အာသနေနစ။
ဥပေါသထဿ ဧတာနိ၊ ပုဗ္ဗကရဏန္တိ ဝုစ္စတိ။
(ပါတိမောက်)

---

## ● ပုဗ္ဗကရဏ(၄)ပါးကို ပညတ်ရခြင်း အကြောင်း

ပုဗ္ဗကရဏ(၄)ပါးကို မြတ်စွာဘုရား ပညတ်ထားရခြင်း အကြောင်းမှာ-

၁။ တံမြက်လှည်းမထား၍ အမှိုက်ရှုပ်ခြင်း၊

၂။ ဆီမီးညှိထွန်း မထားသဖြင့် မှောင်ထဲမှာ တပါးနှင့် တပါး ထိခိုက်နင်းမိခြင်း။

၃။ သောက်ရေ, သုံးဆောင်ရေ တည်မထားသဖြင့် အာဂန္တုရဟန်းများ ကဲ့ရဲ့ခြင်း။

၄။ ဥပုသ်ကျောင်းဆောင်အတွင်း၌ နေရာခင်းမထားကြ၍ ဥပုသ်ပြုသံဃာများ၏ ကိုယ်,အဝတ်သင်္ကန်းတို့၌ ဖုံပေခြင်း။

ဤအကြောင်းတို့ကြောင့် မြတ်စွာဘုရားသခင် ပုဗ္ဗကရဏ (၄)ပါးကို ပညတ်ထားပေသည်။

---

- **ပုဗ္ဗကိစ္စငါးပါးသရုပ်**

ပုဗ္ဗကိစ္စသည်—

၁။ ဆန္ဒကိုကြားခြင်း၊

၂။ ပါရိသုဒ္ဓိကိုကြားခြင်း၊

၃။ ရောက်ဆဲဥတု, ရောက်ဆဲပက္ခကို ကြားခြင်း၊

၄။ ဥပုသ်ပြုရာတွင် ပါဝင်သော သံဃာကို ရေတွက်၍ ကြားခြင်း၊

၅။ ဘိက္ခုနီမတို့ အဆုံးအမကို ခံယူရပါမည်လောဟု တောင်းပန်သော စကားကို ပါတိမောက်ပြသော ရဟန်းက ကြားခြင်းအားဖြင့် (၅)ပါးရှိသည်။

ဆန္ဒပါရိသုဒ္ဓိဥတုက္ခာနံ၊ဘိက္ခုဂဏနာစသြဝါဒေါ။
ဥပေါသထဿ ဧတာနိ၊ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ။
(ပါတိမောက်)

## ● ပုဗ္ဗကရဏ၊ ပုဗ္ဗကိစ္စအထူး

ပုဗ္ဗကရဏဟူသည်မှာ- သံဃာမစည်းဝေးမီ ရှေးအဘို့၌ ပြုအပ်သော အမှုကိုခေါ်သည်။

ပုဗ္ဗကိစ္စဟူသည်မှာ- သံဃာ စည်း ဝေး ပြီး သည် နောက် ဥပုသ်မပြုမီ ရှေးအဘို့၌ ပြုအပ်သော အမှုကို ခေါ်သည်။ ဤသို့ ပုဗ္ဗကရဏနှင့် ပုဗ္ဗကိစ္စတို့ ထူးခြားကြသည်။

---

## ● ကရဏ၊ ကိစ္စအထူး

ကရဏဟူသည်မှာ မုချ ပြုလုပ်ရမည့်အမှုကို ခေါ်သည်။

ကိစ္စဟူသည်မှာ- ပြုခွင့်ရှိမှ ပြုလုပ်ရမည့်အမှုကို ခေါ်သည်။ ဤသို့ ကရဏနှင့်ကိစ္စ ထူးခြားကြသည်။

---

## ● ဆန္ဒပေးပုံပါဠိ

ဆန္ဒပေးပုံပါဠိကား-

“ဆန္ဒံ ဒမ္မိ၊ ဆန္ဒံ မေ ဟရ၊ ဆန္ဒံ မေ အာရောစေဟိ” ဖြစ်သည်။

---

## ● ပါရိသုဒ္ဓိပေးပုံပါဠိ

ပါရိသုဒ္ဓိပေးပုံပါဠိကား-

“ပါရိသုဒ္ဓိံ ဒမ္မိ၊ ပါရိသုဒ္ဓိံ မေ ဟရ၊ ပါရိသုဒ္ဓိံ မေ အာရောစေဟိ” ဖြစ်သည်။

---

၁၃၇၁၈

## ● ဆန္ဒကြားလျှောက်ပုံပါဠိ

ဆန္ဒကြားလျှောက်ပုံပါဠိကား-

"တိဿေန ဘိက္ခုနာ ဆန္ဒော ဒိန္နော၊ တမဟံ သံဃဿ အာရောစေမိ" ဖြစ်သည်။

---

## ● ပါရိသုဒ္ဓိကြားလျှောက်ပုံပါဠိ

ပါရိသုဒ္ဓိကြားလျှောက်ပုံပါဠိကား-

"တိဿေန ဘိက္ခုနာ ပါရိသုဒ္ဓိ ဒိန္နာ၊ တမဟံ သံဃဿ အာရောစေမိ" ဖြစ်သည်။

**မှတ်ချက်**။ ။ဆန္ဒ ပါရိသုဒ္ဓိကို ကြားလျှောက်ရာ၌ ဆန္ဒ, ပါရိသုဒ္ဓိကို ပေးသောပုဂ္ဂိုလ်၏ အမည်ကို ဖော်ထုတ်ကာ သံဃာအား လျှောက်ကြားရမည်။

**ဥပမာ**-'ကဝိန္ဒ'မည်သောရဟန်းက ဆန္ဒကိုပေးလိုက်သည် ဆိုလျှင် ထိုကဝိန္ဒအမည်ကို ဖော်ထုတ်ကာ- "ကဝိန္ဒေန ဘိက္ခုနာ ဆန္ဒော ဒိန္နော၊ တမဟံ သံဃဿ အာရောစေမိ" ဟူ၍၎င်း၊ ကဝိန္ဒ မည်သောရဟန်းက ပါရိသုဒ္ဓိ ပေးလိုက်သည်ဆိုလျှင်လည်းထိုကဝိန္ဒ အမည်ကို ဖော်ထုတ်ကာ - "ကဝိန္ဒေန ဘိက္ခုနာ ပါရိသုဒ္ဓိ ဒိန္နာ၊ တမဟံ သံဃဿ အာရောစေမိ" ဟူ၍၎င်း ဆန္ဒ၊ ပါရိသုဒ္ဓိ အား လျော်စွာ ကြားလျှောက်ရသည်။

---

## ● ဆန္ဒသာပေးသင့်သောပုဂ္ဂိုလ်

ဆန္ဒကိုသာပေးသင့်သော ပုဂ္ဂိုလ်ကား-

ပြုလုပ်မည့်ကံသည် ဥပုသ်ကံမဟုတ်ဘဲအခြားကံများဖြစ်ခဲ့သော်၎င်း၊ ဥပုသ်ကံပင်ဖြစ်သော်လည်း မိမိက ဥပုသ်ပြုပြီးသားဖြစ်ခဲ့သော်၎င်း ဆန္ဒကိုသာ ပေးရသည်။

---

## ● ပါရိသုဒ္ဓိပေးသင့်သောပုဂ္ဂိုလ်

ပါရိသုဒ္ဓိပေးသင့်သော ပုဂ္ဂိုလ်ကား-

ဥပုသ်မပြုရသေးသော ဂိလာနရဟန်းနှင့် ကိစ္စပသုတရဟန်းများသည် ပါရိသုဒ္ဓိကို ပေးရသည်။ ထိုပါရိသုဒ္ဓိပေးသော ပုဂ္ဂိုလ်များသည် ပါရိသုဒ္ဓိကိုပေးလျှင် ဆန္ဒကိုလည်း တပါတည်း ပေးလိုက်ရတော့သည်။

---

## ● ဆန္ဒပေးပုံ၊ ပါရိသုဒ္ဓိပေးပုံ

ဆန္ဒပေးပုံ၊ ပါရိသုဒ္ဓိပေးပုံမှာ-

အကြင် ဆန္ဒပေးသောပုဂ္ဂိုလ် ပါရိသုဒ္ဓိပေးသော ပုဂ္ဂိုလ်တို့သည်-

"ဆန္ဒံ ဒမ္မိ၊ ဆန္ဒံ မေ ဟရ၊ ဆန္ဒံ မေ အာရောစေဟိ"

"ပါရိသုဒ္ဓိံ ဒမ္မိ၊ ပါရိသုဒ္ဓိံ မေ ဟရ၊ ပါရိသုဒ္ဓိံ မေ အာရောစေဟိ" ဟူသောအနက်ကို ကိုယ်ဖြင့် ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ကိုယ်-နှုတ်နှစ်ပါးဖြင့်ဖြစ်စေ ဆန္ဒ,ပါရိသုဒ္ဓိကိုပေးရသည်။

## ဆန္ဒံ မေ ဟရ၊ ပါရိသုဒ္ဓိံ မေ ဟရ- ပုဒ်အတွက်မှတ်သားဘွယ်

"ဆန္ဒံ မေ ဟရ၊ ပါရိသုဒ္ဓိံ မေ ဟရ"ပုဒ်တို့အတွက် အထူးမှတ်သားဘွယ်မှာ- ဆန္ဒပေးရာ၊ ပါရိသုဒ္ဓိပေးရာ၌ ဆန္ဒပေးသော ပုဂ္ဂိုလ်, ပါရိသုဒ္ဓိပေးသော ပုဂ္ဂိုလ်တို့သည်- "ဆန္ဒံ ဒမ္မိ၊ ပါရိသုဒ္ဓိံ ဒမ္မိ" ဟု ဆိုလိုက်ကာမျှဖြင့် ၎င်းတို့၏ ဆန္ဒပေးမှု၊ ပါရိသုဒ္ဓိပေးမှုမှာ ပြီးစီးအောင်မြင်ပေသည်၊ သို့သော်- "ဆန္ဒံ ဒမ္မိ၊ ပါရိသုဒ္ဓိံ ဒမ္မိ" မျှသာ မဆိုဘဲ "ဆန္ဒံ မေ ဟရ၊ ပါရိသုဒ္ဓိံ မေ ဟရ" ဟု ဆန္ဒပေးရာ၊ ပါရိသုဒ္ဓိ ပေးရာ၌ ထပ်မံ၍ဆိုရခြင်းမှာ ဆန္ဒ၊ ပါရိသုဒ္ဓိဆောင်သော ပုဂ္ဂိုလ်သည် မိမိတို့ပေးလိုက်သော ဆန္ဒ၊ ပါရိသုဒ္ဓိကို သံဃာ့ဘောင်သို့ ဆောင်ယူခြင်းမပြုဘဲ လွှဲဖယ်ရှောင်ရှားကာ အခြားတနေရာသို့ ထွက်သွားအံ့သည်ကို စိုး၍ "ဆန္ဒံ မေ ဟရ၊ ပါရိသုဒ္ဓိံ မေ ဟရ" ဟူ၍ ထပ်မံ၍ ဆိုထားရခြင်းဖြစ်သည်။

---

## ဆန္ဒံ မေ အာရောစေဟိ၊ ပါရိသုဒ္ဓိံ မေ အာရောစေဟိ- ပုဒ်အတွက်မှတ်ဘွယ်

"ဆန္ဒံ မေ အာရောစေဟိ၊ ပါရိသုဒ္ဓိံ မေ အာရောစေဟိ" ပုဒ်တို့အတွက် အထူးမှတ်သားဘွယ်မှာ-ဆန္ဒပေးရာ၊ပါရိသုဒ္ဓိပေးရာ၌ ဆန္ဒပေးသောပုဂ္ဂိုလ် ပါရိသုဒ္ဓိပေးသော ပုဂ္ဂိုလ်တို့သည်- "ဆန္ဒံဒမ္မိ၊ ပါရိသုဒ္ဓိံ ဒမ္မိ" ဟု ဆိုလိုက်ကာမျှဖြင့် ၎င်းတို့၏ ဆန္ဒပေးမှု၊ ပါရိသုဒ္ဓိပေးမှုမှာ ပြီးစီးအောင်မြင်ပေသည်၊ သို့သော်- "ဆန္ဒံ မေ အာရောစေဟိ၊ ပါရိသုဒ္ဓိံ မေ အာရောစေဟိ" ဟူ၍ နောက်ထပ်တခါ ဆိုရခြင်းမှာ- ဆန္ဒဆောင်၊ ပါရိသုဒ္ဓိဆောင် ပုဂ္ဂိုလ်တို့သည် မိမိတို့ပေးလိုက်သော ဆန္ဒ, ပါရိသုဒ္ဓိတို့ကို သံဃာ့

ဘောင်သို့ရောက်အောင် ဆောင်ယူလာပါသော်လည်း သံဃာ့ဘောင်သို့ ရောက်သောအခါ မကြားမလျှောက်ဘဲ နေခဲ့လျှင် ဆန္ဒဆောင်၊ ပါရိသုဒ္ဓိဆောင်ပုဂ္ဂိုလ်တို့မှာ ဒုက္ကဋ်အာပတ် သင့်နိုင်ပေသည်။ ထိုသို့ ဆန္ဒဆောင်၊ ပါရိသုဒ္ဓိဆောင်ပုဂ္ဂိုလ်တို့ ဒုက္ကဋ်အာပတ်မသင့်ရလေအောင်- "ဆန္ဒံ မေ အာရောစေဟိ၊ ပါရိသုဒ္ဓိံ မေ အာရောစေဟိ" ဟူသော နောက်ပုဒ်တို့ကို ဆန္ဒ၊ ပါရိသုဒ္ဓိအားလျော်စွာ ထပ်မံ၍ဆိုထားရခြင်းဖြစ်သည်။

---

## ● ဆန္ဒပေးကျိုး၊ ပါရိသုဒ္ဓိပေးကျိုး

ဆန္ဒပေးသည့်အတွက် ရရှိအပ်သောအကျိုးမှာ-

သံဃာအားသာ ဥပုသ်ကံစသော သံဃာ့ကံအားလုံး ပြီးစီးခြင်းအကျိုးရှိသည်။

ပါရိသုဒ္ဓိပေးသည့်အတွက် ရရှိအပ်သော အကျိုးမှာ- မိမိအားရင်း၊ သံဃာအားရင်း ဥပုသ်ပြုခြင်း ကိစ္စတခုကိုသာ ပြီးစီးခြင်းအကျိုးရှိသည်။

---

## ● ဆန္ဒဆောင်၊ ပါရိသုဒ္ဓိဆောင် ပုဂ္ဂိုလ်တို့ ယူဆောင်နိုင်သော ဆန္ဒ၊ ပါရိသုဒ္ဓိ

ဆန္ဒကိုဆောင်သော ဆန္ဒဟာရက၊ ပါရိသုဒ္ဓိကိုဆောင်သော ပါရိသုဒ္ဓိဟာရက တပါးပါးသည် ဆန္ဒပေးသောပုဂ္ဂိုလ်၊ ပါရိသုဒ္ဓိပေးသော ပုဂ္ဂိုလ်များစွာတို့၏ ဆန္ဒပါရိသုဒ္ဓိတို့ကို ဆောင်ယူနိုင်ခွင့်ရှိသည်။

## ဆန္ဒ, ပါရိသုဒ္ဓိမရောက်သောနည်း

အထက်တွင်ဆန္ဒပေးပုံ,ပါရိသုဒ္ဓိပေးပုံ,ဆန္ဒကြားလျှောက်ပုံ, ပါရိသုဒ္ဓိကြားလျှောက်ပုံ စသည်တို့ကို ပြဆိုခဲ့ပြီ။

ယခုအခါ ဆန္ဒ,ပါရိသုဒ္ဓိပေးသော်လည်း သံဃာ့ဘောင်သို့ မရောက်သောနည်းကို ပြဆိုပေအံ့။

သံဃာ့ဘောင်သို့ ဆန္ဒ,ပါရိသုဒ္ဓိ မရောက်သော နည်းမှာ-ဆန္ဒပေးခြင်း, ပါရိသုဒ္ဓိပေးခြင်းတွင် မူလလက်ခံရင်း ဆန္ဒဆောင်, ပါရိသုဒ္ဓိဆောင်ပုဂ္ဂိုလ်နှင့်သာသက်ဆိုင်သည်၊ သို့ဖြစ်၍မူလလက်ခံရင်း ဆန္ဒဆောင်, ပါရိသုဒ္ဓိဆောင်ပုဂ္ဂိုလ်မှတဘန် အခြားပုဂ္ဂိုလ်တပါးသို့ တဆင့်ကမ်းပေးလွှဲပြန်လျှင် ၎င်းဆန္ဒပါရိသုဒ္ဓိသည် သံဃာဘောင်သို့ မရောက်ချေ။

လိုရင်းအချုပ်မှာ-'တိဿ'သည်'ဒတ္တ'အား ဆန္ဒ,ပါရိသုဒ္ဓိ ပေးသည်ဆိုပါစို့၊ ဒတ္တသည် ဆန္ဒဆောင်၊ ပါရိသုဒ္ဓိဆောင် ဖြစ်နေပြီ၊ သို့သော် ၎င်းဒတ္တကိုယ်တိုင် သံဃာ့ဘောင်သို့ မသွားဘဲ အခြားတပါးအား ဆန္ဒ, ပါရိသုဒ္ဓိကို တဆင့် ကမ်းပေးလိုက်လျှင် ၎င်းတိဿ၏ ဆန္ဒ, ပါရိသုဒ္ဓိသည် သံဃာ့ဘောင်သို့ မရောက်ဟူလို။

---

## ဆန္ဒပါရိသုဒ္ဓိကို သံဃာအား လျှောက်ထားရခြင်းအကြောင်း

ဆန္ဒကိုဆောင်လာသော ဆန္ဒဟာရက၊ပါရိသုဒ္ဓိကိုဆောင်လာသော ပါရိသုဒ္ဓိဟာရက ပုဂ္ဂိုလ်တို့သည် မိမိတို့ဆောင်လာသော ဆန္ဒ,ပါရိသုဒ္ဓိကို သံဃာအား လျှောက်ထားရလေသည်။ ယင်းသို့ သံဃာအား လျှောက်ထားရခြင်း အကြောင်းမှာ- ၎င်း

ဆန္ဒ, ပါရိသုဒ္ဓိတို့ သံဃာ့ဘောင်သို့ မရောက်အံ့သည်ကိုစိုး၍မဟုတ်ချေ၊ ပေးလိုက်သော ဆန္ဒ, ပါရိသုဒ္ဓိတို့မှာ ဆန္ဒဟာရက, ပါရိသုဒ္ဓိဟာရက ပုဂ္ဂိုလ်တို့သံဃာ၏ ဟတ္ထပါသ်သို့ရောက်လျှင် သံဃာ့ဘောင်သို့ရောက်ပြီး မည်လေတော့သည်၊ သို့ပါလျက် ဆန္ဒ,ပါရိသုဒ္ဓိကို ကြားလျှောက်နေရခြင်း အကြောင်းမှာ အကယ်၍မကြားလျှောက်ပါက ဆန္ဒဆောင်သော ဆန္ဒဟာရကပုဂ္ဂိုလ်, ပါရိသုဒ္ဓိဆောင်သော ပါရိသုဒ္ဓိဟာရကပုဂ္ဂိုလ်တို့မှာ ဒုက္ကဋ်အာပတ်သင့်နိုင်သည်၊ ထိုသို့ ဒုက္ကဋ်အာပတ်မသင့်စေရန် ဆန္ဒ, ပါရိသုဒ္ဓိကို သံဃာအား လျှောက်ထားရသည်။

လိုရင်းအချုပ်မှာ - ဆန္ဒကို ကြားလျှောက်ရခြင်း၊ ပါရိသုဒ္ဓိကို ကြားလျှောက်ရခြင်းသည် ဆန္ဒဟာရက၊ ပါရိသုဒ္ဓိဟာရက ပုဂ္ဂိုလ်တို့အား ဒုက္ကဋ်အာပတ်မသင့်ရောက်ခြင်းငှာ ကြားလျှောက်ရခြင်းဖြစ်သည်။

---

## ● ဘိက္ခုနီတို့၏ ဩဝါဒကို လက်ခံသင့်သောပုဂ္ဂိုလ်

ပုဗ္ဗကိစ္စ (၅) ပါးတွင် ပါဝင်သော ဩဝါဒအရ ဘိက္ခုနီမတို့က တောင်းပန်သော ဩဝါဒကို လက်ခံသင့်သော ပုဂ္ဂိုလ်တို့မှာ-

၁။ ဂိလာန

၂။ ဗာလ

၃။ ဂမိက ဟူသော ရဟန်းများမှတပါး အားလုံးသော ရဟန်းများ လက်ခံရသည်၊ လက်မခံဘဲနေပါက ဒုက္ကဋ်အာပတ်သင့်သည်။

## ● ပတ္တကလ္လအင်္ဂါ(၄)ပါးသရုပ်

ပတ္တကလ္လအင်္ဂါသည်-

၁။ စာတုဒ္ဒသီ,ပန္နရသီ,သာမဂ္ဂီ ဥပုသ်နေ့တို့တွင် တနေ့နေ့ ဖြစ်ခြင်း။

၂။ လေးပါး,လေးပါးထက်လွန်သော ပကတတ် ရဟန်းတို့ တသိမ်တည်း၌ ဟတ္ထပါသ်အတွင်း၌ ရှိခြင်း။

၃။ သဘာဂ အာပတ်မရှိခြင်း။

၄။ လူအစရှိသော ၂၁ -ယောက်သောပုဂ္ဂိုလ် သံဃာ၏ ဟတ္ထပါသ်အတွင်း၌ မရှိခြင်း-ဟူ၍ (၄)ပါးရှိသည်။

---

## ● ပတ္တကလ္လအင်္ဂါ(၄)ပါးပြ ပါဠိ

ဥပေါသထော ယာဝတိကာစ ဘိက္ခုကမ္မပ္ပတ္တာ၊
သဘာဂါပတ္တိယော နဝိဇ္ဇန္တိ၊ ဝဇ္ဇနီယာစ
ပုဂ္ဂလာ တသ္မိံ နဟောန္တိ၊ပတ္တကလ္လန္တိ ဝုစ္စတိ။
(ပါတိမောက်)

---

## ● တနှစ်အတွင်း စာတုဒ္ဒသီ၊ပန္နရသီဥပုသ်အရေအတွက်

တနှစ်အတွင်း စာတုဒ္ဒသီပန္နရသီ ဥပုသ် အရေအတွက်မှာ-

၁။ စာတုဒ္ဒသီဥပုသ်နေ့ပေါင်း ခြောက်နေ့၊

၂။ ပန္နရသီဥပုသ်နေ့ပေါင်း တဆဲ့ရှစ်နေ့ရှိသည်။

ဤစာတုဒ္ဒသီ (၆)နေ့နှင့် ပန္နရသီ(၁၈)နေ့ ဟူသော (၂၄)နေ့ကို ပကတိစာရိတ္တဥပုသ်နေ့ဟု ခေါ်သည်။

### ● သာမဂ္ဂီဥပုသ်အဓိပ္ပာယ်

သာမဂ္ဂီ ဥပုသ် ဟူသည်မှာ အကွဲကွဲ အပြားပြား ဖြစ်နေသောသံဃာများ ညီညွတ်မှုရသောနေ့မှာ ပြုလုပ်အပ်သောဥပုသ်မျိုးကို သာမဂ္ဂီဥပုသ်နေ့ဟု ခေါ်သည်။

**ဆောင်။** ။ကွဲပြားသံဃာ၊ ညီညွတ်လာ၊ ပြုပါသာမဂ္ဂီ။

---

### ● သာမဂ္ဂီပဝါရဏာအဓိပ္ပာယ်

သာမဂ္ဂီပဝါရဏာဟူသည်မှာ-အကွဲကွဲအပြားပြားဖြစ်နေသော သံဃာများ ညီညွတ်မှု ရသောနေ့မှာ ပြုလုပ်အပ်သော ဥပုသ်နေ့ကို သာမဂ္ဂီ ပဝါရဏာနေ့ဟု ခေါ်သည်။

ဆောင်။ ။ကွဲပြားသံဃာ၊ ညီညွတ်လာ၊ ပြုပါ ပဝါရဏာ။

---

### ● ပကတိစာရိတ္တပဝါရဏာနေ့ များ

ပကတိစာရိတ္တပဝါရဏာကို ပြုသင်သောနေ့များမှာ-

၁။ သီတင်းကျွတ်လပြည့်နေ့၊

၂။ သီတင်းကျွတ်လကွယ်နေ့၊

၃။ တန်ဆောင်မုန်း လပြည့်နေ့ဟူ၍(၃)နေ့ရှိသည်။

**ဆောင်။** ။ တင်း ကျွတ်, တင်း ကွယ်၊ ဤ နှစ် သွယ်၊ မှတ်ဘွယ်တန်ဆောင်ပြည့်။

## ● ပုရိမဝါကျွတ်သောရဟန်း၏ပဝါရဏာနေ့

ပုရိမဝါကျွတ်သော ရဟန်းများနှင့် သက်ဆိုင်သော ပဝါရဏာနေ့များမှာ-

၁။ သီတင်းကျွတ်လပြည့်နေ့၊
၂။ သီတင်းကျွတ်လကွယ်နေ့၊
၃။ တန်ဆောင်မုန်းလပြည့်နေ့ဟူ၍ (၃)နေ့ ဖြစ်သည်။

ဆောင်။ ။ပကတိစာရိတ္တာ၊ သုံးနေ့ရ၊ပုရိမဝါကျွတ်သူ။

---

## ● ပစ္ဆိမဝါကျွတ်သောရဟန်း၏ပဝါရဏာနေ့

ပစ္ဆိမဝါကျွတ်သော ရဟန်းများနှင့် သက်ဆိုင်သော ပဝါရဏာ နေ့မှာ - တန်ဆောင်မုန်း လပြည့်နေ့ တနေ့သာ ဖြစ်သည်။

---

## ● သာမဂ္ဂီပဝါရဏာကိုပြုနိုင်သောနေ့များ

သာမဂ္ဂီပဝါရဏာကိုပြုနိုင်သောနေ့များမှာ သီတင်းကျွတ် လပြည့်ကျော် (၁)ရက် နေ့မှ စ၍ တန်ဆောင်မုန်း လပြည့်နေ့ အထိ(၂၉) ရက်သည် သာမဂ္ဂီပဝါရဏာကို ပြုနိုင်သောနေ့များ ဖြစ်သည်။

---

## ● သုတ္တာဒြေဒ္ဒေသဉပုသ်ပြုလောက်သော သံဃာအရေအတွက်

သုတ္တာဒြေဒ္ဒေသဉပုသ် ပြုလောက်သော သံဃာအရေအတွက် မှာ-အယုတ်ဆုံး ပကတတ် သံဃာ(၄)ပါး ရှိရသည်၊ ထို့ထက် နည်းလျှင် သုတ္တာဒြေဒ္ဒေသဉပုသ် မပြုနိုင်ချေ။

**● ပကတတ်ရဟန်းအဓိပ္ပာယ်**

ပကတတ်ရဟန်းဟူသည်မှာ-

၁။ ဥက္ခေပနိယကံလည်း အပြုမခံရ။

၂။ ပါရာဇိက အာပတ်လည်း မသင့်သော ပင်္ကိုသီလ ရှိသော ရဟန်းမျိုးကို ခေါ်သည်။

**ဆောင်။** ။ဥက္ခေမရှိ၊ ပါရာဇိ၊ ကင်းဘိပကတတ်။

---

**● 'ဥပေါသထော ယာဝတိကာ စ'၌ ဥပေါသထအရ**

'ဥပေါသထော ယာဝတိကာစ' ဟူသော ပုဗ္ဗကရဏ အင်္ဂါပြစကားရပ်တွင် ပါဝင်သော ဥပေါသထ အရမှာ-

၁။ စာတုဒ္ဒသီဥပုသ်၊

၂။ ပန္နရသီဥပုသ်၊

၃။ သာမဂ္ဂီဥပုသ်- ဟူသော (၃)ပါးသော ဥပုသ်နေ့တို့ တွင် တနေ့နေ့ကို ယူရသည်။

တီသု ဥပေါသထ ဒိဝသေသု အညတရ ဥပေါသထ ဒိဝသော။ (ကင်္ခါ ၁၀၈-ဟံ)

**ဆောင်။** ။စာ,ပန်,သာမဂ်၊ ဤသုံးချက်၊ ခေါ်တွက် ဥပေါ်အရတည်း။

---

**● ယာဝတိကာစဘိက္ခုကမ္မပ္ပတ္တာ၌ 'ဘိက္ခု'အရ**

ယာဝတိကာစဘိက္ခုကမ္မပ္ပတ္တာ၌ 'ဘိက္ခု' အရမှာ-အယုတ် သဖြင့် သုတ္တုဒ္ဒေသဥပုသ် ပြုလောက်သော လေးယောက်သော ပကတတ်ရဟန်းတို့ကို ယူရသည်။

## ● ယာဝတိကာစ ဘိက္ခုကမ္မပ္ပတ္တာဥ္ 'ကမ္မ'အရ

ယာဝတိကာစ ဘိက္ခုကမ္မပ္ပတ္တာဥ္ 'ကမ္မ' အရမှာ– ဥပေါသထကံကို ယူရသည်။

---

## ● သဘာဂအာပတ်အပြားနှစ်ပါး

'သဘာဂါပတ္တိယောစ နဝိဇ္ဇန္တိ'ဟူသော ပတ္တကလ္လအင်္ဂါ ပြပါဠိရပ်လာ သဘာဂအာပတ်သည်-

၁။ ဝတ္ထုသဘာဂအာပတ်၊

၂။ အာပတ္တိသဘာဂအာပတ်ဟူ၍ (၂)ပါး ရှိသည်။

**ဆောင်။** ။ဝတ္ထု,အာပတ်၊ ဤနှစ်ရပ်၊ မှတ်အပ် သဘာဂ။

---

## ● ဝတ္ထုသဘာဂအာပတ်အဓိပ္ပာယ်

ဝတ္ထုသဘာဂအာပတ် ဟူသည်မှာ– အာပတ်သင့်ခြင်း အကြောင်းဝတ္ထု တူသော အာပတ်မျိုးကို ခေါ်သည်။

**ဆောင်။** ။အာပတ်သင့်မှုကြောင်းဝတ္ထု၊တူမှုခေါ် ဝတ္ထု။

---

## ● အာပတ္တိသဘာဂအာပတ်အဓိပ္ပာယ်

အာပတ္တိသဘာဂ အာပတ် ဟူသည်မှာ-အာပတ်သင့်ခြင်း အကြောင်း ဝတ္ထုမတူ၊ အာပတ်ချင်းသာ တူသောအာပတ်မျိုးကို ခေါ်သည်။

**ဆောင်။** ။အကြောင်းမတူ၊ အာပတ်တူ၊ မှတ်ယူအာပတ္တိ။

## ● ပတ္တကလ္လအင်္ဂါအရာ၌ လိုအပ်သောအာပတ်

ဤပတ္တကလ္လအင်္ဂါကို ပြဆိုရာဖြစ်သော "သဘာဂါပတ္တိယော စ နဝိဇ္ဇန္တိ"ဟူသော ပါဠိရပ်၌ သဘာဂအရ အလိုရှိအပ်သော သဘာဂအာပတ်မှာ-

၁။ ဝတ္ထုသဘာဂအာပတ်၊

၂။ အာပတ္တိသဘာဂအာပတ်ဟူသော သဘာဂအာပတ် (၂)ပါး တို့တွင် ဝတ္ထုသဘာဂ အာပတ် ကိုသာ လိုအပ်ပေသည်၊

ဆောင်။ ။ပတ္တကလ္လ၊သဘာဂ၊ယူရာဝတ္ထုသိ။

---

## ● ဝတ္ထုသဘာဂအာပတ်သင့်လျှင် ပတ္တကလ္လ အင်္ဂါမဖြစ်ပုံ

ဝတ္ထုသဘာဂအာပတ် သင့်လျှင် ပတ္တကလ္လအင်္ဂါ မဖြစ်ပုံမှာ—သဘာဂါပတ္တိယော စ နဝိဇ္ဇန္တိ-ဟူသော ပတ္တကလ္လ အင်္ဂါပြ ပါဠိရပ်၌ သဘာဂအရ ဝတ္ထုသဘာဂအာပတ်ကိုသာ ယူရသဖြင့် ဝတ္ထုသဘာဂအာပတ်သင့်လျှင် ပတ္တကလ္လအင်္ဂါမဖြစ်ချေ။

---

## ● ဝတ္ထုသဘာဂအာပတ်သင့်လျှင်ပတ္တကလ္လအင်္ဂါမဖြစ်ခြင်း အကြောင်း

ဝတ္ထုသဘာဂအာပတ်သင့်လျှင် ပတ္တကလ္လအင်္ဂါမဖြစ်ခြင်း အကြောင်းမှာ-ရဟန်းများအာပတ်သင့်ခြင်းအကြောင်းတူသော ဝတ္ထုသဘာဂ အာပတ် သင့်နေကြလျှင် အချင်းချင်း ဒေသနာ မပြောကြားကောင်း၊ ဒေသနာမပြောကြားဘဲ အာပတ်ကိုယ်စီနှင့်လည်း ဥပုသ်ပြုခွင့်မရှိ၊ ထို့ကြောင့် ဝတ္ထုသဘာဂအာပတ်သင့်လျှင် ပတ္တကလ္လအင်္ဂါမဖြစ်ဟု ဆိုရသည်။

---

## ● ဝတ္တုသဘာဂ အာပတ်ကို ဒေသနာကြားရာ၌ အာပတ်သင့်ပုံ

ဝတ္တုသဘာဂ အာပတ်ဟူသော အကြောင်းဝတ္ထု တူညီသော အာပတ်ကို ဒေသနာကြားရာ၌ အာပတ်သင့်ပုံမှာ-အကြင်ရဟန်းများသည် ဝတ္တုသဘာဂအာပတ်သင့်နေကြ၍အချင်းချင်း ဒေသနာကြားကြလျှင် ၎င်းတို့၏အာပတ်မှ ထမြောက်ကြသော်လည်း ဒေသနာ ပြောသော ရဟန်းမှာ ဒေသနာ ပစ္စယ ဒုက္ကဋ်အာပတ်သင့်၍ ဒေသနာခံရဟန်းမှာ ဒေသနာပဋိဂ္ဂါဟက ပစ္စယ ဒုက္ကဋ်အာပတ် သင့်ပေသည်၊သို့သော် ထပ်မံနောက်ထပ် အချင်းချင်း ဒေသနာတခါ ကြားပြန် ပါလျှင် ၎င်းတို့ သင့်ရောက်နေသော အာပတ်မှာ ဝတ္တုသဘာဂအာပတ်မဟုတ်သဖြင့် အာပတ်မှ ကင်းစင်သွားလေသည်။

တံတံ နာနာဝတ္ထုကံ ဟောတိ၊ တသ္မာ အညမညံ ဒေသေတဗ္ဗံ၊ တွောဝတာ တေဒွေ နိရာပတ္တိကာ ဟောန္တိ။

(ကာခ်ါ ၁၁၅-ဟံ)

---

## ● ဝဇ္ဇနီယပုဂ္ဂိုလ် ၂၁-ယောက် သရုပ်

ဝဇ္ဇနီယပုဂ္ဂိုလ်သည်-

၁။ လူ
၂။ ဘိက္ခုနီမ
၃။ သိက္ခမာန်
၄။ သာမဏေယောကျ်ား
၅။ သာမဏေမိန်းမ
၆။ သိက္ခာချသူ
၇။ ပါရာဇိကကျသူ
၈။ ဥက္ခိတ္တက ပုဂ္ဂိုလ် ၃-ယောက်
၉။ ပဏ္ဍုက်
၁၀။ ထေယျသံဝါသက

| | |
|---|---|
| ၁၁။ တိတ္တိယပက္ကန္တက | ၁၆။ လောဟိတုပ္ပါဒက |
| ၁၂။ တိရိစ္ဆာန် | ၁၇။ သံဃဘေဒက |
| ၁၃။ မာတုဃာတက | ၁၈။ ဘိက္ခုနီဒူသက |
| ၁၄။ ပိတုဃာတက | ၁၉။ ဥဘတောဗျည်း ဟူ၍ |
| ၁၅။ အရဟန္တဃာတက | ၂၀-ယောက် ရှိသည်။ |

ဆောင်။ ။လူ, နို, သိက္ခါ, သာ, နုစ်ဝ၊ သိက္ခာအန္တိမာ။
မစွန့်, မကု၊ မရှုတုံငြား၊ သရုပ်ကြား၊ သုံးပါး ဥက္ခိတ္တာ။
ပဏ်, ထေ, ပက်, ဆန်၊ ပဉ္စာနံ၊ ဒူသံဥဘောပါ။
ကေဗိသ၊ ဝဇ္ဇိယ၊ ထုတ်ပြပါဦမှာ။

---

● ဝဇ္ဇနီယပုဂ္ဂိုလ်များ အာပတ်သင့်ရာ၌ကွဲပြားပုံ

ဝဇ္ဇနီယ ပုဂ္ဂိုလ်များ အတွက် အာပတ်သင့်ရာ၌ ကွဲပြားပုံမှာ- ကံပြုသောအခါ ဝဇ္ဇနီယပုဂ္ဂိုလ် (၂၀) ယောက် တို့တွင် ဥက္ခိတ္တကပုဂ္ဂိုလ် (၃) ယောက် ရှိမှန်းသိလျက် ကံပြုလျှင် ပါစိတ် အာပတ်သင့်သည်။

ဥက္ခိတ္တကပုဂ္ဂိုလ် (၃) ယောက်မှတပါး ကျန်သောပုဂ္ဂိုလ် (၁၇) ယောက် ရှိမှန်းသိလျက် ကံပြုလျှင် ဒုက္ကဋ်အာပတ် သင့်သည်။

ဆောင်။ ။ဥက္ခိတ္တမူ၊ ပါစိတ်ယူ၊ ကျန်သူဒုက္ကဋ်ချည်း။
ဝဇ္ဇနီယ၊ အာပတ်ပြ၊ မှတ်ကြအလွယ်နည်း။

## ● ပဏ္ဍုက်အပြား ၅-ပါး

ပဏ္ဍုက်သည်-

၁။ အာသိတ္တပဏ္ဍုက်၊
၂။ ဥဿူယပဏ္ဍုက်၊
၃။ ဩပက္ကမိကပဏ္ဍုက်၊
၄။ ပက္ခပဏ္ဍုက်၊
၅။ နပုံးပဏ္ဍုက်-ဟူ၍ (၅)ပါးရှိသည်။

ဆောင်။ ။အာ,ဥ,ဩ,ပက်၊ နပုံးဖက်၊ ငါးချက် ပဏ္ဍုက်လာ။

---

## ● အာသိတ္တပဏ္ဍုက်အဓိပ္ပာယ်

အာသိတ္တပဏ္ဍုက် ဟူသည်မှာ-သူတပါး၏ အင်္ဂါဇာတ်ကို စုပ်၍ သုက်ဖြင့်သွန်းမှ ရာဂငြိမ်းသောသူကို ခေါ်သည်။

---

## ● ဥဿူယပဏ္ဍုက်အဓိပ္ပာယ်

ဥဿူယပဏ္ဍုက်ဟူသည်မှာ-သူတပါး မေထုန်မှုပြုသည်ကို ကြည့်ရှု၍ ငြူစူမှ ရာဂငြိမ်းသောသူကိုခေါ်သည်။

---

## ● ပက္ခပဏ္ဍုက်အဓိပ္ပာယ်

ပက္ခပဏ္ဍုက် ဟူသည်မှာ - လဆုတ်ပက္ခ၌ ရာဂပူပန်၍၊ လဆန်းပက္ခ၌ ရာဂငြိမ်းသောသူကို ခေါ်သည်။

---

## ● ဩပက္ကမိကပဏ္ဍုက်အဓိပ္ပာယ်

ဩပက္ကမိကပဏ္ဍုက် ဟူသည်မှာ- ဝှေးစေ့ ထုတ်အပ်သော သူကို ခေါ်သည်။

● နပုံးပဏ္ဏုက်အဓိပ္ပာယ်

နပုံးပဏ္ဍုက် ဟူသည်မှာ- ယောကျ်ားဘာဝ, မိန်းမဘာဝ ကင်းသောသူကို ခေါ်သည်။

---

● ဝဇ္ဇနီယပုဂ္ဂိုလ်ထဲတွင် မပါဝင်သောပဏ္ဍုက်များ

ပဏ္ဍုက် (၅)ယောက် ရှိရာ၌ ဝဇ္ဇနီယ ပုဂ္ဂိုလ်ထဲတွင် မပါဝင်သော ပဏ္ဍုက်များမှာ-

၁။ အာသိတ္တပဏ္ဍုက်

၂။ ဥသူယပဏ္ဍုက်နှင့်

၃။ ရာဂမပူပန်သော လဆန်းပက္ခ၌ တည်သော ပက္ခ ပဏ္ဍုက်၊

ဤပဏ္ဍုက်(၃)ယောက်တို့သည် ဝဇ္ဇနီယထဲတွင် မပါဝင်ကြပေ။

မှတ်ချက်။ ။ရာဂပူပန်သော လဆုတ်ပက္ခ၌ တည်သော ပက္ခ ပဏ္ဍုက် မူလ ဝဇ္ဇနီယ အမည်ရပေသည်။

ဆောင်။ ။အာသိ, ဥသူယ၊ ဆန်းပက္ခ၊ မရ 'ဝဇ္ဇ'မည်။
ရာဂပူကြ၊ ဆုတ်ပက္ခ၊ 'ဝဇ္ဇ' မည်လေသည်။

---

● ဝဇ္ဇနီယထဲတွင် အမြဲတမ်းပါဝင်သော ပဏ္ဍုက်များ

ပဏ္ဍုက် (၅) ယောက်တို့တွင် ဝဇ္ဇနီယထဲတွင် အမြဲ တမ်းပါဝင်သော ပဏ္ဍုက်များကား-

၁။ ဩပက္ကမိကပဏ္ဍုက်

၂။ နပုံးပဏ္ဍုက် ဟူ၍ (၂) ယောက်တည်း။

## ● ပဏ္ဏာကြက်အပြား ၅-ပါး

ပဏ္ဏာကြက်သည်-

၁။ အာသိတ္တပဏ္ဏာကြက်၊
၂။ ဥဿူယပဏ္ဏာကြက်၊
၃။ ဩပက္ကမိကပဏ္ဏာကြက်၊
၄။ ပက္ခပဏ္ဏာကြက်၊
၅။ နပုံးပဏ္ဏာကြက်-ဟူ၍ (၅)ပါးရှိသည်။

**ဆောင်။** ။အာ,ဥ,ဩ,ပက်၊ နပုံးဖက်၊ ငါးချက် ပဏ္ဏာကြက်လာ။

---

## ● အာသိတ္တပဏ္ဏာကြက်အဓိပ္ပာယ်

အာသိတ္တပဏ္ဏာကြက် ဟူသည်မှာ-သူတပါး၏ အင်္ဂါဇာတ်ကို စုပ်၍ သုက်ဖြင့်သွန်းမှ ရာဂငြိမ်းသောသူကို ခေါ်သည်။

---

## ● ဥဿူယပဏ္ဏာကြက်အဓိပ္ပာယ်

ဥဿူယပဏ္ဏာကြက်ဟူသည်မှာ-သူတပါး မေထုန်မှုပြုသည်ကို ကြည့်ရှု၍ ငြူစူမှ ရာဂငြိမ်းသောသူကိုခေါ်သည်။

---

## ● ပက္ခပဏ္ဏာကြက်အဓိပ္ပာယ်

ပက္ခပဏ္ဏာကြက် ဟူသည်မှာ - လဆုတ်ပက္ခ၌ ရာဂပူပန်၍၊ လဆန်းပက္ခ၌ ရာဂငြိမ်းသောသူကို ခေါ်သည်။

---

## ● ဩပက္ကမိကပဏ္ဏာကြက်အဓိပ္ပာယ်

ဩပက္ကမိကပဏ္ဏာကြက် ဟူသည်မှာ- ဝှေးစေ့ ထုတ်အပ်သော သူကို ခေါ်သည်။

● **နပုံးပဏ္ဏုကအဓိပ္ပာယ်**

နပုံးပဏ္ဍုက် ဟူသည်မှာ- ယောကျ်ားဘာဝ, မိန်းမဘာဝ ကင်းသောသူကို ခေါ်သည်။

---

● **ဝဇ္ဇနီယပုဂ္ဂိုလ်ထဲတွင် မပါဝင်သောပဏ္ဍုက်များ**

ပဏ္ဍုက် (၅)ယောက် ရှိရာ၌ ဝဇ္ဇနီယ ပုဂ္ဂိုလ်ထဲတွင် မပါဝင်သော ပဏ္ဍုက်များမှာ-

၁။ အာသိတ္တပဏ္ဍုက်

၂။ ဥဿူယပဏ္ဍုက်နှင့်

၃။ ရာဂမပူပန်သော လဆန်းပက္ခ၌ တည်သော ပက္ခ ပဏ္ဍုက်၊

ဤပဏ္ဍုက်(၃)ယောက်တို့သည် ဝဇ္ဇနီယထဲတွင် မပါဝင်ကြပေ။

မှတ်ချက်။ ။ရာဂပူပန်သော လဆုတ်ပက္ခ၌ တည်သော ပက္ခ ပဏ္ဍုက် မူလ ဝဇ္ဇနီယ အမည်ရပေသည်။

ဆောင်။ ။အာသိ, ဥဿူယ၊ ဆန်းပက္ခ၊ မရ 'ဝဇ္ဇ'မည်။
ရာဂပူကြ၊ ဆုတ်ပက္ခ၊ 'ဝဇ္ဇ' မည်လေသည်။

---

● **ဝဇ္ဇနီယထဲတွင် အမြဲတမ်းပါဝင်သော ပဏ္ဍုက်များ**

ပဏ္ဍုက် (၅) ယောက်တို့တွင် ဝဇ္ဇနီယထဲတွင် အမြဲ တမ်းပါဝင်သော ပဏ္ဍုက်များကား-

၁။ ဩပက္ကမိကပဏ္ဍုက်

၂။ နပုံးပဏ္ဍုက် ဟူ၍ (၂) ယောက်တည်း။

## ● ထေယျသံဝါသက အပြား (၃)ပါး

ထေယျသံဝါသကသည်-

၁။ လိင်္ဂထေနက

၂။ သံဝါသထေနက

၃။ ဥဘယထေနကဟူ၍ (၃)ပါးရှိသည်။

**ဆောင်။** ။လိင်္ဂ, သံဝါသ၊ ဥဘယ၊ သုံးဝ ထေနကာ။

---

## ● လိင်္ဂထေနကအဓိပ္ပာယ်

လိင်္ဂထေနက ဟူသည်မှာ-မိမိကိုယ်တိုင် သင်္ကန်းကိုဝတ်၍ အသွင်ကို ခိုးယူသောသူကိုခေါ်သည်။

---

## ● သံဝါသထေနကအဓိပ္ပာယ်

သံဝါသထေနကဟူသည်မှာ-သာမဏေဖြစ်လျက် ရဟန်းဟု ဝန်ခံပြီးလျှင် ရဟန်းတို့နှင့် အပေါင်း အဖော် ခိုးယူသော သာမဏေကို ခေါ်သည်။

---

## ● ဥဘယထေနကအဓိပ္ပာယ်

ဥဘယထေနကဟူသည်မှာ-အသွင်ကိုလည်းခိုး၊ အပေါင်း အဖော်ကိုလည်း ခိုးယူသောသူကို ခေါ်သည်။

---

## ● ထေနကမဖြစ်သောနည်း

အထက်တွင် မိမိကိုယ်တိုင် သင်္ကန်းကိုဝတ်၍ အသွင်ကို ခိုးယူလျှင် ထေနကဖြစ်ကြောင်းဖော်ပြခဲ့သည်၊ သို့သော် ယင်းသို့

မိမိကိုယ်တိုင်သင်္ကန်းကိုဝတ်၍နေသော်လည်း ထေနကမဖြစ်သော နည်းရှိသည်။

အကြင်ပုဂ္ဂိုလ်သည် ရဟန်းများထံ၌ ရှင်သာမဏေပြုလုပ်ပြီးမှ မေထုန်မှီဝဲရန်ကြံသဖြင့် သင်္ကန်းကိုချွတ်ကာ 'ငါသာမဏေ' ဟူသော အမှတ်ဖြင့် မေထုန်မှီဝဲသည်၊ မေထုန် မှီဝဲပြီးသောအခါ မိမိကိုယ်တိုင် သင်္ကန်းကိုပြန်ဝတ်ကာ သာမဏေဟု ဝန်ခံနေသော်လည်း လိင်္ဂထေနက မဖြစ်ချေ။

အကြောင်းကား-ထိုပုဂ္ဂိုလ်သည် မူလရဟန်းတို့ ပေးလိုက်သော သာမဏေအသွင်ကို မစွန့်သောကြောင့် ဖြစ်သည်၊ မေထုန်မှီဝဲနေသော အချိန်တွင်ပင် သင်္ကန်းကို ချွတ် ခွါ ထား ပါ လျက် 'သာမဏေ' ဟူသော အမှတ် ရှိနေသောကြောင့် ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် အသွင်နှင့်လျော်သော သံဝါသကို သာယာသောကြောင့် သံဝါသထေနကလည်း မဖြစ်ချေ။

---

## ● တိတ္ထိယပက္ကန္တက အဝိပ္ပာယ်

တိတ္ထိယပက္ကန္တက ဟူသည်မှာ - တိတ္ထိအဖြစ်ကို လိုလားတောင့်တ၍ မိမိကိုယ်တိုင် သမန်းမြက် သင်္ကန်း စသော တိတ္ထိအသွင်ကို ယူသောသူသည်ရင်း၊ တိတ္ထိတို့အထံ၌ ရဟန်းပြုသောသူသည်ရင်း၊ အဝတ်မဝတ်ဘဲ အာဇီဝကတို့ထံ သွားရောက်ကာ ၎င်းတို့၏အကျင့်ကို ကျင့်ဆောင်သော သူသည်ရင်း တိတ္ထိယပက္ကန္တက မည်သည်။

ဆောင်။ ။အသွင်တခု၊ ရဟန်းပြု၊ မှတ်ရှုကျင့်သူတည်း။

## သိမ်ပျက်အပြား (၁၁)ပါးသရုပ်

သိမ်ပျက်သည်–

၁။ အလွန်ငယ်သောသိမ်၊
၂။ အလွန်ကြီးသောသိမ်၊
၃။ နိမိတ်ကျိုးသောသိမ်၊
၄။ အရိပ်လျှင် နိမိတ်ရှိသောသိမ်၊
၅။ နိမိတ်မရှိသောသိမ်၊
၆။ သိမ်၏အပဥ္ဇရပ်၍သမုတ်အပ်သောသိမ်၊
၇။ မြစ်၌သမုတ်အပ်သောသိမ်၊
၈။ သမုဒ္ဒရာ၌သမုတ်အပ်သောသိမ်၊
၉။ ဇာတဿရဟုဆိုအပ်သော ထုံးအိုင်၌ သမုတ်အပ်သောသိမ်၊
၁၀။ မိမိတို့၏ သိမ်နှင့် သူတပါးတို့၏ သိမ်ကိုစပ်သဖြင့် သမုတ်အပ်သောသိမ်၊
၁၁။ သူတပါး၏သိမ်ကို လွှမ်းမိုးသဖြင့် သမုတ်အပ်သော သိမ်ဟူ၍ သိမ်ပျက်ပေါင်း (၁၁)လုံးရှိသည်။

---

## အလွန်ငယ်သောသိမ်အဓိပ္ပာယ်

သိမ်ပျက်(၁၁)လုံးတွင်ပါဝင်သောအလွန်ငယ်သောသိမ် ဟူသည်မှာ– ၂၁-ပါးသော သံဃာတို့မထိုင်လောက်သောသိမ် ကိုခေါ်သည်။

တတ္ထ အတိခုဒ္ဒကာနာမ ယတ္ထ ဧကဝီသတိ ဘိက္ခူ နိသီဒိတုံ နသက္ကောန္တိ။ (ကခ်ါ ၁၀၉-ဟံ)

### ● အလွန်ကြီးသေးသိမ်အဓိပ္ပာယ်

သိမ်ပျက်(၁၁)လုံးတွင်ပါဝင်သောအလွန်ကြီးသောသိမ်ဟူသည်မှာ- အယုတ်သဖြင့် ဆံပင်ဖျားမျှဖြစ်သော်လည်း သုံးယူဇနာထက်ပိုလွန်၍ သမုတ်အပ်သောသိမ်ကို အလွန်ကြီးသောသိမ်ဟုခေါ်သည်။

အတိမဟတီနာမ အန္တမသော ယာဝကေသဂ္ဂမတ္တေနာပိ တိယောဇနံ အတိက္ကမိတွာ သမ္မတာ။ (ကင်္ခါ ၁၀၉-ဟံ)

---

### ● သမ္မုတိအပြား (၃)ပါး

သမ္မုတိသည်-

၁။ နိမိတ္တသမ္မုတိ၊

၂။ ပရိသသမ္မုတိ၊

၃။ ကမ္မဝါစာသမ္မုတိ-ဟူ၍ (၃)ပါးရှိသည်။

တိဝိဓ သမ္မုတိယုတ္တာတိ နိမိတ္တ သမ္မုတိယာ, ပရိသသမ္မုတိယာ, ကမ္မဝါစာ သမ္မုတိယာစ။ (ကင်္ခါ ၁၁၀-ဟံ)

---

### ● နိမိတ္တသမ္မုတိ၌ နိမိတ်အပြား

နိမိတ္တသမ္မုတိ၌ နိမိတ်သည်-

၁။ ပဗ္ဗတ - တောင်နိမိတ်၊

၂။ ပါသာဏ - ကျောက်နိမိတ်၊

၃။ ဝန - တောနိမိတ်၊

၄။ ရုက္ခ - သစ်ပင်နိမိတ်၊

၅။ မဂ္ဂ - လမ်းခရီးနိမိတ်၊
၆။ ဝမ္မိက - တောင်ပို့နိမိတ်၊
၇။ နဒီ - မြစ်နိမိတ်၊
၈။ ဥဒက - ရေနိမိတ်အားဖြင့် (၈)ပါးရှိသည်။

**ဆောင်။** ။တောင်,ကျောက်, တော, သစ်၊ လမ်း, တောင်,မြစ်၊ ရှစ်ဖြစ် ရေတထွေ။

---

## ● ပဗ္ဗတနိမိတ်၌ ပဗ္ဗတအပြား

ပဗ္ဗတနိမိတ်၌ ပဗ္ဗတသည်-

၁။ သုဒ္ဓပံသုပဗ္ဗတ၊
၂။ သုဒ္ဓပါသာဏပဗ္ဗတ၊
၃။ ဥဘယမိဿကပဗ္ဗတ - ဟူ၍ (၄)ပါးရှိသည်။

**ဆောင်။** ။ပံသု,ပါသာဏ၊ ဥဘယ၊ သုံးဝပဗ္ဗတာ။
သုဒ္ဓပံသု သုဒ္ဓပါသာဏ ဥဘယမိဿက ဝသေန
တိဝိဓောပိ ပဗ္ဗတော။ (ကာ်ခါ ၁၁၀-ဟံ)

---

## ● နိမိတ်လောက်သော ပဗ္ဗတပမာဏ

ပဗ္ဗတနိမိတ်၌ နိမိတ်လောက်သောပဗ္ဗတ ပမာဏမှာ- ဆင်ပမာဏရှိသော တောင်မှစ၍ ထို့ထက်ကြီးသောတောင်သည်နိမိတ်လောက်၏။ ထိုဆင်ပမာဏအောက် ငယ်သောတောင်ကားနိမိတ်မလောက်ပေ။

ဟတ္ထိပ္ပမာဏတော ပဋ္ဌာယ ဥဒ္ဓံ နိမိတ္တုပဂေါ၊ တတော ဩမကတရော နဝဋ္ဋတိ။ (ကာ်ခါ ၁၀၈-ဟံ)

## ● နိမိတ်လောက်သော ကျောက်တုံး ပါသာဏပမာဏ

ပါသာဏနိမိတ်၌ နိမိတ်လောက်သော ပါသာဏပမာဏမှာ- အလွန်အားဖြင့် ဆင်ပမာဏရှိသော ကျောက်တုံးသည်၎င်း၊ အယုတ်ဆုံးအားဖြင့် တဆယ့်နှစ်ပိုလ် တင်လဲခဲအတိုင်း အရှည်ရှိသော ကျောက်တုံးသည်၎င်း နိမိတ်လောက်သည်၊ ယို့ထက်ငယ်သောကျောက်တုံးမှာမူကား နိမိတ်မလောက်ပေ။

---

## ● ပါသာဏနိမိတ်အတွက် မှတ်သားဘွယ်

ပါသာဏနိမိတ်၌ အထက်တွင် ပြဆိုခဲ့သည်ကား-ကျောက်တုံး- ကျောက်ခဲကို ရည်ရွယ်ပြဆိုခြင်းဖြစ်သည်။ ကျောက်တုံးကျောက်ခဲမဟုတ်သော ကျောက်ဖျာများ၌မူ ဘယ်လောက်ပင်ကြီးစေကာမူ ပါသာဏနိမိတ်လောက်ပေသည်။

ပိဋ္ဌိပါသာဏောပန အတိမဟန္တောပိ ဝဋ္ဋတိ။

(ကခ်ါ ၁၁၀-ဟံ)

---

## ● နိမိတ်လောက်သောဝန

ဝနနိမိတ်၌ နိမိတ်လောက်သောဝနမှာ- အကြင် တောတွင် အနှစ်မရှိသော သစ်ပင်ထက် အနှစ်ရှိသော သစ်ပင်က များနေလျှင် လေးပင်, ငါးပင်မျှရှိသော တောသည်လည်း နိမိတ်လောက်ပေသည်။

**ဥပမာ**- သစ်ပင်ငါးပင်ရှိသော တောတတော၌ အနှစ်ရှိသောသစ်ပင်က (၄)ပင်ရှိ၍ အနှစ်မရှိသောသစ်ပင်က တပင်သာရှိလျှင် ၎င်းတောသည် ဝနနိမိတ်လောက်ပေသည်။

## ● နိမိတ်လောက်သောရုက္ခ

ရုက္ခနိမိတ်၌ နိမိတ်လောက်သော ရုက္ခမှာ- မြေအပြင်၌ အသက်ရှင်လျက် တည်ရှိနေပြီး အနှစ်ရှိသော သစ်ပင်သည် အယုတ်ဆုံး-

၁။ အစောက်အမြင့် လက်ရှစ်သစ် အတိုင်းအရှည်ရှိလျှင်ရင်း၊

၂။ လုံးပတ်အားဖြင့် သီဟိုဠ်ကညစ်ရိုး အတိုင်းအရှည်ရှိလျှင်ရင်း နိမိတ်လောက်၏၊ ထိုအောက်ယုတ်လျှင် နိမိတ်မလောက်ပေ။

ရုက္ခော ဇီဝန္တောယေဝ အန္တောသာရော ဉဒ္ဓမိယံ ပတိဋ္ဌိတော အန္တမသော ဥဗ္ဗေဓတော အဋ္ဌင်္ဂုလော ပရိဏာဟတော သူစိဒဏ္ဍကပ္ပမာဏောပိ နိမိတ္တုပဂေါ၊တတော ဩရကတရော နဝဋ္ဋတိ။ (ကင်္ခါ ၁၁၀-ဟံ)

---

## ● နိမိတ်လောက်သောမဂ္ဂ

မဂ္ဂနိမိတ်၌ နိမိတ်လောက်သော မဂ္ဂမှာ- ခြေကြောင်းခရီးဘဲဖြစ်ဖြစ်၊ လှည်းကြောင်းခရီးဘဲဖြစ်ဖြစ် ထုတ်ချင်းထွင်း၍ဂါမခေတ် ၂-ခု၊ ၃-ခုသို့ရောက်သည့်အတွက် ခြေကုန်သည်၊ လှည်းကုန်သည်တို့ သွားလာရာ လမ်းခရီးအဖြစ် အသုံးပြုလျှင် နိမိတ်လောက်၏၊ အသုံးမပြုလျှင် နိမိတ်မလောက်ပေ။

မဂ္ဂေါ ဇင်္ဃမဂ္ဂေါ ဝါ ဟောတု သကဋမဂ္ဂေါ ဝါ၊ ယော ဝိနိဝဋ္ဋိတွာ ဒွေတိဏိ ဂါမခေတ္တာနိ ဂစ္ဆတိ၊ တာဒိသော ဇင်္ဃသတ္ထ သကဋ သတ္ထေဟိ ဝဠဉ္ဇိယမာနောယေဝ နိမိတ္တုပဂေါ၊အဝဠဉ္ဇိတော နဝဋ္ဋတိ။(ကင်္ခါ ၁၁၁-ဟံ)

## နိမိတ်လောက်သော ဝမ္မိက

ဝမ္မိကနိမိတ်၌ နိမိတ်လောက်သော ဝမ္မိကမှာ- အယုတ်သဖြင့် ထိုနေ့၌ပေါက်သော လက်ရှစ်သစ် အစောက်ရှိသော နွားဦးချိုပမာဏရှိသော တောင်ပို့သည် နိမိတ်လောက်သည်၊ ထိုအောက်ငယ်လျှင် နိမိတ်မလောက်ပေ။

ဝမ္မိကောပန ဇာတမတ္တော ပရိစ္ဆေဒေန တံဒိဝသံဇာတော အဋ္ဌင်္ဂုလုဗ္ဗေဓော ဂေါဝိသာဏမတ္တောပိ ဝမ္မိကောနိမိတ္တုပဂေါ၊တတော ဩမကတရော နဝဋ္ဋတိ။(ကင်္ခါ ၁၁၁-ဟံ)

## နိမိတ်လောက်သော ဥဒက

ဥဒကနိမိတ်၌ နိမိတ်လောက်သော ဥဒကမှာ- အကြင်ရေသည် တွင်း၊ လေးထောင့်ကန်၊ တဘက်ဆည်ကန်၊ ဇာတဿရ အိုင်၊ သမုဒ္ဒရာ အစရှိသည်တို့၌တည်၏၊ ထိုရေကိုအစပြု၍ အယုတ်ဆုံးနိမိတ် ကြားခါနီးမှ လေးပေါ်အင်သော တွင်းငယ်၌ ထည့်လောင်းထားအပ်သော ရေပင် ဖြစ်စေကာမူ ကမ္မဝါစာ ပြီးဆုံးသည်အထိ မခန်းခြောက်ဘဲ တည်ရှိနေပါက နိမိတ်လောက်သည်။

## နိမိတ်မလောက်သော ဥဒက

ဥဒကနိမိတ်၌ နိမိတ်မလောက်သော ဥဒကမှာ-

၁။ စီးနေသောရေ၊

၂။ ကမ္မဝါစာပြီးဆုံးသည်အထိ မခံသောရေ၊

၃။ အိုးခွက်တို့၌ ထည့်ထားသောရေ၊

အထက်ပါရေမျိုးတို့သည် ဥဒကနိမိတ် မလောက်ကြပေ။

ဣတရံ သန္ဒမာနံဝါ ဝုတ္တပရိစ္ဆေဒကာလံ အတိဋ္ဌန္တံဝါ ဘာဇနဂတံဝါ နဝဋ္ဋတိ။ (ကင်္ခါ ၁၁၁-ဟံ)

● **ဗဒ္ဓသိမ် အပြား**

ဗဒ္ဓသိမ်သည်-

၁။ ခဏ္ဍသိမ်၊

၂။ သမာနသံဝါသက သိမ်၊

၃။ အဝိပ္ပဝါသသိမ် ဟူ၍ (၃)ပါးရှိသည်။

ဆောင်။ ။ခဏ်, သမာန၊ အဝိပ္ပ၊ မှတ်ကြ ဗဒ္ဓ တိုပြ။

---

● **အဗဒ္ဓသိမ်အပြား**

အဗဒ္ဓသိမ်သည်-

၁။ ဂါမသိမ်၊

၂။ သတ္တဗ္ဘန္တရသိမ်၊

၃။ ဥဒကုက္ခေပသိမ် ဟူ၍ (၃)ပါးရှိသည်၊

ဆောင်။ ။ဂါမ,သတ္တ၊ ဥဒက၊ မှတ်ကြအဗဒ္ဓ တိုပြ။

---

● **ဂါမသိမ်အဓိပ္ပာယ်**

ဂါမသိမ်ဟူသည်မှာ-တခုသောဂါမခေတ်ကိုခေါ်သည်။ တတ္ထယာဝတာ ကော ဂါမခေတ္တံ၊ အယံ ဂါမသီမာ နာမ။ (ကခ်ါ ၁၁၁-ဟံ)

---

● **သတ္တဗ္ဘန္တရသိမ် အဓိပ္ပာယ်**

သတ္တဗ္ဘန္တရသိမ် ဟူသည်မှာ- ရွာမဟုတ်သော တောအရပ်၌ ပတ်ဝန်းကျင်မှ ခုနစ်အဗ္ဘန္တရကို သတ္တဗ္ဘန္တရသိမ်ဟု ခေါ်သည်။

အဂါမကေ အရညေ သမန္တာ သတ္တဗ္ဘန္တရာ သတ္တဗ္ဘန္တရ သီမာနာမ။ (ကခ်ါ ၁၁၂-ဟံ)

## ဥဒကုက္ခေပသိမ်အဓိပ္ပာယ်

ဥဒကုက္ခေပသိမ်ဟူသည်မှာ-မြစ်သမုဒ္ဒရာ စသည်တို့၌ အား အလယ်အလတ်ရှိသော ယောကျ်ားသည် အားကုန်လွှဲ၍ ပစ်အပ်သော ရေ၏ကျရာ၊ သဲ၏ကျရာ အရပ်ကို ဥဒကုက္ခေပသိမ်ဟု ခေါ်သည်။

---

## သုဏာတုမေဘန္တေ သံဃော၌ သံဃာအပြား

သုဏာတုမေ ဘန္တေ သံဃော၌ သံဃာသည်-

၁။ ဒက္ခိဏေယျသံဃာ၊

၂။ သမ္မုတိသံဃာဟူ၍ (၂) ပါးရှိသည်။

မှတ်ချက်။ ။ဤဉတ်ပါဠိအရာ၌'သံဃာ'အရ သမ္မုတိ သံဃာကိုသာ လိုအပ်သည်။

---

## ကံ၏အစွမ်းဖြင့်ပြားသော သံဃာသချပ်

ကံ၏အစွမ်းဖြင့်ပြားသော သံဃာသည်-

၁။ စတုဝဂ္ဂသံဃာ၊

၂။ ပဉ္စဝဂ္ဂသံဃာ၊

၃။ ဒသဝဂ္ဂသံဃာ၊

၄။ ဝီသတိဝဂ္ဂသံဃာ၊

၅။ အတိရေကဝီသတိဝဂ္ဂသံဃာဟူ၍ (၅)ပါး ရှိသည်။

သောပနေသ ကမ္မဝသေန ပဉ္စဝိဓော ဟောတိ၊ စတုဝဂ္ဂေါ၊ ပဉ္စဝဂ္ဂေါ၊ ဒသဝဂ္ဂေါ၊ ဝီသတိဝဂ္ဂေါ၊ အတိရေကဝီသတိဝဂ္ဂေါတိ။ ။(ကင်္ခါ ၁၀၆-ဟံ)

---

**● စတုဝဂ္ဂသံဃာဖြင့် ပြုလုပ်နိုင်သောကံ**

စတုဝဂ္ဂသံဃာဖြင့် ပြုလုပ်နိုင်သောကံမှာ-

၁။ ဥပသမ္ပဒကံ၊

၂။ ပဝါရဏာကံ၊

၃။ အဗ္ဘာနကံ-ဟူသော ကံ (၃)ပါးကို ချန် ထား၍ အလုံးစုံသော သံဃကံကို ပြုလုပ်နိုင်သည်။

စတုဝဂ္ဂေနထပေတွာ ဥပသမ္ပဒါ ပဝါရဏာ အဗ္ဘာနာနိ သဗ္ဗံ သံဃကမ္မံ ကာတုံဝဋ္ဋတိ။ ။(ကခ်ါ ၁၀၆-ဟံ)

---

**● ပဉ္စဝဂ္ဂသံဃာဖြင့် ပြုလုပ်နိုင်သောကံ**

ပဉ္စဝဂ္ဂသံဃာဖြင့် ပြုလုပ်နိုင်သောကံမှာ- မဇ္ဈိမတိုင်း၌ ဥပသမ္ပဒကံ၊ အဗ္ဘာနကံ နှစ်ပါးကို ချန်ထား၍ အလုံးစုံသော သံဃကံကို ပြုလုပ်နိုင်သည်။

ပဉ္စဝဂ္ဂေနထပေတွာ မဇ္ဈိမေသု ဇနပဒေသု ဥပသမ္ပဒဉ္စ အဗ္ဘာနကမ္မဉ္စ သဗ္ဗံ သံဃကမ္မံ ကာတုံဝဋ္ဋတိ။ (ကခ်ါ ၁၀၆-ဟံ)

---

**● ဒသဝဂ္ဂသံဃာဖြင့် ပြုလုပ်နိုင်သောကံ**

ဒသဝဂ္ဂသံဃာဖြင့် ပြုလုပ်နိုင်သောကံမှာ- အဗ္ဘာန ကံမှ တပါး အလုံးစုံသော သံဃာ ကံကို ပြုလုပ်နိုင်သည်။

ဒသဝဂ္ဂေန အဗ္ဘာနကမ္မမတ္တံ ထပေတွာ သဗ္ဗံ သံဃကမ္မံ ကာတုံဝဋ္ဋတိ။ ။(ကခ်ါ ၁၀၆-ဟံ)

## ဝိသတိဝဂ္ဂသံဃာဖြင့် ပြုလုပ်နိုင်သောကံ

ဝိသတိဝဂ္ဂသံဃာဖြင့် ပြုလုပ်နိုင်သော ကံမှာ- အလုံးစုံသော သံဃကံကို ပြုလုပ်နိုင်သည်။

မှတ်ချက်။ ။အတိရေက ဝိသတိ ဝဂ္ဂ သံဃာ ဖြင့်လည်း ဝိသတိဝဂ္ဂသံဃာအတူ အလုံးစုံသော သံဃကံကို ပြုလုပ်နိုင်သည်။

ဝိသတိ ဝဂ္ဂသံဃေန န ကိဉ္စိ သံဃကမ္မံ ကာတုံ န ဝဋ္ဋတိ၊ တထာ အတိရေက ဝိသတိဝဂ္ဂ သံဃေန။

(ကခ်ါ ၁၀၄-ဟံ)

---

## အတိရေကဝိသတိဝဂ္ဂသံဃာကို ဟောရခြင်း အကြောင်း

ကံ၏အစွမ်းဖြင့်ပြားသော စတုဝဂ္ဂသံဃာစသော ငါးပါးသော သံဃာတို့တွင် အတိရေကဝိသတိဝဂ္ဂ သံဃာကို ဟောတော်မူရခြင်း အကြောင်းမှာ - စတုဝဂ္ဂသံဃာ စသည်တို့ ပြုလုပ်အပ်သော ကံ၌ ပိုင်း ခြား သတ်မှတ် ထား သော သံ ဃာ ဦး ရေ ထက် ယုတ်လျော့နေသော် မအပ်၊ ပိုင်းခြားသတ်မှတ်ထားသော သံဃာ့ ဦးရေထက် ပိုမို များပြားလျှင် မူကား သာ လွန် ကောင်းမြတ်ကြောင်းကို သိစေ လို သ ဖြင့် အတိရေကဝိသတိဝဂ္ဂသံဃာကို ဟောထားရခြင်းဖြစ်သည်။

ဥပမာ- အဗ္ဗာနကံကို သံဃာ (၂၀) ပြည့်မှ ပြုလုပ်ကောင်းသည်။ သံဃာ (၂၀)အောက် ယုတ်လျော့မူကား မပြုလုပ်ကောင်း၊ (၂၀) ထက် ပိုလွန်များ ပြား မူ ကား သာ လွန်ကောင်းမြတ်ကြောင်းကို သိစေလိုသည်အတွက် အတိရေကဝိသတိဝဂ္ဂသံဃာကို ဟောကြားထားသည်ဟု ဆိုလိုပေသည်။

သော ပန စတုဝဂ္ဂါဒိနာ သံဃေန ကတ္တဗ္ဗံ ကမ္မံ ဉတ္တိ ကတရေန ကာတုံ န ဝဋ္ဋတိ၊ အတိရေကေန ပန ဝဋ္ဋတိတိ ဒဿနတ္ထံ ဝုတ္တော။ ။(ကင်္ခါ ၁၀၆-ဟံ)

---

## ● သံဃော ဥပေါသထံကရေယျဥ္ ဥပေါသထအရ ဂဟေတဗ္ဗ၊ဆန္ဒေတဗ္ဗ

သံဃော ဥပေါသထံကရေယျဥ္ ဥပေါသထအရ ဂဟေတဗ္ဗ၊ ဆန္ဒေတဗ္ဗ ခွဲခြားပုံမှာ-

၁။ သံဃဥပုသ်သည် ဂဟေတဗ္ဗ၊

၂။ ဂဏဥပုသ်၊ ပုဂ္ဂလဥပုသ်(၂)ပါးသည် ဆန္ဒေတဗ္ဗ။

---

## ● ပါတိမောက္ခံဥဒ္ဒိသေယျဥ္ ဂဟေတဗ္ဗ၊ ဆန္ဒေတဗ္ဗခွဲပုံ

ပါတိမောက္ခံဥဒ္ဒိသေယျဥ္ ဂဟေတဗ္ဗ၊ ဆန္ဒေတဗ္ဗခွဲပုံမှာ-

၁။ သုတ္တုဒ္ဒေသ ဥပုသ်သည် ဂဟေတဗ္ဗ၊

၂။ ပါရိသုဒ္ဓိဥပုသ်၊ အဓိဋ္ဌာန်ဥပုသ်(၂)ပါးသည် ဆန္ဒေတဗ္ဗ။

---

## ● သုတ္တုဒ္ဒေသဥပုသ်အဓိပ္ပာယ်

သုတ္တုဒ္ဒေသဥပုသ်ဟူသည်မှာ- ပါတိမောက်ပြ၍ ပြုအပ်သော ပါတိမောက္ခုဒ္ဒေသကို သုတ္တုဒ္ဒေသဥပုသ်ဟု ခေါ်သည်။

သုတ္တုဒ္ဒေသော နာမ ပါတိမောက္ခုဒ္ဒေသော ဝုစ္စတိ။
(ကင်္ခါ ၁၁၆-ဟံ)

## ပါတိမောက္ခုဒ္ဒေသအပြား

ပါတိမောက္ခုဒ္ဒေသသည်-

၁။ ဩဝါဒပါတိမောက္ခုဒ္ဒေသ၊

၂။ အာဏာပါတိမောက္ခုဒ္ဒေသ-ဟူ၍ (၂)ပါးရှိသည်။

ဩဝါဒပါတိမောက္ခုဒ္ဒေသော စ၊ အာဏာ ပါတိမောက္ခုဒ္ဒေသော စ။ ။(ကင်္ခါ ၁၁၆-ဟံ)

---

## ဩဝါဒပါတိမောက္ခုဒ္ဒေသအဓိပ္ပာယ်

ဩဝါဒ ပါတိမောက္ခုဒ္ဒေသ-ဟူသည်မှာ- "ခန္တီ ပရမံ တပေါ တိတိက္ခာ၊ သဗ္ဗပါပဿ အကရဏံ၊ အနူပဝါဒေါ အနူပ ဃာတော" စသည်ဖြင့် ဟောကြားတော်မူသော သုံးဂါထာကို ခေါ်သည်။

---

## အာဏာပါတိမောက္ခုဒ္ဒေသအဓိပ္ပာယ်

အာဏာပါတိမောက္ခုဒ္ဒေသ-ဟူသည်မှာ- "သုဏာတုမေ ဘန္တေသံဃော"ဤသို့စသောနည်းဖြင့် ဟောကြားတော်မူခြင်းကို အာဏာပါတိမောက္ခုဒ္ဒေသဟုခေါ်သည်။

သုဏာတု မေ ဘန္တေ သံဃောတိ အာဒိနာ နယေန ဝုတ္တံ အာဏာပါတိမောက္ခံနာမ။ ။(ကင်္ခါ ၁၁၆-ဟံ)

---

## ပါတိမောက္ခုဒ္ဒေသကိုဗုဒ္ဓဝိသယ၊ သာဝကဝိသယခွဲခြားပုံ

ပါတိမောက္ခုဒ္ဒေသကို ဗုဒ္ဓဝိသယ၊ သာဝကဝိသယ ခွဲခြားပုံမှာ-

ဩဝါဒပါတိမောက္ခုဒ္ဒေသသည် ဗုဒ္ဓဝိသယဖြစ်သည်။ အာဏာပါတိမောက္ခုဒ္ဒေသ သည် သာဝကဝိသယ ဖြစ်သည်။

**မှတ်ချက်။** ။ပါတိမောက္ခုဒ္ဒိသေယျပါဠိ၌ပါတိမောက္ခုဒ္ဒေသ အရ အာဏာပါတိမောက္ခုဒ္ဒေသကိုသာ လိုအပ်သည်။

---

## ● ပါရိသုဒ္ဓိဥပုသ်အပြား

ပါရိသုဒ္ဓိဥပုသ်သည်-

၁။ အညေသံ သန္တိကေ အာရောစန ပါရိသုဒ္ဓိဥပုသ်၊

၂။ အညမည အာရောစနပါရိသုဒ္ဓိဥပုသ်-ဟူ၍ (၂)ပါး ရှိသည်။

ပါရိသုဒ္ဓိဥပေါသထော တာဝ အညေသဥ္စသန္တိကေ အညမညဥ္စ အာရောစနဝသေနဒုဝိဓော။ ။(ကင်္ခါ ၁၁၇-ဟံ)

---

## ● အညေသံ သန္တိကေ အာရောစန ပါရိသုဒ္ဓိ ဥပုသ်အပြား

အညေသံ သန္တိကေ အာရောစန ပါရိသုဒ္ဓိဥပုသ်သည်-

၁။ ပဝါရိတာနံ သန္တိကေကရဏ၊

၂။ အပ္ပဝါရိတာနံ သန္တိကေကရဏ-ဟူ၍ (၂)ပါးရှိ သည်။

တတ္ထယွာယံ အညေသံ သန္တိကေ ကရီယတိ၊ သောပိ ပဝါရိတာနဥ္စ အပ္ပဝါရိတာနဥ္စ သန္တိကေ ကရဏ ဝသေန ဒုဝိဓော။ ။(ကင်္ခါ ၁၁၇-ဟံ)

## ● အညမညအာရောစနပါရိသုဒ္ဓိဥပုသ်အပြား

အညမညအာရောစနပါရိသုဒ္ဓိဥပုသ်သည်-

၁။ ဥတ္တိံထပေတွာကရဏ၊

၂။ ဥတ္တိံအထပေတွာကရဏ-ဟူ၍ (၂)ပါးရှိသည်။

ယောပနာယံ အညမညံ အာရောစနဝသေန ကရီယတိ၊ သော ဉတ္တိံထပေတွာစ, အတ္ထပေတွာစ ကရဏဝသေန ဒုဝိဓော ဟောတိ။ ။(ကင်္ခါ ၁၁၇-ဟံ)

---

## ● ပါရိသုဒ္ဓိဥပုသ်ပြုပုံပါဠိ

ပါရိသုဒ္ဓိဥပုသ်ပြုပုံပါဠိကား-

"ပရိသုဒ္ဓေါ အဟံ ဘန္တေ ပရိသုဒ္ဓေါတိ မံ ဓာရေထ" (သီတင်းငယ်ကပြုပုံပါဠိ။)

"ပရိသုဒ္ဓေါ အဟံ အာဝုသော ပရိသုဒ္ဓေါတိ မံ ဓာရေဟိ" (သီတင်းကြီးက ပြုပုံပါဠိ)။

---

## ● အဓိဋ္ဌာန်ဥပုသ်ပြုပုံပါဠိ

အဓိဋ္ဌာန်ဥပုသ်ပြုပုံပါဠိကား-

"အဇ္ဇ မေ ဥပေါသထော စာတုဒ္ဒသောတိ အဓိဋ္ဌာမိ" (စာတုဒ္ဒသီပြုပုံပါဠိ။)

"အဇ္ဇ မေ ဥပေါသထော ပန္နရသောတိ အဓိဋ္ဌာမိ" (ပန္နရသီပြုပုံပါဠိ။)

## ● ဥပုသ်(၉)ပါးသရုပ်

ဥပုသ်သည်-

| | | |
|---|---|---|
| ၁။ စာတုဒ္ဒသီဥပုသ်၊ | | |
| ၂။ ပန္နရသီဥပုသ်၊ | } | ဒိဝသ၏အစွမ်းဖြင့်(၃)ပါး။ |
| ၃။ သာမဂ္ဂီဥပုသ်၊ | | |
| ၄။ သံဃဥပုသ်၊ | | |
| ၅။ ပုဂ္ဂလဥပုသ်၊ | } | ပြုတတ်သော ပုဂ္ဂိုလ်၏ အစွမ်းဖြင့်(၃)ပါး။ |
| ၆။ ဂဏဥပုသ်၊ | | |
| ၇။ သုတ္တုဒ္ဒေသဥပုသ်၊ | | |
| ၈။ ပါရိသုဒ္ဓိဥပုသ်၊ | } | ပြုအပ်သော အခြင်းအရာ အားဖြင့် (၃)ပါး။ |
| ၉။ အဓိဋ္ဌာန်ဥပုသ်၊ | | |

ဤသို့လျှင် ဥပုသ်သည် (၉)ပါးရှိသည်။

---

## ● ကိံသံဃဿပုဗ္ဗကိစ္စံ၌ သံဃအရ၊ ပုဗ္ဗကိစ္စအရ

"ကိံ သံဃဿ ပုဗ္ဗကိစ္စံ"-ဟူသောစကားရပ်တွင် ပါဝင်သော သံဃဿအရ သံဃာ-ဟူသည်မှာ ဥပေါသထ သံဃာကို ယူရသည်။

ပုဗ္ဗကိစ္စံအရ ပုဗ္ဗကိစ္စဟူသည်မှာ- ပုဗ္ဗကရဏ (၄)ပါး၊ ပုဗ္ဗကိစ္စ (၅)ပါး၊ ပေါင်း (၉)ပါးကို ပုဗ္ဗကိစ္စအရယူရသည်။

## ● ထေရ၊ နဝ၊ မဇ္ဈိမအဓိပ္ပာယ်

ထေရ ဟူသည်မှာ - ဆယ်ဝါ ရပြီးသော ရဟန်းမှစ၍ အထက်ကို ထေရဟုခေါ်သည်။

မဇ္ဈိမဟူသည်မှာ- ငါးဝါရသော ရဟန်းမှစ၍ ကိုးဝါရသော ရဟန်းအထိကို မဇ္ဈိမဟုခေါ်သည်။

နဝဟူသည်မှာ- ငါးဝါအောက် တဝါ၊ နှစ်ဝါ၊သုံးဝါ၊ လေးဝါရသော ရဟန်းများကိုခေါ်သည်။

---

## ● သာတ္ထကသမ္ပဇညနှင့် မနသိကာရောမအထူး

သာတ္ထကသမ္ပဇညနှင့် မနသိကာရောမအသူးကား-

သာတ္ထကသမ္ပဇညမဟူသည်မှာ- ပါတိမောက်ရွတ်ပြနေစဉ် စိတ်ကို အာရုံမများရအောင် ထိန်းကျောင်းပြီး ပါတိမောက် ရွတ်သံတခုတည်းကိုသာ စူးစိုက် နားထောင်နေခြင်းကို သာတ္ထက သမ္ပဇညမဟုခေါ်သည်။

မနသိကာရောမဟူသည်မှာ- ပါတိမောက် ရွတ်ပြနေသော အသံကို ကြားနာရုံမျှသာမဟုတ်ဘဲ ကြားနာပြီးသောအခါလဲ ထိုပါတိမောက်အာရုံ စိတ်ထဲမှာ ကောဂ္ဂတာကျပြီး သမာဓိဖြစ် အောင် မနသိကာရောမဟု ခေါ်သည်။

သာတ္ထကံ သမ္ပဇညမာတိ အဋ္ဌိံကတွာ မနသိကရိတွာ
သောတဒ္ဒါရဝသေန သဗ္ဗံ စေတသာ သမန္နာဟရာမ။
မနသိကရောမာတိ ဧကဂ္ဂစိတ္တာ ဟုတွာ ထပေယျာမ။
(ကင်္ခါ ၁၂၃-ဟံ)

## ● အာပတ်သင့်ခြင်းအကြောင်း(၆)ပါး

အာပတ်သင့်ခြင်းအကြောင်းသည်—

၁။ အလဇ္ဇိတာ၊
၂။ အညာဏတာ၊
၃။ ကုက္ကုစ္စပကတတာ၊
၄။ အကပ္ပိယေကပ္ပိယသညိတာ၊
၅။ ကပ္ပိယေအကပ္ပိယသညိတာ၊
၆။ သတိသမ္မောသာ- ဟူ၍ (၆)ပါးရှိသည်။

အာပတ္တိံ ဟိ အာပဇ္ဇန္တော အလဇ္ဇိတာ၊ အညာဏတာ၊ ကုက္ကုစ္စပကတတာ၊ အကပ္ပိယေကပ္ပိယသညိတာ၊ကပ္ပိယေ အကပ္ပိယသညိတာ၊ သတိသမ္မောသာတိ ဣမေဟိ ဆဟိ အာကာရေဟိ အာပဇ္ဇတိ။ ။(ကင်္ခါ ၁၂၄-ဟံ)

---

## ● အာပတ် ၇ ပုံသရုပ်

အာပတ်သည်-

၁။ ပါရာဇိကအာပတ်၊
၂။ သံဃာဒိသိသ်အာပတ်၊
၃။ ပါစိတ်အာပတ်၊
၄။ ထုလ္လစ္စည်းအာပတ်၊
၅။ ဒုက္ကဋ်အာပတ်၊
၆။ ပါဋိဒေသနီအာပတ်၊
၇။ ဒုဗ္ဘာသီအာပတ်ဟူ၍(၇)ပါး ရှိသည်။

## ● အာပတ်(၇)ပုံကို ဂရုက အာပတ်, လဟုက အာပတ်ခွဲခြားပုံ

အာပတ်(၇)ပုံကို ဂရုကအာပတ်,လဟုကအာပတ်ခွဲခြားပုံမှာ-

ပါရာဇိကအာပတ်နှင့် သံဃာဒိသိသ်အာပတ်သည် ဂရုကအာပတ်မည်သည်။ပါစိတ်၊ထုလ္လစ္စည်း၊ဒုက္ကဋ်၊ပါဋိဒေသနီ၊ဒုဗ္ဘာသီ ဟူသောအာပတ်(၅)ပုံသည် လဟုကအာပတ်မည်သည်။

ဆောင်။ ။ပါ,သံနှစ်ပါး၊ဂရုထား၊ကျန်ငါး လဟုချည်း။

---

## ● အလဇ္ဇိတာကြောင့် အာပတ်သင့်ပုံ

အလဇ္ဇိတာစသော အာပတ်သင့်ခြင်းအကြောင်း(၆)ပါးတို့တွင် အလဇ္ဇိတာကြောင့် အာပတ်သင့်ပုံမှာ-

အာပတ်သင့်မည်ကို ရှက်ကြောက်မှု ကင်းမဲ့လျက်သင့်ချင်သင့်ပေစေသဘောမျိုးနှင့် မအပ်စပ်မှန်းကို သိလျက်ကျူးလွန်သူသည် အလဇ္ဇိတာကြောင့် အာပတ် သင့်သည်။

ကထံ အလဇ္ဇိတာယ အာပဇ္ဇတိ၊ အကပ္ပိယဘာဝံ ဇာနန္တောယေဝ မဒ္ဒိတ္ဗာ ဝီတိက္ကမံ ကရောတိ။

(ကင်္ခါ ၁၂၄-ဟံ)

---

## ● အလဇ္ဇီပုဂ္ဂိုလ်အဓိပ္ပာယ်

အလဇ္ဇီပုဂ္ဂိုလ်ဟူသည်မှာ-

၁။ လွန်ကျူးလိုသော စေတနာရှိသည်ဖြစ်၍အာပတ်သို့ရောက်ခြင်း။

၂။ သင့်ရောက်သောအာပတ်ကို လျှို့ဝှက်ထားခြင်း။
၃။ အဂတိလိုက်စားခြင်းဟူသော ဤအင်္ဂါ(၃)ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကိုအလဇ္ဇီပုဂ္ဂိုလ်ဟု ခေါ်သည်။

သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ၊
အာပတ္တိံ ပရိဂူဟတိ။
အဂတိဂမနဥ္စ ဂစ္ဆတိ၊
ဧဒိသော ဝုစ္စတိ အလဇ္ဇီပုဂ္ဂလော။ (ကခ်ါ ၁၂၄-ဟံ)

---

## ● အညာဏတာကြောင့်အာပတ်သင့်ပုံ

အညာဏတာကြောင့် အာပတ် သင့်ပုံမှာ-အကြင်ပုဂ္ဂိုလ်သည် အာပတ်သင့်သော အဖြစ်မှန်း မသိသည့်အတွက် ပြုလုပ်ကျူးလွန်း၏၊ထိုပုဂ္ဂိုလ်သည် အညာဏတာကြောင့် အာပတ်သင့်ပေသည်။

---

## ● ကုက္ကုစ္စပကတတာကြောင့် အာပတ်သင့်ပုံ

ကုက္ကုစ္စပကတတာကြောင့် အာပတ် သင့်ပုံမှာ-အကြင်ရဟန်းတပါးသည် မိမိပြုလုပ်မည့်အမှုကိစ္စတခုခု၌ အပ်၏၊မအပ်၏ဟု မဝေခွဲနိုင်ဘဲ ယုံမှားသံသယ ဖြစ်နေခဲ့လျှင် ထိုရဟန်းသည် ဝိနည်းဓိုရ်ပုဂ္ဂိုလ်ကို မေးမြန်းလျှောက်ထားရမည်၊ ထိုသို့မေးမြန်းလျှောက်ထား၍ ဝိနည်းဓိုရ်ပုဂ္ဂိုလ်က အပ်သည်ဟု ပြောကြားမှ ပြုလုပ်သင့်သည်၊ မအပ်မှုကား မပြုလုပ်သင့်ချေ၊ ထိုသို့ဝိနည်းဓိုရ်ပုဂ္ဂိုလ်ကို မမေးမြန်းမလျှောက်ထားဘဲ အပ်သည်ဟု ထင်မှတ်ကာ မအပ်သော အမှုကိစ္စကို ပြုလုပ်လွန်ကျူးလျှင် ကုက္ကုစ္စပကတတာကြောင့် အာပတ်သင့်သည်။

ကထံ ကုက္ကုစ္စ ပကတတာယ အာပဇ္ဇတိ၊ ကပ္ပိယာ ကပ္ပိယံ
နိဿာယ ကုက္ကုစ္စေ ဥပ္ပန္နေဝိနယဓရံ ပုစ္ဆိတွာ ကပ္ပိယဥ္စေ
ကတ္တဗ္ဗံသိယာ၊ အကပ္ပိယဥ္စေနကတ္တဗ္ဗံ၊ အယံပနဝဋ္ဋတီတိ
မဒ္ဒိတွာ ဝီတိက္ကမတိ ယေဝ၊ ဧဝံ ကုက္ကုစ္စပကတတာယ
အာပဇ္ဇတိ။ (ကခ်ါ ၁၂၄-ဟံ)

---

● အကပ္ပိယေကပ္ပိယသညိတာကြောင့်အာပတ်သင့်ပုံ

အကပ္ပိယေကပ္ပိယသညိတာကြောင့် အာပတ် သင့်ပုံမှာ-
ရဟန်းများမစားကောင်းသောဝံသား၊ကျားသားစသောအသား
ကို စားကောင်းသော ဝက်သားစသည် ထင်မှတ်ကာ စားခြင်း
မျိုး၊ မွန်းလွဲဝိကာလအချိန်ကို နံနက်အချိန်စသည်ဖြင့် ထင်မှတ်
ကာ စားခြင်းမျိုး တို့သည် အကပ္ပိယေ ကပ္ပိယသညိတာကြောင့်
အာပတ်သင့်သည်။

ကထံ အကပ္ပိယေ ကပ္ပိယသညိတာယ အာပဇ္ဇတိ၊အစ္ဆမံသံ
သူကရမံသံတိ ခါဒတိ၊ ကာလေ ဝိကာလသညိတာယ
ဘုဥ္ဇတိ၊ ဧဝံ အကပ္ပိယေ ကပ္ပိယသညိတာယ အာပဇ္ဇတိ။
(ကခ်ါ ၁၂၄-ဟံ)

---

● ကပ္ပိယေအကပ္ပိယသညိတာကြောင့် အာပတ်သင့်ပုံ

ကပ္ပိယေ အကပ္ပိယသညိတာကြောင့် အာပတ် သင့်ပုံမှာ-
ရဟန်းများ စားကောင်းသော ဝက်သား စသည် တို့ကို မစား
ကောင်းသော ဝံသားစသည် ထင်မှတ်ကာ စားခြင်းမျိုး, နံနက်
အချိန်ကို မွန်းလွဲအချိန်ဟု မှတ်ထင်ကာ စားခြင်းမျိုး တို့သည်
ကပ္ပိယေ အကပ္ပိယသညိတာကြောင့် အာပတ်သင့်သည်။

ကထံ ကပ္ပိယေအကပ္ပိယသညိတာဃ အာပတ္တိ၊ သူကရ မံသံ အစ္ဆမံသံတိ ခါဒတိ၊ ကာလေ ဝိကာလသညိတာဃ ဘုဉ္ဇတိ၊ ဝေံ ကပ္ပိယေအကပ္ပိယသညိတာဃ အာပတ္တိ။

(ကခ်ါ ၁၂၄-ဟံ)

---

## သတိသမ္မောသာကြောင့် အာပတ်သင့်ပုံ

သတိသမ္မောသာကြောင့် အာပတ်သင့်ပုံမှာ-သဟာသေယျ စီဝရဝိပ္ပဝါသ အစရှိသည်တို့ကဲ့သို့ အမှတ်တမဲ့ လွန်ကျူးမိလျှင် သတိသမ္မောသာကြောင့် အာပတ်သင့်ပေသည်။

ကထံ သတိသမ္မောသာ အာပတ္တိ၊ သဟာသေယျ စီဝရ ဝိပ္ပဝါသာဒီနိ သတိသမ္မောသာ အာပတ္တိ။

(ကခ်ါ ၁၂၄-ဟံ)

---

## ရဟန်းများ မစားကောင်းသော အကပ္ပိယ အသား ဆယ်မျိုး

ရဟန်းများ မစားကောင်းသောအကပ္ပိယ အသားသည်-

| | |
|---|---|
| ၁။ လူသား | ၆။ ကျားသား |
| ၂။ ခွေးသား | ၇။ ခြသေ့်သား |
| ၃။ မြင်းသား | ၈။ ဝံသား |
| ၄။ ဆင်သား | ၉။ အောင်းသား |
| ၅။ သင်သား | ၁၀။ မြွေသားဟူ၍ |

(၁၀)ပါးရှိသည်။

ဆောင်။ ။လူ့,ခွေး,မြင်း,ဆင်၊သစ်,ကျား,ခြင်၊ဝံလျှင်အောင်း,
မြွေမျိုး၊
ရိုးရေသားသွေး၊ အမွေးတို့ပါ၊ မသုံးရာ၊ ဆယ်ဖြာ
အသားမျိုး။

---

## ● မစားကောင်းသော အကပ္ပိယ အသား ဆယ်မျိုး တွက် အာပတ်ကွဲပြားပုံ

မစားကောင်းသော အကပ္ပိယအသား ဆယ်မျိုးအတွက် အာပတ်ကွဲပြားပုံမှာ-အကပ္ပိယအသားဆယ်မျိုးတို့တွင်လူသားကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ စားလျှင် ထုလ္လစ္စည်း အာပတ်သင့်သည်၊ လူသားမှ ကြွင်းသော အကပ္ပိယ အသားကိုးမျိုးကို စားလျှင် ဒုက္ကဋ်အာပတ်သင့်သည်။

ဆောင်။ ။ထုလ္လစ္စည်းလူ၊ ကြွင်းကိုးမူ၊ မှတ်ယူဒုက္ကဋ်ချည်း။

---

## ● နိဒါန်းလာသမ္ဗာနမုသာဝါဒအတွက် အာပတ်သင့်ပုံ

နိဒါန်းလာသမ္ဗာနမုသာဝါဒအတွက် အာပတ်သင့်ပုံမှာ- "သမ္ဗာန မုသာဝါဒေါ ကိံ ဟောတိ၊ ဒုက္ကဋံဟောတိ" ဟူသော မြတ်စွာဘုရားစကားတော်ဖြင့် ဝစီဒွါရအကိန်ယသမုဋ္ဌာန်ကြောင့် ဒုက္ကဋ်အာပတ်သင့်ရောက်ရသည်။

**နိဒါနုဒ္ဒေသပြီး၏။**

# ပါရာဇိကကဏ္ဍ

●

## ပဌမပါရာဇိက

### ● ယောပနဘိက္ခုနှင့် ဘိက္ခုအပြား

ယောပနဘိက္ခုနှင့် ဘိက္ခုသည်-

၁။ ဟေဘိက္ခူပသမ္ပဒါ၊
၂။ သရဏာဂမနူပသမ္ပဒါ၊
၃။ ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ၊
၄။ အဋ္ဌဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ၊
၅။ ပဉှာဗျာကရဏူပသမ္ပဒါ၊
၆။ ဒူတေနူပသမ္ပဒါ၊
၇။ အဋ္ဌဝါစိကူပသမ္ပဒါ၊
၈။ ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါ- ဟူ၍ (၈)ပါး ရှိသည်။

**ဆောင်။** ။ဟေ၊ သရဏာ၊ ဩဝါဒ၊ ပဉှ၊ အဋ္ဌသာ။
ဒူတေ၊ ဝါစိ၊ ဉတ္တိထည့်၊ ရှစ်ရှိသမ္ပဒါ။

**မှတ်ချက်။** ။ဤရှစ်ပါးသော ဥပသမ္ပဒါတို့တွင် ဤ၌ ဉတ္တိစတုတ္ထ ကမ္မူပသမ္ပဒါကိုသာ လိုအပ်သည်၊ ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်တို့၌မူ ဥပသမ္ပဒါ (၈)မျိုးလုံးကိုပင် လိုအပ်သည်။

## ● ဥပသမ္ပဒကံ ပြီးမြောက်ကြောင်း အင်္ဂါ(၅)ပါး

ဥပသမ္ပဒကံ ပြီးမြောက်ကြောင်းအင်္ဂါသည်-

၁။ ဝတ္ထုသမ္ပတ္တိ၊
၂။ ဉတ္တိသမ္ပတ္တိ၊
၃။ သီမသမ္ပတ္တိ၊
၄။ ကမ္မဝါစာသမ္ပတ္တိ၊
၅။ ပရိသသမ္ပတ္တိ-ဟူ၍ (၅)ပါးရှိသည်။

ဆောင်။ ။ဝတ္ထု, ဉတ်၊ သိမ်ကံထည့်၊ မှတ်ဘိပရိသံ။
ဥပသမ္ပဒံ၊ပြီးမြောက်ရန်၊ အမှန်အင်္ဂါးတန်။

တဿ ပန ကမ္မဿ ဝတ္ထုဉတ္တိ အနုဿာဝန သီမ ပရိသ သမ္ပတ္တိဝသေန အကုပ္ပဘာဝေ ဝေဒိတဗ္ဗော။
(ကင်္ခါ ၁၂၉-ဟံ)

---

## ● ဝတ္ထုသမ္ပတ္တိဖြစ်ပုံ

ဝတ္ထုသမ္ပတ္တိဖြစ်ပုံမှာ-

၁။ ဝတ္ထုဟူသောရဟန်းလောင်း၏ အသက်(၂၀)ပြည့်ခြင်း၊
၂။ ပါရာဇိကကျပြီးသော ပုဂ္ဂိုလ်မဟုတ်ခြင်း၊
၃။ ပဏ္ဍုက်စသော အဘဗ္ဗပုဂ္ဂိုလ်(၁၁)ယောက်မဟုတ်ခြင်း၊ဤဆိုခဲ့ပြီးသော အင်္ဂါ(၃)ပါးနှင့် ပြည့်စုံလျှင် ဝတ္ထုသမ္ပတ္တိဖြစ်ပေသည်။

---

## ● ဥတ္တိဒေါသ (၅)ပါးသရုပ်

ဥတ္တိဒေါသသည်-

၁။ ဝတ္ထုအပရာမသန၊
၂။ သံဃအပရာမသန၊
၃။ ပုဂ္ဂလအပရာမသန၊
၄။ ဥတ္တံအပရာမသန၊
၅။ ပစ္စာဥတ္တိထပနအားဖြင့် (၅)ပါးရှိသည်။

**ဆောင်။** ။နတ်, သံ, ပုဂ်, ဥတ်၊ ပစ္စာထပ်၊ ၅-ရပ် ဥတ်ဒေါသ။

ဝတ္ထု, သံဃ, ပုဂ္ဂလ,ဥတ္တိနံ အပရာမသနာနိ ပစ္စာ ဥတ္တိ ထပနဉ္စာတိ ဣမေ တာဝ ပဉ္စ ဥတ္တိဒေါသာ။

(ကခ်ါ ၁၃၁-ဟံ)

---

## ● ဝတ္ထုအပရာမသနအဓိပ္ပာယ်

ဝတ္ထုအပရာမသနဟူသည်မှာ-

ဤသူသည် ဤမည်သော နာမည်ရှိ၏ဟု ရဟန်းလောင်း နာမည်ကို မကြားခြင်းကို ဝတ္ထုအပရာမသနဟုခေါ်သည်။

---

## ● သံဃအပရာမသနအဓိပ္ပာယ်

သံဃအပရာမသနဟူသည်မှာ-

"သုဏာတု မေ ဘန္တေ သံဃော"ဟူသောပါဌ်၌ သုဏာတု မေ ဘန္တေလောက်ကိုသာဆို၍"သံဃော"ကို မရွတ်ဆိုခြင်းကို သံဃအပရာမသနဟု ခေါ်သည်။

● ပုဂ္ဂလအပရာမသနအဓိပ္ပာယ်

ပုဂ္ဂလအပရာမသနဟူသည်မှာ-

“ဣတ္ထန္နာမဿ ဥပသမ္ပဒါပေက္ခော” ဟူ၍ ဥပဇ္ဈာယ်ကို မကြားခြင်းကို ပုဂ္ဂလအပရာမသနဟု ခေါ်သည်။

---

● ဉတ္တိအပရာမသနအဓိပ္ပာယ်

ဉတ္တိ အပရာမသနဟူသည်မှာ-

အချင်းခပ်သိမ်း ဉတ်ကိုမရွတ်ဆိုခြင်းကို ဉတ္တိအပရာမသနဟုခေါ်သည်။

---

● ပစ္ဆာဉတ္တိထပနအဓိပ္ပာယ်

ပစ္ဆာဉတ္တိထပနဟူသည်မှာ-

ရှေးဦးစွာ ကမ္မဝါစာကိုဆုံးစေပြီးနောက် “သောဉတ္တိ” ဟု ဆိုပြီးမှ “ခမတိ သံဃဿ” ဟု ဉတ်ကို ကြားခြင်းကို ပစ္ဆာဉတ္တိထပနဟုခေါ်သည်။

---

● ဉတ္တိသမ္ပတ္တိဖြစ်ပုံ

ဉတ္တိသမ္ပတ္တိဖြစ်ပုံမှာ-

ဉတ္တိဒေါသငါးပါးမှ ကင်းလွတ်သော ဉတ်နှင့် ပြည့်စုံခြင်းသည် ဉတ္တိသမ္ပတ္တိမည်သည်။

ဉတ္တိဒေါသေဟိ ဝိမုတ္တာယ ဉတ္တိယာ သမ္ပန္နံ ဉတ္တိသမ္ပတ္တိဝသေန အကုပ္ပံ ဟောတိ။

(ကင်္ခါ ၁၃၁ ဟံ)

## ● အနုဿာ၀နဒေါသ (၅)ပါး

အနုဿာ၀နဒေါသသည်-

၁။ ၀တ္ထုအပရာမသန၊
၂။ သံဃအပရာမသန၊
၃။ ပုဂ္ဂလအပရာမသန၊
၄။ သာ၀နာ၀ယဟာပန၊
၅။ အကာလေသာ၀န-ဟူ၍ (၅)ပါးရှိသည်။

ဆောင်။ ။၀တ္ထု, သံဃ၊ ပုဂ္ဂလ၊ သာ၀, အကာလာ၊
အနုဿာ၀န၊ဒေါသပြ၊မှတ်ကြငါးပါးသာ။

အနုဿာ၀န ၀သေန အကုပ္ပတာ၀ယပိ ၀တ္ထု သံဃ ပုဂ္ဂလာနံ အပရာမသနာနိ၊ သာ၀နာ၀ယ ဟာပနံ, အကာလေ သာ၀နန္တိ ဣမေပဉ္စ အနုဿာ၀နဒေါသာ။

(ကခ်ါ ၁၃၁-ဟံ)

---

## ● အနုဿာ၀နသမ္ပတ္တိ ဖြစ်ပုံ

အနုဿာ၀နသမ္ပတ္တိဖြစ်ပုံမှာ-

၀တ္ထုအပရာမသနစသော အနုဿာ၀န ဒေါသ(၅)ပါးမှ လွတ်သော အနုဿာ၀နနှင့်ပြည့်စုံခြင်းသည် အနုဿာ၀နသမ္ပတ္တိ မည်သည်။

ဣတိဣမေဟိ ဒေါသေဟိ ၀ိမုတ္တာ၀ယ အနုဿာ၀နာ၀ယ သမ္ပန္နံ အနုဿ၀န သမ္ပတ္တိ၀သေန အကုပ္ပံ ဟောတိ။

(ကခ်ါ ၁၃၂-ဟံ)

မှတ်ချက်။ ။အနုဿာ၀နဟူသည်မှာ ကမ္မ၀ါစာကိုခေါ်သည်။

● **ပရိသဒေါသအပြား (၃)ပါး**

ပရိသဒေါသသည်-

၁။ ကမ္မပတ္တာနာဂမန၊
၂။ ဆန္ဒာနာဟရဏ၊
၃။ သမ္မုခီဘူတပဋိက္ကောသန-ဟူ၍ (၃)ပါးရှိသည်။

ယာဝတိကာစ ဘိက္ခူ ကမ္မပ္ပတ္တာ၊ တေသံ အနာဂမနံ၊ ဆန္ဒာရဟာနံ ဆန္ဒဿ အနာဟရဏံ၊ သမ္မုခီဘူတာနံ ပဋိက္ကောသနန္တိ ဣမေတယော ပရိသာဒေါသာ။ (ကခ်ါ ၁၃၂-ဟံ)

---

● **ပရိသသမ္ပတ္တိဖြစ်ပုံ**

ပရိသသမ္ပတ္တိဖြစ်ပုံမှာ-

ကမ္မပ္ပတ္တာနာဂမန စသော ပရိသဒေါသ (၃)ပါးမှလွတ်သော ပရိသတ်နှင့် ပြည့်စုံခြင်းသည် ပရိသသမ္ပတ္တိမည်သည်။

တေဟိ ဝိမုတ္တာယ ပရိသာယ ကတံ ပရိသာသမ္ပတ္တိဝသေန အကုပ္ပံ ဟောတိ။ (ကခ်ါ ၁၃၂-ဟံ)

---

● **သိက္ခာနှင့်သာဇီဝအထူး**

သိက္ခာနှင့် သာဇီဝအထူးကား-

သိက္ခာဟူသည်မှာ- ပါတိမောက္ခ သံဝရ သီလတည်းဟူသော အဓိသီလသိက္ခာကို သိက္ခာဟုခေါ်သည်။

သာဇီဝဟူသည်မှာ- ပညတ်တော်မူအပ်သော သိက္ခာပုဒ်အပေါင်းကို သာဇီဝဟုခေါ်သည်။ ဤသို့ သိက္ခာနှင့်သာဇီဝတို့ ထူးခြားကြသည်။

## ● သိက္ခာချခြင်း အင်္ဂါ(၆)ပါးသရုပ်

သိက္ခာချခြင်းအင်္ဂါသည်-

၁။ လူထွက်လိုသောစိတ်ရှိခြင်း၊
၂။ ဗုဒ္ဓံပစ္စက္ခာမိစသောဆောင်ပုဒ်ဖြစ်ခြင်း၊
၃။ ပစ္စုပ္ပန်ကာလနှင့် အနာမဋ္ဌကာလဖြစ်ခြင်း၊
၄။ ဝါစသိကပယောဂဖြစ်ခြင်း၊
၅။ သိက္ခာချသောပုဂ္ဂိုလ်သိနားလည်ခြင်း၊
၆။ သိက္ခာချရာဖြစ်သောပုဂ္ဂိုလ် သိနားလည်ခြင်း ဟူ၍ (၆)ပါးရှိသည်။

**ဆောင်။** ။စိတ်၊ ခေတ်၊ ကာလ၊ ပယောဂ၊ ဇာနပုဂ္ဂလာ၊
သိက္ခာချရန်၊ ဆင်္ဂ၊ အမှန်လိုအပ်စွာ။

---

## ● သိက္ခာချရန်ခေတ်ပုဒ်များ

သိက္ခာချရန်ခေတ်ပုဒ်သည်-

၁။ ဗုဒ္ဓံ ပစ္စက္ခာမိ၊
၂။ ဓမ္မံ ပစ္စက္ခာမိ၊
၃။ သံဃံ ပစ္စက္ခာမိ၊
၄။ သိက္ခံ ပစ္စက္ခာမိ၊
၅။ ဝိနယံ ပစ္စက္ခာမိ၊
၆။ ပါတိမောက္ခံ ပစ္စက္ခာမိ၊
၇။ ဥဒ္ဒေသံ ပစ္စက္ခာမိ၊
၈။ အာစရိယံ ပစ္စက္ခာမိ၊

၉။ ဥပဇ္ဈာယံ ပစ္စက္ခာမိ၊

၁၀။ သဒ္ဓိဝိဟာရိကံ ပစ္စက္ခာမိ၊

၁၁။ အန္တေဝါသိကံ ပစ္စက္ခာမိ၊

၁၂။ သမာနုပဇ္ဈာယကံ ပစ္စက္ခာမိ၊

၁၃။ သမာနာစရိယကံ ပစ္စက္ခာမိ၊

၁၄။ သဗြဟ္မစရိယံပစ္စက္ခာမိ-ဟူသော ဗုဒ္ဓစသော ၁၄-ပုဒ်။

၁၅။ ဂိဟီတိ မံ ဓာရေဟိ၊

၁၆။ ဥပါသကောတိ မံ ဓာရေဟိ၊

၁၇။ အာရာမိကောတိ မံ ဓာရေဟိ၊

၁၈။ သာမဏေရောတိ မံ ဓာရေဟိ၊

၁၉။ တိတ္ထိယောတိ မံ ဓာရေဟိ၊

၂၀။ တိတ္ထိယသာဝကောတိ မံ ဓာရေဟိ၊

၂၁။ အသမဏောတိ မံ ဓာရေဟိ၊

၂၂။ အသကျပုတ္တိယောတိ မံ ဓာရေဟိ- ဟူသော ဂိဟီစသော ၈-ပုဒ်၊ စုစုပေါင်း သိက္ခာချရန် ခေတ်ပုဒ် ၂၂-ပုဒ်ရှိသည်။

---

## ● ပထမပါရာဇိက သိက္ခာပုဒ်၌ အနုပညတ်ပြပါဠိ

ပထမပါရာဇိကသိက္ခာပုဒ်၌ အနုပညတ်ပြပါဠိကား-

၁။ သိက္ခံအပစ္စက္ခာယ၊

၂။ အန္တမသော တိရစ္ဆာနဂတာယပိ-တို့ ဖြစ်ကြသည်၊

● သံဝါသအပြား(၃)ပါး

သံဝါသသည်-

၁။ ကောကမ္မ၊

၂။ ကေုဒ္ဒေသ၊

၃။ သမသိက္ခတာ-ဟူ၍ (၃)ပါးရှိသည်။

အသံဝါသောတိ ပကတတ္တာ ဘိက္ခုသဟဝသန္တိ ထွောတိ ကောကမ္မာဒိကောဝ တိဝိဓောပိ သံဝါသောနာမ။

(ကဒ်ါ ၁၃၅-ဟံ)

---

● မင်္ဂ(၃၀)သရုပ်

မဂ်သည်-

လူမိန်းမ၊ နတ်မိန်းမ၊ တိရိစ္ဆာန်မိန်းမတို့၌ တယောက် တယောက်လျှင် (၃)မဂ်စီရှိ၍ (၉)မဂ်။

လူဥဘတောဗျည်း၊ နတ်ဥဘတောဗျည်း၊ တိရိစ္ဆာန် ဥဘတောဗျည်းတို့၌ တယောက်တယောက်လျှင် (၃)မဂ်စီရှိကြ၍ (၉)မဂ်။

လူယောကျ်ား၊ နတ်ယောကျ်ား၊ တိရိစ္ဆာန်ယောကျ်ား တို့၌ တယောက်တယောက်လျှင် (၂)မဂ်စီရှိကြ၍ (၆)မဂ်။

လူပဏ္ဍုက်၊ နတ်ပဏ္ဍုက်၊တိရိစ္ဆာန်ပဏ္ဍုက်တို့၌တယောက် တယောက်လျှင် (၂)မဂ်စီရှိကြ၍ (၆)မဂ်အားဖြင့် မဂ်ပေါင်း (၃၀)ဖြစ်သည်။

### မာတိကာဂါထာများ

၁။ နိဒါနံ, ပုဂ္ဂလံ, ဝတ္ထုံ၊ ပညတ္တိဝိဓိမေဝစ။
အာဏတ္တာပတ္တိနာပတ္တိ၊ ဝိပတ္တိအင်္ဂမေဝစ။
၂။ သမုဋ္ဌာနဝိဓိကြိယာ၊ သညာစိတ္တေဟိနာနတ္တံ။
ဝဇ္ဇကမ္မပ္ပဘေဒဥ္စ၊ တိကဒွယဝိဓိံ တထာ။
(ကင်္ခါ ၁၃၆-ဟံ)

မှတ်ချက်။ ။အထက်ပါ မာတိကာဂါထာကား အလုံးစုံသော သိက္ခာပုဒ်တို့နှင့် ဆက်ဆံသော မာတိကာဂါထာ ဖြစ်သည်၊ယင်းမာတိကာလာခက်ခဲသောအဓိပ္ပာယ် များကိုသာ သိသာရုံ ရေးသားမည် ဖြစ်ပါသည်။

---

### နိဒါန်းအဓိပ္ပာယ်

နိဒါန်းဟူသည်မှာ– သိက္ခာပုဒ်ပညတ်ရာအရပ်ကို နိဒါန်း ဟုခေါ်သည်။

---

### သိက္ခာပုဒ်ပညတ်ရာအရပ်နိဒါန်းများ

သိက္ခာပုဒ်ကို ပညတ်ရာအရပ်နိဒါန်းသည်–

၁။ ဝေသာလီပြည်၊
၂။ ရာဇဂြိုဟ်ပြည်၊
၃။ သာဝတ္ထိပြည်၊
၄။ အာဠဝီပြည်၊
၅။ ကောသမ္ဗီပြည်၊
၆။ သက္ကတိုင်း၊
၇။ ဘဂ္ဂတိုင်း-ဟူ၍ (၇)ဌာနရှိသည်။

တတ္တနိဒ္ဒါနံနာမ ဝေသာလိ,ရာဇဂဟ,သာဝတ္ထိ, အာဠဝိ, ကောသမ္ဗိ, သက္က, ဘဂ္ဂါနံဝသေန သတ္တဝိဓံ ပညတ္တိဋ္ဌာနံ။
(ကခ်ါ ၁၃၆-ဟံ)

ဆောင်။ ။ဝေသာ, ရာဇာ၊ သာ, အာဠ၊ သက္ကာ, ကောသမ္ဗီ။
ဘဂ္ဂပါထည့်၊ သတ္တရှိ၊ မှတ်သိနိဒါန်းမည်။

---

## ● ပုဂ္ဂိုလ်အဓိပ္ပာယ်

ပုဂ္ဂိုလ်ဟူသည်မှာ- အကြင် အကြင်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ သိက္ခာပုဒ်ကိုပညတ်၏၊ ထိုထိုပုဂ္ဂိုလ်ကိုပုဂ္ဂိုလ်ဟုခေါ်သည်။

ပုဂ္ဂလောနာမ ယံယံ အာရဗ္ဘ တံတံ သိက္ခာပဒံ ပညတ္တံ။
(ကခ်ါ ၁၃၇-ဟံ)

---

## ● ဝတ္ထုအဓိပ္ပာယ်

ဝတ္ထုဟူသည်မှာ- သိက္ခာပုဒ်ကိုပညတ်ခြင်း၏အကြောင်းဖြစ်သော ထိုထိုသောပုဂ္ဂိုလ်၏လွန်ကျူးမှုကိုဝတ္ထုဟုခေါ်သည်။

ဝတ္ထုနာမ တဿ တဿ ပုဂ္ဂလဿ အဇ္ဈာစာရောဝုစ္စတိ။
(ကခ်ါ ၁၃၆-ဟံ)

---

## ● ပညတ္တိဝိဓိ၌ ပညတ်အပြား(၉)ပါး

ပညတ်သည်-

၁။ မူလပညတ်၊

၂။ အနုပညတ်၊

၃။ အနုပ္ပန္နပညတ်၊

၄။ သဗ္ဗတ္ထပညတ်၊
၅။ ပဒေသပညတ်၊
၆။ သာဓာရဏပညတ်၊
၇။ အသာဓာရဏပညတ်၊
၈။ ဧကတောပညတ်၊
၉။ ဥဘတောပညတ်-ဟူ၍ (၉)ပါးရှိသည်။

ပညတ္တိ ဝိဓိန္တိ ပညတ္တိ, အနုပညတ္တိ, အနုပ္ပန္နပညတ္တိ,သဗ္ဗတ္ထ ပညတ္တိ, ပဒေသပညတ္တိ, သာဓာရဏပညတ္တိ, အသာ ဓာရဏပညတ္တိ,ဧကတောပညတ္တိ,ဥဘတောပညတ္တိဝသေန နဝဝိဓာ ပညတ္တိ။ ။(ကင်္ခါ ၁၃၆-ဟံ)

ဆောင်။ ။မူလ, အနု၊ နုပ္ပန်ရှု၊ တခုသဗ္ဗတ္ထာ။
ဒေသ, သာဓာ၊ အသာဓာ၊ မှတ်ပါဧ,ဥဘာ။

---

## ● မူလပညတ်၊ အနုပညတ်အထူး

မူလပညတ်နှင့် အနုပညတ်အထူးကား-

မူလပညတ်ဟူသည်မှာ- ရှေးဦးအစ ပညတ်ခြင်းကို မူလ ပညတ်ဟုခေါ်သည်။

အနုပညတ် ဟူသည်မှာ- အကြောင်း အား လျော်စွာ နောက်ထပ်တဖန် ပညတ်ခြင်းကို အနုပညတ်ဟု ခေါ်သည်။ ဤသို့ထူးခြားကြသည်။

ဆောင်။ ။ရှေးဦးပညတ်၊ မူလမှတ်၊ နောက်ထပ်အနုဆို။

## ● အနုပ္ပန္နပညတ်အဓိပ္ပာယ်

အနုပ္ပန္နပညတ် ဟူသည်မှာ - အကြောင်းဝတ္ထု အပြစ် ဒေါသ တစုံတရာ မပေါ်ပေါက်မီ ကြိုတင် ပညတ်သော ပညတ်မျိုးကို အနုပ္ပန္နပညတ်ဟု ခေါ်သည်။

အနုပ္ပန္နပညတ္တိနာမ အနုပ္ပန္နေဒေါသေ ပညတ္တာ။
(ကင်္ခါ ၁၃၆-ဟံ)

မှတ်ချက်။ ။ဤအနုပ္ပန္နပညတ်ကား ဂရုဓမ်ရှစ်ပါးကို ဝန်ခံခြင်း၏ အစွမ်းဖြင့် ဘိက္ခုနီတို့အားသာလျှင် လာသည်။ ဘိက္ခုတို့မှာ မရှိချေ။

---

## ● ပဒေသပညတ်အပြား (၄)ပါး

ပဒေသပညတ်သည်-

၁။ ဝိနည်းဓိုရ်လျှင်(၅)ယောက်မြောက်သော ဂိုဏ်းဖြင့် ရဟန်းခံနိုင်ခြင်း၊

၂။ အထပ်အလွှာများသောဘိနပ်ကို စီးနိုင်ခြင်း၊

၃။ အမြဲရေချိုးနိုင်ခြင်း၊

၄။ သားရေအခင်းကို အသုံးပြုနိုင်ခြင်းဟူ၍ (၄)ပါး ရှိသည်။

ဝိနယဓရ ပဉ္စမေန ဂဏေန ဥပသမ္ပဒါ၊ ဂဏင်္ဂုဏူပါဟနာ၊ ဓုဝန္ဟာနံ၊ စမ္မတ္ထရဏန္တိ ဧဝေသံ ဝသေန စတုဗ္ဗိဓော ပဒေသပညတ္တိနာမ။ ။(ကင်္ခါ ၁၃၆-ဟံ)

-ခဆောင်။ ။ရဟန်း၊ ဘိနပ်၊ ရေချိုးအပ်၊ တရပ် သားရေခင်း။ ပဒေသခေါ်၊ ပညတ်နော်၊ မှတ်သော် ဤ(၄)ခင်း။

## ဝိပတ္တိအပြား(၄)ပါး

ဝိပတ္တိသည်-
၁။ သီလဝိပတ္တိ၊
၂။ အာစာရဝိပတ္တိ၊
၃။ ဒိဋ္ဌိဝိပတ္တိ၊
၄။ အာဇီဝ ဝိပတ္တိဟူ၍(၄)ပါးရှိသည်။

ဝိပတ္တီတိ သီလ, အာစာရ, ဒိဋ္ဌိ, အာဇီဝ ဝိပတ္တီနံ အညတရာ။ (ကင်္ခါ ၁၃၇-ဟံ)

**ဆောင်။** ။သီလ, အာစာ၊ ဒိဋ္ဌိလာ၊ တဖြာ အာဇီဝ၊ ဝိပတ္တိအပြား၊ ဤ (၄) ပါး၊ မှတ်သား သောတုန်။

---

## သမုဋ္ဌာနဝိဓိ၌ သမုဋ္ဌာန်အပြား(၆)ပါး

သမုဋ္ဌာန်သည်-
၁။ ကာယသမုဋ္ဌာန်၊
၂။ ဝါစာသမုဋ္ဌာန်၊
၃။ ကာယဝါစာ သမုဋ္ဌာန်၊
၄။ ကာယစိတ္တသမုဋ္ဌာန်၊
၅။ ဝါစာစိတ္တသမုဋ္ဌာန်၊
၆။ ကာယဝါစာစိတ္တသမုဋ္ဌာန် ဟူ၍ (၆)ပါး ရှိသည်။

**ဆောင်။** ။ကာ,ဝါ, ကာဝါ၊ ကာစိ,ဝါစိ၊ ကာဝါစိ၊ မှတ်သိ သမုဋ္ဌာန်ခြောက်။

## ❶ ကိရိယ၏အစွမ်းဖြင့်ပြားသော အာပတ်သရုပ်

ကိရိယ၏အစွမ်းဖြင့် ပြားသော အာပတ်သည်-

၁။ ကိရိယသမုဋ္ဌာန် အာပတ်၊

၂။ အကိရိယသမုဋ္ဌာန် အာပတ်၊

၃။ ကိရိယာ ကိရိယသမုဋ္ဌာန် အာပတ်၊

၄။ သိယာကိရိယ, သိယာအကိရိယ သမုဋ္ဌာန် အာပတ်၊

၅။ သိယာကိရိယ, သိယာကိရိယာ ကိရိယ သမုဋ္ဌာန် အာပတ်ဟူ၍ (၅)ပါးရှိသည်။

---

## ❷ သညာ၏အစွမ်းဖြင့်ပြားသော အာပတ်သရုပ်

သညာ၏အစွမ်းဖြင့်ပြားသောအာပတ်သည်-

၁။ သညာဝိမောက္ခ၊

၂။ နောသညာဝိမောက္ခဟူ၍ (၂)ပါးရှိသည်။

သဗ္ဗာပတ္တိယော စ သညာဝသေန ဒုဝိဓာဟောန္တိ သညာဝိမောက္ခာ, နောသညာ ဝိမောက္ခာတိ။

(ကင်္ခါ ၁၃၉-ဟံ)

---

## ❸ သညာဝိမောက္ခ၊ နောသညာဝိမောက္ခအထူး

သညာဝိမောက္ခဟူသည်မှာ- လွန်ကျူး လိုသော သညာ မရှိလျှင် လွန်ကျူးမိသော်လည်း အာပတ်မှလွတ်နိုင်သောအာပတ် မျိုးကို သညာဝိမောက္ခဟုခေါ်သည်။

နောသညာဝိမောက္ခ ဟူသည်မှာ - လွန်ကျူးလိုသော သညာမရှိသော်လည်း လွန်ကျူးမိက အာပတ်မှ မလွတ်နိုင်သော အာပတ်မျိုးကို နောသညာ ဝိမောက္ခ ဟု ခေါ်သည်။ ဤသို့ ဆိုခြားကြသည်။

တတ္ထ ယတော ဝီတိက္ကမသညာယ အဘာဝေန မုစ္စတိ၊
အယံသညာဝိမောက္ခာ၊ ဣတရာ နောသညာဝိမောက္ခာ။
(ကင်္ခါ ၁၃၉-ဟံ)

---

- **စိတ်၏အစွမ်းဖြင့်ပြားသော အာပတ်သရုပ်**

စိတ်၏အစွမ်းဖြင့်ပြားသော အာပတ်သည်-
၁။ သစိတ္တက အာပတ်၊
၂။ အစိတ္တကအာပတ်ဟူ၍ (၂)ပါးရှိသည်။
ပုနစ သဗ္ဗာပိ စိတ္တဝသေန ဒုဝိဓာ ဟောန္တိ သစိတ္တကာ, အစိတ္တကာစာတိ။ ။(ကင်္ခါ ၁၃၉-ဟံ)

---

- **ဝဇ္ဇ၏အစွမ်းဖြင့်ပြားသော အာပတ်သရုပ်**

ဝဇ္ဇ၏အစွမ်းဖြင့်ပြားသော အာပတ်သည်-
၁။ လောကဝဇ္ဇအာပတ်၊
၂။ ပဏ္ဏတ္တိဝဇ္ဇအာပတ်ဟူ၍ (၂)ပါးရှိသည်။

---

- **လောကဝဇ္ဇအာပတ် အဓိပ္ပာယ်**

လောကဝဇ္ဇအာပတ် ဟူသည်မှာ- စိတ်စေတနာနှင့် လွန်ကျူးမိလျှင် အကုသိုလ် စိတ် ဖြင့် သာ လွန် ကျူး ကောင်း သော အာပတ်မျိုးကို လောကဝဇ္ဇအာပတ်ဟုခေါ်သည်။

## ● ပဏ္ဏတ္တိဝဇ္ဇအစိပ္ပာယ်

ပဏ္ဏတ္တိဝဇ္ဇအာပတ် ဟူသည်မှာ - ဘုရား ပညတ် ခြင်း ကြောင့်သာ သင့်ရောက်သော အာပတ်မျိုးကို ပဏ္ဏတ္တိဝဇ္ဇအာပတ် ဟု ခေါ်သည်။

## ● အနုပညတ်အပြား(၃)ပါး

အနုပညတ်သည်-

၁။ အာပတ္တိကရ အနုပညတ်၊

၂။ အနာပတ္တိကရ အနုပညတ်၊

၃။ အာပတ္တိဥပတ္ထမ္ဘကရ အနုပညတ် ဟူ၍ (၃)ပါး ရှိသည်။

**မှတ်ချက်။** ။ဤပထမ ပါရာဇိက သိက္ခာပုဒ် လာ အနုပညတ် သည် အာပတ္တိဥပတ္ထမ္ဘကရ အနုပညတ် ဖြစ်သည်။

# ဒုတိယပါရာဇိက

## ● ဂါမအစိပ္ပာယ်

ဂါမဟူသည်မှာ - တအိမ်ရှိသော ရွာ စသည် အပြားရှိ သော အရာမ်ရှိသည်လည်းဖြစ်သော၊ အရာမ် မရှိသည်လည်းဖြစ် သော အလုံးစုံသောရွာကို ဂါမဟု ခေါ်သည်။ အယုတ်သဖြင့် မိုးလေးလထက် အလွန် လှည်းကုန်သည်တို့နေဘူးသော အမှတ် မရှိသောနေရာအရပ်ကိုလည်း ဂါမဟုခေါ်သည်။

## ● ဂါမ,ဂါမူပစာရ ခွဲခြားပုံ

ဂါမဟူသည်မှာ-အကာအရာမ်မရှိသောရွာဖြစ်က အကာအရာမ်တိုင်အောင်ကို ဂါမဟု ခေါ်သည်။

ဂါမူပစာရဟူသည်မှာ- အကာအရာမ်မှနေ၍ အားကုန်လွှဲ၍ပစ်အပ်သော ခဲ၏ ပထမဆုံး ကျရာ အရပ်ကို ဂါမူပစာရဟု ခေါ်သည်။

အကာအရာမ် မရှိသော ရွာ၌မူ ထာမ မဇ္ဈိမပုရိသ ပုဂ္ဂိုလ်သည် ရွာ၏အစွန်ဆုံးအိမ်မှနေ၍ အကြွင်ခဲကို ပစ်အပ်၏။ ထိုခဲ၏ ပထမဆုံးကျရာအရပ်ကို ဂါမဟုခေါ်သည်။

ဂါမူပစာရဟူသည်မှာ- ထိုဂါမ မည်သောခဲ၏ ပထမဆုံး ကျရာအရပ်မှနေ၍ ဒုတိယဆက်၍ပစ်အပ်သော ခဲ၏ကျရာအရပ်ကို ဂါမူပစာရဟု ခေါ်သည်။

---

## ● ဃရ, ဃရူပစာရ ခွဲခြားပုံ

ဃရဟူသည်မှာ- အိမ် တံစက်မြိတ်၏ ရေကျရာ အရပ်၏ အတွင်းဘက်ကို ဃရဟု ခေါ်သည်။

ဃရူပစာရဟူသည်မှာ- အိမ်တံခါး၀၌ ရပ်လျက် မာတုဂါမ၏ သွန်ပက်အပ်သော ပန်းကန်ခွက်ယေ က် ဆေးကြောရာ ရေ၏ ကျရာအရပ်ကို ဃရူပစာရဟု ခေါ်သည်။

အကာအရာမ်မရှိသော အိမ်ဖြစ်က အကာ အရာမ်ကိုပင် ဃရူပစာရဟု ခေါ်သည်။

---

### အရည်အစိပ္ပာယ်

အရည်ဟူသည်မှာ- ဂါမ, ဂါမူပစာရတို့မှ ကျန်သော တောအရပ်ကို အရည်ဟုခေါ်သည်။

ထပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ အဝသေသံ အရညံ့နာမ။ (ကင်္ခါ ၁၄၂-ဟံ)

---

### ခိုးခြင်း(၂၅)ပါးသရုပ်

ခိုးခြင်းသည်-

၁။ နာနာဘဏ္ဍပဉ္စက၊

၂။ ကေဘဏ္ဍပဉ္စက၊

၃။ သာဟတ္ထိက ပဉ္စက၊

၄။ ပုဗ္ဗပယောဂ ပဉ္စက၊

၅။ ထေယျာဝဟာရ ပဉ္စက ဟူ၍ (၅)ပါးရှိသည်။

ဆောင်။ ။နာနာ,ကေ၊ သာဟတ္ထ၊ ပုဗ္ဗ ငါးထေယျာ။

---

### နာနာဘဏ္ဍပဉ္စက၊ ကေဘဏ္ဍပဉ္စက အထူး

နာနာဘဏ္ဍပဉ္စက၊ ကေဘဏ္ဍပဉ္စက အထူးကား- နာနာဘဏ္ဍပဉ္စကသည် သဝိညာဏက၊ အဝိညာဏက နှစ်ပါးလုံး နှင့် သက်ဆိုင်သည်။

ကေဘဏ္ဍပဉ္စကသည် သဝိညာဏက တပါးတည်းနှင့်သာ သက်ဆိုင်သည်။ ဤသို့ ထူးခြားကြသည်။

နာနာဘဏ္ဍပဉ္စကံ သဝိညာဏကာ ဝိညာဏက ဝသေန ဒဋ္ဌဗ္ဗံ၊ ဧကဘဏ္ဍံ သဝိညာဏက ဝသေန။(ကင်္ခါ ၁၄၄-ဟံ)

## နာနာဘဏ္ဍပဉ္စကသရုပ်

နာနာဘဏ္ဍပဉ္စကသည်-

၁။ အာဒိယေယျ၊
၂။ ဟရေယျ၊
၃။ အဝဟရေယျ၊
၄။ ဣရိယာပထံ ဝိကောပေယျ၊
၅။ ဌာနာစာဝေယျဟူ၍ (၅)ပါးရှိသည်။

ဆောင်။ ။အာ, ဟ, အ,ဣ၊ ဌာနာသိ၊ မှတ်ဘိနာပဉ္စ။

---

## အာဒိယေယျအရ အာပတ်သင့်ပုံ

အာဒိယေယျ အရ အာပတ် သင့် ပုံ မှာ - သူတပါး၏ အရာမ်ကို မိမိအရာမ်ဟု တရားစွဲဆိုလျှင် ဒုက္ကဋ်အာပတ်သင့်သည်။ အရာမ်ပိုင်ရှင်က ငါ၏အရာမ်ကို ရမှရပါမည်လောဟု ယုံမှား သံသယဖြစ်လျှင် ထုလ္လစ္စည်းအာပတ်သင့်သည်။ အရာမ်ပိုင်ရှင်က ငါ၏အရာမ်ကို မရတော့ပြီဟုဝန်ချ ဆုံးဖြတ်လိုက်လျှင် ပါရာဇိက အာပတ်သင့်သည်။ ဤကား အာဒိယေယျအရ အာပတ်သင့်ပုံ တည်း။

---

## ဟရေယျ-အရ အာပတ်သင့်ပုံ

ဟရေယျ-အရ အာပတ်သင့်ပုံမှာ-သူတပါးဥစ္စာကိုဆောင် ယူလာသော ပုဂ္ဂိုလ်သည် မိမိခေါင်းပေါ်၌ရှိသော ဥစ္စာကိုခိုးလို သောစိတ်ဖြင့် သုံးသပ်လျှင် ဒုက္ကဋ်အာပတ်သင့်သည်။ မိမိခေါင်း ပေါ်၌ရှိသောဥစ္စာကို တုန်လှုပ်စေလျှင် ထုလ္လစ္စည်းအာပတ်သင့် သည်၊ ဦးခေါင်းမှတဘက် ပခုံးသို့ပြောင်းရွှေ့ပြန်လျှင် ပါရာဇိက

အာပတ်သင့်သည်။ ။ဤကား ဟရေယျ-အရ အာပတ်သင့်ပုံ တည်း။

---

## ● အဝဟရေယျ-အရ အာပတ်သင့်ပုံ

အဝဟရေယျ-အရ အာပတ်သင့်ပုံမှာ- မိမိအထံ၌ အပ်နှံထားသောဥစ္စာကို ပစ္စည်းရှင်က ပြန်တောင်းသောအခါ ငါမယူဟုပြောဆိုလျှင် ဒုက္ကဋ်အာပတ်သင့်သည်။ ပစ္စည်းရှင်က ငါ့ဥစ္စာကို ရမှရပါမည်လောဟု သံသယဖြစ်လျှင် ထုလ္လစ္စည်း အာပတ်သင့်သည်၊ ပစ္စည်းရှင်က ငါ့ဥစ္စာကိုမရတော့ပြီဟု ဝန်ချဆုံးဖြတ်လိုက်လျှင် ပါရာဇိကအာပတ်သင့်သည်။ ဤကား အဝဟရေယျ-အရ အာပတ်သင့်ပုံတည်း။

---

## ● ဣရိယာပထံဝိကောပေယျ-အရ အာပတ်သင့်ပုံ

ဣရိယာပထံဝိကောပေယျ-အရ အာပတ်သင့်ပုံမှာ-ဘဏ္ဍာကို ဆောင်ယူသောသူနှင့်တကွ ခိုးဆောင်အံ့ဟု ရှေ့ဦးစွာသောခြေကိုလှုန်စေအံ့၊ ထုလ္လစ္စည်း အာပတ်သင့်သည်၊ နှစ်ခုမြောက်သော ခြေကိုလှုန်စေအံ့၊ ပါရာဇိကအာပတ်သင့်သည်။ ။ဤကား ဣရိယာပထံဝိကောပေယျ အာပတ်သင့်ပုံတည်း။

---

## ● ဌာနာစာဝေယျ-အရ အာပတ်သင့်ပုံ

ဌာနာစာဝေယျ-အရ အာပတ်သင့်ပုံမှာ- ကုန်း၌တည်သော ဥစ္စာကို ခိုးလိုသောစိတ်ဖြင့် သုံးသပ်လျှင် ဒုက္ကဋ်အာပတ်သင့်သည်၊ တုန်လှုပ်စေလျှင် ထုလ္လစ္စည်းအာပတ်သင့်သည်၊ တည်နေရာဌာနမှ ရွေ့လျောစေလျှင် ပါရာဇိက အာပတ်သင့်သည်။ ဤကား ဌာနာစာဝေယျ-အရ အာပတ်သင့်ပုံတည်း။

## ကေဘဏ္ဍပစ္စကသရုပ်

ကေဘဏ္ဍပစ္စကသည်-

၁။ အာဒိယေယျ၊

၂။ ဟာရေယျ၊

၃။ အဝဟရေယျ၊

၄။ ဣရိယာပထံဝိကောပေယျ၊

၅။ ဌာနာစာဝေယျ-ဟူ၍ (၅)ပါးရှိသည်။

**ဆောင်။** ။အာ, ဟ,အ, ဣ၊ ဌာနာသိ၊ မှတ်ဘိပေစ္စ။

---

## သာဟတ္ထိကပစ္စကသရုပ်

သာဟတ္ထိကပစ္စကသည်-

၁။ သာဟတ္ထိက၊

၂။ အာဏတ္တိက၊

၃။ နိဿဂ္ဂိယ၊

၄။ အတ္ထသာဓက၊

၅။ ဓုရနိက္ခေပ-ဟူ၍ (၅)ပါးရှိသည်။

ကတမံ သာဟတ္ထိကပစ္စကံ၊ သာဟတ္ထိကော, အာဏတ္တိကော, နိဿဂ္ဂိယော, အတ္ထသာဓကော,ဓုရနိက္ခေပေါတိ။
(ကင်္ခါ ၁၄၅-ဟံ)

ဆောင်။ ။သာ,အာ,နိ,အတ်၊ ဓုရထပ်၊ ငါးရပ် သာဟတ္ထာ။

## ● သာဟတ္ထိက ခိုးခြင်းအဓိပ္ပာယ်

သာဟတ္ထိက ခိုးခြင်းဟူသည်မှာ- သူတပါး၏ဥစ္စာကို မိမိလက်ဖြင့် ကိုယ်တိုင်ခိုးယူခြင်းမျိုးကို သာဟတ္ထိက ခိုးခြင်းဟုခေါ်သည်။

တတ္ထ သာဟတ္ထိကော နာမ ပရဿဘဏ္ဍံ သဟတ္ထာ အဝဟရတိ။ ။(ကင်္ခါ ၁၄၅-ဟံ)

## ● အာဏတ္တိကခိုးခြင်းအဓိပ္ပာယ်

အာဏတ္တိကခိုးခြင်းဟူသည်မှာ- ဤမည်သောသူ၏ ဥစ္စာကို ခိုးချေဟု တပါးသော ပုဂ္ဂိုလ်အား စေခိုင်းခြင်းမျိုးကို အာဏတ္တိကခိုးခြင်းဟု ခေါ်သည်။

အာဏတ္တိကော နာမ အသုကဿ ဘဏ္ဍံ အဝဟရာတိ အညံ အာဏာပေတိ။ ။(ကင်္ခါ ၁၄၅-ဟံ)

## ● နိဿဂ္ဂိယခိုးခြင်းအဓိပ္ပာယ်

နိဿဂ္ဂိယခိုးခြင်း ဟူသည်မှာ- ကင်းထားရာအရပ်သို့ ဝင်ရောက်ပြီးလျှင် ၎င်းကင်းအတွင်းရှိသော ပစ္စည်းဥစ္စာများကို ကင်းမရှိသည့်ပြင်ပသို့ လွှင့်ပစ်ချ၍ ခိုးယူခြင်းမျိုးကို နိဿဂ္ဂိယခိုးခြင်းဟုခေါ်သည်။

နိဿဂ္ဂိယော နာမ သုင်္ကဃာတက ပရိကပ္ပိတောကာသာနံ အန္တော ဌတွာ ဗဟိ နိပါတနံ။ ။(ကင်္ခါ ၁၄၅-ဟံ)

## အတ္ထသာဓကခိုးခြင်းအဓိပ္ပာယ်

အတ္ထသာဓက ခိုးခြင်းဟူသည်မှာ- ဤမည်သော သူ၏ ဥစ္စာကို စွမ်းနိုင်တဲ့အခါမှာ ခိုးချေဟု တပါးသော ပုဂ္ဂိုလ်အား စေခိုင်းခြင်းမျိုးကို အတ္ထသာဓကခိုးခြင်းဟုခေါ်သည်။

အတ္ထသာဓကော နာမ အသုကဿ ဘဏ္ဍံ ယဒါ သက္ကောတိ၊
တဒါ တံ အဝဟရာတိ အညံ အာဏာပေတိ။
(ကင်္ခါ ၁၄၅-ဟံ)

---

## အာဏတ္တိကခိုးခြင်းနှင့် အတ္ထသာဓကခိုးခြင်းအထူး

အာဏတ္တိကခိုးခြင်းမှာ- အချိန်ကို ပိုင်းခြားသတ်မှတ်၍ အခိုးခိုင်းသည်။

အတ္ထသာဓကခိုးခြင်းမှာ- အချိန်ကို ပိုင်းခြားသတ်မှတ်ခြင်းမရှိဘဲ အခိုးခိုင်းသည်။ ။ဤကား အာဏတ္တိကခိုးခြင်းနှင့် အတ္ထသာဓကခိုးခြင်းအထူးတည်း။

---

## ဓုရနိက္ခေပခိုးခြင်းအဓိပ္ပာယ်

ဓုရနိက္ခေပခိုးခြင်းဟူသည်မှာ— သူတပါး၏အရာမ်ကို တရားစွဲဆိုခြင်း၊ မိမိအထံတွင် အပ်နှံထားသော ဥစ္စာဘဏ္ဍာကို ထိမ်ဝှက်ခြင်းဖြင့် ခိုးယူခြင်းမျိုးကို ဓုရနိက္ခေပခိုးခြင်းဟု ခေါ်သည်။

ဓုရနိက္ခေပေါ ပန အာရာမာဘိယောဂ ဥပနိက္ခိတ္တဘဏ္ဍ
ဝသေန ဝေဒိတဗ္ဗော။ ။(ကင်္ခါ ၁၄၅-ဟံ)

## ● ပုဗ္ဗပယောဂပစ္စကသာရုပ်

ပုဗ္ဗပယောဂပစ္စကသည်-

၁။ ပုဗ္ဗပယောဂ၊
၂။ သဟပယောဂ၊
၃။ သံဝိဓာဝဟာရ၊
၄။ သင်္ကေတကမ္မ၊
၅။ နိမိတ္တကမ္မ-ဟူ၍ (၅)ပါးရှိသည်။

ကတမံ ပုဗ္ဗပယောဂပစ္စကံ၊ ပုဗ္ဗပယောဂေါ, သဟပယောဂေါ, သံဝိဓာဝဟာရော, သင်္ကေတကမ္မံ, နိမိတ္တကမ္မန္တိ။ (ကင်္ခါ ၁၄၁-ဋ္ဌ)

ဆောင်။ ။ပုဗ်, သ, သံ, သင်၊ နိမိတ်ထင်၊ ငါးအင် ပယောဂ။

---

## ● ထေယျာဝဟာရပစ္စကသရုပ်

ထေယျာဝဟာရပစ္စကသည်-

၁။ ထေယျာဝဟာရ၊
၂။ ပသယှာဝဟာရ၊
၃။ ပရိကပ္ပါဝဟာရ။
၄။ ပဋိစ္ဆန္နာဝဟာရ၊
၅။ ကုသာဝဟာရ-ဟူ၍ (၅)ပါးရှိသည်။

ကတမံ ထေယျာဝဟာရပစ္စကံ၊ ထေယျာ ဝဟာရော, ပသယှာဝဟာရော, ပရိကပ္ပါဝဟာရော, ပဋိစ္ဆန္နာဝဟာရော, ကုသာဝဟာရောတိ။ ။(ကင်္ခါ ၁၄၁-ဋ္ဌ)

ဆောင်။ ။ထေ,ပ,ပရိ၊ ပဋိစ်ထည့်၊ မှတ်ဘိကုသာဝါ။
ထေယျာဝဟာ၊ငါးခုပြ၊မှတ်ကြသောတုနှာ။

---

## ● ဒုတိယပါရာဇိကသိက္ခာပုဒ်လာ အနုပညတ်ပြပါဠိ

ဒုတိယပါရာဇိက သိက္ခာပုဒ်လာ အနုပညတ်ပြပါဠိကား-
ဂါမာဝါ, အရညာဝါတည်း။

ဂါမာဝါ, အရညာဝါတိ အယမေတ္ထ အနုပညတ္တိ။
(ကင်္ခါ ၁၄၉-ဟံ)

---

## ● ဒုတိယပါရာဇိကသိက္ခာပုဒ်လာ 'ရာဇာနေ' ပုဒ်အရရာဇာ

ဒုတိယပါရာဇိကသိက္ခာပုဒ်လာ ရာဇာနေအရ ရာဇာမှာ- ဗိမ္ဗိသာရမင်းကို ရည်ရွယ်သည်။

ရာဇာနောတိ ဣဓ ဗိမ္ဗိသာရံ ယေဝ သန္ဓာယ ဝုတ္တံ။
(ကင်္ခါ ၁၄၉-ဟံ)

---

## ● ဒုတိယပါရာဇိကသိက္ခာပုဒ်လာ 'တထာရူပံ' ပုဒ်အဓိပ္ပာယ်

ဒုတိယ ပါရာဇိက သိက္ခာပုဒ်လာ တထာရူပံ ဟူသည်မှာ- သက်ရှိသက်မဲ့ဖြစ်သော တမတ်တမတ်ထိုက်သော ဥစ္စာဘဏ္ဍာကို တထာရူပံဟုခေါ်သည်။

---

## ● ပေါရာဏကဟာပဏအဓိပ္ပာယ်

ပေါရာဏကဟာပဏဟူသည်မှာ- ရှေးကျမ်းနှင့် လျော်ညီစွာ ဖြစ်စေအပ်သော နီလကဟာပဏနှင့်တူသော အသပြာကို ပေါရာဏကဟာပဏဟုခေါ်သည်။

## ● ပုဗ္ဗပယောဂပဋ္ဌကသာရုပ်

ပုဗ္ဗပယောဂပဋ္ဌကသည်-

၁။ ပုဗ္ဗပယောဂ၊

၂။ သဟပ္ပယောဂ၊

၃။ သံဝိဓာဝဟာရ၊

၄။ သင်္ကေတကမ္မ၊

၅။ နိမိတ္တကမ္မ-ဟူ၍ (၅)ပါးရှိသည်။

ကတမံ ပုဗ္ဗပယောဂပဋ္ဌကံ၊ ပုဗ္ဗပယောဂေါ,သဟပယောဂေါ, သံဝိဓာဝဟာရော, သင်္ကေတကမ္မံ, နိမိတ္တကမ္မန္တိ။
(ကဒ်ါ ၁၄၁-ဣ)

ဆောင်။ ။ပုဗ်, သ, သံ, သင်၊ နိမိတ်ထင်၊ ငါးအင်
ပယောဂ။

---

## ● ထေယျာဝဟာရပဋ္ဌကသရုပ်

ထေယျာဝဟာရပဋ္ဌကသည်—

၁။ ထေယျာဝဟာရ၊

၂။ ပသယှာဝဟာရ၊

၃။ ပရိကပ္ပါဝဟာရ။

၄။ ပဋိစ္ဆန္နာဝဟာရ၊

၅။ ကုသာဝဟာရ-ဟူ၍ (၅)ပါးရှိသည်။

ကတမံ ဆေယျာဝဟာရပဋ္ဌကံ၊ ထေယျာ ဝဟာရော, ပသယှာဝဟာရော, ပရိကပ္ပါဝဟာရော, ပဋိစ္ဆန္နာဝဟာရော, ကုသာဝဟာရောတိ။ ။(ကဒ်ါ ၁၄၁-ဣ)

ဆောင်။ ။ထေ၊ပ၊ပရိ၊ ပဋိစ်ထည့်၊ မှတ်ဘိကုသာဝါ။
ထေယျာဝဟာ၊ငါးချပြ၊မှတ်ကြသောတုနာ။

---

**ဒုတိယပါရာဇိကာသိက္ခာပုဒ်လာ အနုပညတ်ပြပါဋ္ဌိ**

ဒုတိယပါရာဇိက သိက္ခာပုဒ်လာ အနုပညတ်ပြပါဋ္ဌိကား- ဂါမာဝါ, အရညာဝါတည်း။

ဂါမာဝါ, အရညာဝါတိ အယမေတ္ထ အနုပညတ္တိ။
(ကခ်ါ ၁၄၉-ဟံ)

---

**ဒုတိယပါရာဇိကသိက္ခာပုဒ်လာ 'ရာဇာနော' ပုဒ်အရရာဇာ**

ဒုတိယပါရာဇိကသိက္ခာပုဒ်လာ ရာဇာနောအရ ရာဇာမှာ- ဗိမ္ဗိသာရမင်းကို ရည်ရွယ်သည်။

ရာဇာနောတိ ဣဓ ဗိမ္ဗိသာရံ ယေဝ သန္ဓာယ ဝုတ္တံ။
(ကခ်ါ ၁၄၉-ဟံ)

---

**ဒုတိယပါရာဇိကသိက္ခာပုဒ်လာ 'တထာရူပံ' ပုဒ်အဓိပ္ပာယ်**

ဒုတိယ ပါရာဇိက သိက္ခာပုဒ်လာ တထာရူပံ ဟူသည်မှာ- သက်ရှိသက်မဲ့ဖြစ်သော တမတ်တမတ်ထိုက်သော ဥစ္စာဘဏ္ဍာကို တထာရူပံဟုခေါ်သည်။

---

**ပေါရာဏကဟာပဏအဓိပ္ပာယ်**

ပေါရာဏကဟာပဏဟူသည်မှာ- ရှေးကျမ်းနှင့် လျော်ညီစွာ ဖြစ်စေအပ်သော နီလကဟာပဏနှင့်တူသော အသပြာကို ပေါရာဏကဟာပဏဟုခေါ်သည်။

## နီလကဟာပဏအဝိပ္ပာယ်

နီလကဟာပဏဟူသည်မှာ- ရွှေငါးပဲ၊ ငွေငါးပဲ၊ ကြေးနီဆယ်ပဲ၊ ဤ (၃) ပါးကိုရောစပ်ခဲစေခြင်းငှာ တစပါးမျှသော ကြေးကိုထည့်၍ ပြုလုပ်အပ်သော ဘဏ္ဍာကို နီလကဟာပဏဟုခေါ်သည်။

---

## အဒိန္နာဒါနေအာဒိယေယျပုဒ်ကပြသောအနက်

ဤဒုတိယပါရာဇိကသိက္ခာပုဒ်လာ အဒိန္နာဒါနေ အာဒိယေယျဟူသော ပုဒ်ဖြင့် ပြဆိုသော အနက်မှာ- ဤဒုတိယပါရာဇိကသိက္ခာပုဒ်အရ သူတပါးအား ပရိယာယ်အားဖြင့်အခိုးခိုင်းလျှင် အာပတ်မသင့်ဟူသော အနက်ကို ပြဆိုလေသည်။

> အဒိန္နာဒါနေ အာဒိယေယျာတိ ဝုတ္တတ္တာ ပရိယာယကထာယ မုစ္စတိ။ ။(ကင်္ခါ နဒိဋ္ဌေဿယံပါဠော)

---

## တတိယပါရာဇိက

●

## မနုဿဝိဂ္ဂဟအဝိပ္ပာယ်

မနုဿဝိဂ္ဂဟဟူသည်မှာ-ကလလရေကြည် တည်ရာအခါမှ၍ အသက်ရှိသော လူဇာတ်ဖြစ်သောကိုယ်ကို မနုဿဝိဂ္ဂဟဟုခေါ်သည်။

> မနုဿဝိဂ္ဂဟန္တိ ကလလတောပဋ္ဌာယ ဇီဝမာနက မနုဿဇာတိကသရီရံ။ ။(ကင်္ခါ ၁၄၅-၅)

## ● ဇီဝိတာဝေါရောပေယျအဓိပ္ပာယ်

ဇီဝိတာဝေါရောပေယျ-ဟူသည်မှာ- ကလလ ရေကြည် ကာလ၌သော်လည်း မီးကင်ခြင်း၊ နှိပ်နယ်ခြင်းတို့ဖြင့်သော်၎င်း၊ ကိုယ်ဝန်ကို ကျစေတတ်သော ဆေးတို့ကို ပေးခြင်းဖြင့်သော်၎င်း၊ ထိုထက်အလွန်မူလည်း တိုနှင့်လျော်သော လုံ့လဖြင့်သော်၎င်း အသက်မှချခြင်းကို ဇီဝိတာဝေါရောပေယျဟုခေါ်သည်။

ဇီဝိတာဝေါရောပေယျာတိ ကလလကာလေပိ တာပန မဒ္ဒနေဟိ ဝါ ဘေသဇ္ဇ သမ္ပဒါနေန ဝါ တတောဝါ ဥဒ္ဓံပိ တဒနုရူပေန ဥပက္ကမေန ဇီဝိတာ ဝိယောဇေယျ။

(ကင်္ခါ ၁၄၅-ဇ္ဇ)

---

## ● ပါဏ, ပါဏာတိပါတ, ပါဏာတိပါတိပုဒ်တို့၏အဓိပ္ပာယ်

ပါဏဟူသည် ဝေါဟာရအားဖြင့် သတ္တဝါ၊ ပရမတ္ထ အားဖြင့် ဇီဝိတိန္ဒြေကို ပါဏဟုခေါ်သည်။

ပါဏာတိပါတဟူသည်မှာ- ဇီဝိတိန္ဒြေကို ဖြတ်တတ်သော လုံ့လကိုဖြစ်စေတတ်သော စေတနာကို ပါဏာတိပါတဟုခေါ် သည်။

ပါဏာတိပါတီ-ဟူသည်မှာ-ဇီဝိတိန္ဒြေကိုဖြတ်တတ်သော လုံ့လကိုဖြစ်စေတတ်သော စေတနာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ပါဏာတိပါတီဟု ခေါ်သည်။

တတ္ထ ပါဏောတိဝေါဟာရတောသတ္တော၊ပရမတ္ထတော ဇီဝိတိန္ဒြိယံ။

ပါဏာတိပါ တောတိယာယ စေတနာယ ဇီဝိတိန္ဒြိယုပစ္ဆေဒက ပယောဂံ သမုဋ္ဌာပေတိ၊ သာ စေတနာ။
ပါဏာတိပါတီတိ ဝုတ္တာ စေတနာယ သမင်္ဂီပုဂ္ဂလော။
(ကင်္ခါ ၁၄၅-၉)

ဆောင်။ ။ပါဏအရ၊ ခေါ်သတ္တ၊ ဇီဝတနည်းယူ။
ပါဏာတိသည်၊ စေ, မည်သည်၊ ပါတီပုဂ္ဂိုလ်ဟူ။

---

## ❶ ပါဏာတိပါတပယောဂအပြား(၆)ပါး.

ပါဏာတိပါတပယောဂသည်-

၁။ သာဟတ္ထိက၊
၂။ အာဏတ္တိက၊
၃။ နိဿဂ္ဂိယ၊
၄။ ထာဝရ၊
၅။ ဝိဇ္ဇာမယ၊
၆။ ဣဒ္ဓိမယ-ဟူ၍ (၆)ပါးရှိသည်။

ပါဏာတိပါဘဿ ပယောဂေါတိ ပါဏာတိပါတဿ ဆပယောဂါ၊ သာဟတ္ထိကော, နိဿဂ္ဂိယော, အာဏတ္တိကော, ထာဝရော, ဝိဇ္ဇာမယော, ဣဒ္ဓိမယောတိ။
(ကင်္ခါ ၁၄၅-၉)

ဆောင်။ ။သာ,အာ,နိ,ထာ၊ဝိဇ္ဇာလာ၊ဆဓာဣဒ္ဓိထည့်။
ပါဏာတိပါတ၊ပယောဂ၊ခြောက်ဝအရသိ။

● သာဟတ္ထိကနည်းဖြင့်သတ်ပုံ

သာဟတ္ထိကနည်းဖြင့်သတ်ပုံမှာ- မိမိကိုယ်တိုင်သတ်သော ပုဂ္ဂိုလ်အား ကိုယ်ဖြင့်သော်၎င်း၊ကာယပဋိဗဒ္ဓဖြင့်သော်၎င်းသတ်ခြင်းမျိုးကို သာဟတ္ထိကသတ်ခြင်းဟုခေါ်သည်။

တတ္ထသာဟတ္ထိကောတိ သယံ မာရေန္တဿကာယေနဝါ, ကာယပဋိဗဒ္ဓေနဝါ ပဟရဏံ။ ။(ကင်္ခါ ၁၄၅-ဍ)

---

● နိဿဂ္ဂိယနည်းဖြင့်သတ်ပုံ

နိဿဂ္ဂိယနည်းဖြင့် သတ်ပုံမှာ- အဝေး၌ တည်နေသော ပုဂ္ဂိုလ်ကို သေစေလိုသော စေတနာဖြင့် ကာယ၊ ကာယပဋိဗဒ္ဓ တနည်းနည်းဖြင့် သတ်ခြင်းမျိုးကို၎င်း၊ မြှား၊ လှံ စသည်ကို ပစ်လွှင့်၍သတ်ခြင်းမျိုးကို၎င်း နိဿဂ္ဂိယသတ်ခြင်းဟုခေါ်သည်။

နိဿဂ္ဂိယောတိ ဒူရေဌိတံ မာရေတုကာမတာယ ကာယေနဝါ, ကာယပဋိဗဒ္ဓေနဝါ ဥသု, သတ္တိ, ယန္တပါသာဏာဒီနံ နိဿဇ္ဇနံ။ ။(ကင်္ခါ ၁၄၅-ဍ)

---

● ကာယ, ကာယပဋိဗဒ္ဓအပြား(၂)ပါး

ကာယသည်-

၁။ ဥဒ္ဒိဿ၊

၂။ အနုဒ္ဒိဿ-ဟူ၍ (၂)ပါးရှိသည်။

ကာယပဋိဗဒ္ဓသည်-

၁။ ဥဒ္ဒိဿ၊

၂။ အနုဒ္ဒိဿ-ဟူ၍ (၂)ပါးရှိသည်။

တတ္ထ ဧကေကော ဥဒ္ဒိဿာ နုဒ္ဒိဿဘေဒတော ဒုဝိဓော။

(ကင်္ခါ ၁၄၆-ဍ)

---

## ဥဒ္ဒိဿသတ်ခြင်းနှင့် အနုဒ္ဒိဿသတ်ခြင်း

ဥဒ္ဒိဿသတ်ခြင်းဟူသည်မှာ- အကြင်ပုဂ္ဂိုလ်ကို ရည်ရွယ်၍ ပုတ်ခတ်သတ်ဖြတ်၏၊ ထိုပုဂ္ဂိုလ်သေဆုံးလျှင် ပါဏာတိပါတကံ ထိုက်သည်ကို ဥဒ္ဒိဿဟုခေါ်သည်။

အနုဒ္ဒိဿသတ်ခြင်း ဟူသည်မှာ- မရည်ရွယ် မမျှော်မှန်းသော ပုဂ္ဂိုလ်ကို မတော်တဆ ထိခိုက်သေဆုံးရာ၌ ပါဏာတိပါတကံမထိုက်သည်ကို အနုဒ္ဒိဿဟုခေါ်သည်။

---

## အာဏတ္တိကနည်းဖြင့်သတ်ပုံ

အာဏတ္တိကနည်းဖြင့်သတ်ပုံမှာ- ဤမည်သောသူကို သတ်ချေဟု တပါးသောပုဂ္ဂိုလ်အား သတ်ရန် စေခိုင်းခြင်းမျိုးကို အာဏတ္တိကသတ်ခြင်းဟုခေါ်သည်။

ဒ၁၁ဏတ္တိကောတိ အသုကံ နာမ မာရေဟီတိ အညံ
အာဏာပေန္တဿ အာဏာပနံ။ ။(ကင်္ခါ ၁၄၆-၅)

---

## အာဏတ္တိကပယောဂအပြား(၆)ပါး

အာဏတ္တိကပယောဂသည်-

၁။ ဝတ္ထု၊
၂။ ကာလ၊
၃။ ဩကာသ၊
၄။ အာဝုဓ၊
၅။ ဣရိယာပထ၊
၆။ ကြိယာဝိသေသ-ဟူ၍ (၆)ပါးရှိသည်။

ဝတ္ထုကာလောစ ဩကာသော၊ အာဝုဓံ္ဗလရိယာပထော။
ကြိယာဝိသေသောတိ ဗလမေ၊ ဆအာဏတ္တိ နိယာမကာ။
(ကခ်ါ ၁၄၆-၇)

## ● ဝတ္ထုအရအာပတ်သင့်ပုံ

ဝတ္ထုအရအာပတ်သင့်ပုံမှာ- မောင်ဖြူကိုသတ်ချေဟု စေခိုင်းလျှင် အခိုင်းခံရသောပုဂ္ဂိုလ်က မောင်ဖြူကို သွား၍သတ်ပါမှ အာဏာပကရဟန်းမှာ အာပတ်သင့်သည်၊ ထိုသို့ မောင်ဖြူကို မသတ်ဘဲ မောင်မဲကိုသွားသတ်လျှင် စေခိုင်းသော အာဏာပကရဟန်းမှာ အာပတ်မသင့်ချေ။ ။ဤကား ဝတ္ထုအရ အာပတ်သင့်ပုံတည်း။

## ● ကာလအရအာပတ်သင့်ပုံ

ကာလအရ အာပတ်သင့်ပုံမှာ- နံနက် (ဂ) နာရီ တိတိအချိန်မှာ သတ်ချေဟုစေခိုင်းလျှင် ယင်း နံနက် (ဂ) နာရီ တိတိအချိန်မှာ သတ်ပါမှ အာဏာပကရဟန်းမှာ အာပတ်သင့်သည်၊ ထိုသို့ နံနက် (ဂ)နာရီ တိတိအချိန်မှာ မသတ်ဘဲ အခြားတချိန်ချိန်၌သတ်လျှင် အာဏာပကရဟန်းမှာ အာပတ်မသင့်ချေ။ ။ဤကား ကာလအရ အာပတ်သင့်ပုံတည်း။

## ● ဩကာသအရအာပတ်သင့်ပုံ

ဩကာသအရ အာပတ်သင့်ပုံမှာ- ရွာ၌နေစဉ်သတ်ချေဟု စေခိုင်းလျှင် ရွာ၌နေစဉ် သတ်ပါမှ အာဏာပကရဟန်းမှာ အာပတ်သင့်သည်။ ထိုသို့မဟုတ်ဘဲ တော၌သော်၎င်း၊ ကျောင်း၌သော်၎င်း နေစဉ် သတ်လျှင် အာဏာပကရဟန်းမှာ အာပတ်မသင့်ချေ။ ။ဤကား ဩကာသအရ အာပတ်သင့်ပုံတည်း။

## ● အာဝုဓအေ ရအာပတ်သင့်ပုံ

အာဝုဓအေရ အာပတ်သင့်ပုံမှာ- လှံနှင့်ထိုး၍ သတ်ချေဟု စေခိုင်းလျှင် လှံနှင့်ထိုး၍သတ်ပါမှအာဏာပကရဟန်းမှာအာပတ်သင့်သည်၊ ထိုသို့မဟုတ်ဘဲ ဒါးနှင့်ခုတ်၊ သေနတ်နှင့်ပစ် စသည်ဖြင့် သတ်လျှင် အာဏာပကရဟန်းမှာ အာပတ်မသင့်ချေ။ ။ ဤကား အာဝုဓအေရအာပတ်သင့်ပုံတည်း။

---

## ● ဣရိယာပထအေရအာပတ်သင့်ပုံ

ဣရိယာပထအေရ အာပတ်သင့်ပုံမှာ— ထိုင်နေစဉ် သတ်ချေဟု စေခိုင်းလျှင် ထိုင်နေစဉ်သတ်ပါမှ အာဏာပကရဟန်းမှာ အာပတ်သင့်သည်၊ထိုသို့မဟုတ်ဘဲ ရပ်နေစဉ်၊ သွားနေစဉ်စသည်၌ သတ်လျှင် အာဏာပကရဟန်းမှာ အာပတ်မသင့်ချေ။ ။ဤကား ဣရိယာပထအေရ အာပတ်သင့်ပုံတည်း။

---

## ● ကြိယာဝိသေသအေရ အာပတ်သင့်ပုံ

ကြိယာဝိသေသအေရ အာပတ်သင့်ပုံမှာ- တစုံတခုနှင့်ထိုး၍ သတ်ချေဟုစေခိုင်းလျှင် ထိုး၍သတ်ပါမှ အာဏာပကရဟန်းမှာ အာပတ်သင့်သည်၊ ထိုသို့မဟုတ်ဘဲ ခုတ်၍စသည်ဖြင့် သတ်လျှင်မူကား အာဏာပကရဟန်းမှာ အာပတ်မသင့်ချေ။ ။ဤကား ကြိယာဝိသေသအေရ အာပတ်သင့်ပုံတည်း။

---

## ● ထာဝရပယောဂပြပါဠိ

ဤတတိယပါရာဇိကသိက္ခာပုဒ်၌ ထာဝရပယောဂပြပါဠိကား-

"သတ္ထဟာရကံ ဝသ ပရိယေသေယျ"တည်း။

● သတ္တဟာရက် ဝသေ ပရိယေသေယျ-၌ ပရိယေသေယျ အဓိပ္ပာယ်

ပရိယေသေယျ ဟူသည်မှာ- သေရန် လိုလားနေသော ပုဂ္ဂိုလ်၏အနီးအပါးမှာ ထား၊ စသောလက်နက်ကိုရှာမှီး၍ချထား ခြင်းကို ပရိယေသေယျဟုခေါ်သည်။

ပရိယေသေယျာတိ ယထာ လဘတိ၊ တထာ ကရေယျ၊ ဥပနိက္ခိပေယျာတိ အတ္ထော။ ။(ကင်္ခါ ၁၄၆-ဋ္ဌ)

● မရဏ သံဝဏ္ဏံဝါ သံဝဏ္ဏေယျ-ဟူသောပုဒ်ဖြင့် ပြသော အနက်

ဤ တတိယ ပါရာဇိက သိက္ခာပုဒ်လာ “မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ”ဟူသောပုဒ်ဖြင့် တပါးသောပုဂ္ဂိုလ်ကို ပရိယာယ် စကားဖြင့် အသတ်ခိုင်းလျှင် ဤသိက္ခာပုဒ်အရ အာပတ်မလွတ် ဟူသောအနက်ကို ပြဆိုပေသည်။

● အာဏတ္တိကပယောဂပြ ပါဠိ

ဤ တတိယ ပါရာဇိက သိက္ခာပုဒ်၌ အာဏတ္တိက ပယောဂပြပါဠိကား-

“မရဏဝဏ္ဏံဝါ သမာဒပေယျ” တည်း။

မရဏဝဏ္ဏံဝါ သမာဒပေယျာတိ သတ္ထံဝါ။ ပ။ ဧတေန အာဏတ္တိက ပယောဂံ ဒဿေတိ။ ။(ကင်္ခါ ၁၄၆-ဋ္ဌ)

● **စိတ္တသဒ္ဒါ(၂)ပါးအထူး**

ဣတိစိတ္တမနော၊ ဣတိစိတ္တသက်ပ္ပေါ ဟူသော စကားရပ်တို့လာ 'စိတ္တ'သဒ္ဒါ(၂)ပါး အထူးကား-

ဣတိစိတ္တမနော၌ 'စိတ္တ'သဒ္ဒါသည် စိတ်ဟူသော အနက်ရှိသည်။

ဣတိစိတ္တ သက်ပ္ပေါ၌ 'စိတ္တ'သဒ္ဒါသည် စိတ်ဟူသော အနက်မရှိ၊ ဝိစိတ္တတ္တဆန်းကြယ်သော အနက်ရှိသည်။ ။ဤသို့ ထူးခြားကြသည်။

---

● **ဣတိစိတ္တမနော၊ဣတိစိတ္တသက်ပ္ပေါပုဒ်ဖြင့်ပြသောအနက်**

ဤတတိယပါရာဇိက သိက္ခာပုဒ်လာ ဣတိစိတ္တမနော၊ ဣတိစိတ္တသက်ပ္ပေါဟူသော စကားရပ်ဖြင့် လောကမှာ ဝီရိယ မရှိသူတို့အဘို့ တရက်မျှ အသက်ရှင်၍ နေခြင်းသည်ပင် မွန်မြတ်၏ စသည်ဖြင့် တရားဟောသောရဟန်းအား မရဏဝဏ္ဏနာ-သော ခြင်း၌ ချီးမွမ်းသည်မမည်ကြောင်း ပြဆိုပေသည်။

---

## စတုတ္ထပါရာဇိက

●

● **အနဘိဇာနံအဓိပ္ပာယ်**

အနဘိဇာနံ ဟူသည်မှာ- မိမိသန္တာန်၌ ဥတ္တရိမနုဿဓမ္မ ထင်ရှားမရှိသောကြောင့် မိမိသန္တာန်၌ ဥတ္တရိမနုဿဓမ္မမရှိဟု သိခြင်းကို အနဘိဇာနံဟုခေါ်သည်။

အနဘိဇာနန္တိ သကသန္တာနေ အနုပ္ပန္နတ္တာ အဘူတံဘာဝံ အဇာနန္တော။ ။(ကခ်ါ ၁၄၈-ဣ)

## ● မနုဿဓမ္မ၊ ဥတ္တရိမနုဿ၊ ဥတ္တရိမနုဿဓမ္မ အဓိပ္ပာယ်

မနုဿဓမ္မဟူသည်မှာ- လူတို့၏ ကုသလကမ္မပထ တရား (၁၀)ပါးကိုခေါ်သည်။

ဥတ္တရိမနုဿဟူသည်မှာ- ဈာနလာဘီပုဂ္ဂိုလ်နှင့် မဂ်ဖိုလ်ရသော အရိယာပုဂ္ဂိုလ်တို့ကိုခေါ်သည်။

ဥတ္တရိမနုဿဓမ္မ ဟူသည်မှာ- လူတို့၏ ကုသလ ကမ္မပထ တရား(၁၀)ပါးထက် လွန်မြတ်သော ဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရားတို့ကိုခေါ်သည်။

---

## ● အတ္တုပနာယိကပုဒ် အဓိပ္ပာယ်

အတ္တုပနာယိကဟူသည်မှာ- ငါ၌ ဥတ္တရိမနုဿဓမ္မရှိ၏ဟု ပြောဆိုခြင်းမျိုးနှင့် ငါသည် ဤဥတ္တရိမနုဿဓမ္မ၌ထင်၏ဟု ပြောဆိုခြင်းမျိုးကို အတ္တုပနာယိကဟုခေါ်သည်။

---

## ● သမုဒ္ဒါဝစရဏကာရပြ ပါဠိ

ဤစတုတ္ထပါရာဇိကသိက္ခာပုဒ်၌သမုဒ္ဒါဝစရဏကာရပြ ပါဠိကား-

"ဉာတိဇာနာမိ၊ ဉာတိပဿာမိ"တည်း။

ဉာတိဇာနာမိ ဉာတိပဿာမိတိသမုဒ္ဒါဝစရဏကာရ ဒဿန မေတံ။ ။(ကင်္ခါ ၁၄၆-ဉ)

## ● အာပတ္တိပ္ပဋိဇာနနကာလပြပါဠိ

ဤစတုတ္ထပါရာဇိက သိက္ခာပုဒ်၌ အာပတ္တိပ္ပဋိဇာနန ကာလပြပါဠိကား-

"တတော အပရေန သမယေန"တည်း။

တတော အပရေန သမယေနာတိ တတော အာရောစိတ ကာလတော အညတရသ္မိံ ကာလေ၊ ဣတိအာပတ္တိပ္ပဋိဇာနန ကာလဒဿန မေတံ။ ။(ကင်္ခါ ၁၄၉-ဣ)

---

## ● အာပန္နောဝိသုဒ္ဓါပေက္ခော၌ 'အဝိသုဒ္ဓိ'အဓိပ္ပာယ်

အာပန္နော ဝိသုဒ္ဓါပေက္ခော - ဟူသော စကားရပ်လာ "အဝိသုဒ္ဓိ"ဟူသည်မှာ-ပါရာဇိကအာပတ်သင့်သော ပုဂ္ဂိုလ်သည် ရဟန်း၏အသွင်အပြင်ကို မစွန့်ဘဲ ရဟန်း၏အသွင်အပြင်ဖြင့်သာ နေထိုင်ခဲ့ပါမူ စျာန်,မဂ်, ဖိုလ်ဟူသည်ကို မရရှိနိုင်သောကြောင့် ၎င်းရဟန်း၏အသွင်အပြင်ကို "အဝိသုဒ္ဓိ"ဟုခေါ်သည်။

---

## ● အာပန္နော ဝိသုဒ္ဓါပေက္ခော၌ ဝိသုဒ္ဓိအဓိပ္ပါယ်

အာပန္နော ဝိသုဒ္ဓါပေက္ခော ဟူသောစကာ ရပ်၌ 'ဝိသုဒ္ဓိ' ဟူသည်မှာ ပါရာဇိက အာပတ်သင့်သောပုဂ္ဂိုလ်သည် ရဟန်း၏ အသွင်အပြင်ကိုစွန့်၍ လူအဖြစ်၊ရှင်သာမဏေအဖြစ်ဖြင့်ကောင်းမှု ကုသိုလ် ပြုလုပ်နေထိုင်ပါမူ နတ်ရွာ စသည်သို့ပင် ရောက်ရှိနိုင်သောကြောင့် ၎င်း လူအဖြစ်၊ ရှင်သာမဏေအဖြစ်ကို ဝိသုဒ္ဓိ-ဟု ခေါ်သည်။

## တုစ္ဆာနှင့် မုသာ အထူး

တုစ္ဆာဟူသည်မှာ- သဒ္ဒါ၏အနက်မှ ကင်းခြင်းကို ခေါ်သည်။

မုသာ ဟူသည်မှာ- လိမ်လည် လှည့်ပတ်လိုခြင်းကို ခေါ်သည်။ ။ဤသို့ ထူးခြားကြသည်။

ဝစနတ္ထ ဝိရဟတော တုစ္ဆံ၊ ဝဥ္စနာဓိပ္ပါယတော မုသာ။
(ကင်္ခါ ၁၅၀-ဏ္ဍ)

---

## ဥတ္တရိ မနုဿ ဓမ္မကို ပြောဆိုခြင်း၌ အာပတ်သင့်ပုံ

ဤစတုတ္ထ ပါရာဇိက သိက္ခာပုဒ်အရ ဥတ္တရိမနုဿဓမ္မကို ပြောဆိုခြင်း၌ အာပတ်သင့်ပုံမှာ - ရဟန်းက လူ့ဇာတ်ရှိသော ပုဂ္ဂိုလ်အား "ငါ- စျာန်ကိုရပြီ" စသည်ဖြင့် ပြောဟောသော အခါ၌ နားထောင်သောပုဂ္ဂိုလ်က သိရှိနားလည်လျှင် ပြောဟောသောရဟန်းမှာ ပါရာဇိက အာပတ်သင့်သည်။

နားထောင်နေသော သုဏန္တပုဂ္ဂိုလ်က မသိရှိနားမလည်လျှင် ပြောဟောသောရဟန်းမှာ ထုလ္လစ္စည်း အာပတ်သင့်သည်။

ရဟန်းက ဥတ္တရိမနုဿဓမ္မကို တိုက်ရိုက် မပြောဟောဘဲ အညာပဒေသနည်းဖြင့်ပြောဟောလျှင်ကား နားထောင်နေသော သုဏန္တပုဂ္ဂိုလ်ကသိရှိနားလည်လျှင် ထုလ္လစ္စည်းအာပတ်သင့်သည်။ မသိရှိနားမလည်ပါမူကား ဒုက္ကဋ်အာပတ်သာ သင့်သည်။

## ● အညာပဒေသနည်းဖြင့် ပြောဟောပုံ

အညာပဒေသနည်းဖြင့် ပြောဟောပုံမှာ- အကြင်ရဟန်းသည် သင်၏ကျောင်းမှာနေ၏။ ထိုရဟန်းကား ပထမစျာန်ကို ဝင်စားသည် စသည်ဖြင့် ပြောဟောခြင်းမျိုးကို အညာပဒေသနည်းဖြင့် ပြောဟောခြင်းဟု ခေါ်သည်။

သစေ ပန ယော တေ ဝိဟာရေ ဝသတိ၊ သောဘိက္ခု ပထမံ စျာနံ သမာပဇ္ဇတိ အာဒိနာနယေန အညာပဒေသေန အာရောစေန္တဿ ဇာနာတိ၊ ထုလ္လစ္စယံ။ သစေ န ဇာနာတိ၊ ဒုက္ကဋံ။ ။(ကခ်ါ ၁၅၀-ဋ္ဌ)

---

## ● ပါရာဇိက(၂၄)ပါး သရုပ်

ပါရာဇိကသည်-

ပါရာဇိက (၈)ပါး၊

အဘဗ္ဗပုဂ္ဂိုလ်(၁၁)ယောက်၊

လူဝတ်လဲသော ဘိက္ခုနီမ(၁)ယောက်၊

အင်္ဂါဇာတ်ရှည်သော လမ္ဗီပုဂ္ဂိုလ် (၁)ယောက်၊

ကျောက်ကုန်းနူးညံ့သော မုဒုပိဋ္ဌိကပုဂ္ဂိုလ် (၁)ယောက်၊

သူတပါး၏ အင်္ဂါဇာတ်ကို ခံတွင်းဖြင့်စုပ်ယူသော ပုဂ္ဂိုလ် (၁)ယောက်၊

သူတပါး၏ အင်္ဂါဇာတ်၌ ဖိ၍ ထိုင်သော ပုဂ္ဂိုလ် (၁)ယောက်ဟူ၍ (၂၄)ပါးရှိသည်။

ဆောင်။ ။ရှစ်ပါရာဇိ၊ ဘဗ္ဗထည့်၊ လဲဘိ ဘိက္ခုနီ။
မုဒု့လမ္ဗီ၊ စုပ်ယူပြီ၊ တလီ ဖိထိုင်သည်။

## ● အနုလောမပါရာဇိက အပြား(၄)ပါး

အနုလောမ ပါရာဇိကသည်-

၁။ အင်္ဂါဇာတ်ရှည်သော လမ္ဗီပုဂ္ဂိုလ်(၁)ယောက်၊

၂။ ကျောက် ကုန်း နူး ညံ့ သော မုဒု ပိဋ္ဌိက ပုဂ္ဂိုလ် (၁)ယောက်၊

၃။ သူတပါး၏ အင်္ဂါဇာတ်ကို ခံ တွင်း ဖြင့် ငုံ သော ပုဂ္ဂိုလ်(၁)ယောက်၊

၄။ သူတပါး၏ အင်္ဂါဇာတ်၌ ဖိ ၍ ထိုင် သော ပုဂ္ဂိုလ် (၁)ယောက်ဟူ၍ (၄)ပါးရှိသည်။

အပရာနိပိလမ္ဗီ၊ မုဒုပိဋ္ဌိကော၊ ပရဿ အင်္ဂဇာတံ မုခေန ဂဏှာတိ၊ ပရဿ အင်္ဂဇာတေ အဘိ နိသီဒတိတိ ဣမေသံ စတုန္နံ ဝသေန စတ္တာရိ အနုလောမ ပါရာဇိကာနီတိ ဝဒန္တိ။ ။(ကင်္ခါ ၁၅၁-ဣ)

ပါရာဇိကုဒ္ဒေသ ပြီး၏။

# သံဃာဒိသေသကဏ္ဍ

## ပထမ သံဃာဒိသိသ်

### သဥ္စေတနိကာသုက္က စေတနာ

သဥ္စေတနိကာသုက္က စေတနာဟူသည်မှာ သုက်ကို လွှတ်စေလိုသော စေတနာကို ခေါ်သည်။

---

### သုက္ကဝိဿဋ္ဌိ-သုက်လွှတ်ခြင်း

သုက္ကဝိဿဋ္ဌိ - သုက်လွှတ်ခြင်းဟူသည်မှာ - နီလစသော ဆယ်ပါးသော သုက်မျိုးတို့တွင် တမျိုးမျိုးသောသုက်၏ တည်ရာဌာနမှ ရွေ့လျောခြင်းကို သုက္ကဝိဿဋ္ဌိ - သုက်လွှတ်ခြင်းဟု ခေါ်သည်။

> သုက္ကဝိဿဋ္ဌီတိ သုက္ကဿ ဝိဿဋ္ဌိ။ ပေ။ နီလာဒိဝသေန ဒသဝိဓေသု သုက္ကေသု ယဿကဿစိ သုက္ကဿ ဌာနာ စာဝနာတိ အတ္ထော။ ။(ကင်္ခါ ၁၅၅-ဋ္ဌ)

---

### သံဃာဒိသိသ် အဓိပ္ပာယ်

သံဃာဒိသိသ် ဟူသည်မှာ-ပရိဝါသ်ပေးခြင်းအစ၊ မာနတ်ပေးခြင်း အလယ်၊ အဗ္ဘာန်သွင်းခြင်း အဆုံး ဤ သုံးပါးစလုံး၌ သံဃာ ကိုသာ အလို ရှိအပ် သောကြောင့် သံဃာဒိသိသ် ဟု ခေါ်သည်။

> သံဃော အာဒိမှိစေဝ သေသေစ ဣစ္ဆိတဗ္ဗော အဿာတိ သံဃာဒိသေသော။ ။(ကင်္ခါ ၁၅၂-ဋ္ဌ)

### ● ပဌမသံဃာဒိသိသ် သိက္ခာပုဒ်အရ အာပတ်သင့်ပုံ

ပဌမသံဃာဒိသိသ် သိက္ခာပုဒ် အရ အာပတ်သင့်ပုံမှာ-
မိမိ၏ အင်္ဂါဇာတ် ကို တပါးသောသူက လှုံ့လပြု၍ သုက်လွှတ်
စေလျှင် ၎င်းသံဃာဒိသိသ် အာပတ်သင့်သည်။

စေ့ဆော်ကြိုးကုတ် အားထုတ်၍ အယုတ်သဖြင့် ကောင်း
ကင်၌ ခါးကိုညွှတ်ကာမျှဖြင့် ဆော်လည်း နိမိတ်၌ လှုံ့လပြုသော
အခါ သုက်မလွှတ်လျှင် ထုလ္လစ္စည်းအာပတ်သင့်သည်။

---

### ● သံဃာဒိသိသ် အာပတ်သင့်လောက်သော သုက်၏ပမာဏ

ဤ ပဌမ သံဃာဒိသိသ် သိက္ခာပုဒ်၌ သုက္ကဝိဿဋ္ဌိ အရ
လွှတ်စေလိုသော စေတနာနှင့် သုက်ကိုလွှတ်လျှင် သံဃာဒိသိသ်
အာပတ်သင့်ရောက်ကြောင်းကို ပြဆိုခဲ့ပြီ။ သို့သော် မည်မျှမည်မျှ
များပြားသောသုက်ကို လွှတ်လျှင် သံဃာဒိသိသ် အာပတ်သင့်
ရောက်ကြောင်းကို မပြဆိုခဲ့ရသေးချေ။ သံဃာဒိသိသ် အာပတ်
သင့်ရောက်နိုင်သောသုက်၏ပမာဏမှာ အယုတ်ဆုံး ယင်တကောင်
သောက်လောက်သော အတိုင်းအရှည် ရှိသော သုက်ဖြစ်လေ
သည်။ သို့ဖြစ်၍ အယုတ်ဆုံး ယင်တကောင်သောက်လောက်သော
အတိုင်းအရှည်ရှိသော သုက်သည် တည်နေရာမှ ရွေ့လျောလျှင်
ကျင်ငယ်ကြောင်းသို့ မရောက်သော်လည်း သံဃာဒိသိသ်အာပတ်
သင့်လေသည်။

## ဒုတိယ သံဃာဒိသိသ်

●

### ● ဝိပရိဏာတ စိတ္တ အဓိပ္ပာယ်

ဝိပရိဏာတစိတ္တဟူသည်မှာ - ကိုယ်လက် နှီးနှောလိုသော ရာဂ၏အစွမ်းဖြင့် ဘောက်ပြန်၍ တည်သောစိတ်ကို ဝိပရိဏာတ စိတ္တဟု ခေါ်သည်။

ဝိပရိဏာတ စိတ္တေနာတိ ပရိသုဒ္ဓဘာဝင်္ဂသန္တတိသခ်ါတံ ပ။ ဝုတ္တရာဂ ဝသေန ပရိဝတ္တေတွာ ဌိတေန စိတ္တေနာ တိ အတ္ထော။ ။(ကခ်ါ ၁၅၃-ဋ္ဌ)

---

### ● ဟတ္ထ, ဝေဏိ, အင်္ဂအရ ခွဲခြားပုံ

ဟတ္ထ ဟူသည်မှာ တတောင်ဆစ်မှစ၍ လက်သည်းဖျား တိုင်အောင်သောအရပ်ကို ဟတ္ထ-ဟု ခေါ်သည်။

ဝေဏိ-ဟူသည်မှာ-ထုံး၍သော်၎င်း၊ မထုံးမူ၍ သော်၎င်း၊ သက်သက်သော ဆံတို့ဖြင့်၎င်း၊ အညီ စသော အဆင်းရှိသော ချည်ပန်းကုံး, အသပြာပန်းကုံး, ရွှေဆံကျင်, ပုလဲသွယ် စသည်တို့ တွင် တပါးပါး ရောသည်တို့ ဖြင့် ၎င်း ပြု အပ်သော ဆံထုံးကို ဝေဏိ-ဟု ခေါ်သည်။

အင်္ဂ ဟူသည်မှာ - ဟတ္ထ, ဝေဏိမှ ကြွင်းသော ကိုယ် ကာယကို အင်္ဂ-ဟု ခေါ်သည်။

**မှတ်ချက်။** ။ဆံ ထုံး မ ထုံး လောက် သော ဆံပင် တချောင်း- နှစ်ချောင်းနှင့် ဆံပင် မဟုတ်သော အမွေးတို့ကို လည်း ဝေဏိထဲမှာပင် သွင်းယူရသည်။

## ● ဒုတိယ သံဃာဒိသိသ်အရ အာပတ်သင့်ပုံ

ဤ ဒုတိယသံဃာဒိသိသ်အရ အာပတ်သင့်ပုံမှာ- မိန်းမဟု မိန်းမဟု အမှတ်ရှိသော ရဟန်းအား အ ယုတ် သ ဖြင့် အ မွေး အချင်းချင်းတို့ ထိသော်လည်း သံဃာဒိသိသ်အာပတ်သင့်သည်။

မိန်းမက ရဟန်းကို လာတို့ရာ၌ ရဟန်းက မှီဝဲလိုသော စိတ်ဖြင့် ကိုယ်ဖြင့်လှုံ့လပြုကာ အတွေ့ကိုဝန်ခံလျှင်လည်း သံဃာ ဒိသိသ် အာပတ်သင့်သည်။

ရဟန်း၏လက်တဘက်ဖြင့် မိန်းမ ကိုယ် ကို ကိုင်ထားပြီး အခြားလက်တဘက်ဖြင့် မိန်းမတကိုယ်လုံးကို တနေ့လုံး သုံးသပ် နေလျှင်လည်း သံဃာဒိသိသ် အာပတ်တချက်သာသင့်သည်။

ရဟန်း၏ လက်တဘက်ဖြင့် မိန်းမကိုယ်ကို ကိုင်တွယ်ထား ခြင်းမရှိဘဲ သုံးသပ်သော ရဟန်းသည်လည်း ဦးခေါင်းမှ ခြေဖျား အထိ မိန်းမကိုယ်မှ လက်ကို မလွတ်စေဘဲ သုံးသပ်လျှင် သံဃာ ဒိသိသ် အာပတ် တချက်သာသင့်သည်။

မိန်းမ၏ လက်(၅)ချောင်းကို တပေါင်းတည်း ကိုင်ရာ၌ လည်း သံဃာဒိသိသ်အာပတ် တချက်သာသင့်သည်။

မိန်းမ (၅) ယောက်၏ လက် (၅)ချောင်းကို တပေါင်း တည်း ကိုင်ရာ၌မူကား သံဃာဒိသိသ်အာပတ် ၅-ချက် သင့်သည်။

---

## ● မာတုဂါမေန သဒ္ဓိံ၌ မာတုဂါမ

မာတုဂါမေန သဒ္ဓိံ၌ မာတုဂါမဟူသည်မှာ - ထိုနေ့ မွေးဖွားသည်လည်းဖြစ်သော အသက်ရှင်လျက်ရှိသော လူမိန်းမ ကို အစပြု၍ မာတုဂါမဟု ယူရသည်။

မာတုဂါမေန သဒ္ဓိန္တိ တဒဟု ဇာတာယပိ ဇီဝမာနက မနုဿိတ္ထိယာ။ ။(ကဒ်ါ ၁၅၃-ဣ)

# တတိယ သံဃာဒိသိသ်

●

## ● တတိယသံဃာဒိသိသ်လာ မာတုဂါမ

မာတုဂါမ ဟူသည်မှာ - ရုန့်ရင်းကြမ်းထမ်းသောစကား ဟုတ်သည် မဟုတ်သည်ကို သိစွမ်းနိုင်သော လူမိန်းမကို မာတုဂါမ ဟု ခေါ်သည်။

မာတုဂါမန္တိ ဒုဋ္ဌုလ္လာ ဒုဋ္ဌုလ္လံ သံလက္ခဏာ မတ္တံ မနုဿိတ္ထိံ။ (ကခါ ၁၅၅-ဋ္ဌ)

---

## ● ဒုဋ္ဌုလ္လဝါစာ အစိပ္ပာယ်

ဒုဋ္ဌုလ္လဝါစာဟူသည်မှာ - ဝစ္စမဂ်, ပဿာဝမဂ်၌ မေထုန် အကျင့်နှင့်ယှဉ်၍ ပြောဆိုသော စကားမျိုးကို ဒုဋ္ဌုလ္လဝါစာ-ဟု ခေါ်သည်။

ဒုဋ္ဌုလ္လာဟိ ဝါစာဟီတိ ဝစ္စမဂ္ဂ ပဿာဝမဂ္ဂေသု မေထုန မေ့ပဋိသံယုတ္တာဟိ ဝါစာဟိ။ (ကခါ ၁၅၅-ဋ္ဌ)

---

## ● ဒုဋ္ဌုလ္လာဟိ ဝါစာဟိ သြဘာသေယျ-၌ သြဘာသနသရုပ်

ဒုဋ္ဌုလ္လာဟိ ဝါစာဟိ သြဘာသေယျ၌ သြဘာသန သည်-

၁။ ဝဏ္ဏ၊
၂။ အဝဏ္ဏ၊
၃။ ယာစန၊
၄။ အာယာစန၊

၅။ ပုစ္ဆန၊
၆။ ပဋိပုစ္ဆန၊
၇။ အာစိက္ခန၊
၈။ အနုသာသနဟူ၍ (၈)ပါးရှိသည်။

သြဘာသေယျာတိ အဝဘာသေယျ၊ ဝဏ္ဏာဝဏ္ဏ,ယာစန,
အာယာစန, ပုစ္ဆန, ပဋိပုစ္ဆန, အာစိက္ခနာနုသာသန
ဝသေန။ ပါ။ ဝဒေယျ။ (ကင်္ခါ ၁၅၅-ဋ္ဌ)

ဆောင်။ ။ဝဏ်, အ, ယာ, အာ၊ ပုစ်,ပ,အာ၊ ရှစ်ဖြာ
အနုထွက်။
သြဘာသရုပ်၊ အကျဉ်းချုပ်၊ တက်နှုတ်
အရကျက်။

---

● ဒုဋ္ဌုလ္လဝါစာသိခါပဒ်ပြပါဠိ

ဤတတိယ သံဃာဒိသိသ် ဒုဋ္ဌုလ္လ ဝါစာသိခါပဒ် လက္ခဏာပြ ပါဠိကား–
"မေထုနုပသံဟိတာဟိ" ဖြစ်သည်။

မေထုနုပသံဟိတာဟီတိဣဒံ ဒုဋ္ဌုလ္လဝါစာယ သိခါပဒ် လက္ခဏာ ဒဿနံ။ (ကင်္ခါ ၁၅၅-ဋ္ဌ)

---

● ဆဲရေးခြင်း(၃)မျိုး

ဤ တတိယသံဃာဒိသိသ်၌ ဆဲရေးခြင်းသည်-

၁။ သိခရဏီသိ၊
၂။ သမ္ဘိန္နာသိ၊
၃။ ဥဘတောဗျဉ္ဇနကာသိ ဟူ၍ (၃)ပါးရှိသည်။

ဤ(၃)ပါးတို့တွင် တပါးပါးဖြင့် မိန်းမကို ဆဲရေးသော ရဟန်းမှာ သံဃာဒိသိသ်အာပတ်သင့်သည်။

ဆောင်။ ။သိ, သမ်,ဥဘ၊ အက္ကောသ၊ မှတ်ကြ သံဃာဒိသ်။

● ဩဘာသန နိရာသက်ဘာဝပြ ပါဠိ

ဤ တတိယသံဃာဒိသိသ်၌ ဩဘာသန နိရာသက်ဘာဝပြ ပါဠိကား-

"ယထာတံ ယုဝါ ယုဝတိံ" ဖြစ်သည်။

ဧတေန ဩဘာသနေ နိရာသက်ဘာဝံ ဒသ္သေတိ။

(ကင်္ခါ ၁၅၅-ဣ)

● တတိယသံဃာဒိသိသ် အာပတ်သင့်ပုံ

ဤ တတိယ သံဃာဒိသိသ်အရ အာပတ်သင့်ပုံမှာ-မိန်းမ၌ မိန်းမဟုမှတ်ထင်ပြီး အယုတ်သဖြင့် လက်ဆုပ်ဖြင့် သော်လည်း ဒုဋ္ဌုလ္လဝါစာဖြင့် ပြောဆိုသောရဟန်း၏စကားကို ပြောဆိုသော ခဏာ၌ပင် မိန်းမက သိရှိလျှင် သံဃာဒိသိသ်အာပတ်သင့်သည်။ ပဏ္ဍုက်၌မူ ထုလ္လစ္စည်းအာပတ် သင့်သည်။ ပဏ္ဍုက်၌ မိန်းမဟု မှတ်ထင်ပြီး ဒုဋ္ဌုလ္လဝါစာကို ပြောဆိုလျှင်မူကား ဒုက္ကဋ်အာပတ် သင့်သည်။

ဒုဋ္ဌုလ္လဝါစာကို အကြိမ်ကြိမ်ပြောဆိုသော ရဟန်းအား စကားခွန်း အရေအတွက်အလိုက် အာပတ် များ စွာ သင့်သည်။ မိန်းမပေါင်းများစွာကို တ ခွန်း တည်း သော ဒုဋ္ဌုလ္လဝါစာကို ပြောဆိုလျှင်လည်း မိန်းမ အရေအတွက်အလိုက် အာပတ်များစွာ သင့်လေသည်။

ရဟန်းတပါးသည် အကြင်မိန်းမကို ဒုဋ္ဌုလ္လဝါစာ ပြော ဆို၏။ ထိုမိန်းမက နားမလည် မသိရှိလျှင် ပြောဆိုသောရဟန်း မှာ ထုလ္လစ္စည်း အာပတ်သင့်သည်။

မိန်းမ၏ မြှပ်ရိုးအောက်ကိုရင်း၊ ပုဆစ်ဒူးဝန်း အထက်ကို ရင်း ရည်ညွှန်းမှန်းဆပြီး ချီး မွမ်း ခြင်း စ သည် ကို ပြောဆိုလျှင် ထုလ္လစ္စည်း အာ ပတ် သင့် သည်။ ပဏ္ဍုက် ၌မူ ဒုက္ကဋ် အာပတ် သင့်သည်။

မြှပ် ရိုး အ ထက် ကို ရင်း၊ ပုဆစ် ဒူးဝန်း အောက်ကိုရင်း ရည်ညွှန်းမှန်းဆပြီး ချီးမွမ်းခြင်းစသည်ကို ပြောဆိုလျှင်မူကား မိန်းမ,ပဏ္ဍုက် နှစ်မျိုးစလုံး၌ ဒုက္ကဋ်အာပတ်သင့်သည်။

---

## စတုတ္ထ သံဃာဒိသ်

● သြတိဏ္ဏ ဝိပရိဏာတပုဒ်(၂)ပါးအထူး

တတိယ သံဃာဒိသိသ် သိက္ခာပုဒ်လာ သြတိဏ္ဏဝိပရိဏာတ နှင့် စတုတ္ထသံဃာဒိသိသ်လာ သြတိဏ္ဏ ဝိပရိဏာတ အထူးကား-

တတိယ သံဃာဒိသိသ် သိက္ခာပုဒ်လာ သြတိဏ္ဏဝိပရိဏာတ ဟူသည်မှာ - ဒုဋ္ဌုလ္လဝါစာ၌ သာယာသော ရာဂ၏ အစွမ်းဖြင့် ဖြစ်ခြင်းကို သြတိဏ္ဏဝိပရိဏာတဟု ခေါ်သည်။

စတုတ္ထ သံဃာဒိသိသ် သိက္ခာပုဒ်လာ သြတိဏ္ဏ ဝိပရိဏာတ ဟူသည်မှာ-မိမိအကျိုးငှာ မေထုန်အကျင့်ဖြင့် လုပ်ကျွေးခြင်း၏ အစွမ်းဖြင့် ဖြစ်ခြင်းကို သြတိဏ္ဏဝိပရိဏာတဟု ခေါ်သည်။ ဤသို့ ထူးခြားကြသည်။

တတိယေ ဉတ္တိဉ္ဉာတာစ ဝိပရိဏတစိတ္တတာစ ဒုဋ္ဌုလ္လဝါ စဿာဒ ရာဂဝသေန ဝေဒိတဗ္ဗာ။
စတုတ္ထေ ဉတ္တိဉ္ဉာတာစ ဝိပရိဏတ စိတ္တ တာစ အတ္တ ကာမ ပါရိစရိယာ ဝသေန ဝေဒိတဗ္ဗာ။
(ကင်္ခါ ၁၅၆-ဣ)

---

## ပဌမ သံဃာဒိသိသ်

● သဉ္စရိတ္တံသမာပဇ္ဇေယျ၌ သမာပဇ္ဇေယျအဓိပ္ပာယ်

သဉ္စရိတ္တံ သမာပဇ္ဇေယျ၌ သမာပဇ္ဇေယျ ဟူသည်မှာ- ကောင်းစွာဝန်ခံခြင်း၊ စုံစမ်းခြင်း၊ တဘန် ဆောင်ခြင်း တို့ကို ပြုလျက် ရောက်ခြင်းကို သမာပဇ္ဇေယျဟု ခေါ်သည်။

သမာပဇ္ဇေယျာတိ သမ္ပဋိဂ္ဂဟဏ, ဝီမံသန, ပစ္စာဟရဏာနိ ကရောန္တော အာပဇ္ဇေယျ။ (ကင်္ခါ ၁၅၇-ဣ)

ဆောင်။ ။စုံစမ်း, ဝန်ခံ၊ တဘန်ဆောင်ပြား၊ ဤသုံးပါး၊ ခေါ်ပြား သမာပဇ္ဇေယျ။

---

● ပဌမသံဃာဒိသိသ် သိက္ခာပုဒ်အရ အာပတ်သင့်ပုံ

ဤပဌမသံဃာဒိသိသ် သိက္ခာပုဒ်အရ အာပတ်သင့်ပုံမှာ-
၁။ ပဋိဂ္ဂဏှန - ကောင်းစွာဝန်ခံခြင်း၊
၂။ ဝီမံသန - စုံစမ်းခြင်း၊
၃။ ပစ္စာဟရဏ - တဘန်ဆောင်ခြင်းဟူသော အင်္ဂါ (၃) ပါးနှင့် ပြည့်စုံမှ သံဃာဒိသိသ် အာပတ် သင့်သည်။

ထိုသို့ ပဋိဂ္ဂဏှန - ကောင်းစွာဝန်ခံခြင်းစသော အင်္ဂါ (၃)ပါးမပြည့်ဘဲ ပဋိဂ္ဂဏှန-ကောင်းစွာဝန်ခံခြင်း စသည်တို့တွင် အင်္ဂါ(၂)ပါးကိုသာ ပြုလုပ်လျှင် သံဃာဒိသိသ်အာပတ်မသင့်ဘဲ ထုလ္လစ္စည်းအာပတ်သင့်သည်။ အသက်ပါ အင်္ဂါ ၃) ပါး တွင် အင်္ဂါတပါးကိုသာ ပြုလုပ်လျှင်မူ ဒုက္ကဋ်အာပတ်သာ သင့်သည်။

ပဏ္ဍုက်ဘို့၌ အသက်ပါ အင်္ဂါ (၃)ပါးလုံး အပြည့်အစုံကို ပြုလုပ်သော်လည်း သံဃာဒိသိသ်အာပတ်မသင့်ဘဲ ထုလ္လစ္စည်း အာပတ်သာ သင့်သည်။

---

## ဆဋ္ဌ သံဃာဒိသိသ်

●

### ● သညာစိကာယပုဒ် မှတ်သားဘွယ်

ဤ ဆဋ္ဌ သံဃာဒိသိသ်လာ သညာစိကာယပုဒ်အတွက် မှတ်သားဘွယ်မှာ - ဤ "သညာစိကာယ" ပုဒ်ကို ကိုယ်တိုင် တောင်းအပ်သော အဆောက်အဦဖြင့်ဟူ၍ အနက်ပေးရာ ယင်း အနက်အရဆိုလျှင် လုံးဝ မတောင်းကောင်းဟူ၍ မှတ်ထင်နိုင် သည်။ သို့သော် ဤသိက္ခာပုဒ်အရ ပစ္စည်းရှင်ထံမှ ပဲခွပ်စသော ပစ္စည်းကို မိမိပိုင်ဖြစ်အောင်သာ မတောင်းကောင်းချေ။ အခိုက် အတန့် ငှားရမ်းခြင်း တာဝကာလိကအဖြစ်ဖြင့်မူကား တောင်း ကောင်းပေသည်။

ဧတ္ထစ ယံကိဉ္စိ ပရပရိဂ္ဂဟိတကံ မူလစ္ဆေဒဝသေနယာစိတုံ
န ဝဋ္ဋတိ၊တာဝကာလိကံ ပန ဝဋ္ဋတိ။(ကင်္ခါ ၁၆၀-ဣ)

ဆောင်။ ။အပိုင်တောင်းမူ၊ ခွင့်မပြု၊ မှတ်ရှု ငှားကောင်းပေ၊
သညာစိကာ၊ ပုဒ်အရ၊ မှတ်ကြ ရှင်းလင်းစေ။

---

## ● ကုဋ္ဌိအပြား(၃)ပါး

ကုဋ္ဌိသည်-

၁။ ဥလ္လိတ္တကုဋ္ဌိ၊

၂။ အဝလိတ္တကုဋ္ဌိ၊

၃။ ဥလ္လိတ္တာဝလိတ္တကုဋ္ဌိ ဟူ၍ (၃)ပါး ရှိသည်။

ကုဋ္ဋိန္တိ ဥလ္လိတ္တာဒီသု အညတရံ။ (ကခ်ါ ၁၆၀-ဏ္ဍ)

**ဆောင်။** ။ဥ,အ,ဥအ၊ ဤသုံးဝ၊ မှတ်ကြကုဋ္ဌိတွေ။

---

## ● ဥလ္လိတ္တကုဋ္ဌိ အဝိပ္ပာယ်

ဥလ္လိတ္တကုဋ္ဌိဟူသည်မှာ-သည်ဘိုင် ထုပ်၊ လျောက်၊ တံခါးရွက်၊ လေသာတံခါးပေါက်၊ အခိုးပေါက် စသည် အပြားရှိသော မလိမ်းကျံကောင်းသောအရပ်တို့ကိုဘား၍ ကြွင်းကျန်သော လိမ်းကျံကောင်းသောအရပ်တို့ကို နံ ရံ တို့ နှင့် အတူတကွစပ်၍ အမိုး၏ အတွင်း၌ အင်္ဂတေ မြေညက်တို့ဖြင့် လိမ်းကျံအပ်သော ကုဋ္ဌိကို ဥလ္လိတ္တကုဋ္ဌိဟု ခေါ်သည်။

တတ္ထဥလ္လိတ္တာနာမ ထပေတွာ ထမ္ဘတုလာ ပိဋ္ဌသံဃာတဝါတပါန ဓူမစ္ဆိဒ္ဒါဒိ ဘေဒံ အလေပေါကာသံ အဝသေသေ လေပေါကာလေ ကုဋ္ဋေဟိ သဒ္ဓိံ ဃဋ္ဋေတွာ ဆဒနဿ အန္တော သုဓာယဝါ မတ္တိကာယဝါ လိတ္တာ။

(ကခ်ါ ၁၆၀-ဏ္ဍ)

**ဆောင်။** ။လိမ်းကျံ သင့်ရာ၊ မိုးတွင်းမှာ၊ လိမ်းပါ ဥလ္လိတ္တာ။

---

## ● အဝလိတ္တကုဋီအဓိပ္ပာယ်

အဝလိတ္တကုဋီဟူသည်မှာ- သည်တိုင်၊ ထုပ်၊ လျှောက်၊ တံခါးရွက်၊ လေသာတံခါးပေါက်၊ အခိုးပေါက် စသည်အပြား ရှိသော မလိမ်းကျံကောင်းသော အရပ်ကိုထား၍ ကြွင်းကျန်သော လိမ်းကျံကောင်းသော အရပ်တို့ကို နံရံတို့နှင့်တကွ စပ်၍ အမိုး၏အပြင်ဘက်၌ အင်္ဂတေမြေညက်တို့ဖြင့် လိမ်းကျံအပ်သော ကုဋီကို အဝလိတ္တကုဋီဟုခေါ်သည်။

အဝလိတ္တာ နာမ တထေဝ ဝုတ္တနယေနေဝ ဆဒနဿ ဗဟိလိတ္တာ။ ။(ကင်္ခါ ၁၆၀-ဣ)

ဆောင်။ ။လိမ်းကျံသင့်ရာ၊ မိုးပြင်မှာ၊ လိမ်းပါအဝလိတ္တာ။

---

## ● ဥလ္လိတ္တာဝလိတ္တကုဋီအဓိပ္ပာယ်

ဥလ္လိတ္တာဝလိတ္တကုဋီဟူသည်မှာ-သည်တိုင်၊ထုပ်၊လျှောက်၊ တံခါးရွက်၊ လေသာတံခါးပေါက်၊ အခိုးပေါက် စသည်အပြား ရှိသော မလိမ်းကျံကောင်းသော အရပ်တို့ကိုထား၍ ကြွင်းကျန်သော လိမ်းကျံကောင်းသော အရပ်တို့ကို နံရံတို့နှင့် အဘူတကွ စပ်၍ အမိုး၏ အတွင်းအပြင် နှစ်ဘက်စလုံး၌ အင်္ဂတေမြေညက်တို့ဖြင့် လိမ်းကျံအပ်သောကုဋီကို ဥလ္လိတ္တာဝလိတ္တကုဋီဟု ခေါ်သည်။

ဥလ္လိတ္တာဝလိတ္တာနာမ တထေဝ ဆဒနဿ အန္တောစ ဗဟိစ လိတ္တာ။ ။(ကင်္ခါ ၁၆၀-ဣ)

ဆောင်။ ။လိမ်းကျံသင့်ရာ၊ တွင်းပြင်မှာ၊ လိမ်းပါဥလ်အဝ။

## ● ဘိက္ခုအဘိနေတဗ္ဗဘိက္ခု

ဤဆဋ္ဌသံဃာဒိသိသ် သိက္ခာပုဒ်လာ ဘိက္ခုအဘိနေတဗ္ဗ ဟူသော စကားရပ်၌ ဘိက္ခုဟူသည်မှာ- သံဃ၌ အကျုံးဝင်သော သံဃာ အားလုံးသည်၎င်း၊ ဥတ္တိဒုတိယကံ၊ သို့မဟုတ် အပလောကနကံဖြင့် သမုတ်အပ်သော ၂-ပါး, ၃-ပါးကုန်သော ရဟန်းတို့သည်၎င်း ဘိက္ခုမည်သည်။

> ဘိက္ခု အဘိနေတဗ္ဗ ဝတ္ထု ဒေသနာယာတိ ယသ္မိံ ပဒေသေ။ ပ။ သဗ္ဗေဝ သံဃပရိယာပန္နာ သံဃေနဝါ သမ္မတာဝါ ဒွေတယောဝါ ဘိက္ခု ဝတ္ထုဒေသနတ္ထာယ နေတဗ္ဗာ။ ။(ကင်္ခါ ၁၆၁-ဣ)

---

## ● အနာရမ္ဘအဓိပ္ပာယ်

အနာရမ္ဘဟူသည်မှာ- ပိုး,ရွစသော သတ္တဝါတို့၏ နေရာ အစရှိကုန်သော (၁၃)ပါးသော ဘေးရန်တို့မှ၎င်း၊ ကောက်ပဲ စသည်ကိုမှီကုန်သော (၁၆) ပါးကုန်သော ဘေးရန်တို့မှ၎င်း ကင်းဝေးခြင်းသည် အနာရမ္ဘမည်သည်။

---

## ● အနာရမ္ဘ ပုဒ်အရ တဆယ့်သုံးပါးသော ဘေးရန်သရုပ်

၁။ ပိုးရွတို့၏နေရာဖြစ်ခြင်း၊
၂။ ခြတို့၏နေရာဖြစ်ခြင်း၊
၃။ ကြွက်တို့၏နေရာဖြစ်ခြင်း၊
၄။ မြွေတို့၏နေရာဖြစ်ခြင်း၊
၅။ ကင်းမြီးကောက်တို့၏နေရာဖြစ်ခြင်း၊
၆။ ကင်းခြေများတို့၏နေရာဖြစ်ခြင်း၊

၇။ ဆင်တို့၏နေရာဖြစ်ခြင်း၊
၈။ ခြင်္သေ့တို့၏နေရာဖြစ်ခြင်း၊
၉။ ကျားတို့၏နေရာဖြစ်ခြင်း၊
၁၀။ သစ်တို့၏နေရာဖြစ်ခြင်း၊
၁၁။ ဝံတို့၏နေရာဖြစ်ခြင်း၊
၁၂။ အောင်းတို့၏နေရာဖြစ်ခြင်း၊
၁၃။ အမှတ်မရှိသော တိရစ္ဆာန်တို့၏နေရာဖြစ်ခြင်း-ဟူ၍ (၁၃)ပါးရှိသည်။

**ဆောင်။** ။ပိုးရှ ခြ,ကြွက်၊ မြွေ,ကင်းဖက်၊ မှတ်ချက် ဆင်,ခြင်္သေ့။
ကျား,သစ်,ဝံ,အောင်း၊ ထည့်စွက်လောင်း၊ မှတ်ကြောင်းတိရိစ်စေ့။

---

## အနာဝရမ္ဘပုဒ်အရ (၁၆)ပါးသော ဘေးရပ်သရုပ်

၁။ ကောက်ခင်းကိုမှီခြင်း၊
၂။ ပဲခင်းကိုမှီခြင်း၊
၃။ ဒွတ္တိံသကမ္မကရဏပြုလုပ်ရာအရပ်၊
၄။ သုသာန်၊
၅။ ဥယျာဉ်၊
၆။ မင်း၏နေရာစံနန်း၊
၇။ ဆင်တင်းကုပ်၊
၈။ လက်,ခြေစသည်တို့ကို ဖြတ်ရာအရပ်၊
၉။ မြင်းတင်းကုပ်၊
၁၀။ နှောင်အိမ်၊

၁၁။ သေတင်းကုပ်၊
၁၂။ ဘုံဆိုင်၊
၁၃။ နွားသတ်ရုံ၊
၁၄။ လမ်းသုံးသွယ်တို့၏အဆုံ၊
၁၅။ လမ်းလေးသွယ်တို့၏အဆုံ၊
၁၆။ အိမ်စျေး၊ထုတ်ချင်းမထွင်းသောခရီးကိုမှီခြင်း-ဟူ၍ (၁၆)ပါးရှိသည်။

---

● **သပရိက္ကမနအစိပ္ပာယ်**

သပရိက္ကမန ဟူသည်မှာ- နှစ်ကောင်၊ သုံးကောင်သော နွားလားတို့ဖြင့် က,အပ်သော လှည်းဖြင့် လှည်းဘီးတဘက်ကို တံစက်မြိတ်ကျရာအရပ်၌ ထား၍ အခြား လှည်းဘီး တဘက်ကို အပြင်ဘက်၌တည်၍ လှည့်လည်ခြင်းငှာ တတ်နိုင်သော အဖြစ်ကို သရိက္ကမနဟု ခေါ်သည်။

---

## သတ္တမသံဃာဒိသိသ်

●

● **မဟလ္လကအမည်ရပုံ**

ဤ သတ္တမ သံဃာဒိသိသ် မဟလ္လက အမည်ရခြင်း အကြောင်းမှာ-

၁။ ဆောက်လုပ်သူ ဒါယကာရှိခြင်း၊
၂။ ပမာဏကိုလွန်၍ ဆောက်လုပ်နိုင်ခြင်း- ဟူသော အကြောင်း (၂)ပါး တို့ကြောင့် မဟလ္လကအမည်ရ ပေသည်။

**ဆောင်။** ။ဒါယကာရှိ၊ လွန်ဆောက်ဘိ၊ မည်၏မဟလ္လက။

## အဌမသံဃာဒိသိသ်

### ● ဒုဋ္ဌ, ဒေါသနှစ်ပါးအထူး

ဒုဋ္ဌ-ဟူသည်မှာ- ဒေါသဖြစ်သောအခါ ထိုဒေါသက ဒေါသဖြစ်သော ပုဂ္ဂိုလ်၏ စိတ်ကို ဖျက်ဆီးအပ်သောကြောင့် ဒုဋ္ဌ-ဟုခေါ်သည်။

ဒေါသ-ဟူသည်မှာ-ဒေါသဖြစ်သောအခါ ထိုဒေါသက အခြားတပါးသော ပုဂ္ဂိုလ်များကိုလည်း ဖျက်ဆီးတတ်သောကြောင့် ဒေါသဟုခေါ်သည်။ ။ဤသို့ တူးခြားကြသည်။

ဒုဋ္ဌော ဒေါသောတိ ဒူသိတောစေဝ ဒူသကောစ၊ ဥပ္ပန္နေ ဟိ ဒေါသေ ပုဂ္ဂလော ဒေါသေန ဒူသိတော ဟောတိ၊ ပကတိဘာဝံ ဇဟာပိတော၊ တသ္မာ ဒုဋ္ဌောတိ ဝုစ္စတိ။
ပရဉ္စ ဒူသေတိ ဝိနာသေတိ၊တသ္မာ ဒေါသောတိ ဝုစ္စတိ။
(ကင်္ခါ ၁၆၃-ဋ္ဌ)

---

### ● အမူလကအပြား(၃)ပါး

အမူလကသည်-

၁။ အဒိဋ္ဌ၊

၂။ အသုတ၊

၃။ အပရိသင်္ကိတ-ဟူ၍ (၃)ပါးရှိသည်။

အမူလကေနာတိ ယံ စောဒကေန စုဒိတကမှိ ပုဂ္ဂလေ အဒိဋ္ဌံ အသုတံ အပရိသင်္ကိတံ။ ။(ကင်္ခါ ၁၆၃-ဋ္ဌ)

---

### ● အမူလကေနပါရာဇိကေန၌ 'ပါရာဇိက' အရ ၁၉-ပါး

အမူလကေနပါရာဇိကေန၌ "ပါရာဇိက"မှာ-
သာခရဏပါရာဇိက (၄)ပါး၊
အဘဗ္ဗပုဂ္ဂိုလ် (၁၁)ယောက်၊
လမ္ဗီပုဂ္ဂိုလ် (၁)ယောက်၊
မုဒုပိဋ္ဌိကပုဂ္ဂိုလ် (၁)ယောက်၊
သူတပါး၏ အင်္ဂါဇာတ်ကို ခံတွင်းဖြင့်စုပ်ယူသော ပုဂ္ဂိုလ် (၁)ယောက်၊

သူတပါး၏ အင်္ဂါဇာတ်၌ ရေးရှုဖိထိုင်သော ပုဂ္ဂိုလ် (၁)ယောက်အားဖြင့် ရဟန်း ယောကျ်ားတို့နှင့် သက်ဆိုင်သော ပါရာဇိက (၁၉)ပါးကို ယူရသည်။

ပါရာဇိကေနာတိ ဘိက္ခုနော အနုရူပေသု ဧကူန
ဝီသတိယာ ပါရာဇိကေသု အညတရေန။
(ကင်္ခါ ၁၆၃-ဋ္ဌ)

---

### ● စောဒနာအပြား(၄)ပါး

စောဒနာသည်-
၁။ ဝတ္ထုသန္ဒဿနာစောဒနာ၊
၂။ အာပတ္တိသန္ဒဿနာ စောဒနာ၊
၃။ သံဝါသပဋိက္ခေပ စောဒနာ၊
၄။ သာမိစိပဋိက္ခေပ စောဒနာ-ဟူ၍ (၄)ပါးရှိသည်။

တတ္ထ ဝတ္ထုသန္ဒဿနာ၊ အာပတ္တိသန္ဒဿနာ၊ သံဝါသ
ပဋိက္ခေပေါ၊ သာမိစိ ပဋိက္ခေပေါတိ သခေ်ပတော
စတဿော စောဒနာ။ ။(ကခ်ါ ၁၆၃-ဋ္ဌ)

ဆောင်။ ။ဝတ္ထု၊အာပတ်၊ သံဝါထပ်၊ လေးရပ်သာမိစိ။
စောဒနာပြား၊ဤလေးပါး၊မှတ်သားအောင်ပွဲရှိ။

---

## ● ဝတ္ထုသန္ဒဿနာ စောဒနာအဓိပ္ပာယ်

ဝတ္ထုသန္ဒဿနာ စောဒနာဟူသည်မှာ- သင်သည်မေထုန်
အမှုကို ပြုကျင့်လွန်ကျူးသည်ဟူ၍ စောဒနာခြင်းမျိုးကို ဝတ္ထု
သန္ဒဿနာ စောဒနာဟုခေါ်သည်။

ဝတ္ထုသန္ဒဿနာ နာမ တွံ မေထုနံ ဓမ္မံ ပဋိသေဝီတိ
အာဒိနာ နယေန ပဝတ္တာ။ ။(ကခ်ါ ၁၆၄-ဋ္ဌ)

---

## ● အာပတ္တိသန္ဒဿနာ စောဒနာအဓိပ္ပာယ်

အာပတ္တိ သန္ဒဿနာ စောဒနာဟူသည်မှာ- သင်သည်
မေထုန်အကျင့်တည်းဟူသော အာပတ်သို့ ရောက်သည်ဟူ၍ စော
ဒနာခြင်းမျိုးကို အာပတ္တိသန္ဒဿနာ စောဒနာဟု ခေါ်သည်။

အာပတ္တိသန္ဒဿနာ နာမ တွံ မေထုနဓမ္မာပတ္တိံ အာပန္နော
တိ အာဒိနာ နယေန ပဝတ္တာ။ ။(ကခ်ါ ၁၆၄-ဋ္ဌ)

## ● သံဝါသ ပဋိက္ခေပ စောဒနာအဓိပ္ပာယ်

သံဝါသပဋိက္ခေပ စောဒနာဟူသည်မှာ- သင်နှင့် အတူတကွ ဥပုသ်ပြုခြင်း၊ပဝါရဏာပြုခြင်း၊ သံဃကံပြုခြင်းစသည် မရှိတော့ပြီဟူ၍ စောဒနာမျိုးကို သံဝါသပဋိက္ခေပ စောဒနာဟူ၍ ခေါ်သည်။

သံဝါသပဋိက္ခေပေါ နာမ နတ္ထိ တယာ သဒ္ဓိံ ဥပေါ
သထောဝါပဝါရဏာဝါသံဃကမ္မံဝါတိ ဧဝံပဝတ္တော။
(ကခ်ါ ၁၆၄-၅)

---

## ● သာမိစိပဋိက္ခေပ စောဒနာအဓိပ္ပာယ်

သာမိစိပဋိက္ခေပ စောဒနာဟူသည်မှာ-ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်း၊ ယပ်ခတ်ခြင်းစသည်တို့ကို မပြုလုပ်ခြင်းကို သာမိစိပဋိက္ခေပ-ဟူ၍ ခေါ်သည်။

သာမိစိပဋိက္ခေပေါနာမ အဘိဝါဒန ပစ္စုဋ္ဌာန အဉ္ဇလိ
ကမ္မ သာမိစိကမ္မ ဗီဇနိကမ္မာဒိနံ အကရဏံ။
(ကခ်ါ ၁၆၄-၅)

---

## ● ဝတ္ထုသန္ဒဿနာ စောဒနာအတွက် အာပတ်သင့်ပုံ

ဝတ္ထုသန္ဒဿနာ စောဒနာအတွက် အာပတ်သင့်ပုံမှာ- သင်သည် မေထုန်အမှုကို ပြုကျင့်၏ဟူ၍ စောဒနာရုံမျှနှင့် သံဃာဒိသိသ် အာပတ်မသင့်ချေ၊ သင်သည် မေထုန်အမှုကိုပြုကျင့်သဖြင့် ရဟန်းမဟုတ်တော့ပြီဟူ၍ ရဟန်းမဟုတ်ဟူသောစကားနှင့်စပ်၍ စောဒနာပါမှ သံဃာဒိသိသ် အာပတ်သင့်သည်။

## ● အာပတ္တိသန္ဒဿနာ စောဒနာအတွက် အာပတ်သင့်ပုံ

အာပတ္တိသန္ဒဿနာ စောဒနာအတွက် အာပတ်သင့်ပုံမှာ- သင်သည် မေထုန်အကျင့်တည်း ဟူသော အာပတ်သို့ ရောက်၏ ဟူ၍ စောဒနာရုံမျှနှင့် သံဃာဒိသိသ် အာပတ် မသင့်ချေ၊ သင် သည် မေထုန်အကျင့်တည်းဟူသော အာပတ်သို့ ရောက်သဖြင့် ရဟန်းမဟုတ်တော့ပြီဟူ၍ ရဟန်းမဟုတ်ဟူသော စကားနှင့်စပ်၍ စောဒနာပါမှ သံဃာဒိသိသ်အာပတ်သင့်သည်။

---

## ● သံဝါသပဋိက္ခေပ စောဒနာအတွက် အာပတ်သင့်ပုံ

သံဝါသပဋိက္ခေပ စောဒနာအတွက် အာပတ်သင့်ပုံမှာ- သင်နှင့်အတူတကွ ဥပုသ်ပြုခြင်း စသော အမှု မရှိတော့ပြီဟူ၍ စောဒနာရုံမျှနှင့် သံဃာဒိသိသ် အာပတ်မသင့်ချေ၊ သင်ရဟန်း မဟုတ်သဖြင့် ဥပုသ်ပြုခြင်းကိစ္စ စသည်မရှိတော့ပြီဟု ရဟန်း မဟုတ်ဟူသော စကားနှင့်စပ်၍ စောဒနာပါမှ သံဃာဒိသိသ် အာပတ်သင့်သည်။

---

## ● သာမိစိပဋိက္ခေပ စောဒနာအတွက် အာပတ်သင့်ပုံ

သာမိစိပဋိက္ခေပ စောဒနာအတွက် အာပတ် သင့်ပုံမှာ- ခရီးဦးကြိုခြင်းစသော အမှုကိုပြုလုပ်သော ရဟန်းသည် အများ သံဃာအား ခရီးဦးကြိုခြင်းစသောအမှုကို အစဉ်အတိုင်း ပြုလုပ် ပြီး အခြားရဟန်းတပါးကို ထိုသို့မပြုလုပ်ဘဲ နောက်ကျန်သော ရဟန်းများကိုသာ ဆက်လက်၍ ခရီးဦးကြိုခြင်း စသော အမှုကို ပြုလုပ်ခဲ့လျှင် သာမိစိပဋိက္ခေပ စောဒနာမည်သည်။

သို့ရာတွင် ထိုသို့ ခရီးဦးကြိုခြင်းစသောအမှုကို မပြုလုပ်ရုံမျှနှင့် ထိုရဟန်းသည် သံဃာဒိသိသ်အာပတ် မသင့်ချေ။ ခရီးဦးကြိုခြင်းစသည်ကို အပြုမခံရသောရဟန်းက ငါ့ကို ယခုကဲ့သို့ ခရီးဦးကြိုခြင်းစသောအမှုကို အဘယ့်ကြောင့် မပြုလုပ်သနည်းဟု မေးသောအခါ သင်ကား ရဟန်းမဟုတ်၊ ထို့ကြောင့် သင့်အား ခရီးဦးကြိုခြင်းစသောအမှုကို မပြုလုပ်ဟု ရဟန်းမဟုတ် ဟူသော စကားနှင့်စပ်၍ ပြောပါမှ သံဃာဒိသိသ်အာပတ် သင့်လေသည်။

---

● အဓိပ္ပာယ်အပြား(၈)ပါးသရုပ်

အဓိပ္ပာယ်သည်-

၁။ အက္ခရာသာဓိပ္ပာယ၊
၂။ ကမ္မာဓိပ္ပာယ၊
၃။ ဝုဋ္ဌာနာဓိပ္ပာယ၊
၄။ ဥပေါသထတ္ထပနာ ဓိပ္ပာယ၊
၅။ ပဝါရဏာဌပနာ ဓိပ္ပာယ၊
၆။ အနုဝိဇ္ဇနာ ဓိပ္ပာယ၊
၇။ ဓမ္မကထာ ဓိပ္ပာယ၊
၈။ စဝနာဓိပ္ပာယ ဟူ၍ (၈)ပါးရှိသည်။

ဆောင်။ ။အက်,ကမ်,ဝုံ,ဥ၊ ပဝါ,နု၊ တခု ဓမ်,စဝါ။
အဓိပ္ပာယ၊ ဤရှစ်ဝ၊ မှတ်ကြ သောတုနာ။

## စဝနာခိပ္ပာယပြ ပါဠိ

ဤ အဌမ သံဃာဒိသိသ် သိက္ခာပုဒ်၌ စဝနာ ခိပ္ပာယပြ ပါဠိကား-

“ဣမမှာ ဗြဟ္မစရိယာ စာဝေယျံ” တည်း။

မှတ်ချက်။ ။ဤ အဌမသံဃာဒိသိသ် သိက္ခာပုဒ်အရ အခိပ္ပာယ ရှစ်ပါးတို့တွင် စဝနာခိပ္ပာယကိုသာ လိုသည်။ ကျန် (၇)ပါးကို မလိုပေ။

---

## အမူလကဘာဝ ပါကဋကာလပြ ပါဠိ

ဤအဌမသံဃာဒိသိသ်၌ အမူလကဘာဝ ပါကဋကာလပြ ပါဠိကား-

“ဘိက္ခုစဒေါသံ ပတိဋ္ဌာတိ သံဃာဒိသေသော” တည်း။

ဣဒဥ္စ အမူလကဘာဝဿ ပါကဋကာလဒဿနတ္ထံ ဝုတ္တံ။
(ကင်္ခါ ၁၆၅-ဣ)

---

## ပါရာဇိက ကျပြီးသောရဟန်းကိုစောဒနာခြင်း၌အာပတ် သင့်ပုံ

ပါရာဇိက ကျ ပြီး သော ရဟန်းကို စဝနာ ခိပ္ပာယဖြင့် စောဒနာခြင်း၌ အာပတ်သင့်ပုံမှာ-

အကြင် ရဟန်းတပါးသည် ပါရာဇိက ကျပြီး ဖြစ်သည်။ ထိုသို့ ပါရာဇိကကျပြီးဖြစ်သည်ကို မသိရှိသော ရဟန်း တပါးက ပါရာဇိကမကျသေးဟုမှတ်ထင်ကာ သက်သက်စဝနာခိပ္ပာယဖြင့် ထိုပါရာဇိကကျပြီးသောရဟန်းအား ခွင့်မပန်ဘဲ စောဒန လျှင်

စောဒနာခံရသော ပါရာဇိကကျပြီးသောရဟန်းကလည်း ငါ့ကို စောဒနာ နေသည်ဟု စောဒနာသော ခဏဌ်ပင် သိရှိပါက စောဒနာသောရဟန်းမှာ စကားခွန်းတိုင်း သံဃာဒိသိသ်အာပတ်နှင့် ဒုက္ကဋ်အာပတ်သင့်သည်။

ခွင့်တောင်းပြီး စောဒနာမှုကား သံဃာဒိသိသ် အာပတ်သာ သင့်သည်။

**ဆောင်။** ။ပါရာကျလျက်၊ မသိချက်၊ သက်သက် စောဒနာ။
ခွင့်မတောင်းမှု၊ပြစ်နှစ်ရှု၊ခွင့်ပြု ပြစ်တစ်သာ။

---

## သူတပါး စောဒနာခိုင်းရာ၌ အာပတ်သင့်ပုံ

သူတပါးကို စောဒနာခိုင်းရာ၌ အာပတ်သင့်ပုံမှာ- (ဥပမာ) စောဒနာသောရဟန်းက ဦးတိဿဆိုပါစို့၊ ၎င်းဦးတိဿသည် စု ိတက အနားမှာရှိနေပြီး မိမိကိုယ်တိုင် မစောဒနာလိုသဖြင့် အခြားပုဂ္ဂိုလ် တပါးပါးကို စောဒနာခိုင်းသောအခါ အခိုင်းခံရသောပုဂ္ဂိုလ်က ဦးတိဿစကားအတိုင်းသာ စောဒနာပါက ဦးတိဿအားသာ သံဃာဒိသိသ်အာပတ်သင့်သည်။ အခိုင်းခံရသောပုဂ္ဂိုလ်မှာ အာပတ်မသင့်ချေ။

ထိုသို့မဟုတ်ဘဲ အခိုင်းခံရသောပုဂ္ဂိုလ်က ငါမြင်သည်- ငါကြားသည်ဟူ၍ စောဒနာပါမူကား ခိုင်းစေသော ဦးတိဿအပြင် အခိုင်းခံရသောပုဂ္ဂိုလ်ပါ အာပတ်သင့်သည်။

## ● စောဒနာဝိပ္ပဝါယ(၈)ပါးအတွက် အာပတ်သင့်ပုံ

စောဒနာဝိပ္ပဝါယ ရှစ်ပါး အတွက် အာပတ် သင့် ပုံ မှာ-အက္ကောသာ ဝိပ္ပဝါယ စသော ရှစ်ပါးသော ဝိပ္ပဝါယတို့တွင်-

၁။ အက္ကောသာဝိပ္ပဝါယ၊

၂။ စဝနာဝိပ္ပဝါယဟူသော ဤနှစ်ပါးတို့တွင် တပါးပါးဖြင့် စောဒနာလိုလျှင် စုဒိတက ပုဂ္ဂိုလ်ကို ခွင့် တောင်း ပြီး မှ စောဒနာရသည်။ ထိုသို့ခွင့်မတောင်းဘဲ စောဒနာလျှင် အက္ကောသာ ဝိပ္ပဝါယအတွက် ပါစိတ်အာပတ်နှင့် ဒုက္ကဋ်အာပတ်သင့်သည်။ စဝနာဝိပ္ပဝါယအတွက် သံဃာဒိသိသ်အာပတ်နှင့် ဒုက္ကဋ်အာပတ်သင့်သည်။

စုဒိတကပုဂ္ဂိုလ်ကို ခွင့်တောင်းပြီးမှ စောဒနာပါမူကား အက္ကောသာဝိပ္ပဝါယအတွက် ပါစိတ် အာ ပတ် သာ သင့် သည်။ စဝနာဝိပ္ပဝါယအတွက် သံဃာဒိသိသ် အာ ပတ် သာ သင့်သည်။ ကျန် (၆)ပါးသော စောဒနာ ဝိပ္ပဝါယ အတွက်မူကား စုဒိတက ပုဂ္ဂိုလ်ကို ခွင့်မတောင်းဘဲ စောဒနာသည့်အတွက် အာပတ် မပိုချေ။

---

## ● ပရမ္မုခစောဒနာခြင်း၌ အာပတ်သင့်ပုံ

ပရမ္မုခ စောဒနာခြင်း၌ အာပတ်သင့်ပုံမှာ-အကြင်ရဟန်းသည် စုဒိတကပုဂ္ဂိုလ်၏ မျက်ကွယ် (ပရမ္မုခ)၌ အာပတ်(၇)ပုံတို့တွင် တပုံပုံဖြင့် စောဒနာလျှင် စောဒနာသောရဟန်းမှာ ဒုက္ကဋ်အာပတ်သင့်သည်။

## နဝမ သံဃာဒိသိသ်

● အဓိကရဏသဒ္ဒါ(၃)ပါးအထူး

အဋ္ဌမ သံဃာဒိသိသ်လာ အဓိကရဏသဒ္ဒါ၊ နဝမသံဃာဒိသိသ်လာ အဓိကရဏသဒ္ဒါ၊ ဒသမ သံဃာဒိသိသ်လာ အဓိကရဏ သဒ္ဒါ သုံးပါးတို့၏အထူးကား-

အဋ္ဌမသံဃာဒိသိသ်လာ အဓိကရဏသဒ္ဒါကား-ပါရာဇိက အာပတ်ဟူသော အာပတ္တာဓိကရုဏ်းအနက်ရှိသည်။

နဝမသံဃာဒိသိသ်လာ အဓိကရဏသဒ္ဒါကား -တည်ရာ ဟူသောအနက်ရှိသည်။

ဒသမ သံဃာဒိသိသ်လာ အဓိကရဏ သဒ္ဒါကား- အကြောင်းဟူသောအနက်ရှိသည်။ ။ဤသို့ ထူးခြားကြသည်။

ဆောင်။ ။အာပတ်,တည်ရာ၊ ကြောင်းဘဖြာ၊ မှတ်ပါ သုံးနက်ရှိ။
အဓိကရဏ၊ ဝိသေသ၊ မှတ်ကြအလွယ်သိ။

---

## ဒသမ သံဃာဒိသိသ်

● သမဂ္ဂသံဃာ အဓိပ္ပာယ်

သမဂ္ဂသံဃာ ဟူသည်မှာ - သံဝါသအားဖြင့် တူညီမျှပြီး လျှင် တသိမ်တည်း၌ တည်လျက် ကိုယ်ဖြင့်ရင်း၊ စိတ်ဖြင့်ရင်း သမ္မယုတ်ဖြစ်သော သံဃာကို သမဂ္ဂသံဃာဟုခေါ်သည်။

ဆောင်။ ။ကိုယ်,စိတ်,အဟုတ်၊ သမ္မယုတ်၊ ဖော်ထုတ် သမဂ္ဂ။

## ● သံဃဘေဒက ရဟန်းကို ပြောဆိုဆုံးမထိုက်ပုံ

သံဃဘေဒကရဟန်းကို ပြောဆိုဆုံးမထိုက်ပုံမှာ- အကြင်ရဟန်းသည် သံဃဘေဒကရဟန်း၏ အပြုအမူကို တွေ့မြင်-ကြားသိလျှင် ထိုရဟန်းသည် သံဃဘေဒကရဟန်းနှင့် အတူတူနေသည်ဖြစ်စေ၊ တကျောင်းစီနေသည်ဖြစ်စေ၊ ပြောဆိုဆုံးမရန် တာဝန်ရှိသည်။ အယုတ်သဖြင့် သံဃဘေဒကရဟန်းရှိရာ ယူဇနာဝက်ခရီးသို့ပင် သွားရောက်၍ ပြောဆိုဆုံးမရန် ရဟန်းကောင်းတို့မှာ တာဝန်ရှိသည်၊ ယင်းသို့ မဆုံးမဘဲ လျစ်လျူရှုနေပါက ရဟန်းကောင်းတို့မှာ ဒုက္ကဋ်အာပတ် သင့်ပေသည်။

ဆောင်။ ။သံဃဘေဒကံ၊ ဆုံးမရန်၊ အမှန်တာဝန်ရှိ။
ယူဇနာဝက်၊ ခရီးတွက်၊ မပျက်တာဝန်သိ။

---

## ● သံဃဘေဒကရဟန်းအား အာပတ်သင့်ပုံ

သံဃဘေဒက ရဟန်းအား အာပတ်သင့်ပုံမှာ-သံဃာများက သမနုဘာသနကံကိုပြုသောအခါ သူ၏ အယူကို မစွန့်သော သံဃဘေဒကရဟန်းအား ဉတ်အဆုံးတွင် ဒုက္ကဋ် အာပတ်သင့်သည်။ ကမ္မဝါစာနှစ်ကြိမ် ပြီးဆုံးသည့် အခါတွင်မူ ကမ္မဝါစာ တကြိမ်လျှင် ထုလ္လစ္စည်း အာပတ် တချက်စီ သင့်၍ ထုလ္လစ္စည်း အာပတ်နှစ်ချက်သင့်သည်။ သုံးကြိမ်မြောက်သော ကမ္မဝါစာ၌မူ- "ယဿ နက္ခမတိ သော ဘာသေယျ"၌ 'ယျ' အက္ခရာသို့ ရောက်သောအခါ သမနုဘာသနကံအဆုံး ကမ္မဝါစာ နှစ်ကြိမ် အပြီးတွင် သင့်ရောက်ခဲ့သောဒုက္ကဋ်အာပတ်တချက်နှင့် ထုလ္လစ္စည်း အာပတ်နှစ်ချက်မှာ ပြေငြိမ်း ကင်းပျောက်ကာ သံဃာဒိသိသ် အာပတ်တချက်သာ သင့်လေသည်။

---

## ကောဒသမ သံဃာဒိသိသ်

● ကောဝေါ်၊ ဒွေဝေါ်၊ တယောဝေါ်ဟူ၍ ဟောရခြင်း အကြောင်း

ဤ ကောဒသမ သံဃာဒိသိသ်၌ စတုတ္ထံဝေါ်၊ ပဉ္စမံဝေါ်-စသည်ဖြင့် မဟောကြားဘဲ ကောဝေါ်၊ ဒွေဝေါ်၊ တယောဝေါ်ဟူ၍ ဟောရခြင်းအကြောင်းမှာ- ကံ-သည် ပဂ္ဂဟကံ, နိဂ္ဂဟကံဟူ၍ (၂)ပါး ရှိရာတွင် နိဂ္ဂဟကံမှာ (၃)ပါးထက်လွန်သော (၄)ပါး၊ (၅)ပါးသော သံဃာတို့ကို ကံ မပြု ကောင်း ချေ။ ထို့ကြောင့် ကောဝေါ်၊ ဒွေဝေါ်၊ တယောဝေါ်ဟူ၍သာ ဟောကြား၍ စတုတ္ထံဝေါ်၊ ပဉ္စမံဝေါ် စသည်ဖြင့် မဟောကြားပေ။

ယသ္မာ ပန တိဏ္ဏံ ဥဒ္ဓံ ကမ္မာရဟာ နဟောန္တိ၊နဟိသံဃော သံဃဿ ကမ္မံ ကရောတိ၊ တသ္မာ ကောဝေါ်၊ ဒွေဝေါ်၊ တယောဝေါ်တိ။ (ကင်္ခါ ၁၇၀-ဋ္ဌ)

ဆောင်။ ။နိဂ္ဂဟကံ၊ မှတ်စေရန်၊ သံဃံမပြုကောင်း။ ကောဒွေဝေါ်၊ တယောသာ၊ မိန့်မှာ မှတ်စေကြောင်း။

## တေရသမ သံဃာဒိသိသ်

●

### ● နဂရသဒ္ဒါကို မဟောခြင်းအကြောင်း

ဤ တေရသမ သံဃာဒိသိသ်၌ ဂါမံ ဝါ၊ နိဂမံ ဝါ ဟု ဂါမ နိဂမတို့သာ ဟောကြားပြီး နဂရကို မဟောခြင်းအကြောင်းမှာ- နဂရ-ဟူသော မြို့သည် ဂါမဟူသောရွာတွင် အကျုံးဝင်ပြီးဖြစ်၍ နဂရံ-ဟူ၍ သီးခြားမဟောတော့ဘဲ ဂါမံ ဝါ, နိဂမံ ဝါ ဟူ၍သာ ဟောကြားပေသည်။

တေရသမေ ဂါမံ ဝါ နိဂမံ ဝါတိ ဧတ္ထ နဂရမ္ပိ ဂါမေ အန္တောဂဓမေဝ။ (ကင်္ခါ ၁၇၁-ဋ္ဌ)

---

### ● ကုလဒူသကဝတ္ထု သရုပ်(၈)ပါး

ကုလဒူသကဝတ္ထုသည်-

၁။ ပန်း၊

၂။ သစ်သီး၊

၃။ ဆပ်ပြာမှုန့်၊

၄။ မြေညက်၊

၅။ ဒန်ပူ၊

၆။ ခြေဖြင့်သွားခြင်း၊

၇။ ဝါး၊

၈။ ဆေးကုခြင်းဟူ၍ (၈)ပါးရှိသည်။

ဆောင်။ ။ပန်း, သီး, မှုန့်, မြေ၊ ဝါး, ပူ, ခြေ၊ ဝဇ္ဇ ဒူရှစ်ဖြာ။

## ● အာပတ္တိပဋိစ္ဆာဒနလက္ခဏာအပြား (၁၀)ပါး

အာပတ္တိပဋိစ္ဆာဒန လက္ခဏာသည်-

၁။ အာပတ္တိ၊
၂။ အာပတ္တိသညီ၊
၃။ ပကတတ္တ၊
၄။ ပကတတ္တ သညီ၊
၅။ အနန္တရာယိက၊
၆။ အနန္တရာယိကသညီ၊
၇။ ပဟု၊
၈။ ပဟုသညီ၊
၉။ ဆာဒေတုကာမော၊
၁၀။ ဆာဒေတိ ဟူ၍ (၁၀)ပါးရှိသည်။

ဆောင်။ ။အာ ပတ်, ပကတတ်၊ အနန်ထပ်၊ နှစ် ရပ် ပဟူရှု။
ဆာ ဒေ နှစ် ပါး၊ ဤဆယ် ပါး၊မှတ်သား ဖုံးစေမှု။

---

## ● ပရိဝါသ်အပြား(၃)ပါး

ပရိဝါသ်သည်-

၁။ ပဋိစ္ဆန္နပရိဝါသ်၊
၂။ သုဒ္ဓန္တပရိဝါသ်၊
၃။ သမောဓာနပရိဝါသ်ဟူ၍ (၃)ပါးရှိသည်။

ဆောင်။ ။ပဋိ,သုဒ္ဓ၊သမောပြ၊သုံးဝပရိဝါသ်။

## ● သံဃာဒိသိသ် အာပတ်ကို သဇာတိသာဓာရဏ၊ သဗ္ဗသာဓာရဏာခွဲခြားပုံ

သံဃာဒိသိသ်ဟူသောစကားကိုသဇာတိသာဓာရဏ၊သဗ္ဗသာဓာရဏအားဖြင့် ခွဲခြားပုံကား-သံဃာဒိသိသ်ဟူသောအမည်သည် မိမိ၏ဇာတ်နှင့်သာ ဆက်ဆံ သောကြောင့် သဇာတိသာဓာရဏမည်၏။

အာပတ် ဟူသော အမည်သည် အလုံးစုံသော အာပတ်တို့နှင့် ဆက်ဆံသောကြောင့် သဗ္ဗသာဓာရဏမည်သည်။

တတ္ထ နာမံ ဒုဝိဓံ သဇာတိသာဓာရဏံ, သဗ္ဗသာဓာရဏဉ္စ၊တတ္ထ သံဃာဒိသေသောတိ သဇာတိသာဓာရဏဉ္စ၊ အာပတ္တီတိ သဗ္ဗသာဓာရဏံ။

(ကင်္ခါ ၁၇၄-ဥ)

---

## ● သုဒ္ဓန္တပရိဝါသ်အပြား(၂)ပါး

သုဒ္ဓန္တပရိဝါသ်အပြားသည်-

၁။ စူဠသုဒ္ဓန္တ၊
၂။ မဟာသုဒ္ဓန္တ ဟူ၍ (၂)ပါးရှိသည်။

သော ဒုဝိဓော စူဠသုဒ္ဓန္တော, မဟာသုဒ္ဓန္တောတိ။

(ကင်္ခါ ၁၆၅-ဣ)

---

## ● သမောဓာနပရိဝါသ်အပြား(၃)ပါး

သမောဓာနပရိဝါသ်သည်-

၁။ ဩဓာနသမောဓာနပရိဝါသ်၊
၂။ အဂ္ဃသမောဓာနပရိဝါသ်၊
၃။ မိဿကသမောဓာနပရိဝါသ်ဟူ၍ (၃)ပါးရှိသည်။

သော တိဝိဓော ဟောတိ ဩဓာန သမောဓာနော, အဠွသမောဓာနော, မိဿကသမောဓာနောတိ။
(ကခ်ါ ၁၇၆-ဏ္ဍ)

● ဩဓာနသမောဓာနပရိဝါသ်အဓိပ္ပာယ်

ဩဓာနသမောဓာနပရိဝါသ် ဟူသည်မှာ-အန္တရာပတ်သို့ ရောက်၍ ဖုံးလွှမ်းသော ရဟန်းအား ပရိဝါသ် နေပြီးသော နေ့ရက်တို့ကို ခါ၍၊ ချေ၍ ပုရိမအာပတ်၏ အရင်း ဖြစ်သော နေ့အပိုင်းအခြား၌ နောက်မှသင့်သော အာပတ်ကို ပေါင်း၍ ပေးအပ်သော ပရိဝါသ်ကို ဩဓာန သမောဓာန ပရိဝါသ်ဟု ခေါ်သည်။

● အဠွသမောဓာနပရိဝါသ် အဓိပ္ပာယ်

အဠွသမောဓာနပရိဝါသ်ဟူသည်မှာ-များစွာကုန်သော အာပတ်တို့တွင် တပါးလည်းဖြစ်သော၊ နှစ်ပါးလည်း ဖြစ်သော၊ သုံးပါးလည်း ဖြစ်သော၊ များစွာလည်း ဖြစ်ကုန်သော အကြင် အာပတ်တို့သည် ခပ်သိမ်းသောအာပတ်တို့ထက် ရှည်မြင့်စွာသော ညဉ့်တို့ပတ်လုံး ဖုံးလွှမ်းအပ်ကုန်၏၊ ထိုအာပတ်တို့၏ ထိုက်သော အားဖြင့် ပေါင်း၍ ရှည်မြင့်စွာ ဖုံးလွှမ်း အပ်ကုန်သော အာပတ်တို့ ၏ ညဉ့်အပိုင်းအခြား၏ အစွမ်းအားဖြင့် ကြွင်းကုန်သော ယုတ်သော ဖုံးလွှမ်းခြင်းရှိကုန်သော အာပတ်တို့အား ပေးအပ် သော ပရိဝါသ်ကို အဠွသမောဓာနပရိဝါသ်ဟု ခေါ်သည်။

## မိဿကသမောဓာနပရိဝါသ်အဓိပ္ပာယ်

မိဿကသမောဓာနပရိဝါသ် ဟူသည်မှာ-နာနာဝတ္ထုက အာပတ်တို့ကို တပေါင်းတည်း ပြု၍ ပေးအပ်သော ပရိဝါသ်ကို မိဿကသမောဓာနပရိဝါသ်ဟုခေါ်သည်။

> မိဿကသမောဓာနော နာမ နာနာ ဝတ္ထုကာယော အာပတ္တိယော ဧကတော ကတွာ ဒါတဗ္ဗပရိဝါသောတိ ဝုစ္စတိ။ (ကခ်ါ ၁၇၆-၉)

---

## အဂ္ဃ သမောဓာန ပရိဝါသ်နှင့် မိဿက သမောဓာန ပရိဝါသ်အထူး

အဂ္ဃသမောဓာနပရိဝါသ် ဟူသည်မှာ - နာနာဝတ္ထုက သော်လည်းဖြစ်စေ၊ ဧကဝတ္ထုကသော်လည်းဖြစ်စေ၊ အစိရပဋိစ္ဆန္န ကို စိရပဋိစ္ဆန္န အာပတ်သို့ ပေါင်း၍ ပေးအပ်သော ပရိဝါသ်ကို အဂ္ဃသမောဓာနပရိဝါသ်ဟု ခေါ်သည်။

မိဿက သမောဓာနပရိဝါသ် ဟူသည်မှာ-နာနာဝတ္ထုက အာပတ်ကို တပေါင်းတည်း ပြု၍ ပေးအပ်သော ပရိဝါသ်ကို မိဿကသမောဓာနပရိဝါသ်ဟု ခေါ်သည်။ ။ဤသို့ ထူးခြားကြသည်။

---

## မာနတ်အပြား(၂)ပါး

မာနတ်သည်-

၁။ ပဋိစ္ဆန္နမာနတ်၊

၂။ အပဋိစ္ဆန္နမာနတ် ဟူ၍ (၂)ပါးရှိသည်။

> ဘိက္ခုမာနတ္တံ ပနေတံ ပဋိစ္ဆန္နာပဋိစ္ဆန္နဝသေန ဒုဝိဓံ။ (ကခ်ါ ၁၇၆-၉)

---

## ● အပဋိစ္ဆန္နမာနတ်နှင့် ပဋိစ္ဆန္နမာနတ်အထူး

အပဋိစ္ဆန္နမာနတ် ဟူသည်မှာ-အာပတ်ကို မဖုံးလွှမ်းသော ရဟန်းအား ပရိဝါသ်ကို မပေးရဘဲ ပေးအပ်သော မာနတ်ကို အပဋိစ္ဆန္နမာနတ်ဟု ခေါ်သည်။

ပဋိစ္ဆန္နမာနတ် ဟူသည်မှာ - အာပတ်ကို ဖုံးလွှမ်းသော ရဟန်းအား ပရိဝါသ်ကို ပေးပြီးသည်၏အဆုံး၌ ပေးအပ်သော မာနတ်ကို ပဋိစ္ဆန္နမာနတ်ဟု ခေါ်သည်။ ။ဤသို့ ထူးခြားကြသည်။

> တတ္ထ ယဿ အပဋိစ္ဆန္နာပတ္တိ ဟောတိ၊ တဿပရိဝါသံ အဒတွာ မာနတ္တမေဝ ဒါတဗ္ဗံ၊ ဣဒံ အပဋိစ္ဆန္နမာနတ္တံ။
> ယဿ ပဋိစ္ဆန္နာပတ္တိ ဟောတိ၊ တဿ ပရိဝါသံ ပရိဝုတ္ထ ဝသာနေ ဒါတဗ္ဗံ မာနတ္တံ ပဋိစ္ဆန္နမာနတ္တန္တိ ဝုစ္စတိ။
> (ကင်္ခါ ၁၇၆-၇ ဠ)

ဆောင်။ ။ပရိဝါသ်မပေး၊ မာနတ်ပေး၊ ခေါ်ရေး အပဋိစ္ဆန္န။
ပရိဝါသ်ပေး၊ မာနတ်ပေး၊ ခေါ်ရေး ပဋိစ္ဆန္န။

**သံဃာဒိသေသ သုဒ္ဒေသ ပြီး၏။**

# အနိယတဒွေသ

●

## ပထမသိက္ခာပုဒ်

### ● မာတုဂါမေနသဒ္ဓိံ၌ မာတုဂါမအရ

ဤပထမအနိယတ သိက္ခာပုဒ်လာ "မာတုဂါမေနသဒ္ဓိံ" ဟူသော စကားရပ်၌ မာတုဂါမေနအရ "မာတုဂါမ" ဟူသည်မှာ သိုနေ့ မွေးဖွားသည်လည်း ဖြစ်သော အသက်ရှင်လျက် ရှိသော သူမိန်းမကို မာတုဂါမဟုခေါ်သည်။

မာတုဂါမောတိ တဒဟုဇာတာပိ ဇီဝမာနက မနုဿိတ္ထိယာ။ ။(ကခ်ါ ၁၈၇-ဟံ)

---

### ● ရဟာအပြား(၂)ပါး

ရဟာသည်—

၁။ စက္ခုရဟာ၊

၂။ သောတရဟာ-ဟူ၍ (၂)ပါးရှိသည်။

မှတ်ချက်။ ။ဤပထမ အနိယတ သိက္ခာပုဒ်၌ ပဋိစ္ဆန္နေ အာသနေဟူသော စကားရပ်ကိုထောက်ဆ၍ အထက်ပါ ရဟာ(၂)မျိုးတွင် စက္ခုရဟာကိုသာလိုအပ်သည်၊ သောတရဟာကို မလိုအပ်ပေ။

## ● ပထမ အနိယတ သိက္ခာပုဒ်အရ အာပတ်သင့်ပုံ

ဤပထမ အနိယတသိက္ခာပုဒ်အရအာပတ်သင့်ပုံမှာ-

၁။ တယောက်ချင်းချင်းမာတုဂါမနှင့်ရဟန်းတို့ အခန်းထဲမှာနေထိုင်၍ ပိတ်ထားသော တံခါး၏အပြင်ဘက်က သိကြားလိမ့်မှာသော လူယောကျ်ား ရှိငြားသော်လည်း ဤသိက္ခာပုဒ်အရ အာပတ်သင့်သည်။

၂။ တယောက်ချင်းချင်း မာတုဂါမနှင့်ရဟန်းတို့ နေထိုင်သည်ကို မြင်လောက်သော ၁၂-တောင်အတွင်း ဖြစ်သော အရပ်၌ စက္ခုပသာဒနှင့်ပြည့်စုံသော ပျံ့လွင့်သောစိတ် ရှိသော ယောကျ်ားရှိနေသော်လည်းကောင်း၊ ထိုင်၍ အိပ်ငိုက်နေသော ယောကျ်ားရှိနေသော်လည်းကောင်း ဤသိက္ခာပုဒ်အရ အာပတ်မသင့်ပေ။

၃။ တယောက်ချင်းချင်း မာတုဂါမနှင့်ရဟန်းတို့ နေထိုင်သည်ကို မြင်လောက်သော (၁၂)တောင်အတွင်း ဖြစ်သော အရပ်၌ စက္ခုပသာဒနှင့်ပြည့်စုံသော လူယောကျ်ား လျှောင်း၍ အိပ်နေပါက ဤသိက္ခာပုဒ်အရ အာပတ်သင့်သည်။

၄။ တယောက်ချင်းချင်း မာတုဂါမနှင့်ရဟန်းတို့ နေထိုင်သည်ကို မြင်လောက်သောအရပ်၌ မာတုဂါမတရာ တည်ရှိနေထိုင်ငြားသော်လည်း ဤသိက္ခာပုဒ်အရ အာပတ်သင့်သည်။

## ● ကောကောယပုဒ်(၂)ပါးအထူး

ပထမ အနိယတ သိက္ခာပုဒ်၌လာသော ကောကောယ ပုဒ်နှင့် ပြဆိုလတ္တံ့သော ဒုတိယ အနိယတ သိက္ခာပုဒ်လာ ကော ကောယပုဒ်အထူးကား– ပထမ အနိယတသိက္ခာပုဒ်လာ ကော ကောယဟူသည်မှာ- တယောက်ချင်းချင်းမာတုဂါမနှင့်ရဟန်းတို့ မိန်းမအဖော်ရှိစေကာမူ ယောကျ်ားအဖော်မရှိဘဲ ဆိတ်ကွယ်ရာ အရပ်၌နေခြင်းကို "ကောကောယ"ဟုခေါ်သည်။

ဒုတိယ အနိယတ သိက္ခာပုဒ်၌လာသော ကောကောယ ဟူသည်မှာ- တယောက်ချင်းချင်း မာတုဂါမနှင့် ရဟန်းတို့ ယောကျ်ားအဖော်ဖြစ်စေ၊ မိန်းမအဖော်ဖြစ်စေ၊ အဖော်တခုခု မရှိဘဲ ဆိတ်ကွယ်ရာအရပ်၌ နေထိုင်ခြင်းကို ကောကောယဟု ခေါ်သည်။ ။ဤသို့ ထူးခြားကြသည်။

---

## ● 'နိသဇ္ဇံကပ္ပေယျ'ပုဒ်အရ နိသဇ္ဇနအဓိပ္ပာယ်

ဤပထမအနိယတသိက္ခာပုဒ်လာ ကောကောယရဟော နိသဇ္ဇံကပ္ပေယျ-ဟူသော ပါဠိစကားရပ်အရ ထိုင်ခြင်းကိုသာ နိသဇ္ဇန မဆိုပေ၊ အိပ်ခြင်းကိုလည်း နိသဇ္ဇန-ဟူ၍ ဆိုသည်။ ထို့ကြောင့် ဤသိက္ခာပုဒ်အရ တယောက်ချင်းချင်း မာတုဂါမနှင့် ရဟန်းတို့ထိုင်နေသော်လည်းကောင်း၊အိပ်နေသော်လည်းကောင်း အာပတ်သင့်ပေသည်။

နိသဇ္ဇံ ကပ္ပေယျာတိ နိသဇ္ဇံ ကရေယျ၊ နိသီဒေယျာတိ
အတ္ထော၊ ဧတ္ထစ သယနမ္ပိ နိသဇ္ဇာယဧဝ သင်္ဂဟိတံ။
(ကင်္ခါ ၁၈၇-ဟံ)

ဆောင်။ ။ထိုင်ခြင်း, အိပ်ခြင်း၊ ထိုနှစ်ခင်း၊ ဖြေရှင်းနိသဇ္ဇ။

## အနိယတအဓိပ္ပာယ်

အနိယတဟူသည်မှာ-ပါရာဇိကအာပတ်ဟူ၍ရှင်း၊သံဃာဒိသိသ်အာပတ်ဟူ၍ရှင်း၊ ပါစိတ်အာပတ်ဟူ၍ရှင်း အမြဲမမှတ်အပ်၊ အာပတ်ဝတ္ထုကို ဝန်ခံသည်၏ အစွမ်းအားဖြင့်သာလျှင်ဆုံးဖြတ်အပ်သောကြောင့် အနိယတမည်သည်။

အယံ ဓမ္မော အနိယတောတိ တိဏ္ဏံ အာပတ္တီနံ ယံ အာပတ္တိံ ဝါ ဝတ္ထုံ ဝါ ပဋိဇာနာတိ၊ တဿ ဝသေန ကာရေတဗ္ဗတာယ အနိယတော။ ။(ကင်္ခါ ၁၈၈-ဟံ)

ပဆောင်။ ။ပါ၊ သံ၊ ပါစိ၊ မြဲမရှိ၊ ခေါ်ဘိအနိယတ။

---

# ဒုတိယသိက္ခာပုဒ်

## မာတုဂါမအားရမှတ်ရန်

ဤဒုတိယ အနိယတ သိက္ခာပုဒ်အရ မာတုဂါမဟူသည်မှာ- မွေးဖွားခါစမှ အစပြုသော အသက်ရှင်စဉ်ဖြစ်သော လူမိန်းမကို မာတုဂါမဟုခေါ်သည်။

အနိယတ ၂ သွယ်ပြီး၏

# ဝိတ္တာရဒွေသ
# နိဿဂ္ဂိယ - ပါစိတ္တိယ

### စီဝရဝဂ္ဂ၊ ပထမ ကထိနသိက္ခာပုဒ်

**နိဒ္ဒိတစီဝရအပြား**

နိဒ္ဒိတစီဝရသည် -

၁။ သုစိကမ္မပရိယောသာန၊
၂။ နဋ္ဌ၊
၃။ ဝိနဋ္ဌ၊
၄။ ဒဍ္ဍ၊
၅။ စီဝရာသာဥပစ္ဆိန္န-ဟူ၍ (၅)ပါးရှိသည်။

နိဋ္ဌိတစီဝရသ္မိန္တိ သူစိကမ္မ ပရိယောသာနေနဝါ, နဋ္ဌံဝါ, ဝိနဋ္ဌံဝါ, ဒဍ္ဎံဝါ, စီဝရာသာဝါ ဥပစ္ဆိန္နာတိ ဣမေသုဝါ ယေနကေနစိ အာကာရေန နိဋ္ဌိတေ စီဝရသ္မိံ။

(ကင်္ခါ ၁၀၉-ဟံ)

**ဆောင်။** ။သုစိ, နဋ္ဌ၊ ဝိနဋ္ဌ၊ ဒဍ္ဎ, စီဝရာ။
နိဋ္ဌိတသရုပ်၊ ငါးပါးထုတ်၊အဟုတ်ထင်ရှားစွာ။

**မှတ်ချက်။** ။ဤ "နိဋ္ဌိတစီဝရသ္မိံ" ဟူသော ပါဠ်ဖြင့် အာဝါသပလိဗောဓ၊ စီဝရပလိဗောဓနှစ်မျိုး တို့တွင် စီဝရပလိဗောဓပြီးဆုံးသည်ကိုပြသည်။

## ● ကထိန်ခင်းလောက်သော သံဃာအရေအတွက်

ကထိန် ခင်း လောက်သော သံ ဃာ အ ရေ အ တွက် မှာ- အကြြင်ကျောင်းမှာကထိန်ခင်းလိုလျှင် ပုရိမဝါကျွတ်သောရဟန်း အယုတ်ဆုံး သံဃာငါးပါးရှိမှသာလျှင် ကထိန်ခင်းနိုင်သည်။

အယံ ဟိ ကထိနတ္ထာရောနာမ ဘဂဝတာ ပုရိမဝဿံ ဝုတ္ထာနံ အနုညာတော၊ သောသဗ္ဗန္တိမေန ပရိစ္ဆေဒေန ပဉ္စန္နံ ဇနာနံ ဝဋ္ဋတိ။ ။(ကာခါ ၁ဂ၉-ဟံ)

## ● သံဃာငါးပါးမရှိသောကျောင်း ကထိန်ခင်းပုံ

ပုရိမ ဝါကျွတ်သော သံဃာငါးပါး မပြည့်စုံသော ကျောင်း၌ ကထိန်ခင်းပုံမှာ-

အကြြင် ကျောင်းတွင် ပုရိမဝါကျွတ်သော သံဃာငါး ပါး အပြည့်အစုံမရှိဘဲ လေးပါးသော်ငှင်း၊ သုံးပါးသော်ငှင်း၊ နှစ်ပါးသော်ငှင်း၊ တပါးသော်ငှင်း ရှိခဲ့လျှင် ကထိန်မခင်းနိုင်ချေ၊ ထိုသော် ငှင်းကျောင်း၌ ကထိန်ခင်းလိုခဲ့သော် ငှင်းကျောင်းတွင် ပစ္ဆိမဝါကပ်သော ရဟန်းတို့ကို ဂဏပူရကပြုလုပ်ကာ ကထိန် ခင်းနိုင်သည်၊ ထိုသော် ပစ္ဆိမဝါကပ်သော ရဟန်းတို့မှာ ဂဏ ပူရကလောက်သာဖြစ်သည်၊ ကထိန်အာနိသင်ကို မရနိုင်ကြပေ။

ယတ္ထ စတ္တာရော ဝါ တယော ဝါ ဒွေ ဝါ ဧကော ဝါ ပုရိမဝဿံ ဥပဂတော၊ တတ္ထ ပစ္ဆိမဝဿူပဂတေ ဂဏ ပူရကေ ကတွာ အတ္ထရိတဗ္ဗံ၊ တေစ ဂဏပူရကာဝ ဟောန္တိ၊ အာနိသံသေ နလဗ္ဘန္တိ။ ။(ကာခါ ၁ဂ၉-ဟံ)

## ● ကထိန်အာနိသင်အပြား(၅)ပါး

ကထိန်အာနိသင်သည်-

၁။ အနာမန္တစာရ၊
၂။ အသမာဒါနစာရ၊
၃။ ယာဝဒတ္ထစီဝရ၊
၄။ ယောစတတ္ထစီဝရုပ္ပါဒ၊
၅။ ဂဏဘောဇန-ဟူ၍ (၅)ပါးရှိသည်။

ဆောင်။ ။အနာ, အသ၊ ယာဝပြ၊ ဂဏ, ယောဘတ္တာ။
အာနိသင်အပြား၊ ငါးပါး၊မှတ်သားသောတုနာ။

---

## ● ကထိန်နုတ်ခြင်း မာတိကာ(၈)ပါးသရုပ်-

ကထိန်နုတ်ခြင်းမာတိကာသည်—

၁။ ပက္ကမနန္တိကာ၊
၂။ နိဋ္ဌာနန္တိကာ၊
၃။ သန္နိဋ္ဌာနန္တိကာ၊
၄။ နာသနန္တိကာ၊
၅။ သဝနန္တိကာ၊
၆။ အာသာဝစ္ဆေဒိကာ၊
၇။ သီမာတိက္ကမနန္တိကာ၊
၈။ သဟုဗ္ဘာရာ-ဟူ၍ (၈)ပါးရှိသည်။

ဆောင်။ ။ပက္က,နိဋ္ဌ၊ သန္နိပြ၊ နာသ,သဝနာ။
အာသာ,သီမာ၊သဟုဗ္ဘာ၊ရှစ်ဖြာမာတိကာ။

## ● အတီရေကစိဝရအဓိပ္ပာယ်

အတိရေက စိဝရဟူသည်မှာ–အဓိဋ္ဌာန်လည်းမဘင်၊ဝိကပ္ပနာလည်း မပြုရသေးသော အဓိဋ္ဌာန်တင်ခြင်း၊ ဝိကပ္ပနာပြုခြင်း အမှုတို့ကို ပြုအပ်ပြီးသောသင်္ကန်းတို့၌ အကျုံးမဝင်သော သင်္ကန်းကို အတိရေကစီဝရဟု ခေါ်သည်။

အဓိဋ္ဌိတဝိကပ္ပိတေသု အပရိယာပန္နတ္တာ အတိရေကံ စီဝရန္တိ အတိရေက စီဝရံ။ (ကင်္ခါ ၁၉၁-ဟံ)

**ဆောင်။** ။ဓိဋ္ဌာန်,ဝိကပ်၊ ကင်းတုံလတ်၊ခေါ်အပ် အတိရေက။

---

## ● အတိရေကံ စီဝရံ၌'စီဝရ'သရုပ်

အတိရေကံ စီဝရံ၌ စီဝရသရုပ်မှာ -

၁။ ခေါမ၊

၂။ ကပ္ပာသိက၊

၃။ ကောသေယျ၊

၄။ သာဏ၊

၅။ ဘင်္ဂ၊

၆။ ကမ္ဗလ ဟူ၍ (၆)ပါးရှိသည်။

စီဝရံနာမ ခေါမံ, ကပ္ပါသိကံ, ကောသေယျံ, ကမ္ဗလံ, သာဏံ, ဘင်္ဂန္တိ တေသံဝါ တဒနုလောမံဝါ အညတရံ။ (ကင်္ခါ ၁၉၁-ဟံ)

**ဆောင်။** ။ခေါမံကောသေယျ၊ ကပ္ပါသ၊ သာဏ ဘင်္ဂ ကမ္ဗလံ။

## ● အနုလောမသက်န်းအပြား(၆)ပါး သရုပ်

အနုလောမသက်န်းသည်-

၁။ ဒုကူဋ၊
၂။ ပတ္တုဏ္ဏ၊
၃။ သောမာရပဋ္ဋ၊
၄။ စိနဇ၊
၅။ ကူဒ္ဓိဇ၊
၆။ ဒေဝဒိန္န ဟူ၍ (၆)ပါး ရှိသည်။

**ဆောင်။** ။ဒု၊ ပ၊ သောမာ၊ စိနဇာ၊ ကူဒ္ဓိ၊ ဒေဝဒါ။

---

## ● ဤ ပထမ ကထိနသိက္ခာပုဒ်အရ "စီဝရ"

ဤ ပထမ ကထိနသိက္ခာပုဒ်တွင် လိုအပ်သော စီဝရမှာ-အခြင်္ဂာန် ဝိကပ္ပနာပြုလောက်သော မြတ်စွာဘုရား၏ လက်သစ်တော်ဖြင့် အလျား လက်ရှစ်သစ်၊ အနံ လက်လေးသစ် ရှိသော စီဝရ ဖြစ်သည်။

ပမာဏတော ပန တံ ဝိကပ္ပနုပဂံ ပစ္ဆိမံ ဣမ အဓိပ္ပေတံ၊ ဝုတ္တဉှေတံ အနုဇာနာမိ ဘိက္ခဝေ အာယာမတော အဋ္ဌင်္ဂုလံ သုဂတင်္ဂုလေန စတုရင်္ဂုလဝိတ္ထတံ ပစ္ဆိမံ စီဝရံ ဝိကပ္ပေတုန္တိ။ (ကခ်ါ ၁၉၁-ဟံ)

**ဆောင်။** ။မြတ်စွာလက်သစ်၊ အလျားရှစ်၊ လေးသစ်အနံရှိ။
ပထမ ကထိန၊ စီဝရ၊ မှတ်ကြခွဲခြားသိ။

---

## သက်န်း(၉)ထည် သရုပ်

သက်န်းသည်-

| | |
|---|---|
| ၁။ အန္တရဝါသက၊ | ၆။ ကဏ္ဍုပ္ပဋိစ္ဆာဒိ၊ |
| ၂။ ဥတ္တရာသင်္ဂ၊ | ၇။ ပရိက္ခာရ စောဠ၊ |
| ၃။ သံဃာဋိ၊ | ၈။ မုခပုဉ္ဆန၊ |
| ၄။ ပစ္စတ္ထရဏ၊ | ၉။ နိသီဒန ဟူ၍ |
| ၅။ ဝဿိက သာဋိက၊ | (၉)ပါး ရှိသည်။ |

ဆောင်။ ။သံ,ဥတ်,အန်,ပ၊ဝသ်,ကဏ်ပ၊ မုခ,နိသီဒိုင်။

## အဓိဋ္ဌာန်တင်ရန်လိုသော သက်န်းများ

သင်္ကန်း (၉) ထည်တွင် အဓိဋ္ဌာန်မတင်ရသော သင်္ကန်း ဟူ၍မရှိပေ။သင်္ကန်း(၉)ထည်လုံးကိုပင် အဓိဋ္ဌာန်တင်ရပေသည်။

ဆောင်။ ။သင်္ကန်းဟူသမျှ၊ဓိဋ္ဌာန်ရ၊မှတ်ကြသောတုနေ။

## တိစီဝရိက်ကို အဓိဋ္ဌာန်မတင်မီပြုလုပ်ရသောအချက်များ

တိစီဝရိက်ကို အဓိဋ္ဌာန်တင်လိုသောရဟန်းသည် အဓိဋ္ဌာန် မတင်မီ ရှေးအဘို့၌ သင်္ကန်းကို ဆိုးခြင်း၊ ကပ္ပဗိန္ဒု ထိုးခြင်း အမှုတို့ကို ပြီးအောင် ပြုလုပ်ရသည်။ ယင်းသို့ပြုလုပ်ပြီးမှ ၎င်း တိစီဝရိက်များ ပမာဏလောက်လျှင် အဓိဋ္ဌာန်တင်ရသည်။

တိစီဝရံ အဓိဋ္ဌဟန္တေန ရဇိတွာ ကပ္ပဗိန္ဒုံ ဒတွာ ပမာဏ ယုတ္တမေဝ အဓိဋ္ဌာတဗ္ဗံ။ ။(ကင်္ခါ ၁၉၁-ဟံ)

ဆောင်။ ။ဆိုးမှု,ထိုးမှု၊ ကျိန်နှစ်ခု၊ မှတ်ရှု၍ တင်လုပ်။ ပမာဏလောက်၊ ဓိဋ္ဌာန်ဆောက်၊ မပေါက် အစဉ်ဟုဘ်။

## ● တိစီဝရိက်၏ ပမာဏ

သံဃာဋိ၊ အန္တရဝါသက၊ ဥတ္တရာသင်္ဂ ဟူသော တိစီဝရိက် သင်္ကန်း(၃)ထည်၏ ပမာဏကား-

သံဃာဋိနှင့် ဥတ္တရာသင်္ဂ၏ပမာဏမှာ အလျားငါးတောင် တောင်ဆုပ်၊ အနံ သုံးတောင် တောင်ဆုပ် ဖြစ်သည်။

အန္တရဝါသက၏ ပမာဏမှာ အလျားငါးတောင် တောင်ဆုပ်၊ အနံ နှစ်တောင် တောင်ဆုပ် ဖြစ်သည်။

---

## ● ပမာဏမလောက်သော တိစီဝရိက်ကို အဓိဋ္ဌာန်တင်ပုံ

အထက်တွင်ပြဆိုခဲ့သော ပမာဏမရှိသော တိစီဝရိက်ကို အဓိဋ္ဌာန်တင်လိုလျှင် ပရိက္ခာရစောဠ အဓိဋ္ဌာန် တင်ရ ပေသည်။

ဝုတ္တပမာဏတော ပန အတိရေကဥ္စ ဦနကဥ္စ ပရိက္ခာရစောဠန္တိ အဓိဋ္ဌာတဗ္ဗံ။ (ကင်္ခါ ၁၉၁-ဟံ)

ဆောင်။ ။ပမာဏပို၊ ယုတ်လျော့ကို၊ ဓိဋ္ဌ်ဆိုပရိက္ခာရ။

---

## ● ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ခြင်းအကျိုး

ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ရခြင်းအကျိုးကား-လွယ်ကူ ချမ်းသာစွာ အသုံးပြုနိုင်ခြင်းအကျိုးရှိပေသည်။

ဣဒဉ္စ ပန တိစီဝရံ သုခပရိဘောဂတ္ထံ ပရိက္ခာရစောဠံ အဓိဋ္ဌာတုံပိ ဝဋ္ဋတိ။ (ကင်္ခါ ၁၉၂-ဟံ)

## ● အများ အဓိဋ္ဌာန်တင်နိုင်သော သက်န်း(၃)ထည်

သင်္ကန်း (၉)ထည်တို့တွင် တထည်, နှစ်ထည် စသည်ဖြင့် အရေအတွက်မထားဘဲ အများ ပင် အဓိဋ္ဌာန် တင် နိုင် သော သင်္ကန်းများမှာ-

၁။ ပစ္စတ္ထရဏ၊
၂။ ပရိက္ခာရ စောဠ၊
၃။ မုခပုဉ္ဆန-ဟူ၍ (၃)ထည်ရှိသည်။

ဆောင်။ ။ပစ္စ,ပရိ၊ မုခထည့်၊ တင်ဘိလေအများ။

---

## ● တ ထည် စီ သာ အဓိဋ္ဌာန် တင် ကောင်း သော သင်္ကန်း (၆)ထည်

သင်္ကန်း (၉)ထည် တို့ တွင် တထည်စီသာ အဓိဋ္ဌာန် တင်ကောင်းသောသင်္ကန်းများမှာ-

၁။ သံဃာဋိ၊
၂။ ဥတ္တရာသင်္ဂ၊
၃။ အန္တရဝါသက၊
၄။ ဝဿိက သာဋိက၊
၅။ ကဏ္ဍုပ္ပဋိစ္ဆာဒိ၊
၆။ နိသီဒန ဟူ၍ (၆)ထည်ရှိသည်။

ဆောင်။ ။သံ,ဥတ်,အန်, ဝသ်၊ ကဏ္ဍုထပ်၊ မှတ်အပ် နိသီဒိုင်။
တ ထည် ချင်း သာ၊ ဓိဋ္ဌာန်ရာ၊ ယတ်ပါ စာပွဲနိုင်။

● ကပ္ပဗိန္ဒုထိုးရန်လိုသော သက်န်း(၅)ထည်

သင်္ကန်း (၈)ထည်တွင် ကပ္ပဗိန္ဒု ထိုး ရန် လိုသော သင်္ကန်းများမှာ-

၁။ သံဃာဋိ၊

၂။ ဥတ္တရာသင်္ဂ၊

၃။ အန္တရဝါသက၊

၄။ ဝဿိက သာဋိက၊

၅။ ကဏ္ဍုပ္ပဋိစ္ဆာဒိ ဟူ၍ (၅)ထည် ရှိသည်။

ဆောင်။ ။သံ, ဥတ်, အန်,ဝသ်၊ ကဏ္ဍုထပ်၊ ပြုအပ် ကပ်ဗိန္ဒု။

---

● ကပ္ပဗိန္ဒုထိုးရန်မလိုသော သင်္ကန်း(၄)ထည်

ကပ္ပဗိန္ဒုထိုးရန်မလိုသော သင်္ကန်း (၄)ထည်ကား-

၁။ ပစ္စတ္ထရဏ၊

၂။ ပရိက္ခာရစောဠ၊

၃။ မုခပုဉ္ဆန၊

၄။ နိသီဒန ဟူ၍ (၄)ထည် ရှိသည်။

ဆောင်။ ။ပစ္စ,ပရိ၊ မုခထည့်၊ နိသီကပ်မလို။

---

● ဆိုးရန်လိုသော သင်္ကန်း(၃)ထည်

သင်္ကန်း (၈) ထည် တွင် ဆိုး ရန် လိုသော သင်္ကန်း (၃)ထည်ရှိသည်။

၁။ သံဃာဝ္ဂ၊

၂။ ဥတ္တရာသင်္ဂ၊

၃။ အန္တရဝါသက ဟူ၍ (၃)ထည်ဖြစ်သည်။

ယင်းသင်္ကန်း(၃)ထည်ကို ဆိုးသောအခါ သမဏသာရုပ် ဖြစ်လောက်အောင် ဆိုးရပေသည်။

---

● ဆိုးရန်မလိုသော သင်္ကန်း(၆)ထည်

သင်္ကန်း (၉) ထည် တွင် ဆိုးရန်မလိုသော သင်္ကန်း (၆)ထည်ရှိသည်။

၁။ ဝဿိကသာဋိက၊

၂။ ပစ္စတ္ထရဏ၊

၃။ ပရိက္ခာရ စောဠ၊

၄။ ကဏ္ဍုပ္ပဋိစ္ဆာဒိ၊

၅။ မုခပုဉ္ဆန၊

၆။ နိသီဒန ဟူ၍ (၆)ထည်ရှိသည်။

**ဆောင်။** ။သံ, ဥတ်, အန် မှာ၊ ဆိုးရေလာ၊ ကြွင်းမှာ ဆိုးမလို။

---

● အဓိဋ္ဌာန်တင်ရန်မလိုသော ပရိက္ခရာများ

အဓိဋ္ဌာန်မတင်ဘဲ အသုံးပြုနိုင်သော ပရိက္ခရာများမှာ-

၁။ မဥ္စ ဘိသိ၊

၂။ ပီဌဘိသိ၊

၃။ ဗိမ္ဗောဟန၊

၄။ ပါဝါရ၊

၅။ ကောဇဝ၊

၆။ ကျောင်း၌ သုံးစွဲရန် လှူဒါန်း အပ်သော အပေါ် လွှမ်း အခင်း ပစ္စတ္ထရဏတို့ကို အဓိဋ္ဌာန်မတင်ဘဲ သုံးစွဲနိုင်သည်။

**ဆောင်။** ။မဉ္စပီဌ၊ ဗိမ္ဗောဟ၊ မှတ်ကြ ပါဝါရာ။ ကောဇ, ပစ္စတ္ထ၊ ဤ ခြောက် ဝ၊ ကင်းပ ဓိဋ္ဌာနာ။

---

## ● သက်န်းအဓိဋ္ဌာန်ကျကြောင်း အင်္ဂါ(၈)ပါး

သင်္ကန်းအဓိဋ္ဌာန်ကျကြောင်း အင်္ဂါသည်-

၁။ သူတပါးအား ပေးစွန့်ခြင်း၊

၂။ ခိုးယူသွားခြင်း၊

၃။ အကျွမ်းဝင်၍ ယူသွားခြင်း၊

၄။ သင်္ကန်းရှင်ဖြစ်သော ဘိက္ခုနီမ လူဝတ်လဲခြင်း၊

၅။ သင်္ကန်းရှင်ဖြစ်သောရဟန်း သိက္ခာချခြင်း၊

၆။ သေဆုံးခြင်း၊

၇။ လိင်ပြန်ခြင်း၊

၈။ ပစ္စုဒ္ဓိုရ်ပြုခြင်းဟူ၍ (၈)ပါးရှိသည်။

**မှတ်ချက်။** ။တိစီဝရိက်၌ လက်သန်းသည်းမျှ ထုတ်ချင်းပေါက် လျှင် အဓိဋ္ဌာန် ကျသည်။

ဆောင်။ ။ပေး,စွန့်,ခိုး,ဝှက်၊ ဝိဿာသက်၊ လူထွက်, ချသိက္ခာ။
သေဆုံး,လိင်ပြန်၊ ပစ္စုဒ္ဒိ၊ ရှစ်တန်ကျမိဋ္ဌာ။
လက်သန်းသည်းမျှ၊ ပေါက်လတ်က၊ သုံးဝ စီဝရိက်မှာ။

---

## ဒသာဟ ပရမံ ခေတ်ဖွဲ့၌ "ဒသာဟ"ရေတွက်ပုံ

ဤ ပဌမကထိန သိက္ခာပုဒ်လာ ဒသာဟ ပရမံ ခေရေတဖွဲ့၌ ဒသာဟ-အရ ဆယ်ရက် ရေတွက်ပုံမှာ-

အကြောင်သက်န်းသည် လပြည့်နေ့က ဖြစ်သည် ဆိုပါက ထိုသက်န်းဖြစ်သောနေ့၏ လွန်ခဲ့သော အရုဏ်ကို ပါ ဒသာဟ-ဆယ်ရက်အရ ထည့်သွင်း ရေတွက်ရသည်။

တဒ္ဓ ပနေတံ စီဝရံ ယံ ဒိဝသံ ဥပ္ပန္နံ၊ တဿ ယော အရုဏော၊ သော ဥပ္ပန္နဒိဝသနိဿိတော၊ တသ္မာ စီဝရုပ္ပါဒဒိဝသေန သဒ္ဓိံ ကောဒသေ အရုဏုဂ္ဂမနေ ဒသာဟာတိက္ကမိတံ ဟောတိ။ ။(ကင်္ခါ ၁၉၄-ဟံ)

---

## နိဿဂ္ဂိသက်န်းကို သံဃာအား စွန့်ပုံ ပါဠိ

နိဿဂ္ဂိသက်န်းကို သံဃာအား စွန့်ပုံပါဠိကား-
"ဣဒံ မေ ဘန္တေ စီဝရံ ဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ"ဖြစ်သည်။

## နိဿဋ္ဌ၀တ္ထုကို ပြန်မပေးမှုအတွက် အာပတ်သင့်ပုံ

နိဿဋ္ဌ၀တ္ထုကို ပြန်မပေးမှုအတွက် အာပတ်သင့်ပုံမှာ-

(ဥပမာ) တိဿ မည်သော ရဟန်း၏သင်္ကန်းသည် နိဿဂ္ဂိထိုက်သဖြင့် ဒတ္တ-မည်သောရဟန်းထံ ထိုနိဿဂ္ဂိထိုက်သောသင်္ကန်းကို အထက်ကဆိုခဲ့သောနည်းအရ ပေးစွန့်လိုက်လျှင် ထိုပေးစွန့်လိုက်သောသင်္ကန်းကို နိဿဋ္ဌ၀တ္ထုဟု ခေါ်သည်။

ယင်းနိဿဋ္ဌ၀တ္ထုကို ဒတ္တက "ငါ့အား တိဿပေးတာဘဲ၊ ဒါငါ့ဥစ္စာဘဲဟု သကသညာဖြင့် တိဿအား ပြန်မပေးဘဲ နေခဲ့သော် ဒတ္တမှာ ဒုက္ကဋ်အာပတ်သင့်သည်။ ထိုသို့ သကသညာမျိုး မရှိဘဲ တိဿ ဥစ္စာ ဖြစ် မှန်း သိ လျက် သက်သက် တိဿအား ပြန်မပေးဘဲနေခဲ့သော် ဥစ္စာရှင်ဖြစ်သော တိဿ ၀န်ချလိုက်သည်နှင့်တပြိုင်နက် သင်္ကန်း၏တန်ဘိုးအားလျော်စွာ ဒတ္တမှာ ဒုက္ကဋ်၊ ထုလ္လစ္စည်း၊ ပါရာဇိက အာပတ်များ သင့်ရောက်နိုင်သည်။

> နိဿဋ္ဌ၀တ္ထုံ ဒိန္နမိဒံ ဣမိနာ မယှန္တိ သကသညာယ နပဋ္ဋိ
> ဒေန္တဿ ဒုက္ကဋံ၊ တဿ သန္တကဘာ၀ံ ဉတွာ လေသေန
> အစ္ဆိန္ဒန္တဿ သာမိကဿ ဓုရနိက္ခေပေန ဘဏ္ဍံ အဂ္ဃာ
> ပေတွာ ကာရေတဗ္ဗော။ ။(ကခ်ါ ၁၉၆-ဟံ)

---

## ဒုတိယ ကထိနသိက္ခာပုဒ်

## တိစီ၀ရံအရ

ဤ ဒုတိယ ကထိန သိက္ခာပုဒ်လာ ဧကရတ္တမ္ပိ တိစီ၀ရေန ဟူသောစကားရပ်၌ "တိစီ၀ရ" ဟူသည်မှာ- တိစီ၀ရိက် အဓိဋ္ဌာန် တင်သော နည်း ဖြင့် အဓိဋ္ဌာန် တင် ပြီး သော သုံးသာင်္ ရ စသော

သင်္ကန်း (၃) ထည် တို့တွင် တထည်ထည်ကို တိစီဝရ-ဟု ခေါ် သည်။

တိစီဝရေနာတိ တိစီဝရာဓိဋ္ဌာနနယေန အဓိဋ္ဌိတေသု ယေန ကေနစိ။ ။(ကင်္ခါ ၁၉၇-ဟံ)

---

## ● ဝိပ္ပဝသေယျ အဓိပ္ပာယ်

ဝိပ္ပဝသေယျ-ဟူသည်မှာ - ဂါမစသော သင်္ကန်းထားရာ အရပ် တခုခုတွင် သင်္ကန်းကိုထား၍ပြီးလျှင် အရုဏ်တက်လာသော အခါ ၎င်းသင်္ကန်း၏ဟတ္ထပါသ်မှာ မရှိဘဲနေခြင်းကို ဝိပ္ပဝသေယျ ဟု ခေါ်သည်။

ဝိပ္ပဝသေယျာတိ ဝိပ္ပယုတ္တော ဝသေယျ။
(ကင်္ခါ ၁၉၇-ဟံ)

---

## ● သင်္ကန်းထားရာအရပ်(၁၅)ပါး သရုပ်

သင်္ကန်းထားရာအရပ်သည်-

၁။ ဂါမ၊
၂။ နိဝေသန၊
၃။ ဥဒ္ဒေါသိတ၊
၄။ အဋ္ဋ၊
၅။ မာဠ၊
၆။ ပါသာဒ၊
၇။ ဟမ္မိယ၊
၈။ နာဝါ၊
၉။ သတ္ထ၊
၁၀။ ခေတ္တ၊
၁၁။ ဓညကရဏ၊
၁၂။ အာရာမ၊
၁၃။ ဝိဟာရ၊
၁၄။ ရုက္ခမူလ၊
၁၅။ အဇ္ဈောကာသ - ဟူ၍ (၁၅)ပါး ရှိသည်။

# တတိယ ကထိန သိက္ခာပုဒ်

●

## ● ကာလ စီဝရ အဓိပ္ပာယ်

ကာလ စီဝရ-ဟူသည်မှာ-ကထိန်မခင်းလျှင် သီတင်းကျွတ် လပြည့်ကျော် တရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ တိုင်အောင် ဤတလအတွင်း၌ ရရှိသောသင်္ကန်းကို ကာလစီဝရဟုခေါ်သည်။

ကထိန်ခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် တရက်နေ့မှ တပေါင်းလပြည့်နေ့တိုင်အောင် ဤ ငါးလအတွင်း၌ ရရှိသော သင်္ကန်းကို ကာလစီဝရ-ဟု ခေါ်သည်။

ဆောင်။ ။ကထိန်မခင်း၊တလတွင်း၊ရခြင်းကာလ စီဝရ။
ကထိန်ခင်းက၊ ငါးလပျှ၊ ရကြကာလစီဝရ။

---

## ● အကာလ စီဝရ အဓိပ္ပာယ်

အကာလစီဝရ ဟူသည်မှာ - ကထိန်မခင်းလျှင် သီတင်းကျွတ် လပြည့်ကျော် တရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့တိုင် အောင် ဤတလမှ ကြွင်းသော တဆယ့်တလအတွင်း၌ ရရှိအပ် သောသင်္ကန်းကိုရင်း၊ကထိန်ခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် တရက်နေ့မှ တပေါင်းလပြည့်နေ့ တိုင်အောင် ဤ ငါးလမှ ကြွင်း သော ခုနစ်လအတွင်း၌ ရရှိအပ်သောသင်္ကန်းကိုရင်း အကာလ စီဝရ-ဟု ခေါ်သည်။

အကာလစီဝရံနာမ ယွာယံ အနတ္ထတေ ကထိနေ ဧကာဒသ
မာသေ ဥပ္ပန္နံ၊ အတ္ထတေ ကထိနေ ပဉ္စမာသာ စီဝရ
ကာလောတိ ဝုတ္တော၊ တံ ထပေတွာ အညဒါ ဥပ္ပန္နံ။
(ကင်္ခါ ၁၉၈-ဟံ)

---

## တနည်း အကာလ စီဝရ အဓိပ္ပာယ်

တနည်း အကာလစီဝရ ဟူသည်မှာ - သင်္ကန်းကာလ (စီဝရကာလ) အတွင်းမှာပင် ဖြစ်စေကာမူ **ဣဒံ အကာလစီဝရံ** ဟုဆိုပြီး သံဃာအား လှူဒါန်းသော သင်္ကန်းမျိုးနှင့် **ဣဒံ တုယှံ ဒမ္မိ** ဟု ဆိုပြီး ပုဂ္ဂိုလ်အားလှူဒါန်းသော သင်္ကန်းမျိုးကိုပါ အကာလ စီဝရ-ဟု ခေါ်သည်။

> ယဉ္စ ကာလေပိ သံဃဿ ဝါ, ဣဒံ အကာလ စီဝရန္တိ၊ ပုဂ္ဂလဿ ဝါ ဣဒံ တုယှံ ဒမ္မီတိ အာဒိနာ နယေန ဒိန္နံ၊ ဧတံ အကာလ စီဝရံနာမ။ (ကခ်ါ ၁၉၈-ဟံ)

---

## အကာလစီဝရံ ဥပ္ပဇ္ဇေယျာ ဥပ္ပဇ္ဇေယျ ဖြစ်ပုံ

အကာလစီဝရံ ဥပ္ပဇ္ဇေယျာ ဥပ္ပဇ္ဇေယျ ဟူသည်မှာ-

၁။ မိမိပိုင်သော ဥစ္စာဖြင့် သင်္ကန်း ဖြစ်ခြင်းမျိုးကိုရင်း၊
၂။ သံဃာမှဖြစ်စေ၊ သုတ္တန္တိကစသော ဂိုဏ်းမှဖြစ်စေ၊ မိမိအဘို့ ဝေစုရသောအားဖြင့် သင်္ကန်းဖြစ်ခြင်းမျိုး ကိုရင်း၊
၃။ ပံသုကူ ကောက်ယူသောအားဖြင့် သင်္ကန်းဖြစ်ခြင်း မျိုးကိုရင်း ဥပ္ပဇ္ဇေယျ-ဟု ခေါ်သည်။

> ဥပ္ပဇ္ဇေယျာတိ ဝေဠုပံ စီဝရံ အတ္တနောဘာဂ ပဋိလာဘ ဝသေန သံဃတောဝါ သုတ္တန္တိကာဒိဂဏတောဝါ ဉာတိ တောဝါ မိတ္တတောဝါ ပံသုကူလံဝါ အတ္တနောဝါ ဓနေန။ (ကခ်ါ ၁၉၈-ဟံ)

ဆောင်။ ။မိမိပိုင်ဖြစ်၊ ဝေစုဖြစ်၊ နောက်ဖြစ်ပံသုကူ။
ဥပ္ပဇ္ဇေယျ၊ ဓိပ္ပာယ်ရ၊ မှတ်ကြ ဤသုံးဟူ။

## ● သက်န်းဖြစ်ကြောင်း မာတိကာ (၈)ပါး သရုပ်

သက်န်းဖြစ်ကြောင်း မာတိကာသည်-

၁။ သီမာယ ဒေတိ၊
၂။ ကတိကာယ ဒေတိ၊
၃။ ဘိက္ခာပညတ္တိကာယ ဒေတိ၊
၄။ သံဃဿ ဒေတိ၊
၅။ ဥဘတော သံဃဿ ဒေတိ၊
၆။ ဝဿံဝုတ္ထသံဃဿ ဒေတိ၊
၇။ အာဒိဿ ဒေတိ၊
၈။ ပုဂ္ဂလဿ ဒေတိ ဟူ၍ (၈)ပါးရှိသည်။

ဆောင်။ ။သီမ, ကတိ၊ ဘိက္ခာထည့်၊ မှတ်ရှိသုံးသံဃာ၊
အာဒိဿပါ၊ ပုဂ္ဂလာ၊ ရှစ်ဖြာ မာတိကာ။

---

## ● သိမ်၏အပြား (၁၅)ပါး

သိမ်သည်-

၁။ ခဏ္ဍသိမ်၊
၂။ ဥပစာရသိမ်၊
၃။ သမာနသံဝါသ သိမ်၊
၄။ အဝိပ္ပဝါသသိမ်၊
၅။ ဂါမ သိမ်၊
၆။ နိဂမ သိမ်၊
၇။ နဂရ သိမ်၊
၈။ လာဘသိမ်၊
၉။ အဗ္ဘန္တရသိမ်၊
၁၀။ ဥဒကုက္ခေပသိမ်၊
၁၁။ ဇနပဒ သိမ်၊
၁၂။ ရဋ္ဌ သိမ်၊
၁၃။ ရဇ္ဇသိမ်၊
၁၄။ ဒီပ သိမ်၊
၁၅။ စက္ကဝါဠ သိမ် - ဟူ၍ (၁၅) ပါး ရှိသည်။

ဆောင်။ ။ခဏ္ဍ,ဥပ၊ သ,ဝိပ္ပ၊ ဂါမ, နိဂမာ။
နဂရ,လာဘ၊ အတ္တန္တ၊ ဥဒကုက္ခေပါ။
ရဋ္ဌ,ရဇ္ဇ၊ ဒီပပြ၊ စက္က ဆဲ့ငါးဖြာ။

---

## ခိပ္ပမေဝ ကာရေတဗ္ဗံ ပုဒ် အဓိပ္ပာယ်

ခိပ္ပမေဝ ကာရေတဗ္ဗံ ဟူသည်မှာ = ချက်ချင်း လက်ငင်း ပြီးစီးအောင် ပြုလုပ်ရမည်ကို ခိပ္ပမေဝ ကာရေတဗ္ဗံဟု ဆိုလိုသည် မဟုတ်၊ ဆယ်ရက်အတွင်းမှာ ပြီးစီးအောင် ပြုလုပ်ရမည်ကို ခိပ္ပမေဝ ကာရေတဗ္ဗံ ဟု ဆိုသည်။

ခိပ္ပမေဝ ကာရေတဗ္ဗန္တိ အန္တောဒသာဟေယေဝ ကာရေတဗ္ဗံ။ (ကခ်ါ ၂၀၃-ဟံ)

ဆောင်။ ။ဆယ်ရက်အတွင်း၊ ပြီးစေခြင်း၊ ဖြေရှင်း ခိပ္ပမေဝ။

---

## စတုတ္ထ သိက္ခာပုဒ်

●

## အညာတိကာ အဓိပ္ပာယ်

အညာတိကာ ဟူသည်မှာ- အထက်ဆွေမျိုး ခုနစ်ဆက်၊ အောက်ဆွေမျိုးခုနစ်ဆက် မတော်စပ်သောသူကို အညာတိကာ ဟု ခေါ်သည်။

အညာတိကာယာတိ န ဉာတိကာယ၊ မာတိတော ဝါ ပိတိတော ဝါ ယာဝ သတ္တမံ ယုဂံ၊တာဝ ကေနစိ အာကာရေန အသမ္ဗန္ဓာယာတိ အတ္ထော။ ။(ကခ်ါ ၂၀၄-ဟံ)

## ဆွမ်းမျိုးအထက် ခုနစ်ဆက်သရုပ်

ဆွမ်းမျိုးအထက် ခုနစ်ဆက်မှာ-

၁။ ဘ
၂။ ဘိုး
၃။ ဘေး
၄။ ဘီ
၅။ ဘင်
၆။ ဘောင်
၇။ ဘော ဟူ၍ (၇)ဆက် ရှိသည်။

## ဆွမ်းမျိုးအောက် ခုနစ်ဆက်သရုပ်

ဆွမ်းမျိုးအောက် ခုနစ်ဆက်ကား-

၁။ သား
၂။ မြေး
၃။ မြစ်
၄။ တီ
၅။ တွတ်
၆။ ကျွတ်
၇။ ကျွတ်ဆတ် - ဟူ၍ (၇)ဆက် ရှိသည်။

## ဘိက္ခုနီ အဓိပ္ပာယ်

ဤစတုတ္ထသိက္ခာပုဒ်လာ "အညာတိကာယ ဘိက္ခုနိယာ" ၌ ဘိက္ခုနီ ဟူသည်မှာ-သာကီဝင် ဖြစ်သော ဘိက္ခုနီမတို့ ကဲ့သို့ သုဒ္ဓဘိက္ခုသံဃာ၌ ပဥ္စင်းခံသော ဘိက္ခုနီမကိုရင်း၊ဘိက္ခု, ဘိက္ခုနီမဟူသော ဥဘတော သံဃာ၌ ပဥ္စင်းခံသော ဘိက္ခုနီမကိုရင်း ဘိက္ခုနီဟု ခေါ်သည်။

ဘိက္ခုနိယာတိ သာကိယာနိယော ဝိယ သုဒ္ဓဘိက္ခု
သံဃေဝါ ဥဘတောသံဃေဝါ ဥပသမ္ပန္နာယ။
(ကင်္ခါ ၂၀၅-ဟံ)

**ဆောင်။** ။သုဒ္ဓသံဃာ၊ ဒွေသံဃာ၊ နှစ်ဖြာဘိက္ခုနီ။

---

## ● ပုရာဏစီဝရ အစိပ္ပာယ်

ပုရာဏစီဝရဟူသည်မှာ-

၁။ ဆိုး၍၊ ကပ္ပဗိန္ဒုထိုး၍ တကြိမ်တခါမျှ ဝတ်ရုံဘူးသော သင်္ကန်းကိုငင်း၊

၂။ အယုတ်သဖြင့် သုံးဆောင်ခြင်းကို အဦးပြုသဖြင့် ခေါင်းပေါ်၌ ဖြစ်စေ၊ ပခုံးပေါ်၌ ဖြစ်စေ တင်၍ လမ်းသွားဘူးသော သင်္ကန်းကိုငင်း၊

၃။ ခေါင်းအုံးအုံး၍ အိပ်ဘူးသော သင်္ကန်းကိုငင်း ပုရာဏစီဝရဟုခေါ်သည်။

ပုရာဏစီဝရန္တိ ရဇိတွာ ကပ္ပံ ကတွာ ဧကဝါရမ္ပိ နိဝတ္ထံဝါ ပါရုတံဝါ ယံ အန္တမသော ပရိဘောဂသီသေန အံသေဝါ မတ္ထကေဝါ ကတွာ မဂ္ဂံ ဂတောဟောတိ၊ ဥဿီသကံဝါ ကတွာ နိပန္နော၊ ဧတမ္ပိ ပုရာဏစီဝရမေဝ။ (ကင်္ခါ ၂၀၄-ဟံ)

**ဆောင်။** ။တကြိမ်ဝတ်ဆင်၊ ခေါင်းပေါ်တင်၊ အိပ်လျှင်ခေါင်းအုံးအိပ်။
ပုရာဏစီဝရ၊ အမည်ရ၊ မှတ်ကြခဲ့ခြမ်းစိတ်။

## ● ပုရာဏစီဝရံ၌ စီဝရသရုပ်

ပုရာဏစီဝရံဟူသော စကားရပ်၌ စီဝရဟူသည်မှာ-

၁။ ဒုကုဋ်၊
၂။ ကိုယ်ဝတ်၊
၃။ သင်းပိုင်၊
၄။ မိုးရေခံ၊
၅။ အမာလွှမ်း ဟူသော သင်္ကန်း ( ၅ )ထည်ကို စီဝရ ခေါ်သည်။

ဆောင်။ ။ဒုကုဋ်,ကိုယ်ဝတ်၊ သင်းပိုင်ထပ်၊ ခေါ်အပ် မိုးရေခံ။
အမာလွှမ်းပါ၊ ဤငါးဖြာ၊ မှတ်ပါစီဝရံ။

---

## ● ဓောဝါပေယျပုဒ်၏ အဓိပ္ပာယ်

ဤစတုတ္ထ သိက္ခာပုဒ်လာ ဓောဝါပေယျ ဟူသည်မှာ— အကြင်ရဟန်းသည် အညာတိကဖြစ်သောဘိက္ခုနီမကို ဤသင်္ကန်းကို ဖွတ်လော့ဟု နှုတ်ဖြင့်ပြောဆိုခြင်းမျိုးကိုရင်း၊ သင်္ကန်းဟောင်းကို ဖွတ်စေရန် ကာယဝိကာရပြုလုပ်ခြင်းကိုရင်း၊ သင်္ကန်းဟောင်းကို ဖွတ်စေရန် ရဟန်း၏လက်ဖြင့် ဆွေးမျိုးမတော်သော ဘိက္ခုနီမ လက်သို့ ပေးအပ်ခြင်းကိုရင်း၊ သင်္ကန်းဟောင်းကို ဘိက္ခုနီမ၏အနီး အပါးတွင် ချထားခြင်းမျိုးကိုရင်း၊ ဘိက္ခုနီမ၏ တဆဲ့နှစ်တောင် အတွင်းဖြစ်သော အရပ်၌တည်၍ အထက်သို့ လွှင့်ပစ်ခြင်း မျိုးကိုရင်း၊ သင်္ကန်းဟောင်းကို ဖွတ်လျှော်စေရန် တပါးသောပုဂ္ဂိုလ် အား ဘိက္ခုနီမထံသို့ ပေးပို့ခိုင်းခြင်းမျိုးကိုရင်း ဓောဝါပေယျဟု ခေါ်သည်။

---

## ● ရဇာပေယျပုဒ်၏ အဓိပ္ပာယ်

ဤစတုတ္ထသိက္ခာပုဒ်လာ ရဇာပေယျဟူသည်မှာ-အကြင်ရဟန်းသည် အညာတိက ဖြစ်သော ဘိက္ခုနီမကို ဤသင်္ကန်းကို ဆိုးလော့ဟု နှုတ်ဖြင့် ပြောဆိုခြင်းမျိုးကိုရင်း၊ သင်္ကန်းဟောင်းကို ဆိုးစေရန် ကာယဝိကာရ ပြုလုပ်ခြင်းကိုရင်း၊ သင်္ကန်းဟောင်းကို ဆိုးစေရန် ရဟန်း၏လက်ဖြင့် ဆွေမျိုးမတော်သော ဘိက္ခုနီမလက်သို့ ပေးအပ်ခြင်းကိုရင်း၊ သင်္ကန်းဟောင်းကို ဘိက္ခုနီမ၏ အနီးအပါးတွင် ချထားခြင်းကိုရင်း၊ဘိက္ခုနီမ၏ တဘဲ့နှစ်တောင်အတွင်း ဖြစ်သော အရပ်၌ တည်၍ အထက်သို့လွှင့်ပစ်ခြင်းမျိုးကိုရင်း၊ သင်္ကန်းဟောင်းကို ဆိုးစေရန် တပါးသော ပုဂ္ဂိုလ်အား ဘိက္ခုနီမအထံသို့ ပေးပို့ခိုင်းခြင်းမျိုးကိုရင်း ရဇာပေယျဟု ခေါ်သည်။

---

## ● အာကောဋ္ဌာပေယျပုဒ်၏ အဓိပ္ပာယ်

အာကောဋ္ဌာပေယျ ဟူသည်မှာ - အကြင် ရဟန်းသည် အညာတိကဖြစ်သော ဘိက္ခုနီမကို ဤသင်္ကန်းကို ထုရိုက်လော့ဟု နှုတ်ဖြင့်ပြောဆိုခြင်းမျိုးကိုရင်း၊သင်္ကန်းဟောင်းကို ထုရိုက်စေရန် ကာယဝိကာရ ပြုလုပ်ခြင်းကိုရင်း၊ သင်္ကန်းဟောင်းကို ထုရိုက်စေရန် ရဟန်း၏လက်ဖြင့် ဆွေမျိုးမတော်သော ဘိက္ခုနီမလက်သို့ ပေးအပ်ခြင်းကိုရင်း၊ သင်္ကန်းဟောင်းကို ဘိက္ခုနီမ၏ အနီးအပါးတွင် ချထားခြင်းကိုရင်း၊ဘိက္ခုနီမ၏ တဘဲ့နှစ်တောင်အတွင်း ဖြစ်သောအရပ်၌ တည်၍ အထက်သို့လွှင့်ပစ်ခြင်းမျိုးကိုရင်း၊ သင်္ကန်းဟောင်းကို ထုရိုက်စေရန် တပါးသောပုဂ္ဂိုလ်အား ဘိက္ခုနီမအထံသို့ စေလွှတ် ပေးပို့ခြင်း မျိုးကိုရင်း အာကောဋ္ဌာပေယျ-ဟု ခေါ်သည်။

---

## ● ဓောဝါပန, ရဇာပန, အာကောဋာပနတို့အတွက် အာပတ်သင့်ပုံ

ဤစတုတ္ထ သိက္ခာပုဒ်၌ ဓောဝန၊ ရဇန၊ အာကောဋန ဟူသော ဤ(၃)ပါးကို ဘိက္ခုနီမကို ပြုလုပ် ခိုင်းသည့် အတွက် အာပတ်သင့်ပုံမှာ

အကြင်ရဟန်းသည် ဓောဝန, ရဇန, အာကောဋန ဟူသော ဤ(၃)ပါး စလုံးကို ဆွေမျိုးမတော်သော ဘိက္ခုနီမကို ပြုလုပ် ခိုင်းလျှင်ငြား၊ ဓောဝါပနစသော (၃)ပါးထဲမှ တပါးအတွက် နိဿဂ္ဂိပါစိတ် အာပတ်တချက်သင့်၍ ကျန်နှစ်ပါးအတွက် ဒုက္ကဋ် အာပတ်တချက်စီ သင့်သည်။

ဓောဝနစသော (၃)ပါးတို့တွင် နှစ်ပါးကိုသာ ပြုလုပ် ခိုင်းလျှင် တပါးအတွက် နိဿဂ္ဂိပါစိတ် အာပတ်သင့်၍ တပါး အတွက် ဒုက္ကဋ်အာပတ်သင့်သည်။

ဓောဝနာဒီနိ ပါဏ်ပိ ဒွေဝါ ကာရာပေန္တဿ ဧကေန ဝတ္ထုနာ နိဿဂ္ဂိယံ၊ ဣတရေဟိ ဒုက္ကဋံ။(ကခ်ါ ၂၀၅·ဟံ)

---

## ပဥ္စမသိက္ခာပုဒ်

●

## ● ဘိက္ခုနိယာ စီဝရပ္ပဋိဂ္ဂဟဏ စီဝရအရ

ဤပဉ္စမသိက္ခာပုဒ်လာ ဘိက္ခုနိယာ ဟတ္ထတော စီဝရံ ပဋိဂ္ဂဏှေယျ ဟူသည် မှာ-ဝိကပ္ပနာပြုလောက်သော ပမာဏရှိသော—

၁။ ခေါမ၊

၂။ ကောသေယျ၊

၃။ ကပ္ပါသ၊

၄။ သာဏ၊

၅။ ဘင်္ဂ၊
၆။ ကမ္ဗလ ဟူသော သက်န်း (၆) ထည် တွင် တထည်ထည်ကို ယူရသည်။
စီဝရန္တိ ဆန္ဒ စီဝရာနံ အညတရံ ဝိကပ္ပနုပဂံ။
(ကခ်ါ ၂၀၆-ဟံ)

**ဆောင်။** ။ခေါမ, ကောသေယျ၊ ကပ္ပါသ၊ သာဏ, ဘင်္ဂ,ကမ္ဗလံ။
စီဝရံအရ၊ သရုပ်ပြ၊ မှတ်ကြအောင်ပွဲခံ။

---

## ● စီဝရံပဋိဂ္ဂဏှာယျ၌ ပဋိဂ္ဂဏှာယျ အဓိပ္ပာယ်

ဤပဥ္စမ သိက္ခာပုဒ် လာ ဘိက္ခုနိယာ စီဝရံ ပဋိဂ္ဂဏှာယျ ၌ ပဋိဂ္ဂဏှာယျဟူသည်မှာ - ဘိက္ခုနီမလက်ဖြင့် ရဟန်း၏ လက်သို့ ပေးခြင်းမျိုးကိုရင်း၊ရဟန်း၏အနီးအပါး၌သက်န်းကိုချထားခြင်း မျိုးကိုရင်း၊ ရဟန်း တရား ဟောနေစဉ် ဘိက္ခုနီမက နှစ်ခြိုက်ကြည်ညို၍ သြဘာပေးသော အနေဖြင့် အဝေးမှ ပစ်မြှောက်၍ ပေးခြင်းမျိုးကိုရင်း၊ရဟန်းယောကျ်ားက ခံယူသာယာခြင်းမျိုးကို ပဋိဂ္ဂဏှာယျဟု ခေါ်သည်။

**ဆောင်။** ။ကိုယ်တိုင်,ခံငြား၊ နီးချထားဆို၊ မြှောက်ပစ်ကို၊ ခေါ်ဆို ပဋိဂ္ဂဏှာယျ။

---

## ● ပါရိဝတ္တက လဲလှယ်ခြင်း အဓိပ္ပာယ်

ပါရိဝတ္တက-လဲလှယ်ခြင်း ဟူသည်မှာ-
၁။ ရဟန်းယောကျ်ားက အယုတ်သဖြင့် ဘိက္ခုနီမ၏ သက်န်းကို ဆီးဖြူသီး စသည် ပေး၍ လဲလှယ်ခြင်း မျိုးကိုရင်း၊

၂။ ရဟန်းယောကျ်ားက နှောင်အခါကျမှ တစုံတရာ ပေး ပြီး လဲ မည်ဟု နှလုံးသွင်းကာ ဘိက္ခုနီမ၏ သင်္ကန်းကို ယူခြင်းမျိုးကိုရင်း ပါရိဝတ္တက-လဲလှယ် ခြင်းဟု ခေါ်သည်။

ဆောင်။ ။ဆိုးဖွပ်နှင့်လေး၊ နှောင်ခါပေး၊ မှတ်ရေး ပါရိဝတ္တက။

---

## ဆဋ္ဌ သိက္ခာပုဒ်

### ဂဟပတိ အဓိပ္ပါယ်

ဤ ဆဋ္ဌ သိက္ခာပုဒ်လာ ဂဟပတိ ဟူသည်မှာ - ရဟန်း ယောကျ်ားတို့အထံ၌ ရဟန်းမပြုသော လူယောကျ်ားကို ဂဟပတိ ဟု ခေါ်သည်။

ဂဟပတိန္တိ ဘိက္ခူသု အပဗ္ဗဇိတ မနုဿံ။
(ကင်္ခါ ၂၀၇-ဟံ)

---

### ဂဟပတာနီ အဓိပ္ပါယ်

ဂဟပတာနီ ဟူသည်မှာ - ရဟန်းမိန်းမတို့ အထံ၌ ရဟန်း မပြုသော လူမိန်းမကို ဂဟပတာနီဟု ခေါ်သည်။

ဂဟပတာနိန္တိ ဘိက္ခုနီသု အပဗ္ဗဇိတ မနုဿိတ္ထိံ။
(ကင်္ခါ ၂၀၇-ဟံ)

● ဝိညာဝေယျ အစိပ္ပာယ်

ဤ ဆဋ္ဌသိက္ခာပုဒ်လာ ဝိညာပေယျ ဟူသည်မှာ-

၁။ မိမိကိုယ်တိုင် တောင်းခြင်း၊

၂။ သူတပါးကို အတောင်းခိုင်းခြင်း ဟူသော ယာစန၊ ယာစာပန (၂) ပါးလုံးကို ဝိညာပေယျဟု ခေါ်သည်။

ဝိညာပေယျာတိ ယာစေယျဝါ၊ ယာစာပေယျဝါ။
(ကခ်ါ ၂၀၇-ဟံ)

**ဆောင်။** ။တောင်းခြင်း, တောင်းစေ၊ ဤ နှစ် ထွေ၊ မှတ်လေ ဝိညာပေယျ။

---

## သတ္တမ သိက္ခာပုဒ်

●

● ပဝါရေယျအပြား(၂)ပါး

ဤ သတ္တမ သိက္ခာပုဒ်လာ အဘိဟဋ္ဌုံ ပဝါရေယျ၌ ပဝါရေယျသည်-

၁။ ကာယာဘိဟာရ ပဝါရဏာ၊

၂။ ဝါစာဘိဟာရ ပဝါရဏာ ဟူ၍ (၂)ပါး ရှိသည်။

**မှတ်ချက်။** ။ဤ သိက္ခာပုဒ်၌ ပဝါရဏာအရ ပဝါရဏာ (၂)ပါးစလုံးကို လိုအပ်သည်။

## ● ကာယာဘိဟာရ ပဝါရဏာ အဓိပ္ပာယ်

ကာယာဘိဟာရ ပဝါရဏာဟူသည်မှာ- အကြင် ဒါယကာ တယောက်သည် သက်န်းစသော ဝတ္ထုကို ရဟန်း၏အထံသို့ ဆောင်ယူလာပြီး ရဟန်း၏ ရှေ့မှောက်၌ ချထားကာ "အရှင်ဘုရား-လိုလားတော်မူသမျှ ယူတော်မူပါ"ဟု ဘိတ်မန့်ခြင်းမျိုးကို ကာယာဘိဟာရ ပဝါရဏာဟု ခေါ်သည်။

---

## ● ဝါစာဘိဟာရ ပဝါရဏာ အဓိပ္ပာယ်

ဝါစာဘိဟာရ ပဝါရဏာဟူသည်မှာ-အကြင် ဒါယကာ တယောက်သည် သက်န်းစသော ဝတ္ထုကို ရဟန်း၏ အထံသို့ ဆောင်ယူမလာဘဲ ရဟန်း၏အထံ၌ "အရှင်ဘုရား-လိုလားတော်မူသမျှ တပည့်တော်၏ ပုဆိုးကျိမှ ယူငင်အသုံးပြုတော်မူပါ"ဟု နှုတ်ထားဖြင့် လျှောက်ထား ဘိတ်ကြားခြင်းကို ဝါစာဘိဟာရ ပဝါရဏာဟု ခေါ်သည်။

---

# အဋ္ဌမ သိက္ခာပုဒ်

●

## ● စီဝရစေတာပန္န အဓိပ္ပာယ်

စီဝရ စေတာပန္နဟူသည်မှာ- ရွှေငွေအစရှိသော သက်န်းတို့ကို စီဝရ စေတာပန္နဟု ခေါ်သည်။

စီဝရ စေတာပန္နန္တိ ဟိရညာဒိကံ စီဝရမူလံ။

(ကခ်ါ ၂၀၉-ဟံ)

## နဝမ သိက္ခာပုဒ်

●

### ● အဋ္ဌမသိက္ခာပုဒ်နှင့် နဝမသိက္ခာပုဒ် အထူး

အဋ္ဌမသိက္ခာပုဒ်၌ တယောက်သော ဒါယကာကိုသာ ညွှန်းဆဲခြင်းကို ပြုသည်။

နဝမသိက္ခာပုဒ်၌ နှစ်ယောက်သော ဒါယကာတို့ကို ညွှန်းဆဲခြင်းကို ပြုသည်။ ။ဤသို့ ထူးခြားကြသည်။

ဋ္ဌဒဥ္ဇ ပုရိမသ္သ အနုပညတ္တိ သဒိသံ၊ ကေဝလံ တတ္ထ
ဧကဿ ပီဠကတာ၊ ဣဓဒွိန္နံ၊ အယမေတ္ထ ဝိသေသော။
(ကင်္ခါ ၂၁၁-ဟံ)

သေခင်။ ။တယောက်ညွှန်းက၊ အဋ္ဌမ၊ နဝဒွေးပုဂ္ဂိုလ်။

---

## ဒသမ သိက္ခာပုဒ်

●

### ● စီဝရစေတာပန္န အဓိပ္ပာယ်

စီဝရစေတာပန္န ဟူသည်မှာ-ရွှေငွေအစရှိသော အကပ္ပိယဘဏ္ဍာကို စီဝရစေတာပန္န ဟု ခေါ်သည်။

စီဝရစေတာပန္နန္တိ ဟိရညာဒိကံ အကပ္ပိယံ။
(ကင်္ခါ ၂၁၁-ဟံ)

## ● အာဂမနသုဒ္ဓိပြ ပါဠိ

ဤဒသမသိက္ခာပုဒ်၌ အာဂမနသုဒ္ဓိပြ ပါဠိကား-
"ဣမိနာ စီဝရ စေတာပန္နေန စီဝရံ စေတာပေတွာ ဣတ္ထန္နာမံ ဘိက္ခုံ စီဝရေန အစ္ဆာဒေဟိ"ဖြစ်သည်။
ဣမိနာတိအာဒိ အာဂမနသုဒ္ဓိံ ဒဿေတုံ ဝုတ္တံ။

(ကင်္ခါ ၂၁၁-ဟံ)

## ● အာဂမနသုဒ္ဓိနှင့် အာဂမ အသုဒ္ဓိ

အထက်က ပြဆိုခဲ့သော "ဣမိနာ စီဝရ စေတာပန္နေန စီဝရံ စေတာပေတွာ ဣတ္ထန္နာမံ ဘိက္ခုံ စီဝရေန အစ္ဆာဒေဟိ" ဟူသော စကားရပ်သည် အာဂမနသုဒ္ဓိ ဖြစ်သည်။

သို့ဖြစ်၍ ထိုအာဂမနသုဒ္ဓိ ဖြစ်သောစကားမျိုးကို ပြောဆို၍ အလှူရှင်ဒါယကာက တမန်အား စေလွှတ်လျှင်မူကား ရဟန်းတို့ ကပ္ပိယ ညွှန်းကောင်းပေသည်။

ထိုသို့မဟုတ်ဘဲ အလှူရှင်-ဒါယကာက "ဣဒံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒေဟိ" ဟူ၍ သာ တမန်အား ပြောကြား၍ စေလွှတ်ပါမူကား အလှူရှင် ဒါယကာ၏စကားမှာ အာဂမနသုဒ္ဓိ မဖြစ်၊ အာဂမန အသုဒ္ဓိဖြစ်သည်။ ထို့ကြောင့် ထိုကဲ့သို့ အာဂမန အသုဒ္ဓိဖြစ်သော အရာမှာ ရဟန်းက ကပ္ပိယ မညွှန်းကောင်းချေ။

ဣမိနာတိ အာဒိ အာဂမနသုဒ္ဓိံ ဒဿေတုံ ဝုတ္တံ၊ သစေ ဟိ ဣဒံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒေဟီတိ ပေသေယျ၊ အာဂမနဿ အသုဒ္ဓတ္တာ အကပ္ပိယ ဝတ္ထုံ အာရဗ္ဘ ဘိက္ခုနာ ကပ္ပိယကာရကောပိ နိဒ္ဒိသိတဗ္ဗော န ဘဝေယျ။

(ကင်္ခါ ၂၁၁-ဟံ)

## နခေါမယံ-စသော စကားဖြင့် တားမြစ်ရခြင်းအကြောင်း

နခေါမယံ-စသော စကားဖြင့်တားမြစ်ရခြင်းအကြောင်းကား- အထက်က ပြဆိုခဲ့သော သင်္ကန်းအလှူရှင်က “ဣမိနာ စီဝရစေတာ ပန္နေန စီဝရံ စေတာပေတွာ ဣတ္ထန္နာမံ ဘိက္ခုံ စီဝရေန အစ္ဆာဒေဟိ”ဟူသောစကားမျိုးဖြင့် တမန်အားပြောဆို စေလွှတ်သဖြင့် ထိုတမန်ဆောင်ယူလာခဲ့သော သင်္ကန်းဘိုးမှာ အာဂမနသုဒ္ဓိဖြစ်၍ ရဟန်းက ကပ္ပိယညွှန်းခွင့်ရှိသဖြင့် ကပ္ပိယ ညွှန်းရန်သာ ရှိတော့သည်။

သို့သော် ရဟန်းက ကပ္ပိယမညွှန်းဘဲ “နခေါမယံ”စသော စကားဖြင့် တားမြစ်လေသည်။ အကြောင်းကား- ထိုတမန် ဆောင်ယူလာခဲ့သော သင်္ကန်းဘိုးမှာ ဆောင်ယူလာခဲ့စဉ်က အလှူရှင်၏ပြောစကားအရ အာဂမနသုဒ္ဓိ ဖြစ်သော်လည်း ရဟန်း အထံသို့ ရောက်၍ တမန်က လျှောက်ထားသောအခါ—

“ဣဒံ ခေါ ဘန္တေ အာယသ္မန္တံ ဥဒ္ဒိဿ စီဝရစေတာပန္နံ အာဘတံ၊ ပဋိဂ္ဂဏှာတု အာယသ္မာ စီဝရစေတာပန္နံ” ဟူ၍ မအပ်စပ်သော အပြောအဆို အသုံးအနှုန်းဖြင့် လျှောက်ထားသော ကြောင့် ထိုတမန်၏စကားအရ အပ်စပ်သောသင်္ကန်းဘိုးမှာမအပ်စပ်သော အကပ္ပိယဖြစ်သွားချေသည်၊ ထို့ကြောင့် ရဟန်းမှာ မအပ်စပ်သော အကပ္ပိယဘဏ္ဍာကို ပယ်ခွင့်ရှိသဖြင့် “နခေါ မယံ အာဝုသော စီဝရစေတာပန္နံ” စသောစကားဖြင့် တားမြစ်ရ လေသည်။

နခေါမယံတိအာဒိ ဣဒံ ကပ္ပိယဝသေန အာဘတမ္ပိ
စီဝရမူလံ ဤဒိသေန ဒူတဝစနေန အကပ္ပိယံ ဟောတိ၊
တသ္မာ တံ ပဋိက္ခိပိတဗ္ဗန္တိ ဒဿေတုံ ဝုတ္တံ။

(ကင်္ခါ ၂၁၁-ဟံ)

## ● ရဟန်းတော်များအလှူမခံကောင်းသောဝတ္ထုများ

ရဟန်းတော်များအလှူမခံကောင်းသောဝတ္ထုသည်—

| | |
|---|---|
| ၁။ ရွှေ၊ | ၁၁။ ပတ္တမြားနီ၊ |
| ၂။ ငွေ၊ | ၁၂။ ပတ္တမြားပြောက်၊ |
| ၃။ အသပြာ၊ | ၁၃။ စပါးမျိုး(၇)ပါး၊ |
| ၄။ ပဲ၊ | ၁၄။ ကျွန်ယောကျ်ား၊ |
| ၅။ ပုလဲ၊ | ၁၅။ ကျွန်မိန်းမ၊ |
| ၆။ ပတ္တမြား၊ | ၁၆။ လယ်၊ |
| ၇။ ကြောင်၊ | ၁၇။ ယာ၊ |
| ၈။ ခရုသင်း၊ | ၁၈။ ပန်းဥယျာဉ်၊ |
| ၉။ ကျောက်သလင်း၊ | ၁၉။ သစ် သီး ဥ ယျာဉ် - ဟူ၍ (၁၉)ပါး ရှိသည်။ |
| ၁၀။ သန္တာ၊ | |

---

## ● နိဿဂ္ဂိယဝတ္ထုများ

နိဿဂ္ဂိယဝတ္ထုသည်-

၁။ ရွှေ၊

၂။ ငွေ၊

၃။ အသပြာ၊

၄။ ပဲ-ဟူ၍ (၄)ပါး ရှိသည်။

**ဆောင်။** ။ရွှေ့ငွေ့အသပြာ၊ ပဲတဖြာ၊ မှတ်ပါနိဿဂ္ဂီ။

## ● ဒုက္ကဋ် ဝတ္ထုများ

ဒုက္ကဋ် ဝတ္ထုသည်-

| | | | |
|---|---|---|---|
| ၁။ | ပုလဲ၊ | ၉။ | စပါးမျိုး(၇)ပါး၊ |
| ၂။ | ပတ္တမြား၊ | ၁၀။ | ကျွန်ယောကျ်ား၊ |
| ၃။ | ကြောင်မျက်ရွဲ၊ | ၁၁။ | ကျွန်မိန်းမ၊ |
| ၄။ | ခရုသင်း၊ | ၁၂။ | လယ်၊ |
| ၅။ | ကျောက်သလင်း၊ | ၁၃။ | ယာ၊ |
| ၆။ | သန္တာ၊ | ၁၄။ | ပန်းဥယျာဉ်၊ |
| ၇။ | ပတ္တမြားပြောက်၊ | ၁၅။ | သစ်သီး ဥယျာဉ် ဟူ၍ |
| ၈။ | ပတ္တမြားနီ၊ | | (၁၅)ပါး ရှိသည်။ |

ဆောင်။ ။ပုလဲ့ ပတ္တမြား၊ ဆယ့်ငါးပါး၊ မမှား ဒုက္ကဋ်သိ။

---

## ● ကပ္ပိယကာရက ပြုလုပ်ကောင်းသော ပုဂ္ဂိုလ်

ကပ္ပိယကာရက ပြုလုပ်ကောင်းသောပုဂ္ဂိုလ်ကား-

၁။ ဘိက္ခု၊

၂။ ဘိက္ခုနီ၊

၃။ သိက္ခမာန်၊

၄။ သာမဏေ ယောကျ်ား၊

၅။ သာမဏေမိန်းမ၊

ဟူသော သီတင်းသုံးဘော် (၅) ယောက်မှတပါး ကျန်သော မည်သည့်ပုဂ္ဂိုလ်မျိုးကိုမဆို ကပ္ပိယကာရက ပြုလုပ်ကောင်းသည်။

ထပေတွာ ပဉ္စ သဟဓမ္မိကေ ယောကောစိ ကပ္ပိယကာရကော ဝဋ္ဋတိ။ (ကင်္ခါ ၂၁၂-ဟံ)

## ● ကပ္ပိယကာရက မပြုလုပ်ကောင်းသောပုဂ္ဂိုလ်(၅)ယောက်

ကပ္ပိယကာရက မပြုလုပ်ကောင်းသော ပုဂ္ဂိုလ်ကား-

၁။ ဘိက္ခု၊
၂။ ဘိက္ခုနီ၊
၃။ သိက္ခမာန်၊
၄။ သာမဏေယောကျ်ား၊
၅။ သာမဏေမိန်းမ ဟူ၍ (၅)ယောက်တည်း။

---

## ● ကပ္ပိယဝစနပြပါဠိ

ဤဒသမသိက္ခာပုဒ်၌ ကပ္ပိယ ဝစနပြ ပါဠိကား-
"ဧသော ခေါ အာဝုသော ဘိက္ခုနံ ဝေယျာဝစ္စကရော"
ဖြစ်သည်။

ဧသော ခေါ အာဝုသောတိ ဣဒံ ဘိက္ခုဿ ကပ္ပိယ
ဝစနဒဿနတ္ထံ ဝုတ္တံ။ (ကခ်ါ ၂၁၂-ဟံ)

---

## ● (၆)ကြိမ်တောင်းခြင်း၊ (၁၂)ကြိမ်ရပ်ခြင်း၌ မှတ်ဘွယ်

ဤ ဒသမသိက္ခာပုဒ်လာ (၆) ကြိမ် တောင်းခြင်း၊ (၁၂) ကြိမ် ရပ်ခြင်း၌ တကြိမ်တောင်းပါက နှစ်ကြိမ်ရပ်ခွင့် ယုတ်လျော့သည်ကို မှတ်သား၍ အောက်ပါအတိုင်း မှတ်သားသင့်သည်။

## တောင်းခြင်း၌ မှတ်သားဘွယ်

| | |
|---|---|
| တကြိမ်တောင်းအံ့ | ဆယ်ကြိမ်သာ ရပ်ခွင့်ရှိသည်။ |
| နှစ်ကြိမ်တောင်းအံ့ | ရှစ်ကြိမ်သာ ရပ်ခွင့်ရှိသည်။ |
| သုံးကြိမ်တောင်းအံ့ | ခြောက်ကြိမ်သာရပ်ခွင့်ရှိသည် |
| လေးကြိမ်တောင်းအံ့ | နှစ်ကြိမ်သာ ရပ်ခွင့်ရှိသည်။ |
| ငါးကြိမ်တောင်းအံ့ | နှစ်ကြိမ်သာ ရပ်ခွင့်ရှိသည်။ |
| ခြောက်ကြိမ်တောင်းအံ့ | တကြိမ်မျှပင် ရပ်ခွင့်မရှိတော့ |

ချေ။ ။ဤကား တောင်းခြင်း၌ မှတ်သားဘွယ်တည်း။

## ရပ်ခြင်း၌ မှတ်သားဘွယ်

တကြိမ်ရင်၊ နှစ်ကြိမ်ရင်း ရပ်သည်ရှိသော် - ငါးကြိမ်သာ တောင်းခွင့်ရှိသည်။

သုံးကြိမ်ရင်း၊ လေးကြိမ်ရင်း ရပ်သည် ရှိသော် - လေးကြိမ်သာ တောင်းခွင့်ရှိသည်။

ငါးကြိမ်ရင်း၊ခြောက်ကြိမ်ရင်း ရပ်သည်ရှိသော်-သုံးကြိမ်သာ တောင်းခွင့်ရှိသည်။

ခုနစ်ကြိမ်ရင်း၊ ရှစ်ကြိမ်ရင်း ရပ်သည်ရှိသော် - နှစ်ကြိမ်သာ တောင်းခွင့်ရှိသည်။

ကိုးကြိမ်ရင်း၊ ဆယ်ကြိမ်ရင်း ရပ်သည်ရှိသော် - တကြိမ်သာ တောင်းခွင့်ရှိသည်။

တဆယ့်တကြိမ်ရင်း၊တဆယ့်နှစ်ကြိမ်ရင်းရပ်သည်ရှိသော်- တကြိမ်မျှပင် တောင်းခွင့်မရှိတော့ချေ။ ဤကား ရပ်ခြင်း၌ မှတ်သားဘွယ်တည်း။

ဝိဝရဝဂ် ပြီး၏။

# ဧဠကလောမ ဝဂ်

●

## ပဌမသိက္ခာပုဒ်

### ● ကောသေယျမိဿက အစိပ္ပါယ်

ကောသေယျ မိဿက ဟူသည်မှာ- တခုသော ပိုးမျှင်ဖြင့် သော်၎င်း၊ အယုတ်သဖြင့် ထိုအခင်းကို ပြုလုပ်ရာအရပ်၌ လေ၏ အဟုန်ဖြင့် လွင့်၍ ကျလာသော ပိုးမျှင်ဖြင့်၎င်း ရောစွက်ပြုပြီးအခင်း "ကောသေယျ မိဿက"မည်သည်။

ကောသေယျ မိဿကန္တိ ဧကေနပိ ကောသိယံသုနာ အန္တမသော တဿ ကရဏဋ္ဌာနေ ဝါတဝေဂေန နိပါတိ တေနာပိ မိဿီကတံ။ (ကင်္ခါ ၂၁၅-ဟံ)

ဆောင်။ ။တမျှင်အစ၊ လေဟုန်ကျ၊ ခေါ်ကြ ကော သေယျမိဿက။

---

### ● သန္ထတ အစိပ္ပါယ်

သန္ထတ ဟူသည်မှာ-ညီမျှသော မြေအဘို၌ ပိုးမျှင်တို့ကို အထက်အထက်၌ဖြန့်ခင်း၍ ပအုံးရည်စသည်တို့ဖြင့် သွန်းလောင်း ၍ ပြုအပ်သော သဘောရှိသောအခင်းကို သန္ထတဟု ခေါ်သည်။

သန္ထတန္တိ သမေ ဘူမိဘာဂေ ကောသိယံသုနိ ဥပရူပရိ သန္ထရိတွာ ကဉ္ဇိယာဒီဟိ သိဉ္စိတွာ ကတ္တဗ္ဗတာလက္ခဏံ။ (ကင်္ခါ ၂၁၅-ဟံ)

● **ကာရာပေယျ အဓိပ္ပာယ်**

ဤသိက္ခာပုဒ်လာ ကာရာပေယျ ဟူသည်မှာ-

၁။ မိမိကိုယ်တိုင် ပြုလုပ်ခြင်းဟူသော ကရဏ၊

၂။ သူတပါးကို ပြုလုပ်စေခြင်းဟူသော ကာရာပန၊

ဤ ကရဏ၊ ကာရာပန နှစ်ပါးလုံးကို ကာရာပေယျ-ဟု ခေါ်သည်။

**ကာရာပေယျ** နိဿဂ္ဂိယန္တိ ကရဏ,ကာရာပနပ္ပယောဂေသု ဒုက္ကဋံ၊ ပဋိလာဘေ နိဿဂ္ဂိယံ ဟောတိ။

(ကင်္ခါ ၂၁၅-ဟံ

---

## တတိယ သိက္ခာပုဒ်

● **သိုးမွေးအခင်း ပြုလုပ်ပုံ**

သိုးမွေးအခင်းပြုလုပ်ပုံမှာ - အခင်း ပြုလုပ် လိုသော သိုးမွေးတို့ကို ချိန်ဖြင့် ချိန်တွယ်ပြီးလျှင်-

၁။ မည်းသော သိုးမွေးကို နှစ်ဘို့၊

၂။ ဖြူသောသိုးမွေးကို တဘို့၊

၃။ ကြောင်သောသိုးမွေးကိုတဘို့ပါဝင်စေကာ သိုးမွေး အခင်းကို ပြုလုပ်ရသည်။

**ဆောင်။** ။အမည်းကိုနှစ်၊ ဖြူ, ကြောင် တစ်၊ စင်စင် သိုးမွေးကို။
အမည်းမပို၊ ဖြူ,ကြောင်ဆို၊ အပိုအပ်သကို။

မှတ်ချက်။ ။သိုးမွေးအခင်းကို ပြုလုပ်ရာ၌ မည်းသောသိုးမွေးကို နှစ်ဘို့ ဆိုရာ၌ အလွန် ပြောဆိုခြင်း ဖြစ်သည်။ ထို့ကြောင့် မည်းသော သိုးမွေးကို နှစ်ဘို့ထက် မပိုလွန်စေရ၊ နှစ်ဘို့ထက် ယုတ်လျော့မှုကား အပြစ်မရှိချေ။

ဖြူသော သိုးမွေး - ကြောင်သော သိုးမွေး တို့၌မူ တဘို့ထက် ယုတ်လျော့၍ မပြုလုပ်ရ၊ တဘို့ထက် ပိုလွန်ပါမူကား အပြစ်မရှိချေ။

---

## ပဥ္စမ သိက္ခာပုဒ်

●

### ● ပုရာဏသန္ထတ အစီပ္ပာယ်

ပုရာဏသန္ထတဟူသည်မှာ - အကြင် အခင်းတွင် တကြိမ်တခါမျှ ထိုင်ဘူး၊ အိပ်ဘူးသည်။ ထိုအခင်းကို ပုရာဏသန္ထတ ဟူ၍ ခေါ်သည်။

ပုရာဏသန္ထတံ နာမ ယတ္ထ သကိမ္ပိ နိသိန္နောဝါ ဟောတိ နိပန္နောဝါ။ (ကင်္ခါ ၂၁၇-ဟံ)

ဆောင်။ ။တကြိမ်တခါ၊ ထိုင်၊ အိပ်ရာ၊ မှတ်ပါ ပုရာဏသန္ထတ။

---

## ဆဋ္ဌ သိက္ခာပုဒ်

● အဒ္ဒါနမဂ္ဂ ပဋိပန္နဿ ပုဒ်အရ မှတ်သားဘွယ်

ဤဆဋ္ဌသိက္ခာပုဒ်လာ "အဒ္ဒါနမဂ္ဂ ပဋိပန္နဿ" ဟူသော ပါဠိစကားရပ်ကို ထောက်ဆသဖြင့် အဓွန့်ရှည်သောခရီးသို့ သွားစဉ် သိုးမွေးများ ဖြစ်ပေါ်လာမှသာ အလှူခံကောင်းသည်။ ထိုသို့မဟုတ်ဘဲ အခြားသောနည်းလမ်းဖြင့်ရသော သိုးမွေးကိုမူ အလှူမခံကောင်းဟူသော အဓိပ္ပာယ်သက်ရောက်နေသည်။

သို့ရာတွင် ဤ "အဒ္ဒါန မဂ္ဂ ပဋိပန္နဿ" ဟူသောစကားရပ်မှာ ဝတ္ထုအကြောင်းအားလျော်စွာ မိန့်ကြား ဖော်ပြထားသော စကားရပ်သာဖြစ်သဖြင့် မည်သည့်နည်းမျိုးနှင့်မဆို တရားသဖြင့် ရရှိခဲ့သော် ခံယူကောင်းသည်သာ ဖြစ်ပေသည်။

> အဒ္ဒါနမဂ္ဂ ပဋိပန္နဿာတိ အဒ္ဒါနသဒ္ဒါတံ ဒီဃမဂ္ဂံ ပဋိပန္နံ၊ သဗ္ဗဋ္ဌေတံ ဝတ္ထုမတ္တ ဒီပနမေဝ၊ ယတ္ထကတ္ထစိ ပန ဓမ္မေန လဘိတွာ ဂဏှိတွာ ဒေါသော နတ္ထိ။
>
> (ကင်္ခါ ၂၁၇-ဟံ)

ဆောင်။ အဒ္ဒါနမဂ္ဂ၊ မိန့်ဆိုပြ၊ ဖြစ်စ ဝတ္ထုကို။
တရားသမျှ၊ ခံယူရ၊ မှတ်ကြ ဤအလို။

---

## ဆဋ္ဌမ သိက္ခာပုဒ်

● ဇာတရူပနှင့် ရဇတ အဆူး

ဇာတရူပ-ဟူသည်မှာ-ရွှေဒင်္ဂါးများနှင့် ရွှေတုံး-ရွှေခဲများကို ဇာတရူပဟု ခေါ်သည်။

ရဇတ ဟူသည်မှာ-ငွေဒင်္ဂါးများနှင့် ငွေတုံး-ငွေခဲများကိုရင်း၊ရောင်းဝယ်ခြင်း၌ ငွေအဖြစ်အသုံးပြုသော ပိုက်ဆံအမျိုးမျိုးနှင့် ငွေစက္ကူများကိုရင်း ရဇတ ဟု ခေါ်သည်။ ။ဤသို့ ထူးခြားကြသည်။

**ဆောင်**။ ။ရွှေဒင်္ဂါးနှင့်၊ တုံး,ခဲ တပြာ၊ ဇာတရူပ၊ မှတ်ကုန်ကြလော့။
ငွေဒင်္ဂါးနှင့်၊ တုံး, ခဲ ရောင်း ရန်၊ ပိုက်ဆံ ရဇတ၊ မှတ်ကုန်ကြလော့။

---

## ● ဥပနိက္ခိတ္တံ သာဒိယေယျပုဒ် အဓိပ္ပာယ်

ဥပနိက္ခိတ္တံ သာဒိယေယျ-ဟူသည်မှာ-

၁။ အကြင် ဒါယကာ တယောက် သည် ရဟန်း၏ ရှေ့မှောက်သို့ ရွှေ-ငွေများကို ဆောင်ယူလာကာ ဤရွှေ - ဤငွေကို အရှင်ဘုရားအား လှူဒါန်းပါ၏ဟု ပြောကြား လျှောက်ထားပြီး အနီးအပါး၌ ထားရှိသော ရွှေငွေကို ဖြစ်စေ။

၂။ ရဟန်း၏ ရှေ့မှောက်သို့ ရွှေ-ငွေ များကို ဆောင်ယူမလာဘဲ ဤမည်သောအရပ်၌ တပည့်တော်၏ ရွှေ-ငွေများ ရှိပါသည်။ ထိုရွှေငွေများကို အရှင်ဘုရားအား လှူဒါန်းပါသည်ဟု မျက်ကွယ် ပရမ္မုခ လှူဒါန်းသော ရွှေငွေများကိုဖြစ်စေ၊ ကိုယ်ဖြင့်သော်ရင်း၊ နှုတ်ဖြင့်သော်ရင်း မပယ်မြစ်ဘဲ စိတ်ထဲက သာယာလျက် သည်းခံနေခြင်းကို ဥပနိက္ခိတ္တံ သာဒိယေယျ ဟု ခေါ်သည်။

**ဆောင်**။ ။မျက်မှောက်, မျက်ကွယ်၊ နှစ်သွယ်ပေးလှူ၊ သာယာမှု၊ မှတ်ယူ နိက္ခိတ္တာ။

## ● ရွှေငွေကို လူ့ဒါန်းလာရာ၌ ပယ်ရှားပုံ

ရွှေငွေကို လူ့ဒါန်းလာရာ၌ ဖယ်ရှားပုံမှာ- အကြောင်းရဟန်းသည် ရွှေငွေကို လူ့ဒါန်းလာသဖြင့် စိတ် ထဲက လို ချင်၍ ခံယူလိုသော်လည်း ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ ကိုယ်,နှုတ်နှစ်ပါးစုံဖြင့်ဖြစ်စေ "ဣဒံ န ကပ္ပတိ" ဤရွှေ-ငွေဟာ ငါတို့အား မအပ်ဟု ပယ်ရှားရသည်။

ကိုယ်,နှုတ်နှစ်ပါးဖြင့် မပယ်ရှားစေကာမူ စင်ကြယ်သော စိတ်ဖြင့် ဤ ရွှေငွေကား ငါတို့အား မအပ်ဟု စိတ်ဖြင့် မသာယာဘဲမူလည်း ပယ်ရှားရသည်။ ယင်းသို့ ကိုယ်,နှုတ် နှစ်ပါးဖြင့် ပယ်ရှားသော်၎င်း၊ စိတ်ဖြင့်မသာယာဘဲ ပယ်ရှားသော်၎င်း အပြစ်မရှိချေ။

သစေ ပန စိတ္တေန သာဒိယတိ၊ ဂဏှိတုကာမော ဟောတိ၊ ကာယေန၀ါ ၀ါစာယ၀ါ နယိဒံ ကပ္ပတီတိ ပဋိက္ခိပတိ၊ ကာယ၀ါစာဟိ အပ္ပဋိက္ခိပိတွာ သုဒ္ဓစိတ္တော ဟုတွာ နယိဒံ အမှာကံ ကပ္ပတီတိ နသာဒိယတိ၊ ၀ဋ္ဋတိ။

(ကခ်ါ ၂၁၉-ဟံ)

ဆောင်။ ။ကိုယ်,နှုတ် ဖြင့်ပယ်၊ စိတ်ဖြင့်ပယ်၊ တကယ် အာပတ်လွတ်။

---

## ● နိဿဂ္ဂီဖြစ်သော ရွှေငွေကို စွန့်ပုံ ပါဠိ

နိဿဂ္ဂီဖြစ်သော ရွှေငွေကို စွန့်ပုံပါဠိကား-

"အဟံ ဘန္တေ ရူပိ ပဋိဂ္ဂဟေသိံ၊ ဣဒံ မေ ဘန္တေ နိဿဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ" ဟူ၍ သံဃာ၏ အလယ်တွင် စွန့်ရသည်။

# နဝမ သိက္ခာပုဒ်

●

## ● အဋ္ဌမသိက္ခာပုဒ်နှင့် နဝမသိက္ခာပုဒ် အထူး

အဋ္ဌမသိက္ခာပုဒ်၌ နိဿဂ္ဂိယဝတ္ထု၊ ဒုက္ကဋ်ဝတ္ထုတို့ကို ခံယူခြင်းကို တားမြစ်သည်။

နဝမသိက္ခာပုဒ်၌ လဲလှယ်ခြင်းကို တားမြစ်သည်။ ။ဤသို့ ထူးခြားကြသည်။

ပုရိမသိက္ခာပဒေန ဟိ နိဿဂ္ဂိယ ဝတ္ထု ဒုက္ကဋ ဝတ္ထူနံ့
ပဋိဂ္ဂဟဏံ ဝါရိတံ၊ ဣမိနာ ပရိဝတ္တနံ။

—— (ကခ်ါ ၂၂၀-ဟံ)

## ● လဲလှယ်ရာ၌ အာပတ်သင့်ပုံ

ဤ နဝမသိက္ခာပုဒ်အရ လဲလှယ်ရာ၌ အာပတ် သင့်ပုံမှာ-

ဒုက္ကဋ်ဝတ္ထုဖြင့် ဒုက္ကဋ်ဝတ္ထုကိုလဲလှယ်လျှင် ဒုက္ကဋ်အာပတ်သင့်သည်။

ဒုက္ကဋ်ဝတ္ထုဖြင့် ကပ္ပိယဝတ္ထုကိုလဲလှယ်လျှင် ဒုက္ကဋ်အာပတ်သင့်သည်။

ကပ္ပိယဝတ္ထုဖြင့် ဒုက္ကဋ်ဝတ္ထုကိုလဲလှယ်လျှင် ဒုက္ကဋ်အာပတ်သင့်သည်။

နိဿဂ္ဂိယဝတ္ထုဖြင့်နိဿဂ္ဂိယဝတ္ထုကိုလဲလှယ်လျှင် နိဿဂ္ဂိယ ပါစိတ်အာပတ်သင့်သည်။

နိဿဂ္ဂိယဝတ္ထုဖြင့် ဒုက္ကဋ်ဝတ္ထုကို လဲလှယ်လျှင် နိဿဂ္ဂိယ ပါစိတ်အာပတ်သင့်သည်။

နိဿယဂ္ဂိယဝတ္ထုဖြင့် ကပ္ပိယဝတ္ထုကို လဲလှယ်လျှင် နိဿဂ္ဂိယပါစိတ်အာပတ်သင့်သည်။

ကပ္ပိယဝတ္ထုဖြင့် နိဿဂ္ဂိယဝတ္ထုကို လဲလှယ်လျှင် နိဿဂ္ဂိယပါစိတ်အာပတ်သင့်သည်။

ဒုက္ကဋ်ဝတ္ထုဖြင့် နိဿဂ္ဂိယဝတ္ထုကို လဲလှယ်လျှင် နိဿဂ္ဂိယပါစိတ်အာပတ်သင့်သည်။

ဤကား ဤနဝမသိက္ခာပုဒ်အရ လဲလှယ်ရာ၌ အာပတ်သင့်ပုံတည်း။

---

## ဒသမ သိက္ခာပုဒ်

### နာနပ္ပကာရဝတ္ထုနှစ်ပါး အထူး

နဝမ သိက္ခာပုဒ်လာ နာနပ္ပကာရ ဟူသည်မှာ - ကတ၊ အကတ၊ ကတာကတ-၏ အစွမ်းဖြင့် များသော အပြား ရှိသော ရွှေ-ငွေ စသော အကပ္ပိယဘဏ္ဍာကို နာနပ္ပကာရဟု ခေါ်သည်။

ဤဒသမသိက္ခာပုဒ်လာ နာနပ္ပကာရ ဟူသည်မှာ-သင်္ကန်း စသော များသော ကပ္ပိယဘဏ္ဍာကို နာနပ္ပကာရဟု ခေါ်သည်။ ဤသို့ ထူးခြားကြသည်။

နဝမေ နာနပ္ပကာရကန္တိ ကတာဒိဝသေန အနေကဝိဓံ။
ဒသမေ နာနပ္ပကာရကန္တိ စီဝရာဒီနံ ကပ္ပိယ ဘဏ္ဍာနံ ဝသေန အနေကဝိဓံ။ (ကင်္ခါ ၂၂၁-ဟံ)

**ဆောင်။** ။ရွှေ,ရွှေ အစ၊ အကပ္ပိယ၊ ခေါ်ကြနဝမ၊
နာနပ္ပကာရ။
သက်နီး အစ၊ ကပ္ပိယ၊ ခေါ်ကြ ဒသမ၊
နာနပ္ပကာရ။

---

## ● ကယဝိက္ကယ အစိပ္ပာယ်

ကယဝိက္ကယဟူသည်မှာ - ငါ့မှာရှိသော ဤဝတ္ထုဖြင့် သင့်မှာရှိသော ဤဝတ္ထုကို ပေးလော့၊ ဆောင်လော့၊ လဲလှယ်လော့၊ ဝယ်လော့ဟူသော အပြောမျိုးဖြင့်ပြောကြား၍ သူတပါး၏ ကပ္ပိယဘဏ္ဍာကို ယူခြင်းမျိုးကို "ကယ"ဟု ခေါ်သည်။

ဝိက္ကယ-ဟူသည်မှာ ဣ မိမိ၏ ကပ္ပိယဘဏ္ဍာကို ပေးခြင်းကို "ဝိက္ကယ"ဟု ခေါ်သည်။

---

## ● အာပတ်မသင့်အောင် လဲလှယ်နည်း

အာပတ်မသင့်အောင် လဲလှယ်နည်းမှာ-ငါ့မှာ အကပ်ခံအပ်သော ဆီဘဲရှိသည်၊ငါကလဲ ဤအကပ်ခံအပ်သောဆီကို အလိုမရှိ၊ အကပ်မခံသော ဆီကိုသာအလိုရှိသည် စသည်ဖြင့်ပြောကြား၍ မိမိဥစ္စာဖြင့်ရရှိသော ပစ္စည်းများကိုယူသောရဟန်းမှာအာပတ်မသင့်ချေ။

ဣဒံ အမှာကံ အတ္ထိ၊ အမှာကဥ္စ ဣမိနာစ ဣမိနာစ အတ္တောတိ ဝေ ဝတွာ အတ္တနော ဓနေန လဒ္ဓံ ဂဏှန္တဿ အနာပတ္တိ။ (ကခ်ါ ၂၂၁-ဟံ)

**ငွေကလောမဝဂ် ပြီး၏။**

## ပတ္တဝဂ်
## ပဌမသိက္ခာပုဒ်

### ● အတိရေကပတ္တ အဓိပ္ပာယ်

အတိရေကပတ္တဟူသည်မှာ- အဓိဋ္ဌာန်လည်းမတင်၊ ဝိကပ္ပနာလည်း မပြုအပ်သောသပိတ်ကို အတိရေကပတ္တဟု ခေါ်သည်။

အတိရေက ပတ္တောတိ 'အနဓိဋ္ဌိတော စ အဝိကပ္ပိတော စ။

(ကင်္ခါ ၂၂၂-ဟံ)

**ဆောင်။** ။ဓိဋ္ဌာန်, ဝိကပ်၊ မပြု အပ်၊ ခေါ်မှတ် အတိရေက ပတ္တ။

---

### ● ပတ္တ(၉)ပါးသရုပ်

ပတ္တသည်-

| | |
|---|---|
| ၁။ ဥက္ကဋ္ဌုက္ကဋ္ဌ၊<br>၂။ ဥက္ကဋ္ဌ မဇ္ဈိမ၊<br>၃။ ဥက္ကဋ္ဌောမက၊ | ဥက္ကဋ္ဌ သပိတ် ၃-လုံး၊ |
| ၄။ မဇ္ဈိမုက္ကဋ္ဌ၊<br>၅။ မဇ္ဈိမ မဇ္ဈိမ၊<br>၆။ မဇ္ဈိမောမက၊ | မဇ္ဈိမ သပိတ် ၃-လုံး၊ |
| ၇။ ဩမကုက္ကဋ္ဌ၊<br>၈။ ဩမက မဇ္ဈိမ၊<br>၉။ ဩမကောမက၊ | ဩမက သပိတ် ၃-လုံး၊ |

ဤသို့ သပိတ်(ပတ္တ) ၉-လုံးရှိသည်။

● **အပမာဏယုတ္တ သပိတ်(၂)လုံး**

အပမာဏယုတ္တသပိတ်သည်-

၁။ ဥက္ကဋ္ဌုက္ကဋ္ဌ သပိတ်၊

၂။ ဩမကောမက သပိတ်ဟူ၍ ၂-လုံးရှိသည်။

ဣစ္စေတေသု နဝသု ဥက္ကဋ္ဌုက္ကဋ္ဌောစ ဩမကော မကော စာတိ ဒွေ အပတ္တာ။ (ကခ်ါ ၂၂၃-ဟံ)

● **ပမာဏယုတ္တ သပိက် (၇)လုံး**

ပမာဏယုတ္တသပိတ်သည်-

၁။ ဥက္ကဋ္ဌ မဇ္ဈိမ သပိတ်၊

၂။ ဥက္ကဋ္ဌောမက သပိတ်၊

၃။ မဇ္ဈိမုက္ကဋ္ဌ သပိတ်၊

၄။ မဇ္ဈိမ မဇ္ဈိမ သပိတ်၊

၅။ မဇ္ဈိမောမက သပိတ်၊

၆။ ဩမကုက္ကဋ္ဌ သပိတ်၊

၇။ ဩမက မဇ္ဈိမ သပိတ်ဟူ၍ (၇)လုံးရှိသည်။

သေသာ သတ္တပတ္တာ ပမာဏယုတ္တာနာမ။

(ကခ်ါ ၂၂၃-ဟံ)

● **သပိတ်သစ်ရရှိသော ရဟန်းများ ကျင့်စဉ်**

သပိတ်သစ်ကို ရရှိသော ရဟန်း များ ပြုကျင့် ဘွယ်မှာ- အကြင်ရဟန်းမှာ ပင်ကိုက သပိတ်ဟောင်း ရှိပါလျက် နောက်ထပ် သပိတ်သစ် ရရှိခဲ့လျှင် သပိတ်ဟောင်းကို အဓိဋ္ဌာန်ချကာ သပိတ်သစ်ကို ဆယ်ရက်အတွင်း အဓိဋ္ဌာန်တင်ရသည်။ ။ဤကား သပိတ်သစ်ရရှိသော ရဟန်းများ ပြုကျင့်ဘွယ်ရာတည်း။

ပမာဏယုတ္တံ သမဏာ သာရုပ္ပေန ပက္ကံ အယောပတ္တံဝါ၊ မတ္တိကာပတ္တံဝါ လဘိတ္ဝာ ပုရာဏပတ္တံ ပစ္စုဒ္ဓရိတွာ အန္တောဒသာဟေ အဓိဋ္ဌာတဗ္ဗော။ (ကခ်ါ ၂၂၃-ဟံ)

---

## ● အဓိဋ္ဌာန်တင်ခွင့်မရသော သပိတ်သစ်

အဓိဋ္ဌာန် တင်ခွင့် မ ရ သော သ ပိတ် သစ် ဟူသည်ကား- အကြြင်ရဟန်းတပါးသည် ပင်ကိုက သပိတ်ဟောင်း ရှိပါလျက် နောက်ထပ် သပိတ်သစ် တ လုံး ကို အ ဘိုး ပေး ပြီး ဝယ်ယူသော အခါ အဘိုးမကျေသေးလျှင် ထိုသပိတ်သစ်ကိုပမာဏယုတ္တကပ္ပိယ သပိတ်ပင်ဖြစ်စေကာမူ အဓိဋ္ဌာန်တင်ခွင့်မရှိချေ။ ထို အဘိုးမကျေ သေးသော သပိတ်သစ်ကို အဓိဋ္ဌာန်မတင်ဘဲ ဝိကပ္ပနာသာ ပြုရ ပေသည်။

သစေ ပနဿ မူလတော ကာကဏိကမတ္တမ္ပိ ဒါတဗ္ဗံ၊ အဝသိဋ္ဌံ ဟောတိ။ အဓိဋ္ဌာနုပဂေါ န ဟောတိ၊ အပစ္စုဒ္ဓရန္တေန ဝိကပ္ပေတဗ္ဗော။ (ကခ်ါ ၂၂၃-ဟံ)

---

## ● သပိတ်သစ် ဆယ်လုံး တပြိုင်တည်း ရရှိသော ရဟန်းများ ကျင့်ရန်

သပိတ်သစ်ဆယ်လုံးကို တပြိုင်တည်း ရရှိ၍ ယင်း သပိတ် သစ် ဆယ်လုံးကို မိမိပင် သုံးစွဲလိုသောရဟန်းများ ပြုကျင့်ဘွယ် မှာ-ပင်ကိုက သပိတ်ဟောင်းမရှိသော အကြြင်ရဟန်းမှာ သပိတ် သစ် ဆယ်လုံးရရှိ၍ ၎င်းသပိတ်သစ် ဆယ် လုံး ထဲ မှ သပိတ်သစ် တလုံးကို အဓိဋ္ဌာန်တင်ရသည်။ နောက်တနေ့မှာ ၎င်း အဓိဋ္ဌာန်

တင်ထားသောသပိတ်သစ်ကို အဓိဋ္ဌာန်ချကာ အခြားသပိတ်သစ် တလုံးကို အဓိဋ္ဌာန်တင်ရသည်။ အထက်ပါနည်းအရ ပြုကျင့်ပါက အနှစ်တရာလုံးပင် ဆောင်ကောင်းသည်။

သစေ ပန ကောစိ အပတ္တကော ဘိက္ခု ပြ ဒသပတ္တေ လဘိတွာ သစေ အတ္တနာ ၀ ပရိဘုဉ္ဇိတုကာမော ဟောတိ၊ ကံ ပတ္တံ အဓိဋ္ဌာယ ပုန ဒိ၀သေ တံ ပစ္စုဒ္ဓရိတွာ အညော အဓိဋ္ဌာတဗ္ဗော၊ ဧတေနုပါယေန ၀ဿသတမ္ပိ ပရိဟရိတုံ သက္ကာ။ (ကင်္ခါ ၂၂၃-ဟံ)

---

## ❶ သပိတ်အဓိဋ္ဌာန်ကျကြောင်း အင်္ဂါ (၉) ပါး

သပိတ် အဓိဋ္ဌာန်ကျကြောင်းအင်္ဂါသည်-

၁။ သူတပါးအား ပေးစွန့်ခြင်း၊
၂။ ခိုးယူသွားခြင်း၊
၃။ အကျွမ်း၀င်၍ ယူသွားခြင်း၊
၄။ ဘိက္ခုနီမ လူ၀တ်လဲခြင်း၊
၅။ ဘိက္ခု သိက္ခာချခြင်း၊
၆။ သေဆုံးသွားခြင်း၊
၇။ လိင်ပြန်ခြင်း၊
၈။ ပစ္စုဒ္ဓိုရ်ပြုခြင်း၊
၉။ သပိတ်၏ နှုတ်ခမ်းမှ လက်နှစ်သစ်အောက်၌ ဆတ်ဆန် ထမင်း ၀င်လောက်အောင် ပေါက်ခြင်း - ဟူ၍ (၉)ပါး ရှိသည်။

ဆောင်။ ။ပေး,စွန့်,ခိုးဝှက်၊ ဝိဿာသက်၊ လူထွက်,
ချသိက္ခာ။
သေဆုံး,လိုင်ပြန်၊ ပစ္စုဒ္ဒိ၊ ရှစ်တန်ကျမိဌာ။
ဆတ် ဆန် ထ မင်း၊ ဝင် လောက် လျှင်း၊
ပေါက်ခြင်း ကျကြောင်းသာ။

---

## ဒုတိယ သိက္ခာပုဒ်

### သပိတ်ဖွဲ့ပုံ အဓိပ္ပာယ်

သပိတ်ဖွဲ့ပုံမှာ- အကြင်သပိတ်၌ အနားရေးမှ အောက်၌ လက်နှစ်သစ် အတိုင်းအရှည်ရှိသော အရေးအကြောင်း ဖြစ်ပေါ်လာလျှင် ထိုသပိတ်ကို ထိုအရေးအကြောင်း၏ အောက်အစွန်း၌ သပိတ်ထွင်းသော စူးငယ်ဖြင့် ထွင်း၍,ဖုတ်၍, ချည်ကြိုးငယ်၊ သင်ပန်းကြိုးငယ်စသည်တို့ဖြင့်ရင်း, သလွဲချည်ဖြင့်ရင်း ဖွဲ့၍ ထိုအဖွဲ့ကို အာမိသများ မကပ်ငြိစေရန်အလို့ငှာ သလွဲ ပြားဖြင့် သော်ရင်း၊ တစုံတခုသော သစ်စေး စသည်တို့ဖြင့်သော်ရင်း ဖုံးအုပ်၍ ထားရသည်။ ထိုသို့ဖွဲ့ပြီးသောသပိတ်ကို နောက်တဘန် အဓိဋ္ဌာန်တင်၍ သုံးဆောင်ရလေသည်။

---

### သပိတ်ဖွဲ့ရန် စည်းကမ်းချက်

သပိတ်ဖွဲ့ရန် စည်းကမ်းချက်ကား-

၁။ အကြင်သပိတ်တွင် လက်နှစ်သစ် အတိုင်းအရှည်ရှိသော အရေးအကြောင်း နှစ်ခု ရှိသော်ရင်း၊ လက်လေးသစ် အတိုင်းအရှည်ရှိသော အရေးအကြောင်းတခု ရှိသော်ရင်း နှစ်ဖွဲ့ဖွဲ့ရသည်။

၂။ အကြြင်သပိတ်တွင် လက်နှစ်သစ် အ တိုင်းအရှည် ရှိသော အရေးအကြောင်း သုံး ခုရှိသော် ၎င်း၊ လက် ခြောက် သစ် အတိုင်းအရှည်ရှိသော အရေးအကြောင်းတခု ရှိသော်၎င်း သုံးဖွဲ့ ဖွဲ့ရသည်။

၃။ အကြြင်သပိတ်တွင် လက် နှစ် သစ် အတိုင်း အရှည်ရှိသော အရေး အကြောင်း လေးခု ရှိ သော် ၎င်း၊ လက်ရှစ်သစ် အတိုင်းအရှည်ရှိသော အ ရေး အ ကြောင်း တ ခု ရှိ သော် ၎င်း လေးဖွဲ့ ဖွဲ့ရသည်။

၄။ အကြြင်သပိတ်တွင် လက်ရှစ်သစ် အတိုင်းအရှည်ရှိသော အရေးအကြောင်း ငါးခု ရှိသော်၎င်း၊ လက်ဆယ်သစ် အတိုင်းအရှည် ရှိသော အ ရေး အ ကြောင်း တ ခု ရှိသော်၎င်း ငါးဖွဲ့ ဖွဲ့ရသည်။ ။ဤကား - သပိတ်ကိုဖွဲ့ရာ၌ စည်းကမ်းချက်တည်း။

**မှတ်ချက်။** ။အကြြင်သပိတ်တွင် လက်နှစ်သစ် အတိုင်းအရှည်ရှိသော အရေးအကြောင်းငါးခုရှိသော်၎င်း၊လက်ဆယ်သစ်အတိုင်းအရှည်ရှိသောအရေးအကြောင်းတခု ရှိသော်၎င်း ၎င်းသပိတ်ကို ငါးဖွဲ့ ဖွဲ့သည် ဖြစ်စေ၊ မဖွဲ့သည်ဖြစ်စေ သပိတ် မ,မည်တော့ပြီ။

ယဿ ပဉ္စဝါ ကောဌေဝေါ ဒဿဂုံလာ၊ သော ဗဒ္ဓေါပိ အဗဒ္ဓေါပိ အပတ္တောယေဝ။ (ကင်္ခါ ၂၂၄-ဟံ)

## တတိယ သိက္ခာပုဒ်

●

### ● ပဋိသာယနီယာနိ ဟူသော ပါဠိဖြင့် ပြသော အနက်

ဤပတ္တဝဂ်၊ တတိယသိက္ခာပုဒ်လာ "ပဋိသာယနီယာနိ" ဟူသော ပါဠိဖြင့် အကြင် ရဟန်း သည် သတ္တာဟကာလိက ဖြစ်သော ထောပတ် စသည် တို့ကို အကပ်မခံဘဲ မိမိကိုယ်တိုင် ကိုင်တွယ်၍ထားလျှင် ၎င်းထောပတ်စသော သတ္တာဟကာလိက တို့ ခုနစ်ရက်လွန်သော်လည်း ဤသိက္ခာပုဒ်အရ အာပတ်မသင့် ဟူသောအနက်ကို ပြလေသည်။

အကြောင်းကား- ယင်းထောပတ်စသည်ကို မသုံးဆောင် ကောင်းသောကြောင့် ဖြစ်သည်။

ပဋိသာယနီယာနီတိ ပဋိသာယိတဗ္ဗာနိ၊ ပရိဘုဉ္ဇိတဗ္ဗာ နီတိ အတ္ထော။ ဧဘေန သယံ ဥဂ္ဂဟေတွာ နိက္ခိတ္တာနံ သတ္တာဟာတိက္ကမေပိ အနာပတ္တိံ ဒဿေတိ၊ တာနိ ဟိ သာယိတုံ နဝဋ္ဋန္တိ။ (ကင်္ခါ ၂၂၆-ဟံ)

---

### ● သပ္ပိ အဓိပ္ပာယ်

သပ္ပိဟူသည်မှာ-ဘသားအပ်သော နွားစသည်တို့၏နို့ရည် မှ ဖြစ်သော ထောပတ်ကို သပ္ပိ-ဟု ခေါ်သည်။

သပ္ပိနာမ ဂေါဒိနံ သပ္ပိ၊ ယေသံ မံသံ ကပ္ပတိ၊ တေသံ သပ္ပိ။ (ကင်္ခါ ၂၂၆-ဟံ)

## ● နဝနီတ-အဓိပ္ပာယ်

နဝနီတဟူသည်မှာ - အသားအပ်သော သတ္တဝါတို့၏ နို့ရည်မှဖြစ်သော ဆီဦးကို နဝနီတ ဟု ခေါ်သည်။

တထာ နဝနီတံ။ (ကခ်ါ ၂၂၆-ဟံ)

---

## ● တေလ-အဓိပ္ပာယ်

တေလ ဟူသည်မှာ-နှမ်း၊မုန်ညင်း၊သစ်မည်စည်၊ကြက်ဆူ၊ အဆီခဲ စသည်တို့မှ ထုတ်ယူအပ်သော အဆီကို တေလ ဟု ခေါ် သည်။

တေလံနာမ တိလ, သာသပ, မဓုက, ဧရဏ္ဍက, ဝသာ ဒီဟိ နိဗ္ဗတ္တိတံ။ (ကခ်ါ ၂၂၆-ဟံ)

---

## ● မဓု-အဓိပ္ပာယ်

မဓု ဟူသည်မှာ- ပျားကြီး,ပျားငယ်တို့ ပြုအပ်သော ပျား ရည်ကို မဓု-ဟု ခေါ်သည်။

မဓုနာမ မက္ခိကာ မဓုမေဝ။ (ကခ်ါ ၂၂၆-ဟံ)

---

## ● ဖာဏိတ-အဓိပ္ပာယ်

ဖာဏိတ ဟူသည်မှာ - ကြံရည်ကိုအစပြု၍ မကျက်သည် လည်းဖြစ်သော၊ အဖက်မရှိဘဲ ကျက်သည်လည်းဖြစ်သော အလုံး စုံသော အဖတ်မရှိသော ကြံအထူးကို ဖာဏိတ-ဟု ခေါ်သည်။

ဖာဏိတံနာမ ဉစ္ဆုရသံ ဉပါဒါယ ပန အပက္ကာဝါ အဝတ္ထုကပက္ကာဝါ၊ သဗ္ဗာပိ ဉစ္ဆုဝိကတိ ဖာဏိတန္တိ ဝေဒိတဗ္ဗံ။ (ကခ်ါ ၂၂၆-ဟံ)။

## စတုတ္ထ သိက္ခာပုဒ်

●

### ● ကုစ္ဆိသမယ-အဓိပ္ပာယ်

ကုစ္ဆိသမယ ဟူသည်မှာ – နယုန်လပြည့်ကျော်တရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့ တိုင်အောင်ကို ကုစ္ဆိသမယ - ဟုခေါ်သည်။

### ● ပိဋ္ဌိသမယ-အဓိပ္ပာယ်

ပိဋ္ဌိသမယ ဟူသည်မှာ – တန် ဆောင် မုန်း လ ပြည့် ကျော် တရက်နေ့မှ စ၍ နယုန် လပြည့်နေ့ တိုင်အောင်ကို ပိဋ္ဌိသမယ-ဟု ခေါ်သည်။

### ● ပရိယေသနခေတ်-အဓိပ္ပာယ်

ပရိယေသနခေတ် ဟူသည်မှာ နယုန်လပြည့်ကျော်တရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်တိုင်အောင်သောနေ့ကို ပရိယေသနခေတ်ဟု ခေါ်သည်။

### ● ကရဏခေတ်-အဓိပ္ပာယ်

ကရဏခေတ် ဟူသည်မှာ- ဝါဆိုလဆန်းတရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင်သောနေ့ကို ကရဏခေတ်ဟု ခေါ်သည်။

### ● နိဝါသနခေတ်-အဓိပ္ပာယ်

နိဝါသနခေတ် ဟူသည်မှာ-ဝါဆိုလဆန်းတရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင်သောနေ့ကို နိဝါသနခေတ် ဟု ခေါ်သည်။

● အဝိဋ္ဌာနခေတ်-အဝိပ္ပာယ်

အဝိဋ္ဌာနခေတ် ဟူသည်မှာ - ဝါဆိုလပြည့်ကျော် တရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်တိုင်အောင်သောနေ့ကို အဝိဋ္ဌာနခေတ် ဟု ခေါ်သည်။

---

## ပဥ္စမ သိက္ခာပုဒ်

●

● အစ္စေကစီဝရ်ပုဒ်အရ အာပတ်သင့်ပုံ

ဤပဥ္စမသိက္ခာပုဒ်လာ အစ္ဆိန္ဒေယျပုဒ်အရ အာပတ်သင့်ပုံမှာ-ရဟန်းတပါးသည် ရဟန်းတပါးအား မိမိ၏အမှုကြီးငယ်ကို ဆောင်ရွက်ပေးလိမ့်မည် ဟူသော မြော်လင့်ချက်နှင့် သင်္ကန်းကိုပေးသည်။ သို့သော် မြော်လင့်သလို မိမိအတွက် အမှုကြီးငယ်ဆောင်ရွက်မပေးသောအခါ မိမိပေးထားသောသင်္ကန်းကို သကသညာဖြင့် ပြန်၍လုယူလျှင် ဝတ္ထုအရေ အတွက် အား လျော်စွာ နိဿဂ္ဂိ ပါစိတ်အာပတ်သင့်သည်။

> အစ္ဆိန္ဒေယျာတိ ဝေယျာဝစ္စာဒိနိ အကာရေန္တံ ဒိသွာ သကသညာယ အစ္ဆိန္ဒန္တဿ ဝတ္ထုဂဏနာ ယ အာပတ္တိယော။ (ကင်္ခါ ၂၃၀-ဟံ)

---

● အစ္ဆိန္ဒာပေယျပုဒ်အရ အာပတ်သင့်ပုံ

ဤပဥ္စမသိက္ခာပုဒ်လာ အစ္ဆိန္ဒာပေယျ ပုဒ် အရ အာပတ်သင့်ပုံမှာ-ရဟန်းတပါးသည် ရဟန်းတပါးအား မိမိ၏အမှု ကြီး-ငယ်ကို ဆောင် ရွက် ပေး လိမ့် မည် ဟူ သော မြော် လင့် ချက်နှင့် သင်္ကန်းကို ပေးသည်။ သို့သော် မြော်လင့်သလို မိမိအတွက် အမှု

ကြီးငယ် ဆောင်ရွက်မပေးသောအခါ မိမိပေးထားသောသင်္ကန်းကို သူတပါးအား လုယက် ရန် ခိုင်းစေ လျှင် ဒုက္ကဋ် အာပတ်သင့်သည်။

အကြင်မျှလောက်သောသင်္ကန်းကို အလုခိုင်း၏။ ထို ခိုင်းသော ရဟန်း၏စကားအရ လု ယူ လျှင် သ င်္ကန်း အ ရေ အ တွက်အားလျော်စွာ နိဿဂ္ဂိ ပါစိတ်အာပတ်သင့်သည်။

အစ္စိန္နာပေယျာတိ ဝေ့ ပန အစ္စိန္နာတိ အာဏတ္တိယာ ဒုက္ကဋံ၊ အစ္စိန္နေသု ယတ္တကာနိ အာဏတ္တာနိ၊ တေသံ ဂဏနာယ အာပတ္တိယော။ (ကခါ ၂၃၀-ဟံ)

---

## ဆဋ္ဌ သိက္ခာပုဒ်

●

● သုတ္တံဝိညာပေယျ၌ "သုတ္တ" သရုပ်

သုတ္တံဝိညာပေယျ၌ သုတ္တ သရုပ်ကား-

၁။ ခေါမ၊

၂။ ကောသေယျ၊

၃။ ကပ္ပါသ၊

၄။ သာဏ၊

၅။ ဘင်္ဂ၊

၆။ ကမ္ဗလ-ဟူသော ဤ ၆ ပါးနှင့် ခေါမ စသော ချည်တို့၏ အနုလောမ ချည်တို့ကိုပါ 'သုတ္တ' အရ ယူရသည်။

သုတ္တန္တိ ဆဗ္ဗိဓံ ခေါမသုတ္တာဒိံ ဝါ၊ တေသံ အနုလောမံ ဝါ။ (ကခါ ၂၃၁-ဟံ)

## ● ဆဋ္ဌသိက္ခာပုဒ်အရ အာပတ်သင့်ပုံ

ဤ ဆဋ္ဌသိက္ခာပုဒ်အရ အာပတ်သင့်ပုံမှာ-အကြင်ရဟန်းတပါးသည် မအပ်သော ချည်ကို မအပ်သော ရက်ကန်းသည်အား ငါ့သက်န်းကို ရက်ပေးလော့ဟု မအပ်သော ခိုင်းစေခြင်းမျိုးဖြင့် ခိုင်းစေလျှင် အာပဘ်သင့်သည်ဟု ထင်မှတ်ရန်ရှိသည်။

သို့သော် ဤဆဋ္ဌသိက္ခာပုဒ်အရ ဤသို့ မအပ်သောချည်ကို မအပ်သောရက်ကန်းသည်အား ငါ့သက်န်းကို ရက်ပေးလော့ဟု မအပ်သော ခိုင်းစေကာမျှနှင့် နိဿဂ္ဂိပါစိတ်အာပတ် မသင့်သေးချေ။ ထိုသို့ခိုင်းစေသဖြင့် ရက်၍ အလျားတတွာ၊ အနံတတောင်ပြီးစီးသောအခါမှ ခိုင်းစေသောရဟန်းမှာ နိဿဂ္ဂိပါစိတ်အာပတ်သင့်သည်။

ဝိညာပိတသုတ္တံ ဝိညာပိတ တန္တဝါယေန ဒီဃတော ဝိဒတ္ထိမတ္တေ၊ တိရိယဉ္စ ဟတ္ထမတ္တေ ဝီတေ နိဿဂ္ဂိယံ ပါစိတ္တိယံ။ (ကခ်ါ ၂၃၁-ဟံ)

---

# သတ္တမ သိက္ခာပုဒ်

●

## ● ပုဗ္ဗေ အပ္ပဝါရိတောပုဒ် အဓိပ္ပာယ်

ပုဗ္ဗေ အပ္ပဝါရိတော ဟူသည်မှာ- သက်န်းလှူမည့် ဒါယကာများက "အရှင်ဘုရားများ လိုလားရာသက်န်း အမျိုးအစားကို တပည့်တော်အား မိန့်ကြားတော်မူပါ"ဟု ကြိုတင်၍ မဘိတ်မန်ခြင်းကို ပုဗ္ဗေ အပ္ပဝါရိတော-ဟု ခေါ်သည်။

ပုဗ္ဗေ အပ္ပဝါရိတောတိ စီဝရဿာမိကေဟိ အပ္ပဝါရိတော ဟုတွာ။ (ကခ်ါ ၂၃၂-ဟံ)

● ဝိကပ္ပံ အာပဇ္ဇေယျပုဒ်-အဓိပ္ပာယ်

ဝိကပ္ပံ အာပဇ္ဇေယျ ဟူသည်မှာ-သက်န်းလှူမည့် သက်န်းဒါယကာများ နဂိုက စီမံသည်ထက် ပိုမိုများပြားစွာ ကုန်အောင် စီမံခြင်းမျိုးကို ဝိကပ္ပံ အာပဇ္ဇေယျ ဟု ခေါ်သည်။

ဝိကပ္ပံ အာပဇ္ဇေယျာတိ ဝိသိဋ္ဌကပ္ပံ အဓိကဝိဓာနံ အာပဇ္ဇေယျ။ (ကခ်ါ ၂၃၂-ဟံ)

---

## အဋ္ဌမ သိက္ခာပုဒ်

●

● အစ္စေကစီဝရ-အဓိပ္ပာယ်

အစ္စေက စီဝရ ဟူသည်မှာ-

၁။ ခရီးသွားသူ၊

၂။ နာသောသူ၊

၃။ ကိုယ်ဝန်ဆောင်မိန်းမ၊

၄။ အသစ်ဖြစ်သော သဒ္ဓါတရားရှိသူ၊

ဟူသော ဤပုဂ္ဂိုလ် (၄) ယောက် တို့တွင် တယောက်ယောက်သောပုဂ္ဂိုလ်က "ဝဿာဝါသိကံ ဒဿာမိ"ဟု လျှောက်ထား၍ ပေးလှူအပ်သောသက်န်းကို အစ္စေကစီဝရဟု ခေါ်သည်။

အစ္စေကစီဝရန္တိ ဂမိက ဂိလာန ဂဗ္ဘိနီ အဘိနဝုပ္ပန္နသဒ္ဓါနံ ပုဂ္ဂလာနံ အညတရေန ဝဿာဝါသိကံ ဒဿာမီတိ ဧဝံ အာရောစေတွာ ဒိန္နံ။ (ကခ်ါ ၂၃၃-ဟံ)

ဆောင်။ ။ ခ, နာ, ကိုယ်, သစ်၊ လှူတုံလစ်၊ တွင်ရစ် အစ္စေက။

# နဝမ သိက္ခာပုဒ်

●

## အာရညက သေနာသန-အဓိပ္ပာယ်

အာရညက သေနာသန ဟူသည်မှာ – အကာအရံရှိသော မြို့-ရွာဖြစ်က ၎င်းမြို့ရွာ၏ တံခါးခုံမှ၊ အကာ,အရံမရှိသော မြို့ရွာဖြစ်က အကာအရံထိုက်သော အရပ်ကစ၍ ကုလလေးတာ အပြန် ငါးရာရှိသောအရပ်၌ ဆောက် လုပ် ထား သော ကျောင်း ကို အာရညက သေနာသနဟု ခေါ်သည်။

---

## သာသင်္က သမ္မတပုဒ်၏ အဓိပ္ပာယ်

သာသင်္ကသမ္မတဟူသည်မှာ-ခိုးသူတို့၏နေရာအရပ်စသည်ကို မြင်ခြင်းကြောင့် ရှိရှာအပ်၏ဟု သမုတ်အပ်သော နေရာအရပ်ကို သာသင်္ကသမ္မတ ဟု ခေါ်သည်။

> သာသင်္က သမ္မတာနီတိ စောရာဒိနံ နိဝိဋ္ဌောကာသာဒိဒဿနေန သာသင်္ကာနီတိ သမ္မတာနိ၊ ဝံ သညိတာနီတိ အတ္ထော။ (ကခ်ါ ၂၃၄-ဟံ)

---

## သပ္ပဋိဘယ ပုဒ်၏ အဓိပ္ပာယ်

သပ္ပဋိဘယ ဟူသည်မှာ–ခိုးသူတို့သည် လူကိုကို သတ်အပ်၊ လုယက်အပ်၊ ပုတ်ခတ်အပ်သောအဖြစ်ကို မြင်ခြင်းကြောင့် များစွာ ဘေးရန်ရှိသောအရပ်ကို သပ္ပဋိဘယ-ဟု ခေါ်သည်။

> သဟ ပဋိဘယေန သပ္ပဋိဘယာနိ၊ စောရေဟိ မနုဿာနံ ဟတဝိလုတ္တာ ကောဋ္ဋိတဘာဝဒဿနတော သန္နိဟိတဗလဝ ဘယာနီတိ အတ္ထော။ (ကခ်ါ ၂၃၄-ဟံ)

● **ဝိပ္ပဝသေယျပုဒ်၏ အဓိပ္ပာယ်**

ဝိပ္ပဝသေယျ ဟူသည်မှာ - ခြောက် ရက် ထက် အလွန်၊ ခုနစ်ရက်မြောက်သော အရုဏ်ကို မိမိနေရာ တောကျောင်း၌ မတက်စေခြင်းကို ဝိပ္ပဝသေယျ ဟုခေါ်သည်။

> တတော စေ ဥတ္တရိဝိပ္ပဝသေယျာတိ ဆာရတ္တတော ဥတ္တရိ တသ္မိံ သေနာသနေ သတ္တမံ အရုဏံ နုဋ္ဌာပေယျာတိ အတ္ထော။ (ကခ်ါ ၂၃၅-ဟံ)

---

## ဒသမ သိက္ခာပုဒ်

●

● **ပတ္တဝဂ် ဒသမသိက္ခာပုဒ်အရ အာပတ်သင့်ပုံ**

ဤပတ္တဝဂ် ဒသမသိက္ခာပုဒ်အရ အာပတ်သင့်ပုံမှာ-

၁။ သံဃာအား ညွတ်လေပြီးသော လာဘ်ကို မိမိသို့ ညွတ်စေသောရဟန်းအား နိဿဂ္ဂိ ပါစိတ်အာပတ်သင့်သည်။

၂။ သံဃာသို့ ညွတ်လေပြီးသော လာဘ်ကို ပုဂ္ဂိုလ်သို့ ညွတ်စေသော ရဟန်းအား ပါစိတ်အာပတ် သင့်သည်။

၃။ သံဃာသို့ ညွတ်လေပြီးသောလာဘ်ကို တပါးသော သံဃာအား လည်းကောင်း, ပုဂ္ဂိုလ် အား လည်းကောင်း ညွတ်စေသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်သည်။

၄။ စေတီသို့ ညွတ်လေပြီးသောလာဘ်ကို သံဃာအား လည်းကောင်း, ပုဂ္ဂိုလ်အား လည်းကောင်း ညွှတ်စေသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်သည်။

၅။ ပုဂ္ဂိုလ်သို့ ညွတ်လေပြီးသောလာဘ်ကို သံဃာအား လည်းကောင်း, စေတီအားလည်းကောင်း ညွှတ်စေသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်သည်။

သံဃစေတိယ ပုဂ္ဂလေသု ယဿ ကဿစိ ပရိဏတံ အညေသံ သံဃာဒီနံ ပရိဏာမေန္တဿစ ဒုက္ကဋံ။
(ကခ်ါ ၂၃၆-ဟံ)

ပတ္တဝဂ် ပြီး၏။

နိဿဂ္ဂိပါစိတ် ပြီး၏။

# သုဒ္ဓ ပါစိတ္တိယ

●

## မုသာဝါဒ ဝဂ်

## မုသာဝါဒ သိက္ခာပုဒ်

### ● သမ္ပဇာန မုသာဝါဒ၌ သမ္ပဇာန

သမ္ပဇာန မုသာဝါဒ-၌ သမ္ပဇာနဟူသည်မှာ-

၁။ မပြောမီ ရှေးအဘို့၌ သိခြင်း၊

၂။ ပြောဆိုဆဲခဏ၌ သိခြင်းကို သမ္ပဇာနဟုခေါ်သည်။

သမ္ပဇာန မုသာဝါဒေတိ ပုဗ္ဗေပိ ဇာနိတွာ ဝစနက္ခဏေပိ ဇာနန္တဿ ဝ မုသာဝါဒဘဏနေ။

(ကင်္ခါ ၂၃၇-ဟံ)

ဆောင်။ ။မပြောမီလဲ၊ ပြောဆိုဆဲ၊ သိဘဲသမ္ပဇာန။

---

### ● မုသာဝါဒ၌ ဝါဒ အရ

မုသာဝါဒ-၌ ဝါဒဟူသည်မှာ-

၁။ ကာယပ္ပယောဂ၊

၂။ ဝစီ ပယောဂ နှစ်ပါးလုံးကို ဝါဒဟု ခေါ်သည်။

ကာယေနဝါ ဝါစာယဝါ ဝိညာပနပ္ပယောဂေ ါ။

(ကင်္ခါ ၂၃၇-ဟံ)

ဆောင်။ ။ကာယ,ဝစီ၊ ဤနှစ်လီ၊ သညီ မုသာဝါဒ။

## ● မုသာဝါဒကြောင့် သင့်ရောက်နိုင်သော အာပတ်များ

မုသာဝါဒကြောင့် သင့် ရောက် နိုင် သော အာ ပတ် များမှာ-

၁။ ဥတ္တရိမနုဿဓမ္မကို တိုက်ရိုက်ပြောပါက ပါရာဇိက။

၂။ ဥတ္တရိမနုဿဓမ္မကို သွယ်ဝိုက် ပြောပါက သိလျှင် ထုလ္လစ္စည်း၊ မသိလျှင် ဒုက္ကဋ်။

၃။ အမူလက ပါရာဇိကဖြင့် စွပ်စွဲပါက သံဃာဒိသိသ်။

၄။ လဟုကအာပတ် ငါးပုံဖြင့် စွပ်စွဲပါက ဒုက္ကဋ်။

၅။ မုသားသက်သက် ပြောဆိုပါက ပါစိတ်အာပတ်။

၆။ ပြောင်လှောင်ပြောဆိုပါက ဒုဗ္ဘာသိ အာပတ်။

ဤသို့ မုသာဝါဒကြောင့် အသီးသီးသင့်ရောက်ကြသည်။

**ဆောင်။** ။ဥတ္တရိ ပါရာ၊ တဖြာ ထုလ္လစ္စည်း၊ တနည်း ဒုက္ကဋ်၊ စွပ်စွဲအမူလာ၊ သံဃာဒိသိသ်၊ ခွဲစိတ် ငါးပုံ၊ အာပတ်စုံကား၊ မှတ်သားဒုက္ကဋ်၊ မုသားထပ်မူ၊ပါစိတ်ဟူသည်၊တလီ ဒုဗ္ဘာသိ မှတ်ကြောင်းတည်း။

---

## ● မုသားဆိုမိသော်လည်း အာပတ်မသင့်ခြင်း

မုသားဆိုမိသော်လည်း အာပတ်မသင့်ခြင်းများမှာ-

၁။ သိလျက် အမှတ်တမဲ့ အဆောတလျင် ပြောဆိုသော အခါ၊

၂။ မသိသောကြောင့် အမှန်ကို ပြောသော်လည်း ချွတ်ချော်သောအခါ၊

၃။ ရှုးသွပ်သဖြင့် မုသား ပြောဆိုမိသော အခါတို့၌ အာပတ်မသင့်ချေ။

ဆောင်။ ။ဆောလျှင်,မသိ၊ ချွတ်ချော်ဘိ၊ တြိ-ရူးသွပ်သူ။
မုသာဝါဒ၊ ပြစ်မရ၊ မှတ်ကြအောင်ပန်းယူ။

---

## ဩမသဝါဒ သိက္ခာပုဒ်

●

● **ဩမသဝါဒ အဓိပ္ပာယ်**

ဩမသဝါဒ ဟူသည် - ဆဲရေးကြောင်း စကားမျိုးကို ဩမသဝါဒဟု ခေါ်သည်။

---

● **ဆဲရေးကြောင်း (အက္ကောသဝတ္ထု) ဆယ်ပါး သရုပ်**

၁။ ဇာတိ၊
၂။ နာမ၊
၃။ ဂေါတ္တ၊
၄။ ကမ္မ၊
၅။ သိပ္ပ၊
၆။ အာဗာဓ၊
၇။ လိင်္ဂ၊
၈။ ကိလေသာ၊
၉။ အာပတ္တိ၊
၁၀။ အက္ကောသ = ဟူ၍ (၁၀) ပါး ရှိသည်။

ဆောင်။ ။ဇာတိနာမ ဂေါတ္တကမ္မံ၊
သိပ္ပံ အာဗာဓ လိင်္ဂံ၊
ကိလေသာပတ္တိ အက္ကောသော၊
ဒသိမေဝမသ ဝါဒကာ။

● **ဟုတ်မှန်သည့်အတိုင်း ဇာတိစသည်ဖြင့် ဆဲရေးသူအား အာပတ်သင့်သည်**

ဤသိက္ခာပုဒ်အရ "ဇာတိ"စသည်ဖြင့် ဆဲရေးလျှင် ဟုတ်မှန်သည်ဖြစ်စေ၊ မဟုတ်မှန်သည် ဖြစ်စေ အာပတ် သင့် သည်။ ထို့ကြောင့် စဏ္ဍာလမျိုးရဟန်းကို စဏ္ဍာလမျိုးဟု ဆဲရေးလျှင် အာပတ်သင့်သည်။ စဏ္ဍာလမျိုးမဟုတ်ဘဲ စဏ္ဍာလမျိုးစသည်ဖြင့် ဆဲရေးပါက အာပတ်သင့်ခြင်းမှာ ဆိုဘွယ်ရာပင် မရှိပြီ။

ဘူတေန ဝါ အဘူတေန ဝါ ယေန ကေနစိ။

(ကင်္ခါ ၂၃၇-ဟံ)

**ဆောင်။** ။ဘူတ,အဘူတ၊ ထိုနှစ်ဝ၊ ပြစ်ရအာပတ်ချည်း။ ဇာတိစသား၊ ထို ဆယ် ပါး၊ ရှောင်ရှား သန့်စင်နည်း။

---

● **ပါရာဇိကကျပြီးသောရဟန်းကို ဆဲရေးသောရဟန်း**

ပါရာဇိကကျပြီးသောရဟန်းကို ဇာတိစသော ဆယ်ပါးသော အက္ကောသဝတ္ထုဖြင့် ဆဲရေးလျှင်လည်း ဤသိက္ခာပုဒ်အရ ပါစိတ်အာပတ် သင့်သည်။

---

● **ဩမသဝါဒ၌ ဝါဒအရ**

ဩမသဝါဒ၌ ဝါဒအရကား-

၁။ ကာယ ပယောဂ၊

၂။ ဝစီပယောဂ-ဟူသော ကိုယ်အမူအရာ၊ နှုတ်အမူအရာ နှစ်ပါးစလုံးကို ဝါဒ-ဆိုသည်။

**ဆောင်။** ။ကာယ,ဝစီ၊ ဤနှစ်လီ၊ သညီ ဩမသဝါဒ။

## ● သွယ်ဝိုက်၍ ဆဲရေးခြင်းအတွက် အာပတ်

ဆယ်ပါးသော အက္ကောသဝတ္ထုတို့ဖြင့် တိုက်ရိုက်မဆဲဘဲ "ယခုအခါ ဒွန်းစဏ္ဍာလများ ရှိကြတယ်" စသည်ဖြင့် သွယ်ဝိုက်၍ ဆဲရေးသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်သည်။

ဆောင်။ ။သွယ်ဝိုက် ဆဲရေး၊ အာပတ်သေး၊ မနေး ဒုက္ကဋ်ထင်။

---

## ● အက္ကောသဝတ္ထု အလွတ်ဆဲရေးခြင်းအတွက် အာပတ်

ဆယ်ပါးသော အက္ကောသဝတ္ထုတို့ဖြင့် မဟုတ်ဘဲ သူခိုး, ဓားပြ စသည်ဖြင့် ဆဲရေးသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်သည်။

ဆောင်။ ။အက္ကော မဖက်၊ ဆဲရေးတွက်၊ မှတ်ချက် ဒုက္ကဋ်သာ။

---

## ● လူ့ သာမဏေ, ဘိက္ခုနီမ တို့ကို ဆဲ ရေး ခြင်း အတွက် အာပတ်

ဘိက္ခုနီမကို လူ့သာမဏေတို့၌ သွင်းယူရသောကြောင့် လူ့သာမဏေ,ဘိက္ခုနီမတို့ကို ဆဲရေးသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်သည်။

ဆောင်။ ။ဘိက္ခုနီ,လူ၊ သာမဏေဟူ၊ ဆဲမူဒုက္ကဋ်ချည်း။

## ● ပြောင်လှောင်ပြောဆိုသောရဟန်း၏ အာပတ်

ရဟန်း,လူ, သာမဏေ တစ်ုံတယောက်ကို ပြောင်လှောင် ပြောဆိုသောသဘောဖြင့် အသားမဲသူကို အင်္ဂလိပ်ကြီးစသည်ဖြင့် ပြောဆိုသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်သည်။

**ဆောင်။** ။ပြက်ရယ်ပြုမှု၊ ရည်ရွယ်ရှု၊ ပြစ်မှု ဒုက္ကဋ်။

---

## ● အက္ကောသဝတ္ထုဖြင့် ပြောဆိုပါလျက် အာပတ်မသင့်ခြင်း

အက္ကောသဝတ္ထုဖြင့် ပြောဆိုပါလျက် အာပတ်မသင့် ခြင်းမှာ-

၁။ အတ္ထပုရေက္ခာရ-အနက်ကို ခွဲ၍ပြောသောအခါ၊

၂။ ဓမ္မပုရေက္ခာရ-ပါဠိဓမ္မကို ချပို့သောအခါ၊

၃။ အနုသာသနီ ပုရေက္ခာရ - ဆုံးမသော အခါတို့၌ အာပတ်မသင့်ချေ။

**ဆောင်။** ။အတ္ထ,ဓမ္မ၊ နုသာသ၊ သုံးဝ အာပတ်လွတ်။

---

# ပေသုည သိက္ခာပုဒ်

●

## ● ပေသုညကုန်းချောခြင်းအထမြောက်မှု အင်္ဂါ(၂)ပါး

ပေသုည, ကုန်းချောခြင်း၌-

၁။ သူတို့နှစ်ယောက်ကို ကွဲပြားစေလိုခြင်း၊

၂။ မိမိကို ချစ်စေလိုခြင်းဟူသော ရည်ရွယ်ချက်ရှိမှသာ ကုန်းချောခြင်း အထမြောက်သည်။

**ဆောင်။** ။ကွဲပြား, ချစ်စေ၊ ဤနှစ်ထွေ၊ မသွေ ကုန်း ချောခြင်း။

## ● ပါစိတ်အာပတ်သင့်စေသော ကုန်းချောစကား

ပါစိတ်အာပတ် သင့်စေသော ကုန်းချောစကား ကား- ဇာတိစသော အက္ကောသဝတ္ထု ဆယ်ပါးဖြစ်သည်။

ဆောင်။ ။ဇာတိစသား၊ ထိုဆယ်ပါးဖြင့်၊ ကုန်းတိုက်ပြောမူ၊ ပါစိတ်ဟူ၏။

---

## ● ဇာတိစသော အက္ကောသဝတ္ထု အလွတ်ဖြင့် ကုန်းတိုက်ခြင်း

ဇာတိ စသော အက္ကောသဝတ္ထုဆယ်ပါးဖြင့် မဟုတ်ဘဲ ကုန်းတိုက်သော ရဟန်းအား ပါစိတ် အာပတ် မသင့်။ ဒုက္ကဋ် အာပတ်သာ သင့်သည်။

ဆောင်။ ။အက္ကောသလွတ်၊ ကုန်းတိုက်မှတ်၊ ဒုက္ကဋ်အာပတ်မည်။

---

## ● ပေသုည ကရဏာ၌ ကရဏာ အရ

ပေသုညကရဏာ-ကုန်းချောခြင်း၌-

၁။ ကာယ ပယောဂ၊

၂။ ဝစီပယောဂ-ဟူသော နှစ်ပါးစလုံးကိုပင် "ကရဏာ" ဟူ၍ ခေါ်သည်။

ဆောင်။ ။ကာယ, ဝစီ၊ ဤ နှစ်လီ၊ သညီ ပေသုည ကရဏာ။

# ပဒသောဓမ္မ သိက္ခာပုဒ်

●

## ● ပဒသောဓမ္မံ၌ ပဒ သရုပ်

ပဒသောဓမ္မံ ၌ - ပဒ သည်-

၁။ ပဒ - ဂါထာ၏ ပဌမ ပါဒ၊
၂။ အနုပဒ - ဂါထာ၏ ဒုတိယ ပါဒ၊
၃။ အနက္ခရ - အက္ခရာ တလုံးလုံး၊
၄။ အနုဗျဉ္ဇန - ရှေ့ဝါကျရှိ ဝိဘတျန္တပုဒ်နှင့် တူသော နောက်ဝါကျရှိ ဝိဘတျန္တပုဒ်ဟူ၍ (၄)ပါးရှိသည်။

ဆောင်။ ။ပဒ,နုပဒ၊ နက္ခရ၊ လေးဝ ဗျဉ္ဇနာ။
ပ, ဒု, တ လုံး လုံး၊ ဝိ ဘတ် ဆုံး၊ ကျဉ်းရုံး မိပ္ပာယာ။

---

## ● အနုပသမ္ပန္န သုံးပုဒ် အထူး

ဩမသဝါဒ သိက္ခာပုဒ်၊ ပေယျာလ သိက္ခာပုဒ်၊ ပဒသောဓမ္မ သိက္ခာပုဒ်တို့၌လာသော အနုပသမ္ပန္န သုံးပုဒ်အထူးကား-

ဩမသဝါဒ သိက္ခာပုဒ်၊ ပေယျာလ သိက္ခာပုဒ် တို့၌ အနုပသမ္ပန္နဟူသည်မှာ-ရဟန်းမှတပါး လူ, သာမဏေ, ဘိက္ခုနီတို့ကို အနုပသမ္ပန္နဟု ခေါ်သည်။

ပဒသောဓမ္မ သိက္ခာပုဒ်၌ အနုပသမ္ပန္န ဟူသည်မှာ - လူ, သာမဏေကို အနုပသမ္ပန္န ဟု ခေါ်သည်။ ။ဤသို့ ထူးခြားကြသည်။

ဆောင်။ ။ဩမသ,ပေယျာလ၊ အနုပ၊ သုံးဝ လူ,ဏေ,နီ။
ပဒသော ဓမ္မ၊ အနုပ၊ မှတ်ကြ လူ,ဏေမည်။

## ● ပုဒ်ဖြိုင် ပို့ချပါလျက် ပါစိတ်အာပတ်မသင့်ခြင်း

ပုဒ်ပြိုင် ပို့ချပါလျက် ပါစိတ်အာပတ်မသင့်ခြင်းမှာ-

၁။ ရဟန်းကို လူ့ သာမဏေ ထင်မှတ်၍ ပို့ချခြင်း၊

၂။ ယုံမှားသံသယဖြစ်လျက် ပို့ချခြင်းတို့အတွက် ပါစိတ် အာပတ် မသင့်ပေ။ ဒုက္ကဋ်အာပတ်သာ သင့်သည်။

ဥပသမ္ပန္နေ အနုပသမ္ပန္န သညိနော ဝေမတိကဿ ဝါ ဒုက္ကဋံ။ (ကခ်ါ ၂၄၀-ဟံ)

ဆောင်။ ။ထင်မှတ်,သံသယ၊ထိုနှစ်ဝ၊ပို့ချဒုက္ကဋ်ချည်း။

---

## ● ပုဒ်ဖြိုင်ဆိုပါလျက် အာပတ်လုံးဝမသင့်ခြင်း

ပုဒ်ပြိုင်ဆိုပါလျက် အာပတ် လုံးဝ မသင့်ခြင်းမှာ-

၁။ သာမဏေနှင့် ရဟန်း တွဲ၍ စာတက်သောအခါ၊

၂။ သာမဏေနှင့်ရဟန်း တွဲ၍ စာပြန်ကြသောအခါ၊

၃။ သာမဏေထံ ရဟန်းက စာတက်သောအခါ၊

၄။ မဆိုဝံ့သော သာမဏေကို ပုဒ်ပြိုင်ထောက်ပေးသော အခါတို့၌ အာပတ်လုံးဝမသင့်ပေ။

ဆောင်။ ။တွဲတက်,တွဲပြန်၊ စာဝါခံ၊ တတန် ထောက်ပေးခြင်း။။

ပုဒ် ပြိုင် ဆို ရှုတ်၊ အာ ပတ် လွတ်၊ မ ချွတ် သိစေရှင်း။

## ပထမ သဟသေယျ သိက္ခာပုဒ်

### ၁။ အနုပသမ္ပန္နစ်ပုဒ် အထူး

ပဒသောဓမ္မ သိက္ခာပုဒ်လာ အနုပသမ္ပန္နနှင့် ဤ ပထမ သဟသေယျသိက္ခာပုဒ်လာ အနုပသမ္ပန္န အထူးကား-ပဒသောဓမ္မ သိက္ခာပုဒ်လာ အနုပသမ္ပန္န ဟူသည်မှာ - ဘိက္ခု, ဘိက္ခုနီမှတပါး လူ,သာမဏေကို အနုပသမ္ပန္နဟု ခေါ်သည်။

ဤသဟသေယျသိက္ခာပုဒ်လာ အနုပသမ္ပန္န ဟူသည်မှာ- ဘိက္ခုမှတပါး ဘိက္ခုနီ,လူ,သာမဏေနှင့် ပါရာဇိကဝတ္ထုလောက်သော တိရိစ္ဆာန်ကိုပါ အနုပသမ္ပန္နဟု ခေါ်သည်။ ။ဤသို့ ထူးခြားကြသည်။

အနုပသမ္ပန္နေနာတိ ဘိက္ခုံ ထပေတွာ အဝသေသော ပါရာဇိကဝတ္ထုဘူတောပိ တိရစ္ဆာနဂတောပိ။

(ကင်္ခါ ၂၄၀-ဟံ)

**ဆောင်။** ။ပဒသောဓမ္မ၊ အနုပ၊ မှတ်ကြ လူ,ဏေမည်။
သဟသေယျ၊ အနုပ၊ တိရ, လူ, ဏေ, နီ။

---

### ၂။ သဟသေယျလောက်သော အဆောက်အဦမျိုး

သဟသေယျလောက်သော အဆောက်အဦမျိုးကား-

၁။ အလုံးစုံ အမိုးအကာရှိသော အဆောက်အဦမျိုး၊

၂။ ထက်ဝက်အ မိုးသည်၍ မိုးကာပြီးသော အဆောက် အဦမျိုးသည် [illegible] လောက်သည်။

**ဆောင်။** ။ထက်ဝက် [illegible] မိုးကာစုံ လောက်လုံ ပါစိတ် [illegible]။

---

## ● အဆောင်, အခန်း များသောကျောင်း၌ တဆောင်စီ, တခန်းစီ အိပ်ခြင်း

အဆောင်, အခန်း များ စွာ ရှိသော ကျောင်းတွင် လူ, သာမဏေတို့နှင့် တဆောင်စီ,တခန်းစီ ခွဲခြား အိပ်ရာ၌-

၁။ ဝင်ထွက်ရာ တံခါးတူသည့် ကျောင်းစသော အဆောက်အဦ (ဧကူပစာရ) ဖြစ်က အာပတ်သင့်သည်။

၂။ ဝင်ထွက်ရာ တံခါးမတူသည့် ကျောင်းစသော အဆောက်အဦ(နာနူပစာရ)ဖြစ်က အာပတ်မသင့်ချေ။

ဆောင်။ ။ဧကူပစာရ၊အိပ်လတ်က၊မှတ်ကြပြစ်ရသည်။
နာနူပစာရ၊ အိပ်လတ်က၊ မှတ်ကြ ပြစ်လွတ်သည်။

---

## ● သဟသေယျ အဆက်ပြတ်ပုံ

လူ,သာမဏေ စသည်တို့နှင့် သုံးည၌အထိ အိပ်ပြီးသော အခါ ယင်းသဟသေယျကို အဆက်ဖြတ်ရန် လေးည၌မြောက်မှာ လူ, သာမဏေ စသည် မရှိသောကျောင်းတွင် သွားအိပ်လျှင် သဟသေယျ အဆက်ပြတ်သည်။

ဆောင်။ ။သုံးည၌အိပ်ပြီး၊ ဆက်ဖြတ်နည်း၊ ပြောင်းပြီး အိပ်စေလို။

## ဒုတိယ သဟသေယျ သိက္ခာပုဒ်

●

### ● ဒုတိယသဟသေယျ သိက္ခာပုဒ်လာ မာတုဂါမ

ဒုတိယ သဟသေယျသိက္ခာပုဒ်လာ မာတုဂါမကား- ယနေ့မွေးဖွားသော လူမိန်းကလေးမှစ၍ မာတုဂါမအရ ယူရသည်။

မာတုဂါမေနာတိ အန္တမသော တဒဟုဇာတာယပိ မနုဿိတ္ထိယာ။ (ကခ်ါ ၂၄၁-ဟံ)

---

### ● ဘိလူးမ၊ ပြိတ္တာမ စသည်တို့နှင့် အတူအိပ်သောရဟန်း၏ အာပတ်

ဘီလူးမ, ပြိတ္တာမ စသည်တို့နှင့် အတူအိပ်သော ရဟန်းအား ဤသိက္ခာပုဒ်အရ ဒုက္ကဋ်အာပတ်သင့်သည်။

ဒိဿမာနရူပါ ပန ယက္ခိပေတိယော,ပဏ္ဍကော, မေထုနဝတ္ထုဘူတာစ တိရစ္ဆာနိတ္ထိယော ဣမ ဒုက္ကဋ ဝတ္ထုကာ ဟောန္တိ။ (ကခ်ါ ၂၄၁-ဟံ)

---

## ဓမ္မဒေသနာ သိက္ခာပုဒ်

●

### ● ဥတ္တရိဆပ္ပဉ္စ ဝါစာဟိဒ္ဒ ဝါစာ အဓိပ္ပာယ်

ဥတ္တရိဆပ္ပဉ္စဝါစာဟိဒ္ဒဝါစာဟူသည်မှာ-

၁။ ဂါထာ၌ တပါဒသည် စကားတခွန်း (ဝါစာ) မည်သည်။

၂။ စုဏ္ဏိယ၌ ဝိဘတ်တခုဆုံးသောပုဒ်သည်စကားတခွန်း (ဝါစ)မည်သည်။

ဥတ္တရိဆပ္ပဒ္ဒ ဝါစာဟီတိ တွေ ဧကော ဂါထာပါဒေါ ကော ဝါစာတိ ဧဝံ သဗ္ဗတ္ထ ဝါစာပမာဏံ ဝေဒိတဗ္ဗံ။
(ကင်္ခါ ၂၄၂-ဟံ)

ဆောင်။ ။ဂါထာအရာ၊ တပါဒ၊ ဝါစာမည်သည်ဟူ။ စုဏ္ဏိယမှာ၊ ဝိဆုံးရာ၊ မှတ်ပါထိုနည်းတူ။

## ● ဝိညူပုရိသ အဓိပ္ပာယ်

ဝိညူပုရိသဟူသည်မှာ - ရှုန်းရင်းကြမ်းထမ်းသောစကား ဟုတ်သည်-မဟုတ်သည်ကို ခွဲခြား သိနားလည်သော ယောကျ်ား ကိုခေါ်သည်။

ဆောင်။ ။ရှုန့်ရင်း ကြမ်းထမ်း၊ စကားမှန်း၊ ခွဲခြမ်းသိစွမ်းသူ။
ဝိညူ ပုရိသ၊ ခေါ်ဝေါ်ကြ၊ လောက အောင်ပွဲယူ။

## ● မြန်မာဘာသာဖြင့် ဟောကြားခြင်း

မိမိအနားတွင် ဝိညူပုရိသမရှိဘဲ ခြောက်ခွန်းထက်အလွန် မာတုဂါမအား တရားဟောရာ၌ မြန်မာဘာသာဖြင့် ဟောသည် ဖြစ်က အာပတ်မသင့်ပေ။ အကြောင်းကား - ဓမ္မအရကို ပါဠိ၊ အဋ္ဌကထာကို ယူရသောကြောင့် ဖြစ်သည်။

ဓမ္မ ဒေသေယျာတိ ပဒသောဓမ္မသိက္ခာပဒေ ဝုတ္တလက္ခဏံ ဓမ္မံ ပါဠိ အဋ္ဌကထာ ဓမ္မံ ပါဠိ ဘာသေယျ။
(ကင်္ခါ ၂၄၂-ဟံ)

ဆောင်။ ။ပါဠိ, အဋ္ဌ၊ ကထာမှ၊ ဓမ္မ ခေါ်သတည်း။
ထို့ ကြောင့် မြန် မာ၊ ပြစ်မလာ၊ မှတ်ပါ
အလွယ်နည်း။

---

## ● ဓမ္မကို ခြောက်ခွန်းထက်အလွန် ဟောနိုင်သောနည်း

မာတုဂါမကို တရားဟောရာ၌ ခြောက်ခွန်းကို ထိုင်လျက် ဟောပြီး၊ အခြား ခြောက်ခွန်းကို ရပ်လျက် ဟောလျှင် ဤသို့ ဣရိယာပုထ်ကို မိမိသော်ငင်း၊ တရားနာသူ မာတုဂါမသော်ငင်း၊ ပြောင်း၍ ဟောလျှင်ငင်း၊ မာတုဂါမက ပြဿနာမေးလျှောက် သည်ကို ဖြေဆိုရာ၌သော်ငင်း ခြောက်ခွန်းထက် ပိုလွန်သော်လည်း အာပတ် မသင့်ချေ။

ဆောင်။ ။ဣရိယာ ပြောင်း၊ ခြောက် ခွန်း ပေါင်း၊
ထောင်သောင်း ဟောနိုင်သည်။

---

## ဘူတာရောစန သိက္ခာပုဒ်

●

## ● ဥတ္တရိမနုဿဓမ္မ အဝိပ္ပာယ်

ဤဘူတာရောစန သိက္ခာပုဒ်လာ ဥတ္တရိမနုဿဓမ္မ ဟူသည် စတုတ္ထ ပါရာဇိက သိက္ခာပုဒ်တွင် ပြဆိုခဲ့သော ဈာန်တရား၊ မဂ် တရား၊ ဖိုလ်တရားတို့ကိုပင် ဥတ္တရိ မနုဿဓမ္မဟု ခေါ်သည်။

ဥတ္တရိမနုဿဓမ္မန္တိ စတုတ္ထပါရာဇိကေ ဝုတ္တလက္ခဏံ ဥတ္တရိ မနုဿာနံ ဈာယိနေဒ္ဓဝ အရိယာနဉ္စ ဓမ္မံ။

(ကခ်ါ ၂၄၃-ဟံ)

## ● ဥတ္တရိမနုဿဓမ္မကို ဘိက္ခုနီမကို ပြောကြားသော ရဟန်း

ဥတ္တရိမနုဿဓမ္မကို ဘိက္ခုနီမအားပြောကြားရာ၌အာပတ် မသင့်ပေ။ အကြောင်းကား အနုပသမ္ပန္နအရတွင် ဘိက္ခုနီမ မပါ ဝင်သောကြောင့် ဖြစ်သည်။

---

## ● ဥတ္တရိမနုဿဓမ္မကို ပြောကြားရာ၌ အာပတ်သင့်ပုံ

ဥတ္တရိမနုဿဓမ္မကို လူ၊ သာမဏေအား တိုက်ရိုက် ပြောကြားရာ၌-

၁။ သုဏန္တပုဂ္ဂိုလ် နားလည်လျှင် ပါစိတ်အာပတ်၊

၂။ နားမလည်က ဒုက္ကဋ်အာပတ်၊

၃။ ပရိယာယ်အားဖြင့် ပြောကြားပါမူ နားလည်သည် ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ ဒုက္ကဋ်အာပတ် သင့်သည်။

ယေန ကေနစိ အာကာရေန တမတ္ထံ ဇာနာတိ၊ ပါစိတ္တိယံ၊ နော စေ ဇာနာတိ၊ ဒုက္ကဋံ၊ ပရိယာယေန အာရောစိတံ ပန ဇာနာတုဝါ မာဝါ၊ ဒုက္ကဋမေဝ။

(ကခ်ါ ၂၄၃-ဟံ)

**ဆောင်။** ။တိုက်ရိုက်နားလည်၊ ပါစိတ်မည်၊ မလည် ဒုက္ကဋ်တည်း။

ပရိယာယ်မူ၊ဒုက္ကဋ်ယူ၊မှတ်သူအလွယ်နည်း။

## ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်

●

### ● ဘိက္ခုဿဉ္စ ဘိက္ခုအရ

ဤသိက္ခာပုဒ်လာဘိက္ခုဿဥ္ဓ ဘိက္ခုဟူသည်မှာ-ပါရာဇိက မကျသေးသောရဟန်းကို ဘိက္ခုဟု ခေါ်သည်။

ဘိက္ခုဿာတိ ပါရာဇိကံ အနဇ္ဈာပန္နဿ။

(ကခ်ါ ၂၄၄-ဟံ)

---

### ● ဒုဋ္ဌုလ္လံအာပတ္တိံ၌ ဒုဋ္ဌုလ္လအရ

ဤသိက္ခာပုဒ်လာ ဒုဋ္ဌုလ္လ ဟူသည်မှာ - သံဃာဒိသိသ် အာပတ်ကို ခေါ်သည်။

ဒုဋ္ဌုလ္လန္တိ ကိဥ္စာပိ ဒ္ဓိန္နံ အာပတ္တိက္ခန္ဓာနမေတံ အဓိဝစနံ၊ ဣဓ ပန သံဃာဒိသေသမေဝါ ဓိပ္ပေတံ။

(ကခ်ါ ၂၄၄-ဟံ)

---

### ● ဘိက္ခုသမ္မုတိယာ၌ သမ္မုတိ အဓိပ္ပာယ်

ဘိက္ခုသမ္မုတိယာ၌ သမ္မုတိဟူသည်မှာ - အာပတ်သင့် ရောက်တတ်သောရဟန်း နောင် အခါ ရှက် ကြောက် သ ဖြင့် အာပတ်မသင့်စေရန် ရည်ရွယ် လျက် ထိုပုဂ္ဂိုလ်၏ အ ဖြစ် ကို ဒါယကာ - ဒါယိကာမ တို့အား ပြောကြားဘို့ သံဃာက အပ လောကန ကံဖြင့် သုံးကြိမ်တိုင်တိုင် ပန်ကြားကာ ပြုထားသော ကတိကဝတ်ကို သမ္မုတိဟု ခေါ်သည်။

**ဆောင်**။ ။အာပတ်သင့်တတ်၊ ရှက် ကြောက် လတ်၊
ရည်မှတ် ပြောဆိုရန်။
အပ လောကန၊ ကတိက၊ သိကြ သမ္မုမှန်။

**● ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်အရ အာပတ်သင့်ပုံ - အာပတ်မသင့်ပုံ**

ဤ သိက္ခာပုဒ်အရ အာပတ်သင့်ခြင်း အာ အာပတ်ကို တွဲစပ်၍ပြောပါမှ အာပတ်သင့်သည်။

အာပတ်သင့်ခြင်း အကြောင်း သက် သက် ကို ဖြစ် စေ၊ အာပတ်သက်သက်ကိုဖြစ်စေ ပြောဆိုပါက ဤသိက္ခာပုဒ်အရ အာပတ်မသင့်ပေ။

ဆောင်။ ။ဝတ္ထု၊ အာပတ်၊ တွဲပြောလတ်၊ အာပတ်
သင့်လေသည်။
ဝတ္ထု၊ အာပတ်၊ ခွဲပြောလတ်၊ အာပတ်
မသင့်သည်။

---

## ပထဝီခဏန သိက္ခာပုဒ်

●

**● ပထဝီအပြား**

ပထဝီသည်-

၁။ ဇာတပထဝီ၊

၂။ အဇာတပထဝီ ဟူ၍ (၂)ပါးရှိသည်။

ပထဝီနာမ ဒွေ ပထဝီ ဇာတပထဝီ, အဇာတ ပထဝီတိ။

(ကခ်ါ ၂၄၄-ဟ)

**● ဇာတပထဝီ အဓိပ္ပာယ်**

ဇာတပထဝီဟူသည်မှာ - မြေညက် သက်သက် ကိုရင်း၊ ကျောက်ခဲ အရော နည်းသော မြေမျိုး ကို ရင်း ဇာတပထဝီ-ဟု ခေါ်သည်။

**ဆောင်။** ။မြေညက်သက်သက်၊ ကျောက်ခဲစွက်၊ နည်း
ချက် ဇာတပထဝီ။

---

## ❸ အဇာတပထဝီ အဝိပ္ပာယ်

အဇာတပထဝီ ဟူသည်မှာ - သက်သက်သော ကျောက်စရစ်ခဲ၊ အိုးခြမ်းကွဲ၊ သဲ-တို့ကိုရင်း၊ မီးလောင်သော မြေမျိုးကိုရင်း၊ ကျောက်စရစ်ခဲစသည်တို့နှင့် သုံးပုံ တပုံထက်အလွန် ရောသောမြေမျိုးကိုရင်း အဇာတ ပထဝီ-ဟု ခေါ်သည်။

**ဆောင်။** ။ကျောက်စရစ်စစ်၊ မီးလောင်ဖြစ်၊ ရောလစ်
သုံးပုံထက် အလွန်။
အဇာတ မည်၊ ခေါ် တွင် သည်၊ သညီ
ထင်ရှားပြန်။

---

## ● ဇာတပထဝီ သရုပ်

ဇာတပထဝီသည်-

၁။ သုဒ္ဓပထဝီ-မြူမှုန့်သက်သက်၊ (သို့မဟုတ်) မြေညက်
သက်သက်။

၂။ မိဿက ပထဝီ-ကျောက်ခဲ၊ ကျောက်စရစ် စသည်တို့
ဖြင့် ရောနှောသောမြေ။

၃။ ပုဉ္ဇ ပထဝီ-ပုံထားသော မြေမှုန့်-မြေညက်။

**ဆောင်။** ။သုဒ္ဓ၊ မိဿက၊ ခေါ်ပုဉ္ဇ၊ သုံးဝ ဇာတမည်။
သက်သက် ရောယှက်၊ စုပုံတွက်၊ မှတ်ချက်
ဓိပ္ပာယ်ညီ။

### ● ခဏာပေယျ အရ တူးနိုင်းရာ၌ သတိထားဘွယ်

ခဏာပေယျ အရ မြေကို တူးခိုင်းရာ၌-

"ဤမြေကို ကပ္ပိစမ်း၊ ဤကို ယူခဲ့စမ်း၊ ဤကို သိစမ်း" စသည်ဖြင့် ခိုင်းစေလျှင် အာပတ်မသင့်။

"ဤတွင်းကိုတူး၊ ဤမြေကိုမီးတိုက်၊ ဤမြေကိုဖို့" စသည်ဖြင့် ခိုင်းစေလျှင် အာပတ်သင့်သည်။

"မြေပေါက်စမ်း၊ တွင်းတူးစမ်း" စသည်ဖြင့် မည်သည့်မြေဟု မြေကိုမညွှန်မပြဘဲခိုင်းစေလျှင်လည်း အာပတ် မသင့်ပေ။ သို့သော် ကပ္ပိယ ဝေါဟာရဖြစ်သော "ကပ္ပိစမ်း"-စသော အသုံးအနှုံးမျိုးကို အလေ့အလာပြု၍ သုံးနှုံးသင့်ပေသည်။

---

## ဘူတဂါမ ဝဂ်
## ဘူတဂါမ သိက္ခာပုဒ်

●

### ● ဘူတဂါမ၌ ဘူတဂါမ် အဓိပ္ပာယ်

ဘူတဂါမ် ဟူသည်မှာ - ကြီးပွားဆဲသော မြက်သစ်ပင်အပေါင်း၊ ကြီးပွား ပြီးသော မြက်, သစ်ပင် အပေါင်း ကို ဘူတဂါမ်ဟု ခေါ်သည်။

---

### ● ဗီဇဂါမ်အဓိပ္ပာယ်

ဗီဇဂါမ်ဟူသည်မှာ - မျိုးစေ့အပေါင်းကို ဗီဇဂါမ်ဟု ခေါ်သည်။

## ❶ ဗီဇဂါမ် သရုပ်

၁။ မူလဗီဇ-အမြစ်၊ ၄။ အဂ္ဂဗီဇ-အညွန့်၊
၂။ ခန္ဓဗီဇ-ပင်စည်၊ ၅။ ဗီဇဗီဇ-အစေ့၊
၃။ ဖဠုဗီဇ-အဆစ်၊ ဟူ၍ (၅)ပါးရှိသည်။

ဆောင်။ ။အမြစ်, စည်, ဆစ်၊ အညွန့်ဖြစ်၊ စင်စစ်
စေ့ငါးထုံ။

---

## ❷ ဗီဇဂါမ်ကို ဖျက်ဆီးသောရဟန်း၏ အာပတ်

ဗီဇဂါမ်(၅)ပါးတွင် တပါးပါးကို ဖျက်ဆီးသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်သည်။

---

## ❸ ဗီဇဂါမ်နှင့် ဘူတဂါမ်အထူး

ဗီဇဂါမ်ဟူသည်မှာ - အညှောက် မ စိမ်း မီ ကာလ မျိုး၊ သို့မဟုတ် အမြစ် မတွယ် သေးမီ ကာလမျိုးကို ဗီဇဂါမ်ဟု ခေါ်သည်။

ဘူတဂါမ် ဟူသည်-အညှောက်စိမ်း၍ အမြစ်တွယ်သော ကာလမှစ၍ ဘူတဂါမ်ဟု ခေါ်သည်။

ဆောင်။ ။အညှောက်,မြစ်မှန်၊ ဗီဇဂါမ်၊ အမှန် စိမ်း
တွယ်ကင်း။

အညှောက်, မြစ်မှန်၊ ဘူ တ ဂါမ်၊ အမှန်
စိမ်း,တွယ်သွင်း။

## အပ်သော ခိုင်းစေနည်းနှင့် မအပ်သော ခိုင်းစေနည်း

ဤသိက္ခာပုဒ်အရ အပ်သောခိုင်းစေနည်းမှာ-

ဤသစ်ပင်ကို ကပ္ပိစမ်း၊ သိစမ်း စသည်ဖြင့် ခိုင်းစေနည်း မျိုး ဖြစ်သည်။

မအပ်သော ခိုင်းစေနည်းမှာ-

"ဤသစ်ပင်ကို ခုတ်စမ်း၊လှဲစမ်း၊ ဤအသီးကိုဆွတ်စမ်း" စသည်ဖြင့် ခိုင်းစေသော နည်းမျိုး ဖြစ်သည်။

## ကပ္ပိနည်း အမျိုးမျိုး

ကပ္ပိနည်းသည်-

၁။ မီးဖြင့် တို့ခြင်း၊

၂။ ဓားဖြင့် ခုတ်ခြင်း၊

၃။ လက်သည်းဖြင့် ဆိတ်ဖြတ်ခြင်း၊

၄။ အစေ့နု၍ အပင် မပေါက်နိုင်ခြင်း၊

၅။ အစေ့ကိုထုတ်၍ပစ်ခြင်း ဟူ၍ (၅)ပါးရှိသည်။

ဆောင်။ ။မီး, ဓား, လက်သည်း၊ နုတနည်း၊ ထုတ်ပြီး ကပ္ပိသည်။

ကပ္ပိသရုပ်၊ ငါးပါးထုတ်၊ အဟုတ်မှတ်သင့် ပြီ။

---

## ကပ္ပိခြင်း

ကပ္ပိခြင်း၌-ကပ္ပိသောပစ္စည်းတွင် ပြတ်ရာ, ပေါက်ရာ ထင်မှသာ ကပ္ပိခြင်း အထမြောက်သည်။

ထို့ကြောင့်- ရဟန်းက "ကပ္ပိယံ ကရောဟိ" ဟူ၍ ပါဠိဘာသာဖြင့်ရင်း၊ သို့မဟုတ် "ကပ္ပိစမ်း" ဟူ၍ မြန်မာဘာသာဖြင့်ရင်း ဆိုသောအခါ လူသာမဏေက ဓားဖြင့် ဖြစ်စေ၊ လက်သည်းဖြင့် ဖြစ်စေ ဖြတ်တောက်ကာ "ကပ္ပိယံ ဘန္တေ" ဟူ၍ ပါဠိဘာသာဖြင့်ရင်း၊ သို့မဟုတ် မြန်မာဘာသာဖြင့် "ကပ္ပိပါ၏ အရှင်ဘုရား" ဟူ၍ရင်း ဆိုရသည်။

ဆောင်။ ။အပြတ်၊ အခေါက်၊ ထင်မှမြောက်၊ ဖြတ်တောက် ကပ္ပိခြင်း။

---

## အညဝါဒက သိက္ခာပုဒ်

●

### ● အညဝါဒကနှင့် ဝိဟေသက အဓိပ္ပာယ်

အညဝါဒကဟူသည်မှာ - မေးမြန်း ပြောဆို နေသည်ကို ပြန်လည်မဖြေကြားလိုသောကြောင့် ပြောဆိုနေသောစကားကို တခြားစကားတို့ဖြင့် ဖုံး လွှမ်း နေ ခြင်း သည် အညဝါဒက မည်သည်။

ဝိဟေသကဟူသည်မှာ - မေးမြန်း ပြောဆို နေသည်ကို မည်သို့မျှပြန်မပြောဘဲ ဆိတ်ဆိတ်နေခြင်းသည် သံဃာကို ညှဉ်းဆဲခြင်း ဝိဟေသက မည်သည်။

ဆောင်။ ။မဖြေကြားလို၊ ဖုံး လွှမ်း ကို၊ မှတ်ဆို အညဝါဒက။

စကားမပြန်၊ ဆိတ်ဆိတ်ခံ၊ မှတ်ရန် ဝိဟေသက။

## ● အညဝါဒက, ဝိဟေသက အရ အာပတ်သင့်ပုံ

အညဝါဒက, ဝိဟေသကအမှုကို ပြုလျှင်ပြုချင်း ပါစိတ် အာပတ် သင့်သည်မဟုတ်သေး၊ ဒုက္ကဋ်အာပတ် သာ သင့်သည်။ အညဝါဒကကံ, ဝိဟေသကကံ ပြုပြီးမှ အညဝါဒက,ဝိဟေသက အမှုကိုပြုလျှင်သာ ပါစိတ်အာပတ် သင့်သည်။

ဆောင်။ ။အညဝါဒ၊ ဝိဟေသ၊ ပြစ်ရ ဒုက္ကဋ်ထင်။
ကံပြုပြီးနောက်၊ ကျူးလွန်မြောက်၊ ပြစ်
ရောက် ပါစိတ်ပင်။

---

## ● အာပတ်(၇)ပုံကို အနာဝသေသ၊ သာဝသေသ ခွဲခြားပုံ

ပါရာဇိက အာပတ်သည် အမြစ်အရင်း အကြွင်းအကျန် မရှိသောကြောင့် အနာဝသေသ အာပတ်မည်သည်။

သံဃာဒိသိသ်စသော အာပတ်သည် အမြစ်အရင်း မပြတ်သေးဘဲ အကြွင်းအကျန် ရှိသောကြောင့် သာဝသေသ အာပတ်မည်သည်။

ဆောင်။ ။ပါရာအာပတ်၊ မြစ်ရင်းပြတ်၊ ခေါ်အပ်
အနာဝ။
သံဃာစသား၊ အာပတ်များ၊ မှတ်ငြား
သာဝသေသ။

---

## ● ဤ သိက္ခာပုဒ် အရ အာပတ်မသင့်သော ပုဂ္ဂိုလ်များ

ဤ အညဝါဒက သိက္ခာပုဒ်အရ အာပတ် မ သင့် သော ပုဂ္ဂိုလ်များမှာ-

၁။ အာပတ်သင့်သည်ကို မသိသောကြောင့် "အရှင်ဘုရား အဘယ်သို့ ပြောဆိုပါသလဲ" ဟု ပြန်လည်မေးမြန်းသောရဟန်း၊
၂။ မကျန်းမာသော ရဟန်း၊
၃။ သံဃာကွဲပြားမည်ကို သိသောရဟန်း၊
၄။ အဓမ္မကံ သို့မဟုတ် ဝဂ္ဂကံ ပြုမည်ကိုသိသောရဟန်း၊
၅။ ဥမ္မတ္တကရဟန်းတို့ ဖြစ်ကြသည်။

**ဆောင်။** ။မသိမေးမြန်း၊ နာမကျန်း၊ တခန်းကွဲမည်သိ။
အဓမ္မ ဝဂ္ဂ၊ နည်းတူပြ၊ ဥမ္မပြစ်မရှိ။

---

## ဥပဿုတိ ပနက သိက္ခာပုဒ်

### ● ဥဇ္ဈာပနကနှင့် ခိယျနက အထူး

ဥဇ္ဈာပနကဟူသည်မှာ-ရဟန်းတပါး၏ မကောင်းသတင်းကို အခြားတပါး၏မျက်မှောက်တွင်ပြောဆိုခြင်းသည် ဥဇ္ဈာပနကမည်သည်။

ခိယျနကဟူသည်မှာ-သိစေလိုသောရဟန်း သိနိုင်လောက်အောင် အပေါင်း အဖော်ချင်း မုန်းသူ၏ မကောင်းသတင်းကို အတင်းပြောခြင်း၊ ရှုတ်ချခြင်းသည် ခိယျနကမည်သည်။

---

### ● ဤ သိက္ခာပုဒ်အရ အာပတ်သင့်ခြင်း

ဤသိက္ခာပုဒ်အရ အာပတ်သင့်ပုံမှာ- သံဃာများအတွက် ဆွမ်းညွှန်းသောရဟန်း၊ သစ်သီးကို ဝေဘန်သောရဟန်း၊ အိပ်ရာနေရာ ခင်းပေးသော ရဟန်း များ အဖြစ် သံဃာက သမုတ်ထားသော ရဟန်းများကို မမှန်မကန် ပြောဆိုပါမူ ပါစိတ်အာပတ်သင့်သည်။

အခြား သမ္မုတိမရသော ရဟန်း, လူ, သာမဏေ တို့၏ အပြစ်ကို မမှန်မကန် ပြောဆို လျှင် ကား ဒုက္ကဋ် အာပတ်သာ သင့်သည်။

ဆောင်။ ။သမ္မုတိရ၊ ပြစ်ပြောမှ၊ ပြစ်ရပါစိတ္တိ။
မရ,လူ,သာမဏေ၊ ပြစ်ပြောပေ၊ သင့်လေ
ဒုက္ကဋ်သိ။

---

## ပထမ သေနာသန သိက္ခာပုဒ်

### မဉ္စ, ပီဌ, ဘိသိ, ကောစ္ဆတို့၏ အဓိပ္ပာယ်

မဉ္စ-ဟူသည်မှာ-ယခုကာလ အိပ်ရာ ခင်္ဂ အမျိုးမျိုးကို ခေါ်သည်။

ပီဌ-ဟူသည်မှာ- စားပွဲ,ထိုင်ခုံ,ကုလားထိုင် အမျိုးမျိုးကို ခေါ်သည်။

ဘိသိ-ဟူသည်မှာ - အပြင်ဘက်က အဝတ်ကို ဖြစ်စေ၊ သမင်စသော အပ်သော သားရေ ကိုဖြစ်စေ ချုပ်ပြီးလျှင် အတွင်း၌ အဆာသွင်း၍ ချုပ်ထားသော ဖုံမွေ့ရာအမျိုးမျိုးကို ခေါ်သည်။

ကောစ္ဆ-ဟူသည်မှာ - အောက်အောက် ပြန့်ကျယ် ပြီး၊ အလယ်ကအတွင်းသို့ကျုံ့ဝင်၍ချိုင့်နေသောအခင်းမျိုးကိုခေါ်သည်။

---

### မဉ္စနှင့် ပီဌ အထူး

အလျား ၄-တောင်၊ ၄-တောင်ထွာရှိလျှင် မဉ္စ။
မဉ္စ ပမာဏလောက်မရှိလျှင် ပီဌ။ ။ဤသို့ ထူးခြားကြ သည်။

---

## ● မဇ္ဈ ပိဋ္ဌ သရုပ်

မဇ္ဈ ပိဋ္ဌ အပြားကား-

၁။ မသာရက၊ ၃။ ကုဋ္ဌိရပါဒက၊
၂။ ဗုန္ဒိကာဗဒ္ဓ၊ ၄။ အာဟစ္စပါဒက - ဟူ၍ (၄)ပါး ရှိသည်။

**ဆောင်။** ။မသာ,ဗုန္ဒိက၊ ကုဋ္ဌိရ၊ လေး၀ အာဟစ္စ။ မဇ္ဈ,ပိဋ္ဌ၊ သရုပ်ပြ၊ မှတ်ကြ အလွယ်ရ။

---

## ● ဘိသိ သရုပ်

ဘိသိသည်-

၁။ ဥဏ္ဏာ၊ ၃။ တိုးဘ၊
၂။ ပဏ္ဏာ၊ ၄။ ဝါက-ဟူ၍ (၄)ပါး ရှိသည်။

**ဆောင်။** ။ဥဏ္ဏာ,ပဏ္ဏာ၊တို့,ဝါက၊ လေး၀ ဘိသိသရုပ်။

မှတ်ချက်။ ။ဤဘိသိ၌ မည်သည့်ပမာဏ ရှိရမည်ဟု သတ်မှတ်ထားခြင်း မရှိပေ။

---

## ● မဇ္ဈ ပိဋ္ဌကို မခင်းကောင်းသောနေရာ

မဇ္ဈ,ပိဋ္ဌ ကို မခင်းကောင်းသော နေရာကား-

၁။ ဟင်းလင်းပြင် လွင်တီးခေါင်အရပ်၊

၂။ မိုးမလုံသော မဏ္ဍပ်၊

၃။ ကျိုးစသောတိရိစ္ဆာန်တို့ အမြဲနေရာ သစ်ပင်အောက်တို့ ဖြစ်သည်။

ပကာတိအဇ္ဈောကာသေစ ဩဝဿက မဏ္ဍပေစ သန္တရိတုံ
န ဝဋ္ဋတိ၊ ကာကာဒီနံ နိဗဒ္ဓဝါသရုက္ခမူလေ ပန
ကဒါစိပိ နဝဋ္ဋတိ။ (ကင်္ခါ ၂၅၁-ဟံ)

ဆောင်။ ။လွင်တီး မလှူပ်၊ ကျီးနေရပ်၊ မှတ်အပ်မခင်း
ကောင်း။

---

## မဥ္စ, ပီဌကို မခင်းကောင်းသော ကာလ

မဥ္စ, ပီဌကို မခင်းကောင်းသော ကာလကား-

၁။ မိုးလေးလ၊

၂။ ဆောင်းလေးလတွင် မိုးရွာသောအခါတို့ ဖြစ်ကြသည်။

ယတ္ထ ပန ဟေမန္တေ ဝဿတိ၊ တတ္ထ အပရေပိ စတ္တာရော မာသေ နဝဋ္ဋတိ။ (ကင်္ခါ ၂၅၁-ဟံ)

---

## မဥ္စ, ပီဌကို ခင်းကောင်းသောကာလ

မဥ္စ, ပီဌကို ခင်းကောင်းသော ကာလကား-

၁။ မိုးမရွာသော ဆောင်းလေးလ၊

၂။ နွေလေးလတို့ ဖြစ်ကြသည်။

ဆောင်။ ။မိုးလေးလ, ဆောင်း၊ မိုးရွာရှောင်း၊ မှတ်
ကြောင်းမခင်းကောင်း။
မိုးမရွာဆောင်း၊ နွေလပြောင်း၊ မှတ်
ကြောင်း အခင်းကောင်း။

## သန္ထရိတ္တာ-ပုဒ်အရ အခင်းခင်းရာ၌ မှတ်သားဘွယ်

သန္ထရိတ္တာပုဒ်အရ အခင်းခင်းရာ၌ မှတ်သားဘွယ်မှာ- အခင်းခင်းရာ၌ မိမိအတွက် ခင်းခြင်း၊ သူတပါးအတွက်ခင်းခြင်း နှစ်မျိုးလုံးနှင့် ဆိုင်သည်။ အခင်းအတွက် မိမိနေထိုင်ပါက မိမိ တာဝန်ဖြစ်သည်။ သူတပါးအတွက်ခင်းထားပါက နေမည့်ရဟန်း မလာသေးသော်၎င်း၊ နေမည့်ရဟန်း ခွင့်မပြုသေးသော်၎င်း ခင်းသူတာဝန်ဖြစ်သည်။ တခြား အခါနှင့် များ တွင်မူ နေသော ရဟန်း၏ တာဝန်သာဖြစ်သည်။

---

## သန္ထရာပေတ္တာပုဒ်အရ မှတ်သားဘွယ်

သန္ထရာပေတ္တာပုဒ်အရ မှတ်သားဘွယ်မှာ-သန္ထရာပေတ္တာ ပုဒ်အရ သူတပါးကို အခင်းခိုင်းရာ၌ အခင်း ခင်းခိုင်းအပ်သော သူကား-အနုပသမ္ပန္နပုဂ္ဂိုလ်မျိုး ဖြစ်သည်။

---

## အနာပုစ္ဆံ ဝါ ဂစ္ဆေယျ၌ ပန်ကြားရမည့်ပုဂ္ဂိုလ်

အနာပုစ္ဆံ ဝါ ဂစ္ဆေယျ၌ ပန်ကြားရမည့် ပုဂ္ဂိုလ်ကား- သူတပါးပစ္စည်းကို မိမိပစ္စည်းကဲ့သို့သဘောထားပြီး သိမ်းဆည်း တတ်သည့် ရဟန်း,သာမဏေ,အရာမ်စောင့်တို့ ဖြစ်သည်။

---

## အနာပုစ္ဆံ ဝါ ဂစ္ဆေယျအရ အာပတ်သင့်ပုံ

အနာပုစ္ဆံ ဝါ ဂစ္ဆေယျ အရ - မပန်ကြားဘဲသွားတိုင်း အာပတ်သင့်သည်မဟုတ်၊ အကယ်၍ မပန်ကြားဘဲသွားသော် လည်း ငါပြန်လာသောအခါသိမ်းဆည်းမည်ဟူ၍ငဲ့ကွက်စိတ်ရှိလျှင်

အာပတ်မသင့်ပေ။ ယင်းသို့ ငဲ့ကွက်စိတ်မရှိလျှင်ကား မပန်ကြား ဘဲ ခင်းထားရာအရပ်မှ ထာမမဇ္ဈိမပုရိသယောကျ်ား၏ ခဲတကျ ကို ပဌမခြေလှမ်း လွန်သောအခါ ဒုက္ကဋ် အာပတ် သင့်သည်။ ဒုတိယခြေလှမ်း လွန်သောအခါ ပါစိတ်အာပတ် သင့်သည်။

---

## ဒုက္ကဋ် ဝတ္ထုများ

ဤသိက္ခာပုဒ် ဒုက္ကဋ်ဝတ္ထုများကား-

၁။ စိမိလိကာ၊ ၆။ ပါဒပုဉ္ဆန၊
၂။ ဥတ္တရတ္ထရဏ၊ ၇။ ဖလကပီဌ၊
၃။ ဘူမတ္ထရဏ၊ ၈။ ဒါရုဘဏ္ဍ၊
၄။ တဋ္ဋိကာ၊ ၉။ မတ္တိကာဘဏ္ဍ၊
၅။ စမ္မက္ခဏ္ဍ၊ ၁၀။ ပတ္တာဓာရတို့ ဖြစ်ကြသည်။

---

## ဤသိက္ခာပုဒ်အရ အပြစ်မှ လွတ်ခွင့်ရှိသောအခါ

၁။ ဘိလူးသားရဲတို့ နှောင့်ယှက်သောအခါ၊

၂။ အသက်အန္တရာယ်၊ သာသနာ့အန္တရာယ် ဖြစ်ပေါ် လာသောအခါတို့၌ မသိမ်းဆည်းသော်လည်း အပြစ်မရှိပေ။

**ဆောင်**။ ။ဘိလူးနှောင့်ယှက်၊ အန္တရာယ်သက်၊ မှတ် ချက် ပြစ်မရှိ။

# ဒုတိယ သေနာသန သိက္ခာပုဒ်

## ဤသိက္ခာပုဒ်လာ ဝိဟာရ

ဤသိက္ခာပုဒ်လာ ဝိဟာရ ဟူသည်မှာ - တိုက်ခန်း၊ သို့မဟုတ် အမိုးအကာလုံသော အဆောက်အဦကို ခေါ်သည်။

ဆောင်။ ။တိုက်ခန်း,မိုးလုံ၊ ခေါ်ဝေါ်ဘို့၊ မှတ်ကုန် ဝိဟာရ။

---

## ဤသိက္ခာပုဒ်လာ သေယျ သရုပ်

ဤသိက္ခာပုဒ်လာ သေယျ ဟူသည်မှာ-

၁။ ဘိသိ၊ ၆။ စမ္မက္ခဏ္ဍ၊
၂။ စိမိလိကာ၊ ၇။ နိသီဒန၊
၃။ ဥတ္တရတ္ထရဏ၊ ၈။ ပစ္စတ္ထရဏ၊
၄။ ဘူမတ္ထရဏ၊ ၉။ တိဏသန္ထာရ၊
၅။ တဋ္ဋိကာ၊ ၁၀။ ပဏ္ဏသန္ထာရ တို့ကို ခေါ်သည်။

ဆောင်။ ။ဘိ,စိ,ဥတ်,ဘဋ္ဋ၊ စမ္မထပ်၊ မှတ်အပ်နိသီဒန။ ပစ္စ,တိဏ၊ ထိုပဏ္ဏ၊ ဘူမ သေယျပြ။

---

## အင်းပျဉ်စသည်ကို မပန်ကြား မသိမ်းဆည်းဘဲ သွားသော ရဟန်း အာပတ်သင့်ပုံ

အင်းပျဉ် ညောင်စောင်း စသည်ကို မပန်ကြား မသိမ်းဆည်းဘဲ သွားသောရဟန်း အကာ အရံ ရှိသော နေရာ ဖြစ်က အကာအရံကို၊ အကာအရံ မရှိသော နေရာဖြစ်က ထာမမဇ္ဈိမ ပုရိသ၏ ခဲတကျကို ပဌမခြေလှမ်းလွန်သောအခါ ဒုက္ကဋ်အာပတ်

သင့်သည်။ ဒုတိယခြေလှမ်း လွန်သောအခါ ပါစိတ်အာပတ်သင့်သည်။

ဆောင်။ ။အကာပဌမ၊ ခဲတကျ၊ လွန်က ဒုက္ကဋ်သာ။
ဒုတိယခြေ၊ လွန်တုံပေ၊ မသွေပါစိတ္တိယ။

## ● ညောင်စောင်း အင်းပျဉ် စသည်ကို လွင်တီးခေါင်ဌာနီ၌ ထွက်ခွာသွားသော ရဟန်း၏ အာပတ်

ညောင်စောင်း-အင်းပျဉ်စသည်ကို လွင်တီးခေါင်ဌာနီ၌ ထွက်ခွာသွားသောရဟန်းအား ထိုအရပ်က ခဲတကျ လွန်သောအခါ ပဌမ သေနာသန သိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်သည်။ ကျောင်းဥပစာကို လွန်သောအခါ ဤသိက္ခာပုဒ်အရ ဒုက္ကဋ်အာပတ်သင့်သည်။

ဆောင်။ ။လွင်တီးတွင်ထား၊ ထွက်ခွာသွား၊ မှတ်သား ခဲတကျ။
ပဌမအရ၊ ပါစိတ်ပြ၊ ဒု,က ဒုက္ကဋ်ရ။

## ● ပြန်လာမည်ဟူသော နှလုံးထားဖြင့် ထွက်ခွာသွားသော ရဟန်း

ပြန်လာမည်ဟူ၍ နှလုံးထားဖြင့် အရပ်တပါးသို့ သွားသောအခါ ထိုအရပ်သို့ရောက်သောအခါ ရှေ့ဆက်လက်၍ ခရီးသွားရန်ကြုံလာသော် တစုံတယောက်ကို စေလွှတ်ကာ ထိုခင်းထားခဲ့သော အင်းပျဉ် စသည်ကို သိမ်းဆည်းရန် ပန်ကြားခိုင်းရပါမည်။

အကယ်၍ ခိုင်းသူ အန္တရာယ် ဖြစ်ပေါ်လာ၍ ဖြစ်စေ၊ မြစ်ရေလျှံလာ၍ဖြစ်စေ မလာရောက်နိုင်သော်ကား မပြစ်မရှိချေ။

ဆောင်။ ။ပြန်ရန်ရည်တား၊ သွားလိုဂြား၊ မှာကြား ရသည်မှတ်။
ခိုင်းသူရေလျှံ၊ ဤနှစ်တန်၊မပြန် အာပတ်လွတ်။

## အနုပခဇ္ဇ သိက္ခာပုဒ်

● ဇာနံအဓိပ္ပာယ်

ဤသိက္ခာပုဒ်အရ ဇာနံ-ဟူသည်မှာ - မိမိသက် ဝါကြီးသော ရဟန်း၊ ဂိလာန ရဟန်း၊ သံဃာက အမြဲနေထိုင်ဘို့အတွက် ကျောင်း ပေး ထား သော ရဟန်း ဟူ၍ သိခြင်းကို ဇာနံ-ဟူ၍ ဆိုသည်။

ဝုဍ္ဍောတိ ဇာနာတိ၊ ဂိလာနောတိ ဇာနာတိ၊ သံဃေန ဒိန္နောတိ ဇာနာတိ။ (ကင်္ခါ ၂၅၄-ဟံ)

ဆောင်။ ။သိက္ခာကြီး ရှား၊မကျန်းမာ၊တဖြာ သံဃာပေး။
ဇာနံအရ၊မှတ်ကုန်ကြ၊ ဖြေပြအလွယ်ရေး။

● အနုပခဇ္ဇ အဓိပ္ပာယ်

ဤသိက္ခာပုဒ်အရ အနုပခဇ္ဇ-ဟူသည်မှာ- ရဟန်းထိုင်ရာ ညောင်စောင်း,အင်းပျဉ်၏ ဥပစာ တတောင့်ထွာအရပ် အတွင်းသို့ ဖြစ်စေ၊ထွက်ရာ-ဝင်ရာလမ်းနှင့်တကွ လမ်း၏ဥပစာတတောင့်ထွာအရပ်အတွင်းသို့ဖြစ်စေ ဝင်ရောက်နေထိုင်မှုကို ခေါ်သည်။

အနုပခဇ္ဇာတိ မဉ္စ ပီဌာနံ ဝါ တဿ ဝါ ဘိက္ခုနော ပဝိသန္တဿ ဝါ နိက္ခမန္တဿ ဝါ ဥပစာရံ အနုပဝိသိတွာ။ (ကင်္ခါ ၂၂၅-ဟံ)

## ● သေယျံ ကပ္ပေယျ အဓိပ္ပာယ်

သေယျံ ကပ္ပေယျ၌ သေယျ ဟူသည်မှာ- အိပ်ခြင်း၊ ထိုင်ခြင်း နှစ်မျိုးလုံးကို ယူရသည်။

ဆောင်။ ။အိပ်မှုထိုင်မှု၊ ဤနှစ်ခု၊ မှတ်ရှုသေယျခေါ်။

---

## ● ဒုက္ကဋ်အာပတ် သင့်သော နေရာများ

၁။ သံဃိကမဟုတ်သော ဆွမ်းစားဇရပ် စသည်၊

၂။ ကျောင်း၏ဥပစာ၊

အထက်ပါနေရာတို့တွင် ကိုယ်တိုင် ခင်းခြင်းအတွက်ဖြစ်စေ၊ သူတပါးကို ခင်း ခိုင်း လျှင် ဖြစ်စေ ဒုက္ကဋ်အာပတ် သင့်သည်။

ဥပဋ္ဌာနသာလာဒိကေဝါ ဝိဟာရဿ ဥပစာရေဝါ
သန္ထရဏ သန္ထရာ ပနေသုပိ နိသဇ္ဇ သယနေသုပိ ဒုက္ကဋ
မေဝ။ (ကင်္ခါ ၂၅၅-ဟံ)

---

# နိက္ကဍ္ဍန သိက္ခာပုဒ်

●

## ● ယောပန ဘိက္ခု၌ ဘိက္ခုအရ

ယော ပန ဘိက္ခု၌ ဘိက္ခုဟူသည်မှာ-ရန်ဖြစ်ခြင်းစသည် မရှိသောရဟန်းကို ခေါ်သည်။

ဆောင်။ ။ရန်မဖြစ်သူ၊ ဘိက္ခုယူ၊ လွယ်မှုသိစေခြင်း။

### နိက္ကမေယျ၌ နိက္ကစုန သရုပ်

နိက္ကမေယျ၌ နိက္ကစုနသည်-

၁။ ကာယ နိက္ကစုန၊

၂။ ဝါစာနိက္ကစုန-ဟူ၍ နှစ်မျိုးရှိသည်။

**ဆောင်။** ။ကာယ,ဝါစ၊ နိက္ကစု၊ မှတ်ကြ သရုပ်ပြ။

---

### နိက္ကစုနမှုအတွက် အာပတ်သင့်ရောက်ပုံ

ဤသိက္ခာပုဒ်အရ နိက္ကစုနမှုအတွက် အာပတ်သင့်ပုံမှာ-

၁။ သံဃိကကျောင်းမှ ကိုယ်တိုင် ဆွဲထုတ်သောအခါ အကြားတွင် ရပ်နားခြင်းမရှိဘဲ တောက်လျှောက် ဆွဲထုတ်လျှင် ပါစိတ်အာပတ် တချက်သာ သင့်သည်။

၂။ ကြားတွင်ရပ်နားကာ ဆွဲထုတ်လျှင် တံခါးပေါက် အရေအတွက်အရ ပါစိတ်အာပတ် များစွာသင့်သည်။

၃။ နှုတ်ဖြင့် နှင်ထုတ်ရာ၌ "ထွက်သွား" ဟုတခွန်းတည်းဖြင့် အပြင်သို့ရောက်အောင် ထွက်သွားလျှင် ပါစိတ်အာပတ် တချက်သာ သင့်သည်။

၄။ ရပ်နားနေသောကြောင့် "ထွက်သွား-ထွက်သွား" ဟု အကြိမ်ကြိမ်ပြောရလျှင် တံခါးပေါက် အရေအတွက်အလိုက် ပါစိတ်အာပတ် များစွာသင့်သည်။

**ဆောင်။** ။တကြိမ်ထုတ်ငြား၊ ထွက်ခွာသွား၊ တပါး
ပါစိတ်မှတ်။
ရပ်တန့်နေငြား၊ ဆွဲထုတ်ငြား၊ တံခါးအရေ
မှတ်။
နှုတ်ဖြင့်ထွက်ဆို၊ထိုအလို၊ခွဲဆိုအလွယ်မှတ်။

● ဤသိက္ခာပုဒ်အရ ဒုက္ကဋ်အာပတ် သင့်ရောက်သော နေရာများ

၁။ သံဃိကကျောင်း၏ ဥပစာ၊

၂။ အကျွမ်းဝင်သောပုဂ္ဂိုလ်၏ ကျောင်း၊

၃။ ဆွမ်းစားဇရပ် စသော ကျောင်းဥပစာ၊

အထက်ပါနေရာတို့မှ ရဟန်းကို ဆွဲထုတ်လျှင် ဒုက္ကဋ်အာပတ် သင့်သည်။

လူ့သာမဏေ၏ အသုံးအဆောင် ပစ္စည်းများကို ဆွဲထုတ်လျှင်လည်း ဒုက္ကဋ်အာပတ် သင့်သည်။

ဆောင်။ ။သံဃာဥပစာ၊ ပုဂ္ဂလာ၊ တဖြာထိုဇရပ်။
ဆွဲထုတ်ဒုက္ကဋ်၊ သုံးဆောင်မှတ်၊ သင့်အပ်
ပြစ်ဒုက္ကဋ်။

---

● ဤသိက္ခာပုဒ်အရ အာပတ်မသင့်သောပုဂ္ဂိုလ်

၁။ ရန်ဖြစ်သောရဟန်း၊

၂။ အလဇ္ဇီ ရဟန်း၊

၃။ ဥမ္မတ္တက ရဟန်း၊

၄။ ကောင်းစွာ မကျင့်မကြံသော တပည့်၊

အထက်ပါပုဂ္ဂိုလ်တို့အရ အာပတ်မသင့်ပေ။

ဆောင်။ ။ရန်ဖြစ်၊ အလဇ္ဇီ၊ ဥမ္မတ္တိ၊ အညီ မကျင့်သူ။
ဆွဲထုတ်လေငြား၊ ပြစ် မ ပွား၊ မှတ်သား
အလွယ်ယူ။

## ဝေဟာသကုဋီ သိက္ခာပုဒ်

●

### ● ဝေဟာသကုဋီ အဓိပ္ပာယ်

ဝေဟာသကုဋီ ဟူသည်မှာ - နှစ်ထပ် သုံးထပ် ရှိသော ကျောင်းဘွင် အပေါ်ထပ်တွင် ပျဉ်မခင်းရသေးသဖြင့် ဟာလာ ဟင်းလင်းဖြစ်နေသောကျောင်းကို ခေါ်သည်။

ဆောင်။ ။နှစ်ထပ်, သုံးထပ်၊ ကျောင်းကိုမှတ်၊ ပေါ်ထပ် ပျဉ်မခင်း။
ဝေဟာသကုဋ်၊အမည်ရှိ၊မှတ်သိလွယ်ကူမင်း။

---

### ● အာဟစ္စပါဒက အဓိပ္ပာယ်

အာဟစ္စပါဒကဟူသည်မှာ- ဘောင်ကိုထွင်းပြီး အခြေကို သွင်းထားသော ညောင်စောင်းကို ခေါ်သည်။

အာဟစ္စပါဒကန္တိ အင်္ဂေ ဝိဇ္ဈိတွာ ပဝေသိတ ပါဒကံ။
(ကင်္ခါ ၂၅၇-ဟံ)

ဆောင်။ ။ဘောင်ကိုထိုးထွင်း၊ အခြေသွင်း၊ ဖြေရှင်း အာဟစ္စ။

---

## မဟလ္လက ဝိဟာရ သိက္ခာပုဒ်

●

### ● မဟလ္လက ဝိဟာရ၌ ဝိဟာရ သရုပ်

မဟလ္လက ဝိဟာရ၌ ဝိဟာရကား-

၁။ ဥလ္လိတ္တ၊

၂။ အဝလိတ္တ၊

၃။ ဥလ္လိတ္တာဝလိတ္တ တို့ ဖြစ်ကြသည်။

ဆောင်။ ။ဥလ္လိ,အဝ၊ ဥ,အဝ၊ သုံးဝ ဝိဟာရ။

မှတ်ချက်။ ။ဤ သိက္ခာပုဒ်လာ မဟာလ္လကနှင့် သံဃာဒိသိသ်လာ မဟာလ္လကတို့မှာ မထူးချေ။

---

## ဒွါရကောသ အစိပ္ပာယ်

ဒွါရကောသ ဟူသည်မှာ - တံခါးဘောင် ကျည်းခွေ၏ နှစ်တောင့်ထွာပတ်လည်အရင်ကို ခေါ်သည်။

ယာဝ ဒွါရကောသာတိ ဧတ္တ ဒွါရကောသော နာမ ဥက္ကဋ္ဌပရိစ္ဆေဒေန ပိဋ္ဌ သံဃာ္ဋတဿ သမန္တာ အစုတေယျ ဟတ္ထော ပဒေသော။ (ကခ်ါ ၂၅၈-ဟံ)

ဆောင်။ ။တံခါးဘောင်မှာ၊ နှစ်တောင့်ထွာ၊ မှတ်ပါ ပတ်လည်ရပ်။

ဒွါရကောသ၊အမည်ရ၊ ရှင်းပြခိပ္ပာယ်မှတ်။

---

## အာလောကသန္ဓိ အစိပ္ပာယ်

အာလောကသန္ဓိ ဟူသည်မှာ - အလင်းရောင်ကို ဖုံးပိတ်ကာဆီးသော လေသာပြူတင်း၏ တံခါးရွက်ကို ခေါ်သည်။

ဆောင်။ ။လေသာတံခါးရွက်၊ လင်းပိတ်ချက်၊ ခေါ်ထွက် အာလောက။

● ဒုတ္တိစ္ဆဒန ပရိယာယ အစိပ္ပာယ်

ဒုတ္တိစ္ဆဒန ပရိယာယ ဟူသည်မှာ- နှစ်ထပ်, သုံးထပ် လှည့်ပတ်၍ မိုးခြင်းကို ခေါ်သည်။

ဆောင်။ ။နှစ်ထပ်, သုံးထပ်၊ လှည့်မိုးအပ်၊ မည်မှတ် ဒုတ္တိစ္ဆဒန။

---

● အပ္ပဟရိတဌာန အစိပ္ပာယ်

အပ္ပဟရိတဌာနဟူသည်မှာ-စိမ်းစိုသော ကောက်ပင်၊ပဲပင်များ မရှိသော နေရာအရပ်ကို ခေါ်သည်။

ဆောင်။ ။စိမ်းစိုကင်းလတ်၊ ကောက်ပဲရပ်၊ ခေါ်မှတ် အပ္ပဟရိတ။

---

## သပါဏက သိက္ခာပုဒ်

● ဇာနံ အစိပ္ပာယ်

ဤသိက္ခာပုဒ်အရ ဇာနံဟူသည်မှာ-မြင်၍သိခြင်း၊ကြား၍သိခြင်း ဤနှစ်မျိုးလုံးကိုပင် ဇာနံ-ဟူ၍ ခေါ်သည်။

ဇာနံ သပါဏကန္တိ သပါဏကံ တေန္တိ ဒိသွာဝါ သုတွာ ဝါ ယေနကေနစိ အာကာရေန ဇာနန္တော။
(ကခ်ါ ၂၆၀-ဟံ)

ဆောင်။ ။မြင်သိ,ကြားသိ၊ ထိုနှစ်သိ၊ မှတ်ဘိဇာနံဆို။

### ● သိဒ္ဓေယျ အရ အာပတ်သင့်ပုံ

၁။ သိဒ္ဓေယျ-အရ အာပတ်သင့်ပုံမှာ- ရေအိုးထဲမှရေကို မရပ်မနားဘဲ တောက်လျှောက်သွန်လျှင် ပါစိတ်အာပတ် တချက်သာ သင့်သည်။

၂။ ရပ်နားပြီးသွန်လျှင် လှံလပယောဂ အားလျော်စွာ ပါစိတ်အာပတ်များ သင့်သည်။

ဆောင်။ ။မရပ်မနား၊ သွန်လေငြား၊ တပါး ပါစိတ်မှတ်။
ရပ်နားသွန်ရာ၊ပယောဂါ၊များစွာ ပါစိတ်မှတ်။

---

## ဘိက္ခုနောဝါဒ ဝဂ်
## ဩဝါဒ သိက္ခာပုဒ်

●

### ● အသမ္မတ ရဟန်း အဓိပ္ပာယ်

အသမ္မတ ရဟန်းဟူသည်မှာ- ဘိက္ခုနောဝါဒက သမ္မုတိကို သံဃာ့အထံမှ မရသောရဟန်းကို အသမ္မတ ရဟန်းဟု ခေါ်သည်။

ဆောင်။ ။ဘိက္ခုနောဝါဒ၊ သံဃာ့မှ၊ မရ အသမ္မတ။

---

### ● ဘိက္ခုနောဝါဒက သမ္မုတိ အဓိပ္ပာယ်

ဘိက္ခုနောဝါဒကသမ္မုတိ ဟူသည်မှာ - ဘိက္ခုနီမတို့ကို ဆုံးမတတ်သောရဟန်းအဖြစ် ဉတ္တိစတုတ္ထကံဖြင့်သမုတ်ထားခြင်း၊ ခွင့်ပြုထားခြင်းကို ခေါ်သည်။

ဆောင်။ ။ရဟန်းမြတ်၊ ဆုံးမတတ်၊ ပညတ်သမ္မုတိ။

## ⑮ ဘိက္ခုနောဝါဒက အင်္ဂါ(၈)ပါး

ဘိက္ခုနောဝါဒက အင်္ဂါ(၈)ပါးကား-

၁။ သီလ - အကျင့်သိက္ခာနှင့် ပြည့်စုံခြင်း၊
၂။ သုတ - ကျမ်းဂန်ဗဟုသုတ ရှိခြင်း၊
၃။ သွာဂတ - ဒွေမာတိကာရရှိ၍ အကျယ် အားဖြင့် နားလည်ခြင်း၊
၄။ ဝါစ - အပြောအဟော ကောင်းခြင်း၊
၅။ ပိယ - ဘိက္ခုနီမတို့ ကျေနပ် မြတ်နိုးခြင်း၊
၆။ ပဋိဗလ - ဆုံးမတတ်သူ၊ ဆုံးမနိုင်စွမ်းရှိသူဖြစ်ခြင်း၊
၇။ အနဇ္ဈာပန္န - သာမဏေရီ၊ ဘိက္ခုနီမတို့၌ မလွန်ကျူးဘူးခြင်း၊
၈။ ဝီသာဝိက - ဝါ-၂၀၊ ၂၀-ကျော် ရပြီးဖြစ်ခြင်း၊

ဟူ၍ (၈)ပါး ဖြစ်သည်။

**ဆောင်။** ။သီလံ သုတဥ္စ သွာဂတံ၊
ဝါစော ပိယော ပဋိဗလော။
နဇ္ဈာပန္နော ဝီသာဝိကော၊
ဘိက္ခုနောဝါဒ ကင်္ဂိမေ။

---

## ⑯ ဂရုဓမ္မတရား (၈)ပါး သရုပ်

ဂရုဓမ္မတရား(၈)ပါး သရုပ်ကား-

၁။ ဝဿသတ - ဝါ - တရာ ရနေသော်လည်း ပြုခါစ ရဟန်းငယ်အား ရှိခိုးရခြင်း၊
၂။ အဘိက္ခုက - ရဟန်းမရှိသောနေရာတွင် ဝါမဆိုရခြင်း၊

၃။ ပစ္စာသီသာ-လ,ခွဲတိုင်း ရဟန်းများထံ ခ,စားရခြင်း၊

၄။ ပဝါရဏာ - ဥဘတောသံဃာ၌ ပဝါရဏာ ဖိတ်ရခြင်း၊

၅။ မာနတ္တ - ဥဘတောသံဃာ၌ တပက္ခမာနတ် ကျင့်ရခြင်း၊

၆။ ဥပသမ္ပဒေသာ-သိက္ခမာန်ကို ဥဘတောသံဃာထံ၌ ရဟန်းခံပေးရခြင်း၊

၇။ နိက္ကောသ - ရဟန်း ယောကျ်ား များ ကို မဆဲရေးရခြင်း၊

၈။ အဒနောဝါဒ - ဘိက္ခုနီမများ ဘိက္ခုကို ဩဝါဒ မပေးရခြင်းဟူ၍ (၈)ပါးရှိသည်။

ဆောင်။ ။ဝဿသတံ အဘိက္ခုကံ၊
ပစ္စာသီသာ ပဝါရဏာ။
မာနတ္တုပသမ္ပ ဒေသာ၊
နက္ကောသော ဩဝါဒေါဂရု။

---

## ● ဘိက္ခုနိယော ဩဝဒေယျုန္တိ ဩဝဒေယျ အစိပ္ပာယ်

ဘိက္ခုနိယော ဩဝဒေယျုန္တိ ဩဝ ဒေယျ ဟူ သည် မှာ-ဂရုဓမ္မတရားရှစ်ပါးကို ရွတ်ဆိုဟောပြလျက် ဆုံးမခြင်းကို ဩဝဒေယျ-ဟု ခေါ်သည်။ အခြားသော အကြောင်းအရာ ပါဠိဓမ္မများဖြင့် ဆုံးမ ခြင်း သည် ကား ပါစိတ် အာပတ် မသင့်၊ ဒုက္ကဋ် အာပတ်သာ သင့်သည်။

အဠဂရုဓမ္မေ ဩဝါဒ ဝသေန ဩဝါဒေနဝေ ဩဝ
ဒေယျ။
အညေနဝါ ဓမ္မေန ဘိက္ခုနီသု ဥပသမ္ပန္နမတ္တံဝါ ဩဝဒ
တော ဒုက္ကဋံ။ (ကင်္ခါ ၂၆၁-ဟံ)

ဆောင်။ ။ဂရုဓမ္မ၊ ဆုံးမမှု၊ သင့်ရ ပါစိတ္တိ။
တခြားဓမ္မ၊ ဆုံးမက၊ သင့်ရ ဒုက္ကဋ်သိ။

---

## အတ္ထင်္ဂတ သိက္ခာပုဒ်

●

### ● ဤသိက္ခာပုဒ်အရ ဘိက္ခုနီ

ဤသိက္ခာပုဒ်အရ ဘိက္ခုနီဟူသည်ကား-ဥဘတောသံဃာ၌ ပဥ္စင်းပြုသော ဘိက္ခုနီကို ခေါ်သည်။

ဆောင်။ ။ဥဘတောသံဃာ၊ ပဥ္စင်၊ ခေါ်ရ ဘိက္ခုနီ။

### ● ဤသိက္ခာပုဒ်အရ ဩဝဒေယျ

ဤသိက္ခာပုဒ်အရ ဩဝဒေယျ ဟူသည်မှာ - ဂရုဓံတရားရှစ်ပါးဖြင့်ဖြစ်စေ၊ အခြားသော အကြောင်းအရာ ပါဠိဓမ္မများဖြင့် ဖြစ်စေ ဆုံးမခြင်းကို ဩဝဒေယျ-ဟု ခေါ်သည်။

ဩဝဒေယျာတိ အဠဂရုဓမ္မေဟိဝါ အညေနဝါ ဓမ္မေန
ဩဝဒန္တဿ သမ္မတဿာပိ ပါစိတ္တိယ မေဝ။
(ကင်္ခါ ၂၆၂-ဟံ)

ဆောင်။ ။ဂရုဓမ္မ၊ အညေန၊ ဟောပြ ဩဝါဒ။

---

## ဘိက္ခုနုပဿယ သိက္ခာပုဒ်

## ● ဘိက္ခုနုပဿယ အဓိပ္ပာယ်

ဘိက္ခုနုပဿယ ဟူသည်မှာ - ဘိက္ခုနီမများ တညဉ့်တာ ကာလမျှ နေထိုင်ဘူးသော ကျောင်းပင်ဖြစ်စေ ဘိက္ခုနုပဿယ မည်သည်။

ဘိက္ခုနုပဿယန္တိ ဘိက္ခုနိယာ ကေရတ္တံ ဝသနဋ္ဌာနမ္ပိ။
(ကင်္ခါ ၂၆၃-ဟံ)

ဆောင်။ ။တညဉ့်တာမျှ၊ နေထိုင်က၊ မည်ရ ဘိက္ခု
နုပဿ။

---

## ● ဤသိက္ခာပုဒ်အရ ဂိလာန

ဤသိက္ခာပုဒ်အရ ဂိလာနဟူသည်မှာ- ကံကြီး-ကံငယ်ကို ဆောင်ရန်သော်၎င်း၊ ဩဝါဒကို ကြားနာရန်သော်၎င်း မသွား မလာနိုင်လောက်အောင် နေထိုင်မကောင်းဖြစ်နေသော ဘိက္ခုနီမကို ဂိလာန-ဟု ခေါ်ဆိုသည်။

ဆောင်။ ။ကံကြီး,ကံငယ်၊ ဆောင်နိုင်ဘွယ်၊ တသွယ်
ဩဝါဒ။
မသွားနိုင်မှ၊ ဂိလာန၊ မှတ်ကြအလွယ်ပြု။

---

## ● ပါစိတ်အာပတ် သုံးချက်သင့်နိုင်သော ရဟန်း

အကြွင်ရဟန်းသည်-

၁။ သမ္မုတိလည်း မရဘဲ၊

၂။ နေကလည်း ဝင်ချိန်တွင်၊

၃။ ဘိက္ခုနီမကျောင်းသို့သွား၍ ဂရုဓံတရားရှစ်ပါးဖြင့် ဆုံးမလျှင် ပါစိတ်အာပတ် (၃)ချက် သင့်သည်။

**ဆောင်။** ။သမ္မုတိမရ၊ နေဝင်က၊ ဆုံးမဂရုဓံ။ ပါစိတ်သုံးချက်၊ သင့်ရောက်တွက်၊ မှတ်ကျက်လွယ်ကူရန်။

---

## အာမိသ သိက္ခာပုဒ်

## ဤသိက္ခာပုဒ် အာမိသ အဓိပ္ပာယ်

ဤ သိက္ခာပုဒ်အရ အာမိသ ဟူသည်မှာ - ဆွမ်းစသော ပစ္စည်းများကို အာမိသ-ဟု ခေါ်သည်။

အာမိသ ဟေတုတိ စီဝရာဒီနံ အညတရဟေတု။

(ကခ်ါ ၂၆၃-ဟံ)

**ဆောင်။** ။သင်္ကန်းစသား၊ ပစ္စည်းများ၊ ခေါ်ငြား အာမိသ။

---

## ဤသိက္ခာပုဒ်အရ ဘိက္ခု အဓိပ္ပာယ်

ဤသိက္ခာပုဒ်အရ ဘိက္ခု ဟူသည်မှာ - သမ္မုတိ ရသော ဘိက္ခုကို ဘိက္ခုဟု ခေါ်သည်။

ဘိက္ခူတိ သမ္မတာ ဘိက္ခူ ဩဝါဒပေ္ပတာ။

(ကခ်ါ ၂၆၃-ဟံ)

**ဆောင်။** ။သမ္မုတိရ၊ ဘိက္ခုမှ၊ ခေါ်ကြ ဘိက္ခုသာ။

## စီဝရဒါန သိက္ခာပုဒ်

●

### ● ဤသိက္ခာပုဒ်နှင့် နိဿဂ္ဂိလာ စီဝရပဋိဂ္ဂါဟက သိက္ခာပုဒ် အထူး

ဤသိက္ခာပုဒ်၌ သင်္ကန်းခံယူသောပုဂ္ဂိုလ်မှာ ရဟန်းမိန်းမ ဖြစ်သည်။

နိဿဂ္ဂိ စီဝရ ပဋိဂ္ဂါဟက သိက္ခာပုဒ်၌ သင်္ကန်းကို ခံယူသော ပုဂ္ဂိုလ်မှာ ရဟန်းယောကျ်ားဖြစ်သည်။ ။ဤသို့ ထူးခြားကြသည်။

တတြ ဟိ ဘိက္ခု ပဋိဂ္ဂါဟကော၊ ဣဓ ဘိက္ခုနီ၊ အယံ ဝိသေသော။ (ကခ်ါ ၂၆၄-ဟံ)

**ဆောင်။** ။သင်္ကန်းခံသူ၊ ဤ၌မူ၊ မှတ်ယူ ဘိက္ခုမ။
သင်္ကန်းခံသူ၊ ထို၌မူ၊ မှတ်ယူ ဘိက္ခုပြ။

---

## စီဝရ သိဗ္ဗန သိက္ခာပုဒ်

●

### ● ဤသိက္ခာပုဒ်လာ စီဝရ

ဤသိက္ခာပုဒ်လာ စီဝရ ဟူသည်မှာ-ဝတ်ရုံလောက်သော သင်္ကန်းကို စီဝရဟု ခေါ်သည်။

စီဝရန္တိ နိဝါသန ပါရုပနုပဂံ။ (ကခ်ါ ၂၆၄-ဟံ)

**ဆောင်။** ။ဝတ်ရုံလောက်မှ၊ စီဝရ၊ မည်ရအလွယ်ပြ။

---

## ● သက်န်းကိုချုပ်ရာ အာပတ်သင့်ရောက်ပုံ

၁။ ဤသိက္ခာပုဒ်အရ သင်္ကန်းကိုချုပ်ရာ၌ အာပတ်သင့်ပုံမှာ-ကိုယ်တိုင် ချုပ်သောအခါ အပ်ကိုသွင်း၍ အပ်ကို ရုပ်တိုင်း ပါစိတ်အာပတ် တချက်စီသင့်သည်။

၂။ အပ်ကိုအကြိမ်များစွာ ထိုးပြီးမှ တချက်တည်း ဆွဲနုတ်သောအခါ ပါစိတ်အာပတ် တချက်သာ သင့်သည်။

၃။ သူတပါးကို ချုပ်ခိုင်းရာတွင်မူ ပြီးစီးအောင်စေခိုင်းလျှင် ခိုင်းသောရဟန်းမှာ အာပတ်တချက်သာ သင့်သည်။

ဆောင်။ ။အပ်ကိုသွင်းနုတ်၊ အာပတ်ထုတ်၊ အဟုတ်တချက်စီ။
အကြိမ်များစွာ၊ သွင်းပြီး ကာ၊ နုတ်ရာ တချက်မည်။
ပြီးစီးစေရာ၊ ခိုင်းသောခါ၊ သင့်ပါတချက်ညီ။ ——

## သံဝိဓာန သိက္ခာပုဒ်

## ● ဤသိက္ခာပုဒ်အရ သံဝိဓာန အဓိပ္ပာယ်

ဤသိက္ခာပုဒ်အရ သံဝိဓာန ဟူသည်မှာ - ချိန်းဆိုခြင်း၊ ဘိုင်ပင်ခြင်းများကို သံဝိဓာန ဟု ခေါ်သည်။

သံဝိဓာယာတိ သံဝိဒဟိတွာ ဂမနကာလေ သင်္ကေတံ ကတွာတိ အတ္တော။ (ကင်္ခါ ၂၆၅-ဟံ)

ဆောင်။ ။ချိန်းဆို တိုင်ပင်၊ ဤနှစ်အင်၊ ခေါ်တွင် သံဝိဓာန။

## ● တိုင်ပင်ကောင်းသော အရပ်နှင့် မတိုင်ပင်ကောင်းသော အရပ်

တိုင်ပင်ကောင်းသော အရပ်များကား—

၁။ ရဟန်းတို့၏ကျောင်း၊
၂။ ဘိက္ခုနီတို့၏ ကျောင်း၊
၃။ တိတ္ထိတို့၏ ကျောင်း အိပ်ရာ,နေရာ၊
၄။ ဆွမ်းစားစရပ်များ။

အထက်ပါအရပ်များမှာ ကပ္ပိယဘူမိဖြစ်၍ တိုင်ပင်သဖြင့် အပြစ်မရှိချေ။

မတိုင်ပင်ကောင်းသောအရပ်ကား– ဆိုခဲ့ပြီးသော ကပ္ပိယဘူမိမှ ကြွင်းသော ခရီးလမ်းဆုံစသော အရပ်များ ဖြစ်ကြသည်။

ဆောင်။ ။ရဟန်း,ဘိက္ခုနီ၊ တိတ္ထိချီ၊ တလီ ဆွမ်းစား ကျောင်း။
ကပ္ပိယဘူမိ၊ပြစ်မရှိ၊မှတ်သိတိုင်ပင်ကောင်း။

---

## ● ဘိက္ခုနီမတို့နှင့်တိုင်ပင်၍သွားရာ၌ အာပတ်သင့်ပုံ

၁။ ဘိက္ခုနီမတို့နှင့် တိုင်ပင်၍ သွားရာ၌ အာပတ်သင့်ရောက်ပုံမှာ-သွားရာလမ်းခရီးတွင် ရွာရှိလျှင် ယင်းရွာ၏ ဥပစာအတွင်းသို့ ပဌမ-ခြေတလှမ်း ဝင်မိသည်နှင့် ဒုက္ကဋ် အာပတ်သင့်သည်။ ဒုတိယ-ခြေလှမ်းနင်းမိလျှင် ပါစိတ်အာပတ် သင့်သည်။

၂။ သွားရာ လမ်းခရီးတွင် ရွာမရှိပါက ယူဇနာဝက် လွန်တိုင်း-လွန်တိုင်း ပါစိတ်အာပတ် သင့်သည်။

ဆောင်။ ။ရွာပဌမ၊ ဒုက္ကဋ်ပြ၊ ဒုက ပါစိတ်မှတ်။
ယူဝက်လွန်ဘိ၊ ပါစိတ္တိ၊ မှတ်သိ ရွာမဲ့မှတ်။

● ဤသိက္ခာပုဒ်အရ အာပတ်မသင့်သောအခါများ

ဤသိက္ခာပုဒ်အရအာပတ်မသင့်သောအခါများကား-

၁။ ချိန်းဆိုထားသောအချိန်မှ တခြားအချိန်တွင် ဘိက္ခုနီမတို့နှင့် အတူသွားသော ရဟန်း။

၂။ နိုင်ငံမငြိမ်သက်သဖြင့် ဘိက္ခုနီမတို့နှင့် တိုင်ပင်၍ သွားသောရဟန်းတို့အား အာပတ်မသင့်ချေ။

ဆောင်။ ။ချိန်းဆို တခြား၊ မအေးငြား၊ မှတ်သား အာပတ်လွတ်။

---

## နာဝါ ဘိရူဟန သိက္ခာပုဒ်

●

● ဘိက္ခုနီမတို့နှင့်အတူ မြစ်တဘက်မှ တဘက်သို့ ကူးဖြတ်သွားသော ရဟန်း

ဘိက္ခုနီမနှင့်အတူ မြစ်တဘက်မှ မြစ်တဘက်သို့ ကူးဖြတ်သွားသောရဟန်းအား ဤသိက္ခာပုဒ်အရ အာပတ်မသင့်ချေ။

ဆောင်။ ။တဘက်ကမ်းဖြတ်၊ ကူးသွားအပ်၊ အာပတ် မရှိချေ။

---

● ဤသိက္ခာပုဒ်အရ အာပတ်သင့်ပုံ

ဤသိက္ခာပုဒ်အရ မြစ်တဘက်မှ တဘက် ကူးဖြတ်သွားရာ၌ အာပတ်မသင့်ချေ၊ စုန်လှေ,ဆန်လှေကို စီးကာသွားရာ၌သာ အာပတ်သင့်သည်၊ စုန်လှေ,ဆန်လှေကို စီး၍သွားရာ၌ မြစ်ကမ်း, ချောင်းကမ်းတွင် ရွာရှိပါက ရွာ၏ဥပစာကို ဝင်တိုင်း-ဝင်တိုင်း ပါစိတ်အာပတ်သင့်သည်။

ရွှာမရှိသော်ငြား၊ အလွန်ကျယ်သော မြစ်၏ အလယ်က သွားခဲ့သော်ငြား ယူဇနာ၀က် လွန်တိုင်း = လွန်တိုင်း ပါစိတ် အာပတ်သင့်သည်။

ဆောင်။ ။စုန်လေ့ ဆန်လေ့၊ ရွာရှိနေ၊ ၀င်လေ ပါစိတ္တိ။
ရွာမရှိငြား၊ မြစ်ကြီးကား၊ မှတ်သား ယူ၀က်သိ။

---

## ပရိပါစိတ သိက္ခာပုဒ်

၉

## ဘိက္ခုနီပရိပါစိတ ပိဏ္ဍပါတ အစိပ္ပာယ်

ဘိက္ခုနီပရိပါစိတ ပိဏ္ဍပါတဟူသည်မှာ–ဆွေမျိုးမတော်သော လူဒါယကာတို့အထံတွင် ဘိက္ခုနီမက ဘိက္ခု၏ဂုဏ်သတင်းကို ပြောဆိုကာ ဆွမ်းလှူရန် အတွက် စီမံ၍ ရသော ဆွမ်းကို ခေါ်သည်။

**ဆောင်။** ။အညာတိကံ၊ ဒကာထံ၊ စီမံ ဆွမ်းပိဏ္ဍ။
ဘိက္ခုနီပရိ၊ အမည်ရှိ၊ မှတ်သိ နားလည်ကြ။

---

## ဂိဟိသမာရမ္ဘဆွမ်း အစိပ္ပာယ်

ဂိဟိသမာရမ္ဘဆွမ်းဟူသည်မှာ–ဘိက္ခုနီမတို့ မစီမံမီကပင် လူဒါယကာတို့က စီမံခန့်ခွဲထားသော ဆွမ်းမျိုးကိုခေါ်သည်။

ဘိက္ခုနီယာ ပရိပါစနတော ပုဗ္ဗေ ငှမတရံ ယေ၀ ယံ ဘိက္ခုနံ အတ္ထာယ ဂိဟီနံ ပဋိယာဒိတဘတ္တံ။
(ကင်္ခါ ၂၆၇-ဟံ)

**ဆောင်။** ။လူဒါယကာ၊ ကြို၀င်စွာ၊ မှတ်ပါ စီမံမှု။
ဂိဟိသမာရမ္ဘ၊ အမည်ရ၊ မှတ်ကြ အလွယ်ပြု။

## ဘိက္ခုနီပရိပါစိတ ဆွမ်းကိုစားရာ၌ အာပတ်သင့်ပုံ

ဘိက္ခုနီပရိပါစိတ ဆွမ်းကိုစားရာ၌ အာပတ်သင့်ပုံမှာ-
ယင်းဆွမ်းကို အကပ်ခံသောအခါ ဒုက္ကဋ်အာပတ် သင့်သည်။
မျိုတိုင်း-မျိုတိုင်း ပါစိတ်အာပတ် သင့်သည်။
ဘုဥ္စေါ် အဇ္ဈောဟရဏ ဂဏနာယ၊ ပဋိဂ္ဂဟဏေ ပနဿ
ဒုက္ကဋံ။ (ကခါ ၂၆၇-ဟံ)
ဆောင်။ ။အကပ်ခံက၊ ဒုက္ကဋ္၊ မျိုက ပါစိတ္တိ။

---

## ဘိက္ခုနီမ စီရင်သော ဆွမ်းကို စားသော်လည်း ပါစိတ် အာပတ် မသင့်သောပုဂ္ဂိုလ်

ဆွမ်းကိုစီရင်သောဘိက္ခုနီမသည် ကေတောဥပသမ္ပန္နမျိုး
ဖြစ်ခဲ့သော် စားသောရဟန်းမှာ ပါစိတ်အာပတ်မသင့်ချေ၊ဒုက္ကဋ်
အာပတ်သာ သင့်သည်။
ကေတော ဥပသမ္ပန္နာယ ပရိပါစိတံ ဘုဥ္စန္တဿ။
(ကခါ ၂၆၇-ဟံ)
ဆောင်။ ။ကေတောပြ၊ဘိက္ခုမ၊စားက အာပတ်လွတ်။

---

## ရဟောနိသဇ္ဇ သိက္ခာပုဒ်

●

## ဤသိက္ခာပုဒ်နှင့်တူသော သိက္ခာပုဒ်များ

ဤသိက္ခာပုဒ်နှင့်တူသော သိက္ခာပုဒ်များကား-
၁။ ဒုတိယအနိယတ သိက္ခာပုဒ်၊
၂။ အစေလကဝဂ် ပဥ္စမမြောက်သိက္ခာပုဒ်တို့ ဖြစ်သည်။
ဆောင်။ ။ဒု,အနိယ၊ အစေ,မ၊ တူကြ ရဟော၎။

● ဤသိက္ခာပုဒ်ကို ပညတ်ရခြင်းအကြောင်း

ဤရဟောနိဿဇ္ဇသိက္ခာပုဒ်သည် ဒုတိယအနိယတ သိက္ခာပုဒ်၊ အစေလကဝဂ် ပဌမမြောက် သိက္ခာပုဒ်တို့နှင့် တူပါလျက် နောက်ထပ် ပညတ် ထားရခြင်းမှာ ပညတ်ဘို့ရန် အကြောင်း အတ္ထုပ္ပတ် ဖြစ်ပေါ် လာသောကြောင့် ပညတ် ထား ရ ခြင်း ဖြစ်သည်။

ဆောင်။ ။အကြောင်း အတ္ထုပ္ပတ်၊ ဖြစ်ပေါ်လတ်၊ ပညတ် ရဟောနိဿဇ္ဇ။

---

ဘောဇနဝဂ်

အာဝသထပိဏ္ဍ သိက္ခာပုဒ်

●

● အာဝသထပိဏ္ဍ အဓိပ္ပာယ်

အာဝသထပိဏ္ဍဟူသည်မှာ ခရီးသွားစသူတို့ လာရောက် တည်းခိုနေထိုင်တတ်သော စရပ်စသည်တွင် မည်သူ့ကိုမျှ မရည် မညွှန်းဘဲ စားသောက်ရန်ထားသောဆွမ်းကို အာဝသထပိဏ္ဍဟု ခေါ်သည်။

ဇ္ဇေကမေဝါတိ ဝေံ ဘတ္တံဝါ အနောဒိဿ သာလာ ဒီသု ယတ္တကတ္ထစိ ပညကာမေဟိ ပညတ္တံ ဘောဇနံ။

(ကခ်ါ ၂၆၈-ဟံ)

ဆောင်။ ။တည်းခိုနေတတ်၊ ထိုစရပ်၊ ထားအပ် ဆွမ်း ပိဏ္ဍ။

အာဝသထ၊အမည်ရ၊မှတ်ကြ လွယ်ကူစွာ။

● ဤသိက္ခာပုဒ်အရ အဂိလာန အဓိပ္ပာယ်

ဤသိက္ခာပုဒ်အရ အဂိလာနဟူသည်မှာ-ယူဇနာဝက်ခရီးကို သွားလာနိုင်သူကို အဂိလာန ဟု ခေါ်သည်။

အဂိလာနေနာတိ အဍ္ဎယောဇနမ္ပိ ဂန္တုံ သမတ္ထော။

(ကခ်ါ ၂၆၂-ဟံ)

**ဆောင်။** ။ယူဇနာဝက်၊ သွားနိုင်တွက်၊ မှတ်ချက် အဂိလာန။

---

## ဂဏဘောဇန သိက္ခာပုဒ်

●

● ဂဏဘောဇဉ်၌ ဂဏ အဓိပ္ပာယ်

ဂဏဘောဇဉ်၌ "ဂဏ"ဟူသည်မှာ-၄-ပါး၊ ၄-ပါးထက် အလွန်ကို ဂဏ ဟု ခေါ်သည်။

ဂဏောတိ စတ္တာရော ဝါ တတုတ္တရိ ဝါ ဘိက္ခူ။

(ကခ်ါ ၂၆၉-ဟံ)

ဆောင်။ ။လေးပါး,အထက်၊ ဂဏဘွက်၊ ကောက်ချက် သတိပြု။

---

● ဂဏဘောဇဉ် အဓိပ္ပာယ်

ဂဏဘောဇဉ် ဟူသည်မှာ-မအပ်သော ပင့်ဘိတ်နည်းဖြင့် ပင့်ဘိတ်၍ရသော ဘောဇဉ်၊ ကိုယ်တိုင်တောင်းခံ၍ရသော ဘောဇဉ်များကို ဂဏဘောဇဉ်ဟု ခေါ်သည်။

**ဆောင်။** ။မအပ်ပင့်ခြင်း၊ တောင်းခံခြင်း၊ ရခြင်း ဂဏဘောဇဉ်မည်။

● မအပ်သော ပင့်ဘိတ်နည်း

မအပ်သော ပင့်ဘိတ်နည်းဟူသည်မှာ- ငါး ဘုဦးပေးရန် ကြွပါ၊ အမဲသားဘုဦးပေးရန် ကြွပါ၊ ထမင်းဘုဦးပေးရန် ကြွပါ၊ ခေါက်ဆွဲ ဘုဦးပေးရန် ကြွပါ စသည်ဖြင့် မြန်မာဘာသာဖြင့် ဖြစ်စေ၊ပါဠိဘာသာဖြင့်ဖြစ်စေ ပင့်ဘိတ်ခြင်းမျိုးကို ခေါ်သည်။

ဆောင်။ ။ငါး,မဲ,ထမင်း၊ ပင့်ဘိတ်ခြင်း၊ ဖြေရှင်း မအပ်နည်း။
မိမိဘာသာ၊ ဘာသန္တာ၊ မှတ်ပါ မအပ် တည်း။

● မအပ်သော တောင်းခံနည်း

မအပ်သော တောင်းခံနည်းဟူသည်မှာ- ငါ့အား ထမင်း ပေးပါ စသည်ဖြင့် မြန်မာဘာသာဖြင့် ဖြစ်စေ၊ ပါဠိဘာသာဖြင့် ဖြစ်စေ တောင်းခံခြင်းမျိုးကို ခေါ်သည်။

ဆောင်။ ။ငါး,မဲ,ထမင်း၊ တောင်းခံခြင်း၊ ဖြေရှင်း မအပ်နည်း။
မိမိဘာသာ၊ ဘာသန္တာ၊ မှတ်ပါ မအပ် တည်း။

● ဤ ဂဏဘောဇဉ်သိက္ခာပုဒ်အရ မှတ်သားဘွယ်

ဤ ဂဏဘောဇဉ် သိက္ခာပုဒ်တွင် ဂဏ ဘောဇဉ်ကို ခံယူခြင်းသည်သာ ပမာဏ ဖြစ်သည်။ ထို့ကြောင့် ဂဏ ဘောဇဉ်ကို ခံယူပြီးသောအခါ ရဟန်းလေးပါးတို့ တခြားစီ ဘုဦးပေးသော်လည်း အာပတ်မလွတ်ချေ။

ဆောင်။ ။ခံယူမှုသာ၊ ပြဋ္ဌာန်းစွာ၊ မှတ်ပါသိက္ခာပုဒ်။

### ● ဉာသိက္ခာပုဒ်လာ သမယ(၇)ပါးအဓိပ္ပာယ်

ဉာသိက္ခာပုဒ်လာ သမယ(၇)ပါး အဓိပ္ပာယ်ကား-

၁။ ဂိလာန သမယ ဆွမ်းမခံနိုင်လောက်အောင် မကျန်းမာသောအခါ။

၂။ စီဝရဒါန သမယ-ကထိန်ခင်းလျှင် ငါးလ၊ ကထိန်မခင်းလျှင် တလ အခါ၊

၃။ အဒ္ဓါန သမယ-ယူဇနာဝက်ရှိသောခရီးကိုသွားဆဲ, သွားပြီး, သွားလတ္တံ့အခါ။

၄။ နာဝါဘိရုဟန သမယ - လှေစီးဆဲ, စီးပြီး, စီးလတ္တံ့အခါ။

၅။ မဟာ သမယ-ရဟန်းလေးပါး ဆွမ်းခံစား၍ မမျှတသောအခါ။

၆။ သမဏဘတ္တ သမယ ရဟန်းအချင်းချင်း ဆွမ်းကျွေးသောအခါ။

၇။ စီဝရကာရသမယ-သင်္ကန်းချုပ်လုပ်သောအခါမျိုးဖြစ်သည်။

---

## ပရမ္ပရဘောဇဉ် သိက္ခာပုဒ်

### ● ပရမ္ပရဘောဇဉ် အဓိပ္ပာယ်

ပရမ္ပရ ဘောဇဉ် ဟူသည်မှာ - ဆွမ်းကျွေးပင့်ဖိတ်ရာ၌ နှစ်ယောက်-သုံးယောက် ပင့်ဖိတ်လာရာ နောက်နောက်ပင့်ဖိတ်သော ဘောဇဉ်ကို ခေါ်သည်။

ယေန ယေန ပဌမံ နိမန္တိတော တဿတဿ ဘောဇန
တော။ (ကင်္ခါ ၂၇၁-ဟံ)

ဆောင်။ ။ဆွမ်းဘိတ်လာသူ၊ များစွာဟူ၊ နောက်မူ
ပရမ္ပရ ဖြစ်။

---

## ● ပရမ္ပရဘောဇဉ်ကို စားကောင်းသောနည်း

ပရမ္ပရဘောဇဉ်ကို စားကောင်းသောနည်းကား-မိမိစားလိုသော ဆွမ်းကို ပဌမဝိကပ္ပနာ ပြုရသည်။ ယင်းသို့ ဝိကပ္ပနာ ပြုပြီးလျှင် စားလိုရာဆွမ်းကို စား သော် လည်း ပရမ္ပရ ဘောဇဉ်ကို စားမှု အတွက် ပါစိတ်အာပတ် မသင့်ချေ။

ဆောင်။ ။မိမိစားချင်၊ ဝိကပ်တင်၊ စားလျှင် အာပတ်
လွတ်။

---

## ● ဆွမ်းကို ဝိကပ္ပနာပြုခြင်း အမျိုးအစား

ဆွမ်းကို ဝိကပ္ပနာပြုရာ၌-

၁။ မျက်မှောက်တွင်ရှိနေသောပုဂ္ဂိုလ်အား ပေးစွန့်ခြင်း သမ္မုခါ ဝိကပ္ပနာ၊

၂။ မျက်ကွယ်တွင်ရှိနေသော ပုဂ္ဂိုလ်အား ပေးစွန့်ခြင်း ပရမ္မုခါ ဝိကပ္ပနာ ဟူ၍ (၂)မျိုး ရှိသည်။

ဆောင်။ ။သမ္မုခ၊ ပရမ္မုခ၊ ထိုနှစ်ခု၊ မှတ်ရှုဝိကပ္ပနာ။

---

## ● သမ္မုခါ ဝိကပ္ပနာပြုပုံ

မိမိမျက်မှောက်ရှိ သီတင်းသုံးဘော် ငါးယောက်တို့တွင် တယောက်ယောက်အား-

"မယှံ ဘတ္တ ပစ္စာသံ တုယှံ ဒမ္မိ"ဟူ၍ သမ္မုခါ ဝိကပ္ပနာ ပြုရသည်။ မြန်မာဘာသာဖြင့်ဖြစ်စေ၊ ပါဠိဘာသာဖြင့်ဖြစ်စေ ပြုနိုင်သည်။

---

## ● ပရမ္မုခါ ဝိကပ္ပနာပြုပုံ

မိမိမျက်ကွယ်ရှိ သီတင်းသုံးဖော်ငါးယောက် တို့တွင် တယောက်ယောက်အား-

"မယှံ ဘတ္တပစ္စာသံ ဣတ္ထန္နာမဿ ဒမ္မိ" ဟူ၍ ပရမ္မုခါ ဝိကပ္ပနာပြုရသည်။ မြန်မာဘာသာဖြင့်ဖြစ်စေ၊ ပါဠိဘာသာဖြင့် ဖြစ်စေ ပြုနိုင်သည်။

---

## ● ပရမ္ပရဘောဇဉ်ကိုစားသော်လည်း အာပတ်လွတ်နိုင်သော ပုဂ္ဂိုလ်

၁။ ဝိကပ္ပနာပြု၍ စားသောပုဂ္ဂိုလ်၊

၂။ ပဌမပင့်သူနှင့် ဒုတိကပင့်သူတို့က အတူလာရောက်ပြီး စုပေါင်းကာ ကျွေး မွေး သည် ကို စားသော ပုဂ္ဂိုလ်၊

၃။ ဒါယကာ တို့၏ ဆွမ်း များ ကို သပိတ် ထည်း တွင် စုပေါင်းလျက် သုံးဆောင်သော ပုဂ္ဂိုလ်၊

အထက်ပါ ပုဂ္ဂိုလ် တို့ ကား - ပရမ္ပရ ဘောဇဉ် စားရာ၌ အာပတ်မသင့်ချေ။

ယောစ သမယေ ဝိကပ္ပေတွာဝါ ကေ သံသဋ္ဌာနိဝါ
ဒွေတိဏ္ဏိ နိမန္တနာနိ ကေတောဝါ ကတွာ ဘုဉ္ဇတိ၊ နိမန္တန
ပင္စပါဠိယာ ဘုဉ္ဇတိ။ (ကခ်ါ ၂၇၁-ဟံ)

ဆောင်။ ။ဝိကပ်ပြုခါ၊ ရောကျွေးစွာ၊ တဖြာစုပေါင်းစား။
ပရမ္ပရ၊ ဘောဇန၊ စားက ပြစ်လွတ်ငြား။

## ကာဏာမာတာ သိက္ခာပုဒ်

### ပူပ အဓိပ္ပာယ်

ပူပ ဟူသည်မှာ–လက်ဆောင်ပေးရန်အတွက် စီစဉ်ပြုလုပ်ထားသော အရသာရှိ မုန့်အမျိုးမျိုးကိုခေါ်သည်။

ပူပေဟိဝါတိ ပဟေဏကတ္ထာယ ပဋိယတ္တေဟိ အတိရသ
က မောဒက သက္ခလိကာဒီဟိ ယေဟိ ကေဟိစိ ခဇ္ဇ
ကေဟိ။ (ကန်ါ ၂၇၂-ဟံ)

ဆောင်။ ။လက်ဆောင်ပေးရန်၊ ပြုစီမံ၊ မှတ်ရန်
မုန့်မျိုးမျိုး။
ပူပမည်ရ၊ မှတ်ကုန်ကြ၊ ရသရှိသကိုး။

---

### မန္ထ အဓိပ္ပာယ်

မန္ထ ဟူသည်မှာ–ခရီးသွားရာ၌ လမ်းခရီးတွင် စားရန် စီမံပြုလုပ်ထားသော မုန့်ထုပ်၊ နှမ်း၊ ဆန် စသည်တို့ကို ခေါ်သည်။

မန္ထေဟိဝါတိ ပါထေယျတ္ထာယ ပဋိယတ္တေဟိ ယေဟိ
ကေဟိစိ သတ္တုတိလ တဏ္ဍုလာဒီဟိ။
(ကန်ါ ၂၇၂-ဟံ)

ဆောင်။ ။ခရီးသွားရာ၊ စားဘွယ်သာ၊ မှတ်ပါနှမ်း,
မုန့်ထုပ်။
မန္ထဟုပင်၊ ဝေါဟာတွင်၊ မှတ်လျှင်အလွယ်
ထုတ်။

● ဒုတ္တိပတ္တပူရ အစိပ္ပာယ်

ဒုတ္တိပတ္တပူရ - နှစ်သပိတ်,သုံးသပိတ်အပြည့် ဆိုသဖြင့် နှစ်သပိတ်,သုံးသပိတ် အမောက်အလျှံကို ဒုတ္တိပတ္တပူရဆိုသည်မဟုတ်၊ အမောက်အလျှံမခံယူကောင်းချေ။ နှစ်သပိတ်,သုံးသပိတ် သပိတ်အတွင်းနှုတ်ခမ်းနှင့်အညီအမျှသာ ခံယူကောင်းသည်။ ထို့ကြောင့် ဤ၌ ဒုတ္တိပတ္တပူရ - ဟူသည်မှာ နှစ်သပိတ်, သုံးသပိတ် သပိတ်အတွင်းနှုတ်ခမ်းနှင့်အညီအမျှကို ခေါ်သည်။

ဒွတ္တိပတ္တပူရာတိ မုခဝဋ္ဋိယာ ဟေဋ္ဌိမလေခံ အနတိက္ကန္တာ ဒွေ ဝါ တယော ဝါ ပတ္တပူရာ။ (ကင်္ခါ ၂၇၂-ဟံ)

ဆောင်။ ။ဒွတ္တိပတ္တ၊ နှုတ်ခမ်းမျှ၊ မှတ်ကြပူရဆို။

● ဒုတ္တိပတ္တပူရထက်အလွန် ခံယူကောင်းသောမုန့်

လက်ဆောင်အတွက်လည်း မဟုတ်၊ ခရီးသွားရာ၌ လမ်းခရီးတွင် ရိက္ခာအတွက်လည်း မဟုတ်သော မုန့်တို့ကို ဒုတ္တိပတ္တပူရ နှစ်သပိတ် သုံးသပိတ်ထက်အလွန် ခံယူသော်လည်း အာပတ်မသင့်ချေ။

န ပဟေဏကတ္ထာယ နပါထေယျတ္ထာယဝါ ပဋိယတ္တံ။ (ကင်္ခါ ၂၇၃-ဟံ)

ဆောင်။ ။လက်ဆောင်, ရိက္ခာ၊ မဟုတ်ရာ၊ ခံပါလိုသမျှ။

● ပုပ္ပမန္တကို ခံယူလာသော ရဟန်းတို့ လိုက်နာရမည့် အချက်များ

ပုပ္ပမန္တတို့ကို တသပိတ် ခံယူလာခဲ့သော ရဟန်းသည် အခြားရဟန်းတပါးကိုတွေ့သောအခါ မိမိသည် တသပိတ် ခံယူခဲ့ပြီ ဖြစ်ကြောင်း ပြောပြရသည်။

ဒုတိယရဟန်းကလည်း တသပိတ်သာ ခံယူပြန်လျှင် တတိယတွေ့သောရဟန်းကို မိမိမခံယူမီ ပထမရဟန်းကတသပိတ်၊ မိမိက တသပိတ် ခံယူပြီးဖြစ်ကြောင်း ပြောပြရသည်။ တတိယရဟန်းကလည်း တသပိတ်ပင် ခံယူပြီးလျှင် စတုတ္ထရဟန်းကို မိမိမဘိုင်မီ ပထမရဟန်း၊ ဒုတိယရဟန်းတို့ တသပိတ်စီ ခံယူပြီး မိမိကလည်း တသပိတ်ခံယူပြီးဖြစ်၍ သုံးသပိတ် ပြည့်ပြီဖြစ်သောကြောင့် နောက်ထပ် ခံယူခွင့်မရှိတော့ပြီဟု ပြောပြရသည်။

အကယ်၍ ပထမရဟန်း နှစ်သပိတ် သုံးသပိတ်ခံပြီးဖြစ်ကလည်း ဒုတိယရဟန်းကို ပြောပြရသည်။ တအိမ်ထည်းတွင် ရဟန်းအားလုံးအတွက် သုံးသပိတ်ထက်အလွန် မခံယူကောင်းချေ။

---

● ဘိက္ခုဟိ သဒ္ဓိံ သံဝိဘာဇိတဗ္ဗံ၌ ဝေဘန်ပုံ

ဘိက္ခုဟိသဒ္ဓိံ သံဝိဘာဇိတဗ္ဗံ၌ ဝေဘန်ပုံမှာ – မိမိအတွက် ဘသပိတ်ကိုထားပြီး နှစ်သပိတ်ကိုရင်း၊ နှစ်သပိတ်သာ ခံယူသော ပုဂ္ဂိုလ်သည် တသပိတ်ကိုရင်း၊ မုန့်ရသောအိမ်နှင့် အနီးဆုံးဖြစ်သော ရဟန်းများ နေရာအရပ်ကို သွားရောက်ကာ ခွဲဝေရပါသည်။ မခွဲဝေပါက ဝင်္ဂပျက်သော ဒုက္ကဋ်အာပတ် သင့်သည်။ တသပိတ်သာ ခံယူသော ရဟန်းမူကား မိမိ သဘောအတိုင်း ဖြစ်သည်။

---

## ပထမ ပဝါရဏာ သိက္ခာပုဒ်

●

### "ဘုတ္တာဝီ"၌ တာဝိပစ္စည်းဖြင့် စားပြီးကိုမပြ

ဘုတ္တာဝီ၌ တာဝီပစ္စည်းသည် စား ပြီး ဟူ သော အတိတ်ကာလကို ဟောသော်လည်း ဘုတ္တာဝီအရ လုံးပ စားပြီးသည်ကို ပဝါရိတ်သင့်သည်ဟု မဆိုပေ၊ စားနေတုန်း မှာ သာ ပဝါရိတ်သင့်သည်ဟု ဆိုသည်။

---

### ပဝါရိတ၌ ပဝါရဏာ အဓိပ္ပာယ်

ပဝါရိတ၌ ပဝါရဏာ ဟူ သည် မှာ - ဆွမ်းစားနေစဉ် မိမိသို့ ရွှေ့ရှုဆောင်ယူလာသဖြင့် ဟတ္ထပါသ် အ တွင်း သို့ ရောက်လာသော ဘောဇဉ်ကို ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ တားမြစ်ခြင်းကို ပဝါရဏာဟု ခေါ်သည်။

---

### ပဝါရိတ်သင့်ခြင်း အကြောင်း အင်္ဂါများ

ပဝါရိတ်သင့်ခြင်း အကြောင်း အင်္ဂါများကား-

၁။ စားဆဲဖြစ်ခြင်း၊
၂။ ဘောဇဉ်(၅)ပါးတွင် တပါးပါးဖြစ်ခြင်း၊
၃။ ပေးသူက နှစ်တောင့်ထွာ ဟတ္ထပါသ် အ တွင်း သို့ ရောက်ရှိခြင်း၊
၄။ ရွှေ့ရှု ဆောင်ယူခိုက်ဖြစ်ခြင်း၊
၅။ ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ ပယ် ခြင်း ဟူ ၍ (၅)ပါးရှိသည်။

**ဆောင်။** ။စားဆဲ့ ဘောဇဉ်၊ ဟတ်တွင်းဝင်၊ ဆောင်
စဉ် ကိုယ်နှုတ်မြစ်။
အင်္ဂါ ငါးလီ၊ ပြည့်စုံညီ၊ သင့်ပြီ ပဝါရိတ်။

## ● ဘောဇဉ်(၅)ပါး သရုပ်

ဘောဇဉ်(၅)ပါးကား-

၁။ ထမင်း၊
၂။ ငါး၊
၃။ နွားသားစသည်၊
၄။ ဆန်မုန့်၊
၅။ မုယောမုန့် ဟူ၍ (၅)ပါး ရှိသည်။

တံ ဩဒနော, ကုမ္မာသော, သတ္တု, မစ္ဆော, မံသန္တိ
ဣမေသံ အညတရမေဝ ဝေဒိတဗ္ဗံ။
(ကင်္ခါ ၂၇၄-ဟံ)

**ဆောင်။** ။ထမင်း, ငါး,သား၊ မုန့်နှစ်ပါး၊ ငါးပါး
ဘောဇဉ်ဖြစ်။

## ● ပဝါရိတ်သင့်သော ရဟန်း

ပဝါရိတ်သင့်သော ရဟန်းသည် ပဝါရိတ် သင့်ရုံမျှနှင့် အာပတ်သင့်ခြင်းမရှိချေ။ ဆွမ်း ကို ဆက် ၍ စား လိုသေး ပါက ဣရိယာပုထ်ကို မဖျက်ဘဲစားနိုင်သည်။ ဣရိယာပုထ်ကို ဖျက်သော်လည်း အတိရိက် ဝိနည်းကံပြု၍ သော်ရင်း စားနိုင်ပေသည်။

## ● အတိရိက် ဝိနည်းကံပြုခြင်း အင်္ဂါများ

အတိရိက် ဝိနည်းကံပြုခြင်း အင်္ဂါများကား-

၁။ အပ်စပ်အောင် ပြုလုပ်ပြီးဖြစ်ခြင်း၊
၂။ အကပ်ခံပြီး ဖြစ်ခြင်း၊

၃။ ဝိနည်းဓိုရ်အနီးတွင် မြှောက်ချီထားခြင်း၊
၄။ ဝိနည်းဓိုရ်၏ ဟတ္ထပါသ်သို့ ရောက်ခြင်း၊
၅။ ဝိနည်းဓိုရ်က အနည်းငယ်ဖြစ်စေ စားပြီးဖြစ်ခြင်း၊
၆။ ဝိနည်းဓိုရ်က ပဝါရိတ်သင့်ပြီးသူဖြစ်က ထိုပဝါရိတ် သင့်ရာမှ မထသေးခြင်း ၊
၇။ ဝိနည်းဓိုရ်က "အလမေတံ သဗ္ဗံ" ဟု ရွတ်ဆိုခြင်း ဟူ၍ (၇)ပါး ရှိသည်။

---

## ● ခါဒနီယံဝါ၊ ဘောဇနီယံဝါ၌ ခါဒနီယ၊ ဘောဇနီယ

ခါဒနီယံဝါ ဘောဇနီယံဝါ-၌ ခါဒနီယ-ကား-ဘောဇဉ် (၅)ပါးမှကြွင်းသော ယာဝကာလိက အားလုံးကို ခါဒနီယ-ဟု ခေါ်သည်။

ဘောဇနီယ ဟူသည်ကား-ဘောဇဉ်(၅)ပါးကို ဘောဇနီယ-ဟု ခေါ်သည်။

---

## ● စပါး(၇)မျိုး သရုပ်

စပါး(၇)မျိုးကား-

၁။ သလေး၊
၂။ ကောက်၊
၃။ မုယော၊
၄။ နတ်ကောက်၊
၅။ ပြောင်း၊
၆။ လူး၊
၇။ ဆတ်တို့ ဖြစ်ကြသည်။

သာလိ, ဝီဟိ, ယဝေါ, ဂေါဓုမော, ကင်္ဂု, ဝရကော, ကုဒြူသကောတိ ဣမေသံ သတ္တန္နံ ဓညာနံ။

---

(ကင်္ခါ ၂၇၄-ဟံ)

## ဒုတိယ ပဝါရဏာ သိက္ခာပုဒ်

●

### ● ဇာနံ အာသာဒနာပေက္ခော၌ ဇာနံ အဓိပ္ပာယ်

ဇာနံအာသာဒနာပေက္ခော-၌ ဇာနံဟူသည်မှာ-ပဝါရိတ် သင့်သောရဟန်းဟု သိခြင်းကို ဇာနံ-ဟု ဆိုသည်။

---

### ● ဇာနံ အာသာဒနာပေက္ခော၌ ဇာနံအရ သိပုံအပြား

ဇာနံအာသာဒနာပေက္ခော၌ ဇာနံ အရ သိပုံ အပြားမှာ-

၁။ သူတပါးတို့ထံမှ ကြားသိခြင်း၊

၂။ ပဝါရိတ်သင့်သော ရဟန်းကိုယ်တိုင်က ပြောကြား၍ သိခြင်းဟူ၍ နှစ်မျိုးရှိသည်။

**ဆောင်။** ။ကြားသိ့ပြောသိ၊ ထိုနှစ်သိ၊ မှတ်ဘိ ဇာနန။

---

## ဝိကာလဘောဇန သိက္ခာပုဒ်

●

### ● ကာလနှင့် ဝိကာလ အထူး

ကာလနှင့် ဝိကာလ အထူးကား-

၁။ အရုဏ်တက်သည်မှ မွန်းတည့်အချိန်ထိကို ကာလဟု ခေါ်သည်။

၂။ မွန်းတည့်ချိန်မှ အရုဏ်တက်သည့် အချိန် ထိ ကို ဝိကာလ-ဟု ခေါ်သည်။ ဤသို့ထူးခြားကြသည်။

ဝိကာလေတိ ဝိဂတေ ကာလေ၊ မဇ္ဈန္တိကာတိက္ကမနတော ယာဝ အရုဏုဂ္ဂမနာတိ အဓိပ္ပာယော၊

---

(ကခ်ါ ၂၀၀-ဟံ)

## ● ဝိကာလတွင် ခဲဘွယ် ဘောဇဉ် များကို အကပ်ခံခြင်း၊ စားသုံးခြင်းတို့အတွက် သင့်ရောက်သော အာပတ်

ဝိကာလတွင် ခဲဘွယ် ဘောဇဉ် များကို အကပ် ခံခြင်း၊ စားသုံးခြင်းတို့အတွက် သင့်ရောက်သော အာပတ်များမှာ-

၁။ စားသုံးရန် အကပ် ခံခြင်း အတွက် ဒုက္ကဋ်အာပတ် သင့်သည်။

၂။ စားသုံးခြင်းအတွက် မျိုချတိုင်း-မျိုချတိုင်း ပါစိတ် အာပတ်သင့်သည်။

ခါဒနီယံဝါ ဘောဇနီယံဝါ အဇ္ဈောဟရဏတ္ထာယ ပဋိဂ္ဂဏှာတိ၊ တဿ ပဋိဂ္ဂဟဏေ ဒုက္ကဋံ၊ အဇ္ဈောဟာရေ အဇ္ဈောဟာရေ ပါစိတ္တိယံ။ (ကခ်ါ ၂၀၀-ဟံ)

---

## ● ကာလိကလေးပါး အမိပ္ပာယ်

၁။ ယာဝကာလိက-အရုဏ်တက်သည်မှ မွန်းတည့်သည့် အချိန်ထိ စားသုံးကောင်းသော ဘောဇဉ်ငါးပါး နှင့် ခဲဘွယ်ဘုသမျှကို ခေါ်သည်။

၂။ ယာမကာလိက-မွန်းတည့်ပြီးနောက်အရုဏ်မတက်မီ မိုးသောက်ယံတိုင်အောင် သောက် ကောင်း သော အဖျော်များကို ခေါ်သည်။

၃။ သတ္တာဟ ကာလိက - ခုနစ်ရက် ပတ်လုံး စားသုံး ကောင်းသော ဆေးပတ်စသည်ကို ခေါ်သည်။

၄။ ယာဝဇီဝိက ကာလိက-တသက်ပန် စားသုံးကောင်း သော ဆား,ချင်း စသည်ကို ခေါ်သည်။

### ယာမကာလိက အဖျော်များ

ယာမကာလိက အဖျော်များကား-

| | |
|---|---|
| ၁။ သပြေသီး၊ | ၅။ သစ်မည်စည်သီး၊ |
| ၂။ သရက်သီး၊ | ၆။ တောငှက်ပျောသီး၊ |
| ၃။ မုဒရက်သီး၊ | ၇။ အိမ်ငှက်ပျောသီး၊ |
| ၄။ ဖက်သက်သီး၊ | ၈။ ကြာစွယ် ဟူ၍(၈)ပါး ရှိသည်။ |

ဆောင်။ ။သပြေ သရက်၊မုဒရက်၊ဖက်သက်,သစ်မည်စည်။ တော,အိမ်ငှက်ပျော၊ကြာစွယ်နွှော၊ မှတ်လော ရှစ်ဖျော်ရည်။

---

### အနုလောမ အဖျော်ရည်များ

အနုလောမ အဖျော်ရည်များကား-

၁။ မန်ကျည်း ဖျော်ရည်၊

၂။ ရှောက်ဖျော်ရည်၊

၃။ ဇီးဖျော်ရည် စသည်တို့ ဖြစ်ကြသည်။

---

### ဝိကာလတွင် ယာမ၊ သတ္တာဟ၊ ယာဗဇီဝိက ကာလိက ပစ္စည်းများကို သုံးဆောင်သောရဟန်း၏ အာပတ်

ဝိကာလ တွင် - ယာမကာလိက၊ သတ္တာဟ ကာလိက၊ ယာဗဇီဝိက ကာလိကတို့ကို အကြောင်းမဲ့ အကပ်ခံခြင်း၊ စားမျိုခြင်းပြုလျှင် ဒုက္ကဋ်အာပတ် သင့်သည်။

ဆာလောင်မွတ်သိပ်၍ ဖြစ်စေ၊ မကျန်းမမာ၍ ဖြစ်စေ စားသုံးပါက အာပတ်မသင့်ချေ။

### စားမြို့ပြန်ခြင်းအတွက် ရဟန်းတော်များ အာပတ်မသင့်

အချို့ပုဂ္ဂိုလ်များသည် နွားများကဲ့သို့ စားမြုံ့ပြန်တတ်သည်။ ရဟန်းတော်များ ဝိကာလတွင် ယင်းသို့ စားမြုံ့ပြန်ပါလျှင် အာပတ်မသင့်ချေ။

> အနုဇာနာမိ ဘိက္ခဝေ ရောမန္ထကဿ ရောမန္ထံ၊ နစ ဘိက္ခဝေ ဗဟိမုခဒွါရံ နီဟရိတ္ဗာ အဇ္ဈောဟရိတဗ္ဗန္တိ အနုညာတနယေန ရောမန္ထကဿာပိ အနာပတ္တိ။
>
> (ကင်္ခါ ၂၀၁-ဟံ)

——

## သန္နိဓိကာရ သိက္ခာပုဒ်

### သန္နိဓိကာရ အဓိပ္ပာယ်

သန္နိဓိကာရ ဟူသည်မှာ- အကပ်ခံပြီးနောက် တညဉ့်တာ ကျော်လွန်အောင် မစွန့်ဘဲ သိုမှီးမှုကို ပြုထားသော ခဲဘွယ် ဘောဇဉ်ကို ခေါ်သည်။

> ပဋိဂ္ဂဟေတွာ ဧကရတ္တံ ဝီတိနာမိတဿေတံ နာမံ။
>
> (ကင်္ခါ ၂၀၁-ဟံ)

——

### သန္နိဓိကာရ ယာဝကာလိက၊ ယာမကာလိက တို့ကို အကပ်ခံခြင်း၊ စားသုံးခြင်းတို့အတွက် သင့်ရောက်သော အာပတ်

သန္နိဓိကာရ၊ ယာဝကာလိက၊ယာမကာလိကတို့ကို အကပ်ခံခြင်း-စားသုံးခြင်းတို့အတွက် သင့်ရောက်သော အာပတ်မှာ-

၁။ အကပ်ခံခြင်းအတွက် ဒုက္ကဋ်အာပတ် သင့်သည်။
၂။ စားသုံးခြင်းအတွက် မျိုတိုင်း - မျိုတိုင်း ပါစိတ် အာပတ် သင့်သည်။

---

## အကပ်ခံပြီးသော ခဲဘွယ်ဘောဇဉ်ကို သန္နိဓိ မဖြစ်အောင် ပြုလုပ်သော နည်း

အကပ်ခံပြီးသော ခဲဘွယ်ဘောဇဉ် များကို သန္နိဓိ မဖြစ်သဖြင့် နောက်ရက်များတွင် စားသုံးနိုင်ရန် ပြုလုပ်သောနည်းမှာ ယင်းအကပ်ခံပြီးသော ခဲဘွယ်ဘောဇဉ်ကို လူ့သာမဏေ တို့အား အငဲ့အကွက်မရှိဘဲ စွန့်လွှတ်လိုက်ရသည်။ ယင်းသို့ စွန့်လွှတ်လိုက်ပြီး နောက်နေ့တွင် လူ့သာမဏေများက ပြန် ကပ် လျှင် သန္နိဓိ မဖြစ်၍ စားသုံးကောင်းသည်။

ယံ ပန ဘောဇနံ ဘိက္ခု နိရပေက္ခော သာမဏေရာနံ ပရိစ္စဇိတွာ ဒိန္နံ့ တေဟိ နိဟိတံ လဘိတွာ ဘုဥ္ဇတိ၊ တံ ဝဋ္ဋတိ။ (ကင်္ခါ ၂၀၁-ဟံ)

---

## ရဟန်းယောကျ်ား သန္နိဓိနှင့် ရဟန်းမိန်းမ သန္နိဓိ

သန္နိဓိ ကား- ရဟန်း အချင်းချင်း၊ ရဟန်းမိန်းမ အချင်းချင်းသာ မအပ်သည်။ ရဟန်းယောကျ်ား၏ သန္နိဓိသည် ရဟန်းမိန်းမအားရင်း၊ ရဟန်းမိန်းမ၏ သန္နိဓိသည် ရဟန်းယောကျ်ားအားရင်း အပ်ပေသည်။

ဘိက္ခုဿ ပန သန္နိဓိ ဘိက္ခုနိယာ ဝဋ္ဋတိ၊ ဘိက္ခုနိယာစ သန္နိဓိ ဘိက္ခုဿ ဝဋ္ဋတိ၊ ဘိက္ခုနိက္ခန္ဓကေ အနုညာတတ္တာ ဝဋ္ဋတီတိ။ (ကင်္ခါ ၂၀၂-ဟံ)

**● ကာလိကအချင်းချင်း ရောနှောရာ၌ ကာလိက အမည်ရပုံ**

ကာလိကအချင်းချင်း ရောနှော သော အခါ ရက်ရှည် ကာလိကသည် ရက်တို ကာလိကသဘောရှိသည်။ ဥပမာ-သတ္တာဟ ကာလိကနှင့် ယာဝဇီဝိက ရောနှောလျှင် ယာဝဇီဝိကသည် သတ္တာဟ ကာလိကသဘောရှိသည်။

---

**● မုခသန္နိဓိ အဓိပ္ပာယ်**

မုခ သန္နိဓိ-ဟူသည်မှာ-မအပ်သော အကပ္ပိယကုဋိအတွင်း၌ သိုမှီး ချက်ပြုတ်အပ်သော သတ္တာဟ ကာလိက၊ ယာဝဇီဝိက တို့နှင့် ရောနှောမိ၍ ယာဝကာလိက၊ ယာမကာလိက (၂)ပါးကို မုခ သန္နိဓိ ဟု ခေါ်သည်။

---

**● ပဏီတ ဘောဇဉ် အဓိပ္ပာယ်**

ပဏီတဘောဇဉ်-ဟူသည်မှာ - ထောပတ် စသည်တို့နှင့် ရောနှောသော စပါး (၇)မျိုးမှ ဖြစ်သော ဘောဇဉ်ကို ပဏီတ ဘောဇဉ်ဟု ခေါ်သည်။

ပဏီတ ဘောဇနာနီတိ ပဏီတ သံသဋ္ဌာနိ သတ္တဓညေ နိဗ္ဗတ္တာနိ ဘောဇနာနိ။ (ကင်္ခါ ၂၀၄-ဟ်)

---

**● မစ္ဆ၊ မံသ၊ ခီရ၊ ဒဓိ - တို့၏ အဓိပ္ပာယ်**

မစ္ဆ-ဟူသည်မှာ ရေသတ္တဝါအားလုံးကို 'မစ္ဆ'ဟု ခေါ်သည်။

မံသ-ဟူသည်မှာ-အသားအပ်သော သတ္တဝါ၏အသားကို 'မံသ'ဟု ခေါ်သည်။

ခိရ-ဟူသည်မှာ-အသားအပ်သော သတ္တဝါ၏ နိုရည်ကို 'ခိရ'ဟု ခေါ်သည်။

ဒဓိ-ဟူသည်မှာ-အသားအပ်သော သတ္တဝါတို့၏ နို့ခမ်းကို 'ဒဓိ'ဟု ခေါ်သည်။

မစ္ဆာဒီသု ပန သဗ္ဗောပိ သြဒကောတိ ဝုတ္တ လက္ခဏော မစ္ဆော မစ္ဆောယေဝ၊ ယေသံ ပန မံသံ ကပ္ပတိ၊ တေသံ မံသဥ္စ ခီရ ဒဓိနိစ ဣခော မိပ္ပေဟတာနိ။ (ကခါ ၂၀၄-ဟံ)

---

● ဤသိက္ခာပုဒ်လာ "အဂိလာန" အဓိပ္ပာယ်

ဤသိက္ခာပုဒ်လာ'အဂိလာန'ဟူသည်မှာ-ပဏီတဘောဇဉ်နှင့် ကင်းကွာ၍ ဘုဉ်းပေးသုံးဆောင်နိုင်သောရဟန်းကို 'အဂိလာန'ဟု ခေါ်သည်။

အဂိလာနောတိ ယဿတေဟိ ဝိနာပိ ဖာသု ဟောတိ။

(ကခါ ၂၀၄-ဟံ)

---

## ဒန္တပေါဏ သိက္ခာပုဒ်

●

● 'အဒိန္န-အဓိပ္ပာယ်

ဤသိက္ခာပုဒ်လာ အဒိန္န - ဟူသည်မှာ နှစ်တောင့်ထွာ ဟတ္ထပါသ် အတွင်း၌ နေ၍ ကိုယ်ဖြင့်ဖြစ်စေ၊ ကိုယ်နှင့် စပ်သော ဝတ္ထုဖြင့် ဖြစ်စေ မပေးခြင်းမျိုးကို အဒိန္န ဟုခေါ်သည်။

အဒိန္နန္တိ ကာယေနဝါ ကာယပ္ပဋိဗဒ္ဓေနဝါ ဂဏှန္တဿ ဟတ္ထပါသေ ဌတွာ ကာယ ကာယပဋိဗဒ္ဓနိဿဂ္ဂိယာနံ အညတရေန နဒိန္နံ။ (ကခါ ၂၀၆-ဟံ)

## အဒိန္န နှစ်မျိုး အထူး

ဤသိက္ခာပုဒ်လာ အဒိန္န၊ဒုတိယပါရာဇိက သိက္ခာပုဒ်လာ အဒိန္န ဤအဒိန္နနှစ်မျိုးအထူးကား-

၁။ ဤသိက္ခာပုဒ်လာ အဒိန္နကား နှစ်ဖောင့်ထွာဟတ္ထပါသ် အတွင်း၌နေ၍ ကိုယ်ဖြင့်ဖြစ်စေ၊ ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့် ဖြစ်စေ မပေးခြင်းကို အဒိန္နဟု ခေါ်သည်။

၂။ ဒုတိယပါရာဇိက သိက္ခာပုဒ်လာ အဒိန္နကား ပိုင်ရှင်က ကိုယ်နှုတ်တို့ဖြင့် မပေးသော ပစ္စည်းကို ခေါ်သည်။ ။ဤသို့ ထူးခြားကြသည်။

---

## အကပ်မြောက်ခြင်း အင်္ဂါ(၅)ပါး

အကပ်မြောက်ခြင်းအင်္ဂါ(၅)ပါးကား-

၁။ ကပ်မည့်ပုဂ္ဂိုလ်က ရှေးရှုဆောင်ယူလာခြင်း၊
၂။ အကပ်ခံမည့်ရဟန်း ဟတ္ထပါသ်အတွင်းသို့ ရောက်ခြင်း၊
၃။ အားအလယ် အလတ် ရှိသော ယောကျ်ား ချီနိုင် မနိုင် လောက်သော ဝတ္ထု ဖြစ်ခြင်း၊
၄။ ပေးကပ်သူက ကိုယ်၊ကိုယ်နှင့် စပ်သောဝတ္ထု၊ စွန့်လွှတ်ခြင်းတို့တွင် တမျိုးမျိုးဖြင့် ပေးကပ်ခြင်း၊
၅။ အကပ်ခံသော ရဟန်းက ကိုယ်၊ကိုယ်နှင့်စပ်သော ဝတ္ထု (၂)မျိုး တို့တွင် တမျိုးမျိုးဖြင့် အကပ် ခံခြင်း ဟူ၍ (၅)ပါးရှိသည်။

ဆောင်။ ။ရှေးရှုလည်းဆောင်၊ နှစ်တောင့်ထွာရောက်၊ မြောက်နိုင် ဝတ္ထု၊ သုံးခုပေးခြင်း၊ ခံခြင်းနှစ် လျောက်၊ ကျမ်းလာထောက်၊ ကပ်မြောက် အင်္ဂါ ငါးပါးတည်း။

## ● ပေးကပ်ပုံအမျိုးအစား သုံးပါး

ပေးကပ်ပုံအမျိုးအစားသုံးပါးကား-

၁။ လက်စသော ကိုယ်အင်္ဂါဖြင့် ကိုင်တွယ်၍ ပေးကပ်ခြင်း၊

၂။ ကိုယ်နှင့်စပ်သော ပန်းကန်စသည်ဖြင့် ပေးကပ်ခြင်း၊

၃။ အကပ်ခံသော ရဟန်းအထံသို့ ပစ်လွှင့်ကာ ပေးကပ်ခြင်း ဟူ၍ သုံးမျိုး ရှိသည်။

## ● အကပ်ခံပုံ အမျိုးအစား နှစ်ပါး

အကပ်ခံပုံအမျိုးအစားနှစ်ပါးကား-

၁။ လက်စသော ကိုယ်အင်္ဂါဖြင့်ထိ၍ အကပ်ခံခြင်း၊

၂။ လက်စသည်ဖြင့် ထိကိုင်ထားသော သပိတ်၊ ပန်းကန်စသည်ဖြင့် အကပ်ခံခြင်းဟူ၍ နှစ်ပါးရှိသည်။

## ● ဟတ္ထပါသ် တိုင်းထွာနည်းများ

ဟတ္ထပါသ်တိုင်းထွာနည်းများကား-

၁။ အကပ်ခံသော ရဟန်း ထိုင်နေလျှင် တင်ပါး၏နောက်ဘက် အစွန်းဖြင့်၊

၂။ အကပ်ခံသောရဟန်းရပ်နေလျှင် ဖနောင့်စွန်းဖြင့်၊

၃။ အကပ်ခံသော ရဟန်း စောင်းလှဲနေလျှင် စောင်းသောနံပါး၏ ပြင်ဘက်စွန်းဖြင့်၊

၄။ အကပ်ခံသော ရဟန်း ဝမ်းလျားမှောက်၍ နေရာတွင် ဦးခေါင်းနားက လာ၍ကပ်လျှင် ဦးခေါင်းစွန်း၏အနီးဖြစ်သော လည်ပင်းဖြင့် တိုင်းထွာရသည်။

ကပ်သူ အတွက်လည်း လှမ်း ပေး သော လက်မှ တပါး အခြားသော ဘနည်းဆုံး ကိုယ်အင်္ဂါ၏ ဤ ဘက်အစွန်းဖြင့်တိုင်း ထွာရပေသည်။

——

## ● အကပ်မြောက်သောပစ္စည်း

ကပ်သောအခါ အားအလယ်အလတ်ရှိသောမဇ္ဈိမပုရိသ၏ ချီမနိုင်သော ပစ္စည်းများသာ အကပ်မြောက်သည်။

တသ္မိံ ဌတွာ သစေပိ ဒွေ တယောဝါ သာမဏေရာ ယံ မဇ္ဈိမော ပုရိသော ဥက္ခိပိတုံ သက္ကောတိ။

(ကင်္ခါ ၂၀၇-ဟံ)

——

## ● အကပ်ပျက်ကြောင်း အင်္ဂါခြောက်ပါး

အကပ်ပျက်ကြောင်း အင်္ဂါခြောက်ပါးကား-

၁။ အကပ်ခံပြီးသောအစာကို ပေးစွန့်ခြင်း၊

၂။ သိက္ခာချခြင်း၊

၃။ သူတပါးအား ပေးလိုက်ခြင်း၊

၄။ နိုင်ထက်တမူလုယူသွားခြင်း၊

၅။ သေသွားခြင်း၊

၆။ ရဟန်း အဖြစ်မှ ရဟန်းမိန်းမ အဖြစ်သို့ လိင်ပြောင်း သွားခြင်းဟူ၍ ခြောက်ပါးရှိသည်။

ဆောင်။ ။စွန့်,ချ,ပေး,လု၊သေးဆုံးမှု၊တခုလိင်ပြန်ခြင်း။
ကပ်ခံ ပျက်သား၊ ဤ ခြောက်ပါး၊ မမှား
သိစေမင်း။

## ● မုခဒွါရံ အစိပ္ပါယ်

မုခဒွါရံ ဟူသည်မှာ-ပါးစပ်ပေါက် ကိုသာ ဆို လို သည် မဟုတ်ချေ၊ အာဟာရကို ပါးစပ်ကဖြစ်စေ၊ နှာခေါင်းကဖြစ်စေ သွင်းရာတွင် လည်ချောင်းပေါက်အတွင်းသို့ရောက်လျှင် မုခဒွါရ မည်တော့သည်။ ——

## ● အာဟာရံ အစိပ္ပါယ်

ဤသိက္ခာပုဒ်လာ အာဟာရံအရ အာဟာရဟူသည်မှာ-

၁။ ယာဝကာလိက၊
၂။ ယာမကာလိက၊
၃။ သတ္တာဟကာလိက၊
၄။ ယာဝဇီဝိက-ဟူသောကာလိက(၄)ပါးလုံးကို အာဟာရ ဟု-ခေါ်သည်။ ——

## ● ယာဝကာလိကတွင် ပါဝင်သော အသီး(၉)လုံး သရုပ်

ယာဝကာလိကတွင် ပါဝင်သော အသီး(၉)လုံး သရုပ် ကား-

| | |
|---|---|
| ၁။ ဃန်းသီး၊ | ၆။ ပြောင်သခွား၊ |
| ၂။ အုန်းသီး၊ | ၇။ ဆစ်သခွား၊ |
| ၃။ အိမ်ပိန္နဲ၊ | ၈။ ကြောင်သခွား၊ |
| ၄။ ဗူးသီး၊ | ၉။ တောင်ပိန္နဲတို့ ဖြစ်ကြသည်။ |
| ၅။ ဖရုံသီး၊ | |

တာလ နာဠိကေရ ပနသ လဗုဇ အလာဗု ကုမ္ဘဏ္ဍ ပုသဖလ တိပုသဖလ ဧဠာလုကသင်္ခါတံ နဝဝိဓံ မဟာ ဖလဥ္စ။ (ကင်္ခါ ၂၈၈-ဟံ)

● **ရေနှင့်ဒန်ပူကို အနုပညတ်အဖြစ် အညတြ ဥဒကဒန္တပေါဏာဟု ပြဆိုရခြင်းအကြောင်း**

ရေနှင့်ဒန်ပူကား အာဟာရမဟုတ်ချေ၊ ထိုသို့အာဟာရမဟုတ်ဘဲလျက် အနုပညတ်အဖြစ် အညတြဥဒကဒန္တပေါဏာဟု ပြဆိုခြင်းမှာ ယင်းရေနှင့်ဒန်ပူသည် အာဟာရ မဟုတ်သည်ကားမှန်သည်။ သို့သော် ဗုဒ္ဓလက်ထက်တော်က သံသယ ရှိနေသောကြောင့် ယင်းသံသယကို ပျောက်နိုင်ရန် ပြဆိုထားခြင်းဖြစ်သည်။

အညတြ ဥဒကဒန္တ ပေါဏာတိ ဣဒံ အနာဟာရေပိ ဥဒကေ အာဟာရသညာယ, ဒန္တပေါဏေစ မုခဒွါရံ အာဟဋံ ဣဒန္တိ သညာယ ကုက္ကုစ္စာယန္တာနံ ကုက္ကုစ္စဝိနောဒနတ္ထံ ဝုတ္တံ။ (ကခ် ၂၀၉-ဟံ)

● **အကပ်မခံဘဲသုံးဆောင်ကောင်းသော ဝတ္ထုများ**

အကပ်မခံဘဲ သုံးဆောင်ကောင်းသော ဝတ္ထုများကား-

၁။ ရေ၊
၂။ ဒန်ပူနှင့်
၃။ မြေကိုက်သည့်အခါတွင် ကျင်ကြီး၊ ကျင်ငယ်၊ သစ်စိမ်း ပြာ၊မြေညက် ဤ(၄)ပါးကို အကပ်မခံဘဲ သုံးဆောင်ကောင်းသည်။

## အစေဠကဝဂ်

● **အစေဠကအဓိပ္ပာယ်**

အစေဠက ဟူသည်မှာ - အဝတ်မဝတ်သော တိတ္ထိတက္ကဒ္ဒန်းကို အစေဠက ဟုခေါ်သည်။

## ပရိဗ္ဗာဇက, ပရိဗ္ဗာဇိက အဓိပ္ပာယ်

ပရိဗ္ဗာဇက, ပရိဗ္ဗာဇိကဟူသည်မှာ - ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ သာမဏေယောကျ်ား၊ သာမဏေမိန်းမ တို့မှတပါး အမှတ်မရှိသောအဝတ် ဝတ်သည့်တိတ္ထိ၊ သာသနာပြင်ပ ရသေ့၊ ရဟန်းယောကျ်ား၊ရဟန်းမိန်းမများကိုပရိဗ္ဗာဇက၊ ပရိဗ္ဗာဇိက-ဟု ခေါ်သည်။

---

## အစေ့ဌကာ စသော ပုဂ္ဂိုလ်တို့အား ခဲဘွယ်ဘောဇဉ်ကို ပေးရာ၌အာပတ်သင့်ပုံ

အစေ့ဌကာ-စသော ပုဂ္ဂိုလ် တို့ အား ခဲဘွယ် ဘော ဇဉ် ကို ပေးရာ၌ အာပတ်သင့်ပုံမှာ -

၁။ ယင်း အစေ့ဌကာ စသော ပုဂ္ဂိုလ်အား စားသောက်ဘွယ် အားလုံးကို တခါတည်းပေးလျှင် ပါစိတ်အာပတ် တချက်သာ သင့်သည်။

၂။ စား သောက် ဘွယ် များ ကို တ ခါ တည်း မပေးဘဲ ရပ်နားပြီးပေးလျှင် ပေး သော အ ရေ အ တွက် အား လျော်စွာ ပါစိတ်အာပတ် များစွာသင့်ပေသည်။

ဓောပေ် အစေလကာဒိနံ အညတိတ္ထိယာနံ ယံကိဉ္စိ အာမိသံ ဒေနေ့ ပယောဂေ ပယောဂေ ဒုက္ကဋ် ဖြစ်။ ပါစိတ္တိယံ။
အဝစ္ဆိန္ဒ္ဒတွာ အဝစ္ဆိန္ဒ္ဒတွာ ဒေန္တဿ ပယောဂေ ပယောဂေ ပါစိတ္တိယံ။ (ကခ်ါ ၂၉၀-ဟံ)

## ဥပဇ္ဈာဇာန သိက္ခာပုဒ်

● ဆွမ်းအတူခံရန် ခေါ်လာသောရဟန်းကို ပြန် လွှတ် လိုခြင်း အကြောင်း

ဆွမ်းအတူခံရန် ခေါ်လာသောရဟန်းကိုပြန်လွှတ်လိုခြင်း အကြောင်းမှာ-မာတုဂါမနှင့် ကြည်စယ်ပျော်ပါးကာ ယင်းသလို နေခြင်းစသော မလျောက်ပတ်သောအမှုကို ပြုလိုသောကြောင့် ပြန်လွှတ်လိုခြင်း ဖြစ်သည်။

● ဆွမ်းအတူခံရန် ပြောဆိုသည့်စကား

ဆွမ်းအတူခံသွားရန် ပြောဆိုသောစကားမှာ-

'ဧဟာ ဝုသော ဂါမံဝါ နိဂမံဝါ ပိဏ္ဍာယ ပဝိသိဿာမ' ဖြစ်သည်။

● ဆွမ်းအတူခံရန် ခေါ်လာသောရဟန်းကို ပြန် လွှတ် လိုသဖြင့် ပြောဆိုသောစကား

ဆွမ်းအတူခံရန် ခေါ်လာသောရဟန်းကို ပြန်လွှတ်လိုသဖြင့် ပြောဆိုသောစကားမှာ-

"ဂစ္ဆာ ဝုသော ။လ။ ဖာသု ဟောတိ"ဖြစ်သည်။

● ဆွမ်း အတူခံရန် ခေါ်လာသောရဟန်းကို ပြန်လွှတ်နိုင်သော အကြောင်း

ဆွမ်းအတူခံရန် ခေါ်လာသောရဟန်းကို ပြန်လွှတ်နိုင်သောအကြောင်းရှိသည်။ ယင်းအကြောင်းကား- နှစ်ပါးအတူတူ တွဲ၍ ဆွမ်းခံခဲ့သော် လုံလောက်အောင် ဆွမ်း မရနိုင် လျှင် ပြန်လွှတ်နိုင်ပေသည်။

## ● ဆွမ်းအတူခံရန် ခေါ်လာသောရဟန်းကို ပြန်လွှတ်သဖြင့် သင့်ရောက်သော အာပတ်

ဆွမ်းအတူခံရန် ခေါ်လာသောရဟန်းကိုပြန်လွှတ်သဖြင့် သင့်ရောက်သော အာပတ်မှာ-

၁။ 'သွားတော့'ဟု လွှတ်လိုက်ရုံမျှနှင့် ဒုက္ကဋ်အာပတ်သင့်သည်။

၂။ နှင်လွှတ်သဖြင့် ထွက်ခွာသွားသောရဟန်း၊နှင်လွှတ်သောရဟန်း၏ မြင်လောက်ရာအရပ်၊ ကြားလောက်ရာ အရပ်ကို ခြေတလှမ်းလွန်မိသောအခါ နောက်ထပ် ဒုက္ကဋ်အာပတ်တချက်သင့်သည်။

၃။ ဒုတိယ ခြေလှမ်းကို လွန် မိ လျှင် ပါစိတ်အာပတ်သင့်သည်။

> ဥယျောဇနမတ္တေ တာဝ ဒုက္ကဋံ၊ ယဒါ ပနဿ သော ဒဿနူပစာရံဝါ သဝနူပစာရံဝါ ဇဟေန ပါဒေန ဝိဇဟာတိ၊ အပရံ ဒုက္ကဋံ၊ ဒုတိယေန ဝိဇဟိတေ ပါစိတ္တိယံ။
>
> (ကင်္ခါ ၂၉၁-ဟံ)

---

## ● ဒဿနူပစာရနှင့် သဝနူပစာရ ပိုင်းခြားပုံ

ဒဿနူပစာရ ဟူသည်မှာ- နှင်လွှတ်လိုက်သောရဟန်းနှင့် ထွက်ခွာသွားသောရဟန်း၏ အကြားတွင် နံရံစသော တစုံတခု အဆီးအတားမရှိလျှင် တဆယ့်နှစ်တောင်၏ အတွင်းအရပ်ကို ဒဿနူပစာရ၊ သဝနူပစာရဟု ခေါ်သည်။

နံရံစသော တစုံတခု အဆီးအတား ရှိလျှင် ထိုအဆီးအတား၏အတွင်းကို ဒဿနူပစာရ၊ သဝနူပစာရ ဟု ခေါ်သည်။

ဒေတ္တ စ ဒသာနုပစာရဿ အဇ္ဈောကာသေ ဌတွာ ဒွါဒသ ဟတ္ထုပ္ပမာဏံ၊ တထာ သဝနူပစာရဿ၊ သစေ ပန အန္တရာ ကုဋ္ဋဒွါရ ပါကာရာဒယော ဟောန္တိ၊ တေဟိ အန္တရိတ ဘာဝေါယေဝ ဥပစာရ တိက္ကမော။

(ကခ်ါ ၂၉၁-ဟံ)

---

## သဘောဇနသိက္ခာပုဒ်

### သဘောဇနကုလ အဓိပ္ပာယ်

သဘောဇနကုလ ဟူသည်မှာ = လင်မယားနှစ်ယောက်ရှိသော အိမ်၊ သို့မဟုတ် စည်းစိမ်ခံဘော်ရှိသောအိမ်ကို သဘောဇနကုလ ဟု ခေါ်သည်။

---

### အနုပခဇ္ဇ နိသဇ္ဇံကပ္ပေယျ အရ အာပတ်သင့်ပုံ

အနုပခဇ္ဇ နိသဇ္ဇံ ကပ္ပေယျ-အရ အာပတ်သင့်ပုံမှာ-

၁။ ကျယ်ဝန်းသော အိမ်ခန်းအတွင်းသို့ ဝင်ထိုင်ရာတွင် အခန်းတံခါးဘောင်မှ နှစ်တောင့်ထွာထက်ဝေးသောနေရာတွင် ဝင်ထိုင်ပါက ပါစိတ်အာပတ် သင့်သည်။

၂။ ကျဉ်းမြောင်းသော အိမ်ခန်းအတွင်းသို့ ဝင်ထိုင်ရာတွင်မူ အခန်း၏အလယ်ဗဟိုအရပ်ကိုလွန်၍ဝင်ထိုင်ပါက ပါစိတ်အာပတ်သင့်သည်။

# စာရိတ္တ သိက္ခာပုဒ်

## နိမန္တန ရဟန်း အဓိပ္ပာယ်

ဤသိက္ခာပုဒ်လာ နိမန္တနရဟန်း ဟူသည်မှာ - ဘောဇဉ် (၅)မျိုးတို့တွင် တမျိုးမျိုးဖြင့် ဘိတ်မန္တကပြုအပ်သောရဟန်းကို နိမန္တနရဟန်းဟု ခေါ်သည်။

## သဘတ္တရဟန်း အဓိပ္ပာယ်

ဤ သိက္ခာပုဒ်လာ သဘတ္တရဟန်း ဟူသည်မှာ - ထိုသို့ ဘိတ်မန်ထားခြင်းခံရသဖြင့် ဘိတ်မန်ထားသော ဆွမ်းရှိသော ရဟန်းကို သဘတ္တရဟန်းဟု ခေါ်သည်။

> နိမန္တိတောတိ ပဥ္စန္နံ ဘောဇနာနံ အညတရေန နိမန္တိတော။ သဘတ္တော သမာနောတိ တေနေဝ နိမန္တနဘတ္တေန သဘတ္တော သမာနော။ (ကခ်ါ ၂၉၃-ဟံ)

## သန္တံ ဘိက္ခုံ အဓိပ္ပာယ်

သန္တံ ဘိက္ခုံ ဟူသည်မှာ - မျက် စိ ဖြင့် မြင် လောက် ရာ အတွင်းမှာရှိ၍ ပကတိပြောနေကျအသံဖြင့် ပြော သော အ ခါ ကြားလောက်သောအရပ်တွင် ထင်ရှားရှိနေသောရဟန်းကို သန္တံ ဘိက္ခုံ ဟု ခေါ်သည်။

> သန္တံ ဘိက္ခုံ အနာပုစ္ဆာတိ အန္တော ဥပစာရ သီမာယ ဒဿနူပစာရေ ဘိက္ခုံ ဒိသွာ ယံ သက္ကာ ဟောတိ ပကတိဝစနေန အာပုစ္ဆိတုံ။ (ကခ်ါ ၂၉၃-ဟံ)

● **သန္တံ ဘိက္ခုံ အနာပုစ္ဆာအရ ပန်ကြားပုံ**

သန္တံ ဘိက္ခုံ အနာပုစ္ဆာအရ ပန်ကြားပုံမှာ- "အဟံ ဂုတ္တန္တာမယ္ယံ ဃရံ ဂစ္ဆာမိ"ဖြစ်သည်။

---

● **ပုရေဘတ္တ အဓိပ္ပာယ်**

ပုရေဘတ္တ ဟူသည်မှာ-ဘိတ်ထားသော ဘတ်ကို မစားသေးမီကာလကို ပုရေဘတ္တဟု ခေါ်သည်။

---

● **ပစ္ဆာဘတ္တ အဓိပ္ပာယ်**

ပစ္ဆာဘတ္တ ဟူသည်မှာ- ဘိတ်ထားသောဘတ်ကို စားပြီးသော အခါကာလကို ပစ္ဆာဘတ္တဟု ခေါ်သည်။

---

● **ဘိတ်ထားသောအိမ်မှ တခြားအိမ်သို့သွားရာ၌ အာပတ်သင့်ပုံ**

ဘိတ်ထားသောအိမ်မှ တခြားအိမ်သို့သွားရာတွင်အာပတ်သင့်ပုံမှာ-

၁။ အိမ်၏ ဥပစာအတွင်းသို့ ဝင်မိလျှင် ဒုက္ကဋ်အာပတ်သင့်သည်။

၂။ အိမ်တံခါးခုံ အတက်အဆင်းကို ပဌမ ခြေတလှမ်း ကျော်လွန်မိသောအခါ နောက်ထပ် ဒုက္ကဋ်အာပတ် တချက်သင့်သည်။

၃။ ဒုတိယခြေလှမ်း ကျော်လွန်သောအခါ ပါစိတ်အာပတ်သင့်သည်။

အထဿ ဃရူပစာရောက္ကမနေ ဒုက္ကဋံ၊ ပဥ္စမ ပါဒေန ဥမ္မာရံ အတိက္ကမန္တဿ အပရမ္ပိ ဒုက္ကဋံ၊ ဒုတိယပါဒေန အတိက္ကမေ ပါစိတ္တိယံ။ (ကခ်ါ ၂၉၃-ဟံ)

---

## ● ပင့်ဘိတ်ထားသောအိမ်မှ မပန်ကြားဘဲ သွားကောင်းသော အရပ်များ

ပင့်ဘိတ်ထားသောအိမ်မှ မပန် ကြား ဘဲ သွားကောင်းသော အရပ်များကား-

၁။ မြို့တွင်း,ရွာတွင်း၌ရှိသော ကျောင်းများ၊
၂။ ဘိက္ခုနီများ နေထိုင်သော ကျောင်း၊
၃။ တိတ္ထိတို့ နေထိုင်ရာကျောင်း၊
၄။ ဆွမ်းစား စရပ်တို့ ဖြစ်ကြသည်။

---

## ● ဤသိက္ခာပုဒ်လာ အနုပညတ်များ

ဤသိက္ခာပုဒ်လာ အနုပညတ်များကား - "သန္တံ ဘိက္ခုံ အနာပုစ္ဆာ ပစ္ဆာ ဘတ္တံ အညတြသမယာ"တွင် စီဝရဒါနသမယ၊ စီဝရကာရသမယ ဟူ၍ နှစ်မျိုးဖြစ်၍ လေးပါးဖြစ်သည်။

---

## မဟာနာမ သိက္ခာပုဒ်

●

## ● စတုမာသပစ္စယ ပဝါရဏာ-၌ 'ပစ္စယ'အရ

စတုမာသ ပစ္စယ ပဝါရဏာ-၌ 'ပစ္စယ'အရကား- သပ္ပိနဝနီတ စသော ဂိလာနပစ္စယတို့ကို ယူရသည်။

● **စတုမာသပစ္စယ ပဝါရဏာ-ဟူသောစကားမှာ အတ္ထုပ္ပတ္တိ အရသာ ဖြစ်သည်။**

စတုမာသပစ္စယပဝါရဏာဟူသောစကားမှာ-အတ္ထုပ္ပတ္တိ အားလျော်စွာ ဖော်ပြထားသော စကားရပ်သာ ဖြစ်သည်။ ထို့ကြောင့် လေးလအောက် ဘိတ်ကြားသည် ဖြစ်စေ၊ လေးလ ထက်အလွန် ဘိတ်ကြားသည် ဖြစ်စေ၊ အမြဲ ဘိတ်သည်ဖြစ်စေ ဘိတ်ကြားလျှင် သာယာနိုင်ပေသည်။

သဗ္ဗဋ္ဌေတံ ဝတ္ထုဝသေန ဝုတ္တံ၊ အယံ ပနေတ္ထ အတ္တော၊ စတုမာသ ပဝါရဏာဝါ ဟောတု၊ ပုန ပ္ပဝါရဏာဝါ၊ နိစ္စပ္ပဝါရဏာဝါ၊ သဗ္ဗာပိ သာဒိတဗ္ဗာ။

(ကင်္ခါ ၂၉၄-ဟံ)

● **သာဒိတဗ္ဗာ-အရ သာယာခြင်း အဓိပ္ပာယ်**

သာဒိတဗ္ဗာအရ - သာယာခြင်းဟူသည်မှာ-

၁။ မပယ်ရှားခြင်း၊

၂။ လက်ခံခြင်း တို့ပင် ဖြစ်သည်။

## ဥယျုတ္တ သိက္ခာပုဒ်

●

● **သေနာအရ စစ်အင်္ဂါ(၄)ပါး သရုပ်**

သေနာအရ စစ်အင်္ဂါ(၄)ပါး သည်ကား-

၁။ ဆင်တပ်၊ ၃။ ရထားတပ်၊

၂။ မြင်းတပ်၊ ၄။ ခြေလျင်တပ် တို့ ဖြစ်ကြသည်။

● **အင်္ဂါ(၄)ပါးရှိသောစစ်တပ်ကို အကြောင်းမဲ့သွားကြည့်ရာ၌ အာပတ်သင့်ပုံ**

အင်္ဂါ(၄)ပါး ရှိသော စစ်တပ်ကို အကြောင်းမဲ့ သွားကြည့်ရာ၌ အာပတ်သင့်ပုံမှာ–

၁။ ကြည့်ရန်အတွက် သွားရောက်သောအခါ ခြေလှမ်းတိုင်း-ခြေလှမ်းတိုင်း ဒုက္ကဋ်အာပတ် သင့်သည်။

၂။ မြင်လောက်သော အရပ်ကနေ၍ ကြည့်သော အခါ ပါစိတ်အာပတ် သင့်သည်။

၃။ ထိုမြင်လောက်သောအရပ်က တကြိမ် တခါတည်း ရပ်ကြည့်နေပါက ပါစိတ်အာပတ်တချက်သာ သင့်သည်။

၄။ ထိုသို့ တကြိမ်တခါတည်း ရပ်ကြည့် နေခြင်း မျိုး မဟုတ်ဘဲ ထွက်သွားလိုက်၊ ပြန်ကြည့်လိုက်လုပ်နေပါက ယင်းသို့ ပြုလုပ်၍ ကြည့်သော အရေအတွက် အားလျော်စွာ ပါစိတ် အာပတ်များ သင့်သည်။

> ယထာရူပေ ကာရဏေ အသာတိ ဂေဝလံ သေနံ ဒဿနတ္ထာယ ဂစ္ဆတော ပဒေ ပဒေ ဒုက္ကဋံ၊ ဒဿနူပစာရေ ဌတွာ ပဿတော ပါစိတ္တိယံ၊ ဒဿနူပစာရေနာမ ယတ္ထ ဌိတော ပဿတိ၊ တံ ပန ဝိဇဟိတွာ ပုနပ္ပုနံ ပဿတော ပယောဂေ ပယောဂေ ပါစိတ္တိယံ။ (ကင်္ခါ ၂၉၅-ဟံ)

---

● **အင်္ဂါ(၄)ပါး ရှိသော စစ် တပ် ကို ကြည့် ရှုသော်လည်း အာပတ်မသင့်သော အင်္ဂါများ**

အင်္ဂါ(၄)ပါးရှိသောစစ်တပ်ကို ကြည့် ရှု သော်လည်း အာပတ်မသင့်သော အခါများကား–

၁။ ကျောင်းတိုက်အတွင်းသို့ စစ်တပ်လာရောက်သည်ကို ကြည့်ရှုခြင်း၊

၂။ သွားလာရာ၌ လမ်းခရီးတွင် ရှေ့ဘုံမိသဖြင့် ကြည့်ရှုခြင်း၊

၃။ စစ်တပ်အတွင်းတွင် မိဘများ၊ဆွေမျိုးများ မကျန်းမာသည်ကို သွားရောက်ကြည့်ရှုရင်း ကြည့်ရှုခြင်းတို့ဖြစ်ကြသည်။

ပဋိပထံ အာဂစ္ဆန္တဿ ပဿတော တထာရူပ ပစ္စယေ
အာပဒါသု ဥမ္မတ္တကာဒီနဉ္စ အနာပတ္တိ။

(ကင်္ခါ ၂၉၅-ဟံ)

---

## သေနာဝါသ သိက္ခာပုဒ်

### ဤသေနာဝါသ သိက္ခာပုဒ်အရ အာပတ်သင့်ပုံ

ဤ သေနာဝါသ သိက္ခာပုဒ်အရ အာပတ်သင့်ပုံမှာ- သုံးညဥ့်လွန်ရုံနှင့် အာပတ်မသင့်သေး၊ လေးရက်မြောက်သောနေ့ နေဝင်သောအခါတွင်သာ အာပတ်သင့်သည်။ ယင်း လေးရက်မြောက် နေဝင်ချိန်တွင်ကား ကောင်းကင်တွင် တန်ခိုးဖြင့် ရပ်တည်နေသော်လည်း အာပတ်သင့်ပေသည်။

စတုတ္ထဒိဝသေ အတ္ထင်္ဂတေ သူရိယေ သေနာယ တိဋ္ဌတော
ဝါ, နိသီဒတော ဝါ, သယတော ဝါ၊ သစေပိ အာကာသေ
ဣဒ္ဓိယာ ကိဉ္စိ ဣရိယာပထံ ကပ္ပေတိ၊ ပါစိတ္တိယမေဝ။

(ကင်္ခါ ၂၉၆-ဟံ)

## စစ်တပ်အတွင်း သုံးရက်ထက်အလွန် နေနိုင်သောအခါ

စစ်တပ် အ တွင်း သုံးရက်ထက်အလွန် နေသော်လည်း အာပတ်မသင့်သော အခါကား-

၁။ မိမိကိုယ်တိုင် မကျန်းမမာ ဖြစ်နေခြင်း၊
၂။ မကျန်းမာသူအား ကုသဆေးဝါးရှာ ပေးနေရခြင်း၊
၃။ မိမိနေထိုင်သောစစ်တပ်ကို တခြား စစ်တပ်တခုက ပိတ်ထားခြင်း၊
၄။ တစုံတယောက်က စစ်တပ်အတွင်းမှ ထွက်ခွာမသွား နိုင်အောင် အနှောင့်အယှက်ပေးခြင်း၊
၅။ ဘေးရန် တစုံတရာရှိခြင်း၊

ဟူသောအခါမျိုးတွင် စစ် တပ် အ တွင်း သုံး ရက် ထက် အလွန် နေသော်လည်း ရဟန်းအား အာပတ်မသင့်ချေ။

ဂိလာနဿ ဂိလာန ကရဏီယေန ဝါ ဝသတော ပဋိသေနာရုဒ္ဓါယ သေနာယ ကေနစိ ပလိဗုဒ္ဓဿ အာပဒါသု ဥမ္မတ္တကာဒီနဉ္စ အနာပတ္တိ။ (ကခ်ါ ၂၉၆-ဟံ)

---

# ဥယျောဓိက သိက္ခာပုဒ်

## ဥယျောဓိက အဓိပ္ပာယ်

ဥယျောဓိက ဟူသည်မှာ-စစ်ပွဲကို ခေါ်သည်။

ဥဂ္ဂုဇ္ဈာ ဥဂ္ဂုဇ္ဈာ တွေ ယုဇ္ဈန္တိတိ ဥယျောဓိကံ၊ သမ္ဗဟာရဋ္ဌာနဿေတံ နာမံ။ (ကခ်ါ ၂၉၆-ဟံ)

## ဗလဂ္ဂ အဓိပ္ပာယ်

ဗလဂ္ဂ ဟူသည်မှာ - စစ်သည်ဗိုလ်ပါနှင့် တကွ စစ်အင်္ဂါတို့ကို ရေတွက်ရာ အရပ်ကို ခေါ်သည်။

ဗလဿ အဂ္ဂံ ဇာနန္တိ ဧတ္ထာတိ ဗလဂ္ဂံ၊ ဗလဂဏနဋ္ဌာနန္တိ အတ္ထော။ (ကင်္ခါ၊ ၂၉၆-ဟံ)

---

## သေနာဗျူဟ အဓိပ္ပာယ်

သေနာဗျူဟ ဟူသည်မှာ စစ်ဘိုက်ချင်းအဘွဲ့ စုဝေးရာ အရပ်ကို ခေါ်သည်။

သေနာယ ဝိယူဟနံ သေနာဗျူဟံ၊ သေနာနိဝေသနဿေတံ နာမံ။ (ကင်္ခါ ၂၉၆-ဟံ)

---

## အနီကဒဿန အဓိပ္ပာယ်

အနီကဒဿန ဟူသည်မှာ - စစ်အင်္ဂါ(၄)ပါးကို သွားရောက်ကြည့်ရှုခြင်းကို ခေါ်သည်။

အနီကဿ ဒဿနံ အနီကဒဿနံ။

(ကင်္ခါ ၂၉၆-ဟံ)

---

## ဥယျောဓိကစသည်ကို သွားရောက်ကြည့်ရှုရာ၌ အာပတ်သင့်ပုံ

ဥယျောဓိက စသည်ကို သွားရောက်ကြည့်ရှုရာ၌ အာပတ်သင့်ပုံမှာ-

၁။ ဥယျောဓိက စသည် ကြည့်ရှုရန် သွားရာတွင် ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ဒုက္ကဋ်အာပတ် သင့်သည်။

၂။ မြင်လောက်သောအရပ်ကနေ၍ ကြည့်ရှုသောအခါ ပါစိတ်အာပတ်သင့်သည်။

၃။ မြင်လောက်သော အရပ် တွင် ထွက် သွား လိုက်၊ ပြန်ကြည့်လိုက် ပြုလုပ်နေပါက ယင်းသို့ပြုလုပ်၍ ကြည့်ရှုသော အကြိမ်အားလျော်စွာ ပါစိတ်အာပတ်သင့်သည်။

ဧတေသု ယံကိဉ္စိ ဒဿနာယ ဂစ္ဆတော ပဒေ ပဒေ ဒုက္ကဋံ၊ ဒဿနူပစာရေ ဌတွာ ပဿတော ပါစိတ္တိယံ၊ ဥပစာရံ ပန ဝိဇဟိတွာ ပုနပ္ပုနံ ပဿတော ပယောဂေ ပယောဂေ ပါစိတ္တိယံ။ (ကခ်ါ ၂၉၇-ဟံ)

---

## သုရာပါနဝဂ်
## သုရာပါန သိက္ခာပုဒ်

●

### ● သုရာငါးပါး

သုရာငါးပါးကား -

၁။ ပိဋ္ဌ၊
၂။ ပူပ၊
၃။ ဩဒန၊
၄။ ကိဏ္ဏ၊
၅။ သမ္ဘာရ - ဟူ၍ ငါးပါးတည်း။

---

### ● မေရယငါးပါး

မေရယငါးပါးကား -

၁။ ပုပ္ဖ၊
၂။ ဖလ၊
၃။ မဓုက၊
၄။ ဂုဠ၊
၅။ သမ္ဘာရ - ဟူ၍ ငါးပါးတည်း။

## ● သုရာနှင့်မေရယ အထူး

သုရာနှင့် မေရယ်အထူးကား-

၁။ သုရာ-ဟူသည်မှာ - မုံ့မှုန့် စသည်တို့ဖြင့် စိမ်ပြုလုပ်ထားသော သေရည်ကို သုရာဟုခေါ်သည်။

၂။ မေရယ ဟူသည်မှာ - ပန်းပွင့် စသည်တို့ဖြင့် ပြုလုပ်သော အရက်ကို မေမှယဟု ခေါ်သည်။ ။ဤသို့ ထူးခြားကြသည်။

ပိဋ္ဌာဒီဟိ ကတံ မဇ္ဇံ သုရာ၊ပုပ္ဖာဒီဟိ ကတော အာသဝေါ မေရယံ။ (ကခ်ါ ၂၉၇-ဟံ)

## ● သုရာ၊ မေရယတို့ကို သောက်ရာ၌ အာပတ်သင့်ပုံ

သုရာမေရယ တို့ကို သောက်ရာ၌ အာပတ် သင့်ပုံမှာ- သေရည် အရက်ဖြစ်ရန်အတွက် ပိဋ္ဌ၊ပုပ္ဖစသော မျိုးစေ့ကိုထည့်သောအခါမှ စ၍ သမန်းမြက်ဖျား ဖြင့်ပင် တို့ ၍ သောက်ပါက ပါစိတ်အာပတ် သင့်သည်။

တဒုဘယမ္ပိ ဗီဇတော ပဋ္ဌာယ ကုသဂ္ဂေနာပိ ပိဝတော ပယောဂေ ပယောဂေ ပါစိတ္တိယံ။ (ကခ်ါ ၂၉၇-ဟံ)

## ● စိမ်ဆေးရည်များကို သောက်ကောင်းသည်

ရဟန်းတော်များ အရက်နှင့် အဆင်းအားဖြင့်၎င်း၊ အနံ့အားဖြင့်၎င်း တူညီသော လောဏသော ဝီရက မည်သော စိမ်ဆေးရည်ကို၎င်း၊ သုတ္တမည်သော စိမ်ဆေးရည်ကို၎င်း၊ အရိဋ္ဌ မည်သော စိမ်ဆေးရည်ကို၎င်း သောက်ကောင်းပေသည်။

# အင်္ဂုလိပတောဒက သိက္ခာပုဒ်

●

## ● အင်္ဂုလိပတောဒက အဓိပ္ပာယ်

အင်္ဂုလိပတောဒက - ဟူသည်မှာ- ရဟန်း အချင်းချင်း ရယ်မြူးလို၍ လက်ကတီးကြားတွင် လက်ချောင်းထိုး၍ ကစားခြင်းကို အင်္ဂုလိပတောဒက-ဟုခေါ်သည်။

ယင်းအင်္ဂုလိပတောဒကတွင် ရဟန်း အချင်းချင်း ကိုယ်ချင်း ထိ၍ကစားခြင်းကိုလည်း သွင်းယူရပေသည်။

အင်္ဂုလိပတောဒကေတိ အင်္ဂုလိဟိ ဥပကစ္ဆကာဒိဃဋ္ဋနံ ဝုစ္စတိ၊ အပိစ ယေနကေနစိ သရီရာဝယဝေန ဟသာဓိပ္ပါယဿ ဥပသမ္ပန္နံ ဖုသတော ပါစိတ္တိယံ။
(ကင်္ခါ ၂၉၈-ဟံ)

---

## ● ရဟန်းယောကျ်ားနှင့် ရဟန်းမိန်းမ ကလိထိုးကစားရာ၌ အာပတ်မသင့်

ရဟန်းယောကျ်ား၊ ရဟန်းမိန်းမတို့ ကလိထိုးကစားရာတွင် အာပတ်မသင့်ချေ၊ အကြောင်းကား ရဟန်းယောကျ်ားနှင့် ရဟန်းမိန်းမတို့သည် အပြန်အလှန် အနုပသမ္ပန္နမည်သောကြောင့် ဖြစ်သည်။

ဣဓ ပန ဘိက္ခုနိပိ ဘိက္ခုဿ ဘိက္ခုပိ ဘိက္ခုနိယာ အနုပသမ္ပန္နေဝ၊ ကာယပ္ပဋိဗဒ္ဓါဒီသု သဗ္ဗတ္ထ ဒုက္ကဋမေဝ။ (ကင်္ခါ ၂၉၈-ဟံ)

## ဟာသဓမ္မ သိက္ခာပုဒ်

### ● ရေကစားမှုတွင် အာပတ်သင့်နိုင်သော ရေပမာဏ

ရေကစားမှုတွင် အာပတ်သင့်နိုင်သော ရေပမာဏကား- ခြေမျက်စိ မြုပ်လောက်သော ရေဖြစ်သည်။ ယင်း ရေ တွင် ကစားလျှင် ပါစိတ်အာပတ် သင့်သည်။

### ● ရေကစားမှုအတွက် သင့်ရောက်သော အာပတ်များ

၁။ ရေကစားရာ၌ ရေမကစားမီ ရေကစားရန်အတွက် လက်,ခြေများကို လှုပ်ရှားသောအခါ ဒုက္ကဋ်အာပတ် သင့်သည်။

၂။ ငုပ်၍သော်၎င်း, ငုပ်လျက် ရေ တွင် သွား၍နေသော်၎င်း,ကူး၍နေသော်၎င်း ယင်းသို့ ကိုယ်အင်္ဂါ လှုပ်ရှားတိုင်း လှုပ်ရှားတိုင်း ပါစိတ်အာပတ် တချက်စီ သင့်ကြသည်။

### ● မြစ်ထဲတွင် ရေဆင်းကူးသော်လည်း အာပတ်မသင့်သော အခါ

မြစ်ထဲတွင် ရေဆင်းကူးသော်လည်း အာပတ်မသင့်သော အခါ ရှိသည်၊ ယင်းအခါတို့ကား-

၁။ ကျန်းမာရေးအတွက်၎င်း၊

၂။ မြစ်တဘက်သို့ သွားရန်အတွက်၎င်း၊

၃။ ဘေးအန္တရာယ် ရှိသည့် အတွက် ၎င်း၊ မြစ် ထဲ သို့ ဆင်းကူးသော်လည်း အာပတ်မသင့်ချေ။

န ဟသာဓိပ္ပါယဿ,သတိ ကရဏီယေ ဩဘရိတွာ နိမ္မုဇ္ဇနာဒီနိ ကရောန္တဿ, ပါရံ ဂစ္ဆတော, အာပဒါသု, ဥမ္မတ္တကာဒီနဉ္စ အနာပတ္တိ။ (ကင်္ခါ ၂၉၉-ဟံ)

## အနာဒရိယ သိက္ခာပုဒ်

### အနာဒရိယသိက္ခာပုဒ်အရ အနာဒရိယ သရုပ်

အနာဒရိယသရုပ်ကား-

၁။ ပုဂ္ဂလာအနာဒရိယ=ဝိနည်း လမ်းကြောင်းအရ ဆုံးမသည်ကို မလိုက်နာဘဲ ပြုလုပ်မြဲ ပြုလုပ်နေခြင်း၊

၂။ ကမ္မအနာဒရိယ -ဝိနယဓမ္မ ပျက်ပြားရာ ပျက်ပြားကြောင်း နှလုံးပြုကာ ဝိနယဓမ္မကို ဂရုမစိုက်ဘဲ ပြုလုပ်မြဲပြုလုပ်နေခြင်း-ဟူ၍ (၂)ပါး ရှိသည်။

---

## ဘိံသာပန သိက္ခာပုဒ်

### ဘိံသာပန သိက္ခာပုဒ်လာ ဘိံသာပေယျ အဓိပ္ပာယ်

ဘိံသာပနသိက္ခာပုဒ်လာ ဘိံသာပေယျ ဟူသည်မှာ-ကြောက်စရာကောင်းသော အဆင်းအားဖြင့်ဖြစ်စေ၊ စကားဖြင့်ဖြစ်စေ ချောက်လှန့်ပြောကြားခြင်းကို ဘိံသာပေယျ ဆိုသည်။

ဘိံသာပေယျာတိ ဘိံသာပနတ္ထံ ရူပါဒီနိ ဥပသံ ဟရေယျ၊ ဘယာနက ကထံဝါ ကထေယျ။

(ကင်္ခါ ၃၀၀-ဟံ)

---

### ချောက်လှန့်ရာ၌ အချောက်ခံရသူ ကြောက်သည်ဖြစ်စေ၊ မကြောက်သည်ဖြစ်စေ အာပတ်သင့်သည်

ချောက်လှန့်ရာတွင် အချောက်ခံရသောရဟန်း ကြောက်သည်ဖြစ်စေ၊ မကြောက်သည်ဖြစ်စေ ချောက်လှန့်သောရဟန်း

ပါစိတ်အာပတ်သင့်သည်၊ကြောက်ခြင်း,မကြောက်ခြင်းမှာပမာဏ မဟုတ်ချေ၊ ချောက်လှန့်ခြင်းသာ ပမာဏဖြစ်သည်။

သော ပန ဘာယတုဝါ မာဝါ၊ ဣတရဿ ပါစိတ္တိယံ။

(ကင်္ခါ ၃၀၀-ဟံ)

---

## ဇောတိသိက္ခာပုဒ်

●

**● အညတြ တထာရူပ ပစ္စယာ - အရ "တထာရူပပစ္စယ" အဓိပ္ပာယ်**

အညတြတထာရူပပစ္စယာအရ တထာရူပပစ္စယ-ဟူသည် မှာ-မီးထွန်းခြင်း၊ သပိတ်ဖုတ်ရန်အတွက် မီးမွေးခြင်း စသည်တို့ကို ခေါ်သည်။

အညတြ တထာရူပပစ္စယာတိ ပဒီပုဇ္ဇာလနံဝါ ပတ္တပစနာ ဒီသု ဇောတိကရဏံ ဝါ တိ ဧဝရူပံ ပစ္စယံ ဝိနာ၊

(ကင်္ခါ ၃၀၀-ဟံ)

---

**● မီးလှုံရန် အတွက် ကိုယ်တိုင် မွေးမှု - မွေးခိုင်းမှု အတွက် သင့်ရောက်သောအာပတ်**

မီးလှုံရန်အတွက် မီးကိုကိုယ်တိုင်မွေးမှု၊ မွေးခိုင်းမှုအတွက် သင့်ရောက်သော အာပတ်များမှာ -

၁။ မီးကိုကိုယ်တိုင်မွေးရာတွင် မီးမွေးရန်အတွက် မီးခြစ် စသည်ကို ကိုင်တွယ်သည်မှ မီးတောက်အောင် ပြုလုပ်ခြင်း အသီး သီးအတွက် ဒုက္ကဋ်အာပတ်သင့်သည်။

၂။ ယင်းသို့ မီးမွေးသဖြင့် မီး တောက်လာသောအခါ ပါစိတ်အာပတ် သင့်သည်။

၃။ သူတပါးကိုမီးမွေးခိုင်းရာတွင် ခိုင်းမှုအတွက် ဒုက္ကဋ်အာပတ် သင့်သည်။

၄။ မီးမွေးခိုင်း၍ မီးမွေးသဖြင့် မီးတောက်လာသောအခါ ပါစိတ်အာပတ် သင့်သည်။

တာဝ သမ္ဗပယောဂေသု ဒုက္ကဋံ၊ဇာလုဋ္ဌာနေ ပါစိတ္တိယံ၊
သမာဒဟာပေန္တဿ အာဏတ္တိယာ ဒုက္ကဋံ၊ သကိံ
အာဏတ္တေန ဗဟုမ္ပိ သမာဒဟိတေ ဧကမေဝ ပါစိတ္တိယံ။
(ကခ်ါ ၃၀၀-ဟံ)

---

● မီးစွဲနေသော ထင်းစကို မီးထဲထည့်ခြင်းနှင့် မီးမစွဲသေးသော ထင်းစကို မီးထဲထည့်ခြင်းအတွက် ကွာခြားပုံ

မီးစွဲ၍မီးလျှံရှိနေသော ထင်းစကို မီးထဲသည့်ခြင်းအတွက် သင့်ရောက်သောအာပတ်မှာ ဒုက္ကဋ်အာပတ် ဖြစ်သည်။

မီးမစွဲသေး၊ မီးလျှံမရှိသေးသောထင်းစကို မီးထဲထည့်ခြင်းအတွက် သင့်ရောက်သောအာပတ်မှာ ပါစိတ်အာပတ် ဖြစ်သည်။

တသာ ပဋိလာတံ ဥက္ခိပန္တဿ,တဋ္ဌ အဝိဇ္ဈာတံ ဥက္ခိပိတွာ
ယထာဌာနေ ထပေန္တဿ၊ ဝိဇ္ဈာတံ ပန ဇာလယတော
ပါစိတ္တိယမေဝ။ (ကခ်ါ ၃၀၁-ဟံ)

---

## နှာန သိက္ခာပုဒ်

●

● နှာနသိက္ခာပုဒ်လာ 'ဥဏှသမယ'

ဤ နှာနသိက္ခာပုဒ်လာ ဥဏှသမယ-ဟူသည်မှာ - နယုန်လဆန်း(၁)ရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့အထိ ကာလကို ဥဏှသမယဟု ခေါ်သည်။

---

## ● ပရိဠာဟသမယ

ဤနှာနသိက္ခာပုဒ်လာ ပရိဠာဟသမယ-ဟူသည်မှာ-ဝါဆို လပြည့်ကျော်(၁)ရက်နေ့မှစ၍ ဝါခေါင်လပြည့်နေ့အထိ ကာလ ကို ပရိဠာဟသမယဟု ခေါ်သည်။

---

## ● ဤနှာနသိက္ခာပုဒ်အရ အာပတ်သင့်ပုံ

ဤနှာနသိက္ခာပုဒ်အရ အာပတ်သင့်ပုံမှာ—

၁။ ရေချိုးရန် ကြံစည်ကာ ဆပ်ပြာ၊ ရေခွက် စသည် တို့ကိုယူရန် ပြုလုပ်တိုင်း ပြုလုပ်တိုင်း ဒုက္ကဋ် အာပတ် တချက်စီ သင့်သည်။

၂။ ရေချိုး၍ပြီးသောအခါ ပါစိတ်အာပတ်သင့်သည်။

နှာယိဿာမီတိ စုဏ္ဏံဝါ မတ္တိကံဝါ အဘိသင်္ခရောတိ၊ တဿ တတော ပဋ္ဌာယ သဗ္ဗပ္ပယောဂေသု ဒုက္ကဋံ၊ နှာနပရိယောသာနေ ပါစိတ္တိယံ။ (ကင်္ခါ ၃၀၁-ဟံ)

---

## ● ကမ္မသမယ အဓိပ္ပာယ်

ဤနှာန သိက္ခာပုဒ်လာ ကမ္မသမယ ဟူသည်မှာ-ကျောင်း ဝိုင်းအတွင်း တံမြက်စည်းလှည်းရာ အခါမျိုးကို ကမ္မသမယ-ဟု ခေါ်သည်။

သမယေ သုံ ပရိဝေဏသမ္မဇ္ဇနမတ္တမ္ပိ ကမ္မ သမယော။
(ကင်္ခါ ၃၀၁-ဟံ)

## ● အဒ္ဓါန ဂမန သမယ အစိပ္ပာယ်

အဒ္ဓါန ဂမန သမယ ဟူသည်မှာ- ယူဇနာခွဲခရီးသို့ သွားဆဲ,သွားပြီး,သွားလတံ့သော အခါမျိုးကို အဒ္ဓါနဂမနသမယ-ဟုခေါ်သည်။

အစ္စယောဇနံ ဂန္တုကာမဿ ဂစ္ဆတော ဂတဿဝါ အဒ္ဓါန ဂမန သမယော။ (ကင်္ခါ ၃၀၁-ဟံ)

---

## ● ဝါတဝုဋ္ဌိသမယ အစိပ္ပာယ်

ဝါတဝုဋ္ဌိသမယ ဟူသည်မှာ-မြူနှင့်တကွ လေပြင်းမုန်တိုင်းထ၍ မိုး နှစ်ပေါက်, သုံးပေါက် ကျရောက် ခသော အခါမျိုး ကို ဝါတဝုဋ္ဌိ သမယ ဟု ခေါ်သည်။

သရဇေန ဝါတေန ဩကိဏ္ဏာသု ဒွိသုဝါ တီသုဝါ ဥဒကဖုသိတေသု ကာယေ ပတိတေသု ဝါတဝုဋ္ဌိ သမယော။ (ကင်္ခါ ၃၀၁-ဟံ)

---

## ဒုဗ္ဗဏ္ဏကရဏ သိက္ခာပုဒ်

●

## ● နဝံပန စီဝရလာဘေနအရ သက်န်းသစ်

နဝံပန စီဝရလာဘေန အရ 'သက်န်းသစ်' ဟူသည်မှာ- သာမဏေတို့ ဝတ်ဆင်ပြီး၍ ဟောင်းနွမ်းနေသည်ဖြစ်စေ၊ ကပ္ပဗိန္ဒု မထိုးရသေးပါက သက်န်းသစ် မည်သည်။

## တိဏ္ဍုံဒုဗ္ဗဏ္ဏကရဏာနံ-၌ တိဏ္ဍ သည်

တိဏ္ဍုံဒုဗ္ဗဏ္ဏကရဏာနံ-၌ 'တိဏ္ဍုံ' သရုပ်ကား-

၁။ နီလ၊

၂။ ကဒ္ဒမ၊

၃။ ကာဠသာမတို့ ဖြစ်ကြသည်။

---

## စီဝရ-အရ

ဤသိက္ခာပုဒ်လာ စီဝရအရကား-

ဥတ္တရာသင်္ဂ စသော ဝတ်ရုံလောက်သော သင်္ကန်း (၆) ထည်ကို ယူရသည်။ ——

## ကပ္ပဗိန္ဒုထိုးနိုင်သော သင်္ကန်းများ

ကပ္ပဗိန္ဒု ထိုးနိုင်သော သင်္ကန်းများကား-

၁။ သင်းပိုင်၊
၂။ ကိုယ်ရုံ၊
၃။ ဒုကုဋ်၊
၄။ မိုးရေခံ၊
၅။ အမာလွှမ်း အားဖြင့် သင်္ကန်း (၅)ထည် ဖြစ်သည်။

---

## ကပ္ပဗိန္ဒုထိုးရမည့် အရောင်အဆင်းများ

ကပ္ပဗိန္ဒုထိုးရမည့် အရောင်အဆင်းများကား-

၁။ ကြေးညှိရောင် အဆင်း၊

၂။ သစ်ရွက်စိမ်းရောင် အဆင်း၊

၃။ ရွှံ့ညွန်ရောင်အဆင်းတို့တွင် တမျိုးမျိုးသောအရောင် အဆင်း ဖြစ်သည်။

ကံသနီလေန၀ါ ပတ္တနီလေန၀ါ ကဒ္ဒမေန၀ါ ယေန ကေနစိ ကာဠကေန၀ါ။ (ကခ်ါ ၃၀၄-ဟံ)

## ● ကပ္ပိယနှု ထိုးရမည့်နေရာ

သင်္ကန်းတွင် ကပ္ပိယနှုထိုးရာတွင် ကပ္ပိယနှုထိုးရမည့် နေရာကား-

၁။ သင်္ကန်းထောင့် တခုခုတွင် သော်၎င်း၊

၂။ လေးထောင့်၊သုံးထောင့်၊နှစ်ထောင့်တွင် သော်၎င်း ကပ္ပိယနှု ထိုးနိုင်သည်။

---

## ● ကပ္ပိယနှုထိုးရမည့် ပမာဏ

ကပ္ပိယနှုထိုးရမည့် ပမာဏကား-ဥဒေါင်းမျက်လုံးပမာဏ ဖြစ်စေ၊ ကြမ်းပိုး ကျောက်ကုန်း ပမာဏ ဖြစ်စေ ကပ္ပိယနှုထိုး ရသည်။

မောရက္ခိမဏ္ဍလ မင်္ဂုလပိဋ္ဌိနံ အညတရပ္ပမာဏံ ကပ္ပိယနှုံ အာဒိယိတွာ။ (ကင်္ခါ ၃၀၂-ဟံ)

---

## ● အဆင်းပျက်အောင်ပြုခြင်း ဒုဗ္ဗဏ္ဏကရဏ အဓိပ္ပာယ်

အဆင်းပျက်အောင် ပြုခြင်း ဒုဗ္ဗဏ္ဏကရဏ ဟူသည်မှာ- ကပ္ပိယနှုထိုးသည်ကိုပင် အဆင်းပျက်အောင် ပြုခြင်း ဒုဗ္ဗဏ္ဏကရဏ ဟု ခေါ်သည်။

---

## ● ကပ္ပိယနှုထိုးခြင်းကို အ ဆင်း ပျက် အောင် ပြု သည် ဟု ခေါ်ဆိုရခြင်း အကြောင်း

ကပ္ပိယနှုထိုးခြင်းကို အဆင်းပျက်အောင် ပြုသည်ဟု ခေါ် ဆိုရခြင်းမှာ - ယင်းသို့ ကပ္ပိယနှုထိုးလိုက်လျှင် အပြောက် အကွက် ကလေး သင်္ကန်းတွင် ထင်သွားသဖြင့် သင်္ကန်း၏ အရောင်အဆင်း

များ အနည်းငယ် ပျက်သွားသည်ဖြစ်၍ ကပ္ပဗိန္ဒု ထိုးခြင်းကို ဒုဋ္ဌကာရကာ အဆင်းပျက်အောင် ပြုသည်ဟု ဆိုသည်။

---

● ကပ္ပဗိန္ဒု ထိုးရခြင်း အကျိုး

ကပ္ပဗိန္ဒုထိုးရခြင်း အကျိုးကား-

၁။ သင်္ကန်းအဆင်းပျက်စေခြင်းငှာ ကပ္ပဗိန္ဒု ထိုးသည်။

(တနည်း) ၂။ သင်္ကန်းကို မှတ်မိစေခြင်းငှာ ကပ္ပဗိန္ဒုထိုးသည်။

(တနည်း) ၃။ တိတ္ထိတို့၏ အဝတ်နှင့် ခွဲခြားနိုင်စေရန် ကပ္ပဗိန္ဒု ထိုးသည်။

---

## ဝိကပ္ပနာ သိက္ခာပုဒ်

● ဝိကပ္ပနာ အဓိပ္ပာယ်

ဝိကပ္ပနာဟူသည်မှာ- မိမိပိုင်ပစ္စည်းအဖြစ် သဘောမထား တော့ဘဲ ရဟန်း၊ရဟန်းမ စသော သီတင်းသုံးဘော် ငါးဦးအား ပေးစွန့်လိုက်ခြင်းကို ဝိကပ္ပနာပြုသည်ဟု ခေါ်သည်။

---

● ဝိကပ္ပနာ သရုပ်

ဝိကပ္ပနာ သရုပ်ကား-

၁။ သမ္မုခါ ဝိကပ္ပနာ-မိမိနှုတ်ဖြင့် ဝိကပ္ပနာပြုခြင်း၊

၂။ ပရမ္မုခါ ဝိကပ္ပနာ - သူတပါးနှုတ်ဖြင့် ဝိကပ္ပနာ ပြုခြင်းဟူ၍ (၂)ပါးရှိသည်။

ဝိကပ္ပေတွာတိ ဒွေ ဒွေ ဝိကပ္ပနာ သမ္မုခါဝိကပ္ပနာ ပရမ္မုခါ ဝိကပ္ပနာစ။ (ကခ်ါ ၃၀၃-ဟံ)

## သမ္မုခါ ဝိကပ္ပနာ သရုပ်

သမ္မုခါ ဝိကပ္ပနာသည်-

၁။ အာသန္နဌ ဝိကပ္ပနာ - အနီးတွင်ရှိသောပုဂ္ဂိုလ်အား စွန့်ခြင်း၊

၂။ ဒူရဌ ဝိကပ္ပနာ-အဝေးနေပုဂ္ဂိုလ်အား စွန့်ခြင်း ဟူ၍ (၂)မျိုး ရှိသည်။

မှတ်ချက်။ ။ပရမ္မုခါ ဝိကပ္ပနာကား-သမ္မုခါ ဝိကပ္ပနာကဲ့သို့ အပြားမရှိချေ။

---

## ဝိကပ္ပနာပြုပုံ

ဝိကပ္ပနာ ပြုပုံကား-

အနည်းတွင်ရှိသော အနည်း ငယ်သော သင်္ကန်းကို ဝိကပ္ပနာ ပြုလျှင်-

"ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ" ဟူ၍ ဝိကပ္ပနာပြုရသည်။

အနီးတွင် များသောသင်္ကန်းကို ဝိကပ္ပနာပြုလျှင်-

"ဣမာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ" ဟူ၍ ဝိကပ္ပနာ ပြုရသည်။

အဝေးတွင် ရှိနေသော အနည်း ငယ်သော သင်္ကန်းကို ဝိကပ္ပနာ ပြုလျှင်-

"ဧတံ စီဝရံ တုယှံ ဝိကပ္ပေမိ" ဟူ၍ ဝိကပ္ပနာပြုရသည်။

အဝေးတွင်ရှိသော များသောသင်္ကန်းကိုဝိကပ္ပနာပြုလျှင်-

"ဧတာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ" ဟူ၍ ဝိကပ္ပနာ ပြုရသည်။

ပရမ္မုခါ ဝိကပ္ပနာ ပြုပုံကား-
"ဣမံ စီဝရံ တုယှံ ဝိကပ္ပနတ္ထာယ ဒမ္မိ" ဟူ၍ ဝိကပ္ပနာ ပြုရသည်။

---

## ပစ္စုဒ္ဓိုရ် အဓိပ္ပာယ်

ပစ္စုဒ္ဓိုရ် ဟူသည်မှာ - အလိုရှိသည့်အတိုင်း သုံးစွဲမှုကို ပြုလုပ်နိုင်ရန်အတွက် ပြန်ပေးခြင်းကို ခေါ်သည်၊

---

## ပစ္စုဒ္ဓိုရ်ပြုပုံ ပါဠိ

ပစ္စုဒ္ဓိုရ် ပြုပုံ ပါဠိကား-
မယှံ သန္တကံ ပရိဘုဉ္ဇဝါ ဝိသဇ္ဇေဟိဝါ ယထာပစ္စယံ ကရောဟိ-ဖြစ်သည်။

**မှတ်ချက်။** ။ပစ္စုဒ္ဓိုရ်ပြုခြင်းနှင့် ဝိကပ္ပနာပြုခြင်းကား- အတူတူပင် ဖြစ်သည်။ ထူးခြားမှု မရှိပေ။

---

## ပစ္စုဒ္ဓိုရ်ပြုခြင်း(၂)မျိုး အထူး

ပစ္စုဒ္ဓိုရ်ပြုခြင်းကား- ပထမ ကထိနသိက္ခာပုဒ် တွင်လည်း လာသည်။ ဤသိက္ခာပုဒ်တွင်လည်း လာသည်။ သို့သော် ပစ္စုဒ္ဓိုရ် ပြုခြင်း ရည်ရွယ်ချက် မတူကြပေ။

၁။ ပထမ ကထိန သိက္ခာပုဒ် တွင် လာ သော ပစ္စုဒ္ဓိုရ် ပြုခြင်းကား-ရုပ်သိမ်းခြင်းကို ခေါ်သည်။

၂။ ဤသိက္ခာပုဒ်တွင်လာသော ပစ္စုဒ္ဓိုရ်ပြုခြင်းကား- ခွင့်ပြုခြင်း၊ ပြန်ပေးခြင်းကို ခေါ်သည်။ ။ဤသို့ ထူးခြားကြသည်။

---

**● ဝိကပ္ပနာ၊ ပစ္စုဒ္ဓိုရ်ပြုသင့်သော ပုဂ္ဂိုလ်**

ဝိကပ္ပနာ၊ ပစ္စုဒ္ဓိုရ်ပြုသင့်သော ပုဂ္ဂိုလ်တို့ကား- ရဟန်း၊ ရဟန်းမ စသော သီတင်းသုံးဖော် ငါးဦး တို့ တွင် တဦးဦးထံ ဝိကပ္ပနာ၊ ပစ္စုဒ္ဓိုရ် ပြုသင့်ပေသည်။

---

## စီဝရ အပနိဓာန သိက္ခာပုဒ်

●

**● ဤသိက္ခာပုဒ်လာ ပတ္တနှင့် စီဝရ**

ဤသိက္ခာပုဒ်လာ'ပတ္တ'အရကား-အဓိဋ္ဌာန်လောက်သော သပိတ်ကို ပတ္တ-ဟု ခေါ်သည်။

ဤသိက္ခာပုဒ်လာ 'စီဝရ'အရကား - ဝိကပ္ပနာ လောက်သော သင်္ကန်းကို စီဝရ-ဟု ခေါ်သည်။

ပတ္တန္တိ အဓိဋ္ဌာနုပဂံ၊ စီဝရန္တိ ဝိကပ္ပနုပဂံ။
(ကခ်ါ ၃၀၄-ဟံ)

---

**● သူတပါး သပိတ်၊ သင်္ကန်း စသည်ကို ကိုယ်တိုင် ဝှက်မှု၊ အဝှက်ခိုင်းမှုအတွက် သင့်ရောက်သော အာပတ်**

၁။ သူတပါး သပိတ်ကိုဖြစ်စေ၊ သင်္ကန်း စသည်ကိုဖြစ်စေ၊ ကိုယ်တိုင်ဝှက်လျှင် ပါစိတ်အာပတ် သင့်သည်။

၂။ သူတပါးကို ဝှက် ခိုင်း လျှင် ကား ဒုက္ကဋ် အာပတ် သင့်သည်။

သယံ အပနိဓေန္တဿ ပါစိတ္တိယံ၊ အညံ အာဏာပေန္တဿ အာဏတ္တိယာ ဒုက္ကဋံ။ (ကခ်ါ ၃၀၅-ဟံ)

● နိသီဒန အစိပ္ပာယ်

ဤသိက္ခာပုဒ်လာ နိသီဒန-ဟူသည်မှာ အဆာပါသော အခင်းကို နိသီဒန-ဟု ခေါ်သည်။

နိသီဒနံ နာမ သဒသံ ဝုစ္စတိ။ (ကခါ ၃၀၄-ဟံ)

---

● သူစိဃရ အစိပ္ပာယ်

ဤသိက္ခာပုဒ်လာ သူစိဃရ ဟူသည်မှာ - အင်ရှိသည်ဖြစ်စေ၊ အပ်မရှိသည် ဖြစ်စေ အပ် ထည့်သော ဘူးကို သူစိဃရ ဟု ခေါ်သည်။

သူစိဃရံ နာမ သသူစိကံ အသူစိကံ ဂါ။

(ကခါ ၃၀၄-ဟံ)

---

● ကာယဗန္ဓန အစိပ္ပာယ်

ဤသိက္ခာပုဒ်လာ ကာယဗန္ဓန ဟူသည်မှာ - ခါးပန်းကြိုး အလုံး၊ သို့မဟုတ် ခါးပန်းကြိုး အပြားကို ကာယဗန္ဓန ဟု ခေါ်သည်။

ကာယဗန္ဓနံ နာမ ပဋ္ဋိကာဝါ သူကရန္တကံဝါ။

(ကခါ ၃၀၄-ဟံ)

---

## သပ္ပါဏက ဝဂ်

## သဉ္စိစ္စ သိက္ခာပုဒ်

●

● ပါဏ အစိပ္ပာယ်

ဤသိက္ခာပုဒ်လာ 'ပါဏ'ဟူသည်မှာ တိရိစ္ဆာန်သတ္တဝါကို ပါဏ-ဟု ခေါ်သည်။

အကြောင်းကား - ဆိုခဲ့ပြီးသော တတိယ ပါရာဇိကတွင် လူကိုသတ်လျှင် ပါရာဇိက ကျသည်ဟု ပြဆိုခဲ့ပြီး သောကြောင့် ဖြစ်သည်။

ပါဏောတိ တိရစ္ဆာနဂတပါဏော အဓိပ္ပေတော။

(ကင်္ခါ ၃၁၄-ဟ်)

---

● **တိရစ္ဆာန်ငယ်ကို သတ်ခြင်းနှင့် တိရစ္ဆာန်ကြီးကိုသတ်ခြင်း အတွက် အာပတ် မကွာခြား**

ပရွက်ဆိတ် စသော သေးငယ်သော ကိုယ်ခန္ဓာ ရှိသော တိရစ္ဆာန်များကို သတ်ခြင်းနှင့် ဆင်စသော ကြီးသော ကိုယ်ခန္ဓာ ရှိသော တိရစ္ဆာန်များကို သတ်ခြင်းအတွက် အာပတ်သင့်မှု ကွာခြားခြင်း မရှိ။ ပါစိတ်အာပတ်သာသင့်သည်။ (ဤကား ဝိနည်း အရ ဖြစ်သည်)။

အဘိဓမ္မာ ဒေသနာအားရမူ သေအောင် အားထုတ်မှု ကွာခြားခြင်းအတွက် သေးငယ်သောတိရစ္ဆာန်ကို သတ်မှုနှင့် ကြီးမားသော တိရစ္ဆာန်ကို သတ်မှုအတွက် အပြစ်မှာ မတူညီချေ။

တံ ခုဒ္ဒကေပိ မဟန္တေပိ မာရေန္တဿ ပါစိတ္တိယမေဝ၊ မဟန္တေ ပန ဥပက္ကမမဟန္တတာယ အကုသလံ မဟန္တံ ဟောတိ။ (ကင်္ခါ ၃၀၅-ဟံ)

---

## သပ္ပါဏက သိက္ခာပုဒ်

●

● သပ္ပါဏက နှစ်ပုဒ် အထူး

သဉ္စိစ္စ သိက္ခာပုဒ်တွင် လာသော သပ္ပါဏကနှင့် ဤသိက္ခာပုဒ်တွင်လာသော သပ္ပါဏကတို့မှာ မတူညီကြချေ။

၁။ သဥ္စိစ္စ သိက္ခာပုဒ်တွင် လာသော သပ္ပါဏက ကား-တိရိစ္ဆာန်ဟူသမျှကို သပ္ပါဏက ဟု ဆိုသည်။

၂။ ဤသိက္ခာပုဒ်တွင်လာသော သပ္ပါဏကကား-ရေကို သုံးစွဲလျှင် သေလောက်သော ပိုးကောင်ကို ယူရသည်။

သပ္ပါဏကန္တိ ယေ ပါဏကာ ပရိဘောဂေန မရန္တိ၊ တေဟိ သပ္ပါဏကံ၊ ဟာဒိသဥ္စ ဇာနံ ရေိဘုဥ္ဇန္တဿ ပယောဂေ ပယောဂေ ပါစိတ္တိယံ။ (ကခ် ၃၀၆-ဟံ)

---

## ဥက္ကောဋန သိက္ခာပုဒ်

● ယထာဓမ္မံ-၌ ဓမ္မအရ

ယထာဓမ္မံ-၌ ဓမ္မ ဟူသည်မှာ - ဗုဒ္ဓါ သမ္မာသမ္ဗုဒ္ဓကောင် ဟောတော်မူသော အဓိကရဏ သမထဓမ္မကို ဓမ္မ-ဟု ခေါ်သည်။

ယထာဓမ္မန္တိ ယော ယဿ အဓိကရဏဿ ဝူပသမာယ ဓမ္မော ဝုတ္တော။ (ကခ် ၃၀၆-ဟံ)

---

● ဥက္ကောဋေယျ-၌ ဥက္ကောဋန အဝိပ္ပာယ်

ဥက္ကောဋေယျ-၌ ဥက္ကောဋန ဟူသည်မှာ- အဓိကရဏ်းကို ငြိမ်းအောင် ဆောင်ရွက်ထားသော ရဟန်းများထံသို့ နောက်ထပ် ကံပြုရအောင် သွေးထိုးလှုံ့ဆော်ပေးခြင်းမျိုးကို ဥက္ကောဋန-ဟု ခေါ်သည်။

ပုန ကမ္မာယ ဥက္ကောဋေယျာတိ တဿ တဿ ဘိက္ခုနော သန္တိကံ ဂန္တွာ အကတံ ကမ္မန္တိ အာဒီနိ ဝဒန္တော ပုန ကရဏတ္ထာယ ဥစ္စာလေယျ။ (ကခ် ၃၀၆-ဟံ)

## ဒုဋ္ဌုလ္လ သိက္ခာပုဒ်

### ● ဒုဋ္ဌုလ္လံ အာပတ္တိံ၌ ဒုဋ္ဌုလ္လ အာပတ်

ဒုဋ္ဌုလ္လံ အာပတ္တိံ-၌ ဒုဋ္ဌုလ္လအရ အာပတ်ကား - သံဃာဒိသိသ် အာပတ်ဖြစ်သည်။

ဒုဋ္ဌုလ္လန္တိ သံဃာဒိသေသံ အဓိပ္ပေတံ။

(ကခ်ါ ၃၀၇-ဟံ)

---

### ● အာပတ်ကို ဖုံးလွှမ်းရာ၌ အာပတ်သင့်ပုံ

အာပတ်ကို ဖုံးလွှမ်းထားသောရဟန်း အာပတ်သင့်ပုံမှာ-တပါးသောရဟန်းအား မပြောကြားတော့ဟူ၍ ဆုံးဖြတ်သောအချိန်တွင်ပင် ပါစိတ်အာပတ်သင့်သည်။ ယင်းသို့ ဖုံးလွှမ်းပြီးနောက် ဖွင့်ဖော် ပြောကြား သော်လည်း အာပတ်က မလွတ်တော့ချေ။

သစေပိ န ဒါနိ နံ ကဿစိ ဘိက္ခုနော အာရောစေဿာမီတိ ဓုရံ နိက္ခိပိတွာ ပစ္ဆာ အာရောစေတိ၊ ပါစိတ္တိယံ အာပဇ္ဇိတွာဝ အာရောစေဿတိ။ (ကခ်ါ ၃၀၇-ဟံ)

---

## ဦနဝီသတိဝဿ သိက္ခာပုဒ်

### ● ဦနဝီသတိဝဿပုဒ် အရ အသက် (၂၀) ရေတွက်ပုံ

ဦနဝီသတိဝဿ ပုဒ်အရ အသက် (၂၀) ရေတွက်ပုံမှာ-ပဋိသန္ဓေတည်နေသည်ကစ၍ ရေတွက်ရသည်။ (ကခ်ါ ဝါဒ)

မွေးဖွားပြီးသည်မှစ၍ ရေတွက်ရသည်။ (ပေါရာဏိကထေရဝါဒ)။

ဦနဝီသတိဝဿန္တိ ပဋိသန္ဓိဂ္ဂဟဏတော ပဋ္ဌာယ အပရိပုဏ္ဏ ဝီသတိ ဝဿံ။ (ကခ်ါ ၃၀၈-ဟံ)

● အသက် (၂၀) မပြည့် သူကို ရဟန်းခံပေးရာ၌ အာပတ်သင့်ပုံ

အသက်(၂၀)မပြည့်သူကို ရဟန်းခံပေးရာ၌ အာပတ်သင့်ပုံမှာ-

၁။ ရဟန်းခံပေးသော ဥပဇ္ဈာယ်ဆရာအား ပါစိတ် အာပတ် သင့်သည်။

၂။ ရဟန်း ခံပေး သော ကာရက သံဃာများ ဒုက္ကဋ် အာပတ် သင့်သည်။

----

● ပဋ္ဌင် ဖြစ်နိုင်သော အင်္ဂါ(၅)ပါး

ပဋ္ဌင်းဖြစ်နိုင်သော အင်္ဂါ(၅)ပါးကား-

၁။ ဝတ္ထု သမ္ပတ္တိ၊ ၄။ ပရိသ သမ္ပတ္တိ၊
၂။ ဉတ္တိ သမ္ပတ္တိ၊ ၅။ ကမ္မဝါစာသမ္ပတ္တိ၊
၃။ သီမ သမ္ပတ္တိ၊ ဟူ၍ (၅)ပါးရှိသည်။

ဆောင်။ ။ဝတ်,ဉတ်,သိမ်,ကံ၊ပရိသံ၊ငါးတန်သမ္ပတ္တိ။
ဥပသမ္ပဒ်၊ အောင်မြင်ရန်၊ အင်္ဂံ ဟူ၍ သိ။

---

● ထေယျသတ္တ အဓိပ္ပာယ်

ထေယျသတ္တ ဟူသည်မှာ-ဘုရင်၏ ဘဏ္ဍာတော်ကို လှည့်ပတ် ယူလာခဲ့၍ ခိုးပြီးဖြစ်သူကိုငင်း၊ ကင်းကောက်မည့်အရပ်ကို အခွန်မပေးရအောင် ရှောင်သွားလို၍ ခိုးလတံ့ ဖြစ် သူ ကို ငင်း ထေယျသတ္တ-ဟု ဆိုသည်။

ယေ ရာဇာနံ ဝါ ဝဉ္စေတွာ သုင်္ကံ ဝါ ပရိဟရိတုကာမာ
စောရာ ကတ ကမ္မာစေဝ အကတ ကမ္မာစ မဂ္ဂပ္ပဋိပန္နာ။
(ကခ်ါ ၃၀၉-ဟံ)

---

## အရိဋ္ဌ သိက္ခာပုဒ်

●

● အန္တရာယိကာဝမ္မာ အရ အန္တရာယ်သရုပ်

ဤ သိက္ခာပုဒ် လာ အန္တရာယိကာ ဓမ္မာအရ အန္တရာယ် သရုပ်ကား-

၁။ ကမ္မန္တရာယ်၊
၂။ ကိလေသန္တရာယ်၊
၃။ ဝိပါကန္တရာယ်၊
၄။ ဥပဝါဒန္တရာယ်၊
၅။ ပညတ္တိဝီတိက္ကမန္တရာယ် ဟူ၍ (၅)မျိုး ရှိသည်။

ဤ သိက္ခာပုဒ်လာ အန္တရာယ်ကား - ယင်း အန္တရာယ် (၅)ပါးအနက် ပညတ္တိဝီတိက္ကမန္တရာယ်ဖြစ်သည်။

တေ ကမ္မကိလေသဝိပါက ပညတ္တိဝီတိက္ကမနဝသေန ပဉ္စဝိဓာ။ (ကစ်ါ ၃၁၀-ဟံ)

---

## ဥက္ခိတ္တသံဘောဂ သိက္ခာပုဒ်

●

● ဤသိက္ခာပုဒ်လာ **အနုဓမ္မ** အဓိပ္ပာယ်

ဤသိက္ခာပုဒ်လာအနုဓမ္မ-ဟူသည်မှာ-ဥက္ခေပနီယကံအပြု ခံရသဖြင့် မာန်မာနကျကာ ဆိုင်ရာကျင့်ဝတ်များကို ကျင့်ကြံပြီး ထိုကံကို ငြိမ်းစေပါမည့် အကြောင်း တောင်းပန် သော အခါ သံဃာ့ဘောင်သို့ ခေါ်ဆောင်ကာ ဩသာရဏကံ ပြုသောရဟန်း ကို အနုဓမ္မ ခေါ်သည်၊

● **အကတာနုဓမ္မ အဓိပ္ပာယ်**

ဤသိက္ခာပုဒ်လာ အကတာနုဓမ္မ ဟူသည်မှာ-ဩသာရဏာကံ မပြုရသေးသော ဥက္ခိတ္တကရဟန်းကို အကတာနုဓမ္မဟု ခေါ်သည်။

---

● **သံဘုဉ္ဇေယျဝါ-ဟူသော ပုဒ်အရ သမ္ဘောဂ သရုပ်**

ဤသိက္ခာပုဒ်လာ သံဘုဉ္ဇေယျဝါ - ဟူ သော ပုဒ်အရ သမ္ဘောဂ သရုပ်ကား-

၁။ အာမိသသမ္ဘောဂ၊

၂။ ဓမ္မသမ္ဘောဂ-ဟူ၍ နှစ်မျိုးရှိသည်။

သံဘုဉ္ဇေယျဝါတိ အာမိသသမ္ဘောဂံဝါ ဓမ္မသမ္ဘောဂံဝါ ကရေယျ။ (ကင်္ခါ ၃၁၁-ဟံ)

---

● **သံဝသေယျ၊ သဟဝါသေယျံ ကပ္ပေယျ-၌ သံဝသေယျ အဓိပ္ပာယ်**

သံဝသေယျ၊ သဟဝါသေယျံ ကပ္ပေယျ၌ သံဝသေယျ ဟူသည်မှာ-ဥပုသ်စသောသံဃာ့ကံကို အတူတူပြုလုပ်ဆောင်ရွက်ခြင်းကို သံဝသေယျဟု ဆိုသည်။

သံဝသေယျာ ဝါတိ ဥပေါသထာ ဒိကံ သံဃကမ္မံ ကရေယျ။ (ကင်္ခါ ၃၁၁-ဟံ)

---

● **သံဝသေယျ၊သဟဝါသံကပ္ပေယျ-၌ သဟဝါသံကပ္ပေယျ အဓိပ္ပာယ်**

သဟဝါသံကပ္ပေယျ-ဟူသည်မှာ - အမိုး တခုတည်းသော ကျောင်းတွင် အတူတူတကျောင်းတည်း အိပ်ခြင်းကို သဟဝါသံကပ္ပေယျဟု ခေါ်သည်။

သဟာဝါသေယျံ ကပ္ပေယျာတိ နာနူပစာရေပိ ကေစ္စန္ဒေ နိပဇ္ဇေယျ။ (ကခ်ါ ၃၁၁-ဟံ)

● ဥက္ခိတ္တက ရဟန်းနှင့် သံဘုဋ္ဌ သံဝါသ သဟသေယျ ကပ္ပန ပြုလုပ်ခြင်းတို့အတွက် အာပတ်သင့်ရောက်ပုံ

(က) ဥက္ခိတ္တက ရဟန်းနှင့် သံဘုဋ္ဌ အတွက် အာပတ် သင့်ပုံမှာ-

၁။ အာမိသသမ္ဘောဂကို သုံးဆောင် ရာတွင် တ ကြိမ် တည်းဖြင့် ပေးသည်ဖြစ်စေ၊ ယူသည် ဖြစ်စေ ပါစိတ် အာပတ် တချက်သာသင့်သည်။

၂။ အကြိမ် ကြိမ် ပေးသည် ဖြစ်စေ၊ ယူသည် ဖြစ်စေ ပေးသော, ယူသော အရေအတွက် အရ ပါစိတ် အာပတ်များ သင့်ကြသည်။

(ခ) ဥက္ခိတ္တကရဟန်းနှင့် သံဝါသအတွက် အာပတ်သင့် ပုံမှာ-

၃။ သံဝါသအတွက် ဆောင်ရွက်သည့် ဥပုသ်ကံပြီးဆုံး သည့်အခါ ပါစိတ်အာပတ် သင့်သည်။

(ဂ) ဥက္ခိတ္တက ရဟန်းနှင့် သဟသေယျ ကပ္ပန အတွက် အာပတ်သင့်ပုံမှာ-

၄။ သဟသေယျကပ္ပနအမှုအတွက် တဦးဦးက ထလိုက်, အိပ်လိုက်လုပ်နေပါက ထိုသို့ပြုလုပ်သောအရေအတွက်အရပါစိတ် အာပတ်သင့်သည်။

၅။ ဓမ္မသမ္ဘောဂ အတွက်မူ ပဒ စသည်တို့ဖြင့် သင်ယူ ပို့ချသောအခါ ဆိုခဲ့ပြီးသော ပဒသောဓမ္မ သိက္ခာပုဒ် အတိုင်း ပါစိတ်အာပတ် သင့်သည်။

## ကဏ္ဍက သိက္ခာပုဒ်

**ဆုံးမပြောဆိုသည်ကို နားမထောင်သော သာမဏေအား ပြောကြားရမည့် စကားစု**

သာမဏေသည် မိစ္ဆာစကား တို့ကို ပြောဆို နေသည်၊ ယင်းသို့မပြောဆိုရန် ရဟန်းများက အတန်တန်တားမြစ်ကြသည်၊ သို့သော် သာမဏေက နားမထောင်ချေ၊ ယင်းသာမဏေကို ရဟန်းတို့က ပြောကြားရမည့်စကားစုကား-

"အဇ္ဇ တဂ္ဂေ တေ အာဝုသော။လ။စရ ပိရေ ဝိနဿ" ဖြစ်သည်။

---

**စရ ပိရေ ဝိနဿဉ္စ-ဝိနဿ အဓိပ္ပာယ်**

စရ ပိရေ ဝိနဿဉ္စ-ဝိနဿ ဟူသည်မှာ - "သာမဏေ-သင်သည် ငါတို့ မမြင်ကွယ်ရာသို့သွားကာ ပျက်စီးလေတော့" ဟူ၍ ဆိုလိုပေသည်။

ဝိနဿာတိ နဿ၊ ယတ္ထ တံ နပဿာမ၊ တတ္ထ ဂစ္ဆာတိ ဝုတ္တံ ဟောတိ။ (ကခ်ါ ၃၁၂-ဟံ)

---

**ဤသိက္ခာပုဒ်လာ နာသန-သရုပ်**

ဤသိက္ခာပုဒ်လာ နာသနသရုပ်ကား-

၁။ သံဝါသနာသန - အာပတ်ကို မရှုခြင်း ကြောင့် သံဃာ့ ဘောင်မှ နှင်ထုတ်ခြင်း၊ ဥက္ခေပနီယကံကို ပြုခြင်း၊

၂။ လိင်္ဂနာသန-အသင်္ကန်းကို ဖျက်၍ လူထွက်စေခြင်း၊

၃။ ဒဏ္ဍကမ္မ နာသန-အပြစ်ဒဏ် ပေး၍ ဖျက်ဆီးခြင်း-ဟူသော နာသန(၃)ပါး ရှိသည်။

● **ဥပလာပန အစိပ္ပာယ်**

ဤသိက္ခာပုဒ်လာ ဥပလာပေယျပုဒ်အရ ဥပလာပန– ဟူသည်မှာ – သပိတ်, သင်္ကန်း ပေးမည်၊ စာပေ ပို့ချပေးမည် စသည်ဖြင့် သွေးဆောင်ခြင်းကို ဥပလာပန ခေါ်သည်။

ဥပလာပေယျာတိ ပတ္တံဝါ စီဝရံဝါ ဥဒ္ဒေသံဝါ ပရိပုစ္ဆံဝါ ဒဿာမီတိ သင်္ဂဏှေယျ။ (ကင်္ခါ ၃၁၂-ဟံ)

● **ဥပဋ္ဌာပေယျ အစိပ္ပာယ်**

ဤသိက္ခာပုဒ်လာ ဥပဋ္ဌာပေယျ - ပုဒ် အရ ဥပဋ္ဌာပန ဟူသည်မှာ - ရေချိုး ကသယ်မှုန့် စသည်တို့ကို သာယာ ကာ ဖျက်ဆီးအပ်သော သာမဏေကို လုပ်ကျွေးစေခြင်းကို ဥပဋ္ဌာပန ဟု ဆိုသည်။

ဥပဋ္ဌာပေယျာတိ စုဏ္ဏမတ္တိကာဒီနိ သာဒိယန္တော တေန အတ္တနော ဥပဋ္ဌာနံ ကာရာပေယျ။(ကင်္ခါ ၃၁၂-ဟံ)

---

## သဟဓမ္မိကဝဂ်

●

● **ရဟန်းတော်များ သိက္ခာပုဒ် ဆိုင်ရာကို မသိလျှင် ပြုကျင့်ရပုံ**

ရဟန်းတော်များသည် ကျင့်ကြံလိုစိတ်ရှိကာ သိက္ခာပုဒ် ဆိုင်ရာများကို မသိလျှင် သိအောင်ပြုလုပ်ရသည်။

တကယ်၍ မသိပါက ပြုကျင့်ရပုံမှာ–

"သိက္ခမာနေန။လ။သာမိစိ" ဖြစ်သည်။

## ဝိလေခန သိက္ခာပုဒ်

●

**● ဥဒ္ဒိဿမာနေအရ ရွတ်ဆိုရမည့်ပုဂ္ဂိုလ်နှင့် ရွတ်ဆိုရာ အချိန်ကာလ**

ဤသိက္ခာပုဒ်လာ 'ဥဒ္ဒိဿမာနေ' အရ ရွတ်ဆိုရမည့် ပုဂ္ဂိုလ်ကား-

၁။ ဆရာက ဖြစ်စေ၊

၂။ တပါးပါးက ဖြစ်စေ ရွတ်ဆိုရသည်။

ရွတ်ဆိုရမည့် အချိန်ကာလ ကား-

၁။ စာပို့ချသောအခါ၊

၂။ ပြန်လှန် ရွတ်အံသောအခါ၊

၃။ ပါတိမောက် ပြသော အခါမျိုးတို့ ဖြစ်သည်။

ဥဒ္ဒိဿမာနေတိ အာစရိယေန အန္တေဝါသိကဿ ဝုစ္စမာနေဝါ သဇ္ဈာယနဝသေန ပရိဝတ္တိယ မာနေဝါ။

(ကခ်ါ ၃၁၄-ဟံ)

---

**● ဝိဝဏ္ဏက အမှုကို ပြုခြင်းအတွက် အာပတ်သင့်ပုံ**

ဤ သိက္ခာပုဒ် အရ ဝိဝဏ္ဏက အမှုကို ပြုခြင်းအတွက် အာပတ် သင့်ပုံမှာ-

၁။ ဝိနည်းတော်ကို ရဟန်း၏ရှေ့တွင် ကဲ့ရဲ့ပါက ပါစိတ် အာပတ် သင့်သည်။

၂။ ဝိနည်းတော်ကို လူ့သာမဏေများ ရှေ့တွင် ကဲ့ရဲ့ပါက ဒုက္ကဋ် အာပတ် သင့်သည်။

၃။ သုတ္တန်၊အဘိဓမ္မာတို့ကို ရဟန်းရှေ့တွင် ဖြစ်စေ၊ လူ့သာမဏေရှေ့တွင်ပင် ဖြစ်စေ၊ မည်သူ့ရှေ့မှာပင် ကဲ့ရဲ့ကဲ့ရဲ့ ဒုက္ကဋ် အာပတ် သင့်သည်။

အနုပသမ္ပန္နဿ ဝိဝဏ္ဏနေ ဘိကဒုက္ကဋံ၊ ဥဘိန္နမ္ပိ အညဓမ္မ ဝိဝဏ္ဏနေ ဒုက္ကဋမေဝ။ (ကင်္ခါ ၃၁၄-ဟံ)

---

## ခုဒ္ဒ သိက္ခာပုဒ်

ခုဒ္ဒသိက္ခာပုဒ် ဟူသည်မှာ - ပါရာဇိက သိက္ခာပုဒ်ကို ထောက်၍ သံဃာဒိသိသ်စသော သိက္ခာပုဒ်များကို ခုဒ္ဒသိက္ခာ ပုဒ်ဟု ခေါ်သည်။

---

## အနုခုဒ္ဒ သိက္ခာပုဒ်

အနုခုဒ္ဒသိက္ခာပုဒ် ဟူသည်မှာ-ခုဒ္ဒအမည်ရသော သံဃာ ဒိသိသ်ကို ထောက်၍ ထုလ္လစ္စည်းစသော သိက္ခာပုဒ်များကို အနု ခုဒ္ဒ သိက္ခာပုဒ်ဟု ခေါ်သည်

---

# မောဟန သိက္ခာပုဒ်

## ဥဒ္ဒိသမာနေ အစိပ္ပာယ်

ဤသိက္ခာပုဒ်လာ ဥဒ္ဒိသမာနေဟူသည်မှာ-ဥပုသ်ပြုသော ကာလ ပါတိမောက်ပြခြင်းကို ခေါ်သည်။

ဥဒ္ဒိသမာနေ ဘိ ဥပေါသထေ ဝသေန ဥဒ္ဒိသိယမာနေ။ (ကင်္ခါ ၃၁၅-ဟံ)

● မသိဟန်ဆောင်ရာ၌ အာပတ်သင့်ပုံ

ဤမောဟန သိက္ခာပုဒ်အရ မသိဟန်ဆောင်ရာ၌ အာပတ်သင့်ပုံမှာ-

၁။ မောဟနကံကို မတင်မီကာလ မသိဟန်ဆောင်ပါက ဒုက္ကဋ်အာပတ်သာ သင့်သည်။

၂။ မောဟနကံ တင်ပြီး၍ တဖန် မသိဟန်ဆောင်သော အခါတွင်သာ ပါစိတ်အာပတ်သင့်သည်။

---

## ပဟာရ သိက္ခာပုဒ်

● လူ့သာမဏေကို ရိုက်နှက်သောရဟန်းအား သင့်ရောက်သော အာပတ်

လူ့သာမဏေကို ရိုက် နှက် သော ရဟန်းအား သင့်ရောက်သော အာပတ်ကား - ဒုက္ကဋ် အာပတ်ဖြစ် သည်။

---

● ရဟန်း၏ မျက်စိကို ထိုးဖောက်ခြင်းစသည် ပြုလုပ်သော ရဟန်း၏ အာပတ်

ရဟန်း၏ မျက်စိကို ထိုးဖောက်ခြင်း စသည် ပြုလုပ်သော ရဟန်း၏ အာပတ်ကား - ဒုက္ကဋ်အာပတ် ဖြစ်သည်။

---

## တလသတ္တိက သိက္ခာပုဒ်

● တလသတ္တိက အဓိပ္ပာယ်

ဤသိက္ခာပုဒ်လာ တလသတ္တိက ဟူသည်မှာ - လက်ဝါးပြင်ကိုသာ တလသတ္တိက ခေါ်သည်မဟုတ်၊ ကိုယ်အင်္ဂါ အစိတ်

အပိုင်းဖြင့် သော်ငှင်း၊ ခဲ၊ တုတ်၊ ဓား စသော ကာယပဋိဗဒ္ဓ ဖြစ်သည့် တစုံတရာ ဝတ္ထုတို့ဖြင့်ဖြစ်စေ ချောက်လှန့်ခြင်းကိုလည်း တလသတ္တိက ဟုပင် ခေါ်သည်။

တလသတ္တိကံ ဥဂ္ဂိရေယျာဟိ ပဟာရဒါနာကာရံ
ဒဿေန္တော ကာယံဝါ ကာယပဋိဗဒ္ဓံဝါ ဥစ္စာရေယျ။
(ကခ်ါ ၃၁၆-ဟံ)

---

● **ရှယ်ရင်း အားလွှန်ပြီး ရိုက်မိသောရဟန်း၏ အာပတ်**

ဤသိက္ခာပုဒ်အရ ရိုက်ရန် ရှယ်ရင်း အားလွှန်ပြီး ရိုက်မိ သောရဟန်း၏ အာပတ်မှာ ဒုက္ကဋ်အာပတ် ဖြစ်သည်။

သစေ ပန ဥဂ္ဂိရိတွာ ဝိရဒ္ဓေါ ပဟာရံ ဒေတိ၊န ပဟရိတု
ကာမတာယ ဒိန္နတ္တာ ဒုက္ကဋ မေဝ။
(ကခ်ါ ၂၉၄-ဍ)

---

## အမူလက သိက္ခာပုဒ်

●

● **အနုဒ္ဒိသန သရုပ်**

ဤသိက္ခာပုဒ်လာ အနုဒ္ဒိသန သရုပ်ကား-

၁။ သူတပါးကို စောဒနာ ခိုင်းခြင်း၊

၂။ ကိုယ်တိုင် စောဒနာခြင်း ဟူ၍ (၂)မျိုး ရှိသည်။

အနုဒ္ဒံ သေယျာတိ စောဒေယျဝါ စောဒါပေယျဝါ။
(ကခ်ါ ၂၉၄-ဍ)

## ● ဤသိက္ခာပုဒ်အရ အာပတ်သင့်ပုံ

ဤသိက္ခာပုဒ်အရ အာပတ်သင့်ပုံမှာ-မိမိကိုယ်တိုင် စောဒနာသည်ဖြစ်စေ၊ သူတပါးကို စောဒနာခိုင်းသည်ဖြစ်စေ စောဒနာခံရသောရဟန်းက စောဒနာသောခဏတွင်ပင် ငါ့ကို စောဒနာနေသည်ဟု သိသောကာလ၌ စောဒကရဟန်းအား ပါစိတ် အာပတ်သင့်သည်။

ပါစိတ္တိယန္တိ သစေ စုဒိတကော တခ်ဏေဧဝ ဇာနာတိ၊ စောဒကဿ ပါစိတ္တိယံ။

(ကင်္ခါ ၂၉၄-ဋ)

---

## သဉ္စိစ္စ သိက္ခာပုဒ်

## ● ကုက္ကုစ္စံ ဥပ္ပါဒေယျအရ ကုက္ကုစ္စ ဖြစ်စေပုံ

ဤသိက္ခာပုဒ်လာ ကုက္ကုစ္စံ ဥပ္ပါဒေယျ အရ ကုက္ကုစ္စ ဖြစ်စေပုံမှာ-

ရဟန်းတပါးက ရဟန်းတပါးကို "အရှင်-ရဟန်းဖြစ်လာသည်မှာ အသက်နှစ်ဆယ်များပြည့်ခဲ့ရဲ့လား၊မပြည့်ဘူးထင်တယ်" စသည်ဖြင့် ပြောဆိုပြီး ကုက္ကုစ္စ ဖြစ်စေပေသည်။

ကုက္ကုစ္စံ ဥပဒဟေယျာတိ ဦနဝီသတိဝဿော တွံ မညေ တိ အာဒိနိ ဘဏန္တော ဥပ္ပါဒေယျ။

(ကင်္ခါ ၂၉၄-ဋ)

## ဥပဿုတိ သိက္ခာပုဒ်

●

### ❶ ဝိဝါဒါပန္န အစိပ္ပာယ်

ဤ သိက္ခာပုဒ်လာ ဝိဝါဒါပန္န ဟူသည်မှာ - တဘက်နှင့် တဘက် ငါ့ဘက်က မှန်သည်၊ သူ့ဘက်က မှန်သည် စသည်ဖြင့် ငြင်းခုံခြင်းကို ခေါ်သည်။

---

### ❷ ဘဏ္ဍန အစိပ္ပာယ်

ဘဏ္ဍန-ဟူသည်မှာ - တပါးသောသူတို့က ဤသို့ပြောဆိုလာလျှင် ငါတို့က ဤသို့ပြောဆိုကြမည်ဟု မိမိတို့ဘက်သားချင်း တိုင်ပင်ခြင်းကို ဘဏ္ဍန-ဟု ခေါ်သည်။

---

### ❸ ကလဟ အစိပ္ပာယ်

ကလဟ-ဟူသည်မှာ - တဘက်နှင့်တဘက် ကိုယ်အားဖြင့် သော်၎င်း၊ နှုတ်အားဖြင့် သော်၎င်း ခိုက်ရန်ဖြစ်မှုကို ခေါ်သည်။

---

### ❹ ဥပဿုတိ အစိပ္ပာယ်

ဥပဿုတိ ဟူသည်မှာ - ပြောလိုသော စကား ကို ကြားလောက်ရာအရပ်ကို ခေါ်သည်။

ဥပဿုတိန္တိ သုတိသမီပံ၊ ယတ္ထ ဌတွာ သက္ကာ ဟောတိ
တေသံ ဝစနံ သောတုံ၊ တတ္ထ တိဋ္ဌေယျာတိ အတ္ထော။
(ကင်္ခါ ၂၉၅-ဧ)

# ကမ္မပစ္စဇာဟန သိက္ခာပုဒ်

●

## ● ဓမ္မိကာနံ ကမ္မာနံ-၌ ဓမ္မိက ကမ္မ အဝိပ္ပာယ်

ဓမ္မိကာနံ ကမ္မာနံ-၌ ဓမ္မိက ကမ္မ ဟူသည်မှာ-ဝိနည်းတော်နှင့်အညီ ပြုလုပ်အပ်သော စောဒနာ သာရဏာ ဝိနည်း ဥတ်ကမ္မဝါစာဖြင့် ပြုလုပ်အပ်သော ကံကို ခေါ်သည်။

ဓမ္မိကာနံ ကမ္မာနန္တိ ဓမ္မေန ဝိနယေန သတ္ထုသာသနေန ကတာနံ။ (ကင်္ခါ ၂၉၆-၇)

---

## ● ဓမ္မိကကမ္မ-သရုပ်

ဓမ္မိကကမ္မ သရုပ်ကား-

၁။ အပလောကနကံ၊

၂။ ဉတ္တိကံ၊

၃။ ဉတ္တိဒုတိယကံ၊

၄။ ဉတ္တိစတုတ္ထကံ-ဟူ၍ (၄)မျိုးရှိသည်။

အပလောကနကမ္မံ ဉတ္တိကမ္မံ ဉတ္တိဒုတိယကမ္မံ ဉတ္တိစတုတ္ထကမ္မန္တိ ဣမေသံ စတုန္နံ ကမ္မာနံ။

(ကင်္ခါ ၂၉၆-၇)

---

## ● အပလောကနကံ အဝိပ္ပာယ်

အပလောကနကံ ဟူသည်မှာ-သံဃာ စည်းဝေး ပြီးသော အခါ ရစ္စတိသံဃာ (သံဃာတော်များ နှစ်သက် ပါ၏လော) စသည်ဖြင့် သုံးကြိမ်သုံးခါ ပန်ကြား၍ ပြုအပ်သောကံကို ခေါ်သည်။

---

## ဥတ္တိကံ အဓိပ္ပာယ်

ဥတ္တိကံ - ဟူသည်မှာ–ဥတ်တကြိမ်တည်းဖြင့် ပြုလုပ်အပ်သော ဥပုသ်ကံ၊ပဝါရဏာကံ စသော ကံမျိုးကို ခေါ်သည်။

## ဥတ္တိဒုတိယကံ အဓိပ္ပာယ်

ဥတ္တိဒုတိယကံ ဟူသည်မှာ –ဥတ်တကြိမ်၊ ကမ္မဝါစာတကြိမ်ဖြင့် ပြုလုပ်အပ်သော ကထိန်ခင်းသောအခါ ပြုလုပ်သောကံ၊ သိမ်သမုတ်သော အခါ ပြုလုပ်သော ကံမျိုးကိုခေါ်သည်။

## ဥတ္တိစတုတ္ထကံ-အဓိပ္ပာယ်

ဥတ္တိစတုတ္ထကံ ဟူသည်မှာ –ဥတ်တကြိမ်၊ ကမ္မဝါစာ (၃)ကြိမ်ဖြင့် ပြုလုပ်အပ်သော ဥပသမ္ပဒကံ စသော ကံမျိုးကို ခေါ်သည်။

## ဩသာရဏာ(၁၅)ပါး သရုပ်-

ဩသာရဏာ သရုပ်ကား-

| | |
|---|---|
| ၁။ ဩသာရဏာ၊ | ၉။ ဒါန၊ |
| ၂။ နိဿာရဏာ၊ | ၁၀။ ပဋိဂ္ဂဟ၊ |
| ၃။ ဘဏ္ဍုကမ္မ၊ | ၁၁။ ပစ္စုက္ကဍ္ဍန၊ |
| ၄။ ဗြဟ္မဒဏ္ဍ၊ | ၁၂။ ဥဒ္ဒါရ၊ |
| ၅။ ကမ္မလက္ခဏာ၊ | ၁၃။ ဒေသနာ၊ |
| ၆။ ဥပေါသထ၊ | ၁၄။ နိဂ္ဂဟ၊ |
| ၇။ ပဝါရဏာ၊ | ၁၅။ သမနုဘာသန- အားဖြင့် |
| ၈။ သမ္မုတိ၊ | (၁၅)ပါးရှိသည်။ |

## ဆန္ဒအဒတွာဂမန သိက္ခာပုဒ်

### ● ဝိနိစ္ဆယကထာယ ဝတ္တမာနာယအရ ဆုံးဖြတ်၍မပြီးသော ကာလ

ဤသိက္ခာပုဒ်လာ ဝိနိစ္ဆယကထာယ ဝတ္တမာနာယ-အရ ဆုံးဖြတ်၍မပြီးသော ကာလဟူသည်မှာ-

တရားလို့, တရားခံတို့က စွပ်စွဲချေပသော အကြောင်းဝတ္ထုအမှုခင်းကို ဆုံးဖြတ်ခြင်းမပြုရသေးဘဲ မေးဆဲအခါ ဉတ်မျှသာ ထားပြီး ကမ္မဝါစာဆုံးအောင် မဘတ်ရသေးသော အခါကာလကို ခေါ်သည်။

> ဝိနိစ္ဆယကထာယာတိ ယာဝ အာရောစိတံဝတ္ထု အဝိနိစ္ဆိတံ၊ ဉတ္တိံ ဝါ ထပေတွာ ကမ္မဝါစာ အနိဋ္ဌာပိတာ၊ တာဝ ဝိနိစ္ဆယကထာ ဝတ္တမာနာ နာမ ဟောတိ။
> (ကင်္ခါ ၃၀၀-ဣ)

---

### ● ဆန္ဒမပေးဘဲသွားရာ၌ အာပတ်သင့်ပုံ

ဆန္ဒမပေးဘဲသွားရာ၌ အာပတ်သင့်ပုံမှာ-

၁။ ကံပျက် စေလိုသော စိတ်ဖြင့် သံဃာ ပရိသတ်၏ ဟတ္ထပါသ်ကို စွန့်ခိုက်တွင် ဒုက္ကဋ်အာပတ် သင့်သည်။

၂။ စွန့်ပြီးသောအခါတွင် ပါစိတ်အာပတ်သည်။

> ယောဘိက္ခု ဘေသိံ အန္တရေ ကမ္မံ ကောပေတုကာမတာယ ပရိသာယ ဟတ္ထပါသံ ဝိဇဟတိ၊ တဿ ဝိဇဟနေ ဒုက္ကဋံ၊ ဝိဇဟိတေ ပါစိတ္တိယံ။ ၊(ကင်္ခါ ၃၀၀-ဣ)

# ဒုဗ္ဗလ သိက္ခာပုဒ်

## သမဂ္ဂသံဃာ အဓိပ္ပာယ်

သမဂ္ဂသံဃာ-ဟူသည်မှာ-တူသော ကံကြီး, ကံငယ် ရှိ၍ တသိမ်တည်းတွင် တည်ရှိသော ရဟန်းအပေါင်းကို သမဂ္ဂသံဃာ ဟု ဆိုသည်။

သမဂ္ဂေန သံဃေနာတိ သမာနသံဝါသကေန သမာန သီမာယံ ဌိတေန သံဃေန သဒ္ဓိံ စီဝရံ ဒတွာ။

(ကင်္ခါ ၃၀၁-ဣ)

---

## ရှုတ်ချပုံပြပါဠိ

ဤသိက္ခာပုဒ်လာ ရှုတ်ချပုံပြပါဠိကား-

"ယထာသန္ထုတံ။ပ။ပရိဏာမေန္တိ"ဖြစ်သည်။

---

## မပေးစွန့်ကောင်းသော ဂရုဘဏ်ပစ္စည်းများ

မပေးစွန့်ကောင်းသော ဂရုဘဏ်ပစ္စည်းများကား-

၁။ အရာမ်၊အရာမ်မြေ၊

၂။ ကျောင်း၊ကျောင်းရာမြေ၊

၃။ ညောင်စောင်း၊အင်းပျဉ်၊ဘုံလျှို၊ခေါင်းအုံး၊

၄။ ကြေး အိုး၊ ကြေးအိုးစရည်း၊ ကြေးလက်ဆွဲအိုး၊ ကြေးဖျဉ်း၊ပဲခွပ်၊ပုဆိန်၊ဓားမ၊ပေါက်တူး၊ဆောက်။

၅။ နွယ်၊ ဝါး၊ ဖြူဆံမြက်၊ ပြိတ်မြက်၊ သက်ငယ်မြက်၊ မြေညက်၊သစ်ဘဏ္ဍာ၊မြေဘဏ္ဍာ-ဟူ၍ (၂၅)ပါးရှိသည်။

## ပရိဏတ သိက္ခာပုဒ်

●

### ● ပရိဏာမနနှစ်ပါး အထူး

နိဿဂ္ဂိယတွင် လာသော ပရိဏတ သိက္ခာပုဒ်အရ ပရိဏာမနနှင့် ဤသိက္ခာပုဒ်တွင်လာသော ပရိဏာမနတို့မှာ မတူညီချေ၊ နိဿဂ္ဂိယတွင်လာသော ပရိဏာဘသိက္ခာပုဒ်အရ ပရိဏာမနကား-မိမိသို့ညွတ်စေသဖြင့် နိဿဂ္ဂိပါစိတ်အာပတ်သင့်သည်။

ဤသိက္ခာပုဒ်တွင် လာသော ပရိဏာမနကား- ပုဂ္ဂိုလ်သို့ညွတ်စေသဖြင့် ပါစိတ်အာပတ်သင့်သည်။

တတ္ထ အတ္တနော ပရိဏာမိတတ္တာ နိဿဂ္ဂိယံ ပါစိတ္တိယံ၊
ဣဓ ပုဂ္ဂလဿ ပရိဏာမိတတ္တာ သုဒ္ဓိကပါစိတ္တိယံ။

(ကင်္ခါ ၃၀၁-ဋ္ဌ)

---

## ရတနဝဂ်
## အန္တေပုရ သိက္ခာပုဒ်

●

### ● အနိက္ခန္တရာဇက အဓိပ္ပာယ်

အနိက္ခန္တရာဇက-ဟူသည်မှာ - ရှင် ဘုရင် ရှိနေ သည် ကို ခေါ်သည်။

အနိက္ခန္တော ရာဇာ ဧတသ္မိံတိ အနိက္ခန္တရာဇကံ၊ တသ္မိံ
အနိက္ခန္တရာဇကေ၊ သယနိဃရေတိ အတ္ထော။

(ကင်္ခါ ၃၀၇-ဋ္ဌ)

### ● အနိဂ္ဂတရတနက အဓိပ္ပာယ်

အနိဂ္ဂတရတနက ဟူသည်မှာ-မိဖုရားရှိနေသည်ကို ခေါ်သည်။

ရတနံ ဝုစ္စတိ မဟေသိ၊ နိဂ္ဂတန္တိ နိက္ခန္တံ၊ အနိဂ္ဂတံ ရတနံ
ဣတောတိ အနိဂ္ဂတ ရတနကံ။ (ကခ်ါ ၃၀၇-ဣ)

---

● ဣန္ဒခိလံ အတိက္ကာမေယျ အရ အာပတ်သင့်ပုံ

ဣန္ဒခိလံ အတိက္ကာမေယျ အရ အာပတ်သင့်ပုံမှာ-

၁။ အိပ်ရာတိုက်ခန်း၏ တံခါး ခုံကို ပထမခြေ တလှမ်း ကျော်မိသောအခါ ဒုက္ကဋ်အာပတ် သင့်သည်။

၂။ ဒုတိယခြေလှမ်းကျော်မိသောအခါ ပါစိတ်အာပတ် သင့်သည်။

သယနိဃရဿ ဥမ္မာရံ ပဌမံ ပါဒံ အတိက္ကာမေန္တဿ
ဒုက္ကဋံ၊ ဒုတိယံ ပါစိတ္တိယံ။ (ကခ်ါ ၃၀၇-ဣ)

---

## ရတန သိက္ခာပုဒ်

● ရတန အဓိပ္ပာယ်

ဤသိက္ခာပုဒ်လာ ရတန အရကား-

၁။ ပုလဲ၊
၂။ ပတ္တမြား၊
၃။ ကြောင်မျက်ရွဲ၊
၄။ ခရုသင်း၊
၅။ ကျောက်သလင်း၊
၆။ သန္တာ၊
၇။ ငွေ၊
၈။ ရွှေ၊
၉။ ပတ္တမြားနီ၊
၁၀။ ပတ္တမြားပြောက် - ဟူ၍ (၁၀)ပါး ရှိသည်။

ရတနန္တိ ပုတ္တာဒိ ဒသဝိဓံ ရတနံ။ (ကခ်ါ ၃၀၈-ဣ)

## ● ရတန သမ္မတ အဓိပ္ပာယ်

ရတနသမ္မတ-ဟူသည်မှာ-ရတနာ(၁၀)ပါးမှ တပါးလူတို့၏ အတွင်းအပြင် သုံးဆောင်အပ်သော ပစ္စည်းများကို ရတနသမ္မတ-ဟု ခေါ်သည်။

ရတနသမ္မတန္တိ ယံကိဉ္စိ မနုဿာနံ ဥပဘောဂ ပရိဘောဂံ။
(ကခ်ါ ၃၀၈-ဋ္ဌ)

——

## ● အဇ္ဈာရာမ အဓိပ္ပာယ်

အဇ္ဈာရာမ ဟူသည်မှာ-

၁။ အကာအရံရှိသောကျောင်းဖြစ်ပါက အရံအတွင်းကို အဇ္ဈာရာမ ခေါ်သည်။

၂။ အကာအရံမရှိသောကျောင်း ဖြစ်ပါက အစွန်ဆုံးသောကျောင်းမှ ခဲ နှစ်ပစ် ကျရာ အရပ် အတွင်းကို အဇ္ဈာရာမ ခေါ်သည်။

အဇ္ဈာရာမေ၀ါတိ ပရိက္ခိတ္တဿ အန္တော ပရိက္ခေပေ၊
အပရိက္ခိတ္တဿ ဒွိန္နံလေဍ္ဍုပါတာနံ အန္တော။
(ကခ်ါ ၃၀၈-ဋ္ဌ)

——

## ● အဇ္ဈာဝသထ အဓိပ္ပာယ်

အဇ္ဈာဝသထ ဟူသည်မှာ-

၁။ အကာအရံ ရှိလျှင် အကာအရံ အတွင်းကို အဇ္ဈာဝသထ-ဟု ခေါ်သည်။

၂။ အကာအရံ မရှိလျှင် အကာအရံ အတွင်းမှ ပစ်လိုက်သော ကျည်ပွေ့ ကျရာ အရပ်အတွင်းကို အဇ္ဈာဝသထ ဟု ခေါ်သည်။

အဇ္ဈာဝသထေဘိ ပရိက္ခိတ္တဿ အန္တော ပရိက္ခေပေ၊
အပရိက္ခိတ္တဿ မုသလပါတဗ္ဘန္တရေ။ (ကခ်ါ ၃၀၈-ဋ္ဌ)

● **ရတနာ(၁၀)ပါးကို ကောက်ယူမှုအတွက် အာပတ်သင့်ပုံ**

ရတနာ(၁၀)ပါးကို ကောက်ယူမှုအတွက် အာပတ်သင့်ပုံမှာ-

၁။ ရွှေ,ငွေကို မိမိအတွက် ကောက်ယူပါက နိဿဂ္ဂိယပါစိတ်အာပတ်သင့်သည်။

၂။ ရွှေ,ငွေကို သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်၊ စေတီတို့အတွက် ကောက်ယူပါက ဒုက္ကဋ်အာပတ်သင့်သည်။

၃။ ပုလဲစသော ရှစ်ပါးကို မည်သူ့အတွက်ဘဲကောက်ယူ ကောက်ယူ ဒုက္ကဋ်အာပတ် သင့်သည်။

သံဃ ဂဏ ပုဂ္ဂလ စေတိယ နဝကမ္မာနံ အတ္ထာယ ဒုက္ကဋံ၊
အဝသေသေ မုတ္တာဒိရတနေ သဗ္ဗေသမ္ပိ အတ္ထာယ ဒုက္ကဋမေဝ။ (ကခ်ါ ၃၀၈-ဋ္ဌ)

---

## ဝိကာလ ဂါမပ္ပဝေသန သိက္ခာပုဒ်

● **ဝိကာလ အဓိပ္ပာယ်**

ဤသိက္ခာပုဒ်လာ ဝိကာလ- ဟူသည်မှာ-မွန်းလွဲသည်မှ အရုဏ်တက်သည်အထိကို ဝိကာလ-ဟု ခေါ်သည်။

---

● **ရွာအတွင်းသို့ဝင်သောအခါ ပန်ကြားပုံပါဠိ**

ရွာအတွင်းသို့ဝင်သောအခါ ပန်ကြားပုံ ပါဠိကား-
"ဝိကာလေ ဂါမပ္ပဝေသနံ အာပုစ္ဆာမိ" ဖြစ်သည်။
၎င်းကို ပါဠိဘာသာဖြင့် ဖြစ်စေ၊ မြန်မာ ဘာသာဖြင့် ဖြစ်စေ ပန်ကြားနိုင်သည်။

## ● အစ္စာယိက ကရဏီယ ကိစ္စ အဓိပ္ပာယ်

အစ္စာယိက ကရဏီယ ကိစ္စ ဟူသည်မှာ-မီး၊ရေ၊မင်း၊ခိုးသူ စသော အရေးကြီးသော ကိစ္စများကို ခေါ်သည်။

---

## ● ရဟန်းတော်များ မပန်ကြားဘဲသွားရာ၌ အာပတ်သင့်ပုံ

ရဟန်းတော်များ မပန်ကြားဘဲ သွားရာ၌ အာပတ်သင့်ပုံမှာ-

၁။ အကာအရံရှိသောရွာ ဖြစ်ပါက အကာအရံအတွင်းသို့၊ အကာအရံ မရှိသောရွာ ဖြစ်ပါက ရွာ၏ ဥပစာ အတွင်းသို့ ခြေတလှမ်း လှမ်းသွားမိသောအခါ ဒုက္ကဋ်အာပတ် သင့်သည်။

၂။ ဒုတိယ ခြေတလှမ်း လှမ်းသွားမိသောအခါ ပါစိတ် အာပတ် သင့်သည်။

> ပရိက္ခိတ္တဿ ဂါမဿ ပရိက္ခေပံ အတိက္ကမန္တဿ၊ အပရိက္ခိတ္တဿ ဥပစာရံ ဩက္ကမန္တဿ ပဌမပါဒေ ဒုက္ကဋံ၊ ဒုတိယပါဒေ ပါစိတ္တိယံ။ (ကင်္ခါ ၃၀၉-၁၀)

---

## ● ရဟန်းအားလုံး ရွာတွင်းသို့ဝင်ရာ၌ ပန်ကြားပုံ

ကျောင်းရှိ ရဟန်းအားလုံး ရွာတွင်းသို့ ဝင်သောအခါ ပန်ကြားပုံမှာ- အချင်းချင်း ပန်ကြားရသည်။ ယင်းသို့ အချင်းချင်း ပန်ကြားပြီးမှ ရွာတွင်းသို့ ဝင်ရသည်။

ရွာတွင်းသို့ ဝင် သွား ပြီး ကိစ္စ မပြီး ပြတ် သေး သဖြင့် နောက်ထပ် အခြားရွာသို့ဆက်သွားလိုပါမူ ပန်ကြား ရန် မလိုတော့ချေ။

သစေပိ သမ္ပဟုလာ ကေနစိ ကမ္မေန ပဝိသန္တိ၊ သဗ္ဗေဟိ
အညမညံ အာပုစ္ဆိတဗ္ဗံ၊ တသ္မိံ ဂါမေ တံကမ္မံ နသမ္ပဇ္ဇ
တိတိ အညံ ဂါမံ ဂစ္ဆန္တာနံ ပုန အာပုစ္ဆနကိစ္စံ နတ္ထိ။

—— (ကင်္ခါ ၃၀၉-၁၀-ဌ)

## သူစိဃရ သိက္ခာပုဒ်

●

## ● သူစိဃရ ပြုလုပ်မှု၊ ပြုလုပ်ခိုင်းမှုအတွက် အာပတ်သင့်ပုံ

သူစိဃရကို မိမိကိုယ်တိုင် ပြုလုပ်မှု၊ သူတပါးအား ပြုလုပ်ခိုင်းမှုအတွက် အာပတ်သင့်ပုံမှာ-

၁။ ကိုယ်တိုင်ပြုလုပ်မှု၊ သူတပါးအား ပြုလုပ်ခိုင်းမှုအတွက် ဒုက္ကဋ်အာပတ် သင့်သည်။

၂။ ပြုလုပ်၍ ပြီးစီးသောအခါ ပါစိတ်အာပတ် သင့်သည်။

ဝေရူပေ သူစိဃရေ ကရဏကာရာပနေသု ဒုက္ကဋံ၊ ပဋိ
လာဘေန ပန တံ ဘိန္ဒိတွာ ပါစိတ္တိယံ ဒေသေတဗ္ဗံ။

—— (ကင်္ခါ ၃၁၁-ဌ)

## မဉ္စ သိက္ခာပုဒ်

●

## ● ပမာဏထက်ပိုလွန်သော ညောင်စောင်း အင်းပျဉ်ကို အသုံးပြုနိုင်အောင် ပြုလုပ်ပုံ

ပမာဏထက် ပိုလွန်သော ညောင်စောင်း အင်းပျဉ်ကို အသုံးပြုနိုင်အောင် ပြုလုပ်ပုံမှာ-

၁။ ပိုနေသည်ကို ဖြတ်၍ရင်း၊

၂။ မြှုပ်၍ရင်း၊

၃။ ညောင်စောင်းကို ပက်လက်လှန်၍ ဖြစ်စေ၊ အသုံး ပြုနိုင်ပေသည်။

ပမာဏာတိက္ကန္တံ လဘိတွာ ဆိန္ဒိတွာ ယထာ ပမာဏ မေဝ ဥပရိ ဒိဿတိ၊ ဧဝံ နိခဏိတွာဝါ ဥတ္တာနံဝါ ကတွာ အဇ္ဈာကံဝါ ဗန္ဓိတွာ ပရိဘုဉ္ဇတိ။ (ကခ်ါ ၃၁၈-၉)

---

## တူလောနဒ္ဓ သိက္ခာပုဒ်

●

### ● တူလောနဒ္ဓ အမည်ရသော မဉ္စ-ပီဌ

တူလောနဒ္ဓ အမည်ရသော မဉ္စ ပီဌ ဟူသည်မှာ - လဲကို အောက်ထက် ပုဆိုးကျက်ကာ ဖွဲ့ယှက် မေးရစ်ရာဖြစ်သော မဉ္စ၊ ပီဌ မျိုးကို ခေါ်သည်။

---

### ● တူလ အပြား

တူလ အပြားကား-

၁။ သစ်လဲ၊

၂။ နွယ်လဲ၊

၃။ မြက်လဲ ဟူ၍ (၃)မျိုး ရှိသည်။

## ● တူလောနဒ္ဓ မဥ္စ ပီဌပြုလုပ်ပုံ

တူလောနဒ္ဓ မဥ္စ ပီဌ ပြုလုပ်ပုံမှာ-ညောင်စောင်း အင်းပျဉ် ပေါ်တွင် ခိုင်ခံ့သော အဝတ်အထည်မျိုးကို ဖြန့်ခင်းကာ ယင်း အဝတ်အထည်ပေါ်၌ လဲများကို ညီအောင်ဖြန့်ခင်းပြီး အပေါ် က အဝတ်အထည်တခုခု ဖုံးအုပ် ချုပ်သော အခါ တူလောနဒ္ဓ မဥ္စ ပီဌ ဖြစ်သည်။

စိမိလိကံ ပတ္ထရိတ္ဂာ တူလံ ပက္ခိပိတ္ဂာ ဥပရိ စိမိလိကာယ
ဩနဒ္ဓတ္တိ ဝုတ္တံ ဟောတိ။ (ကခ်ါ ၃၁၂-ဋ္ဌ)

---

## ● ခေါင်းအုံး ပမာဏ

ခေါင်းအုံးပမာဏကား-အလျားနှစ်တောင်၊ အနံတောင် ဆုပ်မျှ ပမာဏ ရှိသည်။

သီသပ္ပမာဏံ နာမ ယဿ ဝိတ္ထာရော တီသု ကောဏေသု
ဒွိန္နံ အန္တရံ ဝိဒတ္ထိ စတုရင်္ဂုလံ ဟောတိ၊ မဇ္ဈေ မုဋ္ဌိရတနံ၊
ဒီဃတော ဒိယဍ္ဎရတနံ ဝါ ဒွိရတနံ ဝါ။
(ကခ်ါ ၃၁၂-ဋ္ဌ)

---

# နိသီဒန သိက္ခာပုဒ်

●

## ● နိသီဒိုင်သင်္ကန်း အစိပ္ပာယ်

နိသီဒိုင်သင်္ကန်း ဟူသည်မှာ - အစွန်း တဘက်မှ အမြိတ် အဆာ (၃)ခုပါသောသင်္ကန်းကို နိသီဒိုင်သင်္ကန်းဟု ခေါ်သည်။

## ● နိသီဒိုင်သက်နိုး ပြုလုပ်ပုံ

နိသီဒိုင်သက်နိုး ပြုလုပ်ပုံမှာ - သက်နိုးဟောင်း တခုခုကို ဖြန့်ခင်းကာ အစွန်းတဘက်မှ မြတ်စွာဘုရား၏ တထွာမျှရှိသော အရပ်ကို သုံးထပ် အညီအမျှချိုးကာ ခေါက်ရိုးတင်သော နေရာနှစ်ခုတွင် ဓားဖြင့် ဖြတ်လှီးကာ အမြိတ်အဆာ သုံးခုဖြစ်အောင် ပြုလုပ်ရသည်။

---

## ကဏ္ဍုပဋိစ္ဆာဒိ သိက္ခာပုဒ်

## ● ကဏ္ဍု ပဋိစ္ဆာဒိ ခေါ် အမာလွှမ်းသက်နိုးကို ခွင့်ပြုရခြင်း အကြောင်း

ကဏ္ဍုပဋိစ္ဆာဒိခေါ် အမာလွှမ်းသက်နိုးကို ခွင့်ပြုရခြင်းမှာ-ချက်မှ အောက်အရပ်၊ ဒူးဆစ်မှ အထက်အရပ်တို့ဘွင် အနာ ပေါက်လျှင် သင်းပိုင် စသော အဝတ်ကို ပေကျံ့မည် စိုးသောကြောင့် ထိုအနာများကို ဖုံးလွှမ်းရန် အတွက် ကဏ္ဍု ပဋိစ္ဆာဒိ ခေါ် အမာလွှမ်း သက်နိုးကို ခွင့်ပြုရပေသည်။

ကဏ္ဍုပဋိစ္ဆာဒိန္တိ အဓောနာဘိ ဥဗ္ဘဇာဏု မဏ္ဍလံ ကဏ္ဍုပိဠကာ အဿာဝ ထုလ္လကစ္ဆာဗာဓာနံ ပဋိစ္ဆာဒနတ္ထံ အနုညာတံ စီဝရံ။ (ကခ်ါ ၃၁၃-ဏ္ဍ)

သုဒ္ဓပါစိတ် ပြီး၏။

# ၀ိတ္တာရဒွေသ-ပါဋိဒေသနီ

### ပဥ္စမ ပါဋိဒေသနီ သိက္ခာပုဒ်

● **ပါဋိဒေသနီ အဓိပ္ပာယ်**

ပါဋိဒေသနီ ဟူသည်မှာ - အခြားအခြား အာပတ်များကဲ့သို့ ဒေသနာမပြောကြားရဘဲ "ဂါရယှံ အာဝုသော" စသည်ဖြင့် သီးခြား ဒေသနာ ကြားရသော ကြောင့် ပါဋိဒေသနီ မည်သည်။

---

● **ပါဋိဒေသနီ အာပတ် ဒေသနာကြားပုံ**

ပါဋိဒေသနီအာပတ် ဒေသနာ ကြားပုံကား-

"ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနီယံ၊ တံ ပဋိဒေသေမိ" ဟူ၍ ဒေသနာ ကြားရသည်။

---

● **ဤသိက္ခာပုဒ်အရ ခဲဘွယ် ဘောဇဉ် ခံ ယူ ကောင်း သော အရပ်နှင့် မခံယူကောင်းသော အရပ်**

၁။ ဤ သိက္ခာပုဒ် အရ ခဲဘွယ် ဘောဇဉ် ခံယူကောင်းသောအရပ်ကား-ရွာတွင်းမဟုတ်သောကျောင်းတိုက်တွင် ပေးလှူပါက ခံယူကောင်းသည်။

၂။ မခံယူကောင်းသောအရပ်ကား-ပေးလှူသော ဘိက္ခုနီမ မြို့တွင်း၊ ရွာတွင်း၊ အိမ်တွင်း တွင် ရှိနေခိုက် ပေး လှူ ပါက မခံယူကောင်းချေ။

● **အမျိုးမတော်သော ဘိက္ခုနီမထံမှ ယာဝကာလိကဝတ္ထု ခံယူစားသောက်မှုအတွက် အာပတ်သင့်ပုံ**

အမျိုးမတော်သော ဘိက္ခုနီမထံမှ ယာဝကာလိကဝတ္ထု ကို ခံယူစားသောက်မှုအတွက် အာပတ်သင့်ပုံမှာ-

၁။ မျိုရန်အတွက် ခံယူပါက ဒုက္ကဋ်အာပတ် သင့်သည်။

၂။ မျိုချတိုင်း - မျိုချတိုင်း ပါဋိဒေသနီ အာပတ် သင့် သည်။

ယံကိဉ္စိ အာမိသံ အဇ္ဈောဟရဏတ္ထာယ ဂဏှာတော ပဋိဂ္ဂ ဟဏေ ဒုက္ကဋံ၊ အဇ္ဈောဟာရေ အဇ္ဈောဟာရေ ပါဋိ ဒေသနီယံ။ (ကခ်ါ ၃၃၀-ဟံ)

---

## ဒုတိယ ပါဋိဒေသနီ သိက္ခာပုဒ်

●

● **ဝေါသာသနာကာရပြ ပါဋိ**

ဤသိက္ခာပုဒ်လာ ဝေါသာသနာကာရပြ ပါဋိကား- "ဤမ သူပံ ဒေထ၊ ဤမ ဩဒနံ ဒေထ" ဖြစ်သည်။

---

● **တားမြစ်မောင်းမဲပုံ ပါဋိ**

ဤသိက္ခာပုဒ်လာ တားမြစ်မောင်းမဲပုံ ပါဋိကား- " အပသက္က တာဝ ဘဂိနိ ယာဝဘိက္ခူ ဘုဉ္ဇန္တီတိ " ဖြစ်သည်။

## တတိယပါရာဇိကဒေသနီ သိက္ခာပုဒ်

●

### ● ပုဗ္ဗေအနိမန္တိတ အစီပွာယ်

ဤသိက္ခာပုဒ်လာ ပုဗ္ဗေ အနိမန္တိတ ဟူသည်မှာ- သေက္ခ သမ္မတ အမည်ရသော ဒါယကာတို့၏ နေထိုင်ရာဥပစာအတွင်းသို့ မရောက်မီ ပင့်ဘိတ် မထားသည်ကို ပုဗ္ဗေ အနိမန္တိတ-ဟု ခေါ် သည်။

ပုဗ္ဗေ အနိမန္တိတောတိ ဃရူပစာရောက္ကမနတော ပဌမ တရံ ဥပစာရံ အနောက္ကန္တေယေဝ ပုဗ္ဗေ အနိမန္တိတော။
(ကင်္ခါ ၃၄၀-ဟံ)

———

### ● အဂိလာန အစီပွာယ်

ဤသိက္ခာပုဒ်လာ အဂိလာန ဟူသည်မှာ-ဆွမ်းခံသွားလာ နိုင်သော ရဟန်းကို အဂိလာန-ဟု ခေါ်သည်။

အဂိလာနောနာမ ယော သက္ကောတိ ပိဏ္ဍာယ စရိတုံ။
(ကင်္ခါ ၃၄၀-ဟံ)

———

### ● ပုဗ္ဗေ အနိမန္တိတ ရဟန်း သေက္ခ သမ္မတ ဒါယကာ အိမ်မှ ခံယူကောင်းသော ဘောဇဉ်များ

ပုဗ္ဗေ အနိမန္တိတ ရဟန်း၊ သေက္ခသမ္မတ ဒါယကာအိမ်မှ ခံယူကောင်းသော ဘောဇဉ်မျိုးကား-

၁။ ဆွမ်းစားစရပ် စသော နေရာသို့ ယူဆောင်လှူဒါန်း သော အပ်သည့်ခဲဘွယ်ဘောဇဉ်မျိုး၊

၂။ ရဟန်းကို မမြင်ရမီကပင် အိမ် အပြင်သို့ ထုတ်၍ လှူဒါန်းရန် ပြင်ဆင်ထားသည့် ခဲဘွယ်ဘောဇဉ်မျိုး၊

၃။ သေက္ခ သမ္မတ ဒါယကာတို့က လှူဒါန်းသော နိစ္စဘတ်၊ သလာကဘတ်၊ ပက္ခိကဘတ်၊ ဥပေါသထိကဘတ်၊ ပါဋိပဒိကဘတ်မျိုးတို့ ဖြစ်ကြသည်။

---

● ပုဗ္ဗေ အပ္ပဋိသံဝိဒိတော-ဥ် ပုဗ္ဗ အဓိပ္ပာယ်

ပုဗ္ဗေ အပ္ပဋိသံဝိဒိတော-ဥ် ပုဗ္ဗ ဟူသည်မှာ - အရာမ်၏ ဥပစာအတွင်းသို့ မရောက်မီအချိန်အခါကို ပုဗ္ဗ-ဟု ခေါ်သည်။

---

● ပုဗ္ဗေ အပ္ပဋိသံဝိဒိတော-ဥ် အပ္ပဋိသံဝိဒိတ အဓိပ္ပာယ်

ပုဗ္ဗေ အပ္ပဋိသံဝိဒိတော-ဥ် အပ္ပဋိသံဝိဒိတ ဟူသည်မှာ-ကြိုတင်၍ လျှောက်ထားခြင်း မရှိသော ခဲဘွယ် ဘောဇဉ်မျိုးကို အပ္ပဋိသံဝိဒိတ-ဟု ခေါ်သည်။

ပါဠိဒေသနီ ပြီး၏။

# ၀ိတ္ထာရဒွေသ-သေခိယ

## ပရိမဏ္ဍလ သိက္ခာပုဒ်

### ● သေခိယ အစီပွာယ်

သေခိယ ဟူသည်မှာ- ကျင့်ကြံကြိုးကုတ် အားထုတ်အပ်သောကြောင့် သေခိယ-မည်သည်။

---

### ● သေခိယသိက္ခာပုဒ်များ၌ သင်္ချာမတပ်ခြင်းအကြောင်း

သေခိယသိက္ခာပုဒ်များ၌ သင်္ချာမတပ်ခြင်းမှာ - သေခိယ ဟူသည်မှာ ဤမျှသာ မဟုတ်သေး၊ ဝတ္တက္ခန္ဓကတွင် လာသော ဝတ်တို့သည်လည်း ကျင့်ကြံကြိုးကုတ် အားထုတ်အပ်သည် ဖြစ်၍ သေခိယပင် မည်လေသည်။ ထို့ကြောင့် ဤသေခိယ သိက္ခာပုဒ်များကို ပြဆိုရာ၌ သင်္ချာမတပ်ခြင်း ဖြစ်သည်။

> ဇွေ့ စ ယသ္မာ ဝတ္တက္ခန္ဓကေ ဝုတ္တဝတ္တာနိပိ သိက္ခိတဗ္ဗတ္တာ သေခိယာနေဝ။ (ကင်္ခါ ၃၄၂-ဟံ)

---

### ● သေခိယသိက္ခာပုဒ်များကို ကျင့်ရမည့်နေရာများ

သေခိယ သိက္ခာပုဒ်များကို ကျင့်ရမည့်နေရာများကား— အာရာမတွင်ရှင်း၊ အန္တရဃရတွင်ရှင်း ကျင့်ရပါသည်။

> သိက္ခာ ကရဏီယာတိ ဧဝံ နိဝ ါသေဿာမီတိ အာရာမေပိ အန္တရဃရေပိ သဗ္ဗတ္ထ သိက္ခာ ကာတဗ္ဗာ။

---

(ကင်္ခါ ၃၄၂-ဟံ)

## ● သေခိယသိက္ခာပုဒ် ကျူးလွန်ခြင်းအပြစ်

သေခိယသိက္ခာပုဒ် ကျူးလွန်ခြင်း အပြစ်များကား -

၁။ ယင်း သေခိယ သိက္ခာပုဒ်များကို ရဟန်းတော်များ ကျူးလွန်ပါက ဒုက္ကဋ်အာပတ် သင့်သည်။

၂။ သာမဏေများ ကျူးလွန်ပါက ဒဏ်သင့်ပေသည်။

---

## ● သေခိယ သိက္ခာပုဒ်များတွင် အာပတ်အမည် မတပ်ခြင်း အကြောင်း

သေခိယ သိက္ခာပုဒ်များတွင် အခြားသိက္ခာပုဒ်များကဲ့သို့ အာပတ်အမည်မတပ်ပေ၊ အကြောင်းကား-ယင်းသေခိယ သိက္ခာပုဒ်များမှာ စာရိတ္တဝိနည်းကံဖြစ်သဖြင့် မတပ်ခြင်း ဖြစ်သည်။

စာရိတ္တဝိနယဒဿနတ္ထဉ္စ ယော ပန ဘိက္ခု ဩလမ္ဗေန္တော နိဝါသေယျ ဒုက္ကဋဿ ဝေံ အာပတ္တိနာမေန အဝတွာ သိက္ခာကရဏီယာတိ ဧဝံ သိက္ခာပဒေသု ပါဠိ အာရောပိတာ။ (ကခ်ါ ၃၄၂-ဟံ)

---

## ● သေခိယ သိက္ခာပုဒ်များကို ရဟန်းတော်များ ကျူးလွန်ပါက ဒုက္ကဋ်အာပတ်သင့်သည်ဟု ပြဆိုရခြင်းအကြောင်း

သေခိယ သိက္ခာပုဒ်များတွင် အာပတ်အမည် မတပ်ထားပေ၊ သို့သော် ယင်းသိက္ခာပုဒ်များကို ရဟန်းတော်များ ကျူးလွန်ပါက ဒုက္ကဋ်အာပတ် သင့်သည်ဟု ပြဆိုရခြင်းမှာ-ပဒဘာဇနီတွင် "အာပတ္တိ ဒုက္ကဋဿ"ဟု ဟောတော်မူသောကြောင့် ပြဆိုရခြင်း ဖြစ်သည်။

ပဒဘာဇနေ ပန အာပတ္တိ ဒုက္ကဋဿာတိ ဝုတ္တတ္တာ သဗ္ဗတ္ထ အနာဒရိယကရဏော ဒုက္ကဋံ ဝေဒိတဗ္ဗံ။

(ကင်္ခါ ၃၄၃-ဟံ)

---

● **ပရိမဏ္ဍလ-ဝတ်ပုံ**

ပရိမဏ္ဍလဝတ်ပုံမှာ-သင်းပိုင်ကိုဝတ်ရာတွင် အထက်ပိုင်းမှ ချက်၏ပတ်ဝန်းကျင် ဝန်းဝိုင်းစွာ ဖုံးလွှမ်းကာ၊ အောက်ပိုင်းတွင် ဒူးဆစ်အောက် လက်ရှစ်သစ်ချလျက် ဝတ်ခြင်းကို ခေါ်သည်။

ပရိမဏ္ဍလန္တိ ဧတ္ထ နာဘိမဏ္ဍလံ ပဋိစ္ဆာဒေတွာ ဇာဏုမဏ္ဍလဿ ဟေဋ္ဌာ ဇင်္ဃဋ္ဌိကတော ပဋ္ဌာယ အဋ္ဌင်္ဂုလမတ္တံ နိဝါသနံ ဩတာရေတွာ နိဝါသေန္တေန ပရိမဏ္ဍလံ နိဝတ္ထံနာမ ဟောတိ။ (ကင်္ခါ ၃၄၃-ဟ်)

---

● **အပရိမဏ္ဍလ-ဝတ်ပုံများ**

အပရိမဏ္ဍလ ဝတ်ပုံများကား—

၁။ ဥဘတောလမ္ဗက နိဝါသန-ရှေ့ကဖြစ်စေ၊နောက်က ဖြစ်စေ တွဲလျားချ၍ဝတ်ခြင်း၊

၂။ ဟတ္ထိသောဏ္ဍက နိဝါသန - ချက်ရင်းမှစ၍ ဆင်နှာမောင်းကဲ့သို့ တွဲလျားချ၍ဝတ်ခြင်း၊

၃။ မစ္ဆဝါလက နိဝါသန - တဘက်က အမြိတ်စွန်း၊ တသက်က အိတ်ထောင့်စွန်းကို ချလျက် ငါးကြင်းမြီးကဲ့သို့ ဝတ်ခြင်း၊

၄။ စတုကဏ္ဏက နိဝါသန - အပေါ်က အစွန်းနှစ်ခု၊ အောက်က အစွန်းနှစ်ခု ထားလျက် အစွန်းလေးခု ထွက်အောင် ဝတ်ခြင်း၊

၅။ တာလဝဏ္ဋက နိဝါသန-ထန်းရွက် ယပ်ဝန်း ကဲ့သို့ တွဲလျားချ၍ ဝတ်ခြင်း၊

၆။ သတဝလိက နိဝါသန = အထပ်ခေါက်ပေါင်း များစွာ ပြုလုပ်ပြီး အတွန့်အလိပ်ပြု၍ ဝတ်ခြင်း၊

၇။ သံဝေလ္လိယ နိဝါသန - အောက်ပိုး ခါးတောင်း ကျိုက်၍ ဝတ်ခြင်း-တို့ ပြစ်သည်။

---

**သေခိယသိက္ခာပုဒ်များကို ပညတ်ရာဒေသများ**

သေခိယသိက္ခာပုဒ်များကို ပညတ်ရာဒေသများကား-

၁။ သုရုသုရုကာရက ဝဂ်၌ ပဌမသိက္ခာပုဒ်ကို ကောသမ္ဗီ ပြည်တွင် ရဟန်းများစွာကို ပညတ်သည်၊

၂။ ပါနီယထာလကသိက္ခာပုဒ်နှင့် သသိတ္ထကသိက္ခာပုဒ် ကို ဘဂ္ဂတိုင်းတွင် များစွာသောရဟန်းတို့ကို ပညတ် သည်။

၃။ ကြွင်းသော သေခိယ သိက္ခာပုဒ် (၇၂) ပါးကို သာဝတ္ထိပြည်တွင် ဆဗ္ဗဂ္ဂီရဟန်းများကိုပညတ်သည်။

---

**အနုပညတ်ပါရှိသည့် သေခိယသိက္ခာပုဒ်များ**

အနုပညတ်ပါရှိသည့် သေခိယ သိက္ခာပုဒ်များကား-

၁။ သက္ကစ္စဝဂ် သတ္တမသိက္ခာပုဒ်၊

၂။ သုရုသုရုဝဂ် အဆုံးသိက္ခာပုဒ် လေးပုဒ်၊

၃။ ပါဒုကဝဂ် တဆယ့်ငါးပါး၊ပေါင်း နှစ်ဆယ်တည်း။

---

● **အနာပေါက်သည့်အခါ သင်းပိုင်ကိုပင့်၍ စသည် ဝတ် သော်လည်း အာပတ်မသင့်**

ခြေသလုံးတွင်ဖြစ်စေ၊ ဒူးခေါင်းတွင်ဖြစ်စေ အနာပေါက် နေသဖြင့် သင်းပိုင်းကို ပင့်၍သော်၎င်း၊ ချ၍သော်၎င်း လက် ချစ်သစ်ထက်အလွန်ဝတ်လျှင် အပြစ်မရှိချေ။

ဂိလာနဿာတိ ယဿ ဇင်္ဃာယဝါ ပါဒေဝါ ဝဏော ဟောတိ၊ တဿ ဥက္ခိပိတွာဝါ ဩတာရေတွာဝါ နိဝါ သေတုံ ဝဋ္ဋတိ။ (ကင်္ခါ ၃၄၄-ဟံ)

---

● **သေခိယ သိက္ခာပုဒ်အားလုံးနှင့် ဆက်ဆံသောအင်္ဂါများ**

သေခိယ သိက္ခာပုဒ် အားလုံးနှင့် ဆက်ဆံသော အင်္ဂါ များကား-

၁။ မရိုသေသော စိတ်ထားရှိခြင်း၊

၂။ အာပတ်လွတ်ခွင့်ရသော အကြောင်းမရှိခြင်း-ဟူ၍ (၂)ပါး ဖြစ်သည်။

အနာဒရိယံ အနာပတ္တိကာရဏာဘာဝေါ အပရိမဏ္ဍလ နိဝါသနာဒိ ဋ္ဌမာနေတ္ထ တီဏိ အင်္ဂါနိ။ (ကင်္ခါ ၃၄၅-ဟံ)

---

## ဒုတိယ ပရိမဏ္ဍလ သိက္ခာပုဒ်

● **ပရိမဏ္ဍလံ ပါရုပိဿာမိ - အရ ပရိမဏ္ဍလ ဖြစ် အောင် ဝတ်ရုံပုံ**

ပရိမဏ္ဍလံ ပါရုပိဿာမိ အရ ပရိမဏ္ဍလဖြစ်အောင်ဝတ်ရုံ ပုံမှာ-

ပခုံးတွင်တင်သော သက်န်း၏ အနားစွန်းနှစ်ခုကို ညီစွာ ထားကာ ဝတ်ရုံခြင်းကို ခေါ်သည်။

ဂိဟိပါရုတံ အပါရုပိတွာ ဥဘော ကဏ္ဏေ သမံ ကတွာ ပါရုပနံ ပရိမဏ္ဍလ ပါရုပနံနာမ။ (ကင်္ခါ ၃၄၅-ဟံ)

---

**ပါရုပိဿာမိ-အရ ပါရုပနအမျိုးအစား သရုပ်များ**

ပါရုပိဿာမိ အရ ပါရုပနများကား-

၁။ သေတပဋ ပါရုတ၊

၂။ ပရိဗ္ဗာဇက ပါရုတ၊

၃။ ကေသာဋက ပါရုတ၊

၄။ သုရာသောဏ္ဍ ပါရုတ၊

၅။ အန္တေပုရိက ပါရုတ၊

၆။ မဟာဇေဋ္ဌ ပါရုတ၊

၇။ ကုဋိပ္ပဝေသက ပါရုတ၊

၈။ ဗြာဟ္မဏ ပါရုတ၊

၉။ ပါဠိကာရက ပါရုတ - ဟူ၍ (၉)ပါး ရှိသည်။

---

## သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်

**သုပ္ပဋိစ္ဆန္န ဂမန အဓိပ္ပာယ်**

သုပ္ပဋိစ္ဆန္န ဂမန-ဟူသည်မှာ - အနားပတ်သီးကို တပ်ပြီး လျှင် လည်ပင်း၊လက်ကောက်ဝတ်များကို ဖုံးမိအောင် သက်န်းကို ရုံကာ သွားလာခြင်းကို ခေါ်သည်။

ဂဏ္ဍိကံ ပဋိမုဉ္စိတွာ အနုဝါတန္တေန ဂီဝံ ပဋိစ္ဆာဒေတွာ
ဥဘောကဏ္ဏေ သမံ ကတွာ ပဋိသင်္ဃရိတွာ ယာဝ မဏိ
ဗန္ဓံ ပဋိစ္ဆာဒေတွာ အန္တရဃရေ ဂမိယာမိတိ အတ္ထော။
(ကင်္ခါ ၃၄၆-ဟံ)

## ● သုပ္ပဋိစ္ဆန္န နိသီဒန အစိပ္ပာယ်

သုပ္ပဋိစ္ဆန္နနိသီဒန ဟူသည်မှာ-လည်မျိုမှအထက်ဦးခေါင်းကိုရင်း၊ လက်ကောက်ဝတ်မှ ပြင်ဘက်လက်ကိုရင်း၊ သလုံးသားမှ အောက်ခြေကိုရင်း ဖော်ကာ အခြားအင်္ဂါများကိုမူ ဖုံးလျက်ထိုင်ခြင်းကို ခေါ်သည်။

ဂလဝါဋကတော ပဋ္ဌာယ သီသံ မဏိဗန္ဓတော ပဋ္ဌာယ
ဟတ္ထေ ပိဏ္ဍိကမံသတော ပဋ္ဌာယ ပါဒေ ဝိဝရိတွာ
သေသံ ဆာဒေတွာ နိသိန္နော သုပ္ပဋိစ္ဆန္နောနာမ ဟောတိ။
(ကင်္ခါ ၃၄၆-ဟံ)

---

## ● ဝါသူပဂတ ရဟန်း အစိပ္ပာယ်

ဝါသူပဂတ ရဟန်း ဟူသည်မှာ - မြို့တွင်း၊ ရွာတွင်း၌တည်းခို နေ ထိုင် ခိုက် ဖြစ် သော ရဟန်းကို ဝါသူပဂတ ရဟန်းဟု ခေါ်သည်။

---

# ဥဇ္ဇဂ္ဃိကစက္ခု သိက္ခာပုဒ်

●

## ● ဥဇ္ဇဂ္ဃိကစက္ခု အစိပ္ပာယ်

ဥဇ္ဇဂ္ဃိကစက္ခု ဟူသည်မှာ - ရှေ့ကို လေးတောင် မျှ သာ ကြည့်ရှုခြင်းကို ခေါ်သည်။

မှတ်ချက်။ ။ဆင်၊မြင်း၊ မောင်တော်ကား စသော သေားရန် တို့ ကြောင့် မူ ဩကမ္ဘိတ္တစက္ခု မဟုတ်သော်လည်း အာပတ်မသင့်ချေ။

---

## န ဥဇ္ဇဂ္ဃိက သိက္ခာပုဒ်

၁

### ● န ဥဇ္ဇဂ္ဃိက အရ အပြစ်မှ လွတ်အောင် ရယ်နည်း

န ဥဇ္ဇဂ္ဃိက အရ အပြစ်မှ လွတ်အောင် ရယ်နည်းကား- ပြုံးရုံလောက်သာ ပြုံးခြင်းဖြစ်သည်။

ဥဘယတ္ထ ဟသနီယသ္မိံ ဝတ္ထုသ္မိံ မိဟိတမတ္တံ ကရောန္တဿ အနာပတ္တိ။ (ကခ်ါ ၃၄၇-ဟံ)

---

## အပ္ပသဒ္ဒ သိက္ခာပုဒ်

၁

### ● အပ္ပသဒ္ဒ မဟာသဒ္ဒ အဓိပ္ပာယ်

အပ္ပသဒ္ဒ ဟူသည်မှာ - တဆယ့်နှစ်တောင် ကျယ်သော အရပ်တွင် မြောက်အစွန်၌ တပါး၊ အလယ်၌ တပါး၊ တောင်အစွန်၌တပါး တိုင်လျှင် မြောက် အ စွန် ဆုံး ပုဂ္ဂိုလ်က ခြောက်တောင်ခန့် ကွာဝေးသော အလယ်ပုဂ္ဂိုလ်ကို လှမ်း၍ စကားပြောရာ၌ အလယ် ပုဂ္ဂိုလ် က သာ အသံကိုလည်း ကြား၊ စကား၏အဓိပ္ပာယ်ကိုလည်း နားလည်၍၊ တောင်အစွန်မှနေသော ပုဂ္ဂိုလ်မှာ အသံကိုသာ ကြားပြီး နားမလည်ပါက အပ္ပသဒ္ဒ ဖြစ်သည်။

တောင်အစွန်မှာနေသောပုဂ္ဂိုလ်က ကွဲကွဲပြားပြား နားလည်လျှင် မဟာသဒ္ဒ ဖြစ်သည်။

## ဥက္ကုဋ္ဌိကာယ သိက္ခာပုဒ်

●

● ဖဝါးဆွံ့နှင်း၍ သွားခြင်း အဓိပ္ပာယ်

ဥက္ကုဋ္ဌိကာယ သိက္ခာပုဒ်အရ ဖဝါးဆွံ့နှင်း၍ သွားခြင်း ဟူသည်မှာ-

၁။ ဖနောင့်ကိုမြှောက်၍ ခြေဖျားဖြင့်ထောက်၍ သွားခြင်းကိုရှင်း၊

၂။ ခြေဖျားကိုမြှောက်ပြီး ဖနောင့်တို့ဖြင့် သွားခြင်းကို ရှင်း ဖဝါး ဆွံ့နှင်း၍ သွားခြင်းဟု ခေါ်သည်။

ဥက္ကုဋ္ဌိကာ ဝုစ္စတိ ပဏှိယော ဥက္ခိပိတွာ အဂ္ဂပါဒေဟေဝ အဂ္ဂပါဒေဝါ ဥက္ခိပိတွာ ပဏှိဟိယေဝ ဘူမိယံ ဖုသန္တဿ ဂမနံ။ (ကခါ ၃၄၀-ဟံ)

---

## ပလ္လတ္ထိကာယ သိက္ခာပုဒ်

●

● လက်အာယောဂပတ်၊ ပုဆိုးအာယောဂပတ် အဓိပ္ပာယ်

ပလ္လတ္ထိကာယ သိက္ခာပုဒ်အရ လက် အာယောဂပတ်၊ ပုဆိုး အာယောဂပတ် ဟူသည်မှာ-

၁။ လက် အာယောဂ ပတ် ဟူသည် ဒူးနှစ်ဘက်ကို ထောင်ကာ လက်ဖြင့် ပတ်ဖွဲ့လျက် ထိုင်ခြင်းကို ခေါ်သည်။

၂။ ပုဆိုး အာယောဂပတ်ဟူသည် သင်္ကန်းဖြင့် ရစ် သိုင်း ပတ်ဖွဲ့ကာ ထိုင်ခြင်းကို ခေါ်သည်။

## သက္ကစ္စ သိက္ခာပုဒ်

### ● သက္ကစ္စ ပဋိဂ္ဂဟဏ အဓိပ္ပာယ်

သက္ကစ္စ ပဋိဂ္ဂဟဏဟူသည်မှာ - ဆွမ်းကို လိုလိုချင်ချင် လေးလေးစားစား ခံယူခြင်းကိုခေါ်သည်။

---

## ပတ္တသညီ သိက္ခာပုဒ်

### ● ပတ္တသညီ အဓိပ္ပာယ်

ပတ္တသညီ ဟူသည်မှာ-ဆွမ်းခံနေစဉ်အတွင်းမှာ ဟိုဟိုဒီဒီ မကြည့်မရှုဘဲ မိမိသပိတ်တွင်သာ အမှတ်ထား၍ ဆွမ်းခံယူခြင်းကို ခေါ်သည်။

---

## သမသူပက သိက္ခာပုဒ်

### ● သမသူပက၌ သူပ အဓိပ္ပာယ်

သမသူပက-၌ 'သူပ' ဟူသည်မှာ-လက်ကော်၍ရလောက်အောင် မပျစ်လွန်း မကျဲလွန်းသော ပဲဟင်း ဟူသမျှကို သူပ-ဟု ခေါ်သည်။

---

### ● သမသူပက အရ ခံယူပုံ

သမသူပက အရ ခံယူပုံမှာ - ပဲဟင်းကို ခံယူသောအခါ ဆွမ်း၏ လေးပုံတပုံကိုသာခံယူရသည်။ ယင်းထက်ပို၍ မခံရချေ။ လေးပုံတပုံအောက် နည်း၍မူ ခံယူကောင်းသည်။

> သမသူပကော နာမ ယတ္ထ မုဂ္ဂမာသေဟိဝါ ကုလတ္ထာ
> ဒီဟိဝါ ကတော ဟတ္ထဟာရိယော သူပေါ ဘတ္တဿ
> စတုတ္ထဘာဂပ္ပမာဏော ဟောတိ။ (ကင်္ခါ ၃၄၉-ဟံ)

## သမတိတ္ထိက သိက္ခာပုဒ်

●

### ● သမတိတ္ထိက ပဋိဂ္ဂဟဏ အဓိပ္ပာယ်

သမတိတ္ထိက ပဋိဂ္ဂဟဏ ဟူသည်မှာ – သပိတ်၏ အတွင်းနခမ်းနှင့် ညီမျှရုံသာ ခံယူခြင်းကို ခေါ်သည်။

သမတိတ္ထိကန္တိ သမပုဏ္ဏံ သမဘရိတံ အဓိဋ္ဌာနုပဂပတ္တဿ အန္တောဓမုခ ဝဋ္ဋလေခံ အနတိက္ကမိတွာ ဌိတံ။

(ကင်္ခါ ၃၄၉-ဟံ)

---

## သပဒါန သိက္ခာပုဒ်

●

### ● သပဒါန အဓိပ္ပာယ်

သပဒါန ဟူသည်မှာ – ဆွမ်းစားသောအခါ ဆွမ်းခွက်ထည်းတွင် ဟိုနားကို နှိုက်လိုက်၊ သည်နားကို နှိုက်လိုက် မလုပ်ဘဲ မိမိဘက်ရှိ အစမှ စ၍ အစဉ်အတိုင်း စားခြင်းမျိုးကို သပဒါနဟု ခေါ်သည်။

---

## နဖ္ဖူပကတ သိက္ခာပုဒ်

●

### ● ထူပကတ ဆွမ်း အဓိပ္ပာယ်

ထူပကတ ဆွမ်း ဟူသည်မှာ – မို မောက် တက်နေသော ဆွမ်းဦး၊ ဆွမ်းထိပ်၊ ဆွမ်းပန်းကန်၏ ဗဟိုအရပ်ကို ခေါ်သည်။

ထူပကတောတိ မတ္ထကတော၊ ဝေမဇ္ဈတောတိ အတ္တော။

(ကင်္ခါ ၃၅၀-ဟံ)

---

## ဩဒနပၸဋိစ္ဆာဒန သိက္ခာပုဒ်

●

● သူပနှင့် ဗျဉ္ဇန ခွဲခြားချက်

ဤသိက္ခာပုဒ်လာ သူပ နှင့် ဗျဉ္ဇန ကွာခြားချက်မှာ-

၁။ သူပ ဟူသည်-သောက်၍ စားသောက်ရသော ပဲဟင်းစသည်ကို ခေါ်သည်။

၂။ ဗျဉ္ဇန-ဟူသည် သား, ငါး စသော ဟင်းလျာကို ခေါ်သည်။

---

## သူပေါဒနဝိညတ္တိ သိက္ခာပုဒ်

●

● သူပ ဩဒန အဓိပ္ပာယ်

ဤသိက္ခာပုဒ်လာ သူပ,ဩဒန ဟူသည်မှာ- ပဏီတ ဘောဇဉ်ကို ချန်၍ စားသောက်ဘွယ်အားလုံးကို သူပ,ဩဒနဟု ခေါ်သည်။

---

## ဥဇ္ဈာနသညီ သိက္ခာပုဒ်

●

● ဂိလာန ဖြစ်သော်လည်း ဤ သိက္ခာပုဒ်အရ အာပတ်မှ မလွတ်

ဤ ဥဇ္ဈာနသညီ သိက္ခာပုဒ်-အရ ဂိလာန ဖြစ် ပါ စေ အာပတ်မှ မလွတ်ချေ။ ကဲ့ရဲ့လိုသော သဘော မရှိဘဲ-

၁။ နည်းနေပါက လှူမည်။

၂။ များနေပါက အလှူခံမည် စသော ကောင်းသော သဘောဖြင့် အခြားရဟန်း၏ သပိတ်ကို ကြည့်ပါမူ အာပတ် မသင့်ချေ။

ဣမာပိ ဂိသာနော န မုစ္စတိ၊ ဒဿာမီတိ ဝါ ဒါပေဿာ-
မီတိ ဝါ ဩလောကေန္တဿ ပန န ဥဇ္ဈာနသညိဿ
အနာပတ္တိ။ (ကဒ်ါ ၃၅၁-ဟံ)

---

## နာတိမဟန္တ သိက္ခာပုဒ်

● **အတိမဟန္တ ပမာဏ**

ဤသိက္ခာပုဒ် အရ အတိမဟန္တ ပမာဏမှာ - ဒေါင်းဥ ဖြစ်သည်။

မယူရဏ္ဍံ အတိမဟန္တံ။ (ကဒ်ါ ၃၅၁-ဟံ)

---

● **ခုဒ္ဒက ပမာဏ**

ဤသိက္ခာပုဒ် အရ အတိခုဒ္ဒက ပမာဏမှာ - ကြက်ဥ ဖြစ်သည်။

ကုက္ကုဋဏ္ဍံ အတိခုဒ္ဒကံ။ (ကဒ်ါ ၃၅၁-ဟံ)

---

● **နာတိမဟန္တ၊ နာတိခုဒ္ဒက ပမာဏ**

ဤသိက္ခာပုဒ် အရ နာတိမဟန္တ-နာတိခုဒ္ဒက ပမာဏမှာ- ဒေါင်းဥ,ကြက်ဥ တို့၏ အကြား အလယ်အလတ်ရှိသော ပမာဏ ဖြစ်သည်။

တေသံ ဝေမဇ္ဈပ္ပမာဏံ၊ မူလခါဒနီယာဒိဘေဒေ ပန
သဗ္ဗခဇ္ဇကေ ဖလာဖလေစ အနာပတ္တိ။

(ကဒ်ါ ၃၅၁-ဟံ)

## အနာဟာင္ဂနှင့် ဘုဠ္ဌမာန သိက္ခာပုဒ်

၆

### ပရိပဏ္ဏ အာလောပ အဓိပ္ပာယ်

ပရိမဏ္ဍလ အာလောပ ဟူသည်မှာ-အလွန်မရှည်သေး ဆွမ်းလုပ်ကိုခေါ်သည်။

ပရိမဏ္ဍလန္တိ အဒီဃံ။(ကခ်ါ ၃၅၁ ဟံ)

---

### သဗ္ဗဟတ္ထ အဓိပ္ပာယ်

ဘုဠ္ဌမာန သိက္ခာပုဒ်အရ သဗ္ဗဟတ္ထ-ဟူသည်မှာ-လက်ငါး ချောင်းကို ခေါ်သည်။

သဗ္ဗံဟတ္ထန္တိ သကလံ ဟတ္ထံ။ (ကခ်ါ ၃၅၁ ဟံ)

---

## သကဗဠေန သိက္ခာပုဒ်

၁

### ကဗဠ အဓိပ္ပာယ်

ဤသိက္ခာပုဒ်လာ နသကဗဠေန-အရ ကဗဠ ဟူသည်မှာ-စကားပြောသောအခါ စကားလုံးကို ပီသအောင်မပြောနိုင်သည် အထိ ကြီးမားသော ဆွမ်းလုပ်မျိုးကို ခေါ်သည်။

သကဗဠေနာတိ ဧတ္ထ ယတ္တကေန ဝစနံ အပရိပုဏ္ဏံ ဟောတိ၊ တတ္တကေ သတိ ကထေန္တဿ အာပတ္တိ။
(ကခ်ါ ၃၅၁-ဟံ)

---

## ဟတ္ထနိဒ္ဒုန်ကနှင့် သိတ္ထာဝကာရက အစိပ္ပာယ်

●

### ● အမှိုက်စသည် ကပ်နေ၍ ခါမှုအတွက် အာပတ်မသင့်

အမှိုက်စသည် ကပ်နေသဖြင့် လက်ကို ခါခြင်း၊ အမှိုက်ကို စွန့်ပစ်သောအခါ ဆွမ်းလုံးကို စွန့်ကြဲမိခြင်းတို့အတွက် အာပတ်မသင့်ပေ။

အနာပတ္တိယံ ပနေတ္ထ ကစဝရံ ဆဍ္ဍေန္တော ဟတ္ထံ နိဒ္ဓုနတိတိ ဉာဒံ အဓိကံ။

ဉာဓာပိ ကစဝရံ ဆဍ္ဍေန္တော သိတ္ထံ ဆဍ္ဍယတီတိ ဉာဒံ အနာပတ္တိယံ အဓိကံ။ (ကင်္ခါ ၃၅၂-ဟံ)

---

## သာမိသဟတ္ထ သိက္ခာပုဒ်

●

### ● ဆွမ်းစသော အာမိသဖြင့် မကိုင်အပ်သော သောက်ရေခွက် အမျိုးအစား

ဆွမ်းစသော အာမိသဖြင့် မကိုင်အပ်သော သောက်ရေခွက်ကား - သံဃိက၊ ပုဂ္ဂလိက၊ ဂိဟိသန္တက၊ အတ္တနောသန္တက အားလုံးပင် ဖြစ်သည်။

သံဃိကမ္ပိ ပုဂ္ဂလိကမ္ပိ ဂိဟိသန္တကမ္ပိ အတ္တနော သန္တကမ္ပိ သင်္ခေါပိ သရာဝကမ္ပိ န ဂဟေတဗ္ဗ မေဝ၊ ဂဏှန္တဿ ဒုက္ကဋံ။ (ကင်္ခါ ၃၅၃-ဟံ)

## ဆတ္တပါဠိ သိက္ခာပုဒ်

●

● ဆတ္တ - သရုပ်

ဆတ္တ သရုပ်ကား-

၁။ သေတ ဆတ္တ၊

၂။ ကိလဉ္ဇ ဆတ္တ၊

၃။ ပဏ္ဏ ဆတ္တ အားဖြင့် (၃) ပါးတည်း။

## ဒဏ္ဍပါဠိကျာဒိ သိက္ခာပုဒ်

●

● ဒဏ္ဍ - အရ

ဒဏ္ဍအရကား-လေးတောင်ရှိသောတုတ်ကို ဒဏ္ဍဟု ခေါ်သည်။ ထိုထက်တိုသောတုတ်၊ ထို့ထက်ရှည်သောတုတ်ကို ဒဏ္ဍ-ဟု မခေါ်ချေ။

ဒဏ္ဍောနာမ မဇ္ဈိမဿ ပုရိသဿ စတု ဟတ္ထပ္ပမာဏော။
(ကင်္ခါ ၃၅၄-ဟံ)

● သတ္ထ - အရ

သတ္ထ အရကား-ဓား၊ သန်လျက်၊ လှံစသော လက်နက်တွင် ပါဝင်သမျှကို သတ္ထ-ဟု ခေါ်သည်။

● အာဝုဓ - အရ

အာဝုဓ - အရကား- ညှို့တင်ပြီးသော လေးဖြစ်စေ၊ ညှို့မတင်ရသေးသော လေးဖြစ်စေ လေး ဆိုင် ရာ အား လုံး ကို အာဝုဓ - ခေါ်သည်။

## ပါဒုကာရုဋ္ဌာဒိ သိက္ခာပုဒ်

**● ပါဒုက အဓိပ္ပာယ်**

ပါဒုက ဟူသည်မှာ-သဲကြိုးမပါဘဲ အဖျားတွင် ကြေးဘု တပ်ကာ ထိုကြေးဘုကို ခြေမ ခြေညှိုးဖြင့် ညှပ်စီးရသော ဘိနပ်ကို ပါဒုက-ဟု ခေါ်သည်။

---

**● ဥပါဟန အဓိပ္ပာယ်**

ဥပါဟန ဟူသည်မှာ - သဲကြိုး အမျိုးမျိုး တပ်၍ စီးကြသော ဘိနပ်များကို ဥပါဟန - ဟု ခေါ်သည်။

---

## ယာနဂတ သိက္ခာပုဒ်

**● ယာနဘေဒ**

ယာန ဘေဒကား-

၁။ ဝယ္ဟ၊
၂။ ရထ၊
၃။ သကဋ၊
၄။ သန္ဒမာနိကာ၊
၅။ သိဝိကာ၊
၆။ ပါဋင်္ကီ၊
၇။ ဟတ္ထသဃ်ာဋ တို့ ဖြစ်ကြသည်။

---

## ဝေဌိတ သိက္ခာပုဒ်

**● ဝေဌိတသီသ အဓိပ္ပာယ်**

ဝေဌိတသီသ ဟူသည်မှာ-

၁။ ခေါင်း ပေါင်းသော ရစ်ပတ်ခြင်း၊
၂။ ဦးထုပ်ဆောင်းသော ရစ်ပတ်ခြင်း၊
၃။ မကိုဋ်ဆောင်းသော ရစ်ပတ်ခြင်း၊
၄။ ပန်းချာပီခေါင်းပေါင်းကဲ့သို့ရစ်ပတ်ခြင်းမျိုးတည်း။

မှတ်ချက်။ ။ယင်းအထက်ပါ ခေါင်းပေါင်း ပေါင်းထားသူတွင် ဆံစပေါ်နေလျှင် တရားဟောကောင်းသည်။

---

## ဆမာယ သိက္ခာပုဒ် ၈သည်

● **အာသန အဓိပ္ပာယ်**

အာသန ဟူသည်မှာ - ပုဆိုးကို ဖြစ်စေ၊ မြက်ကို ဖြစ်စေ ခင်း၍ ထိုင်နေခြင်းကို ခေါ်သည်။

အာသနေတိ အန္တမသော ဝတ္ထမ္ပိ တိဏာနိပိ သန္ထရိတွာ နိသိန္နဿ။ (ကင်္ခါ ၃၅၆-ဟံ)

---

● **ဥစ္စေအာသန အဓိပ္ပာယ်**

ဥစ္စေ အာသန-ဟူသည်မှာ - အယုတ်သဖြင့် မြေကြီး မြင့်မြင့်အရပ်တွင် ထိုင်နေခြင်းကိုပင် ဥစ္စေအာသန-ဟု ခေါ်သည်။

ဥစ္စေ အာသနေတိ အန္တမသော ဘူမိပ္ပဒေသေပိ ဥန္နတပ္ပဒေသေ နိသိန္နဿ။ (ကင်္ခါ ၃၅၆-ဟံ)

---

## နဟာရိတ သိက္ခာပုဒ်

● **ဟာရိတဌာနတွင် နှပ်ကိုလည်း မစွန့်ကောင်း**

ဟာရိတဌာနတွင် နှပ်ကိုလည်း မစွန့်ကောင်း ချေ။ အကြောင်းကား - တံထွေးဖြင့် နှပ်ကိုပါ ယူရသောကြောင့် ဖြစ်သည်။

ခေဠေန စေတ္ထ သိင်္ဃာနိကာပိ သင်္ဂဟိတာ။

(ကင်္ခါ ၃၅၈-ဟံ)

## နဥဒက သိက္ခာပုဒ်

● **နဥဒကေ အဂိလာနေ၁-၌ ဥဒက-အရ**

နဥဒကေအဂိလာနေ၁-၌ ဥဒကဟူသည်မှာ - သုံးဆောင် ကောင်းသော ရေမျိုးကိုမေါ်သည်၊ ထို့ကြောင့် သမုဒ္ဒရာစသည့် မသုံးဆောင် ကောင်းသော ရေထဲတွင် ကျင်ကြီး စွန့်သော်လည်း အပြစ်မရှိချေ။

နဥဒကေတိ ဧတံ ပရိဘောဂဥဒကမေဝ သန္ဓာယ ဝုတ္တံ၊ ဝစ္စကုဋိသမုဒ္ဒါဒိဥဒကေသု ပန အပရိဘောဂေသု အနာပတ္တိ။ —— (ကခ်ါ ၃၅၀-ဟံ)

● **ကာယဝါစာစိတ္တသမုဋ္ဌာန်သေခိယ သိက္ခာပုဒ်များ**

ကာယဝါစာစိတ္တသမုဋ္ဌာန်သေခိယ သိက္ခာပုဒ်များကား - ဥဇ္ဇဂ္ဃိကသိက္ခာပုဒ် ၂၊ အပ္ပသဒ္ဒ ၂၊ သကဗဠေနမုခခန ဗျာဟရဏ ၁၊နဆမာယံ ၁၊နနိစေ ၊နဌိတော ၁၊ နပစ္စတော ၁၊ နဥပ္ပဏေန ၁-အားဖြင့် သိက္ခာပုဒ်(၁၀)ဖြစ်သည်။

---

**ကာယစိတ္တနှင့် ကာယဝါစာစိတ္တ သမုဋ္ဌာန် သေခိယ သိက္ခာပုဒ်များ**

ကာယစိတ္တနှင့် ကာယဝါစာစိတ္တသမုဋ္ဌာန် သေခိယသိက္ခာ ပုဒ်များကား-သူပေါဒနဝိညတ္တိသိက္ခာပုဒ် ဖြစ်သည်။

---

● **ဝါစာစိတ္တသမုဋ္ဌာန်သေခိယ သိက္ခာပုဒ်များ**

ဝါစာစိတ္တသမုဋ္ဌာန်သေခိယ သိက္ခာပုဒ်များကား-ဆတ္တ ပါဏိ ၁၊ဒဏ္ဍပါဏိ ၁၊သတ္ထပါဏိ ၁၊အာဝုဓပါဏိ ၁၊ပါဒုက ၁၊ ဥပါဟန ၁၊ယာန ၁၊သယန ၁၊ပလ္လတ္ထိက ၁၊ဝေဌိတ ၁-အား ဖြင့်သိက္ခာပုဒ်(၁၁)ဖြစ်သည်။ ——

**● ကာယစိတ္တသမုဋ္ဌာန် သေခိယ သိက္ခာပုဒ်များ**

ကာယစိတ္တသမုဋ္ဌာန်သေခိယသိက္ခာပုဒ်များကား-

အထက်က ပြဆိုခဲ့ပြီးသော သေခိယသိက္ခာပုဒ်(၂၂)ပါး မှတပါး ကြွင်းသော သိက္ခာပုဒ်(၅၃)ပါးဖြစ်သည်။

---

**● သာရုပ္ပသိက္ခာပုဒ် ၂၆-ပါး သရုပ်**

သာရုပ္ပ သိက္ခာပုဒ် ၂၆-ပါးကား-

၁။ ပရိမဏ္ဍလဝဂ် သိက္ခာပုဒ် ၁၀၊

၂။ ဥဇ္ဇဂ္ဃိကဝဂ်သိက္ခာပုဒ် ၁၀၊

၃။ ခမ္ဘကတဝဂ် အစသိက္ခာပုဒ် ၆-အားဖြင့် ၂၆-ပါ ဖြစ်သည်။

---

**● ဘောဇနပဋိသံယုတ္တသိက္ခာပုဒ် ၃၀-သရုပ်**

ဘောဇနပဋိသံယုတ္တသိက္ခာပုဒ် ၃၀-ကား-

ခမ္ဘကတဝဂ် သတ္တမသိက္ခာပုဒ်မှစ၍ သုရုသုရုဝဂ် နဆတ္တာ သိက္ခာပုဒ်အထိ ၃၀ - ရှိသည်။

---

**● ဓမ္မဒေသနာ ပဋိသံယုတ္တာ သိက္ခာပုဒ် ၁၉-ပါး သရုပ်**

ဓမ္မဒေသနာပဋိသံယုတ္တသိက္ခာပုဒ် ၁၉-ပါးကား-

၁။ သုရုသုရုဝဂ် နဆတ္တာမှအဆုံးဘိုင်အောင် ၄-ပုဒ်၊

၂။ ပါဒုကဝဂ် သိက္ခာပုဒ် ၁၅-အားဖြင့် ၁၉-ပါး ဖြစ်သည်။

**မှတ်ချက်။** ။နဋ္ဌိတောမှ အဆုံး သိက္ခာပုဒ်(၃)ခုကိုမူ ဥစ္စာရ သိက္ခာပုဒ်ဟုလည်း ခေါ်ကြသည်။

**သေခိယ ပြီး၏။**

---

# ဝိတ္တာရုဒ္ဒေသ-အဓိကရဏ

## အဓိကရဏ သမထ အဓိပ္ပာယ်

အဓိကရဏ သမထ ဟူသည်မှာ - အဓိကရဏ်းတို့ကို ငြိမ်းစေတတ်သောကြောင့် အဓိကရဏသမထ မည်သည်။

အဓိကရဏာနိ သမေန္တိ ဝူပသမေန္တီတိ အဓိကရဏ သမထာ။ (ကခ်ါ)

---

## အဓိကရဏ အပြား

အဓိကရဏ-ကား-

၁။ ဝိဝါဒါဓိကရဏ-ဓမ္မ အဓမ္မ စသော ဘေဒကာရက ဝတ္ထု(၁၈)ပါးတို့ဖြင့် အချင်းချင်း ငြင်းခုံခြင်း၊

၂။ အနုဝါဒါဓိကရဏ - သီလဝိပတ္တိ စသော ဝိပတ္တိ (၄)ပါးတို့ဖြင့် ရဟန်းအချင်းချင်း စွပ်စွဲခြင်း၊

၃။ အာပတ္တာဓိကရဏ-အာပတ်ခုနစ်ပုံ၊

၄။ ကိစ္စာဓိ ကရဏ - အပလောကနကံ စသော ကံ (၄)ပါးတို့တွင် တပါးပါးကို ပြုခြင်း။

---

## ဝိဝါဒါဓိကရဏ်းကို ငြိမ်းစေနိုင်သော သမထများ

ဝိဝါဒါဓိကရဏ်းကို ငြိမ်းစေနိုင်သော သမထများကား-

၁။ သမ္မုခါဝိနယ၊

၂။ ယေဘုယျသိက တို့ဖြစ်သည်။

## ● အနုဝါဒါဓိကရဏ်းကို ငြိမ်းစေနိုင်သော သမထများ

အနုဝါဒါဓိကရဏ်းကို ငြိမ်းစေနိုင်သော သမထများ ကား—

၁။ သမ္မုခါဝိနယ၊
၂။ သတိ ဝိနယ၊
၃။ အမူဠ္ဍ ဝိနယ၊
၄။ တဿပါပိယသိကတို့ ဖြစ်ကြသည်။

---

## ● အာပတ္တာဓိကရဏ်းကို ငြိမ်းစေနိုင်သော သမထများ

အာပတ္တာဓိကရဏ်းကိုငြိမ်းစေနိုင်သော သမထများကား—
၁။ သမ္မုခါ ဝိနယ၊
၂။ ပဋိညာတကာရဏတဗ္ဗ၊
၃။ တိဏဝတ္ထာရက တို့ဖြစ်ကြသည်။

---

## ● ကိစ္စာဓိကရဏ်းကို ငြိမ်းစေနိုင်သော သမထများ

ကိစ္စာဓိကရဏ်းကို ငြိမ်းစေနိုင်သော သမထများကား—
၁။ သမ္မုခါ ဝိနယ သမထ-သာ ဖြစ်သည်။

---

## ● သမ္မုခါဝိနယသမထ ငြိမ်းစေနိုင်သော အဓိကရဏ်းများ

သမ္မုခါဝိနယ သမထ ငြိမ်းစေနိုင်သော အဓိကရဏ်း များကား—

၁။ ဝိဝါဒါ ဓိကရဏ်း၊
၂။ အနုဝါဒါ ဓိကရဏ်း၊

၃။ အာပတ္တာ ဓိကရုဏ်း၊
၄။ ကိစ္စာ ဓိကရုဏ်း-အားဖြင့် (၄)ပါး ဖြစ်သည်။

---

**● သတိဝိနယ၊ တဿပါပိယသိက၊ အမူဠှ ဝိနယ သမထတို့ ငြိမ်းစေနိုင်သော အဓိကရုဏ်း**

သတိဝိနယ၊ တဿပါပိယသိက၊ အမူဠှဝိနယ သမထတို့ ငြိမ်းစေနိုင်သောအဓိကရုဏ်းကား-အနုဝါဒါဓိကရုဏ်းဖြစ်သည်။

---

**● တိဏဝတ္ထာရက၊ ပဋိညာယကာရေတဗ္ဗ သမထ ၂-ပါး ငြိမ်းစေနိုင်သော အဓိကရုဏ်း**

တိဏဝတ္ထာရက၊ ပဋိညာယကာရေတဗ္ဗ သမထ ၂-ပါး ငြိမ်း စေ နိုင် သော အ ဓိ ကရုဏ်း ကား - အာပတ္တာ ဓိကရုဏ်း ဖြစ်သည်။

---

**● ယေဘုယျသိက သမထ ငြိမ်းစေနိုင်သော အဓိကရုဏ်း**

ယေဘုယျသိက သမထ ငြိမ်းစေ နိုင်သော အဓိကရုဏ်း ကား-ဝိဝါဒါဓိကရုဏ်း ဖြစ်သည်။

**အဓိကရုဏ သမထ ပြီး၏။**

**ဘိက္ခုပါတိမောက်ပြီး၏။**

# ဘိက္ခုနီပါတိမောက်

●

## ပါရာဇိကဒွေသ

## မေထုနဓမ္မ သိက္ခာပုဒ်

● **ဘိက္ခုနီပါရာဇိကတွင် ဘိက္ခုနီနံ့ သိက္ခာသာဇီဝ သမာပန္နာ စသည်ဖြင့် မပါခြင်းအကြောင်း**

ဘိက္ခုနီပါရာဇိကတွင် သိက္ခာသာဇီဝသမာပန္နာ စသည်ဖြင့် ဘိက္ခုပါရာဇိကကဲ့သို့ မပါချေ၊ အကြောင်းကား-ဘိက္ခုနီတို့မှာ ဘိက္ခုတို့ကဲ့သို့ ဗုဒ္ဓံပစ္စက္ခာမိစသည်ဖြင့် သိက္ခာချရခြင်းမရှိသောကြောင့် မပါခြင်းဖြစ်သည်။

ယသ္မာစ ဘိက္ခုနီယာ သိက္ခာ ပစ္စက္ခာနံနာမ နတ္ထိ၊တသ္မာ ဘိက္ခုနီနံ့ သိက္ခာသာဇီဝ သမာပန္နာ သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာတိ အဝတွာ ယာ ပန ဘိက္ခုနီ ဆန္ဒသော မေထုနံ ဓမ္မံ ပဋိသေဝေယျာတိ ဝုတ္တံ။ (ကင်္ခါ ၃၆၅-ဟံ)

● **ဆန္ဒသော မေထုနံ ဓမ္မံ ပဋိသေဝေယျ-၌ ဆန္ဒသော အဓိပ္ပာယ်**

ဆန္ဒသော မေထုနံ ဓမ္မံ ပဋိသေဝေယျ - ၌ ဆန္ဒသော-ဟူသည်မှာ - ရာဂနှင့်ယှဉ်သော ဆန္ဒစေတသိက်ကိုဖြင်း၊ ရာဂနှင့်ယှဉ်သောပီတိဟူသော ရုစိကိုဖြင်း ခေါ်သည်။

ဆန္ဒသောတိ မေထုနရာဂပဋိသံယုတ္တေန ဆန္ဒေနစေဝ ရုစိယာစ။ (ကင်္ခါ ၃၆၅-ဟံ)

## ● ရာဂစိတ်မရှိသော ဘိက္ခုနီမ

ရာဂစိတ်မရှိသော ဘိက္ခုနီမကို အစမ္မကြံစည်သော် ထိုဘိက္ခုနီမကား ပါရာဇိက မကျချေ။

ဆန္ဒေ ပန အသတိ ဗလက္ကာရေန ပမံသိတာယ အနာပတ္တိ။ (ကဒ်ါ ၃၆၅-ဟံ)

---

# ဥဘတောဝိဘင်္ဂ ဗျာမဟာလိက သိက္ခာပုဒ်

●

## ● အဝဿုတာ အဝဿုတဿ ပုဒ် အဓိပ္ပာယ်

အဝဿုတာ အဝဿုတဿ ဟူသည်မှာ - ကာယ သံသဂ္ဂ ရာဂသမင်္ဂီ ပုဂ္ဂိုလ်ကို ခေါ်သည်။

အဝဿုတာတိ ကာယသံသဂ္ဂရာဂေန တိန္တာ ကိလိန္နာတိ အတ္ထော။ (ကဒ်ါ ၃၆၆-ဟံ)

---

## ● ပုရိသပုဂ္ဂလဿ အရ

ဤသိက္ခာပုဒ်လာ ပုရိသပုဂ္ဂလဿ ဟူသည်မှာ - ကာယ သံသဂ္ဂ အမှုကို ပြု လုပ် ရန် နား လည် သော လူ ဇာတ် ရှိ သော ယောကျ်ားကို ခေါ်သည်။

ပုရိသပုဂ္ဂလဿာတိ ကာယသံသဂ္ဂံ သမာပဇ္ဇိတုံ ဝိညူ ဿ မနုဿဇာတိကဿ ပုရိသ သင်္ခါတဿ ပုဂ္ဂလဿ။ (ကဒ်ါ ၃၆၆-ဟံ)

## ● တတောင်ဆစ်အထက် လက်မောင်းကို သုံးသပ်ရာ၌ သာယာသော ဘိက္ခုနီမ၏ အာပတ်

ဥဗ္ဘဇာဏုမဏ္ဍလ မဟုတ်သော- တ တောင် ဆစ် အထက် လက်မောင်းကို သုံး သပ် သော အ ခါ သာယာသော ဘိက္ခုနီမ သည်လည်း ပါရာဇိက အာပတ်သင့်သည်။

အကြောင်းကား - တတောင်ဆစ်အထက် လက်မောင်း သည်လည်း ဥဗ္ဘဇာဏုမဏ္ဍလတွင်ပင် ပါဝင်သောကြောင့် ဖြစ် သည်။

ဥဗ္ဘဇာဏုမဏ္ဍလန္တိ ဇာဏုမဏ္ဍလာနံ ဥပရိ၊ ဧတ္ထစ ဥဗ္ဘကပ္ပရမ္ပိ ဥဗ္ဘဇာဏု မဏ္ဍလေနေဝ သင်္ဂဟိတံ။
(ကင်္ခါ ၃၆၆-ဟံ)

---

## ● အာမသန အဓိပ္ပာယ်

အာမသန ဟူသည်မှာ - ကိုင် ထား သော အရပ်ကို မရွှေ့ မပြောင်းဘဲ ကိုင်တွယ်သုံးသပ်ခြင်းမျိုးကို ခေါ်သည်။

အာမသနန္တိ အာမဋ္ဌနံ ဖုဋ္ဌောကာသံ အနတိက္ကမိတွာ တတ္ထေဝ သံဃဋ္ဋနံ။ (ကင်္ခါ ၃၆၆-ဟံ)

---

## ● ပရာမသန အဓိပ္ပာယ်

ပရာမသန ဟူသည်မှာ - ကိုင်တွယ်ရာ၌ ဟိုရွှေ့ သည်ရွှေ့ ပြောင်း၍ ကိုင်တွယ်သုံးသပ်ခြင်းကို ခေါ်သည်။

ပရာမသနန္တိ ဣတော စိတော စ သဉ္စရဏံ။
(ကင်္ခါ ၃၆၆-ဟံ)

## ဂဟဏ အဓိပ္ပာယ်

ဂဟဏ ဟူသည်မှာ - ကိုင်ရုံမျှ ကိုင်တွယ်ခြင်းကို ခေါ်သည်။

ဂဟဏန္တိ ဂဟိတ မတ္တံ။ (ကင်္ခါ ၃၆၆-ဟံ)

---

## ဆုပန အဓိပ္ပာယ်

ဆုပန ဟူသည်မှာ-ထိရုံမျှ ထိခြင်းကို ခေါ်သည်။

---

## ပဋိပီဠန အဓိပ္ပာယ်

ပဋိပီဠန ဟူသည်မှာ-တင်းကြပ်စွာ ဆုပ်ကိုင်ထားခြင်းမျိုးကို ခေါ်သည်။

ပဋိပီဠနန္တိ အင်္ဂံ ဂဟေတွာ နိပ္ပီဠနံ။

(ကင်္ခါ ၃၆၆-ဟံ)

---

## ဘိက္ခုနီမက အဓက္ခက ဥဗ္ဘဇာဏုမဏ္ဍလဖြင့် ယောကျ်ားကိုယ်အင်္ဂါကို တွေ့ထိမှုအတွက် အာပတ်သင့်ရောက်ပုံ

ဘိက္ခုနီမက မိမိ၏ အဓက္ခက ဥဗ္ဘဇာဏုမဏ္ဍလ ဖြင့် ယောကျ်ားကိုယ်အင်္ဂါကို တွေ့ထိသောအခါ-

၁။ ဘိက္ခုနီမက အဝဿုတ ဖြစ်ပြီး၊ ယောကျ်ားက အဝဿုတမဖြစ်လျှင် တုလ္လစ္စည်း အာပတ်သင့်သည်။

၂။ နှစ်ဦးလုံး အဝဿုတ ဖြစ်သော်မူ ဘိက္ခုနီမ ပါရာဇိက အာပတ်သင့်သည်။

# ဝဇ္ဇပဋိစ္ဆာဒိ သိက္ခာပုဒ်

● ဂဏ္ဍဿ အရ

ဤသိက္ခာပုဒ်လာ ဂဏ္ဍဿအရကား-အခြားသော ဘိက္ခုနီမ အားလုံးကို ခေါ်သည်။

ဂဏ္ဍဿာတိ အညာသံ ဘိက္ခုနီနံ။ (ကခ်ါ ၃၆၇-ဟံ)

● နာသိတာ အရ

ဤသိက္ခာပုဒ်လာ နာသိတာ အရကား - လိင်နာသနကို ခေါ်သည်။

နာသိတာတိ လိင်္ဂနာသနာယ သယံဝါ နဋ္ဌာ၊ အညေဟိဝါ နာသိတာ။ (ကခ်ါ ၃၆၇-ဟံ)

● ဘိက္ခုနီမတဦး၏ ပါရာဇိကကျမှုကိုဖုံးလွှမ်းသော ဘိက္ခုနီမ အာပတ်သင့်ပုံ

ဘိက္ခုနီမတဦး၏ ပါရာဇိကကျမှုကို ဖုံးလွှမ်းသော ဘိက္ခုနီမ အာပတ်သင့်ပုံမှာ-ယင်းဘိက္ခုနီမ ပါရာဇိကအာပတ်သင့်မှုကို မည်သူ့ကိုမျှ မပြောတော့ဟု စိတ်ကို ဆုံးဖြတ်သော အခါမှစ၍ ပါရာဇိက အာပတ်သင့်သည်။

သလိင်္ဂေ ဋ္ဌိတာယ ပန ပါရာဇိကဘာဝံ ဥတ္တာ န ဒါနိ နံ ကဿစိ အာရောစေဿာမီတိ ဓုရေ နိက္ခိတ္တမတ္တေယေဝ အယံ ဝဇ္ဇပ္ပဋိစ္ဆာဒိကာနာမ ပါရာဇိကာ ဟောတိ။ (ကခ်ါ ၃၆၈-ဟံ)

# ဥက္ကိတ္တာနုဝတ္တိကာ သိက္ခာပုဒ်

● ဥက္ကိတ္တက ရဟန်း အစိပ္ပာယ်

ဤသိက္ခာပုဒ်လာ ဥက္ကိတ္တက ရဟန်းဟူသည်မှာ - မိမိတွင် သင့်ရောက်နေသော အာပတ်တို့ကို မရှုခြင်းစသော အကြောင်းကြောင့် သမဂ္ဂသံဃာက နှင်ထုတ်ထားသော ရဟန်းမျိုးကို ခေါ်သည်။

ဥက္ကိတ္တန္တိ အာပတ္တိယာ အဒဿနာဒိသု ဥက္ခိတ္တံ။
(ကခါ ၃၆၀-ဟံ)

● ဓမ္မ၊ ဝိနယ သတ္ထုသာသန အစိပ္ပာယ်

ဤသိက္ခာပုဒ်လာ ဓမ္မ၊ဝိနယ၊ သတ္ထုသာသန ဟူသည်တို့ကား-

၁။ ဓမ္မ ဟူသည်မှာ - နှင်ထုတ်ရန် သင့်လျော်သည့် အကြောင်းဝတ္ထုကို ဓမ္မ ဟု ခေါ်သည်။

၂။ ဝိနယ ဟူသည်မှာ - အပြစ်တင်ခြင်း စောဒနာနှင့် အောက်မေ့စေခြင်း သာရဏာ ဤနှစ်မျိုးကို ဝိနယ-ဟုခေါ်သည်။

၃။ သတ္ထုသာသန ဟူသည်မှာ - စောဒနာ၊ သာရဏာ အမှုကို ပြုပြီးနောက် ဉတ်ကမ္မဝါစာကို ရွတ်ဘတ်ခြင်းကို သတ္ထုသာသန-ဟု ခေါ်သည်။

ဓမ္မေနာတိ ဘူတေန ဝတ္ထုနာ။
ဝိနယေနာတိ စောဒေတွာ သာရေတွာ။
သတ္ထုသာသနေနာတိ ဉတ္တိသမ္ပဒါယ စောဒေတွာ သာရေတွာ ကရဏမေဝ သတ္ထုသာသနံ နာမ။ (ကခါ ၃၆၀-ဟံ)

## ● အနာဒရ အဓိပ္ပာယ်

ဤသိက္ခာပုဒ်လာ အနာဒရ ဟူသည်မှာ-

၁။ ကံပြုသော သံဃာကို ဖြစ်စေ၊

၂။ ကံပြုရာတွင် ပါဝင်သော နှစ်ပါး သုံးပါး ဂိုဏ်း ကို ဖြစ်စေ၊

၃။ ပုဂ္ဂိုလ်တပါးပါးကိုဖြစ်စေ၊

၄။ ပြုအပ်သော သံဃာကို ဖြစ် စေ မ လေး စား သ ဖြင့် ကောင်းစွာမကျင့်ခြင်းကို အနာဒရ-ဟု ခေါ်သည်။

အနာဒရန္တိ ယေန သံဃေန ဥက္ခေပနိယ ကမ္မံ ကတံ၊ တသ္မိံ ဝါ တတ္ထ ပရိယာပန္နဂဏေ ဝါ ကေပုဂ္ဂလေ ဝါ တသ္မိံ ဝါ ကမ္မေ အာဒရဂ္ဂိရဟိတံ၊ သမ္မာ ဝတ္တနာယ အဝတ္တမာနန္တိ အတ္ထော။ (ကခ်ါ ၃၆၈-ဟံ)

---

## ● အပ္ပဋိကာရ အဓိပ္ပာယ်

ဤသိက္ခာပုဒ်လာ အပ္ပဋိကာရ ဟူသည်မှာ-သံဃာစသည်ကို ရိုသေလေးစားလျက် ကောင်းစွာကျင့်ပါက သံဃာအတွင်းသို့ ဥက္ခေပနီယကမ္မဝါစာဖြင့် ပြန်၍သွင်းရသည်။ ယင်းသို့ပြန်၍သွင်းခြင်းကို ပဋိကာရဟုခေါ်သည်။ ပြန်၍မသွင်းရသေးသူကို အပ္ပဋိကာရ ဟုခေါ်သည်။

အပ္ပဋိကာရန္တိ ပဋိကာရ ရဟိတံ၊ အနောသာရိတန္တိ အတ္ထော။ (ကခ်ါ ၃၆၈-ဟံ)

## အကတ သဟာယ အစိပ္ပာယ်

အကတ သဟာယ ဟူသည်မှာ-သံဃာအတွင်း မသွင်းရ သေးသော ပုဂ္ဂိုလ်ကား - ကံကြီး ကံငယ်ကိစ္စတို့တွင် ပါဝင်ခွင့် မရှိရ၊ ထို့ကြောင့် အကတ သဟာယ ဟု ခေါ်သည်။

---

## ဥက္ခိတ္တာနုဝတ္တက အစိပ္ပာယ်

ဥက္ခိတ္တာနုဝတ္တက ဟူသည်မှာ- ဥက္ခိတ္တကရဟန်း၏ အယူဝါဒကိုလိုက်၍ ယူခြင်းကို ဥက္ခိတ္တာနုဝတ္တက ဟု ခေါ်သည်။

---

## ဥက္ခိတ္တာနုဝတ္တက ရဟန်း အာပတ်သင့်ပုံ

ဥက္ခိတ္တာနုဝတ္တကရဟန်း အာပတ်သင့်ပုံကား-

၁။ ယင်း ဥက္ခိတ္တာနုဝတ္တက ရဟန်းကို ကမ္မဝါစာဖြင့် ဆုံးမရာတွင် ဉတ်ဆုံးသောအခါ ဒုက္ကဋ်အာပတ်သင့်သည်။

၂။ ကမ္မဝါစာ နှစ်ကြိမ် ဆုံးသော အခါ ထုလ္လစ္စည်း အာပတ် နှစ်ချက်သင့်သည်။

၃။ တတိယ ကမ္မဝါစာဖြင့် 'သာ ဘာသေယျ'တွင်'ယျ' အက္ခရာသို့ ရောက်သော်လည်း မိမိ ယူထားသော အယူကို မစွန့် ပါက ပါရာဇိက အာပတ်သင့်သည်။

> ဉတ္တိယာ ဒုက္ကဋံ၊ ဒွီဟိ ကမ္မဝါစာဟိ ဒွေ ထုလ္လစ္စယာ၊
> ယယ္ယာ နက္ခမတိ၊ သာ ဘာသေယျာတိ ဝေ ယျကာရ
> ပတ္တာယ တတိယ ကမ္မဝါစာယ ပါရာဇိကံ။
>
> (ကခ်ါ ၃၆၉-ဟံ)

## အဋ္ဌဝတ္ထုကာ သိက္ခာပုဒ်

●

### ● အဋ္ဌဝတ္ထုကာ သိက္ခာပုဒ်အရ အာပတ်သင့်ပုံ

ဤ အဋ္ဌဝတ္ထုကာ သိက္ခာပုဒ်အရ အာပတ်သင့်ပုံမှာ-

၁။ ဝတ္ထုရှစ်မျိုးလုံးကို ကျူးလွန်မှ ပါရာဇိက အာပတ် သင့်သည်။

၂။ ယင်းဝတ္ထုရှစ်မျိုးလုံးကို အစဉ်အတိုင်း မကျူးလွန် ဘဲ ဝတ္ထုရှစ်မျိုးလုံးပြည့်အောင် ကျူးလွန်ပါက ပါရာဇိက အာ ပတ်သင့်သည်။

၃။ ဝတ္ထု ရှစ်မျိုး တို့တွင် တမျိုးမျိုး ကျူးလွန်ပါက ရှစ်ပါး မပြည့်အောင် ဒေသနာ ကြားထားလျှင် မည်မျှလောက် ကျူးလွန်နေပါစေ ပါရာဇိကအာပတ် မသင့်ချေ။

---

### ● ဟတ္ထဂ္ဂဟဏ အဓိပ္ပာယ်

ဤသိက္ခာပုဒ်လာ ဟတ္ထဂ္ဂဟဏဟူသည်မှာ-

၁။ တတောင်ဆစ်မှ လက်ဖျားတိုင်အောင် အရပ်၊

၂။ ညှပ်ရိုးအထက်၊ ပုဆစ်အောက် ကိုယ်အရပ်ပျားကို ဆွဲကိုင်မှုကို ခေါ်သည်။

ဟတ္ထဂ္ဂဟဏန္တိ ဧတ္ထ ဟတ္ထော နာမ ကပ္ပရံ ဥပါဒါယ ယာဝ အဂ္ဂနခါ ဧတဿ ဂဟဏံ ဟတ္ထဂ္ဂဟဏံ။

(ကင်္ခါ ၃၆၉-ဟံ)

## သံဃာဒိသေသကဏ္ဍဂဟဏ အဓိပ္ပာယ်

သံဃာဒိသေသကဏ္ဍဂဟဏ - ဟူသည်မှာ = ဝတ်ထားသော သို့မဟုတ် ရုံထားသော သင်္ကန်း၏ တစုံတခုသောအရပ်ကို ဆွဲကိုင်ခြင်းကို ခေါ်သည်။

ယဿကဿစိ နိဝတ္ထဿဝါ ပါရုတဿဝါ ဂဟဏံ သံဃာဒိသေသကဏ္ဍဂဟဏံ။ (ကင်္ခါ ၃၆၉-ဟံ)။

---

## ဂဏနူပိကာ အာပတ် အဓိပ္ပာယ်

ဂဏနူပိကာ အာပတ် ဟူသည်မှာ - နောင်ဘယ်တော့မျှ မပြုတော့ပါဟူ၍ ဆုံးဖြတ်ချက်ချလျက် ဒေသနာကြားအပ်သော အာပတ်မျိုးကို ခေါ်သည်။

ဏူဒါနိ နာပဇ္ဇိဿာမီတိ ဟိ ဓုရနိက္ခေပံ ကတွာဒေသိတာ ဂဏနူပိကာ။ (ကင်္ခါ ၃၇၀-ဟံ)

---

## အဂဏနူပိကာ အာပတ် အဓိပ္ပာယ်

အဂဏနူပိကာ အာပတ် ဟူသည်မှာ - နောင်တွင်လည်း ငါကျူးလွန်ဦးမည်ဟူသော လှုံလဖြင့် ဒေသနာ ကြားအပ်သော အာပတ်မျိုးကို ခေါ်သည်။

ယာ ပန အာပဇ္ဇိတွာ ပုနပိ အညံ ဝတ္ထုံ အာပဇ္ဇိဿာမီတိ သဉဿဟာဝ ဒေသေတိ၊တဿာ သာအာပတ္တိ အဂဏနူပိကာ။ (ကင်္ခါ ၃၇၀-ဟံ)

ပါရာဇိကုဒ္ဒေသ ပြီး၏။

# သံဃာဒိသေသ ကဏ္ဍ

●

## ဥဿယဝါဒိက သိက္ခာပုဒ်

### ● ဥဿယ အဓိပ္ပာယ်

ဥဿယ ဟူသည်မှာ-မဟုတ်မမှန်သောအရာကို မည်သည့်နည်းနှင့်မျှ မခံနိုင်ဘူးဟူ၍ မာနခက်ထန် သောသဘောကို ခေါ်သည်။

---

### ● ဥဿယဝါဒိကာ အဓိပ္ပာယ်

ဥဿယဝါဒိကာ ဟူသည်မှာ-ယင်းမာန ကောဓ တို့ဖြင့် ငြင်းခုံခြင်းမျိုး၊ တရားစွဲဆိုခြင်းမျိုးကို ခေါ်သည်။

---

### ● ဂဟပတိနာဝါ စသည်တို့၏ အရ

ဤသိက္ခာပုဒ်လာ ဂဟပတိနာဝါ စသည်တို့၏အရကား- ရဟန်း၊ရဟန်းမစသော သီတင်းသုံးဘော်ငါးဦးမှတပါး အခြားရသေ့ပရိဗိုဇ်များကို ခေါ်သည်။

ဂဟပတိနာဝါတိအာဒီဟိ ထပေတွာ ပဉ္စသဟမ္မိကေ အဝသေသာ ဂဟဋ္ဌပဗ္ဗဇိတာ သင်္ဂဟိတာ။

(ကင်္ခါ ၃၄၃-ဠ)

---

### ● တရားတွေ့သော ဘိက္ခုနီမ သံဃာဒိသိသ် အာပတ် သင့်ရောက်ပုံ

တရားတွေ့သော ဘိက္ခုနီမ သံဃာဒိသိသ် အာပတ် သင့်ရောက်ပုံမှာ-

တရားသူကြီး ဆုံးဖြတ်ပြီးသောအခါ တရားရှုံးသော်ငြား၊ နိုင်သော်ငြား သံဃာဒိသိသ် အာပတ် သင့်သည်။

> တသ္မိံ အဋ္ဋပရိယောသာနေ ဘိက္ခုနိယာ ဇယေပိ ပရာဇယေပိ သံဃာဒိသေသော။ (ကခ်ါ ၃၄၃-ဋ္ဌ)

---

## သံဃာဒိသိသ် အာပတ် နိဿာရဏီယ အမည် ရခြင်း အကြောင်း

သံဃာဒိသိသ်အာပတ်ကို နိဿာရဏီယ-ဟူ၍လည်း ခေါ်သည်၊ အကြောင်းကား-ယင်းသံဃာဒိသိသ် အာပတ် သင့်သော ဘိက္ခုနီမကို ဘိက္ခုနီသံဃာအတွင်းမှ နှင်ထုတ် ရသောကြောင့် ဖြစ်သည်။

> ဘိက္ခုနိံ သံဃတော နိဿာရေတီတိ နိဿာရဏီယော၊ တံ နိဿာရဏီယံ။ (ကခ်ါ ၃၇၁-ဟံ)

---

# စောရီဝုဋ္ဌာပိကာ သိက္ခာပုဒ်

## စောရီ အဓိပ္ပာယ်

ဤသိက္ခာပုဒ်လာ 'စောရီ' ဟူသည်မှာ-အနည်းဆုံး တမတ်တန်မျှ ခိုးယူသူကိုပင် စောင်္ဂဟု ခေါ်သည်။

> ယာယ ပဉ္စမာသဂ္ဃနကတော ပဘုတိ ယံကိဉ္စိ ပရသန္တကံ အဝဟရိတံ၊ အယံ စောရီ နာမ။ (ကခ်ါ ၃၇၂-ဟံ)

● ပူဂ-အဓိပ္ပာယ်

ပူဂဟူသည်မှာ-သာသနာရေးနှင့်သက်ဆိုင်သော အသင်းများကို ပူဂ-ဟု ခေါ်သည်။

ပူဂန္တိ ဓမ္မဂဏာ။ (ကင်္ခါ ၃၄၄-ဋ္ဌ)

● ဂဏ-အဓိပ္ပာယ်

ဂဏ ဟူသည်မှာ - ဗိသုနိုးကို ကိုးကွယ် ဆည်းကပ်သော မလ္လဂဏ၊ကုမာရနတ်ကို ဆည်းကပ်သော ဘင်္ဂပုတ္တ ဂဏစသည်ကို ဂဏ-ဟု ခေါ်သည်။

ဂဏန္တိ မလ္လဂဏ ဘင်္ဂပုတ္တဂဏာဒိကံ၊ (ကင်္ခါ ၃၄၄-ဋ္ဌ)

● သေဏိ အဓိပ္ပာယ်

သေဏိ ဟူသည်မှာ -နံ့သာကုန်သည်, အထည်ကုန်သည် စသော ကုန်သည်အပေါင်းကို ခေါ်သည်။

သေဏိန္တိ ဂန္ဓိကသေဏိ ဒုဿိကသေဏိအာဒိကံ။

(ကင်္ခါ ၃၄၄-ဋ္ဌ)

● အညတြကပ္ပါဒြ-ကပ္ပ သရုပ်

အညတြကပ္ပါဒြ-ကပ္ပ သရုပ်ကား—

၁။ တိတ္ထိတို့အထံတွင် ရှင်ပြုဘူးသော မိန်းမ၊

၂။ အခြားရဟန်းမများအထံတွင် ရှင်ပြုဘူးသော မိန်းမ ဟူ၍ နှစ်မျိုးရှိသည်။

အညတြ ကပ္ပါတိ တိတ္ထိယေသု ဝါ အညဘိက္ခုနီသု ဝါ ပဗ္ဗဇိတပုဗ္ဗာ ကပ္ပါနာမ။ (ကင်္ခါ ၃၄၄-ဋ္ဌ)

**စောရိမကို ပဋ္ဌင်းခံပေးရာ၌ အာပတ်သင့်ပုံ**

စောရိမကို ပဋ္ဌင်းခံပေးရာ၌ အာပတ်သင့်ပုံမှာ-

၁။ ကာရကသံဃာ၊ ကမ္မဝါစာဆရာ သပိတ်, သင်္ကန်း တို့ကို ရှာမှီးခြင်းအတွက် ဒုက္ကဋ်အာပတ် သင့်သည်။

၂။ ကမ္မဝါစာ နှစ်ကြိမ် ဆုံးသောအခါ ထုလ္လစ္စည်း အာပတ်သင့်သည်။

၃။ ကမ္မဝါစာ သုံးကြိမ် ဆုံးသောအခါ သံဃာဒိသိသ် အာပတ်သင့်သည်။

> တံ ထပေတွာ အညံ ဥပသမ္ပာဒေန္တိယာ ဂဏအာစရိနီ ပတ္တစီဝရပရိယေသနေသု သီမာသမ္မုတိယာ ဥတ္တိယာစ ဒုက္ကဋံ၊ ဒွီဟိ ကမ္မဝါစာဟိ ထုလ္လစ္စယံ၊ ကမ္မဝါစာ ပရိယောသာနေ သံဃာဒိသေသော။ (ကခ်ါ ၃၄၄-ဋ္ဌ)

---

## ကောဂါမန္တရ သိက္ခာပုဒ်

**ဂါမန္တရံဂစ္ဆေယျ-အရ အာပတ်သင့်ပုံ**

ဤသိက္ခာပုဒ်လာ ဂါမန္တရံဂစ္ဆေယျ - အရ အာပတ်သင့်ပုံမှာ-

၁။ မိမိရွာမှ အခြားရွာသို့ သွားသောအခါ ခြေလှမ်းတိုင်း၊ ခြေလှမ်းတိုင်း ဒုက္ကဋ်အာပတ် သင့်သည်။

၂။ တပါးသောရွာ၏ အရံရှိသောရွာဖြစ်မူ အရံကို၊ အရံမရှိသောရွာ ဖြစ်ပါက ရွာ၏ဥပစာကို ပထမခြေလှမ်း ကျော်မိသောအခါ ထုလ္လစ္စည်းအာပတ် သင့်သည်။

၃။ ဒုတိယခြေလှမ်းကျော်လွန်သောအခါ သံဃာဒိသိသ် အာပတ် သင့်သည်။

---

### နဒီပါရဂမနအတွက် အာပတ်သင့်ပုံ

နဒီပါရဂမနအတွက် အာပတ်သင့်ပုံမှာ-

၁။ တဘက်ကမ်းသို့ ခြေတလှမ်း နင်းမိသောအခါ ထုလ္လစ္စည်းအာပတ်သင့်သည်။

၂။ ဒုတိယ ခြေတလှမ်း ကြွမိလျှင်ပင် သံဃာဒိသိသ် အာပတ် သင့်သည်။

---

### ရတ္တိဝိပ္ပဝါသမဖြစ်အောင် နေထိုင်ပုံ

ကေရတ္တိ ဝိပ္ပဝသေယျအရ - ရတ္တိဝိပ္ပဝါသ မဖြစ်အောင် နေထိုင်ပုံကား နှစ်တောင့်ထွာ ဟတ္ထပါသ်ကို မလွန်စေမူ၍နေခြင်း ဖြစ်သည်။

---

### ဂဏမှာ ဩဟီယေယျ-၌ဂဏ အဓိပ္ပာယ်

ဤသိက္ခာပုဒ်လာ ဂဏမှာ ဩဟီယေယျ၌ 'ဂဏ' ဟူသည် မှာ-ဘိက္ခုနီမတယောက်ထည်းကိုလည်း 'ဂဏ' ဟူ၍ ခေါ်သည်။

> ကော ဝါ ဂဏမှာတိ ဧတ္ထ ပန ကော ဘိက္ခုနီပိ ဂဏောယေဝ။ (ကင်္ခါ ၃၄၆-ဣ)

---

### ဂဏမှာ ဩဟီယေယျ-၌ ဩဟီယန အဓိပ္ပာယ်

ဂဏမှာ ဩဟီယေယျ-၌ ဩဟီယန ဟူသည်မှာ - မြင်လောက်သောအရပ်, ကြားလောက်သော အရပ်ဟူသော ဒဿနူပစာ၊ သဝနူပစာတို့ကိုလွန်၍ ကျန်ရစ်ခြင်းကို ခေါ်သည်။

> ဩဟီယေယျာတိ ဒဿဝဟီယေယျ၊ ဒဿနူပစာရံဝါ သဝနူပစာရံဝါ ဝိဇဟေ ယျာတိ အတ္ထော။ (ကင်္ခါ ၃၄၆-ဣ)

## ဥက္ခိတ္တက ဩသာရဏ သိက္ခာပုဒ်

●

**● အနညာယဂဏဿ ဆန္ဒံ-၌ 'ဂဏ' အဓိပ္ပာယ်**

အနညာယဂဏဿဆန္ဒံ-၌ ဂဏ-ဟူသည်မှာ-ဥက္ခေပနီယကံပြုသော ဘိက္ခုနီကာရကသံဃာကို ခေါ်သည်။

အနညာယ ဂဏဿ ဆန္ဒန္တိ တဿေဝ ကာရကသံဃဿ ဆန္ဒံ အဇာနိတွာ။ (ကခ်ေါ ၃၄၇-ဏ)

---

**● ဥက္ခိတ္တဘိက္ခုနီမကို ဩသာရဏကံပြုပေးသော ဘိက္ခုနီမ အာပတ်သင့်ပုံ**

ဥက္ခိတ္တဘိက္ခုနီမကို ဩသာရဏကံပြုပေးသော ဘိက္ခုနီမ အာပတ်သင့်ပုံမှာ-

၁။ သံဃာရှာမှီးခြင်း၊သိမ်သမုတ်ခြင်း၊ကမ္မဝါစာဘတ်၍ ဉတ်ဆုံးခြင်းတို့အတွက် ဒုက္ကဋ်အာပတ်သင့်သည်။

၂။ ကမ္မဝါစာ နှစ်ကြိမ် ဆုံးသောအခါ ထုလ္လစ္စည်း အာပတ်သင့်သည်။

၃။ ကမ္မဝါစာ သုံးကြိမ်ဆုံးသောအခါ သံဃာဒိသိသ် အာပတ်သင့်သည်။

---

## ဘောဇနပဋိဂ္ဂဟဏ ပဌမသိက္ခာပုဒ်

●

**● အဝဿုတ အဓိပ္ပာယ်**

ဤသိက္ခာပုဒ်လာ အဝဿုတ ဟူသည်မှာ- ချစ်ကြိုက်ခြင်းဟူသော ဆန္ဒရာဂကို ခေါ်သည်။

● **အဝဿုတဖြစ်လျက် ခဲဘွယ်ဘောဇဉ် ကိုစားမှုအတွက် ဘိက္ခုနီမ အာပတ်သင့်ပုံ**

ခဲဘွယ်ဘောဇဉ်ကို စားမှုအတွက် အာပတ်သင့်ပုံမှာ-

၁။ ဘိက္ခုနီ၊ ပုရိသပုဂ္ဂလ နှစ်ဦးလုံး အဝဿုတဖြစ်လျှင် ခံယူမှုအတွက် ထုလ္လစ္စည်း အာပတ်သင့်သည်။

၂။ မျိုတိုင်း သံဃာဒိသိသ် အာပတ်သင့်သည်။

၁။ တဦးသာ အဝဿုတ ဖြစ်ပါက ခံယူမှု အတွက် ဒုက္ကဋ်အာပတ်သင့်သည်။

၂။ မျိုတိုင်း ထုလ္လစ္စည်း အာပတ် သင့်သည်။

၁။ ယက္ခ၊ ပေတ၊ ပဏ္ဍက၊ တိရိစ္ဆာနဂတ၊ မနုဿဝိဂ္ဂဟ တို့ကပေးသောခဲဘွယ်ဘောဇဉ်တွင် နှစ်ဦးလုံး အဝဿုတဖြစ်ဖြစ်၊ တဦးသာ အဝဿုတဖြစ်ဖြစ် ခံယူမှုအတွက် ဒုက္ကဋ်အာပတ် သင့်သည်။

၂။ စားသောက်ရာတွင် နှစ်ဦး လုံး အဝဿုတဖြစ်က ထုလ္လစ္စည်းအာပတ်သင့်၍၊ တဦးတည်း အဝဿုတဖြစ်က ဒုက္ကဋ် အာပတ် သင့်သည်။

---

## ဘောဇနပဋိဂ္ဂဟဏ ဒုတိယ သိက္ခာပုဒ်

●

● **တိုက်တွန်းသော ဘိက္ခုနီမအား အာပတ်သင့်ပုံ**

ဤသိက္ခာပုဒ်အရ - တိုက် တွန်း သော ဘိက္ခုနီမအား အာပတ်သင့်ပုံမှာ-

၁။ တိုက်တွန်းသော စကားကြောင့်ဖြစ်စေ၊ တိုက်တွန်းသည့်အလျောက် ခံယူမှုအတွက်ဖြစ်စေ ဒုက္ကဋ်အာပတ် သင့်သည်။

၂။ မျိုသောအခါ မျိုသည့် အကြိမ် အားလျော်စွာ ထုလ္လစ္စည်းအာပတ်သင့်သည်။

၃။ စားပြီးသောအခါသံဃာဒိသိသ်အာပတ်သင့်သည်။

---

## ပါပသမာစာရ ပထမ သိက္ခာပုဒ်

● သံသဋ္ဌ အဓိပ္ပာယ်

ဤသိက္ခာပုဒ်လာ သံသဋ္ဌ ဟူသည်မှာ - လူအချင်းချင်း ဆက်ဆံသကဲ့သို့ ဆန်ဖွတ်ပေးခြင်း၊ ချက်ပြုတ်ပေးခြင်း စသော ဆက်ဆံမှုကို ခေါ်သည်။

သံသဋ္ဌာတိ ပဗ္ဗဇ္ဇိတာနံ အနနုလောမေန ဂိဟီနံ ကောဋ္ဌေန ပစန သာသန ဟရဏာ ဒိနာ ကာယိကဝါစသိကေန မိဿီဘူတာ။ (ကခ်ါ ၃၄၉-ဣ)

---

● ပါပါစာရ အဓိပ္ပာယ်

ပါပါစာရ ဟူသည်မှာ - လူများကဲ့သို့ မကောင်းသော ကိုယ်အမူအရာ, နှုတ်အမူအရာ ရှိခြင်းကို ခေါ်သည်။

ပါပေါ ကာယိက ဝါစသိကော အာစာရော တေသန္တိ ပါပါစာရာ။ (ကခ်ါ ၃၄၉-ဣ)

---

● ပါပသဒ္ဒ အဓိပ္ပာယ်

ပါပသဒ္ဒ ဟူသည်မှာ-အကျင့်အမူမကောင်းသဖြင့် ယင်းကဲ့သို့သော အကျင့်အမူများ သတင်းထွက်နေခြင်းကိုခေါ်သည်။

ပါပေါ ကိတ္တိသဒ္ဒေါ တေသန္တိ ပါပသဒ္ဒါ။ (ကခ်ါ ၃၅၀-ဣ)

---

## ● ပါပသိလောက အစိပ္ပာယ်

ပါပသိလောကဟူသည်မှာ-အသက်မွေးချောင်းရန်တခုကို ကြည့်၍ အလံရှူးလုပ်ခြင်း စသည်ဖြင့် ကျော်ကြားအောင် လုပ်မှုကို ခေါ်သည်။

ပါပေါ အာဇီဝ သန်ါတော သိလောကော တောသတ္တိ
ပါပ သိလောကာ။ (ကင်္ခါ ၃၅၀-ဣ)

---

## ● ဝိဟေသိကာ အစိပ္ပာယ်

ဝိဟေသိကာ ဟူသည်မှာ - အပြစ်အားလျော်စွာ သံဃာက ဘိက္ခုနီတို့အား နိဂ္ဂဟကံပြုရန် စီစဉ်သော အခါ ယင်းသို့ကံမပြုဖြစ်အောင်တားမြစ်သောအားဖြင့် ဘိက္ခုနီသံဃာကို ညှဉ်းဆဲသောအမှုကို ခေါ်သည်။

ဘိက္ခုနီသံဃသ ဝိဟေသိကာတိ အညမညိဿာ ကမ္မေ
ကရိယမာနေ ပဋိက္ကောသနေန ဝိဟေသိကာ။
(ကင်္ခါ ၃၅၀-ဣ)

---

## ● ဝဇ္ဇ ပဋိစ္ဆာဒိကာ အစိပ္ပာယ်

ဝဇ္ဇပဋိစ္ဆာဒိကာ ဟူသည်မှာ - တဦးသော ဘိက္ခုနီမ၏ ခုဒ္ဒါနုခုဒ္ဒက အပြစ်များကို အခြား ဘိက္ခုနီမတဦးက ဖုံးလွှမ်းထားမှုကို ခေါ်သည်။

ဝဇ္ဇပဋိစ္ဆာဒိကာတိ ခုဒ္ဒါနုခုဒ္ဒကဿ ဝဇ္ဇဿ ပဋိစ္ဆာ
ဒိကာ။ (ကင်္ခါ ၃၅၀-ဣ)

## ပါပသမာစာရ ဒုတိယသိက္ခာပုဒ်

### ဝိဝိစ္စထ အဓိပ္ပာယ်

ဝိဝိစ္စထ ဟူသည်မှာ-ရဟန်းတို့အား မလျော်ကပ်သော ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ဖြင့် လူတို့နှင့် ရောနှော နေထိုင် ပြောဆိုမှုကို စွန့်လွှတ်ခြင်းကို ခေါ်သည်။

ဝိဝိစ္စထာတိ နာနာ ဟောထ၊ အနနုလောမိကံ ကာယိက ဝါစသိက သံသဂ္ဂံ ပဇဟထာတိ အတ္ထော။

(ကင်္ခါ ၃၅၀-ဋ္ဌ)

---

## ဘေဒက သိက္ခာပုဒ်

### ဘိက္ခုနီမများ သံဃာကို သင်းမခွဲနိုင်

ဘိက္ခုနီမသည် သံဃာကို သင်းခွဲခြင်း မပြုနိုင်ချေ၊ ဘိက္ခုနီမအနေဖြင့် ကွဲပြားအောင် အားထုတ်ရုံ, နောက်လိုက်လုပ်ရုံမျှ တတ်နိုင်ပေသည်။

ကေဝလဉ္ဟိ ဘိက္ခုနီ သံဃံ န ဘိန္ဒတိ၊ ဘေဒါယ ပန ပရက္ကမတိစေဝ အနုဝတ္တတိစ။ (ကင်္ခါ ၃၅၁-ဋ္ဌ)

---

### သံဃာဒိသိသ်အာပတ် (၁၇)ပါးကို သာဓာရဏ-အသာဓာရဏ ခွဲခြားပုံ

သံဃာဒိသိသ်အာပတ်(၁၇)ပါးကို သာဓာရဏ-အသာဓာရဏ ခွဲခြားပုံမှာ-

၁။ သာဓာရဏအာပတ်ကား(၇)ပါးဖြစ်သည်။

၂။ အသာဓာရဏအာပတ်ကား(၁၀)ပါးဖြစ်သည်။

**● သာဓာရဏအာပတ်တွင် ပထမာပတ္တိက, ယာဝတတိယက ခွဲခြားပုံမှာ-**

သာဓာရဏအာပတ်တွင် ပထမာပတ္တိက, ယာဝတတိယက ခွဲခြားပုံမှာ-

၁။ ပထမာပတ္တိကကား (၃) ပါး ဖြစ်သည်။

၂။ ယာဝတတိယကကား (၄) ပါး ဖြစ်သည်။

---

**● အသာဓာရဏ အာပတ်တွင် ပထမာပတ္တိက, ယာဝတတိယက ခွဲခြားပုံ**

အသာဓာရဏ အာပတ်တွင် ပထမာပတ္တိက, ယာဝတတိယက ခွဲခြားပုံမှာ-

၁။ ပထမာပတ္တိကကား (၆) ပါး ဖြစ်သည်။

၂။ ယာဝတတိယကကား (၄) ပါး ဖြစ်သည်။

---

**● ဘိက္ခုနီမတို့ ပက္ခမာနတ် ကျင့်ရခြင်းအကြောင်း**

ဘိက္ခုနီမတို့ ပက္ခမာနတ် ကျင့်ရခြင်း အကြောင်းကား- ဘိက္ခုနီမတို့အား သံဃာဒိသိသ်အာပတ်သင့်၍ ဖုံးလွှမ်းထားသော်သည်း ပရိဝါသ်နေခြင်း၊ ဖုံးလွှမ်းမှုအတွက် ဒုက္ကဋ်အာပတ်သင့်ခြင်း မရှိချေ၊ ထို့ကြောင့် ပက္ခမာနတ်ကျင့်ရပေသည်။

ဘိက္ခုနီယာ ဟိ အာပတ္တိံ ဆာဒေန္တိယာပိ ပရိဝါသော နာမ နတ္ထိ၊ ဆာဒနပစ္စယာပိ န ဒုက္ကဋံ အာပဇ္ဇတိ၊တသ္မာ ဆာဒေတွာပိ အဆာဒေတွာပိ ကော် ပက္ခမာနတ္တမေဝ စရိတဗ္ဗံ။ (ကင်္ခါ ၃၅၁-ဣ)

**သံဃာဒိသေသဒွေသ ပြီး၏။**

# ဝိတ္ထာရဒွေသ-နိဿဂ္ဂိယပါစိတ်

●

## ပတ္တဝဂ်၊ ပတ္တသန္နိစယ သိက္ခာပုဒ်

**● ပတ္တသန္နိစယ အဓိပ္ပာယ်**

ပတ္တသန္နိစယ ဟူသည်မှာ-သပိတ်ကို အဓိဋ္ဌာန်သော်ရင်း၊ ဝိကပ္ပနာသော်ရင်း တခုခုမပြုဘဲ တရက်မျှ ထားခြင်းကို ခေါ်သည်။

ပတ္တသန္နိစယံ ကရေယျာတိ ပတ္တသန္နိဓိံ ကရေယျ၊ ဧကာဟံ အနဓိဋ္ဌဟိတွာဝါ အဝိကပ္ပေတွာဝါ အဓိဋ္ဌာနုပဂံ ပတ္တံ ထပေယျာတိ အတ္ထော။ (ကင်္ခါ ၃၅၄-ဋ္ဌ)

---

## အကာလစီဝရ သိက္ခာပုဒ်

**● အကာလစီဝရ အဓိပ္ပာယ်**

၁။ အကာလစီဝရ ဟူသည်မှာ-ကထိန်ခင်းလျှင် ငါးလ၊ ကထိန်မခင်းလျှင် သီတင်းကျွတ်လပြည့်မှ တန်ဆောင်မုန်းလပြည့်အထိ တလမှ တပါးသောကာလအတွင်း၌ ဖြစ်စေ၊

၂။ ကာလအခါပင် ဖြစ်စေ၊ တစုံတခုသော ဂဏ,ပုဂ္ဂလကို ရည်စူး၍ လှူဒါန်းသော သင်္ကန်းမျိုးကိုဖြစ်စေ အကာလစီဝရ ဟု ဆိုသည်။

အကာလစီဝရန္တိ အတ္ထတေ ကထိနေ ကထိနမာသေဟိ၊ အနတ္ထတေ စီဝရမာသတော အညသ္မိံ ကာလေ ဥပ္ပန္နံ၊ ယံဝါ ပန ကာလေပိ အာဒိဿ ဒိန္နံ။ (ကင်္ခါ ၃၅၄-ဋ္ဌ)

## အညံ့ဝိညာပန သိက္ခာပုဒ်

● အညံ့ဝိညာပေတွာ၊ အညံ့ဝိညာပေယျ အစိပ္ပာယ်

အညံ့ဝိညာပေတွာ၊ အညံ့ဝိညာပေယျ ဟူသည်မှာ-

ပထမ ဆီကိုအလိုရှိသည်ဟု တောင်းသည်၊ ယင်းသို့ ဆီကို တောင်းပြီးမှ ဆီလှူလာသည့်အခါ ထောပတ်ကိုပါ ရလိမ့်မည် အထင်နှင့် ဆီကိုမလိုချင်တော့၊ထောပတ်ကိုသာလိုချင်တော့သည် ဟု ပြောင်းလွဲ၍ တောင်းခြင်းမျိုးကို ခေါ်သည်။

---

## အညံ့စေတာပန သိက္ခာပုဒ်

● အညံ့စေတာပေတွာ၊ အညံ့စေတာပေယျ အစိပ္ပာယ်

အညံ့စေတာပေတွာ၊ အညံ့စေတာပေယျ ဟူသည်မှာ-

မိမိအလိုရှိသော ထောပတ်, ဆီ-စသည်ကို အလဲခိုင်းပြီး ရလာသောအခါ ပြန်ပြီးအလဲခိုင်းလျှင် ဝယ်လှူလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ဒါကိုတော့ မလိုချင်တော့ဘူး၊ တခြားပစ္စည်း ကိုဘဲ လိုချင်တော့သည်ဟူ၍ ပြန်လဲခိုင်းမှုကို ခေါ်သည်။

---

## သံဃိကစေတာပန သိက္ခာပုဒ်

● အညဒတ္ထိက အစိပ္ပာယ်

အညဒတ္ထိက ဟူသည်မှာ-အခြားပစ္စည်းအကျိုးငှာ လှူအပ်သော ဝတ္ထုပစ္စည်းကို ခေါ်သည်။

အညဒတ္ထိကေနာတိ အညဿတ္ထာယ ဒိန္နေန။

(ကင်္ခါ ၃၅၆-ဤ)

---

● အညုဒ္ဒိသိက အဓိပ္ပာယ်

အညုဒ္ဒိသိက ဟူသည်မှာ - အခြားပစ္စည်းကို ညွှန်ပြကာ လှူအပ်သော ဝတ္ထုပစ္စည်းမျိုးကို ခေါ်သည်။

အညုဒ္ဒိသိကေနာတိ အညံ ဥဒ္ဒိသိတ္វာ ဒိန္နေန။
(ကင်္ခါ ၃၅၆-ဏ္ဍ)

———

● ဂရုပါဝုရဏ အဓိပ္ပာယ်

ဂရုပါဝုရဏ ဟူသည်မှာ-ဆောင်းဥတု၊ မိုးဥတု-ဟူသော အေးသောအချိန်အခါတွင် အသုံးပြုရသော ပစ္စည်းတည်း။

ဂရုပါဝုရဏန္တိ သီတကာလေ ပါဝုရဏံ။
(ကင်္ခါ ၃၅၈-ဏ္ဍ)

———

● လဟုပါဝုရဏ အဓိပ္ပာယ်

လဟုပါဝုရဏ ဟူသည်မှာ-နွေဥတုဟုဆိုအပ်သော ပူသော အချိန်အခါတွင် အသုံးပြုရသော ပစ္စည်းတည်း။

လဟုပါဝုရဏန္တိ ဥဏှကာလေ ပါဝုရဏံ။
(ကင်္ခါ ၃၅၈-ဏ္ဍ)

———

● ကံသ အဓိပ္ပာယ်

ကံသ ဟူသည်မှာ-လေးကျပ်ရှိသည်ကို ခေါ်သည်။

စတုက္ကံသ ပရမန္တိ ကံသောနာမ စတုက္ကဟာပဏိကော၊ ဘသ္မာ သောဠသကဟာပဏဂ္ဃနကံ။ (ကင်္ခါ ၃၈၇-ဟံ)

● **ဘိက္ခုနီ နိဿဂ္ဂိယပါစိတ်-၌ သာဓာရဏ၊ အသာဓာရဏ အာပတ်များ**

ဘိက္ခုနီ နိဿဂ္ဂိယပါစိတ်-၌ သာဓာရဏ အာပတ်များ ကား-

၁။ ဒုတိယဝဂ်၌ (၈)ပါး၊

၂။ တတိယဝဂ်၌ (၁၀)ပါး၊

ပေါင်း(၁၈)ပါး ဖြစ်သည်။

အသာဓာရဏ အာပတ်များကား-

၁။ ပဌမဝဂ်၌ (၁၀)ပါး၊

၂။ ဒုတိယဝဂ်၌ (၂)ပါး၊

ပေါင်း(၁၂)ပါးဖြစ်သည်။

နိဿဂ္ဂိယပါစိတ် ပြီး၏။

# ဝိဇ္ဇာရဒ္ဓေသ-သုဒ္ဓပါစိတ်

## လသုဏဝဂ်၊ လသုဏ သိက္ခာပုဒ်

### လသုဏ အဓိပ္ပာယ်

ဤသိက္ခာပုဒ်အရ လသုဏ ဟူသည်မှာ - မဂဓတိုင်းတွင် ဖြစ်သော လေးမြွှောင့်ရှိသော ကြက်သွန်ဖြူအစိမ်းကိုခေါ်သည်။

လသုဏန္တိ မဂဓရဋ္ဌေ ဇာတံ အာမကံ ဘဏ္ဍိကလသုဏ မေဝ၊ န ဧကဒွိတိ မိဉ္ဇကံ။ (ကင်္ခါ ၃၆၀-ဣ)

---

### ကြက်သွန်ဖြူ အမျိုးအစားများ

ကြက်သွန်ဖြူ အမျိုးအစားများကား-

၁။ ပလဏ္ဍုက-တမြွှောင့်သာရှိသော ကြက်သွန်ဝါ၊
၂။ ဘဉ္ဇနက-ရှစ်မြွှောင့်ရှိသော ကြက်သွန်နီ၊
၃။ စာပ- သုံးမြွှောင့် ရှိသော ကြက်သွန်စိမ်း အားဖြင့် (၃)မျိုးရှိသည်။

---

## သမ္ဗာဓလောမ သိက္ခာပုဒ်

### သမ္ဗာဓ အဓိပ္ပာယ်

သမ္ဗာဓ ဟူသည်မှာ - လက်ကတီးကြားနှင့် ပေါင်ကြား အရပ်များကို သမ္ဗာဓ-ဟု ခေါ်သည်။

သမ္ဗာဓေတိ ပဋိစ္ဆန္နောကာသေ၊ ဥပကစ္ဆကေသုစ မုတ္တကရဏေ စာတိ အတ္ထော။ (ကင်္ခါ ၃၆၀-ဣ)

● သံဟရာပေယျ-၌ သံဟရာပန အဓိပ္ပာယ်

သံဟရာပေယျ-၌ သံဟရာပန ဟူသည်မှာ - သင်ဓုန်းဓား, ကတ်ကြေး, မွေးညှပ်-စသည်တို့ဖြင့် ရိတ်ခြင်း, နုတ်ခြင်း, သုတ်သင်ခြင်းများကို ခေါ်သည်။

သံဟရာပေယျာတိ ဧတ္ထ ခုရသဏ္ဍာသကတ္တရိ အာဒီသု ယေနကေနစိ သံဟရာပေန္တိယာ ပယောဂေ ဂဏနာယ ပါစိတ္တိယံ၊ န လောမဂဏနာယ။ (ကခ်ါ ၃၆၀-ဋ္ဌ)

---

## တလဃာတက သိက္ခာပုဒ်

●

● တလဃာတက အဓိပ္ပာယ်

တလဃာတက ဟူသည်မှာ - ကာမရာဂ၏ အစွမ်းဖြင့်၊ အယုတ်သဖြင့် ကြာဝတ်ဆံကလေးဖြင့်ပင် ရိုက်နှက်လျှင် တလဃာတက မည်သည်။

တလဃာတကေတိ အန္တမသော ဥပ္ပလပတ္တေနာပိ မုတ္တကရဏဿ တလဃာတနေ မုတ္တကရဏမ္ပိ ပဟာရဒါနေ ပါစိတ္တိယန္တိ အတ္ထော။ (ကခ်ါ ၃၆၁-ဋ္ဌ)

---

## ဇတုမဋ္ဌက သိက္ခာပုဒ်

●

● ဇတုမဋ္ဌက အဓိပ္ပာယ်

ဇတုမဋ္ဌက ဟူသည်မှာ-ကာမရာဂ၏အစွမ်းဖြင့် ကြာဝတ်ဆံကလေးမျှကိုပင် သွင်းသော်လည်း ဇတုမဋ္ဌကမည်သည်။ ချိတ်တောင့်ကို ပြဆိုထားခြင်းမှာ ဝတ္ထု၏ အစွမ်းဖြင့် ပြဆိုထားခြင်းသာ ဖြစ်သည်။

ဇာတုမဋ္ဌကေတိ ဇာတုနာ ကတေ မဋ္ဌဒဏ္ဍကေ၊ ဝတ္ထု ဝသေနေတံ ဝုတ္တံ၊ ကာမရာဂေန ပန ဥပ္ပလကေသရမ္ပိ ပဝေသေန္တိယာ အာပတ္တိ။ (ကင်္ခါ ၃၆၁-၅)

---

## ● ဒွင်္ဂုလပရမ အစိပ္ပာယ်

ဒွင်္ဂုလပရမ ဟူသည်မှာ - လက် နှစ်ချောင်း သွင်းရာတွင် တချောင်းလျှင် တဆစ်ယူ၍ ပဌမလက်ဆစ်အထိ သွင်းနိုင်သည်။

လက်တချောင်း သွင်းသောအခါ ဒုတိယ လက်ဆစ်တိုင်အောင် သွင်းနိုင်သည်။ ။ယင်းကို ဒွင်္ဂုလပရမ-ဟု ခေါ်သည်။

---

# ဥပေါ်ဌွန သိက္ခာပုဒ်

●

## ● ဘုဥ္ဇတ္တဃအရ စားသောက်အပ်သောဝတ္ထုများ

ဤသိက္ခာပုဒ်လာ ဘုဥ္ဇတ္တဃအရ စားသောက်အပ်သော ဝတ္ထုများကား- ဘောဇဉ်(၅)ပါးကို ခေါ်သည်။

ဘုဥ္ဇတ္တဃာတိ ပဥ္စန္နံ ဘောဇနာနံ အညတရံ ဘုဥ္ဇတော။ (ကင်္ခါ ၃၆၂-၇)

---

## ● ပါနီယ အစိပ္ပာယ်

ပါနီယ ဟူသည်မှာ - ရေသက်သက် နှင့် ရက်တက်ရည်, နွားနို့ရည်စသော အရည်သောက်ဘွယ်များကို ခေါ်သည်။

ပါနီယေနာတိ သုဒ္ဓေနဝါ ဥဒကေန တက္ကာဒီသုဝါ အညတရေန။ (ကင်္ခါ ၃၆၂-၁၃)

### ဥပတိဋ္ဌေယျ ၌ ဥပတိဋ္ဌနအဓိပ္ပာယ်

ဥပတိဋ္ဌေယျ-၌ ဥပတိဋ္ဌန ဟူသည်မှာ-ရဟန်း၏ဟတ္ထပါသ် အတွင်း၌ တည်နေခြင်းကို ခေါ်သည်။

ဥပတိဋ္ဌေယျာတိ ယာဝ ဧတေသု ဒွီသု အညတရံ ဂဟေတွာ ဟတ္ထပါသေ တိဋ္ဌတိ။ (ကင်္ခါ ၃၆၂-ဋ္ဌ)

---

## ပဌမ ဥစ္စာရဆဋ္ဍန သိက္ခာပုဒ်

### ဝိဃာသ အဓိပ္ပာယ်

ဝိဃာသ ဟူသည်မှာ - ပါးလုပ်ဆေးရေ၊ ဒန်ပူ စားရိုး, စားဖတ်၊ စားအပ်ပြီးသည်မှ အကြွင်းအကျန်များကို ခေါ်သည်။

ဝိဃာသန္တိ ယံကိဉ္စိ ပဇ္ဇိတုက္ခာမဝသေသံ ဥစ္ဆိဋ္ဌောဒကမ္ပိ ဒန္တကဋ္ဌမ္ပိ၊ အဋ္ဌိကစလကေသု ပန ဝတ္တဗ္ဗမေဝ နတ္ထိ။ (ကင်္ခါ ၃၆၃-ဋ္ဌ)

---

## ဒုတိယ ဥစ္စာရဆဋ္ဍန သိက္ခာပုဒ်

### ဟရိတဋ္ဌာန အဓိပ္ပာယ်

ဟရိတဋ္ဌာန ဟူသည်မှာ - စိုက်ပျိုးထားသည့် လယ်ခင်း၊ ယာခင်း၊ အုန်းတော၊ ထန်းတော၊ ငှက်ပျောတော-စသည်တို့ကို ခေါ်သည်။ မစိုက်မပျိုးဘဲ စိမ်းစိုနေသောမြက်ပင်ရှိသော အရပ်မျိုးကို မဆိုလိုပါ။

ဟရိတေတိ ခေတ္တေဝါ နာဠိကေရာဒိအာရာမေဝါ ယတ္ထ ကတ္ထစိ ရောပိမဟရိတဋ္ဌာနေ။ (ကင်္ခါ ၃၆၄-ဋ္ဌ)

---

# နစ္စ ဂီတ သိက္ခာပုဒ်

## နစ္စ အဓိပ္ပာယ်

နစ္စ ဟူသည်မှာ - အယုတ်သဖြင့် ဥဒေါင်း ကခြင်းကိုပင် နစ္စ-ဟု ခေါ်သည်။

နစ္စန္တိ အန္တမသော မောရနစ္စမ္ပိ။ (ကခ်ါ ၃၆၄-ဣ)

---

## ဂီတ အဓိပ္ပာယ်

ဂီတဟူသည်မှာ-အယုတ်သဖြင့် သီချင်းသံပေါက်နေသော ဓမ္မဘာဏကဂီတကိုပင် ဂီတ-ဟု ခေါ်သည်။

ဂီတန္တိ အန္တမသော ဓမ္မဘာဏကဂီတမ္ပိ။

(ကခ်ါ ၃၆၄-ဣ)

---

## ဝါဒိတ အဓိပ္ပာယ်

ဝါဒိတဟူသည်မှာ-အယုတ်သဖြင့် ရေစည်တီးခြင်းကိုပင် ဝါဒိတ-ဟု ခေါ်သည်။

ဝါဒိတန္တိ အန္တမသော ဥဒကဘေရိဝါဒိတမ္ပိ။

(ကခ်ါ ၃၆၄-ဣ)

---

## ဒဿနာယ ဂစ္ဆေယျ ပါစိတ္တိယံ-၌ အာပတ်သင့်ပုံ

ဒဿနာယ ဂစ္ဆေယျ ပါစိတ္တိယံ-၌ အာပတ်သင့်ပုံမှာ-

၁။ ကြည့်ရှုရန်သွားသောအခါ ခြေလှမ်းတိုင်း-ခြေလှမ်းတိုင်း ဒုက္កဋ်အာပတ် သင့်သည်။

၂။ မြင်လောက်, ကြားလောက်သော အရပ်သို့ ရောက်သောအခါ ကြည့်ရှုနားထောင်ပါက ပယောဂ အားလျော်စွာ ပါစိတ်အာပတ် သင့်သည်။

ဒသာနာယ ဂစ္ဆန္တိယာ ပဒေ ပဒေ ဒုက္ကဋံ၊ ယတ္ထ ဌတွာ ပဿတိဝါ သုဏာတိဝါ၊ ကောပယောဂေ ကောပတ္တိ၊ တံတံ ဒိသံ ဩလောကေန္တိယာ ပယောဂေ ပယောဂေ အာပတ္တိ။　　(ကခ်ါ ၃၆၄-ဣ)

လသုဏဝဂ် ပြီး၏။

---

## ရတ္တန္ဓကာရဝဂ်၊ ရတ္တန္ဓကာရ သိက္ခာပုဒ်

● အပ္ပဒီပေ အဝိပ္ပာယ်

အပ္ပဒီပေ ဟူသည်မှာ - လရောင်၊ ခတ်မီးရောင် စသည့် မည်သည့် အလင်းရောင်မျှမရှိခြင်းကို ခေါ်သည်။

အပ္ပဒီပေတိ ပဇ္ဇောတ စန္ဒသူရိယ အဂ္ဂိသု ကေနာပိ အနောဘာသိတေ။　　(ကခ်ါ ၃၆၅-ဣ)

---

● ပုရိသေနဥ္စ ပုရိသအဝိပ္ပာယ်

ပုရိသေနဥ္စ ပုရိသဟူသည်မှာ သန္တိဋ္ဌနာ၊သလ္လပနအမှုမျိုးကို သိကြားနားလည်သော မနုဿဝိဂ္ဂဟကို ခေါ်သည်။

ပုရိသေနာတိ သန္တိဋ္ဌိတုံ သလ္လပိတုဉ္စ ဝိညူနာ မနုဿပုရိသေန သဒ္ဓိံ။　　(ကခ်ါ ၃၆၅-ဣ)

---

● သန္တိဋ္ဌေယျဝ် သန္တိဋ္ဌန အဝိပ္ပာယ်

သန္တိဋ္ဌေယျဝ် သန္တိဋ္ဌန - ဟူသည်မှာ ဟတ္ထပါသ် အတွင်းမှာ တည်နေခြင်းကို ခေါ်သည်။

သန္တိဋ္ဌေယျာတိ ဟတ္ထပါသေ ဌိတမတ္တာယ ပါစိတ္တိယံ။

---

(ကခ်ါ ၃၆၅-ဟံ)

### သလ္လပေယျ၌ သလ္လပန အဓိပ္ပာယ်

သလ္လပေယျ၌- သလ္လပန ဟူသည်မှာ ဟတ္ထပါသ်အတွင်း၌ တည်နေကာ စကားပြောဆိုခြင်းကို ခေါ်သည်။

သလ္လပေယျာတိ တတ္ထ ဌတွာ ဂေဟာသိတကထံ ကထေန္တိ ယာပိ ပါစိတ္တိယမေဝ။ (ကင်္ခါ ၃၆၅-ဋ္ဌ)

---

## ဒုတိယဥယျောဇန သိက္ခာပုဒ်

### ဥယျောဇန အဓိပ္ပာယ်

ဤသိက္ခာပုဒ်လာ ဥဒယျောဇန ဟူသည်မှာ မသင့်မလျော်သော အမှုအကျင့်ကို ပြုလုပ်ရန် ရည်ရွယ်လျက် ပြန်လွှတ်ခြင်းမျိုးကို ခေါ်သည်။

ဥယျောဇေယျာတိ အနာစာရံ စရိတုကာမတာယ ဂစ္ဆ တွန္တိ ဒုတိယိကံ ဥယျောဇေယျ။ (ကင်္ခါ ၃၆၆-ဋ္ဌ)

---

### ဥယျောဇန အမှုအတွက် အာပတ်သင့်ပုံ

ဤသိက္ခာပုဒ်လာ ဥယျောဇနမှုအတွက် အာပတ်သင့်ပုံမှာ-

၁။ ပြန်လွှတ်သောအခါ ပြန်လွှတ်ခြင်းကြောင့် ဟတ္ထပါသ်ကို လွန်ရုံဖြင့် ဒုက္ကဋ်အာပတ် သင့်သည်။

၂။ လွန်ပြီးသောအခါ ပါစိတ်အာပတ်သင့်သည်။

ဥယျောဇေန္တိယာ ပန ဥယျောဇနေစ ဟတ္ထပါသ ဝိဇဟနေစ ဒုက္ကဋ္ဌံ၊ ဝိဇဟိတေ ပါစိတ္တိယံ။

(ကင်္ခါ ၃၆၆-ဋ္ဌ)

---

## အနာပုစ္ဆာ ပက္ကမနသိက္ခာပုဒ်

### ● ပုရေဘတ္တ အဝိပ္ပာယ်

ပုရေဘတ္တဟူသည်မှာ အရုဏ်တက်မှ မွန်းတည့်သည့်အထိကို ပုရေဘတ္တဟု ခေါ်သည်။

ပုရေဘတ္တန္တိ အရုဏုဂ္ဂမနံ ဥပါဒါယ ယာဝမဇ္ဈန္ဟိကံ။

(ကင်္ခါ ၃၆၇-ဉ)

---

### ● အာသန အဝိပ္ပာယ်

ဤသိက္ခာပုဒ်လာ အာသန ဟူသည်မှာ-တင်ပလ္လင်ခွေကာ ထိုင်လောက်သောဘုံများ၊အခင်းများကို ခေါ်သည်။

အာသနေတိ ပလ္လင်္ကဿောကာသဘူတေ။

(ကင်္ခါ ၃၆၇-ဉ)

---

### ● အနာပုစ္ဆာ-အရ ပန်ကြားထိုက်သောပုဂ္ဂိုလ်

ဤသိက္ခာပုဒ်လာ အနာပုစ္ဆာ အရ - ပန်ကြားထိုက်သော ပုဂ္ဂိုလ်ကား လိမ်မာရေးခြားရှိ၍ သိကြားနားလည်သူ ဖြစ်သည်။

သာမိကေ အနာပုစ္ဆာတိ တသ္မိံ ကုလေ ယံကိဉ္စိ ဝိညုံ မနုဿံ အနာပုစ္ဆာ။ (ကင်္ခါ ၃၆၇-ဉ)

---

### ● မပန်ကြားဘဲသွားရာ၌ အာပတ်သင့်ပုံ

ဤသိက္ခာပုဒ်အရ မပန်ကြားဘဲ သွားရာ၌ အာပတ်သင့်ပုံမှာ-

၁။ အိမ်တွင်းဖြစ်ပါက တံစက်မြိတ်သို့ ခြေတလှမ်းလွန်သောအခါ ဒုက္ကဋ်၊

၂။ ဒုတိယခြေလှမ်းကို လှန်သောအခါ ပါစိတ်အာပတ် သင့်သည်။

၃။ လှင်တီးခေါင် ဖြစ်ပါလျှင် ၁၂-တောင် အရပ်ကို ပထမခြေတလှမ်း လှန်သောအခါ ပါစိတ် အာပတ် သင့်သည်။

---

## အနာပုစ္ဆာ အဘိနိဒ္ဒိသီဒန သိက္ခာပုဒ်

●

● **ပစ္ဆာဘတ္တ အစိပ္ပာယ်**

ပစ္ဆာဘတ္တ - ဟူသည်မှာ မွန်းလွဲသည်မှစ၍ နေဝင်သည် တိုင်အောင်သော အချိန်အခါကို ခေါ်သည်။

ပစ္ဆာဘတ္တန္တိ မဇ္ဈန္တိကေ ဝီတိဝတ္တေ ယာဝသူရိယဿ အတ္ထင်္ဂမနာ။ (ကင်္ခါ ၃၉၆-ဟံ)

---

## အနာပုစ္ဆာသန္တရဏ သိက္ခာပုဒ်

● **ဝိကာလ-အဓိပ္ပာယ်**

ဝိကာလ ဟူသည်မှာ - နေဝင်သည်မှ အရုဏ်တက်သည် အထိကို ဝိကာလ-ဟု ခေါ်သည်။

ဝိကာလေတိ အတ္ထင်္ဂတေ သူရိယေ။ (ကင်္ခါ ၃၉၆-ဟံ)

---

● **သေယျ-အဓိပ္ပာယ်**

သေယျ ဟူသည်မှာ အယုတ်သဖြင့် မြက်အခင်းကို အစ ပြု၍ အိပ်ရာခင်းအားလုံးကို ခေါ်သည်။

သေယျန္တိ အန္တမသော ပဏ္ဏသန္ထာရမ္ပိ။

--- (ကင်္ခါ ၃၉၆-ဟံ)

## ပရံဥစ္စွာပနက သိက္ခာပုဒ်

### ● ဒုဂ္ဂဟိတဒူပဓာရိတ အဓိပ္ပာယ်

ဒုဂ္ဂဟိတဒူပဓာရိတ-ဟူသည်မှာ ပြောကြားသူက ချီးမွမ်းစကားပြောကြားသည်၊ ကြားသူကအကြားလွဲသည်၊ အမှတ်လွဲသည်၊ယင်းကို ဒုဂ္ဂဟိတဒူပဓာရိတဟု ခေါ်သည်။

ဒုဂ္ဂဟိတေန ဒူပဓာရိတေနာတိ ယံ ဝုတ္တံ၊ တတော အညထာ ဂဟိတေနစ ဥပဓာရိတေနစ။ (ကင်္ခါ ၃၉၇-ဟံ)

---

## ပရံအာဘိသပနံ သိက္ခာပုဒ်

### ● နိရယဖြင့် ကျိန်ဆဲပုံ

ဤသိက္ခာပုဒ်အရ နိရယဖြင့် ကျိန်ဆဲခြင်းတွင် မိမိကိုယ်ကို ကျိန်ဆဲခြင်းနှင့် သူတပါးကို ကျိန်ဆဲခြင်း ဟူ၍ (၂)မျိုး ရှိသည်၊ ထိုနှစ်မျိုးတွင် မိမိကိုယ်ကိုနိရယဖြင့် ကျိန်ဆဲပုံကား-

၁။ 'ငရဲကျပါစေရဲ့'-ဟူ၍ ကျိန်ဆဲသည်။

သူတပါးကို ကျိန်ဆဲပုံကား-

၂။ 'ငရဲကျပါစေ'ဟူ၍ ကျိန်ဆဲသည်။

တတ္ထ နိရယေ ဥပပဇ္ဇာမိ၊ နိရယေ ဥပပဇ္ဇတူတိ ဧဝမာဒိနိ ဝဒမာနာ နိရယေန အဘိသပတိနာမ၊ အက္ကောသတီတိ အတ္တော။ (ကင်္ခါ ၃၉၇-ဟံ)

### ● ဗြဟ္မစရိယဖြင့် ကျိန်ဆဲပုံ

ဤသိက္ခာပုဒ်အရ ဗြဟ္မစရိယဖြင့် ကျိန်ဆဲခြင်းတွင် မိမိကိုယ်ကို ကျိန်ဆဲခြင်း၊သူတပါးကို ကျိန်ဆဲခြင်း ဟူ၍ (၂)မျိုးရှိသည်၊ ထိုနှစ်မျိုးတွင် မိမိကိုယ်ကို ဗြဟ္မစရိယဖြင့် ကျိန်ဆဲပုံကား-

၁။ 'လူဖြစ်ရပါစေရဲ့'-ဟူ၍ ကျိန်ဆဲသည်။

သူတပါးကို ကျိန်ဆဲပုံကား-

၂။ 'လူဖြစ်ပါစေ'-ဟူ၍ ကျိန်ဆဲသည်။

ဂိဟိနီ ဟောမိ၊ဂိဟိနီ ဟောတုတိ ဝေမာဒီနိ ဝဒမာနာ ဗြဟ္မစရိယေန။ (ကမ်္ဘာ ၃၉၇-ဟံ)

---

## ရောဒန သိက္ခာပုဒ်

### ● ရောဒနသိက္ခာပုဒ်အရ အာပတ်သင့်ပုံ

ဤရောဒနသိက္ခာပုဒ်အရ အာပတ်သင့်ပုံမှာ-

၁။ ထုရုံသာထု၍ မငိုလျှင်ဒုက္ကဋ်၊

၂။ ငိုရုံသာငို၍ မထုလျှင် ဒုက္ကဋ်၊

၃။ ထုလည်းထု၊ငိုလည်းငိုလျှင် အာစိတ်အာပတ်။

ဝဓိတွာတိ ဟန္တွာဒီဟိ ပဟရိတွာ၊ ဥဘယံ ကရောန္တိယာဝ ပါစိတ္တိယံ။ (ကမ်္ဘာ ၃၉၈-ဟံ)

ရတ္တန္ဓကာရဝဂ် ပြီး၏။

## နဂ္ဂဝဂ်၊ နဂ္ဂ သိက္ခာပုဒ်

### နဂ္ဂါ-အဓိပ္ပာယ်

ဤသိက္ခာ ပုဒ်လာ နဂ္ဂါ-ဟူသည်မှာ-ခါးဝတ် သော်ရင်း၊ အပေါ်ရုံသော်ရင်း တခုခုမျှမပါခြင်းကို နဂ္ဂါဟု ခေါ်သည်။

နဂ္ဂါတိ အနိဝတ္ထာဝါ အပါရုတာဝါ။

(ကင်္ခါ ၃၉၀-ဟံ)

---

### ဤသိက္ခာပုဒ်အရ အာပတ်သင့်ပုံ

ဤသိက္ခာပုဒ်အရ အာပတ်သင့်ပုံမှာ-

၁။ ရေချိုးရန် လှုံ့လပြုတိုင်း ဒုက္ကဋ်အာပတ် သင့်သည်။

၂။ ရေချိုးပြီးသောအခါ ပါစိတ်အာပတ် သင့်သည်။

ဝေဠိ နဟာယန္တိယာ သဗ္ဗပ္ပယောဂေသု ဒုက္ကဋံ၊နဟာန ပရိယောသာနေ ပါစိတ္တိယံ။ (ကင်္ခါ ၃၉၀-ဟံ)

---

## စီဝရ သိဗ္ဗန သိက္ခာပုဒ်

### အန္တရာယိကိနီအရ-အန္တရာယ်အဓိပ္ပာယ်

ဤသိက္ခာပုဒ်လာ အန္တရာယိကိနီအရ-အန္တရာယ် ဟူသည်မှာ-ဥပုသ်အန္တရာယ်(၁၀)ပါးကို ခေါ်သည်။

အန္တရာယိကိနီတိ ဒသသု အန္တရာယေသု ကေနစိမ္ပိ။

(ကင်္ခါ ၃၉၉-ဟံ)

---

● ဤသိက္ခာပုဒ်အရ အာပတ်သင့်သောအခါကာလ

ဤသိက္ခာပုဒ်အရ အာပတ်သင့်သော အခါကာလကား- ငါးရက် လွန်ပြီး နောက် မချုပ်လုပ်ရ ဘူပြီ ဟု ဆုံးဖြတ်ချက် ချသောအခါဖြစ်သည်။

ယင်းသို့ ဆုံးဖြတ်ချက်ချသည်နှင့် အာပတ်သင့်တော့သည်။

---

## သင်္ကိုင်စာရ သိက္ခာပုဒ်

●

● သင်္ကိုင် အဓိပ္ပာယ်

ပဉ္စာပတိကံ သံဃာဋိစာရံ၌ သင်္ကိုင်ဟူသည်မှာ-

၁။ တိစီဝရိက် သင်္ကန်း(၃)ထည်၊

၂။ ရေသနုပ်၊

၃။ ရင်လွှမ်းတဘက်-ဟူ၍ သင်္ကန်း(၅)ထည်ဖြစ်သည်။

● သင်္ကိုင်စာရ အဓိပ္ပာယ်

သင်္ကိုင်စာရ ဟူသည်မှာ - တိစီဝရိက် စသော သင်္ကန်း (၅)ထည်ကို လဲလှယ်ခြင်းကို ခေါ်သည်။

---

## စီဝရသင်္ကမနီယ သိက္ခာပုဒ်

●

● စီဝရသင်္ကမနီယ အဓိပ္ပာယ်

စီဝရသင်္ကမနီယ ဟူသည်မှာ - အကြင် ရဟန်းမသည် သင်္ကန်းပိုင်ရှင် ဘိက္ခုနီမထံမှ ခွင့်မတောင်းဘဲ ယူဝတ်သည်၊ ယင်းသို့ ယူဝတ်ပြီးနောက် ပြန်ပေးရမည့် သင်္ကန်း(၅)ထည်တွင် တထည် ထည်ကို စီဝရသင်္ကမနီယ-ဟု ခေါ်သည်။

စီဝရသက်မနိယန္တိ သက်မေတဗ္ဗစိငရံ အညိဿာ သန္တကံ အနာပုစ္ဆာ ဂဟိတံ ပုန ပင္ဒိဒါတဗ္ဗံ၊ ပဋ္ဋန္ဒိ အညတရံ စီဝရန္တိ အတ္ထော။ (ကခ်ါ ၄၀၀-ဟံ)

---

## ဂဏစီဝရ သိက္ခာပုဒ်

●

### ● ဂဏ အဓိပ္ပာယ်

ဤသိက္ခာပုဒ်လာ ဂဏ ဟူသည်မှာ - ဘိက္ခုနီ သံဃာကို ခေါ်သည်။

ဂဏဿာတိ ဘိက္ခုနိသံဃဿ။ (ကခ်ါ ၄၀၁-ဟံ)

---

### ● စီဝရ အဓိပ္ပာယ်

ဤသိက္ခာပုဒ်လာ စီဝရ ဟူသည်မှာ - ဝိကပ္ပနာ လောက်သော ခေါမ-စသော သင်္ကန်း (၆) ထည်တွင် တထည်ထည်ကို ခေါ်သည်။

စီဝရလာဘန္တိ ဝိကပ္ပနုပဂမ္ပိ ပစ္ဆိမံ လဘိတဗ္ဗံ စီဝရံ။ (ကခ်ါ ၄၀၁-ဟံ)

---

### ● အန္တရာယံကရေယျ-၌ အန္တရာယ်ပြုပုံ

ဤ သိက္ခာပုဒ်လာ အန္တရာယံကရေယျ-အရ အန္တရာယ် ပြုပုံမှာ - ဘိက္ခုနီသံဃာအား ဒါယကာ တယောက်ယောက်က သင်္ကန်းလှူမည်ဟု ကြားသိရသောအခါ ယင်းသို့ မလှူဖြစ်အောင် အားထုတ်ခြင်းကို ခေါ်သည်။

အန္တရာယံ ကရေယျာတိ ယထာ တေ ဒါတုကာမာ နဒေန္တိ၊ ဧဝံ ပရက္ကမေယျ။ (ကခ်ါ ၄၀၁-ဟံ)

## ပဋိဗာဟန သိက္ခာပုဒ် စသည်

### မမ္မိကစီဝရဝိဘင် အခိပ္ပာယ်

ခမ္မိကစီဝရဝိဘင်ဟူသည်မှာ ဘိက္ခုနီသံဃာများ ညီညွတ်စွာ စည်းဝေးလျက် ပြုအပ်သောသက်န်းဝေဘန်မှုကိုခေါ်သည်။

မမ္မိကံ စီဝရဝိဘင်္ဂန္တိ သမဂ္ဂေန သံဃေန သန္နိပတိတွာ ကရိယမာနံ စီဝရဝိဘင်္ဂံ။ (ကင်္ခါ ၄၀၂-ဟံ)

---

### သမဏစီဝရ အခိပ္ပာယ်

သမဏစီဝရ ဟူသည်မှာ-ဝတ်ရုံလောက်၍ ကပ္ပဗိန္ဒုထိုးပြီးသော သင်္ကန်းကို ခေါ်သည်။

သမဏစီဝရန္တိ ကပ္ပကတံ နိဝါသနပါရုပနုပဂံ။
(ကင်္ခါ ၄၀၂-ဟံ)

---

## ကာလ အတိက္ကမန သိက္ခာပုဒ်

### ဒုဗ္ဗလစီဝရပစ္စာသာ အခိပ္ပာယ်

ဤသိက္ခာပုဒ်လာ ဒုဗ္ဗလစီဝရပစ္စာသာ ဟူသည်မှာ-တပည့်တော် တတ်နိုင်ပါက သင်္ကန်းလှူဒါန်းပါမည် ဟူ၍ လျှောက်ထားချက်ကို မျှော်လင့်မှုမျိုးကို ခေါ်သည်။

ဒုဗ္ဗလစီဝရပစ္စာသာယာတိ ဒုဗ္ဗလာယ စီဝရပစ္စာသာယ၊ သစေ သက္ကောမ ဒဿာမာတိ ဧွကမတ္တံ သုတွာ ဥပ္ပါဒိတာယ အာသာယာတိ အတ္ထော။ (ကင်္ခါ ၄၀၃-ဟံ)

## ● ဤသိက္ခာပုဒ်အရ အာပတ်သင့်ပုံ

ဤသိက္ခာပုဒ်အရ အာပတ်သင့်ပုံကား-

၁။ ကထိန် မခင်းပါက တန်ဆောင်မုန်း လပြည့်နေ့ကို လွန်လျှင် အာပတ်သင့်သည်။

၂။ ကထိန် ခင်းပါက ကထိန်နှုတ်ရာနေ့ကို လွန်ပါက အာပတ်သင့်သည်။

တဿာ အနတ္ထတေ ကထိနေ ဝဿာနဿ ပစ္ဆိမမာသံ အတ္ထတေ ကထိနေ ကထိနုဗ္ဘာရဒိဝသံ အတိက္ကာမေန္တိ ယာ ပါစိတ္တိယံ။ (ကခ်ါ ၃၇၄-ဏ္ဍ)

---

## ကထိနုဒ္ဓါရ သိက္ခာပုဒ်

●

## ● ဓမ္မိက ကထိနုဒ္ဓါရ အဓိပ္ပာယ်

ဓမ္မိက ကထိနုဒ္ဓါရ ဟူသည်မှာ-ကထိန် နှုတ်သဖြင့် ရလာမည့် လာဘ်လာဘက ကထိန်ခင်း၍ ရလာမည့်လာဘ်လာဘထက် ပိုလွန်ခြင်း၊ သို့မဟုတ် ညီမျှခြင်း၊ သမဂ္ဂသံဃာက ဉတ္တိဒုတိယကမ္မဝါစာဖြင့် နှုတ်ခြင်း-ဟူသော အင်္ဂါ(၂)ပါးနှင့်ညီညွတ်သော ကထိန်နှုတ်ခြင်းကို ခေါ်သည်။

နဂ္ဂဝဂ် ပြီး၏။

## တုဝဋ္ဋဝဂ်၊ ကေတ္ထရဏတုဝဋ္ဋ သိက္ခာပုဒ်

●

● ကေတ္ထရဏ ပါဝုရဏ အဓိပ္ပာယ်

ကေတ္ထရဏပါဝုရဏ ဟူသည်မှာ-ကော်ဇောကိုသော်ရင်း၊ စောင်စသည်ကိုရင်း တပိုင်းကိုခင်းပြီး တပိုင်းကိုခြုံ၍ အိပ်ခြင်းကို ခေါ်သည်။

သံဟာရိမာနံ ပါဝါရတ္ထရဏကဋ္ဋသာရကာဒီနံ ကေံအန္တေ အတ္ထရိတွာ ကေံ ဥပါရုပိတွာ တုဝဋ္ဋေန္တီနမေတံ အဓိဝစနံ။ (ကင်္ခါ ၃၇၅-ဍ)

---

## အဖာသုကရဏ သိက္ခာပုဒ်

●

● အဖာသုကရဏ အဓိပ္ပာယ်

အဖာသုကရဏဟူသည်မှာ-တပါးသူများ စိတ်မချမ်းသာစေရန် သက်သက်စင်္ကြံလျှောက်ခြင်း၊ရပ်ခြင်း၊ထိုင်ခြင်းစသည်ဖြင့် ရှိသေလေးစားမှုကင်းလျက် ပြုလုပ်ခြင်းမျိုးကို ခေါ်သည်။

---

## နဉပဋ္ဌာပန သိက္ခာပုဒ်

●

● ဒုက္ခိတ အဓိပ္ပာယ်

ဤသိက္ခာပုဒ်လာ ဒုက္ခိတ ဟူသည်မှာ-မကျန်းမမာဖြစ်နေသူကို ဒုက္ခိတ-ဟု ခေါ်သည်။

ဒုက္ခိတန္တိ ဂိလာနံ။ (ကင်္ခါ ၃၇၆-ဍ)

● သဟာဇီဝိနီ အဓိပ္ပာယ်

သဟာဇီဝိနီ ဟူသည်မှာ - သဒ္ဓိဝိဟာရိနီ တပည့်မကို သဟာဇီဝိနီ-ဟု ခေါ်သည်။

သဟာဇီဝိနီန္တိ သဒ္ဓိဝိဟာရိနိံ။ (ကင်္ခါ ၃၇၆-ဌ)

---

● ဤသိက္ခာပုဒ်အရ အာပတ်သင့်ပုံ

ဤသိက္ခာပုဒ်အရ အာပတ်သင့်ပုံမှာ-ဤမကျန်းမာသော ဒုက္ခိတတပည့်မကို ငါကိုယ်တိုင်လည်း မပြုစုတော့၊ သူတပါးကိုလည်း ပြုစုရန်မခိုင်းစေတော့ဟု ဆုံးဖြတ်လိုက်သောအခါ ပါစိတ် အာပတ်သင့်သည်။

နေဝဥပဋ္ဌဟေဿာမီတိ တဿာ ဥပဋ္ဌာနံ သယံဝါ အကရောန္တိယာ, ပရေဟိဝါ အကရောန္တိယာ ဓုရံ နိက္ခိတ္တမတ္တေ ပါစိတ္တိယံ။ (ကင်္ခါ ၃၇၆-ဌ)

---

## နိက္ကမုန သိက္ခာပုဒ်

●

● ဥပဿယ အဓိပ္ပာယ်

ဤသိက္ခာပုဒ်အရ ဥပဿယဟူသည်မှာ-တံခါးရွက်ရှိသော ခိမိပိုင် ပုဂ္ဂလိကကျောင်းမျိုးကို ခေါ်သည်။

ဥပဿယံ ဒတွာတိ သကဝါဋဗဒ္ဓံ အတ္တနော ပုဂ္ဂလိကဝိဟာရံ ဒတွာ။ (ကင်္ခါ ၃၇၆-ဌ)

● ဤသိက္ခာပုဒ်အရ အာပတ်သင့်ပုံ

ဤသိက္ခာပုဒ်အရ အာပတ်သင့်ပုံမှာ-

၁။ ကျောင်း၏ တံခါးကို လွန်အောင် တကြိမ်တည်း ဆွဲထုတ်ရာတွင် အာပတ်တချက်သာ သင့်သည်။

၂။ အကြိမ်ကြိမ် ဆွဲထုတ်လျှင် ပယောဂ အရေအတွက် အရ အာပတ်သင့်သည်။

---

## အဇ္ဈောရုဠ္ဌ သိက္ခာပုဒ်

● အဇ္ဈောရုဠ္ဌ အဓိပ္ပာယ်

အဇ္ဈောရုဠ္ဌ ဟူသည်မှာ-မိမိနေထိုင်သောနိုင်ငံကို အဇ္ဈော ရုဠ္ဌ-ဟု ခေါ်သည်။

အဇ္ဈောရုဋ္ဌေတိ ယဿ ဝိဇိတေ ဝိဟရတိ၊ တဿ ရဋ္ဌေ။

(ကာ်ါ ၃၇၇-ဘ)

---

## တိရောရုဠ္ဌ သိက္ခာပုဒ်

● တိရောရုဠ္ဌ အဓိပ္ပာယ်

တိရောရုဠ္ဌ ဟူသည်မှာ - မိမိနေသိုင်သောနိုင်ငံမှ အခြား နိုင်ငံကို တိရောရုဠ္ဌ-ဟု ခေါ်သည်။

တိရောရဋ္ဌေတိ ယဿ ဝိဇိတေ ဝိဟရတိ၊ တံ ထပေတွာ အညဿ ရဋ္ဌေ။

(ကာ်ါ ၃၇၀-ဏ)

---

## အဇ္ဈောဝဿ သိက္ခာပုဒ်

● ဝါတွင်း ညဥ့်အိပ်သွားလာနိုင်သော အကြောင်းများ

ဝါတွင်း ဖြစ်သော်လည်း ညဥ့်အိပ် သွားလာ နိုင်သော အကြောင်းများကား-

၁။ ခုနစ်ရက် အတွင်း ဆောင်ရွက်၍ ပြီးစီး နိုင်သော အမိ-အဘစသည်တို့၏ အမှုကိစ္စနှင့်၊
၂။ ဘေးရန်ဟူသော အကြောင်းများရှိခဲ့လျှင် ဝါပန်၍ ခုနစ်ရက်အတွင်း သွားကောင်းသည်။

ဣမ သတ္တာဟကရဏီယေန ဝါ ကေနစိ ဥပ္ပဇ္ဇာယဝါ အာပဒါသုဝါ ဂစ္ဆန္တိယာ။ (ကင်္ခါ ၃၇၈-ဣ)

---

## စာရိကံ ပက္ကမန သိက္ခာပုဒ်

●

● ဤသိက္ခာပုဒ်အရ အာပတ်သင့်ပုံ

ဤသိက္ခာပုဒ်အရ အာပတ်သင့်ပုံမှာ-

၁။ သုံးယူဇနာ သွားပြီးနောက် ယင်း လမ်း အ တိုင်း ပြန်လာသည်ဖြစ်စေ၊

၂။ ငါးယူဇနာ၊ ခြောက်ယူဇနာ ခရီးသွားမှုကို မပြုလုပ်တော့ဟု ဆုံးဖြတ်လိုက်သည်ဖြစ်စေ အာပတ်သင့်သည်။

**မှတ်ချက်။** ။၃-ယူဇနာ ခရီးသွားပြီး ယင်းလမ်းအတိုင်း ပြန်မလာဘဲ တခြားလမ်းဖြင့် ပြန်လာပါမူ အာပတ် မသင့်ချေ။

သစေ ပန တီဏိ ဂန္တွာ တေနေဝ မဂ္ဂေန ပစ္စာဂစ္ဆန္တိ၊ န ဝဋ္ဋတိ၊ အညေန အာဂန္တုံ ဝဋ္ဋတိ၊ဝုတ္တပ္ပမာဏံ အဒ္ဓါနံ န ဂစ္ဆိဿာမိတိ ဓုရေ နိက္ခိတ္တမတ္တေ ပါစိတ္တိယံ။

(ကင်္ခါ ၃၇၈-ဣ)

တုဝဋ္ဋဝဂ် ပြီး၏။

---

# စိတ္တာဂါရဝဂ်
## ရာဇာဂါရ သိက္ခာပုဒ်

●

### ရာဇာဂါရ-အဓိပ္ပာယ်

ရာဇာဂါရ ဟူသည်မှာ-ရှင်ဘုရင် ပျော်ပါးရာ ကစားရာ အိမ်တော်မင်းကွန်းကို ခေါ်သည်။

ရာဇာဂါရန္တိ ရညော ကီဠနဃရံ။ (ကခ်ါ ၃၇၉-ဣ)

---

### စိတ္တာဂါရ-အဓိပ္ပာယ်

စိတ္တာဂါရ ဟူသည်မှာ-လူအများ ပျော်ပါးနိုင်ကြစေရန် အဆန်းတကြယ်ဆောက်လုပ်ထားသော အိမ်ကိုခေါ်သည်။

စိတ္တာဂါရန္တိ ကီဠနစိတ္တသာလံ။ (ကခ်ါ ၃၇၉-ဣ)

---

### အာရာမ-အဓိပ္ပာယ်

အာရာမ-ဟူသည်မှာ-လူအများ ပျော်ပါး နိုင်ကြစေရန် ပြုလုပ်ထားသော အရာမ်ခြံကို ခေါ်သည်။

အာရာမန္တိ ကီဠနဥပဝနံ။ (ကခ်ါ ၃၇၉-ဣ)

---

### ဥယျာန-အဓိပ္ပာယ်

ဥယျာန ဟူသည်မှာ-လူအများ ပျော်ပါး နိုင်ကြ စေရန် ပြုလုပ်ထားသော ပန်းဥယျာဉ်, သစ်သီးဥယျာဉ် စသည်ကို ခေါ်သည်။

ဥယျာနန္တိ ကီဠနုယျာနံ။ (ကခ်ါ ၃၇၉-ဣ)

● **ပေါက္ခရဏီ အဓိပ္ပာယ်**

ပေါက္ခရဏီ ဟူသည်မှာ - လူအများ ပျော်ပါးနိုင်စေရန် ဖြစ်သော ကန်ကို ခေါ်သည်။

ပေါက္ခရဏိန္တိ ကီဠနပေါက္ခရဏိံ။ (ကခ်ါ ၃၇၉-ဏ္ဍ)

---

## အာသန္ဒိပရိဘုဥ္ဇန သိက္ခာပုဒ်

● **အာသန္ဒိ အဓိပ္ပာယ်**

အာသန္ဒိ ဟူသည်မှာ-လက်ရှစ်သစ်ထက်ရှည်သော အခြေရှိသော ညောင်စောင်း,အင်းပျဉ်ကို ခေါ်သည်။

အာသန္ဒိနာမ အတိက္ကန္တပမာဏာ ဝုစ္စတိ။

(ကခ်ါ ၃၇၉-ဏ္ဍ)

---

● **ပလ္လင် အဓိပ္ပာယ်**

ပလ္လင် ဟူသည်မှာ-ကျားရုပ်, ခြင်္သေ့ရုပ် စသော သားရဲရုပ်များ ထုထွင်းကာ ပြုလုပ်ထားသော ညောင်စောင်း, ခုံဋ်ကို ခေါ်သည်။

ပလ္လင်္ကော နာမ အသံဟာရိမေန ဝါဠေန ကတောတိ ဝုတ္တော။ (ကခ်ါ ၃၇၉-ဏ္ဍ)

---

● **အာသန္ဒိနှင့်ပလ္လင်တို့ကို သုံးကောင်းအောင် ပြုလုပ်ပုံ**

အာသန္ဒိနှင့်ပလ္လင်တို့ကို သုံးကောင်းအောင် ပြုလုပ်ပုံမှာ-

၁။ အာသန္ဒိတွင် လက်ရှစ်သစ်ထက် အခြေပိုနေသည်ကို ဖြတ်၍ သုံးကောင်းသည်။

၂။ ပလ္လင်္ကတွင် ကျားရုပ်, ခြင်္သေ့ရုပ် စသော သားရဲရုပ်များကို ဖျက်ကာ အသုံးပြုကောင်းသည်။

အာသန္ဒိယာ ပါဒေ ဆိန္ဒိတွာ၊ ပလ္လင်္ကဿ ဝါဠေ ဘိန္ဒိတွာ ပရိဘုဉ္ဇိတဗ္ဗာ။ (ကန်ဒါ ၃၇၉-၈၀)

---

## သုတ္တကန္တနာဒိသိက္ခာပုဒ်

### သုတ္တံကန္တေယျ ပါစိတ္တိယံအရ အာပတ်သင့်ပုံ

သုတ္တံကန္တေယျ ပါစိတ္တိယံအရ အာပတ်သင့်ပုံမှာ-

၁။ ဝင်ရိုးတွင် ချည်မျှင်အသစ် သွင်းကာ ရစ်တိုင်း ရစ်တိုင်း အာပတ်တချက်စီသင့်သည်။

၂။ ဝါကိုရွေးချယ်သည်မှစ၍ ပယောဂပြုမှုတွင် လက်လှုပ်ရှားသည့် အကြိမ်အရေအတွက်အတိုင်း ဒုက္ကဋ်အာပတ်တချက်စီသင့်သည်။

တသ္မိံ အက္ခမှိ ဝေဌိတေ ဝေဌိတေ ကောဋ္ဌာသေ ကောဋ္ဌာသေ အာပတ္တိ၊
ကန္တနတော ပုဗ္ဗေ ကပ္ပါသဝိစိနနံ အာဒိံ ကတွာ သဗ္ဗပ္ပယောဂေသု ဟတ္ထဝါရ ဂဏနာယ ဒုက္ကဋံ။

(ကန်ဒါ ၃၇၀-၈၀)

---

### မိဘဝေယျာဝစ္စကို ပြုလုပ်သော်လည်း အာပတ်မှလွတ်အောင် ပြုလုပ်နည်း

မိမိ၏ ဝေယျာဝစ္စ တခုခုကို ပြုလုပ်ခိုင်းပြီးသောအခါ မိဘ၏ ဝေယျာဝစ္စကို ပြုလုပ်ကောင်းသည်။ ယင်းသို့ မိမိ၏ ဝေယျာဝစ္စတခုခုကို မပြုလုပ်စေဘဲ မိမိက မပြုလုပ်ကောင်းချေ။

## အာဝသထစီဝရ သိက္ခာပုဒ်

### ၉ အာဝသထစီဝရ အဓိပ္ပာယ်

အာဝသထ စီဝရ ဟူသည်မှာ ဥတုလာသူ ဘိက္ခုနီမတို့ ဝတ်ဆင်ရန်အတွက် လှူဒါန်းထားသော သင်္ကန်းကို ခေါ်သည်။

အာဝသထ စီဝရန္တိ ဥတုနိယော ဘိက္ခုနိယော ပရိဘုဉ္ဇန္တုတိ ဒိန္နစီဝရံ။ (ကခ်ါ ၃၈၁-ဏ)

### ၉ အနိသဇ္ဇိတ္ဝာ-အရ နိသဇ္ဇန အဓိပ္ပာယ်

ဤသိက္ခာပုဒ်လာ အနိသဇ္ဇိတ္ဝာ အရ နိသဇ္ဇန ဟူသည်မှာ-ယင်းအာဝသထစီဝရကို လေးရက်မြောက်သောနေ့တွင် စင်ကြယ်စွာ ဖွပ်လျှော်ကာ အခြားဥတုလာသူ ဘိက္ခုနီမနှင့် သာမဏေရီတို့အား ပေးစွန့်ခြင်းကို ခေါ်သည်။

အနိသဇ္ဇိတ္ဝာတိ စတုတ္ထေ ဒိဝသေ ဓောဝိတွာ အညိဿာ အန္တမသော သာမဏေရိယာပိ ဥတုနိယာ အဒတွာ။ (ကခ်ါ ၃၈၁-ဏ)

## အာဝသထဝိဟာရ သိက္ခာပုဒ်

### ၉ အာဝသထဝိဟာရ အဓိပ္ပာယ်

အာဝသထဝိဟာရ ဟူသည်မှာ-ဖွင့်ရန်,ပိတ်ရန် တံခါးရွက်ပါရှိသည့်ကျောင်းမျိုးကို အာဝသထ ဝိဟာရဟု ခေါ်သည်။

အာဝသထန္တိ ကဝါဋဗဒ္ဓ ဝိဟာရံ။ (ကခ်ါ ၃၈၂-ဏ)

### ● အနိုသဇ္ဇိတွာ ဥ္ဌ နိုသဇ္ဇန အစိပ္ပာယ်

ဤသိက္ခာပုဒ်လာ အနိသဇ္ဇိတွာ-ဥ္ဌ နိုသဇ္ဇန ဟူသည်မှာ–တပည့်တော်၏ကျောင်းကိုစောင့်ရှောက်လိုက်ပါဟုစောင့်ရှောက်ရန် အပ်နှံမှုကို နိုသဇ္ဇနဟု ခေါ်သည်။

အနိသဇ္ဇိတွာတိ ရက္ခဏတ္ထာယ အဒတွာ၊ဣဒံ ဇဂ္ဂေယျာသီတိ ဧဝံ အနာပုစ္ဆိတွာ အတ္ထော။ (ကခ်ါ ၃၇၂-ဣ)

---

### ● စာရိကံပက္ကမေယျ-အရ အာပတ်သင့်ပုံ

ဤသိက္ခာပုဒ်လာ စာရိကံပက္ကမေယျ-အရ အာပတ်သင့်ပုံမှာ–

၁။ အကာအရံရှိသောကျောင်း ဖြစ်ပါက အကာအရံကို ပထမခြေလှမ်း လွန်လျှင် ဒုက္ကဋ် အာပတ် သင့်သည်။

၂။ အကာအရံမရှိသောကျောင်း ဖြစ်ပါက ကျောင်း၏ ဥပစာကို ပထမခြေလှမ်း လွန်လျှင် ဒုက္ကဋ် အာပတ်သင့်သည်။

၃။ ဒုတိယခြေလှမ်း လွန်သောအခါ ပါစိတ် အာပတ်သင့်သည်။

ပရိက္ခိတ္တဿ အာဝသထဿ ပရိက္ခေပံ၊ အပရိက္ခိတ္တဿ ဥပစာရံ ပဌမပါဒေန အတိက္ကန္တမတ္တေ ဒုက္ကဋံ၊ဒုတိယေန ပါစိတ္တိယံ။ (ကခ်ါ ၃၇၂-ဣ)

## တိရိစ္ဆာနဝိဇ္ဇာဒိ သိက္ခာပုဒ်

●

### ● တိရိစ္ဆာနဝိဇ္ဇာ အဓိပ္ပာယ်

တိရိစ္ဆာနဝိဇ္ဇာ ဟူသည်မှာ-သုဂတိသို့ မရောက်စေနိုင်ဘဲ သူတပါးကို သတ်ဖြတ်ညှဉ်းဆဲကြောင်း ဖြစ်သော အကျိုးယုတ်သော အတတ်မျိုးကို ခေါ်သည်။

တိရိစ္ဆာနဝိဇ္ဇန္တိ ယံကိဉ္စိ ဗာဟိရကံ အနတ္ထသံဟိတံ။

---

### ● တိရိစ္ဆာနဝိဇ္ဇာ သရုပ်

တိရိစ္ဆာနဝိဇ္ဇာများကား-

၁။ ဟတ္ထိသိပ္ပ၊
၂။ အဿသိပ္ပ၊
၃။ ရထသိပ္ပ၊
၄။ ဓနုသိပ္ပ၊
၅။ ထရုသိပ္ပ၊
၆။ အာထဗ္ဗနမန္တ၊
၇။ ခိလနမန္တ၊
၈။ ဝသီကရဏမန္တ၊
၉။ သောသာပနမန္တ၊
၁၀။ မန္တဇပ္ပန ပယောဂ-စသည်တို့ ဖြစ်ကြသည်။

စိတ္တာဂါရဝဂ် ပြီး၏။

---

## အာရာမဝဂ်၊ အာရာမပဝိသန သိက္ခာပုဒ်

●

### ● သဘိက္ခုကံ အာရာမံဦ အာရာမ အဓိပ္ပာယ်

ဤသိက္ခာပုဒ်လာ သဘိက္ခုကံအာရာမံဦ အာရာမဟူသည်မှာ=သစ်ပင်ရင်းပင် ဖြစ်ပါစေ၊ ထိုသစ်ပင်ရင်းတွင် အရာမ်ရှိက အာရာမမည်သည်။

သဘိက္ခုကံ အာရာမန္တိ ယတ္ထ ဘိက္ခု ရုက္ခမူလေပိ ဝသန္တိ၊ တံ ပဒေသံ။ (ကင်္ခါ ၃၈၃-ဌ)

---

## အနာပုစ္ဆာအရ ပန်ကြားရမည့် ပုဂ္ဂိုလ်များ

အနာပုစ္ဆာအရ ပန်ကြားရမည့်ပုဂ္ဂိုလ်များကား—

၁။ ရဟန်း၊

၂။ သာမဏေ၊

၃။ အာရာမိကတို့ ဖြစ်ကြသည်။

အနာပုစ္ဆာတိ ဧတ္ထ ဘိက္ခု သာမဏေရ အာရာမိကေသု ယံကိဉ္စိ အနာပုစ္ဆာ။ (ကင်္ခါ ၃၈၃-ဌ)

---

## ဉာသိက္ခာပုဒ်အရ အာပတ်သင့်ပုံ

ဉာသိက္ခာပုဒ်အရ အာပတ်သင့်ပုံမှာ-

၁။ အကာအရံရှိလျှင် အကာအရံကို ပထမခြေတလှမ်း လွန်သောအခါ ဒုက္ကဋ်အာပတ် သင့်သည်။

၂။ အကာအရံမရှိလျှင် ကျောင်းတိုက်ဉပစာကို ပထမ ခြေတလှမ်းလွန်လျှင် ဒုက္ကဋ်အာပတ် သင့်သည်။

၃။ ဒုတိယခြေလှမ်း လွန်သောအခါ ပါစိတ် အာပတ် သင့်သည်။

ပရိက္ခိတ္တဿ အာရာမဿ ပရိက္ခေပံ အတိက္ကမန္တဿ, အပရိက္ခိတ္တဿ ဉပစာရံ ဩက္ကမန္တဿ ပဌမပါဒေ ဒုက္ကဋံ၊ ဒုတိယပါဒေ ပါစိတ္တိယံ။ (ကင်္ခါ ၃၈၃-ဌ)

## ဘိက္ခုအက္ကောသန သိက္ခာပုဒ်

● ပရိဘာသေယျဍ္ဍ ပရိဘာသန-အဓိပ္ပာယ်

ဤသိက္ခာပုဒ်လာ ပရိဘာသေယျဍ္ဍ ပရိဘာသန ဟူသည်မှာ ခြိမ်းချောက်ခြင်း, ကြိမ်းမောင်းခြင်းတို့ကို ခေါ်သည်။

ပရိဘာသေယျာတိ ဘယမဿ ဥပဒဿေယျ။

—— (ကင်္ခါ ၃၈၄-ဋီ)

● ဘိက္ခုအက္ကောသေယျ အဓိပ္ပာယ်

ဘိက္ခုအက္ကောသေယျ ဟူသည်မှာ - မျက်မှောက်တွင်ဖြစ်စေ၊ မျက်ကွယ်တွင်ဖြစ်စေ ဆဲရေးခြင်း (၁၀)မျိုး တို့တွင် ဘမျိုးမျိုးဖြင့်ဆဲရေးခြင်းကို ခေါ်သည်။

အက္ကောသေယျာတိ ဒသန္နံ အက္ကောသဝတ္ထူနံ အညတရေန သမ္မုခါ ဝါ ပရမ္မုခါ ဝါ အက္ကောသေယျ။

—— (ကင်္ခါ ၃၈၄-ဋီ)

## ဂဏပရိဘာသန သိက္ခာပုဒ်

● စဏ္ဍိကတာ အဓိပ္ပာယ်

စဏ္ဍိကတာ ဟူသည်မှာ-ဒေါသ လွှမ်းမိုးပြီး စိတ်ဆိုးနေသော သူကို စဏ္ဍိကတာ ဟု ခေါ်သည်။

စဏ္ဍိကတာတိ ကုဒ္ဓါ။ (ကင်္ခါ ၃၈၄-ဋီ)

——

● ဂဏ အဓိပ္ပာယ်

ဂဏ ဟူသည်မှာ- ဘိက္ခုနီသံဃာကို ခေါ်သည်။

ဂဏန္တိ ဘိက္ခုနီသံဃံ။ (ကင်္ခါ ၃၈၄-ဋီ)

● **ပရိဘာသေယျ၌ ပရိဘာသန-အစိပ္ပာယ်**

ပရိဘာသေယျ၌ ပရိဘာသန ဟူသည်မှာ - ဒိမိန်းမတွေ့ ကံကိုနားမလည်၊ ကမ္မဒေါသကို နားမလည်၊ ကမ္မဝိပတ္တိကိုနားမ လည်၊ ဗာလအဗျတ္တ အသုံးမကျသော မိန်းမတွေ - စသည်ဖြင့် ပြစ်တင်ခြင်းကို ခေါ်သည်။

---

## ပဝါရိတ သိက္ခာပုဒ်

●

● **နိမန္တိတပဝါရိတ အစိပ္ပာယ်**

နိမန္တိတပဝါရိတ ဟူသည်မှာ-ဂဏဘောဇန သိက္ခာပုဒ်တွင် လာသည့်အတိုင်း မအပ်သော ပင့်ဘိတ်နည်းဖြင့် ပင့်ဘိတ်ခြင်းကို နိမန္တိတာပဝါရဏာ သိက္ခာပုဒ်အတိုင်း ပဝါရိတ်သင့်နေသူကို ခေါ်သည်။

ဂဏဘောဇနေ ဝုတ္တနယေန နိမန္တိတာ၊ ပဝါရဏာ သိက္ခာပဒေ ဝုတ္တနယေန ပဝါရိတာ ဝေဒိတဗ္ဗာ။

(ကင်္ခါ ၃၇၅-၉)

---

## ကုလမစ္ဆရိနီ သိက္ခာပုဒ်

●

● **ကုလမစ္ဆရိနီ အစိပ္ပာယ်**

ကုလမစ္ဆရိနီ ဟူသည်မှာ—

၁။ အလှူအိမ်သို့ ဘိက္ခုနီမများ မသွားချင်အောင် အလှူဒါယကာ၏ကျေးဇူးမဲ့ကို ပြောသူ၊

၂။ အလှူဒါယကာကို မလှူချင်အောင် ဘိက္ခုနီမတို့၏ ကျေးဇူးမဲ့ကို ပြောသူကို ခေါ်သည်။

## အဘိက္ခုကာဝါသ သိက္ခာပုဒ်

●

### ● အဘိက္ခုကာဝါသ-အဓိပ္ပာယ်

အဘိက္ခုကာဝါသ ဟူသည်မှာ-

၁။ ဘိက္ခုနီကျောင်းမှ ယူဇနာဝက်အတွင်း ဩဝါဒ ပေးစွမ်းနိုင်သော ရဟန်းမရှိခြင်း၊

၂။ ရဟန်း ရှိသော်လည်း လမ်းတွင် ဘေးရန် ရှိသဖြင့် မသွားလာနိုင်သော ကျောင်းမျိုး ဖြစ်ခြင်း တို့ကို ခေါ်သည်။

သစေ ဘိက္ခုနုပဿယတော အဍ္ဎယောဇနဗ္ဘန္တရေ ဩဝါဒဒါယကာ ဘိက္ခူ န ဝသန္တိ၊ မဂ္ဂေါ ဒွ ခေမော ဟောတိ၊န သက္ကာ အန္တရာယေန ဂန္တုံ၊အယံ အဘိက္ခုကောနာမ။ (ကင်္ခါ ၃၀၆-၇)

---

## အပဝါရဏာ သိက္ခာပုဒ်

●

### ● တိဟိဋ္ဌာနေဟိ ဣတိဟိ သရုပ်

တိဟိဋ္ဌာနေဟိ ဣတိဟိ-သရုပ်ကား-

၁။ ဒိဋ္ဌ၊

၂။ သုတ၊

၃။ ပရိသင်္ကိတ ဖြစ်သည်။

## ● ပဝါရဏာပြုခြင်း အဓိပ္ပာယ်

ပဝါရဏာပြုခြင်း ဟူသည်မှာ-ဒိဋ္ဌအားဖြင့်ဖြစ်စေ၊ သုတအားဖြင့် ဖြစ်စေ၊ ပရိသင်္ကိတအားဖြင့် ဖြစ်စေ အပြစ် မြင်ခဲ့လျှင် ဆုံးမစကား ပြောကြားပါဟု တဦးနှင့်တဦး ဘိတ်မန္တက ပြုခြင်း ဖြစ်သည်။

---

## ● ပဝါရဏာ ဥတ်အမျိုးအစားများ

ပဝါရဏာ ဥတ်အမျိုးအစားတို့ကား-

၁။ သဗ္ဗသင်္ဂါဟိကဥတ်၊

၂။ တေဝါစိကဥတ်၊

၃။ ဒွေဝါစိကဥတ်၊

၄။ ကေဝါစိကဥတ်၊

၅။ သမာနဝဿိကဥတ်-ဟူ၍ (၅)မျိုးရှိသည်။

---

## ● ဘိက္ခုများ ပဝါရဏာပြုပုံပါဠိ

ဘိက္ခုများ ပဝါရဏာပြုပုံပါဠိကား-

သံဃံ ဘန္တေ ပဝါရေမိ၊ ဒိဋ္ဌေနဝါ, သုတေနဝါ, ပရိသင်္ကာယဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။

ဒုတိယမ္ပိ............သံဃံ ဘန္တေ။ပ။ပဋိကရိဿာမိ။

တတိယမ္ပိ ........ သံဃံ ဘန္တေ။ပ။ပဋိကရိဿာမိ။

---

## ● ဘိက္ခုနီသံဃာ, ဘိက္ခုသံဃာထံ ပဝါရဏာပြုပုံပါဠိ

ဘိက္ခုနီ သံဃာက ဘိက္ခုသံဃာထံ ပဝါရဏာပြုပုံ ပါဠိကား-

ဘိက္ခုနိသံဃော အယျာ ဘိက္ခု သံဃံ ပဝါရေတိ ဒိဋ္ဌေန ဝါ,သုတေန ဝါ,ပရိသင်္ကာယ ဝါ၊ ဝဒတာယျာ ဘိက္ခုသံဃော ဘိက္ခုနိသံဃံ အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿတိ= ဖြစ်သည်။

**မှတ်ချက်။** ။ငါးပါးရှိသောအခါ သံဃပဝါရဏာ ပြုရသည်၊ သုံးပါးရှိသောအခါ ဉတ်ထား၍၊နှစ်ပါးရှိသောအခါ ဉတ်မထားဘဲ ဂဏပဝါရဏာ ပြုရသည်၊ တပါးတည်းရှိသောအခါ"အဇ္ဇ မေ ပဝါရဏာ" ဟူ၍ ပုဂ္ဂလပဝါရဏာ ပြုရသည်။

---

## ဩဝါဒါယဝါ သံဝါသာယဝါ နဂစ္ဆေယျ-၌ ဩဝါဒ အဓိပ္ပာယ်

ဩဝါဒ ဟူသည်မှာ-ဂရုဓံရှစ်ပါးကို ဩဝါဒ-ဟု ခေါ်သည်။

---

## သံဝါသ အဓိပ္ပာယ်

သံဝါသ ဟူသည်မှာ-ပြုလုပ်မည့် ဥပုသ်သည် စာတုဒ္ဒသီ ဖြစ်သလော၊ ပန္နရသီ ဖြစ်သလော-ဟူ၍ လျှောက်ထားခြင်းနှင့် ပဝါရဏာပြုမှုကို ခေါ်သည်။

---

## ဤသိက္ခာပုဒ်အရ အာပတ်သင့်ပုံ

ဤသိက္ခာပုဒ်အရ အာပတ်သင့်ပုံကား-

၁။ ဂရုဓမ္မဩဝါဒအကျိုးငှာ ဖြစ်စေ၊

၂။ သံဝါသ အကျိုးငှာ ဖြစ်စေ မသွားတော့ပြီ-ဟူ၍ ဆုံးဖြတ်ချက်ချလိုက်သောအခါ ပါစိတ်အာပတ် သင့်သည်။

## ဥပေါသထ ပုစ္ဆနာကာရ အဓိပ္ပာယ်

ဥပေါသထပုစ္ဆနာကာရဟူသည်မှာ-လဆန်းပက္ခ, လဆုတ်ပက္ခတို့၏ (၁၃)ရက်နေ့တွင် ဖြစ်စေ၊ (၁၄)ရက်နေ့တွင် ဖြစ်စေ ရဟန်းတော်များ နေထိုင်ရာ ကျောင်းသို့ သွားရောက်ပြီး ယခုပြုရမည့်ဥပုသ်သည် စာတုဒ္ဒသီ ဖြစ်သည်၊ ပန္နရသီ ဖြစ်သည်-ဟူ၍ လျှောက်ထားမေးမြန်းခြင်းကို ခေါ်သည်။

---

## ဩဝါဒူပသင်္ကမန အဓိပ္ပာယ်

ဩဝါဒူပသင်္ကမန ဟူသည်မှာ- အဆုံးအမခံရန် အတွက် တောင်းပန်လျှောက်ထားခြင်းကို ခေါ်သည်။

---

## အတိက္ကာမေန္တိ အဓိပ္ပာယ်

ဤသိက္ခာပုဒ်လာ အတိက္ကာမေန္တိ ဟူသည်မှာ-ဥပုသ်နေ့ကို မေးရန်ဖြစ်သော ဩဝါဒခံရန် တောင်းပန်လျှောက်ထားခြင်းကို ဖြစ်စေ၊ မပြုလုပ်ဘဲနေသော ဘိက္ခုနီမကို ခေါ်သည်။

---

# ပသာခဇာတသိက္ခာပုဒ်

## ပသာခ အဓိပ္ပာယ်

ပသာခ ဟူသည်မှာ-

၁။ ချက်မှ အောက်အရပ်၊

၂။ ဒူးဆစ်နှစ်ဘက်မှ အထက်အရပ်တို့ကို ခေါ်သည်။

ပသာခေတိ နာဘိယာဟေဋ္ဌာ ဇာဏုမဏ္ဍလာနံ ဥပရိပဒေသော။ (ကင်္ခါ ၄၂၁-ဟံ)

● ဂဏ္ဍ အဓိပ္ပာယ်

ဂဏ္ဍ ဟူသည်မှာ-မြင်းဖု စသည် ကဲ့သို့ အလုံး အကြိတ် အနာမျိုးကို ခေါ်သည်။

ဂဏ္ဍန္တိ ယံကိဉ္စိ ဂဏ္ဍံ။ (ကခ်ါ ၄၂၁-ဟံ)

---

● ရုဓိတ အဓိပ္ပာယ်

ရုဓိတ ဟူသည်မှာ-သွေးဖြစ်စေ၊ ပြည်ဖြစ်စေ ယိုထွက်နေသော အနာမျိုးကို ခေါ်သည်။

ရုဓိတန္တိ ဝဏံ။ (ကခ်ါ ၄၂၁-ဟံ)

အာရာမဝဂ် ပြီး၏။

---

## ဂဗ္ဘိနီဝဂ်၊ ဂဗ္ဘိနီ သိက္ခာပုဒ်

● ဂဗ္ဘိနီ အဓိပ္ပာယ်

ဂဗ္ဘိနီဟူသည်မှာ-ကိုယ်ဝန်ရှိသူကို ဂဗ္ဘိနီ-ဟုခေါ်သည်။

---

● ပါယန္တီ အဓိပ္ပာယ်

ပါယန္တီ ဟူသည်မှာ - နို့ထိန်းသူ နှင့် နို့စို့ကလေးရှိသူကို ခေါ်သည်။

---

● ဂဗ္ဘိနီ၊ ပါယန္တီကို ပဉ္စင်းခံပေးသော ဘိက္ခုနီမ အာပတ်သင့်ပုံ

ဂဗ္ဘိနီ၊ ပါယန္တီကို ပဉ္စင်းခံပေးသော ဘိက္ခုနီမ အာပတ်သင့်ပုံမှာ-

၁။ ပဋ္ဋင်းခံပေးသောရဟန်းမ ကာရကသံဃာကို ရှာမှီး ခြင်းစသော ကိစ္စများအတွက်နှင့် ဉတ်နှင့်ကမ္မဝါစာနှစ်ကြိမ်တွင် ဒုက္ကဋ်အာပတ် သင့်သည်။

၂။ ကမ္မဝါစာ သုံးကြိမ်ဆုံးသောအခါ ပါစိတ်အာပတ် သင့်သည်။

---

## သိက္ခမာန သိက္ခာပုဒ်

●

● ဆသုဓမ္မေသု၌ ဆဓမ္မ သရုပ်

ဆသုဓမ္မေသု၌ ဆဓမ္မ သရုပ်ကား-

၁။ ပါဏာတိပါတာ ဝေရမဏီ၊
၂။ အဒိန္နာဒါနာ ဝေရမဏီ၊
၃။ အဗြဟ္မစရိယာ ဝေရမဏီ၊
၄။ မုသာဝါဒါ ဝေရမဏီ၊
၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ၊
၆။ ဝိကာလဘောဇနာ ဝေရမဏီ ဖြစ်သည်။

ဆသုဓမ္မေသူတိ ပါဏာတိပါတာ ဝေရမဏီ အာဒီသု ဝိကာလဘောဇနာ ဝေရမဏီ ပရိယောသာနေသု ဆသု သိက္ခာပဒေသု။ (ကင်္ခါ ၄၂၂-ဟံ)

● အသိက္ခိတ သိက္ခာ အဓိပ္ပာယ်

အသိက္ခိတသိက္ခာ ဟူသည်မှာ-

၁။ သိက္ခာ ပုဒ်ကို လုံးဝ မဆောက်တည်ရသေးသော ပုဂ္ဂိုလ်နှင့်၊
၂။ ဆောက်တည်ပြီးသော သိက္ခာပျက်သွားသူကို ခေါ် သည်။

အသိက္ခိတသိက္ခန္တိ ပဒဘာဇနေ ဝုတ္တနယေနေဝ အဒိန္နံ သိက္ခံဝါ ကုပိတသိက္ခံဝါ။ (ကခ်ါ ၄၂၂-ဟံ)

---

## ● သိက္ခမာန် အစိပ္ပာယ်

သိက္ခမာန် ဟူသည်မှာ-ကျင့်ဝတ် ဆိုင်ရာ တရားများကို ကျင့်ကြံနေတတ်၊မြတ်နိုးနေတတ်သော ပုဂ္ဂိုလ်ကို ခေါ်သည်။

သိက္ခမာနံ ဝုဋ္ဌာပေယျာတိ တေသု ဆသု ဓမ္မေသု သိက္ခနတော ဝါ တေ ဝါ သိက္ခာသင်္ခါတေ ဓမ္မေ မာနနတော။

(ကခ်ါ ၄၂၂-ဟံ)

---

## ● မဟာသိက္ခမာန် အစိပ္ပာယ်

မဟာသိက္ခမာန် ဟူသည်မှာ - အသက်(၂၀) ကျော်ပြီးသော သိက္ခမာန်ကို ခေါ်သည်။

---

## ● ဂိဟိဂတ အစိပ္ပာယ်

ဂိဟိဂတ ဟူသည်မှာ-ယောကျ်ား သွားလာဘူးသောသူကိုခေါ်သည်။

---

## ● ကုမာရီဘူတ အစိပ္ပာယ်

ကုမာရီဘူတ ဟူသည်မှာ - ယောကျ်ားနှင့် မသွားလာ မဆက်ဆံဘူးသော အပျိုစစ်စစ်ကို ခေါ်သည်။

---

## ● မာတုဂါမတို့ နှစ်-နှစ်တိုင်တိုင် သိက္ခမာန် ကျင့်ရခြင်းအကြောင်း

မာတုဂါမတို့ နှစ်-နှစ်တိုင်တိုင် သိက္ခမာန်ကျင့်ရခြင်းမှာ-မာတုဂါမ တို့မှာ စိတ်ထား တည်ကြည်မှု နည်းပါးပေသည်၊

ထို့ကြောင့် မာတုဂါမတို့ နှစ်-နှစ်တိုင်တိုင် သိက္ခမာန် ကျင့်ရပေသည်။

## သဟဇီဝိနီ သိက္ခာပုဒ် စသည်

● နေဝ အနုဂ္ဂဏှေယျ အစိပ္ပာယ်

နေဝအနုဂ္ဂဏှေယျ ဟူသည်မှာ - စာပေ ကျမ်းဂန် သင်ကြားပေးခြင်း စသည်ဖြင့် ချီးမြှောက်မှု မရှိခြင်းကို ခေါ်သည်။

နေဝ အနုဂ္ဂဏှေယျာတိ သယံ ဥဒ္ဒေသာဒီဟိ နာနုဂ္ဂဏှေယျ။ (ကင်္ခါ ၄၂၄-ဟံ)

● ပဝတ္တိနီ အစိပ္ပာယ်

ပဝတ္တိနီ ဟူသည်မှာ-ပဥ္စင်းခံပေးသော ဥပဇ္ဈာယ်ဆရာမကို ပဝတ္တိနီဟု ခေါ်သည်။

ပဝတ္တိနီန္တိ ဝုဋ္ဌာပိတံ ပဝတ္တိနိံ ယာယ ဥပသမ္ပာဒိတာနိ၊ တံဥပဇ္ဈာယိနိန္တိ အတ္ထော။ (ကင်္ခါ ၄၂၄-ဟံ)

● နာနုဗန္ဓေယျ အစိပ္ပာယ်

နာနုဗန္ဓေယျ ဟူသည်မှာ-ဥပဇ္ဈာယ်ဆရာမအား မျက်နှာသစ်ရေကပ်ခြင်း၊ ဒန်ပူကပ်ခြင်းစသော ဝတ်ကြီးဝတ်ငယ်မပြုဘဲ နေခြင်းကို ခေါ်သည်။

နာနုဗန္ဓေယျာတိ စုဏ္ဏေန,မတ္တိကာယ,ဒန္တကဋ္ဌေန မုခေါဒကေနာတိ ဧဝံ တေန တေန ကရဏီယေန နဥပဋ္ဌာပေယျ။ (ကင်္ခါ ၄၂၄-ဟံ)

## ● နေဝဝူပကာသေယျ အဝိပ္ပာယ်

နေဝဝူပကာသေယျ ဟူသည်မှာ - ရည်း စား ဟောင်း, လင်ဟောင်းတို့၏ နှောင့်ယှက်မှုမှ လွတ်ကင်းအောင် အနည်းဆုံး ငါးယူဇနာ ခြောက်ယူဇနာ ဝေးသောအရပ်သို့ ခေါ်ဆောင် မသွားခြင်းကို ခေါ်သည်။

နေဝဝူပကာသေယျာတိ န ဂဟေတွာ ဂစ္ဆေယျ။
(ကင်္ခါ ၄၂၅-ဟံ)

---

## ● ဂိဟိဂတသိက္ခမာန်၏ ပဋ္ဌင်းခံပေးထိုက်သော အင်္ဂါများ

ဂိဟိဂတသိက္ခမာန်၏ ပဋ္ဌင်းခံပေးထိုက်သော အင်္ဂါများ ကား -

၁။ တဆယ့်နှစ်-နှစ်ပြည့်ခြင်း၊
၂။ သိက္ခာပုဒ် (၆) ပါးကို နှစ်-နှစ်တိုင်တိုင် ကျင့်ပြီး ဖြစ်ခြင်း၊
၃။ သံဃာ့ထံမှ ဝုဋ္ဌာနသမ္မုတိကိုရခြင်း ဟူ၍ (၃)ပါး ရှိသည်။

ဂဗ္ဘိနီဝဂ် ပြီး၏။

---

# ကုမာရီဘူတဝဂ်

## ပဌမကုမာရီဘူတသိက္ခာပုဒ်

●

## ● ဂိဟိဂတ၏ အသက်အပိုင်းအခြား

ဂိဟိဂတ၏ အသက် အပိုင်းအခြားကား -(၁၀) နှစ်မှ (၁၈)နှစ်အထိ ဖြစ်သည်။ ———

● **ကုမာရီဘူတ၏ အသက်အပိုင်းအခြား**

ကုမာရီဘူတ၏ အသက်အပိုင်းအခြားကား-(၁၈)နှစ်မှ (၂၀)နှစ်အထိ ဖြစ်သည်။ ——

● **မဟာသိက္ခမာန်၏ အသက် အပိုင်းအခြား**

မဟာသိက္ခမာန်၏ အသက် အပိုင်းအခြားကား-အသက် (၂၀)ကျော်ဖြစ်သည်။ ——

● **ကုမာရီဘူတ သိက္ခမာန်၏ ပဉ္စင်းခံပေးထိုက်သော အင်္ဂါ**

ကုမာရီဘူတ သိက္ခမာန်၏ ပဉ္စင်းခံပေးထိုက်သော အင်္ဂါကား-

၁။ အသက်(၂၀)ပြည့်ခြင်း၊
၂။ သိက္ခာပုဒ်(၆)ပါးကို နှစ်-နှစ် ကျင့်ပြီးခြင်း၊
၃။ သံဃာ့ထံမှ ဝုဋ္ဌာနသမ္မုတိ ရခြင်းဟူ၍ (၃) ပါး ဖြစ်သည်။ ——

● **ကုမာရီဘူတ သိက္ခမာန် အသက်(၂၀)ပြည့်မှ ရဟန်းခံခွင့် ရခြင်းအကြောင်း**

ကုမာရီဘူတသိက္ခမာန် အသက်(၂၀)ပြည့်မှ ရဟန်းခံခွင့် ရခြင်းမှာ -ယင်းသိက္ခမာန်မှာ စိတ်ရော ကိုယ်ပါ နုနယ်သော ကြောင့် ဖြစ်သည်။ ——

● **ဘိက္ခုနီမ၏ ဥပဇ္ဈာယ်ဆရာ ပြုထိုက်သောအင်္ဂါ**

ဘိက္ခုနီမ၏ ဥပဇ္ဈာယ်ဆရာ ပြုထိုက်သောအင်္ဂါကား-

၁။ ၁၂-ဝါရခြင်း၊
၂။ သံဃာ့ထံမှ ဝုဋ္ဌာနသမ္မုတိ ရရှိခြင်း-ဟူ၍ (၂)ပါး ဖြစ်သည်။ ——

## ခိယျနုဓမ္မာဒိ သိက္ခာပုဒ်

●

### ● ခိယျနဓမ္မ အာပဇ္ဇေယျ-အရ ရှုတ်ချပုံ

ခိယျနဓမ္မ အာပဇ္ဇေယျ-အရ ရှုတ်ချပုံမှာ-

ငါတယောက်ထည်းသာ ဗာလအဗျတ္တ အသုံးမဝင်သော အကောင်မဖြစ်သလော-စသည်ဖြင့် ရှုတ်ချသည်။

---

### ● ပုရိသ နှင့် ကုမာရက အထူး

ပုရိသနှင့် ကုမာရက အထူးကား—

၁။ ပုရိသ ဟူသည်မှာ - အသက် (၂၀) ပြည့်သော ယောကျ်ားကို ခေါ်သည်။

၂။ ကုမာရက ဟူသည်မှာ-အသက် (၂၀) မပြည့်သေးသူကို ခေါ်သည်။

---

### ● သောကာဝါသ အဓိပ္ပာယ်

သောကာဝါသ ဟူသည်မှာ-

၁။ ယောကျ်ားတို့အား သောကကို ဖြစ်စေတတ်သူ၊

၂။ ယောကျ်ားတို့ အတွက် သောက ရောက်နေ သူကို ခေါ်သည်။

## ပါရိဝါသိယ သိက္ခာပုဒ်

●

### ● ပါရိဝါသိယ သရုပ်

ပါရိဝါသိယ သရုပ်ကား—
၁။ ပရိသ ပါရိဝါသိယ၊
၂။ ရတ္တိ ပါရိဝါသိယ၊
၃။ ဆန္ဒ ပါရိဝါသိယ၊
၄။ အဇ္ဈာသယ ပါရိဝါသိယ-ဟူ၍ (၄)ပါးရှိသည်။

ဤ၌ ဆန္ဒ ပါရိဝါသိယ နှင့် အဇ္ဈာသယ ပါရိဝါသိယကို အလိုရှိသည်။

တတ္ထ စတုဗ္ဗိဓံ ပါရိဝါသိယံ ပရိသာပါရိဝါသိယံ ရတ္တိပါရိဝါသိယံ ဆန္ဒပါရိဝါသိယံ အဇ္ဈာသယပါရိဝါသိယန္တိ။ (ကင်္ခါ ၄၂၉-ဟံ)

ကုမာရိဘူတဝဂ် ပြီး၏။

---

## ဆတ္တုပါဟနဝဂ်
## ဆတ္တုပါဟန သိက္ခာပုဒ်

●

### ● အဂိလာန ထီး-ဘိနပ်ကို ဆောင်ရာ၌ အာပတ်သင့်ပုံ

အဂိလာန ထီး-ဘိနပ်ကို ဆောင်ရာ၌ အာပတ်သင့်ပုံမှာ—

၁။ အဂိလာနဖြစ်လျက် ထီးကိုဆောင်းခြင်း၊ ဘိနပ်ကိုစီးခြင်းဖြင့် ခရီးသွားလျှင် တချက်သောပယောဂအတွက် ပါစိတ် အာပတ် တချက်သင့်သည်။

၂။ ထီးကိုဆောင်းလိုက်၊ ဘိနပ်ကို ချွတ်လိုက်, စွပ်လိုက် လုပ်ပါက ပယောဂ အရေအတွက် အလိုက် ပါစိတ် အာပတ် သင့်သည်။

ဤသို့လျှင် ထီးရော၊ တိနပ် နှစ်မျိုးလုံးကိုဆောင်မှ ပါစိတ် အာပတ်သင့်သည်၊ တမျိုးမျိုးကိုဆောင်ပါက ဒုက္ကဋ်အာပတ်သာ သင့်သည်။

---

## ဂန္ဓဝဏ္ဏကာဒိ သိက္ခာပုဒ်

●

### ● ဂန္ဓ အရ

ဂန္ဓဟူသည်မှာ-အမွှေးအကြိုင်အနံ့ကို ဂန္ဓ-ဟုခေါ်သည်။

ဂန္ဓဝဏ္ဏကေနာတိ ယေန ကေနစိ ဂန္ဓေနစ။
(ကခ်ါ ၄၃၂-ဟံ)

---

### ● ဝဏ္ဏ အဓိပ္ပာယ်

ဝဏ္ဏ ဟူသည်မှာ-သနပ်ခါးစသော နံ့သာရည်ကို ဝဏ္ဏ-ဟု ခေါ်သည်။

---

### ● ပိညာက အဓိပ္ပာယ်

ပိညာက ဟူသည်မှာ - အမွှေးနံ့သာဘို့ဖြင့် ထုံအပ်သော နှမ်းမှုန့်ညက်ကို ခေါ်သည်။

ပိညာကေနာတိ တိလပိဋ္ဌေန။ (ကခ်ါ ၄၃၂-ဟံ)

## အနာပုဏ္ဍာဒိ သိက္ခာပုဒ်

●

### ● ဘိက္ခုသုပုရတော အဓိပ္ပာယ်

ဘိက္ခုသု ပုရတော ဟူသည်မှာ - ရဟန်း ပတ်ပတ်လည် (၁၂)တောင်အချပ်ကို ခေါ်သည်။

ဘိက္ခုသု ပုရတောတိ န အဘိမုခမေဝါတိ အတ္တော။
ဟတ္ထပါသန ဥပစာရံ သန္ဓာယ ကထိတန္တိ ဝေဒိတဗ္ဗံ။

——— (ကင်္ခါ ၄၃၃-ဟံ)

### ● အနာပုဏ္ဍာအရ ပန်ကြားပုံ

ဤသိက္ခာပုဒ်လာ အနာပုဏ္ဍာအရ ပန်ကြားပုံမှာ-
နိုသီဒါမိ အယျေ-ဟူ၍ ပန်ကြားရသည်။

———

## အသံကစ္စိက သိက္ခာပုဒ်

●

### ● အသံကစ္စိကာ အဓိပ္ပာယ်

အသံကစ္စိကာ ဟူသည်မှာ - သားမြတ် နှင့် ဝမ်းဗိုက်ကို စည်းသော အဝတ်ကို ခေါ်သည်။

———

### ● အသံကစ္စိကာ အဝတ်ကို အသုံးပြုပုံ

အသံကစ္စိကာ အဝတ်ကိုအသုံးပြုပုံမှာ-ညှပ်ရိုးနှစ်ဘက်၏ အောက်၊ ချက်၏ အထက်ဖြစ်သော ကိုယ်အရပ်တွင် အသုံးပြုရသည်။

အသံကစ္စိကာတိ အစာ္ဒက ဥဗ္ဗနာဘိမဏ္ဍလသခ်ါတဿ
သရီရဿ ပဋိစ္ဆာဒနတ္ထံ အနုညာတ သံကစ္စိကဝိရဟိတာ။
(ကခ်ါ ၄၃၄-ဟံ)

---

● **သံကစ္စိကာ ခေါ် ရင်လွှမ်း မပါဘဲ ရွာတွင်း ဝင်သော ဘိက္ခုနီမ အာပတ်သင့်ပုံ**

သံကစ္စိကာ ခေါ် ရင်လွှမ်း မပါဘဲ ရွာတွင်း ဝင်သော ဘိက္ခုနီမ အာပတ်သင့်ပုံမှာ-

၁။ အရာမ်ရှိသောရွာ ဖြစ်ပါက အရာမ်အတွင်း ပဌမ ခြေလှမ်း နင်းမိက ဒုက္ကဋ်အာပတ်သင့်သည်။

၂။ အရာမ်မရှိသောရွာဖြစ်ပါက ရွာ၏ဥပစာအတွင်းကို ပဌမခြေလှမ်းနင်းမိက ဒုက္ကဋ်အာပတ်သင့်သည်။

၃။ ဒုတိယခြေလှမ်းနင်းလျှင် ပါစိတ်အာပတ်သင့်သည်။

ပရိက္ခိတ္တဿ ဂါမဿ ပရိက္ခေပံ၊ အပရိက္ခိတ္တဿ ဥပစာရံ
အတိက္ကမန္တိယာ ပဌမပါဒေ ဒုက္ကဋံ၊
ဒုတိယေ ပါစိတ္တိယံ။ (ကခ်ါ ၄၃၅-ဟံ)

**ဘိက္ခုနီပါစိတ်မောက် ပြီး၏။**

**လျှပ်စစ်ကခ်ါကျမ်း ပြီး ပြီ။**

# နိဂုံး

●

★ ဓမ္မ—ကာမီ ဝရဉာနီ၊ယောသံ ပေစ္စ ဟူဓေဝစ။

★ ပိယ—မ္မနာ ပဝါဒီစ၊ပိဋကတ္တယ ပါရဂေါ။

ကျွန်ုပ်ကား ဤ "လျှပ်စစ် ကခါကျမ်း" ကို မြန်မာ နိုင်ငံ အမျိုးသား အစိုးရ ငယ်၊လတ်၊ကြီး၊ကျော်တန်း၀င် အရှင်မြတ် များ ဝိနည်း ဘာသာကို အလွယ်တကူ ကြည့်ရှု လေ့လာ နိုင်ရန် ကြိုးပမ်းစီစဉ်၍ ပြီးခဲ့ပါပြီ။

ကျွန်ုပ် ဤ "လျှပ်စစ်ကခါကျမ်း" ကို ဤကဲ့သို့စီစဉ်နိုင်ရန် ငယ်စဉ်ကာလ ကလေးဘ၀ကစပြီး ပညာနို့အေး တိုက်ကျွေးပေး ခဲ့သော ကျေးဇူးတော်ရှင် ဆရာတော်များကား—

၁။ မြို့ဟောင်း မြို့နယ် မှူးဟင်းရွာ၊ စက်သွားရွာ ဆရာ တော်များ၊

၂။ မြောင်းမြမြို့၊ ပဋ္ဌာဓတာရုံကျောင်းတိုက်၊ ရွှေကျင် ဒုတိယ သာသနာပိုင်ဆရာတော်ကြီးနှင့် ဆရာတော်ကြီး၏တပည့် ကြီးများ ဖြစ်ကြသော ဘာသန္တရဆေက ဦးဉာနိက၊ သာသန မဏ္ဍိုင် ဦးပညာဇောတ၊ အလင်္ကာပန်းကုံးကျမ်းပြု အရှင်ကုမာရ စသော ဆရာတော်များ၊

၃။ မန္တလေးမြို့၊ အနောက်ပြင်၊ စကုတိုက်၊ အဂ္ဂမဟာ ပဏ္ဍိတ၊ စာချအကျော် ဦးနန္ဒာစရိယ ဆရာတော်များ ဖြစ်ကြ ပါသည်။

ယင်းသို့သော အထက်ပါ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားများ၏အထံမှ ပညာရှင်နို့ သောက်စို့ခဲ့ရသဖြင့် ကျွန်ုပ်သည် အသက် (၂၀) ဝန်းကျင်တွင်ပင် အမျိုးသား, အစိုးရငယ်၊လတ်၊ကြီး၊ ကျော်တန်း များနှင့် အစိုးရဓမ္မာစရိယ၊ ရန်ကုန်မြို့ စေတီယင်္ဂဏ စာမေးပွဲများ အောင်ပန်း ဆွတ်ခူး နိုင်ကာ ဤ "လျှပ်စစ်ကဒ်ါကျမ်း"ကိုရေးသားစီရင်နိုင်ခြင်းဖြစ်၍ ဆရာတော် များ၏ ကျေးဇူးကား ကြီးမားလှပါသည်။

ဤ "လျှပ်စစ် ကဒ်ါကျမ်း"ကို ယခုကဲ့သို့ ရေးသားစီစဉ်ရသောကြောင့်-

၁။ မှန်ကန်သော သဘာဝဓမ္မကို မြတ်နိုးတတ်သူ၊

၂။ ဉာဏ်ပညာကြီးမြတ်သူ၊

၃။ အများလိုသော ပြေပြစ်သော စကားကိုမှ ပြောဆိုတတ်သူ။

၄။ ပိဋကတ် စာပေ အရာတွင် ထွင်းဖောက် နိုင်သော လျင်သော ဉာဏ်အမြင်ရှိ၍ ကျမ်းကျင်ဘတ်မြောက်လှသူ ဤဘဝ-ထိုဘဝဖြစ်ရလိုပါသည်။

ပညာရောင်ခြည် စာပေပင်မ-မှ

မကြာမီ ဖူးပွင့်လာကြဦးမည့်

ပထမကျော်·ဓမ္မာစရိယ

အရှင်ဓမ္မပိယာဘိဝံသ-၏

အမြဲတေရတနာ စာပေမွန်များ

●

# လျှပ်စစ်ရူပသိပ္ပံကျမ်း
# လျှပ်စစ်ဋီကာကျော်

★

ဤကျမ်းနှစ်စောင်တို့မှာ သူ့ဘာသာနှင့်သူ စာသဘော အတိမ် အနက် အဓိပ္ပာယ်မကွယ်ဝှက်ဘဲ ရှင်းလင်းတင်ပြချက် အပြည့်အစုံ အာဂုံဆောင်စရာ ကဗျာ-လင်္ကာတို့ဖြင့် မေးခွန်းပုစ္ဆာကို မြင်လာလျှင်—

- ဤမေးခွန်းက ဤအချက်ကို မေးသည်။
- ဤပုစ္ဆာကို ဤလိုဖြေမှ မှန်မည်။
- ဤအမေးက ဤအဖြေ ဖြစ်သည်။

စသည်-စသည်ဖြင့် အာဘော်မိမိ အဖြေမှန်သိပြီး အောင်မှတ် ပြည့် ဖြေဆိုနိုင်၍၊ ပီတိဝေလျှမ်း ရွှင်ရွှင်လန်းလျက် အတန်းတိုင်း လွယ်ကူ အောင်ပန်းကို ဆင်ယင်နိုင်အောင် လက်စွမ်းပြ အထူး စီစဉ်ထားပါသည်။

★ မျှော်ပါတော့ ပေါ်လာတော့မည်။

# လျှပ်စစ်ကာန်ဒါကျမ်း

## ပင်မဖြန့်ချိရေးဌာနများ

★

"ဆဋ္ဌသံဂါယနာမူ ပိဋကတ်တော်များကိုယ်စားလှယ်"

**ပညာရောင်ခြည်စာပေဌာန**

ကိုတင်အောင်–မခင်နု

ကိုးထပ်ကြီးဘုရား၊ စမ်းချောင်းစာတိုက်၊

ရန်ကုန်မြို့။

●

* ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားဈေး၊
ပိဋကတ်စာအုပ်ဆိုင်များ။

* မန္တလေးမြို့၊ ဈေးချိုတော်(စီ)ရုံ၊
ပိဋကတ်စာအုပ်ဆိုင်များတွင်လည်း
လက်လီလက်ကားရရှိနိုင်ပါသည်။

★

● ကျနော်များ စာပေဌာနတွင် ပိဋကတ်ကျမ်း, ဗေဒင်ကျမ်း, လက္ခဏာကျမ်း, ဆေးကျမ်း, ဓာတ်ကျမ်း, သင်္ချာကျမ်းစသော ကျမ်းဂန်မျိုးစုံကိုဈေးနှုန်းမှန်ကန်စွာဝယ်ယူရရှိနိုင်ပါသည်။

● နယ်မှ မှာယူလိုသူတို့ထံသို့လည်း V.P.L. ဖြင့် ကောင်းစွာ တင်ပို့ပေးပါသည်။

ပညာရောင်ခြည်